လင်္ကာသာသနဝိသုဒ္ဓိကထာ

(ပဉ္စမ ရွှေကျင်းဆရာတော်)

၁၄၉၉၈

နိကာယသမုဒ္ဓပက

ပဌမ ရွှေကျင် ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသည့်

သီရိလင်္ကာနိုင်ငံ

သာသနာစင်ကြယ်ရေးကို ပြုဆိုသော

လင်္ကာသာသနပ္ပသုဒ္ဓိကထာ

ပါဠိဘာသာနှင့် မြန်မာပြန်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၂ ကောဇာ ၁၃၄၀ ဖေဖော်ဝါရီလ ၁၉၇၉

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်(မှတ်ပုံတင်
အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

လင်္ကာသာသနဝိသုဒ္ဓိကထာ
နိဒါန်း

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ ဆက်ဆံရေး

သာသနာရေးအခြေခံသည့် ချစ်ကြည်မှု

ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံများသည် ဘာသာအယူဝါဒရေး စီးပွါးရေး ကာကွယ်ရေး လူမှုရေးစသော များစွာသော အရေးအကြောင်းတို့တွင် အရေးအကြောင်း တခုခုကို အမှီပြု၍ အချင်းချင်း ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံကြပေသည်။

မြန်မာနိုင်ငံနှင့် သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းတို့သည် ထိုများစွာသော အကြောင်းများတွင် ဘာသာအယူဝါဒကို အဓိကအကြောင်းပြု၍ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့သည်ကို ရာဇဝင်သမိုင်းမှတ်တမ်းများအရ အထင်အရှား သိရှိရပေသည်။

ဤလင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းသည်လည်း မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ သာသနာရေးကို အကြောင်းပြု၍ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့သည့် သမိုင်းမှတ်တိုင်တခု ဖြစ်ပေသောကြောင့် ဤကျမ်း၏နိဒါန်း၌ ဘာသာအယူဝါဒရေး အကြောင်းပြု၍ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ မည်သို့ မည်ပုံ ဆက်ဆံ ပေါင်းသင်းခဲ့ကြသည်ကို အခြေအမြစ်နှင့်တကွ လက်လှမ်းမှီသမျှ အကျဉ်းချုပ် ရေးပြပါဦးအံ့။

ပုဂံခေတ် အနော်ရထာမင်းလက်ထက်

သက္ကရာဇ် ၃၈၈-ခုနှစ်တွင် မြန်မာနိုင်ငံကို ပြည့်ဝချမ်းသာ စည်းလုံးညီညာ၍ ထင်ပေါ်ကျော်ကြားသည့် ဗုဒ္ဓဘာသာ တိုင်းပြည်ကြီး ဖြစ်အောင် ပြုစု တည်ထောင်တော်မူသော အနော်ရထာမင်း လက်ထက်၌ အနော်ရထာမင်းကြီးသည် မင်းဆရာ အရှင်အရဟံနှင့် တိုင်ပင်၍ သထုံပြည်မှ ပိဋကတ်တော်များကို ပင့်ဆောင်ယူခဲ့သည်။ ထိုပိဋကတ်တော်များကို တိုက်ဆိုင်ပြင်ဆင်ရန် သီဟိုဠ်ကျွန်း သီရိသင်္ဃဗောဓိမင်းထံသို့ စစ်သူကြီးများကို စေလွှတ်၍ ပိဋကတ်တော်များနှင့် စွယ်တော်ကို ပင့်ဆောင်စေပြန်သည်။ သီဟိုဠ်ကျွန်းမှ ရရှိခဲ့သည့် ပိဋကတ်တော်များနှင့် သထုံပြည်မှ ရရှိခဲ့သည့် ပိဋကတ်တော်များကို တိုက်ဆိုင် ကြည့်သောအခါ အမှားအမှန် အပို အလိုမရှိ တထပ်တည်းတူညီကြောင်း တွေ့ရှိရလေသည်[၁]။

အလောင်းစည်သူမင်း လက်ထက်

အနော်ရထာမင်း၏ မြစ်တော်ဖြစ်သည့် သက္ကရာဇ် ၄၅၀-ခုနှစ်တွင် နန်းတက်သော အလောင်းစည်သူမင်းကြီးသည် ဖောင်တော်ဖြင့် ရေကြောင်းခရီးလှည့်လည်တော်မူရာ သီဟိုဠ်ကျွန်းသို့ ရောက်၍ ရှင်မဟာကဿပ ဓုတင်ကျင့်နေတော်မူပုံ ရုပ်ထုတော်ကို ပူဇော်ရန်ရရှိတော်မူခဲ့သည်။ သီဟိုဠ်မင်း သမီးတော်ကိုလည်း ဆက်သ ခံယူရရှိတော်မူခဲ့သည်[၂]။

၁။ ဦးကုလား မဟာရာဇဝင်။ ပဌမတွဲ၊ နှာ-၁၉၃။
သာသနဗဟုသုတပ္ပကာသနီ၊ နှာ-၆၀။ သာသနာလင်္ကာရစာတမ်း၊ နှာ-၉၃။

၂။ မဟာရာဇဝင်၊ ပတွဲ၊ နှာ ၂၂၃။

နရသူမင်းလက်ထက်

အလောင်းစည်သူမင်းကြီး နတ်ရွာစံသော အခါ သားတော်လတ် နရသူမင်း သက္ကရာဇ် ၅၂၀-ခုနှစ်၌ နန်းတက်သည်။ အလောင်းစည်သူ သားတော်ကြီး မင်းရှင်စောသည် အဝေးသို့ ရောက်နေရာမှ တိုင်းပြည်ကို သိမ်းယူရန် စစ်တပ်ကြီးဖြင့် ချီတက်လာခဲ့သည်။ ဤအကြောင်းကိုကြားသိရသော နရသူသည် တိုင်းပြည်၌ တင်ပေါ်ကျော်ကြားတော်မူသော ပံသုကူ မထေရ်သို့ ချဉ်းကပ်၍—

"အရှင်ဘုရား.... နောင်တော် စစ်တပ်ဖြင့် ချီလာဖွယ်မလိုပါ၊ တပါးတည်းသာ လာပါစေ၊ နောင်တော်၏ ခေးကိုထမ်း၍ နန်းတင်ပါမည်"—

ဟု ကတိပေးသစ္စာပြု လျှောက်ထားသည်။

မထေရ်မြတ်လည်း ယုံကြည်တော်မူသောကြောင့် မင်းရှင်စောကို ပြောဟော၍ ခေါ်ပေးသည်။ နရသူသည် ကတိအတိုင်း နောင်တော်၏ ခေးကိုထမ်း၍ နန်းတင်သည်။ နန်းတင်ပြီးမှ သဘက်ရောက်သောအခါ အစား၌ အဆိပ်ခပ်၍ သတ်လိုက်ပြီး နန်းတက်သည်။

ဤအကြောင်းကို သိတော်မူသောအခါ ပံသုကူ အရှင်သည်—

"ဟယ် မင်းဆိုးမင်းညစ် ... သင်ကား သံသရာ ဝယ် ခံရအံ့သော မကောင်းမှုကို မကြောက်၊ ဤ စည်းစိမ် ကို ရလျှင် သင်၏ ကိုယ်ခန္ဓာသည် မအိုမသေပြီဟု

မှတ်သည်လော၊ လောကတွင် သင့်ဘက် ပျက်သော
မင်းကား မရှိ”

ဟု မိန့်တော်မူပြီး သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူသည်၁။

နရပတိစည်သူမင်းလက်ထက်

သက္ကရာဇ် ၅၂၆-ခုနှစ် နန်းတက်သော နရပတိစည်သူမင်း လက်ထက်တွင်လည်း သီဟိုဠ်ကျွန်း သီရိသင်္ဃဗောဓိပရက္ကမမင်းကြီးက တောင်းပန်သောကြောင့် သီဟိုဠ်ကျွန်း၌ သာသနာတော် ညစ်နွမ်းသည်ကို ထွန်းလင်း တောက်ပအောင် သုတ်သင်ကြောင်း ရာဇဝင်မှတ်တမ်း တွေ့ရှိရပေသည်၂။

သက္ကရာဇ် ၅၂၃-ခုနှစ်တွင် မင်းဆရာတော် အရှင်ဥတ္တရာဇီဝသည် တလည့်သာမဏေငယ် ရှင်ဆပဒကို ခေါ်၍ သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူသည်၊ ရှင်ဆပဒကို ရဟန်းအဖြစ် ခံယူစေသည်။

ရဟန်းဖြစ်ပြီးနောက် အရှင်ဆပဒမထေရ်သည် သီဟိုဠ်ကျွန်းမှ—

အရှင်သီဝလိမထေရ်
အရှင်တာမလိန္ဒထေရ်
အရှင်အာနန္ဒာထေရ်

တို့နှင့်အတူ သက္ကရာဇ် ၅၄၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ကြွလာခဲ့၍ သာသနာကို ပြုစုတော်မူသည်၃။

၁။　မဟာရာဇဝင်၊ ၁ တွဲ၊ နှာ ၂၄၁။
၂-၃။ မဟာရာဇဝင် ပထမတွဲ နှာ ၂၇၃

အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက်

အင်းဝခေတ် သီရိသုဓမ္မရာဇာဓိပတိဘွဲ့ ခံယူတော်မူသော သတိုးမင်းဖျားခေါ် မိုးညှင်းမင်းတရား လက်ထက် အခါ သက္ကရာဇ် ၇၉၁-ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ သီရိသဒ္ဓမ္မာလင်္ကာရနှင့် သီရိသီဟဠမဟာသာမိ အမည်တော်ရှိ မထေရ်နှစ်ပါး ကြွလာသည်။ သရီရဓာတ်တော် ၅-ဆူကိုလည်း ပင့်ဆောင်လာကြသည်။

အင်းဝသို့ မထေရ်နှစ်ပါးနှင့် ဓာတ်တော်များ ရောက်သောအခါ မြေလျှင်လှုပ်သည်၊ ယင်းသို့လျှင်လှုပ်ခြင်းသည် သာသနာတော် ရှည်မြင့်စွာ ထွန်းလင်းစည်ပင်မည့် နိမိတ်ဖြစ်ကြောင်း မင်းတရားကြီးကိုယ်တိုင် နိမိတ် ဖတ်တော်မူသည်။

သက္ကရာဇ် ၇၉၂-ခုနှစ်တွင် ဓာတ်တော် ၅-ဆူကို ဌာပနာ၍ စစ်ကိုင်းအနောက်ဘက်၌ 'ရတနာစေတီ' ဟု ဘွဲ့မည်သမုတ်၍ စေတီတဆူ တည်ထားသည်၊ ဆင်ရုပ်အများ ရံထားသောကြောင့် ဆင်များရှင်ဟု ခေါ်ဝေါ်ကြသည်။

ကျက်သရေသုံးတိုက် ပြတင်းပေါက် ခုနစ်ဆယ်ရှစ်ရှိသော ရွှေဥမင် ကျောင်းကို ဆောက်လုပ်လှူဒါန်း၍ သီဟိုဠ်အရှင်နှစ်ပါးကို မင်းကြီးကိုးကွယ်တော်မူသည်။

မထေရ်နှစ်ပါးလည်း သိမ်သမုတ်ခြင်း ပိဋကတ်ကျမ်းစာ ပို့ချခြင်းစသည်ကို ပြုလုပ်လျက် သာသနာတော်ကို ပြုတော်မူကြသည်[၁]။

၁။ သာသနာလင်္ကာရစာတမ်း နှာ-၉၉။
သာသနဗဟုသုတပ္ပကာသနီ နှာ-၇၄။

ဟံသာဝတီခေတ်

မြန်မာပြည် ရာမညတိုင်းသိမ်ရှိရတနာပူရမည်သော မုတ္တမမြို့ ကောင်းစားစဉ်အခါက မိဖုရားကြီးကိုးကွယ်သော ဗုဒ္ဓဝံသ မထေရ် နှင့် မဟာနာဂမထေရ် တို့သည် သီဟိုဠ်ကျွန်းသို့ ကူး၍ မဟာဝိဟာရဝါသီ အဆက်အနွယ် အရှင်တို့ထံ သိက္ခာ ထပ်ပြီးမှ မုတ္တမမြို့သို့ ပြန်ကြလာကာ သာသနာပြုတော် မူသည်။

ထို့ပြင် မုတ္တမမြို့ ဆင်ဖြူရှင်ဘွဲ့ခံ ဘုရင် ဖညာဉီး၏ မယ်တော် သီရိသုဘဒ္ဒါဒေဝီ ကိုးကွယ်သော မေခင်္ကရာမထေရ် သည် သီဟိုဠ်ကျွန်းသို့ ကူး၍ တောကျောင်းနေ မဟာထေရ် ကြီးတို့ထံ သိက္ခာထပ်တင်ပြီးမှ မုတ္တမမြို့သို့ ပြန်လာကာ သာသနာပြုသည်။ ယောကဒီပသာရကျမ်းကို ပြုစီရင်သည်။

ထို့ပြင် သုဝဏ္ဏသောဘဏမထေရ်သည်လည်း သီဟိုဠ်ကျွန်း သို့ ကြွ၍ ကလမ္ဗုရေအိုင်တွင်း ရေသိမ်၌ ဝနရတနသံဃ ရာဇာ ဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး သိက္ခာ ထပ်တင်ခဲ့ကာ မုတ္တမမြို့သို့ ပြန်ကြွ သာသနာပြုသည်[၁]။

ဓမ္မစေတီမင်းလက်ထက်

ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် သက္ကရာဇ် ၈၃၇-ခုနှစ် တွင် နန်းတက်တော်မူသည်။ မင်းအဖြစ်သို့ ရောက်ပြီးသော် ဤသို့ ကြံစည် စဉ်းစားတော်မူသည်။ "သာသနာတော်

၁။ သာသနာလင်္ကာရစာတမ်း၊ နှာ ၆၀။
　သာသန ဗဟုသုတပ္ပကာသနီ၊ နှာ ၁၆၃။

ကြာမြင့်စွာ တည်ရှိရေးမှာ သာသနာဝန်ထမ်း ရဟန်းတော်များနှင့် အထူး သက်ဆိုင်နေပေသည်။ ရဟန်းတော်များဆိုသည်မှာလည်း ရဟန်းဖြစ်နိုင်ရန်မှာ–

၁။ ရဟန်းလောင်းပုဂ္ဂိုလ်၏ ပြည့်စုံခြင်း၊

၂။ ရဟန်းခံသောအခါ ရွတ်ဖတ်သည့် ဉတ်၏ပြည့်စုံခြင်း၊

၃။ ကမ္မဝါစာ၏ ပြည့်စုံခြင်း၊

၄။ ရဟန်းခံရာ သိမ်၏ ပြည့်စုံခြင်း၊

၅။ ရဟန်းခံပေးသော သံဃာတော်များ၏ ပြည့်စုံခြင်း–

ဟူသော ၅-ပါးသော ပြည့်စုံခြင်းဖြင့်မှ ရဟန်းကောင်းရဟန်းစစ်ဖြစ်နိုင်သည်”ဟု အကြံအစည်ဖြစ်ပေါ်မှုသည်။ ထို့နောက် သီဟိုဠ်ကျွန်း၌ ဒုတိယ သံဂါယနာတင်ပြီး သာသနာပြုရောက်လာသည့် အရှင်မဟိန္ဒအနွယ် အဆက်မပြတ်သေး၊ ထိုအရှင်မြတ်တို့၏ အဆက်အနွယ်ကို ခံယူသင့်သည်ဟု ဆုံးဖြတ်ကာ–

ပဌမအကြိမ် မောဂ္ဂလာန်ထေရ် အမှူးရှိသော ရဟန်း ၁၁-ပါးနှင့် သာမဏေ ၁၁-ပါးတို့ကိုရင်း၊

ဒုတိယအကြိမ် အရှင်သောမထေရ်အမှူးရှိသော ရဟန်းတော် ၁၁-ပါးနှင့် သာမဏေ ၁၁-ပါးတို့ကိုရင်း၊

သီဟိုဠ်ဘုရင် ဘုဝနေကဗာဟုမင်းလက်ထက်၌ သီဟိုဠ်ကျွန်းသို့ ကြွစေကာ ကလျာဏီမြစ် ရေသိမ်၌ သန့်စင်သော

မဟာဝိဟာရနိ္ကာယ်ဝင် အရှင်တို့ဖြင့် ရဟန်းအသစ် ထပ်မံ ခံယူစေသည်။

ပြန်ကြွလာသောအခါ ပဲခူးမြို့၌ ကလျာဏီ သိမ်ကြီးကို သမုတ်၍ ကျန်ရှိနေသည့် ရာမညတိုင်းရှိ ရဟန်းတော်တို့ကိုလည်း ထို ရဟန်းသစ်တို့ဖြင့် ထပ်မံ ရဟန်းခံစေ၍ သာသနာကို ချီးမြှောက်လေသည်[၁]။

ဘုရင့်နောင် နော်ရထာ လက်ထက်

သက္ကရာဇ် ၉၃၈-ခုနှစ် နန်းတက်သော ဘုရင့်နောင် နော်ရထာမင်း လက်ထက်တွင် သီဟိုဠ်ကျွန်း၌—

၁။ ဓမ္မပါလမင်း

၂။ ခန်းတီးမင်း

၃။ ကွတ်ဘည်းမင်း

၄။ သီတာဝက်မင်း

ဟူသော မင်း ၄-ပါး အုပ်ချုပ်နေရာ ဓမ္မပါလမင်းမှာ ဗုဒ္ဓဘာသာဖြစ်၍ ကျန် မင်း ၃-ပါးမှာ မိစ္ဆာဒိဋ္ဌိမင်းများ ဖြစ်သောကြောင့် ဓမ္မပါလမင်းကို မိစ္ဆာဒိဋ္ဌိမင်းများက ဝိုင်းဝန်း၍ နှိပ်စက်ကြသည်။

ထိုအခါ ဓမ္မပါလမင်းက ဘုရင့်နောင် နော်ရထာမင်းထံ အကူအညီတောင်းသည်။ ဘုရင့်နောင် နော်ရထာသည် သီဟိုဠ်

၁။ သာသနာလင်္ကာရ၊ နှာ ၆၄။
　　သာသနဝံသပ္ပဒီပိကာ၊ နှာ ၄၀။
　　သာသနဗဟုသုတပ္ပကာသနီ၊ နှာ ၁၅၄။

မင်းထံသို့ စန္ဒသူရိယကို တပ်မှူး, ရာဇဗညားကို စစ်ကဲ ခန့်တော်မူ၍ သင်္ဘော ၅-စင်း လူ ၇-သောင်း တို့ကို သီဟိုဠ်ကျွန်းသို့ လွှတ်လိုက်လေသည်။

သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ မြန်မာစစ်သည်တော်တို့သည် ကြက်ငှက်တို့ကို အစိမ်းစားကြခြင်း, အချင်းချင်း ခါးလုံ့တို့ဖြင့် ထိုးခုတ်ကြခြင်း စသော အစွမ်း သတ္တိတို့ကို ပြုလုပ်၍ပြကြရာ ကျန် မိစ္ဆာဒိဠ္ဌိ သီဟိုဠ်ဘုရင်များလည်း ထိတ်လန့်၍ ဗုဒ္ဓဘာသာအယူ ပြောင်း၍ ယူကြလေသည်။ ဘုရင့်နောင်သို့လည်း လက်ဆောင်ပဏ္ဏာများစွာဆက်သလိုက်လေသည်။ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ သာသနာတော်သည် ထွန်းလင်း တောက်ပလာတော့သည်[၁]။

ဘိုးတော် ဦးဝိုင်း လက်ထက်

အမရပူရနိကာယ။ ။အမရပူရ ပဥ္စမ မြို့တည် နန်းတည် ဘိုးတော်ဦးဝိုင်း လက်ထက် သက္ကရာဇ် ၁၁၆၂-ခုနှစ်၌ သီဟိုဠ်ကျွန်းမှ အရှင်ဉာဏဝိမလတိဿထေရ် ခေါင်းဆောင်သော သာမဏေ ၅-ပါးနှင့် ဥပါသကာ တယောက် ရောက်လာသည်။

ရောက်လာခြင်းအကြောင်းမှာ သီဟိုဠ်ကျွန်းရှိ မူလရှိရင်းစွဲ သျှာမနိကာယ ခေါ် ရှမ်းယိုးဒယားဂိုဏ်းမှာ လူမျိုးဇာတ်ခွဲခြားသော ဝါဒကြီးလွန်းသောကြောင့် အချင်းချင်း မညီမညွတ် မသင့်မတင့်ဖြစ်ကာ အကွဲအပြား များလှသည်။

၁။ မဟာရာဇဝင် တတိယတွဲ နှာ ၃၄။

ထို့ကြောင့် မှန်ကန်၍ ညီညွတ်သော သံဃာဂိုဏ်းတခု တည်ထောင်ဖွဲ့စည်းခြင်းငှါ ဒေရှအဆင်း မထေရ်တော် ၂-ဆူ၊ ပုလဲအဆင်း မထေရ်တော် ၃-ဆူ၊ မုလေးငုံအဆင်း မထေရ်တော် ၅-ဆူတို့ကို ပင့်ဆောင်၍ အမရပူရမြို့သို့ ကြွလာကြသည်။

ယင်းခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့၌—

၁။ သာသနာပိုင် ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု မောင်းထောင်ဆရာတော်ကို ဥပဇ္ဈာယ်ဆရာပြုလျက်၊

၂။ ကဝိန္ဒာဘိဓဇဂုရုဆရာတော်၊

၃။ မုနိန္ဒာဘိဓဇဂုရုဆရာတော်၊

၄။ မုနိန္ဒဃောသဓဇဂုရုဆရာတော်—

တို့ကို ကမ္မဝါဆရာပြုလျက် ဆင်ကြိုးရွှေဂူ သိမ်တော်၌ ရဟန်းပြုပေးတော်မူသည်။

ထို ရဟန်းတော်များ သီဟိုဠ်ကျွန်းသို့ ပြန်သွားပြီး သာသနာပြုတော်မူကြရာ သီဟိုဠ်ကျွန်း၌ အမရပူရဂိုဏ်းဟု ဂိုဏ်းသစ်တခု ပေါ်ပေါက်လာကာ ယနေ့ထက်တိုင် တည်ရှိနေပေသည်[၁]။

မင်းတုန်းမင်းတရားကြီးလက်ထက်

မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါ သက္ကရာဇ် ၁၂၁၉-ခုနှစ်၊ တပေါင်းလတွင် သီဟိုဠ်ကျွန်းမှ ရဟန်းဝါ ၇-ဝါရ

၁။ သာသနဗဟုသုတပ္ပကာသနီ ၁၁၃။

အရှင်ဓမ္မကန္ဒနှင့် ၄-ဝါရအရှင်ဝဏ္ဏာယာတနတို့သည် လာရောက်၍ သိက္ခာအသစ်တင်၍ ရဟန်းအဖြစ် ထပ်မံခံယူကြသည်။ထို ရဟန်းတော်တို့အား ပစ္စည်း ၄-ပါးလှူဒါန်း ပူဇော်သည်။ တိုက်တော်အတွင်းမှာပင် ကျောင်းဆောက်လှူသည်။[၁]

သက္ကရာဇ် ၁၂၂၁-ခုနှစ်၌ သီဟိုဠ်မှ ရောက်လာသော သာမဏေ ရှင်ဉာဏနှင့် ရှင်ဂုဏာလင်္ကာရတို့ကို ပစ္စည်းလေးပါးဖြင့် ချီးမြှောက်၍ ရဟန်းအဖြစ်သို့ ရောက်စေသည်[၂]။

ယင်းခုနှစ်မှာပင် ယခင်က ရဟန်းအဖြစ် ခံယူသွားသော အရှင်ဓမ္မကန္ဒနှင့် အရှင်ဝဏ္ဏာယာတနတို့သည် သီဟိုဠ်ကျွန်း၌ သိမ်အတွက် အငြင်းပွါးနေသည်ကို ဖြေရှင်းရန် မြန်မာဆရာ တော်ကြီးများထံမှ သီမဝိနိစ္ဆယသိမ်အဆုံးအဖြတ်ကို သီဟိုဠ်ကျွန်းသို့ ယူဆောင်သွားကြသည်[၃]။

ရာမညနိကာယ။ ။ပင်းတုန်းမင်းတရားကြီး လက်ထက် သက္ကရာဇ် ၁၂၂၃-ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ အရှင်သီရိသရဏင်္ကရ အမည်ရှိ ရဟန်းတော်တပါးရောက်လာသည်။ထိုအရှင်သည်လည်း ကလျာဏီသိမ်၌ ရဟန်းအဖြစ် ထပ်မံခံယူသည်။ ဘွဲ့ကိုလည်း ဣန္ဒာသဘဝရသာမိဟု ပြင်ဆင်ခံယူသည်။

ထိုအရှင်မြတ် ကောင်းပန်အပ်သောကြောင့် အရှင်ပညာသာမိအမည်ရှိ ဒုတိယ မောင်းထောင်ဆရာတော်သည် သာ

၁။ ကုန်းဘောင်ဆက်မဟာရာဇဝင် တတိယတွဲ နှာ ၂၆၃။
၂။ ကုန်းဘောင်ဆက် တတိယတွဲ နှာ ၂၇၅။
၃။ ကုန်းဘောင်ဆက် တတိယတွဲ နှာ ၂၇၈။

သနာသမိုင်း၊ တစောင်ဖြစ်သည့် သာသနဝံသပ္ပဒီပိကာအမည်ရှိ ကျမ်းကို ပြုစုတော်မူသည်။

ဣန္ဒာသဘာဝရသာမိ အရှင်မြတ်သည် သီဟိုဠ်ကျွန်းသို့ ပြန်ကြွပြီး ရာမညနိကာယဟူသော ဂိုဏ်းသစ်တခုတည်ထောင် တော်မူသည်။ ယနေ့တိုင် သီဟိုဠ်ကျွန်း၌ ထိုရာမည နိကာယ ဂိုဏ်း တည်ရှိနေပေသည်[၁]။

ရွှေကျင်ဆရာတော်ကြီး

မင်းတုန်းမင်းတရားကြီး၏ အားထား ကိုးကွယ်ရာ ဖြစ်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၂၀ ခုနှစ်၊ မန္တလေးမြို့ တည်ထောင်ပြီးခါစကပင် မိမိသီတင်းသုံး နေရာဌာန မန်ကျည်းစဉ်တောကျောင်းမှ မန္တလေးမြို့ နေပြည်တော်သို့ ပြောင်းရွှေ့၍ သီတင်းသုံး သာသနာပြုတော်မူခဲ့ရာ ၁၅ နှစ်ခန့်ကြာသော် ဂါမဝါသီ ရွာနီးကျောင်း၌ နေထိုင်ရသည်ကို ငြီးငွေ့စက်ဆုပ်တော်မူသောကြောင့် မန္တလေးမြို့နှင့် မနီးမဝေး တယူဇနာ နှစ်ယူဇနာခန့် ကွာဝေးသော ကိန္နရာတောင် ရေတံခွန်တောင် စဉ့်ကိုင်တောရ ကုက္ကိုချောင်တောရတို့သို့ ထွက်ကြွကာ နှစ်နှစ်ခန့် တောရဆောက် တည်တော်မူသည်[၂]။

ထိုမှတဖန် မန္တလေးမြို့တော်နှင့် ၁၇-ယူဇနာဝေးသော မင်းလှရွာ၏ အရှေ့တောင်မြစ်တဘက်ရှိ ဝါးရုံချောင် နွား

၁။ သာသနဝံသပ္ပဒီပိကာနိဂုံးနှင့် သီဟိုဠ်သာသနာမှတ်တမ်း။

၂။ ရွှေကျင်နိကာယ သာသနာဝင် နှာ ၁၀၈။

လန်တောင်တောရသို့ နှစ်နှစ်ပတ်လုံး တောရ ဆောက်တည် တော်မူပြန်သည်[၁]။

ယင်းသို့ ဆောက်တည်နေစဉ်အတွင်း သိဟိုဠ်ကျွန်း၌တည် နေသော မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ဖူးမြော်ပူဇော် လိုသော စိတ်ဓာတ်များ တဖွားဖွား ပေါ်လာတော်မူသည်။ ဤအကြောင်းကို ဒါယကာတော် မင်းတုန်းမင်းကြီးကိုမိန့်တော် မူသော်လည်း မင်းတုန်း မင်းကြီးက တားမြစ် နေသည်။ သိဟိုဠ်သို့ သွားရန် ကြံစည်နေခြင်းဖြင့် ၄-နှစ်ခန့် ကြာ ပြန်သည်။ ၁၂၄၁-ခုနှစ် ရောက်သောအခါ ဆရာတော်မှာ သက်တော်ကလည်း ၅၄-နှစ်ရှိပြီး လေနာ ရောဂါကလည်း ဖိစီးနှိပ်စက်နေသည်။ ဤသည့် အကြားမှပင် ဒါယကာတော် မင်းတုန်းမင်းကြီးအား အသိမပေးမူ၍ သိဟိုဠ်ကျွန်းသို့ စွယ် တော်ကို ဖူးမြော်ပူဇော်ရန် ကြွတော်မူလေသည်[၂]။

စွယ်တော်မြတ်ကို ဖူးခွင့်တောင်းလွှာ

ယင်းသို့ ကြွတော်မူသောအခါ၌ လမ်းခရီး အခက်အခဲ ရှိသည်၊ ဆရာတော်ကြီး၏ ကျန်းမာရေး အခက်အခဲလည်း ရှိသည်။ စွယ်တော်ခေတ် ကိန်းဝပ်တော်မူရာ သေခဏ္ဍသေလ မြို့ ယခုအခေါ် ကန္ဒီမြို့သို့ ရောက်သော်လည်း စွယ်တော် ခေတ်တော်ကို ဖူးမြော်ခွင့်ရရန် အခက်အခဲရှိသည်။ ယင်းသည့် အခက်အခဲများနှင့် လမ်းခရီး အတွေ့အကြုံများကို ဖော်ပြ လျက် စွယ်တော်ခေတ်ကို ဖူးမြော်ခွင့်ပေးရန် တောင်းပန်

၁-၂။ ဤကျမ်းပါဋ္ဌိ နှာ-၃၇၁။ မြန်မာပြန် နှာ-၃၂၈၊

သည့် ဒါဌာဓာတုပူဇာဘိယာစနသန္ဒေသကထာ ၁ ကို ရေးသား တော်မူလေသည်။

စွယ်တော်ထိန်း ဂေါပကလူကြီးများသည် ဆရာတော် ဘုရားကြီး၏ သန္ဒေသကထာကို ဖတ်ရှုပြီးလျှင် လျင်မြန်စွာ ဖူးမြော်ခွင့်ပေးကြသည်။ ဆရာတော်ဘုရားကြီးသည် မိမိ ဖူးမြော်ရန် တောင့်တ၍ အလိုဆန္ဒပြင်းပြလှစွာသော စွယ် တော်ဓာတ်ကို ဖူးမြော်ခွင့်ရပြီးလျှင် သီဟိုဠ်ကျွန်းရှိ သာသနာ တော် အခြေအနေ သံဃာတော်မြတ်တို့၏ အခြေအနေ ဒါယ ကာတို့၏ အခြေအနေများကိုလည်း လက်လှမ်းမှီသမျှ လှည့် လည် လေ့လာတော်မူသည်။ တွေ့ရှိသမျှသော အကြောင်း အရာ အချက်အလက်များကိုလည်း သီဟိုဠ် သံဃာများနှင့် လူဒါယကာတို့အား ပြုပြင်ရန် ကျမ်းဂန်ဒေသနာတို့ဖြင့် ညွှန်းပြလျက် ဟောပြောတော်မူသည်။

ယင်း ဟောပြောညွှန်ပြချက်များသည် အလွန်ပင်မှတ်သား ကျင့်ကြံ နာယူဖွယ်ကောင်းလှရကား သီဟိုဠ်ကျွန်းရှိ ရှင်လူ အပေါင်းတို့က ကျမ်းဂန်စာပေ တစောင်တဖွဲ့ စုစည်းပြုစု တော်မူပါမည့်အကြောင်း လျှောက်ထား တောင်းပန်ကြ သောကြောင့် သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ကြွ ရောက်လာပြီး ရန်ကုန်မြို့ ရွှေတိဂုံစေတီကြီး၏ အရှေ့ဘက် ကျောင်းတော်ရာတိုက်တွင်းရှိ ဂူကျောင်း၌ သီတင်းသုံးတော် မူစဉ် ပါဠိဘာသာဖြင့် ဤလက်ာသာသနဝိသုဒ္ဓိကထာကျမ်းကို

၁။ ဤကျမ်းပါဠိ နှာ-၂၆ဂ- မှ ၂၇ဂ ထိ၊ မြန်မာပြန် နှာ-၃၂၅-မှ ၃၃၆-ထိ ကြည့်ပါ။

ရေးသားပြုစုတော်မူကာ သက္ကရာဇ် ၁၂၃၁-ခုနှစ် တန်ခူးလ အတွင်း ရန်ကုန်မြို့ မြန်မာသံတော်ဆင့် ပုံနှိပ်တိုက်၌ ရိုက်နှိပ် ထုတ်ဝေလေသည်။

လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း

ယင်းသို့ ဖော်ပြခဲ့သည့်အတိုင်း ရှေ့ကျောင်းဆရာတော်ဘုရား ကြီး ပြုစုတော်မူသော လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း ဟူ သည်မှာ—

သီဟိုဠ်ကျွန်း ယခုအခေါ် သီရိလင်္ကာနိုင်ငံ၏ သာသ နာတော် သန့်ရှင်းစင်ကြယ်ရေးကို ပြဆိုသော ကျမ်းဟု အဓိပ္ပါယ်ရရှိပေသည်။

ဤကျမ်း၌ သန္ဒေသကထာခေါ် သဝဏ်လွှာ ၄-မျိုး ပါရှိ သည်။

ယင်းတို့မှာ ......

၁။ ဝိတ္ထာရသန္ဒေသကထာ

၂။ သင်္ခေပသန္ဒေသကထာ

၃။ ပုနပါဟိတသန္ဒေသကထာ

၄။ ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသကထာ

ဟူ၍ ၄-မျိုး ဖြစ်သည်။

၁။ ဝိတ္ထာရသန္ဒေသကထာ

၁။ သဝဏ်လွှာအကျယ်

ဤတွင် ဝိတ္ထာရသန္ဒေသကထာ ဟူသည်မှာ သဝဏ် လွှာအကျယ်ဟု အဓိပ္ပါယ်ရှိသည်။ ဆရာတော်ဘုရားကြီး

သီဟိုဠ်ကျွန်းသို့ရောက်စဉ် သာသနာနှင့်ပတ်သက်၍ ပြုပြင်ရန် တွေ့ရှိရသမျှ အချက်အလက်များကို တခုစီ တခုစီ ထုတ်ဖော်ပြသ၍ အကျယ်တဝင့် ရေးသားဖော်ပြထားပေသည်။

ယင်း ဝိတ္ထာရသန္ဒေသကထာခေါ် သဝဏ်လွှာအကျယ်၌လည်း ရှေးဦးစွာ လက်ာသာသနဗလဝဘာဝ-သီဟိုဠ်ကျွန်းသာသနာ အားရှိပုံကို ဥပမာ-ဥပမေယျတို့ဖြင့် တခမ်းတနားရေးသားဖော်ပြသည်။ ထို့နောက်မှ ဆက်လက်၍ လက်ာသာ-သနဒုဗ္ဗလဘာဝ သီဟိုဠ်ကျွန်းသာသနာ အားနည်းနေပုံကို ဥပမာ ဥပမေယျတို့ဖြင့် ရေးသားဖော်ပြသည်။

ထို့နောက် ယင်းသို့ အားနည်းရခြင်း အကြောင်း ၃-မျိုးကို စိစစ်ဝေဘန်၍ ဖော်ပြထားသည်။ ယင်းတို့မှာ....

၁။ မိစ္ဆာဒိဋ္ဌိကာကိဏ္ဏဒေါသ=ဘာသာခြားတွေ ရောထွေးနေခြင်း အပြစ်၊

၂။ သံဃရာဇသုညဒေါသ=သာသနာပိုင်မရှိခြင်းအပြစ်၊

၃။ မိထုဘေဒဒေါသ=ရဟန်းအချင်းချင်း မညီညွတ်ကွဲပြားခြင်းအပြစ်

ဟူ၍ သာသနာ အားနည်းခြင်းအကြောင်း အပြစ် ၃-မျိုးဖြစ်သည်။

၁။ မိစ္ဆာဒိဋ္ဌိကာကိဏ္ဏဒေါသ

၁။ အယူဘာသာခြားတို့ ရောပြွမ်းခြင်းအပြစ်

ပဌမ ဖော်ပြထားသည့် မိစ္ဆာဒိဋ္ဌိ ကာကိဏ္ဏဒေါသ-အယူဘာသာခြားတို့ သီဟိုဠ်ကျွန်း၌ ဝင်ရောက်လာပုံ သမ္မာ

ဒိဋ္ဌိခေါ် ဗုဒ္ဓဘာသာဝင်များ အားနည်းလာပုံမှာ အခြား ဗုဒ္ဓဘာသာဝင် နိုင်ငံများအတွက် မှတ်သားဖွယ် အလွန် ကောင်းလှပေသည်။ ဆရာတော်ကြီးက ယင်းအကြောင်းကို အဋ္ဌက္ကောပမာခေါ် ခွေးရူးနှင့် ဥပမာနှိုင်းခိုင်း ပြဆိုထား ပေသည်။

ခွေးရူးသည် မိမိသာ ရူးရုံမက အခြားခွေးကောင်းများ ကိုလည်း လိုက်လံကိုက်ခဲ၍ ရူးအောင် ဖန်တီးနေကြောင်းကို ဖော်ပြထားသည်။

ယင်း မိစ္ဆာဒိဋ္ဌိများသည်လည်း ဗုဒ္ဓဘာသာဝင်တို့ အား နည်းအောင် ပျက်စီးပြိုကွဲအောင် အမျိုးမျိုး ဖန်တီးနေပုံကို၎င်း၊ ယင်းတို့ ဖန်တီးမှုကြောင့် ဗုဒ္ဓဘာသာဝင်များ အား နည်းလာပုံ ရဟန်းသံဃာများ အနေ အထိုင် ကျဉ်းမြောင်း လာပုံတို့ကိုလည်း ဤကျမ်း ပါဠိ နှာ ၆-မြန်မာပြန် နှာ ၇-မှ စ၍ ဖော်ပြထားပေသည်။

၂။ သံဃရာဇသုညဒေါသ

၂။ သာသနာပိုင် ကင်းမဲ့ခြင်း အပြစ်

ရှေးအခါက သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာဝင် ဒေဝါနံ ပိယတိဿမင်း စသော မင်းကောင်း မင်းမြတ်များ ရှိခဲ့ သောကြောင့် အရှင်မဟိန္ဒ စသော သာသနာ့အကြီးအမှူး သာသနာပိုင် ဆရာတော်ကြီးများ ရှိခဲ့သည်။ ယခုအခါ၌ ဗုဒ္ဓဘာသာဝင် မင်းကောင်း မင်းမြတ်များ မရှိသောကြောင့် သာသနာ၌လည်း အကြီးအမှူးများ မရှိတော့ချေ။ သာသ နာ၌ သဒ္ဓါကြည်ညို၍ သာသနာ့ဘောင် ဝင်ရောက်လာသော

ရဟန်းနှင့် စားရေးဝတ်ရေး စသော ဘေးအမျိုးမျိုးကြောင့် သာသနာ့ဘောင် ဝင်ရောက်လာသော ရဟန်းတို့ ရောပြွမ်းရှုပ်ထွေးနေသည်။

ယခုဘာ အုပ်ထိန်းသူ မရှိသော အိမ်ထောင်တခု၌ နေထိုင်ကြသော သားငယ် သမီးငယ်တို့သည် သင့်လျော်သည်ကို မစားမသောက် မဝတ်မဆင် မပြောမဆို မလုပ်ကိုင်ကြဘဲ မသင့်လျော်သည်ကို စားသောက် ဝတ်ဆင် ပြောဆို လုပ်ကိုင်ကြလျက် အကွပ်မဲ့ကြမ်း ပရမ်းပတာ ဖြစ်ပျက်နေသည့် အလားပမာကဲ့သို့ ယခုဟိုင်ဒွကျွန်းရှိ ရဟန်းတော်များသည်လည်း သာသနာပြုမင်းနှင့် သာသနာ့အကြီးအကဲ ဦးစီးဦးကိုင် သာသနာပိုင် မရှိသောကြောင့် လိုက်နာကျင့်ကြံကြရမည်ဟု မြတ်စွာဘုရား ပညတ်တော်မူသည့် ဥပဒေ သိက္ခာပုဒ်များကို မလိုက်နာ မကျင့်ကြံကုန်မူ၍ မပြုလုပ် မကျင့်ကြံကြရဟု တားမြစ်သည့် ဥပဒေသိက္ခာပုဒ်များကို ပြုလုပ် ကျင့်ကြံကျူးလွန်ကြခြင်းဖြင့် အကွပ်မဲ့ကြမ်း ပရမ်းပတာပမာ ဖြစ်ပျက်နေကြကုန်သည်။ ဤသည်လည်း သာသနာ အားနည်းခြင်းအကြောင်းဖြစ်ပေသည်။

ဤအကြောင်းကို အကျယ်တဝင့် ဖွင့်ဆိုလျက် ဤကျမ်းပါဠိဘာသာ စာမျက်နှာ ၉-မှစ၍ မြန်မာဘာသာ စာမျက်နှာ ၁၀-မှစ၍ ပါဠိတော် အဋ္ဌကထာ ဋီကာ ထုံးပုံ သက်သေ ဥပမာ သာဓကများဖြင့် မှတ်သားဖွယ်ရာ ရေးသားထားပေသည်။

၃။ မိထုဘေဒဒေါသ

၃။ အချင်းချင်း မညီညွတ် ကွဲပြားခြင်းအပြစ်

ရဟန်းတော်များကွဲခြင်း။ ။သီဟိုဠ်ကျွန်းရှိ မြတ်စွာဘုရား သားတော်များ ဖြစ်ကြသည့် ရဟန်းတော်များသည် အချင်းချင်း မညီညွတ်ဖြစ်ကာ ဂိုဏ်းအမျိုးမျိုး ကွဲပြားခြင်းသည် သာသနာတော် အားနည်းခြင်း အကြောင်းတရပ်ပင် ဖြစ်ပေသည်။

သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒကြွရောက်သာသနာပြုတော်မူခဲ့သည်မှစ၍ သီဟိုဠ်သံဃာတော်များသည် တဂိုဏ်းတည်း ညီညီညွတ်ညွတ် ရှိခဲ့သော်လည်း ကာလ ကြာသော် အကြောင်းအမျိုးမျိုးကြောင့် ဂိုဏ်းအမျိုးမျိုး ကွဲပြားခဲ့ကြသည်။ ရှေးဦးစွာ မြန်မာနွယ်ဂိုဏ်းနှင့် ဥပါလိနွယ်ဂိုဏ်း ဟူ၍ ကွဲသည်။

မြန်မာနွယ်ဂိုဏ်းမှတဖန် မြစ်တခုအတွင်း ရေသိမ်၌ရှိသည့် ဘိတားယေသည် ဂါမသိမ်နှင့် စပ်ယှက်သည်၊ ဂါမသိမ်နှင့် မစပ်ယှက်ဟု ငြင်းခုံကာ ဂိုဏ်းကွဲပြန်သည်။ ဂါမသိမ်နှင့် စပ်ယှက်သည်ဟူသော ဝါဒဘက်မှလည်း မိမိ၏ ရဟန်း အဖြစ်ကို ယုံမှားသံသယရှိ၍ ထပ်မံ ရဟန်းခံသည့်ဂိုဏ်းနှင့် ထပ်မံ ရဟန်းမခံသည့်ဂိုဏ်းဟု ကွဲပြားပြန်သည်။

ထပ်မံ ရဟန်းခံသည့်ဂိုဏ်းမှလည်း ဝိနည်းအကျင့် အာစာရကို အကြောင်းပြု၍ ငြင်းကြ ခုံကြဖြင့် ဂိုဏ်းပေါင်း များစွာ ကွဲပြားပြန်လေသည်။ ဤသို့ဖြင့် သီဟိုဠ်ကျွန်းရှိ သံဃာတော်များသည် ဂိုဏ်းအမျိုးမျိုး ကွဲပြားကြပြန်သည်။ အချင်းချင်း တဘက်နှင့်တဘက် တဂိုဏ်းနှင့်တဂိုဏ်း အပြစ်

ဆင်ကြသည်၊ ရန်စောင် မာန်ထောင်ကြသည်။ မြတ်စွာဘုရား ပညတ်ထားသည့် သိက္ခာပုဒ်တော်များကို ဖောက်ဖျက် ကျူးလွန်၍ မိမိအနိုင်ရအောင် ကြိုးစားကြသည်။ အပြန် အလှန် စွပ်စွဲကြ ကဲ့ရဲ့ကြ ဆဲရေးကြသည်၊ ဤသည်တို့ကို အကြောင်းပြု၍ သာသနာတော်ကြီး အားနည်းနွမ်းနယ် ညှိုးငယ်ခြင်း ဖြစ်ရသည်။

လူပုဂ္ဂိုလ်များ ကွဲပြားခြင်း။ ။တဖန် ထိုအကွဲကွဲအပြားပြား ဖြစ်နေသော ရဟန်းတော်တို့ကို ကိုးကွယ်နေကြသော လူဒါယကာများသည် လည်း ကွဲပြားကြပြန်သည်၊ မိမိတို့ကိုးကွယ်ရာ ဆရာများကို အားပေး အားမြှောက်ပြုကြရင်း မိမိတို့လည်း ပါဝင်ရန်စောင်ကြ မာန်ထောင်ကြ ဆဲဆိုကြိမ်းပ ရန်ဖြစ်ကြပြန်သည်။

ဤသည့်ဖြစ်ရပ်များကို တွေ့ရှိရသော ဆရာတော်ကြီးသည် ဖြစ်ပေါ်သည့် အချက်အလက် အဖြစ်အနာများကို ဖော်ပြ လျက် ဝိနည်းဒေသနာဖြင့်၎င်း, သုတ်အဘိဓမ္မာဒေသနာတို့ ဖြင့်၎င်း, မျက်မြင် ထုံးတမ်းစဉ်လာ ဥပမာ ပုံဝတ္ထုများဖြင့်၎င်း ပြဆိုညွှန်ပြ ဆုံးမထားသည်မှာ အလွန်လျှင် မှတ်သားနာယူ ဖွယ် ကောင်းလှပေသည်။

ဤအကြောင်းများကို ဤကျမ်း ပါဠိဘာသာ နှာ-၁၀၃။ မြန်မာပြန် နှာ ၁၂၆-မှ စ၍ ရေးသားဖော်ပြထားပေသည်။

အဘိယာဝနကထာ တောင်းပန်လွှာ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သီဟိုဠ်သံဃာတော် များ အချင်းချင်း ကွဲပြားကြပုံ မညီညွတ်ဖြစ်ကြပုံနှင့် လူ

ဒါယကာများပါလိုက်၍ ကွဲပြီး မညီညွတ်ဖြစ်ကြပုံကို ဖော်ပြပြီးလျှင် ဆက်လက်၍ အဘိယာစနကထာ=တောင်းပန်လွှာကို ရေးသားတော်မူသည်။

ဤ အဘိယာစနကထာ=တောင်းပန်လွှာအခန်း အခြင်းအရာ ဤကျမ်းတကျမ်းလုံး၏ ကိုယ်ထည်သဖွယ် ဖြစ်ပေသည်။ ထို့ကြောင့် ဤအခန်းကို လေးလေးနက်နက် မှတ်ရှုမှတ်သားသင့်ပေသည်။

ယင်းအဘိယာစနကထာ၌ ရှေးဦးစွာ ညီညွတ်သင့်တင့်စွာ နေထိုင်ကြရန် တိုက်တွန်းတောင်းပန်သည်။ ထိုနောက် ဖြစ်ပေါ်နေသည့် ပြဿနာများကို တခုစီ ရှင်းလင်းဖော်ပြ၍ ပြေလည်ကြေအေးနိုင်မည့် နည်းလမ်းများကို ပါဠိတော်အဋ္ဌကထာဋီကာလာတို့ဖြင့် ကိုးကား၍ ညွှန်ပြတော်မူသည်။ ယင်းအဘိယာစနကထာကို ဤကျမ်းပါဠိစာမျက်နှာ ၁၃၃-မှ စ၍။ မြန်မာပြန် စာမျက်နှာ ၁၆၉--မှစ၍ ရေးသား ဖော်ပြထားပေသည်။ အဘိယာစနကထာအပြီးတွင် သဝဏ်လွှာအကျယ် ဝိတ္ထာရသန္ဒေသကထာ ပြီးတော့သည်။

၂။ သခေ်ပသန္ဒေသကထာ

၂။ သဝဏ်လွှာအကျဉ်း

ဝိတ္ထာရသန္ဒေသကထာ သဝဏ်လွှာ အကျယ်၌ သီဟိုဠ်ကျွန်းရှိ သာသနာရေး အခြေအနေ အကြောင်းခြင်းရာများကို အကျယ်တဝင့် ရေးပြဆည်။

သို့သော် သီဟိုဠ်သားတို့ နားခံသာပြီး လိုက်နာချင်ဖွယ် ရေးသားရသောကြောင့် ရှည်လွန်းသည့် အသိုင်းအဝိုင်း

အဆင်တန်ဆာ အကိုးအကားများလှသည်။"ဆရာတော်ကြီး ဘာကိုရေးလိုရင်းဖြစ်ပါလိမ့်"ဟု ဖြုံးဖြုံးဒိုင်းဒိုင်း သိနိုင်ရန်မှု မလွယ်လှ။ ထို့ကြောင့် ယင်းသဝဏ်လွှာ အကျယ်၌ ပါရှိနေသည် မိမိဆိုလိုရင်း အချက်အလက် အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားစေလျက် အသိုင်းအဝိုင်း အဆင်တန်ဆာများ မပါဝင်စေဘဲ သဝဏ်လွှာ အကျဉ်းတစောင် ထပ်မံရေးသားတော် မူပြန်သည်။

ယင်းသဝဏ်လွှာ အကျဉ်းသည် သဝဏ်လွှာ အကျယ်နှင့် အဓိပ္ပါယ် ထပ်တူထပ်မျှပင် ဆရာတော်ကြီး ဆိုလိုရင်းဖော်ပြထားပေသည်။ အကျဉ်းအကျယ်သာ ကွာပေသည်။ သဝဏ်လွှာအကျဉ်း၌ ထူးခြားချက် နှစ်မျိုးတွေ့ရသည်။ ယင်းတို့မှာ-

၁။ ရဟန်းတော်များ အဓိကရဏ်း၌ လူဒါယကာများ ပါနေပုံ။

၂။ ညီညွတ်ရေးအတွက် ဖိတ်ခေါ်ခြင်း—

တို့ဖြစ်သည်။

ရှင်းလင်း ရေးပြပါဦးအံ့—

၁။လူများပါဝင်နေပုံ။ ။ဤကျမ်း၌ သီဟိုဠ်ကျွန်းရှိ ရဟန်းတော်များ၏ အဓိကရဏ်းမှာ လူပုဂ္ဂိုလ် ဒါယကာ ဒါယိကာမများ ပါဝင်ပတ်သက်နေပုံကို ဖော်ပြထားသည်။

ဤအတူပင် မြန်မာနိုင်ငံရှိ ရဟန်းတော်များ၏ အဓိကရဏ်းများမှာလည်း လူပုဂ္ဂိုလ် ဒါယကာ ဒါယိကာမ များလည်း ပါဝင် ပတ်သက်နေသည်ကို တွေ့နိုင်ပေသည်။ အကြောင်း

ရင်းကို စိစစ်ကြည့်လျှင်ရဟန်းတော်များသည် မိမိတို့ စားဝတ်နေရေး ပစ္စည်း လေးပါးလုံးမှာပင် လူပုဂ္ဂိုလ်များကို မှီခိုနေထိုင်ကြရသည်။ အထူးသဖြင့် တရားအမှုအခင်းများ ရှိသောကြောင့် ကုန်ကျရမည့် ငွေရေးကြေးရေးအတွက် လူပုဂ္ဂိုလ်များကို မှီခိုကြရသည်။ ထိုအမှုအခင်း ဖြစ်နေစဉ်အတွင်း လူပုဂ္ဂိုလ်များကပင် တရားအမှုအခင်း ပြိုင်ဆိုင်နေသော ရဟန်းတော်များကို နောက်ပိုင်းမှနေ၍ ငွေရေးကြေးရေး ပစ္စည်းလေးပါး ပေး၍ ဝိုင်းဝန်းထောက်ပံ့ နေတတ်ကြသည်ချည်းသာ ဖြစ်ပေသည်။

ယင်းသို့ သီဟိုဠ်ရဟန်းတော်များ အဓိကရုဏ်း၌ လူဒါယကာများ ပါဝင်နေပုံကို—

လူဒါယကာတို့သည် အလွန်ခက်ခဲ သိမ်မွေ့သော ဝိနည်းအရာ၌ ကိုယ်တိုင်က မကျွမ်းကျင် မလိမ္မာပါဘဲဖြင့် ဝင်ရောက်စွက်ဖက် စိစစ်နေကြသည်။

မိမိတို့ ပါဝင်နေသည့်ဘက်မှ ရဟန်းသာမဏေတို့၏ စကားကို ကြား၍ အခြားတဘက်မှ ရဟန်းတော်များကို ရဟန်းကောင်း ရဟန်းဆိုး မခွဲခြားမူ၍ စွပ်စွဲဆဲရေး ကဲ့ရဲ့ပြုနေကြသည်။ ဥပမာအားဖြင့် အိမ်၌မွေးထားသော ခွေးသည် အိမ်တွင်းဝင်လာသမျှသော လူကို လူဆိုးလူကောင်း မခွေးချယ်မူ၍ ဟောင်သကဲ့သို့ ဖြစ်နေသည်။

အခြားတဘက်မှ ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်တို့ ဟောကြားသော တရားတော်များကိုလည်း မနာမကြားလို ဖြစ်ကြသည်၊ ဥပမာအားဖြင့် ခွေးကို လူ၏ နို့ ကိုတိုက်သော်လည်း မသောက်မစို့နိုင် သကဲ့သို့ ဖြစ်သည်။

အခြားတဘက်မှ ပညာရှိ သူတော်ကောင်းတို့ ဟောပြောသော တရားတော်ကို နာကြားရသော်လည်း ကြည်ညိုသဒ္ဓါ မဖြစ်ပွါးကြ လိုက်နာကျင့်သုံးမှု မပြုလိုကြချေ။ ဥပမာအားဖြင့် ခွေးတို့သည် စတုမဓုကို စားသုံးရသော်လည်း နှစ်သိမ့်အား ရမှုကို မဖြစ်စေနိုင် သကဲ့သို့ဖြစ်သည်။

အခြားတဘက်မှ အကျင့်သီလနှင့် ပြည့်စုံသည့် ပညာရှိ သူတော်ကောင်းများကို မဖူးမြင်လိုကြ၊ ဖူးမြင်ရသော်လည်း သဒ္ဓါတရား မဖြစ်ပွါးကြချေ။ ဥပမာအားဖြင့် မြတ်စွာဘုရားကို တိတ္ထိတို့က မဖူးမြင်လိုကြ သဒ္ဓါတရား မဖြစ်ပွါးကြသကဲ့သို့ ဖြစ်သည်။

အခြားတဘက်မှ အကျင့်သီလနှင့် ပြည့်စုံသူများကို တွေ့လျှင်လည်း အကျင့်ယုတ်သူများဟု အထင်ရောက်တတ်သည်။ ဥပမာ ကလေးသူငယ်များသည် မိမိတို့၏ မိဘနှင့် ရန်ဘက်ဖြစ်သူတို့ကို မကောင်း ထင်မြင်တတ် သကဲ့သို့ ဖြစ်သည်-စသည်ဖြင့် ရေးသား ပြဆို တော်မူပြီးလျှင် ဆက်လက်၍ ရွာကြီး မီးလောင်ပုံကို ဥပမာ ပေး၍ ရေးသားတော်မူ ပြန်သည်။

ရွာကြီး မီးလောင်ပုံဥပမာ။　။အထက်၌ ဖော်ပြ ခဲ့သည့် အတိုင်း ရဟန်းတော် များ၏ အဓိကရုဏ်းတွင် ဘာမသိ ညာမသိဖြင့် လူပုဂ္ဂိုလ်များ ဝင်ရောက် စွက်ဖက် ပါလာတတ်ကြရာ အကုသိုလ်တရား အမျိုးမျိုး ဖြစ်ပွါး၍ အပါယ်ဆင်းရဲ ရောက်ကြရလေသည်။ ဥပမာအားဖြင့် ရွာကြီးတရွာ မီးလောင်သောအခါ မျက်မမြင်

ဒုက္ခိတများ ဟိုပြေးဒီပြေးဖြင့် မီးထဲကျကာ ဒုက္ခရောက်ရ သကဲ့သို့ ဖြစ်တော့သည်။

အချို့သော ပုဂ္ဂိုလ်တို့သည် အဓိကရုဏ်း ငြိမ်းအေး စေလိမ့်မည်ဟု မှတ်ထင်ကြကာ အမှားများကို ပြောဆို လုပ်ကိုင်ကြရာ အဓိကရုဏ်း ပို၍ ကြီးမားလာလေသည်။ ဥပမာအားဖြင့် ရွာကြီး မီးလောင်ရာ၌ မီးငြိမ်းစေရန် လောင်စာများဖြင့် လောင်းပေးသကဲ့သို့ ဖြစ်တော့သည်။

အချို့ လူပုဂ္ဂိုလ်တို့ကလည်း အဓိကရုဏ်း၌ တဖက်ဖက်မှ ပါဝင် ငြင်းခုံ ဆဲရေးကြရာ အဓိကရုဏ်း မငြိမ်းအေးဘဲ ပို၍ ကြီးမားသည်၊ ဥပမာ ရွာကြီး မီးလောင်ရာ၌ မီးတိုင် မီးခဲများဖြင့် ဖုံးဖိ ငြိမ်းသတ်သည်နှင့် တူတော့သည်။

အချို့ကုန်သော သူတို့သည် အဓိကရုဏ်း ပိုဖြစ်အောင် ပြုလုပ်ကြသည်။ အဓိကရုဏ်းဖြစ်လျှင် ဝမ်းသာကြသည်။ ဥပမာ ရွာကြီးမီးလောင်ရာ၌ တရွာတည်းသား ဆင်းရဲသူ များက ပစ္စည်းရှိသူတို့ ဥစ္စာရှိသူတို့ ဥစ္စာပစ္စည်းများ ရကြ၍ ဝမ်းသာအားရ ဖြစ်ကြသည်နှင့် တူတော့သည်။

အချို့ ဗုဒ္ဓဘာသာဝင်များက အဓိကရုဏ်း ကြီးအောင် လုပ်၍ အဓိကရုဏ်း ကြီးရန် လိုလားကြသည်။ ဥပမာ ရွာတွင်း ရှိ သူခိုး လူဆိုးတို့က ရွာမီးလောင်လျှင် ဝမ်းသာကြသည် နှင့် တူတော့သည်။

အချို့ ဝါဒကွဲ ဘာသာခြားများက အဓိကရုဏ်း မငြိမ်း အောင် လုပ်ကြသည်။ အဓိကရုဏ်းကြီးလျှင် ပို၍ ဝမ်းသာ ကြသည်။ ဥပမာ ရွာကြီး မီးလောင်သောအခါ အခြား

ရွာသား လူဆိုးများ လုယက်ရန် ဝိုင်းလာသည်နှင့် တူတော့သည်။

အချို့ ဝါဒကွဲ ဘာသာခြားများက အဓိကရုဏ်း ဖြစ်လျှင် ဝမ်းသာကြသည်။ အဓိကရုဏ်းကြီးမားပြီး ဗုဒ္ဓဘာသာကြီး ယိုင်လဲ ပြိုကွဲ ပျက်သုဉ်း သွားစေလိုကြသည်။ ဥပမာ ရွာကြီး မီးလောင်ရာ၌ တောထဲမှ သူခိုး လူဆိုး အုပ်ကြီး ချီတက် ဝိုင်းအုံလာသကဲ့သို့ ဖြစ်တော့သည်။

အချို့ ပညာရှိ သူတော်ကောင်းများက နည်းမှန်လမ်းမှန် သိ၍ ပြောဆိုကြပါသော်လည်း အဓိကရုဏ်းအားက ကြီးမားလှ၍ အရာမရောက် ဖြစ်တော့သည်။ ဥပမာ ရွာကြီးမီးလောင်ရာ၌ အနည်းငယ်မျှ လူစုက ပုံးငယ် ခွက်ငယ်ဖြင့် ရေလောင်း ငြိမ်းသော်လည်း မတတ်နိုင် လက်မှိုင်ချရသကဲ့သို့ ဖြစ်တော့သည်။ ဤသို့လျှင် ရဟန်းတော်များ အဓိကရုဏ်း၌ လူဒါယကာများ အမျိုးမျိုးပါဝင်နေကြပုံကို ဤ ဥပမာ အမျိုးမျိုးဖြင့် ရေးသားထားသည်ကို ဤကျမ်းပါဠိ နှာ ၂၁၀-မှ စ၍ မြန်မာပြန် နှာ ၁၆၃-မှစ၍ ဖတ်ရှုနိုင်ပေသည်။

၂။ ညီညွတ်ရေးအတွက် ဖိတ်ခေါ်ခြင်း။ ။ရွှေကျင် ဆရာတော်ကြီးသည် သီဟိုဠ် ရဟန်း သံဃာတော်များ ကွဲပြားကာ အဓိကရုဏ်း ဖြစ်နေခြင်းနှင့် လူ ပုဂ္ဂိုလ်များ အဓိကရုဏ်း၌ ဝင်ရောက် စွက်ဖက်နေကြပုံကို သိမြင်တော်မူသည်အားလျော်စွာ ယင်း အဓိကရုဏ်း ငြိမ်းအေး၍ ညီညွတ်မှုကို ရစေချင်သည်။ ထို့ကြောင့် ဆရာတော်ကြီးသည် သီဟိုဠ်ကျွန်းသို့ မကြွမီ မြန်မာနိုင်ငံ နေစဉ်ကလည်း သီဟိုဠ် ရဟန်းတော်များ

ညီညွတ်ရေးကို ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ယခု သီဟိုဠ်သို့ ရောက်သောအခါ၌လည်း ဆောင်ရွက်ဆဲ ဖြစ်သည်။

မှန်လှပေသည်။

သီဟိုဠ် မရောက်မီ မြန်မာပြည်၌ နေစဉ်ကဆိုလျှင် သီဟိုဠ် ရဟန်းတော်များ ညီညွတ်မှုရရှိရေး အဓိကရဏ်း ငြိမ်းချမ်းရေး အတွက် အားစိုက် ခွန်စိုက် ဆောင်ရွက်ခဲ့သည်။ မင်းတုန်း မင်းကြီးနှင့် အကြိမ်ကြိမ် တိုင်ပင်ခဲ့သည်။ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းပေါင်း မြောက်မြားစွာကို ကြည့်ရှု ခဲ့သည်။ ပညာဗဟုသုတ ကြွယ်ဝသည့် အရှင်အဂ္ဂဓမ္မာလင်္ကာရ စသော ရာဇဂုရု တံဆိပ်တော်ရ ဆရာတော်တို့နှင့်လည်း တိုင်ပင်ဆွေးနွေးခဲ့သည်။

ယင်းသို့ စာပေကြည့်ရှုပြီးလျှင် ပညာရှိ ပုဂ္ဂိုလ်ကြီးများ နှင့် တိုင်ပင်၍ သီမာသင်္ကရဝိနိစ္ဆယ အမည်ရှိ ကျမ်းတစောင် ကို ပြုစုစီရင်၍ စက်တင်ပုံနှိပ်ပြီး သီဟိုဠ် သံဃာတော်များ ထံသို့ ပို့ခဲ့သည်။

ယခု သီဟိုဠ်ကျွန်းသို့ ကိုယ်တိုင် ရောက်သောအခါ၌လည်း ရောက်လေရာ အရပ်ဒေသမှာ တွေ့တိုင်းသော သီဟိုဠ်ကျွန်း သား ရဟန်းရှင်လူများအား တတ်စွမ်းနိုင်သမျှ အဓိကရဏ်း ငြိမ်းချမ်း ညီညွတ်ရေး တရားကိုသာ ဟောခဲ့ပေသည်။

သို့စဉ်မျှလောက် ကြိုးပမ်း ဆောင်ရွက်ခဲ့ပုံ ဆောင်ရွက်ဆဲ ဖြစ်ပုံများကို ဖော်ပြ ရေးသားပြီးလျှင် အကယ်၍များ အဓိကရဏ်း မငြိမ်းအေးပါမူ အဓိကရဏ်း ဖြစ်ပွါးသော သီဟိုဠ် ရဟန်းတော်များကို အပြစ်မဆိုလိုပါ၊ အဓိကရဏ်းကို

ငြိမ်းအေးအောင် မဆောင်ရွက်နိုင်သည့် မိမိတို့ မြန်မာနိုင်ငံသား ရဟန်းတော်များ၏ ညံ့ဖျင်းမှု အပြစ်သာ ဖြစ်ကြောင်း အဓိကရုဏ်းကို ဖြစ်ပွါးစေသည့် အကုသိုလ် ကိလေသာ တရား၏ အပြစ်သာဖြစ်ကြောင်း ရေးသားပြီးမှ အကယ်၍ ညီညွတ်လို၍ သီဟိုဠ် သံဃာတော်များက တောင်းဆိုလျှင် မိမိအပါအဝင် မြန်မာ ရဟန်းတော်များနှင့် မင်းကရောင် အမျိုးပြုသော မြန်မာ နိုင်ငံသူ နိုင်ငံသားတို့က အကူအညီ ပေးမည်ဖြစ်ကြောင်း ဘိတ်မန်ကာ သခေ်ပသန္ဒေသကထာကို နိဂုံးချုပ်ထားပေသည်။

ဤအကြောင်းများကို ဤကျမ်း ပါဠိ နှာ ၂၂၂-မြန်မာ ပြန် နှာ ၂၇၆–မှစ၍ ကြည့်ရှု လေ့လာနိုင်ပါသည်။

ပုနပါဟိတသန္ဒေသကထာ
နောက်ထပ်ပို့သည့်သဝဏ်လွှာ

လက်ာသာသန ဝိသုဒ္ဓိကထာကျမ်းရှိ သန္ဒေသကထာကြီး ၄-မျိုးတို့တွင် ဤ သန္ဒေသကထာသည် တတိယ သန္ဒေသကထာ သဝဏ်လွှာဖြစ်သည်၊ ရှေ့သဝဏ်လွှာ (ဝိတ္ထာရနှင့် သခေ်ပ) နှစ်မျိုးကို ပို့ပြီးမှ နောက်ထပ်ပို့သည့် သဝဏ်လွှာ ဖြစ်သောကြောင့် ပုနပါဟိတသန္ဒေသကထာဟု အမည်ပေးထားခြင်း ဖြစ်၏။

ယင်းသဝဏ်လွှာ သန္ဒေသကထာ၌ ရှေးသဝဏ်လွှာ ၂-စောင်ကြောင့် အဓိကရုဏ်းဖြစ်နေသော သီဟိုဠ်သံဃာတော် အချို့ ညီညွတ်မှုရလာပုံကို ဖော်ပြထားသည်၊ မှန်၏။ ဂိုဏ်းကွဲနေသော အချို့သော အမရပူရဂိုဏ်းဝင် သံဃာတို့သည်

ကံကြီးကံငယ် အတူဆောင်ရွက်သည်အထိ ညီညွတ်မှုရလာကြောင်းကိုရင်း၊ ရဟန်းခံမည့် ရဟန်းလောင်းနှင့် ရဟန်းပြုပေးမည့် ဆရာရဟန်းများက ဝိနည်းတော်နှင့်အညီ ကျင့်သုံးနေထိုင်ပါမည် စသည်ဖြင့် ဝန်ခံကတိပြုကြောင်းများကိုရင်း ဖော်ပြထားသည်။

ထို့နောက်မှ ရဟန်းသံဃာတော်များ အဓိကရုဏ်း ဖြစ်ပွါးရာ၌ နောက်ကွယ်မှနေ၍ ပါဝင်နေကြသော လူပုဂ္ဂိုလ်များကို ဆုံးမဩဝါဒစကား ရေးသားထားပေသည်။

ဤအကြောင်းများကို ဤကျမ်းပါဠိဘာသာ စာမျက်နှာ ၂၃၆ မှ စ၍ မြန်မာပြန်စာမျက်နှာ ၂၉၁–မှစ၍ ဖတ်ရှုနိုင်ပေသည်။

ဒါဌာဓာတုပူဇနာဘိယာစန သန္ဒေသကထာ စွယ်တော်ဖူးခွင့်တောင်းသဝဏ်လွှာ

ဤသဝဏ်လွှာကို ဆရာတော်ကြီးသည် အခြား သဝဏ်လွှာ တို့၏ ရှေးဦးစွာ ရေးတော် မူသည်ဟု ထင်ရသည်။ အကြောင်းမှာ စွယ်တော်ကို ဖူးမြော်ရန် သီဟိုဠ်ကျွန်းသို့ ကြွလာပြီးမှ ဦးစွာပဌမ စွယ်တော်ကိုဖူးခွင့်ရရန် ခွင့်တောင်းလွှာ ရေးသည်။ ဖူးခွင့်ရပြီးသောအခါမှ လိုအင်ဆန္ဒပြည့်ဝပြီးဖြစ်သောကြောင့် အခြားအဓိကရုဏ်း ငြိမ်းအေးရေးအတွက်ဆောင်ရွက်သည်ဟု ယူဆရပေသည်။

သို့သော် ဤကျမ်း၌မူ ကျမ်း၏ နောက်ဆုံးကျမှ "ဤကျမ်းကို ဘယ်သူပြုသနည်း ဟု ပုစ္ဆာထုတ်ကာ ဤသီဟိုဠ်ကျွန်းသို့ စွယ်တော်ဖူးရန်လာသည့် ရွှေကျင်ဆရာတော် ပြုစု

ပါကြောင်း” စသည်ဖြင့် ဖြေဆိုလျက် ဤသဝဏ်လွှာကို ရေးသားတော်မူပေသည်။

အမှန်စင်စစ် ဤသဝဏ်လွှာသည် လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း၏ နိဒါန်းကဲ့သို့ ဖြစ်သော်လည်း ကျမ်း၏နောက်ဆုံးဖြစ်သော နိဂုံးနေရာသို့ ရောက်နေပေသည်။

ဤ သန္ဒေသ ကထာ၌ ရှေ့ကျောင် ဆရာတော်ကြီး သည် သီဟိုဠ်ကျွန်း၌ ကိန်းဝပ် တည်ရှိနေသော စွယ်တော်မြတ်ကို ဖူးမြော်ရန် လိုအင်ဆန္ဒ ဖြစ်ပေါ်ပုံမှစ၍ ဖူးမြော်ခွင့်ရအောင် ကြိုးစားရပုံ နာမကျန်းရှိလျက် ကုန်းတတန် ရေတတန် ခရီးသွားရပုံတို့ကို စိတ်ဝင်စားဖွယ် သီကုံး ရေးသား တော်မူသည်။

ထို့နောက် သီဟိုဠ်ကျွန်းသို့ ရောက်ရှိသော် တွေ့ကြုံရပုံအကြောင်း အရာများနှင့် စွယ်တော် ဖူးခွင့် ရရန် ခက်ခဲပုံအကြောင်းတို့ကို ဖော်ပြပြီး စွယ်တော်မြတ်ကို ဖူးမြော်ခွင့်ပေးပါမည့် အကြောင်းတို့ကို သာယာ ပြေပြစ်လှစွာသော ပါဠိဝေါဟာရ အသုံးအနှုန်းတို့ဖြင့် ရေးသားထားပေသည်။

ဤသို့လျှင် လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းကို သန္ဒေသကထာကြီး ၄-ပိုင်းတို့ဖြင့် ဖွဲ့ဆိုရေးသားတော်မူသည်။

ဤကျမ်း၏ ဂုဏ်ကျေးဇူးများ

ဤကျမ်းသည်ကား သာယာချောမွေ့သော ပါဠိစကားလုံးများကို ရွေးချယ်သုံးစွဲလျက် ကျစ်လစ်သိပ်သည်းစွာ ဖွဲ့စီ

ထားသည့် မြန်မာပြည်သား ရဟန်းတော်တပါး ပြုစုထား သည့် ပါဠိကျမ်းတဆူ ဖြစ်သည်။

မှတ်သားနာယူ လိုက်နာကျင့်ကြံဖွယ် ကောင်းလှသော အဓိပ္ပါယ် သဘောသဘာဝ များကိုလည်း ပြဆိုထားသော ကျမ်းဖြစ်သည်။

ရှေးအတိတ် တချိန်က တစိတ်တဒေသသော အရပ်၌ ဖြစ်ပေါ်ခဲ့သော သာသနာရေးပြဿနာ အရှုပ်အထွေးများ ဖြေရှင်းရန် ကြိုးပမ်းခဲ့သော ကျမ်းတဆူ ဖြစ်သောကြောင့် အကယ်၍များ တခြား တရပ်တဒေသ၌ အလားတူ ပြဿနာ ရပ်များဖြစ်ပေါ်ခဲ့လျှင် ဖြေရှင်းနိုင်ရန် အကူအညီပေးနိုင်မည့် ကျမ်းတဆူလည်း ဖြစ်သည်။

သမိုင်းမှတ်တမ်း ရာဇဝင်များ၌ပါရှိသော မြန်မာနိုင်ငံနှင့် သီဟိုဠ်ကျွန်းတို့ အပြန်အလှန် တနိုင်ငံနှင့်တနိုင်ငံ ချစ်ကြည် ရင်းနှီးစွာ အကျိုးပြုခဲ့ကြပုံ များတွင် ထင်ရှား တောက် ပြောင်သော သမိုင်းဝင်မှတ်တမ်း ကျမ်းတဆူလည်း ဖြစ် ပေသည်။

သာသနာတော်၌ ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့သော မညီ ညွတ်မှု ဝါဒကွဲပြား ငြင်းခုံမှု အဓိကရုဏ်းများကို ပယ်မြစ် ထားနိုင်သော စွမ်းအင်ရှိသော ကျမ်းတဆူလည်း ဖြစ်ပေ သည်။

ဤ လက်ာသာသနဝိသုဒ္ဓိကထာကျမ်း၏ စွမ်းအင်ကြောင့် သီဟိုဠ်ကျွန်း၌ နှစ်ပေါင်းများစွာ ဖြစ်ပွါးနေခဲ့သော ငြင်းခုံ ကွဲပြားခြင်း အဓိကရုဏ်းကြီးသည် ဤကျမ်း ထွက်ပေါ်

ခါစဉ်၌ ရာခိုင်နှန်းများစွာ ငြိမ်းချမ်းမှုရခဲ့ပြီး ဤကျမ်းထွက်၍ ကာလအတန်ကြာသော် ယင်းအဓိကရုဏ်းကြီး လုံးဝ ချုပ်ပျောက် ငြိမ်းချမ်းသွားလေသည်။ ယခုအခါ၌မူ အဓိကရုဏ်း ချုပ်ငြိမ်းရုံသာမက သီဟိုဠ်ကျွန်း၌ ဤကျမ်းပြု ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးသည့် ရွှေကျင်နိကာယ သံဃာ့အဖွဲ့အစည်းတခုပင် မားမားမတ်မတ် ရပ်တည်လျက်ရှိနေပေပြီ။

ဤမျှလောက် အကျိုးများပြား စွမ်းအင်ကြီးမား ထက်မြက်လှသော လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းသည် မြန်မာသက္ကရာဇ် ၁၂၄၁ (ခရစ် ၁၈၈၀)ခုနှစ် တန်ခူးလက ရိုက်နှိပ်ပြီးစီးခဲ့ရာ ယနေ့သက္ကရာဇ် ၁၃၄၀-ခု (ခရစ် ၁၉၇၉) ခုနှစ်ဆိုလျှင် နှစ်ပေါင်းတရာမျှ ကြာမြင့်၍ ရာပြည့်ပွဲပင် ဆင်နွှဲဂုဏ်ပြုရန် သင့်လျော်သည့် အချိန်ကာလတိုင် ရောက်ခဲ့ပေပြီ။

သို့သော်လည်း နှစ်ပေါင်း တရာခန့်အတွင်း တကြိမ်တခါမျှ ထပ်မံရိုက်နှိပ်ခြင်း မရှိခဲ့ဘဲ စာမူပင် ပျောက်ကွယ်လုနီးနီး ဖြစ်နေပေသည်။

အမျိုးဘာသာ သာသနာအတွက် ကျေးဇူးများလှ၍ ကျမ်းဂန်စာပေများကို ဖော်ထုတ်ရိုက်နှိပ်ရန်မှာ သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက်၏ အဓိကကျသော လုပ်ငန်းတာဝန်ကြီးတရပ် ဖြစ်သည်ကတကြောင်း—

၁၉၆၇-ခုနှစ်က မြန်မာအစိုးရ ဧည့်သည်တော်အဖြစ် ရောက်ရှိလာသည့် သီရိလင်္ကာအစိုးရ ရှေးဟောင်းသုတေသန

မင်းကြီး ဒေါက်တာ ဂုဒန်ဘူရိ အမည်ရှိ ပုဂ္ဂိုလ်ကြီးကလည်း သီဟိုဠ်-မြန်မာချစ်ကြည်ရေး သမိုင်းမှတ်တိုင်ဖြစ်သော ဤကျမ်းကို မြန်မာနိုင်ငံမှ ထပ်မံရိုက်နှိပ်ပါရန် တိုက်တွန်းခဲ့သည်ကတကြောင်းတို့ကြောင့် မူရင်း ဖြစ်သည့် လင်္ကာ-သာသနဝိသုဒ္ဓိကထာ ပါဠိကျမ်းကို သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ပြန်လည်ရိုက်နှိပ်ခြင်းဖြစ်ပါသည်။

လင်္ကာသာသနဝိသုဒ္ဓိကထာ မြန်မာပြန်ကျမ်း

ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဤလင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းကို သီရိလင်္ကာနိုင်ငံရှိ ပါဠိပညာရှင်များ ဖတ်ရှုစေရန်အတွက် ရည်ရွယ်၍ ပါဠိဘာသာဖြင့် ရေးသားပြုစုတော်မူသည်။

ဤကျမ်းကို ပါဠိဘာသာ တတ်ကျွမ်းသူများ ဖတ်ရှုနားလည်နိုင်မည်ဖြစ်သော်လည်း မြန်မာဘာသာ သက်သက်ကိုသာ တတ်ကျွမ်းသူ မြန်မာ တိုင်းရင်းသားများ ဖတ်ရှုနားလည်နိုင်မည် မဟုတ်ချေ။

ဗုဒ္ဓသာသနာပြု မြန်မာဆရာတော်ကြီးတပါး ရေးသားထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ ချစ်ကြည်ရေး မှတ်တိုင်ကြီးလည်း ဖြစ်၍ သာသနာ့အကျိုးကို သည်ပိုး ထမ်းဆောင်နိုင်စွမ်း ရှိသည့် ကျမ်းကြီးတဆူ၏ သဘောအဓိပ္ပါယ် အနှစ်သာရကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ မဖတ်ရှုနိုင်ပါ၊ နားမလည်နိုင်ပါဟု ဆိုပြန်လျှင်လည်း ဤကျမ်းကို ပြန်လည်ဖော်ထုတ် ရိုက်နှိပ်ထုတ်

[ဂေါ]   လက်ဘသာသနဝိသုဒ္ဓိကထာနိဒါန်း

ဝေသည့် သာသနာရေးဦးစီးဌာနကြီး၏ ချတ်ယွင်း လစ်ဟင်းချက် ကွက်လပ်ကြီးတခု ဖြစ်နေပေလိမ့်မည်။

ဤအကြောင်းအရာကို ဆင်ခြင်စဉ်းစား သတိထားမိသည့် ထိုစဉ်က သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်ခဲ့၍ ယခုနိုင်ငံတော်ကောင်စီဝင် ဖြစ်နေသူ ဆရာဦးလှမောင်သည် မြန်မာပြန် အယ်ဒီတာချုပ် ဦးကျော်ထွက်, စာပြင်မှူးချုပ် ဦးထွန်းလှိုင် တို့နှင့် ညှိနှိုင်းတိုင်ပင်ကာ လက်ဘသာသနဝိသုဒ္ဓိကထာကျမ်း မြန်မာပြန်ကိုပါ ထည့်သွင်းရိုက်နှိပ်ရန် ဆုံးဖြတ်၍ မြန်မာပြန်အယ်ဒီတာအဖွဲ့ကို မြန်မာပြန်ရန် ညွှန်ကြားစီစဉ်ခဲ့သည်။

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရာထူးကို ဆက်လက်၍ တာဝန်ယူ ထမ်းဆောင်ရသည့် ဦးကြည်ညွှန့်သည်လည်း ဤလက်ဘသာသနဝိသုဒ္ဓိကထာကျမ်း၏ သာသနာပြု ဂုဏ်သတ္တိရှိပုံ, တန်ဘိုးကြီးမားပုံကို ကောင်းစွာသိရှိသူဖြစ်သောကြောင့် လက်ဘသာသနဝိသုဒ္ဓိကထာကျမ်း ရိုက်နှိပ်ထုတ်ဝေရေး အစီအစဉ်ကို မျက်ခြေပြတ်သွားခြင်း, နှောင့်နှေးကြန့်ကြာခြင်း မဖြစ်စေဘဲ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် စီစဉ် အမိန့်ချမှတ်ခဲ့ပေသည်။

ယင်းသို့ အဘက်ဘက်မှ တက်တက်ကြွကြွ ကြိုးစားအားထုတ်ခဲ့မှုတို့ကြောင့် ဤလက်ဘသာသနဝိသုဒ္ဓိကထာကျမ်းသည် ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် တိုင်းပြည်နှင့် သာသနာအတွက် ထည်ဝါခဲ့ညားစွာ ထွက်ပေါ်လာနိုင်ခြင်း ဖြစ်ပေသည်။

အာသိသပတ္တနာ။ ။လွန်ခဲ့သော နှစ်ပေါင်း တရာခန့်အခါ မြန်မာသက္ကရာဇ် ၁၂၄၁-ခုနှစ် တန်ခူးလက ရိုက်နှိပ်ထုတ်ဝေခဲ့၍ နောက်ထပ် ပြန်လည်ရိုက်နှိပ်ခြင်း မရှိသောကြောင့်—

၁။ စာမူရရှိရန် ရှားပါးနေခြင်း၊

၂။ ရရှိပြန်ပါသော်လည်း ဟောင်းနွမ်းလှပြီ ဖြစ်၍ စာလုံးများ မထင်ရှားခြင်း၊

၃။ ကြာညောင်းဆွေးမြည့်နေပြီ ဖြစ်၍ အထိအကိုင် မခံခြင်း—

စသော များစွာသော အကြပ်အတည်း အခက်အခဲများ အတွင်းမှ ခဲခဲယဉ်းယဉ်း ကျော်နင်းပေါ်ထွက်လာရသော—

မြန်မာနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံတို့၏ ချစ်ကြည်ရေး သမိုင်းမှတ်တိုင် မဏ္ဍိုင်ကြီးလည်း ဖြစ်ကာ ဗုဒ္ဓသာသနာပြု ကျမ်းကြီးတဆူလည်း ဖြစ်ပေသော ဤ **လင်္ကာသာသနဝိသုဒ္ဓိ-ကထာကျမ်း** သည်—

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ ချစ်ကြည်ရေးကို ကမ္ဘာတည်သမျှ အရှည် တည်တံ့ခိုင်မြဲအောင် ရှက်ဆောင်နိုင်ပါစေသတည်း။

မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာ့ရန်စွယ် အန္တရာယ် အမိုက်မှောင်တို့ကို သုတ်သင်ပယ်ရှင်းဖျက်ခြေခွင်း၍ အလင်းကို ဆောင်နိုင်ပါစေသတည်း။

လင်္ကာသာသနဝိသုဒ္ဓိကထာပါဠ်

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ဂန္ထာရမ္ဘာ (ဝိတ္ထာရ သန္ဒေသကထာ)			၁
နမတ္ထုဝိဘဇ္ဇဝါဒိနော	....	....	၁
ဩကာသ ကာရာပနံ	....	....	၂
လင်္ကာသာသန ဗလဝဘာဂေါ	....	....	၂
သုဂုတ္တတဏ္ဍာကောပမာ	....	....	၃
လင်္ကာသာသန ဒုဗ္ဗလဘာဂေါ	....	....	၄
အဂုတ္တတဏ္ဍာကောပမာ	....	....	၅
တီဏိ သာသနဒုဗ္ဗလျကာရဏာနိ	....	....	၅
၁-မိစ္ဆာဒိဋ္ဌိ ကာကိဏ္ဏ ဒေါသော			၆
အဏ္ဍကောပမာ	....	....	၇
သ ကဏ္ဋက အဒ္ဓါနမဂ္ဂူပမာ	....	....	၈
၂-သံဃရာဇ သုညဒေါသော	....	....	၉
ဇောတိကဗာလကုမာရကောပမာ	....	....	၁၀
သတ္တ အတ္တနာထဘိက္ခုနံ ဝတ္ထု	....	....	၁၆

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
အလဇ္ဇီ နိဿယဗုဒံ	....	....	၁၇
ပေတာနံ ဝတ္ထု	....	....	၂၀
လက်ာဘိက္ခုနံ ဝိကာလေ တမ္ဗူလခါဒနံ		....	၂၁
ဘေသဇ္ဇောပမာ	....	....	၂၃
သမာဒပနံ	....	....	၂၃
သိက္ခာပဒါနံ ပဂ္ဂဟ နိဂ္ဂဟတာ	....	....	၂၆
ပုန ဘေသဇ္ဇောပမာ	....	....	၂၇
ပုန သမာဒပနံ	....	....	၂၉
ဥပါဟနဓာရဏသိက္ခာပဒံ	....	....	၃၁
အင်္ဂါက္ခန္ဓောပမာ	....	....	၃၃
သမာဒပနံ	....	....	၃၃
ဆတ္တဓာရဏသိက္ခာပဒံ	....	....	၃၄
ဒုဗ္ဗစဒါရကောပမာ	....	....	၃၆
သမာဒပနံ	....	....	၃၇
ယဋ္ဌိမဏ္ဍလ သိက္ခာပဒဒွယံ	....	....	၃၇
မဟာဂ္ဃသာဋကောပမာ	....	....	၄၂
မဟာဂ္ဃကမ္ဗလောပမာ	....	....	၄၆
သမာဒပနံ	....	....	၄၇

အကြောင်းအရာ			စာမျက်နှာ
သုပ္ပဗုဒ္ဓ သိက္ခာပဒဒွယံ	....	....	၄၉
ကဝဠောပမာ	....	....	၅၁
မဟာဂ္ဂိက္ခန္ဓောပမာ	....	....	၅၅
သမာဒပနံ	....	....	၅၅
ဩက္ခိတ္တစက္ခုသိက္ခာပဒဒွယံ	....	....	၅၉
ပိတရသုဒိန္နာဝုဓောပမာ	....	....	၆၂
သမာဒပနံ	....	....	၆၃
သုသံဝုတာဒိသိက္ခာပဒါနုဒ္ဒေသော	....	....	၆၅
အနာသသက္ကုဏေယျပုဂ္ဂလာ	....	....	၆၇
နာနာဂ္ဂရသခဇ္ဇဘောဇ္ဇောပမာ	....	....	၆၈
ကိမ္ပိလိက္ခူပမာ	....	....	၇၀
သမာဒပနံ	....	....	၇၀
ရူပိယသာဒိယနာဒိသိက္ခာပဒါနုဒ္ဒေသော		....	၇၁
ဝါဠဘက္ခ ဗာလောပမာ	....	....	၇၆
ရူပိယသိက္ခာပဒါနုဒ္ဒေသော	....	....	၇၇
ပရိယာယ ပရိဘောဂေါ	....	....	၇၉
ခဒိရင်္ဂါရ ဂိဋ္ဌောပမာ	....	....	၈၁

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ဝိပရိတတ္တဂ္ဂါဟော	....	....	၈၁
ဥမ္မဂ္ဂိကောပမာ	....	....	၈၄
သမာဒပန်	....	....	၈၆
အဘိက္ခဏာပတ္တိကတာ	....	....	၈၇
အာယတိံ သံဝရော လဋ္ဌိတာယ ပမာဏံ		....	၈၈
ပက္ခန္ဒိယရောဂိကူပမာ	....	....	၈၉
အတ္တာနုယောဂေါ	....	....	၈၉
တိကိစ္ဆနုနယော	....	....	၉၃
သမာဒပန်	....	....	၉၆
ဝိပရိတတ္တဂ္ဂါဟော	....	....	၉၇
အပိဝနဒုက္ကရဘေသဇ္ဇောပမာ	....	—	၉၉
ပုနသမာဒပန်	....	....	၁၀၀
ဓူမပိဝနသိက္ခာပဒါနုဒ္ဒေသော	—	—	၁၀၀
ဝိရေစနကဘေသဇ္ဇောပမာ	....	....	၁၀၁
သမာဒပန်	....	....	၁၀၂
၃–မိထုဘေဒဒေါသော	....	....	၁၀၃
မြမ္မနိကာယဘေဒန်	....	....	၁၀၄

အကြောင်းအရာ	စာမျက်နှာ
ဥဒ္ဓုမာတကောပမာ	၁၀၅
ဥဇ္ဈာပနသိက္ခာပဒပိဋ္ဌိကရဏံ	၁၀၅
ဒုဗ္ဗစပုတ္တောပမာ	၁၀၇
ပဋိဥဇ္ဈာယနံ	၁၀၈
ဥမ္မတ္တသွာနောပမာ	၁၀၉
ဩမသဝါဒသိက္ခာပဒပိဋ္ဌိကရဏံ	၁၁၀
ပိတုဝစနာကရဒုဋ္ဌပုတ္တောပမာ	၁၁၁
ဥပဿုတိသိက္ခာပဒပိဋ္ဌိကရဏံ	၁၁၂
ကဏှသပ္ပေသီဗာလာပစ္စောပမာ	၁၁၃
ပေသုညသိက္ခာပဒပိဋ္ဌိကရဏံ	၁၁၄
မုသာဝါဒသိက္ခာပဒပိဋ္ဌိကရဏံ	၁၁၅
ဒုဋ္ဌုလ္လာရောစနသိက္ခာပဒပိဋ္ဌိကရဏံ....	၁၁၈
ဂဟဋ္ဌာနံနာနုဇ္ဈာယနာကာရော	၁၂၁
ပဋိဥဇ္ဈာယနာကာရော	၁၂၈
တတောနိဒါနံ	၁၃၀
အဘိယာစနကထာ	၁၃၃
ကထံပဋိပဇ္ဇိတဗ္ဗံ?	၁၃၈

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
မြမွှံသိကဗ္ဗန္တရေယော ဘက္ကန်	....	၁၄၀
အမှာကံ ပဋိညာ	....	၁၄၆
ပုနပ္ပဉ္စာယကဂါဟာပန်	....	၁၄၇
အမှာကမဘိပတ္တနာ	....	၁၄၇
ဝါင္ဃဘက္ခဗာလောပမာယ သံဝိဂ္ဂုပ္ပါဒန်	....	၁၅၀
နိမုဂ္ဂနာဝိကောပမာယပံ	....	၁၅၂
အပ္ပမတ္တပဏ္ဏိတောပမာယ ခေမပါပနာ	....	၁၅၄
အဒင္ဂိကမ္မဝါဒီနံ ပုထုအာဘရောစန်	....	၁၅၉
အနုညာတာနုလောမဝိနယကမ္မံ	....	၁၆၀
ပုန စပရံ	....	၁၆၃
ယုဂ္ဂ္ဂိကာရကံ	....	၁၆၅
ဥပသမ္ပဒါပေက္ခသ ကုက္ကုစ္စံ	....	၁၆၅
ကုက္ကုစ္စဝိနောဒနဝိဓိ	....	၁၆၆
သံဃသ ကုက္ကုစ္စံ	....	၁၆၈
ဆနုသာဝကသ ကုက္ကုစ္စံ	....	၁၆၉
အကမ္မိကဗျတ္တဝိနယဓရတော ကုက္ကုစ္စံ	....	၁၇၀
အာစရိယုပဇ္ဈာယာနံ ဘာရော	....	၁၇၃

အကြောင်းအရာ			စာမျက်နှာ
သမာဒပန်	....	....	၁၇၄
အာဂမကာရဏံ	....	....	၁၇၅
ကိံ တေဟိ ဒဿေတိ?	....	....	၁၇၆
အပရနယော	....	....	၁၇၇
လက္ခဏဟာရနယောတိ	....	....	၁၇၉
ပုန သိက္ခာဒါနဒဠှီကမ္မာနံ ဝိသေသော		....	၁၈၀
သီမာသမုတိကမ္မေန သမာနယန်		....	၁၈၃
ပုန သိက္ခာဂဟဏံ မင်္ဂလကာရဏံ		....	၁၈၆
အပုန သိက္ခာဂဟဏံ အမင်္ဂလကာရဏံ		....	၁၈၉
ဝိနယဂရုကာနုမာစိဏ္ဏံ	....	....	၁၉၂
ဝိနယဒုက္ကဋာပတ္တိယာ စောဒနာ	....	....	၁၉၆
တဗ္ဗိသောဓနာ	....	....	၁၉၇
ဝိသံဝါဒနာပတ္တိယာ စောဒနာ	....	....	၁၉၇
တဗ္ဗိသောဓနာ	....	....	၁၉၈
နာမံ ပဋိစ္စ စောဒနာ	....	....	၂၀၀
တဗ္ဗိသောဓနာ	....	....	၂၀၁
သမာဒပန်	....	....	၂၀၄

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
နိဂမနံ	....	....	၂၀၉
သင်္ခေပသန္ဒေသကထာ	....	....	၂၁၀
ကထာရမ္ဘော	....	..	၂၁၀
သင်္ကရာသင်္ကရဝိဝါဒေါ	....	....	၂၁၀
ဝိဝါဒဝိတ္ထာရိကာ	....	....	၂၁၁
ဒုဋ္ဌူပသမေတဗ္ဗာဓိကရဏမေဘာ	....	....	၂၂၂
အမှာကမုဿောဋ္ဌိ	....	....	၂၂၂
အန္တိမာရောစနံ	....	....	၂၂၃
အမှာကံ ပတ္တာနုဘာပ္ပနာကာရော	....	....	၂၂၄
ကိလေသဂရဟာကာရော	....	....	၂၂၈
သစေ ပနေဝ မာရောစေယျုံ	....	....	၂၃၁
အာရောစနာကာရော	....	....	၂၃၁
အနုညာ	....	....	၂၃၃
နိဂမနံ	....	....	၂၃၃
ပုနပါဟိတသန္ဒေသကထာ	....	....	၂၃၆
ကထာရမ္ဘော	....	....	၂၃၆
အဘိယာစနာ	....	....	၂၄၀

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
သန္ဒေသကထာပယောဇနံ	၂၄၁
၁။ ဥဘယပက္ခိကာနံ သန္ဒေသောဝါဒသမ္ပဋိစ္ဆနံ	၂၄၁
၂။ ဘိန္နဝါဒိနံ ကေကမ္ဗတာ	၂၄၂
၃။ ဥပသမ္ပဒါပေက္ခာဘမာစေရာနံ ပဋိညာကရဏံ	၂၄၂
၄။ ဩဝါဒါယ လဒ္ဓါကာသတာ	၂၄၈
နိဂမနံ	၂၆၃
ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသကထာ ...	၂၆၈
အဘိယာစနာကာရော	၂၇၀
ဂန္ထိပဒတ္ထဝဏ္ဏနာ	၂၇၇
နိဂမနံ	၂၇၈

မာတိကာ နိဋ္ဌိတာ။

လင်္ကာသာသန ဝိသုဒ္ဓိကထာ မြန်မာပြန်

မာတိကာ

အကြောင်းအရာ ... စာမျက်နှာ

သန္ဒေသကထာ အကျယ်

ကျမ်းဦးပဏာမ ၁
ခွင့်တောင်းခြင်း ၂
သီဟိုဠ်သာသနာ အားကောင်းသောခေတ် ၂
မကောင်းစွာစောင့်ရှောက်အပ်သော ရေကန်ဥပမာ ၄
လင်္ကာသာသနာ အားနည်းသောခေတ် ၅
အစောင့်အရှောက်မရှိသော ရေကန်ဥပမာ ၅
သာသနာတော် အားနည်းကြောင်း သုံးပါး ၆

၁။ မိစ္ဆာဒိဋ္ဌိလူမျိုးများနှင့်ရောနှောမှု ၇

ခွေးရူးဥပမာ ၈
ဆူးချုံတောနှင့် ခရီးသွားသူဥပမာ ၉

၂။ သာသနာ့ပိုင် ဆရာတော် ကင်းမဲ့မှု ၁၀

ရောဂါသည်ကလေးငယ်ဥပမာ ၁၁
ကိုယ့်အားကိုယ်ကိုးသော ရဟန်းခုနစ်ပါးဝတ္ထု ၁၆
အလဇ္ဇီကို မှီခိုခြင်းအပြစ် ၁၈
ပြိတ္တာများဝတ္ထု ၂၂
သီဟိုဠ်ရဟန်းတော်များ မွန်းလွဲချိန်၌ ကွမ်းစားခြင်း ၂၃

အကြောင်းအရာ	စာမျက်နှာ
ဆေးဥပမာ	၂၃
တိုက်တွန်းချက်	၂၃
သိက္ခာပုဒ်တို့၏ ခိုးမြောက်ခြင်း နိုပ်ကွပ်ခြင်း	၂၇
ဆေးဥပမာ တမျိုး	၃၀
နောက်ထပ်တိုက်တွန်းချက်	၃၁
ဘိနပ်စီးခြင်း သိက္ခာပုဒ်	၃၃
မီးပုံဥပမာ	၃၄
တိုက်တွန်းချက်	၃၅
ထီးဆောင်းခြင်းနှင့်ဆိုင်သော သိက္ခာပုဒ်	၃၆
ဆံးမကောက်သည့် ကလေးငယ်ဥပမာ	၃၇
တိုက်တွန်းချက်	၃၈
ညီညီညာညာ သင်္ကန်းဝတ်ရုံရသော သိက္ခာပုဒ် ၂-ခု	၃၉
တန်ဘိုးကြီးသည့် ပုဆိုးဥပမာ	၄၃
အဖိုးများစွာ ထိုက်သည့် သိုးမွေးထည်ဥပမာ	၄၇
တိုက်တွန်းချက်	၄၉
လည်ပင်းလက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းခြင်းနှင့်ပေသော သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၂-မျိုး	၅၁
ချပ်ဝတ်တန်ဆာ ဥပမာ	၅၄
တန်ဘိုးများစွာ ထိုက်သည့် ထီးဥပမာ	၅၇
ကောင်းစွာ တိုက်တွန်းနှိုးဆော်ခြင်း	၅၉
မျက်လွှာချ၍ ရွာတွင်းသွားခြင်းနှင့် စပ်လျဉ်းသည့် ဩက္ခိတ္တစက္ခု သိက္ခာပုဒ် ၂-မျိုး	၆၂
ဘခင်ကောင်းစွာ ပေးအပ်သည့် လက်နက်ဥပမာ....	၆၇

အကြောင်းအရာ စာမျက်နှာ

ကိုက်တွန်းနှိုးဆော်ချက် ၆၉
ကောက်ခြေကို မကာစားပဲ ကောင်းစွာ စောင့်စည်းခြင်း
စသည်နှင့် စပ်လျဉ်းသော သိက္ခာပုဒ်တော်ကို
မရှိသေ မလေးစားခြင်း ၇၂
(ခိမိတို့၏ ကိုးကွယ်ရာကို) မိမိသည်ပင် ကိုးကွယ်ရာမဲ့
အောင် ပြုစွမ်းနိုင်သည့်ပုဂ္ဂိုလ်များ ၇၄
ထူးကဲမွန်မြတ်သော အရသာရှိသည့် ခဲဘွယ်
ဘောဇဉ် ဥပမာ ၇၇
ပရွက်ဆိတ် ဥပမာ ၇၉
ကောင်းစွာတိုက်တွန်းနှိုးဆော်ခြင်း ၈၀
ရွှေ ငွေကို သာယာမှု စသည်နှင့် စပ်လျဉ်းသော
သိက္ခာပုဒ်တော်ကို မရှိသေ မလေးစားခြင်း ၈၂
သားရဲအစားခံရသည့် သားမိုက် ဥပမာ ၈၃
ရွှေ ငွေကို ခံယူမှု၊ ခံယူစေမှု၊ သာယာမှုနှင့် စပ်လျဉ်း
သည့် ရူပိယ သိက္ခာပုဒ်တော်ကို မရှိသေ၊
မလေးစားခြင်း ၈၈
နည်းပရိယာယ်ဖြင့် သုံးဆောင်ခြင်း ၉၁
ကြွက်မီးခဲကို ဝါးမျိုသည့် ဥပမာ ၉၃
ဖောက်ပြန်မှားယွင်းသော သဘောအမိပ္ပါယ်ကို
ယူဆခြင်း ၉၄
ခရီးလမ်းမှားသူ ဥပမာ ၉၆
ကောင်းစွာ တိုက်တွန်းခြင်း ၉၉
အမြဲမပြတ် အာပတ်သင့်ခြင်း ၁၀၀

အကြောင်းအရာ	စာမျက်နှာ
"နောင်အခါ စောင့်စည်းပါမည်"ဟု ကတိပေးမှုသည် ရဟန်းကောင်း(လဇ္ဇီ)ပုဂ္ဂိုလ်ဖြစ်ခြင်း၏ ပမာဏ အကြောင်း	၁၀၂
ဒုလာသေးဝမ်းရောဂါရှင် ဥပမာ	၁၀၄
မိမိကိုယ်ကို မိမိမေးမြန်းခြင်း (ဝေဘန်ဆန်းစစ်ခြင်း)	၁၀၄
ကုစားနည်းကို ပြခြင်း	၁၁၁
ဖောက်ပြန်မှားယွင်းသော သဘောအဓိပ္ပါယ်ကိုယူဆခြင်း	၁၁၆
သောက်၍ မကက်ခဲသော ဆေးဥပမာ	၁၁၉
ထပ်မံတိုက်တွန်းခြင်း	၁၂၀
အခိုး (ဆေးလိပ်၊ ဆေးတံ)သောက်ခြင်းနှင့် စပ်သော သိက္ခာပုဒ်ကို မကောင်းသဖြင့် ကျင့်သုံးခြင်း	၁၂၁
ဝမ်းနုတ်ဆေး ဥပမာ	၁၂၃
တိုက်တွန်းချက်	၁၂၅
၃။ အချင်းချင်းမညီညွတ်ခြင်း၏အပြစ်	၁၂၆
မြန်မာဂိုဏ်းကွဲပြားပုံ	၁၂၇
ဖူးဖူးရောင်သော သူသေအလောင်းကောင် ဥပမာ	၁၃၀
ကွဲရှရှတ်ချခြင်းနှင့်စပ်သော သိက္ခာပုဒ်ကို ကျော်ခိုင်းခြင်း	၁၃၁
ဆိုနိုင်ခက်သော သားငယ်ဥပမာ	၁၃၃
တုံ့ပြန်ကွဲရှဲခြင်း	၁၃၄
ချေးရှူးဥပမာ	၁၃၄
နှုတ်လုံ့ထိုးမှုနှင့်စပ်သော သိက္ခာပုဒ်စည်းကမ်းဥပဒေ တော်ကို ကျော်ခိုင်းကြခြင်း	၁၃၆

အကြောင်းအရာ	စာမျက်နှာ
ဘခင်၏စကားကို မလိုက်နာသော သားဆိုးဥပမာ	၁၃၈
ချောင်း၌ နွားထောင်မှုနှင့်စပ်သော သိက္ခာပုဒ် စည်းကမ်းဥပဒေတော်ကို ကျောခိုင်းကြခြင်း	၁၃၉
မြွေဟောက်ကို လိုက်ရှာသည့် သားမိုက်ဥပမာ	၁၄၂
ချောပစ်ကုန်းတိုက်မှုနှင့်စပ်သော သိက္ခာပုဒ်စည်းကမ်း ဥပဒေကို ကျောခိုင်းကြခြင်း	၁၄၄
လိမ်လည်ပြောဆိုမှုနှင့်စပ်သော သိက္ခာပုဒ် စည်းကမ်း ဥပဒေတော်ကို ကျောခိုင်းကြခြင်း	၁၄၈
ရှုံ့ရင်းသော အာပတ်ကို ပြောဆိုမှုနှင့်စပ်သော သိက္ခာ ပုဒ်စည်းကမ်းဥပဒေတော်ကို ကျောခိုင်းကြခြင်း	၁၅၀
လူတို့ကဲ့ရဲ့ကြပုံ	၁၅၂
တုံ့ပြန်ကဲ့ရဲ့ရှုတ်ချကြပုံ	၁၆၃
ဆိုခဲ့သည့်အကြောင်းများကြောင့် ပျက်စီးခြင်းသို့ ရောက်ကြရပုံ	၁၆၆
လျှောက်ထားတောင်းပန်လွှာ	၁၆၉
မည်သို့ကျင့်သုံးရပါမည်နည်း	၁၇၇
မြန်မာ့ဝံသိက ဂိုဏ်းအတွင်း၌ ခိုက်ရန်ဖြစ်ကြပုံ	၁၈၁
တပည့်တော်တို့၏ ဝန်ခံမှုပဋိညာဉ်	၁၉၀
ထပ်မံဥပစ္ဆာယ်ယူစေခြင်း	၁၉၀
တပည့်တော်တို့၏ ဆုတောင်းပတ္ထနာ	၁၉၁
သားရဲအစားခံရသည့် သူမိုက်ဥပမာဖြင့် သံဝေဂ ဖြစ်စေခြင်း	၁၉၆

အကြောင်းအရာ	စာမျက်နှာ
သမုဒ္ဒရာအလယ် နစ်မြုပ်လေသည့် ခလုသူကြီး ဥပမာဖြင့်လည်း သံဝေဂဖြစ်စေခြင်း	၁၉၇
မမေ့လျော့သည့် ပညာရှိဥပမာဖြင့် ဘေးကင်းရာသို့ ရောက်စေခြင်း	၂၀၀
အဒဋ္ဌိကမ္မဝါဒီ အရှင်တို့အား သီးခြား ပန်ကြားခြင်း	၂၀၆
ခွင့်ပြုတော်မူချက်နှင့်လျော်ညီသော ဝိနည်းကံ	၂၀၇
သဘာဝယုတ္တိအကြောင်း ရဟန်းသောင်း၏ ယုံမှားသံသယ	၂၁၃
သံသယကုက္ကုစ္စပယ်ဖျောက်နည်း	၂၁၅
သံဃပရိသတ်၏ သံသယ ကုက္ကုစ္စ	၂၁၆
ကမ္မဝါစာဆရာ၏ သံသယ ကုက္ကုစ္စ	၂၁၇
ကံပြုရာတွင် မပါဝင်သော ဝိနည်းအရာ၌ လိမ္မာ ကျွမ်းကျင်သည့် ဝိနည်းဓိုရ်ဆရာတော်ကြောင့် ဖြစ်လာသော သံသယကုက္ကုစ္စ	၂၁၉
နိဿျည်းဆရာ ဥပဇ္ဈာယ်ဆရာတို့၏ တာဝန်	၂၂၂
တိုက်တွန်းချက်	၂၂၄
အာဂမယုတ္တိကြောင်း	၂၂၅
လက္ခဏာဟာရနေတ္တိနည်း	၂၃၀
တဖန်ပြန်၍ သိက္ခာပေးခြင်းနှင့် မြဲမြံခိုင်ခံ့စေခြင်း တို့၏ အထူး	၂၃၂
သိမ်သမုတ်သည့် သိမာသမုတိကံနှင့် တူညီခြင်း	၂၃၄
တဖန်သိက္ခာယူခြင်းသည် မင်္ဂလာအမှုပြုခြင်းပင်	၂၃၈

အကြောင်းအရာ စာမျက်နှာ

တဖန်ထပ်၍ သိက္ခာမယူခြင်းသည် မင်္ဂလာမှု
မပြုခြင်းပင် ၂၄၁
ဝိနည်းလေးစားသူတို့၏ ကျင့်စဉ် ၂၄၄
ဝိနယဒုက္ကဋ်အာပတ်ဖြင့် စောဒနာခြင်း.... .... ၂၄၇
ထိုစောဒနာကို ဖြေဆိုခြင်း ၂၄၉
ချွတ်ယွင်းသောစကားကြောင့် သင့်သောအာပတ်
ဖြင့် စောဒနာခြင်း ၂၅၀
ထိုစောဒနာကို ဖြေဆိုခြင်း ၂၅၀
နာမည်ကို အကြောင်းပြု၍ စောဒနာခြင်း ၂၅၂
ထိုစောဒနာကို ဖြေဆိုခြင်း ၂၅၃
တိုက်တွန်းချက် ၂၅၆
နိဂုံး ၂၆၂

သင်္ဂဟလွှာအကျဉ်း

သင်္ဂဟလွှာအကျဉ်းကို ရေးသားခြင်း ၂၆၃
သိမ်ချင်းရောယှက်, မရောယှက် ငြင်းခုံခြင်း ၂၆၃
ဝိဝါဒဖြစ်ပုံကို အကျယ်ပြခြင်း ၂၆၄
ခဲယဉ်းစွာ ငြိမ်းအေးစေအပ်သည့် အဓိကရုဏ်း ၂၇၅
ကျွန်ုပ်တို့၏ကြီးမားသည့် ကြိုးပမ်းချက် ၂၇၆
နောက်ဆုံးမေတ္တာရပ်ခံခြင်း ၂၇၇
တပည့်တော်များ နောင်တရပုံ ၂၈၁
ကိလေသာများကို ကွဲရှဲပုံ ၂၈၂
အကယ်၍များ ဤသို့လျှောက်ထားကြမည်ဆိုလျှင်.... ၂၈၅

အကြောင်းအရာ	စာမျက်နှာ
လျှောက်ထားပုံ	၂၈၆
ခွင့်ပြုချက်	၂၉၀
နိဂုံး	၂၉၀
နောက်တဖန်ပေးပို့အပ်သော သဝဏ်လွှာ	၂၉၁
စကားဦး	၂၉၁
တောင်းပန်လျှောက်ထားခြင်း	၂၉၂
သဝဏ်လွှာစာတမ်း၏အကျိုး	
၁။ ထိုအတိုက်အခံနှစ်ဘက်လုံး သဝဏ်လွှာ ဩဝါဒကို ခံယူခြင်း	၂၉၆
၂။ ဝါဒကွဲသံဃာတို့ ဝိနည်းကံအတူပြုကြခြင်း	၂၉၇
၃။ ရဟန်းလောင်းများနှင့် ဆိုင်ရာဆရာတို့ ပဋိညာဉ်ပြုခြင်း	၂၉၈
၄။ အဆုံးအမကြောင့် ရထိုက်သောအခွင့်အရေး	၃၀၃
နိဂုံး	၃၂၃
စွယ်တော်ဓာတ်ပူဇော်ခြင်းကို တောင်းပန်သော သဝဏ်လွှာ	၃၂၅
တောင်းပန်ပုံအခြင်းအရာ	၃၂၇
ခက်ခဲသောပုဒ်အဖွင့် အမစ္စသပဓာန	၃၃၅
နိဂုံး	၃၃၆

မာတိကာ ပြီး၏။

ပဌမရွှေကျင်နိကာယာဓိပတိမဟာထေရဿ

လင်္ကာသာသနဝိသုဒ္ဓိကထာ

ဂန္ထာရမ္ဘော

နမတ္ထု ဝိဘဇ္ဇဝါဒိနော

နတွာန ဘိက္ခုန’မဘိန္နနိကာယိကာနံ၊
ကတ္တာရ’မာဒရ’မနာထသုနာထဗုဒ္ဓံ။

လင်္ကာယ’မေတ္ထ မုနယော ဗဟုဝဂ္ဂိကာ ယေ၊
နာနာနိကာယသုဝိဘိန္နဝိဘိန္နပတ္တာ။

စေတောခိလာ စ မိထု တေ ဂရဟံ ကရောန္တာ၊
တေသာ’နုကမ္ပမနသော စ သမဂ္ဂဘာဝံ။

လင်္ကာယ သာသနဝိသုဒ္ဓိ’မဘိဏှမာနော၊
ကဿာမိ သာသနဝိသုဒ္ဓိဘိဓာနကာ’ဟံ။

ဝုဍ္ဎေ’တ္ထ ဝန္ဒိယိ’တရေသ’မဘိကျသော နော၊
ကာရုညစိတ္တ’မုပဋ္ဌာပိယ သုဒ္ဓစိတ္တော။

ဓမ္မက္ခထဉ္စ ကထယံ ဝိဝိဓံ ဝိဝါဒံ၊
ဓမ္မေန စေဝ ဝိနယေန စ နိစ္ဆယန္တော။

ဩကာသကာရာပနံ

အဘိဝန္ဒာမ မယံ ဝေါ ဘန္တေ အာယသ္မန္တေ လင်္ကာဒီပိကေ မဟာထေရေ အမှေဟိ ဝုဍ္ဎတရေ အာဒရံ၊ အာရောစယာမ မယံ ဝေါ ဘန္တေ အာယသ္မန္တာနံ လင်္ကာဒီပိကာနံ ထေရာနုထေရာနံ ဧကံ ကာရဏံ၊ ဩကာသံ ကရောထ ဝေါ ဘန္တေ အာယသ္မန္တော လင်္ကာဒီပိကာ ထေရာနုထေရာ၊ သုဏာထ ဝေါ ဘန္တေ အာယသ္မန္တာ လင်္ကာဒီပိကာ ထေရာနုထေရာ။

လင်္ကာသာသနဗလဝဘာဂေါ

ပုဗ္ဗေ ခေါ ပန ဘန္တေ အာယသ္မန္တာနံ နိဝါသဋ္ဌာနဘူတေ ဣမသ္မိံ လင်္ကာဒီပေ တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿိဒံ သာသနံ မဟာမဟိန္ဒထေရပ္ပဘုတီဟိ ဂဏနပထာတီတာရဟန္တထေရဝရေဟိ ပထဝိန္နိမုဇ္ဇနုမ္မုဇ္ဇနနာဘူဂ္ဂမနုဂ္ဂရကာရုပ္ပိလ္လာဝစရဏမဟာဇမ္ဗုပါဒပဖလာနယနမေဒိနီကမ္ပနသံကမ္ပနပကမ္ပနသမ္ပကမ္ပနပဝိကမ္ပနာဒိဗဟုဝိဓနာနာဝိဓာတိပသာဒနီယစ္ဆရိယဗ္ဘုတာနေကဝရတရိဒ္ဓိဝိကုဗ္ဗနိဒ္ဓိနိမ္မာနာတိနိမ္မာနသမတ္ထေဟိ သန္တေဟိ သန္နိဗ္ဗုတေဟိ သုဂုတ္တဒွါရေဟိ နာနဿန္နဋ္ဌာသယာဓိမုတ္တိခေမပဋိဂ္ဂါဟကဝေနေယျသောတပထယောဂျာတိသဝနီယပသာဒနီယဝိစိတြဂမ္ဘိရမနုညဟဒ်ဏာသဝက္ခယကရစတုသစ္စပကာသက-

နာနာနယပဋိမဏ္ဍိတန္တိရိယမဓုရဓမ္မဒေသနေဟိ စတု-
ပဋိသမ္ဘိဒါဆဠဘိညာတေဝိဇ္ဇာဒျာနေကဂုဏဂဏော-
ပေတေဟိ သမန္တာ သုပဋိမဏ္ဍိတံ ဟုတွာ သဒေဝ-
မနုဿာနံ ဝေနေယျာနံ “ဧထ ဘော မံ ပဿထ၊
ဧထ ဘော မယိ သမာစရထာ”တိ အဝှါယနာကာရံ
ကရောန္တံ ဝိယ အတိပသာဒနီယံ အစ္ဆန္တရမ္မဏီယံ[၁]
ဟောတိ။

သုဂုတ္တတဠာကောပမာ

သေယျထာပိ ဣမသ္မိံ လောကေ သုဝုဋ္ဌိကာလေ
ဘူပါလေဟိ သုဂုတ္တော သုကတော အစ္ဆိဇ္ဇာဘိဇ္ဇာတိ-
ထိရပါဠိကောတိသဿသမ္ပာဒကော မဟာတဠာကော
သဗ္ဗသမ္ဖုလ္လိဘပုပ္ဖနီလုပ္ပလရတ္တုပ္ပလကုမုဒသောဂန္ဓိက-
ပုဏ္ဍရီကပဒ္မါဒိနာနာဝိဓုပ္ပလသဉ္ဆန္နော အတိမဓုရရ-
သုပ္ပလပုပ္ဖရေဏုဂဟိတုပါဂတာသဏ္ဍဝိသဏ္ဍမဓုမက္ခိ-
ကာဘမရဂဏသောမနဿဇနိတမနုညရဝေဟိ စေဝ
အစ္ဆောဒကသီတောဒကမဓုရောဒကသုဂန္ဓောဒကာဒိ-
သေဝနုပါဂတာတိမဓုရရဝမယူရဟံသာဒျနေကဒိဇ-
ဂဏာကုဇဝိကုဇာတိသဝနီယမနုညရဝေဟိ စ သမန္တာ
သဗ္ဗဒါယေဝ အဝိဝိတ္တော မန္ဒာနုမန္ဒဝါယုသုဝါယိ-
တပုပ္ဖလဂန္ဓေဟိ စ “ဧထ ဘော မံ ပဿထ၊ ဧထ

၁။ အ....ရမဏီယံ?

ဘော မံ ဃာယထာ”တိ မနုဿာနံ အဝှါယနာကာရံ ကရောန္တော ဝိယ, သမန္တာ သဗ္ဗဒါယေဝ ဗဟုဇနေဟိ အာသေဝိတဘာဝံ သေဝိတော ဇိဃစ္ဆာပိပါသပရေတု-ပါဂတမဟာဇနာနံ “ဧထ ဘော မံ ပဿထ၊ ဧထ ဘော မံ ဘုဉ္ဇထာ”တိ အဝှါယနာကာရံ ကရောန္တော ဝိယ, မဟာမဓုမက္ခိကာပဋလောပမာကာတိမနုည-ဇနကာတိမဓုရရသုပ္ပလမ္ဗုလမုဠာလပုပ္ဖလေဟိ စ သဗ္ဗဒါ သမန္တာ အဝိစ္ဆိန္နော ဃမ္မပရေတုပါဂတမဟာ-ဇနာနံ “ဧထ ဘော မံ ပဿထ၊ ဧထ ဘော မယိ နိပဇ္ဇထာ”တိ အဝှါယနာကာရံ ကရောန္တော ဝိယ တမ်ဂေဟယေဝ ဃမ္မူပသမာကုလသီတောဒကေနာပိ တောသေန္တော ဟုတွာ အတိရမ္မဏီယော ဟောတိ၊ အဟော ဗုဒ္ဓဿ သတ္တာနံ နာထတ္တရတာ၊ အဟော တံသာသနဿ လီလာယနတာ။

လင်္ကာသာသနဒုဗ္ဗလဘာဂေါ

ဣဒါနိ ခေါ ပန ဘဂဝတော လင်္ကာသာသနံ ယထာ-ဝုတ္တပ္ပကာရမဟာဂုဏဝန္တာနံ အမဟာနုဘာဝပုဂ္ဂလာနံ အဓိဋ္ဌိတတ္တာ ပကာတိယာပိ အနတိရမ္မဏီယံ ဝိယ ခါယတိ။

အဂုတ္တတဠာကောပမာ

သေယျထာပိ နိဒါဃသမယေ ဘူပါလေဟိ အသုဂုတ္တော ဘိန္နဘိန္နဆိန္နဆိန္နပါဠိကော အတျပ္ပေါဒကော ယထာဝုတ္တနီလုပ္ပလရတ္တုပ္ပလာဒိဝိရဟိတော ဘက္ခိတမစ္ဆကစ္ဆပကာကဓင်္ကသေနာကိဏ္ဏသံကိဏ္ဏပရိကိဏ္ဏော မဟာတဠာကော အနတိရမ္မဏီယော ဟောတိ၊ အဟော ဝတ သင်္ခါရာနံ အနိစ္စတာ၊ အဟော သံကိလေသမာရဿ ပရိသုဒ္ဓါနံ ဓမ္မာနံ သံကိလိဿာပနတာ၊ ယတြ ဟိ နာမ သံကိလေသော ဧဒိသမ္ပိ သတ္ထုသာသနံ သုပရိသုဒ္ဓံ ပဘဿရံ သိဿတရံ သံကိလိသေဿတိ။ အဟော ဝတ ဝသဝတ္တိမာရဿ သတ္ထုသာသနဿ ဩသက္ကနတ္ထာယ အာရဘန္တဿ ဒါနိ သုလဒ္ဓေါကာသတာ၊ ယတြ ဟိ နာမ ဝသဝတ္တိမာရော သတ္ထုနော ဓရမာနကာလေပိ သတ္ထုသာသနဿ ဩသက္ကနတ္ထာယ ပုနပ္ပုနံ အာရဘန္တောပိ ယတိစ္ဆိတံ ဩကာသံ အလဘိတွာ ဒါနိ အပိတရသံဝစ္ဆရာနံ အမုကံ သကျပုတ္တိယာနံ အဘိဘဝနတ္ထာယ ဘိယျောသော မတ္တာယ ဥဿက္ကိဿတိ မညေတိ။

တိဏ္ဏံ သာသနဒုဗ္ဗလျကာရဏာနံ

တထာ ဟိဒံ ဘန္တေ လင်္ကာသာသနံ ဒါနိ တိပ္ပကာရေဟိ ဒုဗ္ဗလတာကာရဏေဟိ ဒုဗ္ဗလတရံ ဝိယ

ခါယတိ သာသနပစ္စတ္ထိကမိစ္ဆာဒိဋ္ဌိကဝေရာကိဏ္ဏသံ-ကိဏ္ဏဝိကိဏ္ဏတာဒေါသေန စေဝ, ဗုဒ္ဓသာမယိက-သာသနာဓိပတိဘူပါလဘဂ္ဂရုပဓာနသံဃတ္ထေရာဏာရ-ဟိတဒေါသေန စ, အညမည် နာနာနိကာယိကနာနာ-ဝဂ္ဂိကဘာဝံ ပတွာ သာသနဗ္ဘန္တရေယေဝ မိထုဘေဒဘာ-ယဒေါသေန စာတိ။

၁-မိစ္ဆာဒိဋ္ဌိကာကိဏ္ဏဒေါသော

ဒါနိ ဟိ လင်္ကာယံ သတ္ထုသာသနံ ပကတိယာ ပဝရတရမ္ပိ ဗဟိဒ္ဓါ သာသနပစ္စတ္ထိကမိစ္ဆာဒိဋ္ဌိကဝေရာ-ကိဏ္ဏသံကိဏ္ဏဝိကိဏ္ဏံ သပ္ပဋိဘယံ ဟုတွာ အပဝရတရံ ဝိယ ခါယတိ၊ သေယျထာပိ စန္ဒနဝနံ အနေကေဟိ သီဟဗျဂ္ဃေဟိ သံကိဏ္ဏံ သပ္ပဋိဘယန္တိ။ သမ္မာဒိဋ္ဌိကာပိ စ ဗုဒ္ဓသာမယိကာ တေသံ ကုဒိဋ္ဌိံ ကုမတိံ သမနုဂန္တွာ ယေဘုယျေန မိစ္ဆာဒိဋ္ဌိကာယေဝ ဇာတာ၊ တေ ပန မိစ္ဆာဒိဋ္ဌိကာ န ကေဝလံ သယမေဝ ဒုဋ္ဌာ ဝိဒုဋ္ဌာ နဋ္ဌာ ဝိနဋ္ဌာ ဟောန္တိ၊ အထ ခေါ အညေပိ သမ္မာ-ဒိဋ္ဌိကေ ဗုဒ္ဓသာမယိကေ အတ္တနော ကုဒိဋ္ဌိံ ကုမတိံ ဗလဝတာ ဥဿာဟေန ပုနပ္ပုနံ ဒဿေတွာ ပကာ-သေတွာ ဓနေဟိပိ ကဟာပဏာဒီဟိ ပလောဘေတွာ ဝိမောဟေတွာ ဗဟုတရာနိပိ ကုဒိဋ္ဌိမယပေါတ္ထကာနိ မုဒ္ဒယန္တေန မုဒ္ဒယိတွာ လေခကေဟိ ဝါ လိခါပေတွာ

တေသု တေသု နဂရေသု စေဝ နိဂမေသု ဂါမေသု စ ကဏ္ဍူကသာခါယော ဝိပ္ပကိရိယံ ကရောန္တာ ဝိယ ဝိသဗီဇာနိ ဝပ္ပန္တာ ဝိယ စ ဟုတွာ ဒူသေန္တိ ဝိဒူသေန္တိ နာသေန္တိ ဝိနာသေန္တိ။

အဍ္ဍက္ကောပမာ

တေန ဟိ ခေါ တုမှေ အာဝုသော ဥပါသကာ ဒါနိ အမှေဟိ ကထိတံ ဧတံ ယထာဝုတ္တံ သတ္ထုဓမ္မဒေသနံ သမ္မာ သုဏန္တာ ဇာနန္တာ ဟုတွာ ပုဗ္ဗေ ဝိဝါဒဘယံ နိဿာယ အညမညံ ကုဇ္ဈိတွာ ဥပ္ပါဒိတာနိ ကောဓူပနာဟာဒီနိ အတ္တနော စေဝ အညေသဉ္စ အနတ္ထကရာနိ သံကိလေသမလာနိ ဝိဓမိတုံ ဥဿာဟံ ကရောထ၊ သတိံ ဇနေထ၊ သမ္ပဇညံ ဘာဝေထ၊ သတ္ထုနော ဥပါသကဘူတာ တုမှေ သန္တော သပ္ပုရိသာ ကမ္မာရေန ဆေကေန သုသန္ဓိတသုဝဏ္ဏပတ္တသဒိသာ ဟောထ၊ မာ ခေါ အညမညံ စိရတရံ ဝေရံ ဗန္ဓိတွာ ကမ္မာရေန ဒုဿန္ဓိတမတ္တိကာပတ္တဇဇ္ဇရာ ဝိယ ဟောထ။

ဇမ္ဗုနဒသုဝဏ္ဏံ သိင်္ဂီနိက္ခေန သုဝဏ္ဏေန သုသန္ဓိတံ ဝိယ သဏ္ဌုနော ဥပါသကဘူတာ တုမှေ အညနိကာယိကာ သဏ္ဌုနော ဥပါသကေဟိ အညနိကာယိကေဟိ အညမညံ သုသန္ဓိတာ ဟောထ။

တုမှာကံ ကာရညံ ဥပါဒါယ ပုနပ္ပုနံ ဩဝါဒဒါယကေ အမှာဒိသေ ဒီပန္တရာဂတေ ဇမ္ဗုဒ္ဒီပိကေ ထေရာနုထေရေ စေဝ ဉာတရေ လင်္ကာဒီပဝါသိနော တုမှာကံ ပုနပ္ပုနံ ဩဝါဒဒါယကေ အာစရိယဘူတေ ထေရာနုထေရေ စ ဂရုံ ကတွာ အတ္တနော အတ္တနော စ အာဂမယမာနံ မရဏဗ္ဘယံ ဝါ အပါယဘယံ ဝါ သမနုဿရိတွာ တမှာ ဘယာ ဝိမုစ္စနတ္ထာယ သတိံ ကရောထ။

တုမှေ ခေါ အာဝုသော ဥပါသကာ ဒါနိယေဝ တာဝ အညမညံ ခမာပေတွာ မေတ္တာစိတ္တံ ဖရေတွာ တတော ပရံ တုမှေ သဗ္ဗေ ဧကတော ဟုတွာ ဧကစ္ဆန္ဒာ သမဂ္ဂါ ဘိက္ခုသံဃံ ဝန္ဒိတွာ အညနိကာယိကေသု ထေရာနုထေရေသု ဝိသေသေန ခမာပနံ ကရောထ၊ အတ္တနိ ဒဟိတံ အဂ္ဂိက္ခန္ဓံ အဂ္ဂိဇာလံ သီဃတရံ သမေထ ဥပသမေထ ဝူပသမေထ။ ဧဝဉ္စ တုမှေ ဥပါသကာ ပုဗ္ဗေ ပုထုဇ္ဇနတ္တနဒေါသေန ယထာဗာလံ ယထာမုဠှံ ဘိက္ခူသု ထေရေသု နဝေသု

မဏ္ဍိမေသု စ ကုဏ္ဍိတွာ ပဒုဿေတွာ ဥပ္ပါဒိတာနံ ကောရူပနာဟာဒီနံ ဝိပစ္စနတ္ထာယ ဩကာသံ အလဘိတွာ ဒါနိ သတိံ လဘိတွာ သံဝိဂ္ဂံ ဇနေတွာ တေသံ ဘိက္ခူနံ ခမာပနဝန္ဒနသက္ကစ္စသဂါရဝသပတိဿနိဝါတနိမာနတာဝသေန သံဝဍ္ဎိတာနံ ပုညာနံ ယေဝ ဝိပစ္စနတ္ထာယ ဩကာသံ လဘိတွာ သုပိဟိတာပါယဒွါရာ သုဝိဝရိတသဂ္ဂဒွါရာ ဟုတွာ သဗ္ဗဒါ သမ္မောဒမာနာ အညမညံ အဝေဈတောဒိလာ အကုပိတစိတ္တာ မေတ္တာဗန္ဓနံ ကတွာ ဘိက္ခူသု ထေရေသု နဝေသု မဏ္ဍိမေသု စ သဂါရဝါ သပတိဿာ အနေကာနိ ပုညာနိ ဝဍ္ဎေတွာ သတ္တုသာသနံ နိဿာယ သီဃတရံ အမတမဟာနိဗ္ဗာနံ ပါပုဏိဿထာတိ ဧဝံ မယံ တုမှာကံ ဥပါသကာနံ ကာရုညံ ဥပါဒါယ ဩဝါဒံ ဒေမာတိ။

အယမေတ္ထ အာယသ္မတာ ဇာဂရတ္ထေရေန ဇမ္ဗုဒီပါဂတေန လင်္ကာဒီပိကာနံ သဗ္ဗဒါ သဉ္ဇာတဝိဝါဒါနံ သဉ္ဇာတကလဟာနံ ဥဘယပက္ခိကာနံ ဥပါသကာနံ ဝိဝါဒဘယူပသမနတ္ထာယ ဒိန္နာ မဓုရောဝါဒကထာ။

နိဂမနံ

ဣတိ အာယသ္မတာ ဇာဂရတ္ထေရေန ကတာ လင်္ကာသာသနပဋိသံယုတ္တကထာ သဗ္ဗာကာရေန နိဋ္ဌိတာ။

ပုနပါဟိတသန္ဒေသကထာ နိဋ္ဌိတာ။

ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသ
ကထာ

ကေနာယံ ကတာတိ စေ—

ယော ပနာယသ္မာ ဇာဂရတ္ထေရော ဘဂဝတော သာသနေ ဒွါဝီသတျာဓိကစတုသတုတ္တရဒွိသဟဿ-ဝဿံ မာဃမာသံ သမ္ပတ္တေ လင်္ကာဒီပံ ဂန္တွာ ဂါလု-နဂရံ ပတွာ တတော ပဋ္ဌာယ ယာဝ သေခလ္လာနဂရာ အာဂတာဂတေ ဘိက္ခူ စေဝ ဂဟဋ္ဌေ စ ယထာနုရူပံ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ ဩဝဒိတွာ သဏ္ဍိကံ သဏ္ဍိကံ ဂစ္ဆန္တော အနုက္ကမေန ဒါဌာဓာတုဝရဿ နိဒ္ဒဟိတ-ဋ္ဌာနဘူတံ သေခလ္လာနဂရံ ပတွာ တတ္ထ ဥပရူပရိ ကဋ္ဌုကံ ကတွာ ဌပိတေဟိ သတ္တဟိ သုဝဏ္ဏမယစေတိယ-သင်္ခါတေဟိ သုဝဏ္ဏကရဏ္ဍေဟိ သုဂုတ္တံ ကတွာ နိဒ္ဒဟိတံ ဉာသံ လောဟိတဝဏ္ဏေန စေဝ ဩဒါတဝဏ္ဏေန စ သုဝဏ္ဏဝဏ္ဏေန စာတိ တီဟိ ဝဏ္ဏေဟိ အတိ-သောဘိတံ ပါသာဒိကံ အစ္ဆရိယံ တံ ဒါဌာဓာတုဝရံ ပူဇေတုကာမော ဒါဌာဓာတုမန္ဒိရေ ဂေါပကာနံ

ဒွိန္နံ မဟာထေရာနဉ္စေဝ ပဓာနအမစ္စဿ စာတိ တိဏ္ဏံ ပုဂ္ဂလာနံ ဒိဋ္ဌာဓာတုဝရဿ ပူဇနတ္ထာယ အဘိယာ- စိတွာ တေဟိ အညမညံ သံမန္တယိတွာ သမဂ္ဂေဟိ သမ္မောဒမာနေဟိ ယထာဝုတ္တသုဝဏ္ဏကရဏ္ဍတော ဝိဝရိတွာ သုဒဿိတံ တံ ဒိဋ္ဌာဓာတုဝရံ အဋ္ဌဟိ မဟဂ္ဃေဟိ သုန္ဒရတရေဟိ သောဘဏေဟိ ပါသာဒိ- ကေဟိ သေတစ္ဆတ္တဝရေဟိ စေဝ ဆဟိ မဟာဝိတာ- နေဟိ စ အဍ္ဎေဟိပိ အနေကေဟိ ဓဇပဋာကာဒီဟိ ပဋိမဏ္ဍိတံ ဒသမာနိကာတဏ္ဍုလဝရေဟိ ပစ္စိတာဘတ္တ- ခါဒနီယဘောဇနီယေဟိ သုသံဝိဒဟိတံ မဟာပိဏ္ဍဒါနံ ကတွာ အနေကသတေဟိ ပဉ္စလိဝေဟိ ပဒီပဒဏ္ဍေဟိ စ သုဂန္ဓေဟိ ပုပ္ဖေဟိ စ ပူဇေတွာ အနပ္ပကာနိ ပုညာနိ ပသဝေတွာ တတော သေခဏ္ဍနဂရတော ပစ္ဆာ ဂန္တွာ အန္တရာမဂ္ဂေ တသ္မိံ တသ္မိံ နဂရေ စေဝ ဂါမနိဂမေ စ တေသု တေသု ဌာနေသု အာဂတာဂတေ ဘိက္ခူ စေဝ ဂဟဋ္ဌေ စ အနုရူပံ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ သဏိကံ သဏိကံ စရန္တော အနုက္ကမေန ဝါလုကာ- တိတ္ထဂါမံ ပတွာ တတ္ထ ဧကေန ရာဇပက္ခအမစ္စေန သုမာပိတနာဝဋ္ဌကေရဝနေန သုသောဘိတေ မနော- ရမ္မေ ပဗ္ဗတေ တေနာမစ္စေန သုကတဝိဟာရေ ဝသိံ ဝသန္တော တတ္ထ အာဂတာဂတေ ဘိက္ခူ စေဝ ဂဟဋ္ဌေ စ အနုရူပံ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ လင်္ကာဒီပိကေ

စေဝ ဇမ္ဗူဒိပ်ဂေ စ အတ္တနော အဓိဿဝါသိကေ ဘိက္ခူ ဂန္ထဝါစေတွာ ဘိန္နဝိဘိန္နနိကာယိကာနံ လက်ာင်ဗိကာနံ ဘိက္ခူနံ သာမဂ္ဂိဘာဝ ါယ စေဝ လက်ာသာသနဿ သုဇောတာပနတ္ထာယ စ ဥဿာဟံ ဇနေသိ၊ တေန ကတာယန္တိ ဒဠှံ။

အဘိယာစနာကာရော

ယံ ပနေတ္ထ ဝုတ္တံ "ဒါဌာဓာတုဝရဿ ပူဇနတ္ထာယ အဘိယာစိတွာ"တိ၊ တတ္ထ ပနာယံ အဘိယာစနာကာရော—

ရောစေမိ ဒါနိ မဟာကံ မမမေကာကိင်၊
လက်ာယမိမဲ သုဝိသေသသုပုညကာနံ။
ဒါဌ မုနိန္ဒဝရဓာတုသုပါလကာနံ၊
တိတ္တံ အမင္ဂသပဓာနမဟာယတိနံ။

အာရောစယာမိ ဝေါ အာယသ္မန္တာ လက်ာင်ဗိကာ သုကဘာပုညာ ဒါဌာဓာတုဝရပါလကာ၊ အဟံ ပန ဘဒ္ဒေ ဇမ္ဗူဒိပေ "ရှေကျင်အာစရိယော"တိ ဇ ် တိဌာနနာမေနပါကဋော "ဇာဂရော"တိ စ ဂရုဟိ အဝှါယိတော ပုဗ္ဗေ မြမ္မရဋ္ဌေ ရတနာပုဏ္ဏနဂရေ "မန္တလေ"ဣတ္ထွာဘိဓာနပဗ္ဗတေ ပဗ္ဗတဂုဟာယ ရညော အာစရိယော ဟုတ္တွာ ဗဟူနံ အဓိဿဝါသိကာနံ နိဿိတကာနံ ဓမ္မံ

ဒေသေတွာ ဩဝဒိတွာ ယထာဗလံ ယထာသတ္တိ ဂဏံ
ဝါစေတွာ ဝသန္တော အမှိ။

တတော ပနာဟံ ဧတိသံ ရာဇဓာနိယံ တမှာ
ဂါမာဝါသာ အဋ္ဋီယန္တော ဟရာယန္တော ဇိဂုစ္ဆန္တော
တံ ဂါမာဝါသံ ပဟာယ ရာဇဓာနိယာ နာတိဒူရေ
ဧကယောဇနမတ္တေ ဝါ ဒွိယောဇနမတ္တေ ဝါ ပဒေသေ
အဂါမကေ အရညေ အရညဝါသံ ဝသန္တော ယေဝ
ဒွေ သံဝစ္ဆရာနိ အတိက္ကမိတွာ ဒါနိ ဧတာယ
ရာဇဓာနိယာ အတိဒူရေ သတ္တရသယောဇနန္တရ-
ပဒေသေ "မင်းလှ"ဣစ္စာဘိဓာနေ ဂေါစရဂါမေ "နွားလံ-
တောင်"ဣစ္စာဘိဓာနေ ပဗ္ဗတေ မဉ္ဇူသကဝိဟာရေ ဒွီဟိ
ဝါ တီဟိ ဝါ တတော ဝါ အဓိကေဟိ နိဿိတကေဟိ
သဒ္ဓိံ ဝသန္တောပိ ဒွေ သံဝစ္ဆရာနိ အတိက္ကန္တောမှိ။

ယဒါ စ ပနာဟံ ဘန္တေ ရာဇဓာနိယံ ဂါမာဝါသံ
ပဟာယ အရညဝါသေန အဝသိံ၊ တတော ယေဝ
ပဋ္ဌာယ ဣမသ္မိံ လင်္ကာဒီပေ သမ္မာသမ္ဗုဒ္ဓဒါဌာဓာတု-
ဝရဿာဘိပူဇနတ္ထာယ ပတ္ထယန္တော ပုနပ္ပုနံ စိန္တေန္တော
ဝိစိန္တေန္တော ဣဓာဂမနာယ ဥဿာဟံ ကရောန္တောပိ
ကာရဏာဝိကလော ဟုတွာ ယထိစ္ဆိတံ အသမ္ပာဒေန္တော
ဒါနိ စတ္တာရိ သံဝစ္ဆရာနိ အတိက္ကန္တောမှိ။

ဇဝ် ပန မေ ဒါဌာဓာတုဝရဿာဘိပူဇနတ္ထာယ ကာရဏံ ဂဝေသန္တဿာဝ် ဩကာသံ အလဘန္တဿ ဒါဌာဓာတုဝရံ ပုန္ပုန်ံ သမန္နာဟရန္တဿ အဘိပတ္ထယန္တဿ ကာဒါစိ ကပ္ပစိ အဿုနိပါ ပဝတ္တန္တိ။

ဇဝ် ပနာဟံ ဒါဌာဓာတုဝရံ အဘိပူဇေန္တော "ကုဒါဿုနာမ သမ္မာသမ္ဗုဒ္ဓဒါဌာဓာတုဝရံ သာမံ ဒိသွာ ပူဇေယျ"န္တိ စိန္တေန္တော ဝိစိန္တေန္တော ကာရဏံ ဂဝေသန္တော ကာဒါစိပိ အနုက္ခိတ္တရူပရော ဟုတွာ ကာရဏာဝေကလျဝသေန ဇွောကံ ကာလံ ဇွောကံ စိရံ အတိက္ကန္တော ဟောမိ။

ဇုဒါနိ ပနာဟံ ဘန္တေ ဝိသေသေန ဗလဝတာ ဥဿာ ဟေန ဒါဌာဓာတုဝရဿာဘိပူဇနတ္ထာယ အာရဘန္တော အနိဝတ္တိတမေမ္မာ အနောတ္တမနသာ ကပ္ပေါ ဟုတွာ မဟာရညော သန္တိကံ ပုန္ပုန်ံ အာရေ စိတ္တံပိ မမ ဇုဓာဂမနေ အနုဉ္ဉာတံ သောကာပန္နံ တံ ရာဇာနံ ပုန အနာရောစေတွာ သဒ္ဓေပိ မမ ဇုဓာဂမနေ ဝိသေသေန သောကာပန္နေ အဿုနိ ပဝတ္တေတွာ ပုန္ပုန်ံ နိဝါရေန္တေ ဉာဘကေဝါ ဥပဋ္ဌာကေ ဒါယကေဝါ အနေကေပိ အန္တေဝါသိကသဒ္ဓိဝိဟာရိကဘူတေ ဒဟရေဝါ ထေရာနုထေရေဝါ ပုန အဇာနာပေတွာ ရတ္တိယံယေဝ တမှာ အရညဝိဟာရာ နိက္ခမိတွာ အာဂ-

တော အန္တရာမဂ္ဂေ ဟံသာဝတီနဂရေ အဍ္ဎမာသမတ္တံ နိဝသိတွာ ဂမနကိစ္စတ္ထာယ တတ္ထ ပဝါရိတော ကပ္ပိယကာရကေ သမာဒပေတွာ ယထိစ္ဆိတံ ကာရဏံ သမ္ပာဒေန္တော အဂ္ဂိနာဝါယံ အဘိရုဟိတွာ အတ္တနော ကာယဿ နိစ္စံ ဂေလညံ အဂဏေတွာ ကာယေ စ ဇီဝိတေ စ အနပေက္ခမာနော ဝါလမစ္ဆသုံသုမာရာဒျာနေကဘယသံကိဏ္ဏံ သဥမ္မိံ သာဝဋ္ဋံ သပ္ပဋိဘယံ သဘီမံ မဟာသမုဒ္ဒံ ဥတ္တရန္တော မိစ္ဆာဒိဋ္ဌျာဒျာနေကနာဝိကဇနာတိသမ္ဗာဓဒုက္ခေနာဘိပီဠိတော ကာယိကဒုက္ခေန စေဝ စေတောဒုက္ခေန စ အဘိဏှာဘိဘူတော ဟုတွာ မဇ္ဈေသမုဒ္ဒံ ပါရိမတီရံ အပဿန္တော ဝီသတိဒိဝသာနိ ရတ္တိန္ဒိဝမုတ္တရိတွာ နာဝါဘိရုဟနဒိဝသတော ပဋ္ဌာယ ပဉ္စဝီသတိမေဝ ဒိဝသေ စတူဟိ ပဏ္ဍာသမဏေဟိ စေဝ ပဉ္စဟိ စ ကပ္ပိယကာရကေဟိ သဒ္ဓိံ တုမှာကံ လင်္ကာဒီပံ ဂါလုနဂရံ သမ္ပတ္တာမှ။

သမ္ပတ္တာ စ ပန အသ္မိံယေဝ ဂါလုနဂရေ ဧကသ္မိံ ဥယျာနပ္ပဒေသေ သတ္တာဟမတ္တံ နိဝသိတွာ အဒ္ဓါနဂမနဒုက္ခံ ဝါ ဂေလညံ ဝါ ထောကံ ဝူပသမေတွာ သီဃတရမေဝ တုမှာကံ သေခလ္လသေလနဂရေ သမ္ပာနိဒ္ဒဟိတဿ ဒါဌာဓာတုဝရဿ ပူဇနတ္ထာယ အာဂန္တုံ ဣစ္ဆန္တောပိ ပတ္ထယန္တောပိ အန္တရမဂ္ဂေ တေသု တေသု ဂါမေသု စေဝ နဂရေသု စ နိဝသန္တေဟိ လင်္ကာဒီပိ-

ကေဟိ ဂဟဋ္ဌေဟိ စေဝ ပဗ္ဗဇိတေဟိ စ ဓမ္မံ သောတုကာမေဟိ ဩဝါဒံ ပဋိဂ္ဂဟေတုကာမေဟိ စ ပုနပ္ပုနံ အဘိယာစိတော ပလိဗောဓိတော ဟုတွာ တေသံ ပုဂ္ဂလာနံ အနုကမ္ပာယ စေဝ သာသနဿ ဇောတာပနတ္ထာယ စ ယထာဗလံ ယထာသတ္တိ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ သဏိကံ သဏိကံ အာဂတော ကောလမ္ဗနဂရံ သမ္ပတ္တော ဟုတွာ တုမှာကံ သေခလ္လာသေလနဂရေ ဘဒ္ဒန္တေဟိ အာရက္ခိတဿ သမ္မာသမ္ဗုဒ္ဓဒါဌာဓာတုဝရဿာဘိပူဇနတ္ထာယ တံ ဒါဌာဓာတုဝရာရဟံ ဝိစိတြမဟဂ္ဃနာနာဆတ္တဓဇပဋာကာဒျာနေကပူဇာသက္ကာရသမ္ဘာရံ ပဝါရိတေဟိ ဥပဋ္ဌာကကုလေဟိ ပဋိယာဒါပေန္တော အသ္မိံယေဝ ကောလမ္ဗနဂရေ ကေဿ အမစ္စုပါသကဿ သုညာဂါရေ မနောရမ္မေ ဥယျာနေ သဗ္ဗေသမ္ပိ အာဂတာဂတာနံ မဟာဇနာနံ ကာရုညံ ပဋိစ္စ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ နိဝသန္တော သတ္တဋ္ဌာဟံ အတိက္ကာမေတွာ တတော နိက္ခမိတွာ အဂ္ဂိရထေနာဂတော ဒါနိ ဘဒ္ဒန္တာနံ နိဝါသနဋ္ဌာနဘူတံ သေခလ္လာသေလနဂရံ သမ္ပတ္တောမှိ။

သုဏာထ ဝေါ ဘန္တေ ဒါဌာဓာတုဝရပါလကာ၊ တုမှေ ပန ဘန္တေ ဒါဌာဓာတုဝရပါလကာ ဝိသေသေန မဟာပုညာ မဟေသက္ခာ။ ယတြ ဟိ နာမ တုမှေ အညေဟိ ဇမ္ဗုဒီပေ စေဝ လင်္ကာဒီပေ စ ယေဟိ

ကေဟိစိ ဇနေဟိ ယာဝဇီဝံ ကေဝါရမတ္တမ္ပိ သာမံ ပဿိတွာ သမ္မာ ဂဟေတွာ ပူဇနတ္ထာယ ဒုလ္လဘဋ္ဌာန-ဘူတဿ သမ္မာသမ္ဗုဒ္ဓဒါဌာဓာတုဝရဿ ဒိနေ ဒိနေ နာနာဝိဓေဟိ ပူဇာသက္ကာရေဟိ ပူဇနတ္ထာယ စေဝ ပုနပ္ပုနံ အနေကဝါရံ သာမံ ပဿိတွာ သမ္မာ ဂဟေတွာ သီသေ ပတိဋ္ဌာပေတွာ ဝန္ဒနတ္ထာယ စ ဩကာသံ လဘိဿထ။

မယံ ပန ဘန္တေ ဇမ္ဗုဒီပိကာ ဒါနိ ဣဓာဂတာ အပ္ပပုညာ အပ္ပေသက္ခာ။ ယတြ ဟိ နာမ မယံ တုမှေဟိ ဒါဌာဓာတုဝရပါလကေဟိ မဟာပုညေဟိ ပုနပ္ပုနံ အနေကဝါရံ သာမံ ပဿိတွာ သမ္မာ ဂဟေတွာ သီသေ ပတိဋ္ဌာပေတွာ အဘိဝန္ဒိတဿ မာနိတဿ တာပိ ဒါဌာဓာတုဝရဿ တထာ သာမံ ပဿိတွာ သမ္မာ ဂဟေတွာ သီသေ ပတိဋ္ဌာပေတွာ ပူဇိတုံ စေဝ ဝန္ဒိတုံ စ ကေဝါရမတ္တမ္ပိ ယာဝဇ္ဇတ္တနာ ဩကာသံ န လဘိဿာမ။

တထာ ဟိ ပန မယံ ဘန္တေ အာယာစာမ သံယာစာမ အဘိယာစာမ တုမှာကံ မဟာပုညာနံ မဟေသက္ခာနံ ဒါဌာဓာတုဝရပါလကာနံ ကတိပယ-ဒိဝသမတ္တံ သမ္မာသမ္ဗုဒ္ဓဒါဌာဓာတုဝရဿ သာမံ ပဿိတွာ သမ္မာ ဂဟေတွာ ဟတ္ထတလေ စေဝ မတ္ထကေ စ သုပတိဋ္ဌာပေတွာ သုဂန္ဓောဒကေဟိ နှာပေတွာ

ဓောဝိတွာ ဝိဝိဓေဟိ သေတဆတ္တဝိတာနဓဇပဋာကာဒီဟိ စေဝ သုပဏ္ဏိတသုဝိဘတ္တာဝိမာနိတပိဏ္ဍပါတခါဒနီယဘောဇနီယေဟိ စ ပူဇနဋ္ဌာယ ဩကာသံ လဒ္ဓုံ။

သာဓု ဘန္တေ အာယာစာမ—ယထာ အမှာကံ သတ္ထုနော အတျန္တရိယာနေကဂုဏရေယထိန္တိတပဝရပ္ပလပ္ပဒါနဒါဋ္ဌာဓာတုဝရော အနေကရံသိပဇ္ဇောတသူရိယဝိမာနတော သူရိယဒေဝပုတ္တော ဝိယ စေဝ စန္ဒဝိမာနတော စန္ဒဒေဝပုတ္တော ဝိယ စ သုဝဏ္ဏရဇတာဒျာနေကမဟာဃနာနာရတနဝိဝိဓပဇ္ဇောတပဘာဿရာနေကဇနမနုညဇနကာဗ္ဗန္တပဝရဓာတုကရဏ္ဍတော မုဟုတ္တမတ္တံ သမုဋ္ဌာယ ဇီဝမာနကာသမ္မာသမ္ဗုဒ္ဓေါ ဝိယ ဩဒါတရံသိယော ဣတော စိတော ဝိဿဇ္ဇေတွာ ထောကံ ဒေသစာရိံ စရန္တော အမှာကံ မုဒ္ဓနိ သုပတိဋ္ဌဟိတွာ သုဂန္ဓေဟိ ဂန္ဓောဒကေဟိ နှာယိတွာ သဗ္ဗညုဗုဒ္ဓလီလာယ လီလာယန္တော ပရိသမဇ္ဈေ အတ္တနော ဩဒါတရံသိယာ သုသောဘန္တော မဟာဇနေ ကေကောလာဟလံ သာဓုကာရံ ပဝတ္တေန္တော ပသာဒေတိ တောသာပေတိ၊ တထာ သမ္မာ ကရေယျာထ တထာယေဝါနုသဇ္ဇေယျာထ တုမှေ ဒါဋ္ဌာဓာတုဝရပါလကာ မဟာပုညာ မဟေသက္ခာ အမှာကံ အပ္ပပုညာနံ အပ္ပေသက္ခာနံ ဇမ္ဗုဒီပါဂတာနံ အနုကမ္ပံ ဥပါဒါယ။

ဧဝံ ပန ဘန္တေ သစေ ယထာ မယံ ဒါနိ တုမှာကံ အဘိယာစနံ ကရောမ၊ တထာ တုမှေ ကရေယျာထ အနုဇာနေယျာထ အမှာကံ အပ္ပပုညာနံ ဇမ္ဗုဒီပိကာနံ အနုကမ္ပာယ။

ဧဝဉ္စ ပန သတိ တုမှာကံ တေသု တေသု ဘဝေသု ဝိသေသေန သဂ္ဂတ္ထာယ စေဝ မဂ္ဂတ္ထာယ စ ဘာဂီ ဘဝိဿတိ။

မယမ္ပိ စ ဇမ္ဗုဒီပိကာ တုမှာကံ အမှေသု ဗဟုပ္ပကာရာနံ တေသံ ဗဟုပ္ပကာရံ ပုနပ္ပုနံ သမနုဿရိတွာ အဘိပ္ပမောဒိတွာ ယာဝဇီဝမ္ပိ ကတညူ ကတဝေဒိနော ဘဝိဿာမ။

ယာဝဇီဝမ္ပိ ဘဒ္ဒန္တာနံ အမှေသု ကတူပကာရံ အပ္ပမုဿေတွာ ဘဒ္ဒန္တာနံ ယထိစ္ဆိတေသု သာသနပဋိသံယုတ္တေသု ကိစ္စာနုကိစ္စေသုပိ ယထာဗလံ ယထာသတ္တိ ဥဿာဟံ ကရိဿာမ တုမှာကံ လင်္ကာဒီပေ စေဝ အမှာကံ ဇမ္ဗုဒီပေ စာတိ။

ဂဏ္ဌိပဒတ္ထဝဏ္ဏနာ

အမစ္စသပဓာနမဟာယတီနန္တိ သံဝိဇ္ဇတိ ပဓာနံ ပဓာနဂုဏော ယေသန္တေတိ သပဓာနာ၊ သပဓာနာ စ တေ မဟာယတယော စာတိ တထာ၊ အမစ္စာ စ သပဓာနမဟာယတယော စေတိ တထာ။ အထ ဝါ သံဝိဇ္ဇတိ

ပဓာနံ ယဿ သောတိ သပဓာနော၊ သပဓာနော စ သော အမစ္စော စာတိ တထာ၊ အမစ္စသပဓာနော စ မဟာယတယော စာတိ တထာ။ အထ ဝါ သပဓာနာ စ တေ အမစ္စမဟာယတယော စာတိ တထာ။ အထ ဝါ ပဓာနအမစ္စေန သဟ ယေ ဝတ္တန္တီတိ တထာ၊ တေ စ တေ မဟာယတယော စာတိ တထာ တေသန္တိ ဝိဂ္ဂဟော။

နိဂမနံ

အယံ ပန ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပရိနိဗ္ဗာနတော ပဋ္ဌာယ စတုသတာဓိကဒွိသဟဿာနမုပရိ ဒွါဝီသတိမေ သံဝစ္ဆရေ ဝေသာခမာသေ ဇုဏှပက္ခေ အဋ္ဌမုပေါသထဒိဝသေ ဇမ္ဗုဒီပါဂတေန ရွှေကျင်အာစရိယေန လင်္ကာဒီပေ နိဝသန္တာနံ ဒါဌာဓာတုဝရပါလကာနံ သဟ ပဓာနအမစ္စေန ပဓာနမဟာထေရာနံ သန္တိကံ ဒါဌာဓာတုပူဇနတ္ထာယ ပါဟိတာ ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသကထာ။

ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသကထာ နိဋ္ဌိတာ။

လင်္ကာသာသနဝိသုဒ္ဓိကထာ

ပရိနိဋ္ဌိတာ။

လင်္ကာသာသနဝိသုဒ္ဓိကထာယံ

သောဓနပတ္တံ

ပိဋ္ဌေ	ပန္တိယံ	အသုဒ္ဓပါဌော	သုဒ္ဓပါဌော
၁၃	၁၄	ကုသိတံ	ကုသီတံ
၁၅	၁၅	ခန္တိမေတ္တာ	ခန္တိမေတ္တာ
၂၃	၁၄	ဟရိတကာဒိံ	ဟရီတကာဒိံ
၃၉	၁၀	အသာရုပ္ပတာယ	သာရုပ္ပတ္ထာယ
၄၀	၉	ပါဌာနုရူပ	ပါဌာနုရူပံ
၄၆	၁၃	ဝိပရိတံ	ဝိပရီတံ
၄၈	၈	ပဋိရူပေ	ပတိရူပေ
၅၅	၈	ယထာ ဝဿကာလေ	ယထဝဿကာလေ
၆၁	၁	အရဉ္ဉေသုပိ	အဉ္ဉေသုပိ
၆၄	၇	ဗာလဒါယကာ	ဗာလဒါရကာ
၇၀	၁၀	ကိပ္ပိလိကာ	ကိပိလ္လိကာ
၇၂	၁၅	ကာယဝိစာယ	ကာယဝိစာဟိ
၇၆	၁၅	ဂဗ္ဘေသု ဝသတိ	ဂဘော်မု ဝသတိး
။	၁၆	နာ ဝိဒ္ဓါနိ ရူပ ဒြဝိဏ- ဂုဏာ ယုတ္တောပိ	န ဝါ ဝိဒ္ဓါနိ ရူပဒြဝိဏ- ဂဏာယုတ္တောပိ
။	၁၈	ဝံသော သမုန္နတိံ	ဝံဂး သမုန္နတိမ်
၇၈	၂၀	ကုမ္ဘကလာပံ	ကုမ္ဘကပါလံ
၉၀	၆	သုကရမံသာဒိကံ	သူကရမံသာဒိကံ
၉၃	၉	မဟောသထံ	မဟောသဓံ

ပိင်္ဂ	ပန္တိယ်	အသုဒ္ဓပါဌော	သုဒ္ဓပါဌော
၉၆	၁၈	သတိသမ္မောသော	သတိသမ္မောသာ
၁၀၉	၁၃	ရသာနာနုဘုဥ္ဇန	ရသာနနုဘုဥ္ဇန
၁၁၀	၆	သာထေယျာ	သာဌေယျာ
၁၁၄	၂	ပမိရော	ဗမိရော
၁၁၆	၁၆	သေဋ္ဌိလံ	သထိလံ
၁၂၅	၂	ဂန္ဓဓုရံ	ဂန္ထဓုရံ
၁၅၃	၁၈	အသမာရက္ခိတ	အသမ္မာရက္ခိတ
၁၇၀	၇	သမုတိ ကမ္မံ	သမ္မုတိကမ္မံ
၁၇၄	၁၇	သမုတိဋ္ဌာနေ	သမ္မုတိဋ္ဌာနေ
၁၇၆	၁၈	"တေန အညာသု	တေန "အညာသု
၁၈၆	၂	အဗျာပါရာ	အဗျာပါဒါ
၁၉၈	၈	န-ဝိသံဝါဒန	န၊ ဝိသံဝါဒန
၁၉၉	၁၄	ဇမ္ဗုတလေ	ဇမ္ဗုဒီပတလေ
၂၀၈	၁	အနုမတ္တေသု	အဏုမတ္တေသု
၂၂၅	၆	အာရဇ္ဈန္နံ	အာရမ္ဘန္နံ
၂၃၈	၆	ပိယစိတ္တော	ပိယမိတ္တော
၂၇၂	၂	အပ္ပဟောနကံ	ပဟောနကံ
၂၇၃	၁၀	"ယာဝတာယုကမ္ပိ	ယာဝတာယုကမ္ပိ"
။	၁၆	အနုမတ္တေသု	အဏုမတ္တေသု
၂၅၈	၁၄	ဘရဏတံ	သရဏတံ
၂၆၂	၁၁	အသက္ကောန္တော	အက္ကောသန္တော
၂၆၈	၁၁	သေခဏ္ဍနဂရံ	သေခ်ဏ္ဍသေလနဂရံ

ပ-မ-သ-စ—၁၆၃—၂၂-၁၂-၇၈—၂၀၀၀။

ရွှေကျင်နိကာယ ပဌမသာသနာပိုင် ဆရာတော်ဘုရားကြီး
ရေးသားပြုစုတော်မူသော

လက်ာသာသနဝိသုဒ္ဓိကထာ

သီဟိုဠ်သာသနာစင်ကြယ်ရေးကျမ်း

မြန်မာပြန်

ကျမ်းဦးပဏာမ

ခွဲခြမ်း ဝေဘန် ဟောကြားတော်မူလေ့ရှိသော မြတ်စွာဘုရားအား ရှိခိုးပါ၏။ ရဟန်းအပေါင်းကို ညီညွတ်အောင် ပြုတော်မူတတ်သော ကိုးကွယ်ရာမဲ့သူတို့၏ ကိုးကွယ်ရာအစစ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏၊ ဤသို့ ရှိခိုးပြီး၍ လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းကို ရေးသားပေအံ့။

ဤကျမ်းကို ရေးသားရခြင်းအကြောင်းကား—

သီဟိုဠ်ကျွန်း၌ ရဟန်းတို့သည် ဂိုဏ်းဂဏ အမျိုးမျိုး အစိတ်စိတ်အမွှာမွှာကွဲလျက် ရှိကုန်၏၊ အချင်းချင်း စိတ်ခုနေကြကုန်၏၊ အချင်းချင်း အပြန်အလှန် ကဲ့ရဲ့ရှုတ်ချနေကြကုန်၏၊ ထိုရဟန်းတို့၏ ညီညွတ်မှုနှင့် သီဟိုဠ်သာသနာတော်

စင်ကြယ် သန့်ရှင်းရေးကို အလိုရှိသောကြောင့် ကချဏာ ရွေးသား၍ ရေးသားရခြင်း ဖြစ်ပေသည်။

ဤကျမ်းကို မရေးသားမီ သီဟိုဠ်ကျွန်း၌ မထေရ်ကြီး တို့ကို ရှိခိုး၍ မထေရ်ကြီးများမှ တပါးသော ရဟန်းများ အပေါ်၌လည်း အမြဲမပြတ် ကချဏာစိတ်ထားလျက် စင်ကြယ် သော စိတ်ထားဖြင့် တရားစကားကိုသာ ပြောကြားပါမည်၊ ငြင်းခုံမှု ဝိဝါဒအမျိုးမျိုးကိုလည်း ခမ္မဝိနယနှင့်ညီစွာ အဆုံး အဖြတ်ရေးသားပါမည်။

ခွင့်တောင်းခြင်း

အရှင်ဘုရားတို့၊တပည့်တော်တို့သည် တပည့်တော်တို့ထက် ဝါကြီးကုန်သော သီဟိုဠ်ကျွန်းနေ မဟာထေရ် အရှင်မြတ် တို့ကို ရိုသေစွာ ရှိခိုးပါကုန်၏၊ သီဟိုဠ်ကျွန်းနေ အနုထေရ် မဟာထေရ် အရှင်မြတ်တို့အား တပည့်တော်တို့သည် အကြောင်းပြချက်တရပ်ကို လျှောက်ထားပါကုန်အံ့။ သီဟိုဠ် ကျွန်းနေ အနုထေရ် မဟာထေရ် အရှင်မြတ်တို့သည် ခွင့်ပြု တော်မူကြပါကုန်ဘုရား။ သီဟိုဠ်ကျွန်းနေ အနုထေရ် မဟာ ထေရ် အရှင်မြတ်တို့သည်(နာယူ)တော်မူကြပါကုန်ဘုရား။

သီဟိုဠ်သာသနာ အားကောင်းသောခေတ်

ရှေးယခင်ကမူ အရှင်ဘုရားတို့၏ နေရပ်ဌာနီ သီဟိုဠ် ကျွန်း၌ အရဟံသမ္မာသမ္ဗုဒ္ဓ ဂုဏ်ပေါင်းခသည့် ထို မြတ်စွာ ဘုရား၏ သာသနာတော်ကို မဟာမဟိန္ဒထေရ် အစရှိကုန် သော မရေမတွက်နိုင်သော ရဟန္တာ မထေရ်မြတ်တို့ဖြင့်

တင့်တယ်စေခဲ့ပါသည်၊ထိုမထေရ်တို့သည် မြေလျှိုး၊မိုးပျံခြင်း မြောက်ကျွန်းသို့ ဆွမ်းခံကြွခြင်း မဟာဗောဓိပြေသီးမှည့်ကို ယူဆောင်ခြင်း မဟာပထဝီမြေကြီးကို နိမ့် မြင့် စောင်း ထောင် သွက်သွက်ခါအောင် တုန်လှုပ်စေနိုင်ခြင်း စသော အလွန်ကြည်ညိုမြတ်နိုးဘွယ်ရာ အံ့သြဖွယ်ရာ အမျိုးမျိုး အဖုံဖုံ မြတ်သောတန်ခိုးတို့ဖြင့် ပြည့်စုံ၍ ရုပ်ပြောင်းရုပ်လွှဲ ဖန်ဆင်းမှုတို့၌ စွမ်းနိုင်ကုန်၏။ မျက်စိစသည့် ဒွါရငါးပါးကို လုံအောင် စောင့်ထိန်းကုန်သည်ဖြစ်၍ ငြိမ်သက်သော ဣန္ဒြေ ရှိကုန်၏။ အထူးထူးသော အလိုဆန္ဒ နှလုံးသွင်း ရှိကြကုန်သော တရားနာသူ ဝေနေယျတို့၏ နားနှင့်သင့်လျော်သော နာချင်စဘွယ် ကြည်ညိုဘွယ် နက်နဲ ဆန်းကြယ် နှစ်သက်ဘွယ် ရှိသော တခဏချင်း အာသဝေါတရားကုန်ခန်းစေနိုင်သော သာယာ ချိုမြိန်သော သစ္စာလေးပါး မြတ်တရားကို နည်း အမျိုးမျိုး ဖြင့် တန်ဆာဆင်၍ အံ့သြဘွယ်ရာ ဟောပြတတ်ကုန်၏။ ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါး ဝိဇ္ဇာသုံးပါးအစ ရှိသော များစွာသော ဂုဏ်အပေါင်းနှင့် ပြည့်စုံကြကုန်၏။ ထို ရဟန္တာမထေရ်တို့ဖြင့် ထက်ဝန်းကျင် တန်ဆာ ဆင်အပ် သော သီဟိုဠ်သာသနာတော်သည် လူနတ်ပြဟ္မာ ဝေနေယျ သတ္တဝါအပေါင်းကို "အို အချင်းတို့ လာလှည့်ကုန်၊ ငါ့ (သီဟိုဠ်သာသနာ)ကို ရှုလှည့်ကုန်လော့၊ အို အချင်းတို့ လာလှည့်ကုန်၊ ငါ့ထံ၌(သာသနာတော်၌) ကျင့်ကြံကြိုးကုတ် အားထုတ်လှည့်ကြကုန်လော့" ဤသို့ ဖိတ်ခေါ်နေသယောင် အလွန်လျှင် ကြည်ညိုဘွယ်ရှိ၍ ပျော်မွေ့ဘွယ်ရှိခဲ့ပေသည်။

ကောင်းစွာ စောင့်ရှောက်အပ်သော ရေကန်ဥပမာ

ဥပမာသော်ကား ဤလောက၌ ကျောက်ဆည်ကန်ကြီးသည် ရှေးမင်းတို့ ကောင်းစွာ စောင့်ရှောက် ပြုပြင်အပ်သည်ဖြစ်၍ မကျိုးမပေါက် အလုံနိုင်ခဲ့သော ကန်သင်းကန်ပေါင်ရှိ၏။ မိုးကောင်းသောအခါ စပါးသုံးသီးစိုက်နိုင်၏။ ကားကားစွင့်စွင့် ငွါးငွါးပွင့်သော ကြာညို၊ ကြာနီ၊ ကြာဖြူ၊ ကြာသိမ်၊ ကြာတံဆိပ်၊ ကြာပဒုမ္မာ အစရှိသော ကြာမျိုးစုံတို့ဖြင့် တင့်တယ်သောဆာ ဖုံးလွှမ်းအပ်၏။ ထိုရေကန်၌ အလွန်ချိုမြိန်သော ကြာဝဝ်ရည်ဘတ်မှုံတို့ကို သောက်သုံး ခွေယူရန် ချဉ်းကပ်လာကုန်သော ယစ်ဝဲကုန်သောပျားပိတုန်းအုပ်တို့၏ တစီစီမြည်သံတို့ဖြင့် နှစ်သက်ရွှင်မြူး ကြည်နူးဘွယ်ရှိပါပေ၏၊ ရေကြည် ရေအေး ရေချိုမွှေးစသည်ကို မှီဝဲ သောက်သုံးရန် ချဉ်းကပ်လာကုန်သော ဥဒေါင်း ဟင်္သာစသည့် အမျိုးမျိုးသော ငှက်အပေါင်းတို့၏ နားဝင်ချိုသာ နှစ်သက်စရာ တွန်ကျူးအော်မြည်သံတို့ဖြင့် တရံမဆိတ် ရှိပါပေ၏၊ ထိုရေကန်ကြီးသည် လေပြေလေညှင်း ဆောင်ယူသွင်းသည့် သင်းတပျံ့ပျံ့ ကြာရနံ့တို့ဖြင့် "အို အချင်းတို့၊ လာလှည့်ကုန်၊ ငါ့ကို ရှုလှည့်ကုန်၊ ငါ့ကိုလာရောက် နမ်းလှည့်ကုန်"ဟု လူအပေါင်းကို ဖိတ်ခေါ် နေသယောင် ထင်ရ၏။ ရေကန် ပတ်ဝန်းကျင်မှ လူများစွာတို့သည် အမြဲတစေ ကြိမ်ဖန်များစွာ မှီဝဲ သုံးဆောင်ကြရ၏။ ထို ရေကန်ကြီးသည် မွတ်သိပ်ဆာလောင်နေသူ လူအပေါင်းကို "အို အချင်းတို့၊ ငါ့ကိုလာရောက်ရှုကြလော့၊ ငါ့ကို လာရောက် သုံးဆောင်ကြလော့" ဟု ဖိတ်ခေါ်နေသယောင်ထင်ရ၏။ ပျားသလက်ကြီးမျှ ပမာဏရှိ၍ နှစ်

သက်စဘွယ် အရသာ ချိုမြိန်သော ကြာစွယ်ကြာရင်း၊ ကြာပွင့် ကြာသီးတို့ဖြင့် ထက်ဝန်းကျင် အခါခပ်သိမ်းမပြတ်ရှိ၏။

ဒွန္တရာသီတွင်နေပူရှိန်၏ နှိပ်စက်မှုကို အမြဲခံစားနေရသော လူအပေါင်းကို "အိုအချင်းတို့၊ ငါ့ကိုလာရှုလှည့်ကြလော့၊ ငါ့ထံ၌လာရောက်ရေချိုးကြလော့" ဟု ဖိတ်ခေါ်နေသယောင် ထင်ရ၏၊ တခဲနာချင်းအပူငြိမ်းစေနိုင်သော ချမ်းအေး ကြည်လင်သော ရေတို့ဖြင့်လည်း ကျေနပ် နှစ်သိမ့်စေလျက် အလွန်မွေ့လျော်ဘွယ်ကောင်းပါပေ၏။ လူနတ်တို့၏ဆရာ ကိုးကွယ်ရာ အစစ် ဖြစ်တော်မူသည့် မြတ်စွာဘုရား၏ ဂုဏ်တော်တို့သည် အံ့သြဘွယ်ရှိလေစွ၊ ထို ဘုရား သာသနာတော်၏ တင့်တယ် စံပယ်ခြင်းသည် အံ့သြဘွယ်ရှိလေစွ။

လက်ရှိသာသနာ အားနည်းသောခေတ်

ယခု အခါ၌မူကား လက်ရှိသာသနာတော်သည် အထက်ဖော်ပြအပ်ပြီးသော ဂုဏ်အပေါင်းနှင့် ပြည့်စုံသော ရဟန္တာ စသော ပုဂ္ဂိုလ်မြတ်တို့ ထင်ရှားမရှိတော့ပြီဖြစ်သောကြောင့် ပင်ကိုယ် မူရင်းအားဖြင့်လည်း ကျေနပ် နှစ်သိမ့်ဘွယ် မရှိသကဲ့သို့ ဖြစ်၏။

အစောင့်အရှောက် မရှိသော ရေကန် ဥပမာ

ဥပမာသော်ကား နွေရာသီ၌ ရေကန်ကြီးသည် အစိုးရမင်းတို့က မထိန်းသိမ်း မစောင့်ရှောက်ဘဲ ထားသဖြင့် အကွဲကွဲ အပေါက်ပေါက် ကန်ပေါင်ရှိသည်ဖြစ်၍ အလွန်ရေနည်း၏။ ဆိုအပ်ပြီးသော ကြာညို၊ ကြာနီစသည်မှကင်း၏၊ ငါး လိပ်တို့ကို ထိုးဆိတ် စားသောက်နေသော ဗျိုင်း စွန် ကျီး ငှက်တို့

ဖြင့် တသောသောပြွမ်းနေ၏၊ လွန်စွာကြည်နူး နှစ်သိမ့်ဘွယ် မရှိတော့ချေ၊ သခါရတရားတို့၏ အနိစ္စသဘောသည် ကြောက်ဖွယ်ကောင်းစွာတကား၊ ညစ်နွမ်းတေတတ်သည့်မာရ်နတ်သည် စင်ကြယ်သောဘုရား သာသနာတော်ကို ညစ်နွမ်းစေဘိ၏တကား။ အလွန်စင်ကြယ်၍ ပြိုးပြိုးပြက်ပြက် အရောင်ထွက်သည့် ဤသို့သော သာသနာတော်ကိုလည်း ညစ်နွမ်းအောင်ပြုတတ်သော မာရ်နတ်၏ ညစ်ပတ်မှုကား အံ့ဩဘွယ်ရှိလေစွ၊ မြတ်စွာဘုရား၏ သာသနာတော် ဆုတ်ယုတ် စေခြင်းငှါ အကြိမ်ကြိမ် အားထုတ်နေသည့် ဝသဝတ္တိ မာရ်နတ်သည် ယခုအခါ ကောင်းစွာ အခွင့်ကို ရဘိ၏တကား၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် မြတ်စွာဘုရား သာသနာတော် ဆုတ်ယုတ်စေခြင်းငှါ အကြိမ်ကြိမ် အားထုတ်ခဲ့သော်လည်း အလိုရှိတိုင်းအခွင့်ကို မရခဲ့၍ ယခုအခါ အဘဘုရားကင်းမဲ့နေသော ငါတို့သာကီဝင် မင်းသားရဟန်းတော်တို့ကို နှိပ်စက်ခြင်းငှါ အတိုင်းထက်အလွန် အားသွန်ခွန်စိုက်လုံ့လ ပြုဘိလေယာင်တကား။

သာသနာတော် အားနည်းကြောင်း သုံးပါး

ထိုစကားမှန်၏၊ ယခုအခါ၌ လင်္ကာသာသနာသည်—

၁။ သာသနာတော်၏ ဆန့်ကျင်ဘက် ရန်သူ မိစ္ဆာဒိဋ္ဌိတို့နှင့် ရောထွေးယှက်တင် ဖြစ်ရခြင်း အပြစ်၊

၂။ ဗုဒ္ဓဘာသာဝင် သာသနာကြည်ညိုသည့် အစိုးရမင်းတို့က တင်မြှောက်ထားသည့် ပဓာန သံဃာ့ဆေရ် (သာသနာပိုင်) အာဏာကင်းမဲ့မှုအပြစ်၊

၃။ အချင်းချင်း ဂိုဏ်းဂဏအဖွဲ့ အမျိုးမျိုးကွဲကုန်၍ သာသနာတော်အတွင်း၌ပင်လျှင် ညီညွတ်ရေးပျက်ပြားမှု အပြစ်၊

ဤ အကြောင်း ၃-ပါးတို့ကြောင့် လင်္ကာသာသနာသည် အလွန်အားနည်းသော အသွင်ကို ဆောင်နေ၏။

၁။ မိစ္ဆာဒိဋ္ဌိလူမျိုးများနှင့် ရောနှောမှု

ဗုဒ္ဓသာသနာတော်သည် ပင်ကိုယ်အားဖြင့် အလွန်မွန်မြတ်သော်လည်း ယခုခေတ်၌ လင်္ကာကျွန်းတွင် သာသနာတော်၏ ဆန့်ကျင်ဘက်ရန်သူ မိစ္ဆာဒိဋ္ဌိလူမျိုးတို့နှင့် ရောယှက်ရှုပ်ထွေးသည့် ဘေးရန်အန္တရာယ် ရှိသည်ဖြစ်၍ မမြင့်မြတ်သောအသွင်ကို ဆောင်နေ၏။ ဥပမာသော်ကား ခြသေ့ သစ် ကျားတို့ ရောပြွမ်းနေသည့် စန္ဒကူး နံ့သာတောသည် ဘေးအန္တရာယ် ထူပြောသဖြင့် မွန်မြတ်ခြင်း မရှိသကဲ့သို့ ဖြစ်၏။ ဗုဒ္ဓဝါဒီ သမ္မာဒိဋ္ဌိ အနွယ်တို့သည်လည်း ထိုမိစ္ဆာဝါဒီတို့၏ ဆိုးယုတ်သော အယူမှားနောက်သို့ ကောက်ကောက်ပါ လိုက်ကုန်၍ များသောအားဖြင့် မိစ္ဆာဒိဋ္ဌိများသာ ဖြစ်ကြကုန်၏။ ထိုသို့ ကူးပြောင်းဝင်ရောက်သွားကြသော မိစ္ဆာဒိဋ္ဌိတို့သည် မိမိတို့သာလျှင် ပျက်စီးခြင်းမလှ ပျက်စီးကြသည်မဟုတ်ကုန်၊ မိမိတို့၏ ဆိုးယုတ်သော မိစ္ဆာဝါဒကို အကြိမ်ကြိမ် အင်တိုက်အားတိုက် ဟောပြောပြသကြ၍ရင်း၊ ငွေကြေးဥစ္စာ မနေ စသည်တို့ဖြင့် ဖြားယောင်းသွေးဆောင် တွေဝေစေ၍ရင်း၊ ယုတ်ညံ့သည့် မိစ္ဆာဝါဒ ကျမ်းစာများစွာတို့ကို ပုံနှိပ်စက်ငှ် ပုံနှိပ်၍ရင်း၊ စာရေး ဆရာ တို့ကို ငှါးရမ်း ရေးသားစေ

ရှိရင်း၊ ထိုထိုမြို့ရွာ နိဂုံးဘို့၌ ဆူးခက်ဘို့ကို ဖြန့်ကြဲကုန်သကဲ့သို့ရင်း၊ အဆိပ်ပင်များကို စိုက်ပျိုးကြကုန် သကဲ့သို့ရင်း၊ အခြားသော ဗုဒ္ဓဝါဒီ သမ္မာဒိဋ္ဌိအနွယ်ဝင် တို့ကိုလည်း ဖျက်ဆီးကြကုန်၏။ ပျက်စီးခြင်းမလှ ပျက်စီးအောင် ပြုကြကုန်၏။

ခွေးရူး ဥပမာ

ဥပမာသော်ကား ခွေးရူးများသည် မိမိကိုယ်တိုင်သာလျှင် ရူးကုန်သည်မဟုတ်၊ မိမိ၏ အပေါင်းအဖော် ခွေးတို့ကိုရင်း၊ မိမိကို ကျွေးမွေးသော ထမင်းသခင် လူတို့ကိုရင်း၊ ကိုက်ခဲ၍ မိမိနှင့်အလားတူစွာ ရူးသွတ်ခြင်းသို့ ရောက်စေကုန်၏၊ မာရ်နတ်၏အကူအညီစွမ်းအားကြောင့် ထိုမိစ္ဆာဒိဋ္ဌိအနွယ်တို့သည် ဘီလူး ဖမ်းစားခံရသော အရူးကဲ့သို့ ရူးကုန်လျက် မြတ်စွာဘုရား၏ ဘပည့်သာဝက ဥပါသကာ တို့ကိုလည်း ကိုးကွယ်ရာ စင်စစ်ဖြစ်သော ဗုဒ္ဓတရားတော်ကို စွန့်လွှတ်စေ၍ မိမိတို့ အလိုသို့ လိုက်ပါစေရန် လုပ်ဆောင်ရကြပါပေ၏။ ညစ်ပတ်သော မာရ်နတ်၏ ကြံမ်းကြုတ်ရက်စက်မှုပါတကား။

ဝသဝတ္တီ မာရ်နတ်မင်းကား မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင်လျှင် ဗုဒ္ဓ၏စစ်သည်တပ်သားကို ဖြိုဖျက်ရန် အကြိမ်ကြိမ်အားထုတ်သော်လည်း အလိုရှိတိုင်း မစွမ်းဆောင်နိုင်ခဲ့သည်ဖြစ်၍ ယခုအခါ ဘုရား ကင်းမဲ့နေသော ဥပါသကာတို့ကို ဖျက်ဆီးစေခြင်းငှါ မိမိ၏ စစ်သည်တော်ဖြစ်သော ထိုမိစ္ဆာဒိဋ္ဌိလူမိုက်တို့ကို နည်းမျိုးစုံတို့ဖြင့် လှည့်ပတ်တွေ့ဝေစေ၍ အကြိမ်ကြိမ် လွှတ်လိုက်သည်ထင်၏။ ဥပမာသော်ကား တောမုဆိုးသည် မိမိ၏အမဲလိုက် ခွေးကြီးများကို

သားသမင်တို့ကို ကိုက်ခဲစေရန် အဖန်ဖန် စေလွှတ်သကဲ့သို့တည်း၊ ဗုဒ္ဓ၏ စစ်သည်တပ်သားတို့ကို ဖြိုဖျက်ရန် ဝသဝတ္တီ မာရ်နတ်မင်းသည် မိမိစစ်သည်တော်တို့ကို အင်တိုက် အားတိုက် စေလွှတ်နေမှုကား ကြောက်ခမန်းလိလိ ဖြစ်ချေ၏ တကား။

ဘုရားသားတော်သာကီဝင်မင်းသားရဟန်းတို့သည်လည်း သာသနာတော်၏ပျက်စီးမှု အကျိုးစီးပွါးမဲ့မှုကိုသာအလိုရှိကြသည့် ရန်သူမိစ္ဆာဒိဋ္ဌိ လူမျိုးတို့ နှိပ်စက်ခံရကုန်သည် ဖြစ်၍ ကိုယ်စိတ်နှစ်ပါး ကြပ်တည်းကျဉ်းမြောင်းစွာ နေကြရကုန်၏၊ ရဟန်းတရားကို ချမ်းချမ်းသာသာ ဖြည့်ကျင့်ရန် အခွင့်မရကြသဖြင့် စိတ်ဓာတ်ကျဆင်းသကဲ့သို့ ဖြစ်ကုန်၏၊ အိမ်ရာတည်ထောင် လူ၏ဘောင်မှ ထွက်ခွါ၍ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်းပြုကြသော အမျိုးကောင်းသားတို့၏ ရည်ရွယ်ချက် ပန်းတိုင်ဖြစ်သော အရဟတ္တဖိုလ်ကို လျင်မြန်စွာရရန် မပြည့်စွမ်းနိုင်ကြလေကုန်။

ဆူးချုံတော၌ ခရီးသွားသူ ဥပမာ

ဥပမာသော်ကား ခရီးဝေးသွားသော ယောကျ်ားတို့သည် ဆူးချုံထူထပ်သော ခရီးခဲ၌ ဆူးစူးခြင်း အနှောင့်အယှက်ဖြင့် လျင်မြန်စွာ မသွားနိုင်ကြ၍ အလိုရှိသော ဘေးကင်းရာဌာနသို့ လျင်မြန်စွာ ရောက်ခြင်းငှါ မစွမ်းနိုင် သကဲ့သို့တည်း၊ ဗုဒ္ဓသာဝကဖြစ်သော သာကီဝင် မင်းသား ရဟန်းတော်တို့ကို သံသရာ ရှုံ့ညွန်တွင်းမှ လွတ်စေရန် မာရ်နတ်ယုတ်၏ နှိပ်စက်မှု နှောင့်ယှက်မှုကား အံ့သြလောက်ပါပေ၏ တကား။

ဤသည်ကား ရန်သူမိစ္ဆာဒိဋ္ဌိ ဘေးအန္တရာယ်ကြောင့် လင်္ကာသာသနာတော်၏ အားနည်းခြင်းသို့ ရောက်ပုံကို ရှေးဦးစွာ ပြဆိုခြင်းတည်း။

၂။ သာသနာပိုင်ဆရာတော်ကင်းမဲ့မှု

ထိုမှ တပါး ဤဆိုလတ္တံ့သည်ကား လင်္ကာကျွန်း၌ ဗုဒ္ဓဝါဒီ ဗုဒ္ဓဘာသာဝင် သာသနာကြည်ညိုသည့် မင်းနှင့် ဘုရင်မင်းမြတ်က အလေးထား ကိုးကွယ် တင်မြှောက်သည့် ဦးစီးဦးကိုင် သံဃထေရ် သာသနာပိုင်၏ အာဏာကင်းမဲ့မှု အပြစ်ကြောင့် ဗုဒ္ဓသာသနာတော် အားနည်းပုံကို ပြဆိုချက်တည်း။

အကျယ်ပြဆိုပါအံ့၊ ရှေးအခါက ဒေဝါနံ ပိယတိဿ စသည့် မင်းတရားကြီးများလက်ထက်ကကဲ့သို့ယခုအခါ လင်္ကာကျွန်း၌ ဗုဒ္ဓဝါဒီ သာသနာ့ဒါယကာမင်းများ လုံးဝမရှိတော့ချေ၊ ထိုသို့သော မင်းတရားများ မရှိခြင်းကြောင့်ပင်လျှင် ရှေးအခါ အရှင်မဟာမဟိန္ဒ စသော မထေရ်တို့ခေတ်အခါက ကဲ့သို့ ဘုရင်မင်းမြတ်တို့ တင်မြှောက်သည့် သာသနာပိုင် သံဃထေရ်လည်း မရှိတော့ပါပေ။

မှန်ပါပေသည်၊ဤခေတ်တွင် ဤလင်္ကာကျွန်းရှိထေရ်ကြီး ထေရ်ငယ် ရဟန်းပျို ရဟန်းငယ် ရှင်သာမဏေ အကြားအမြင် များသောရဟန်း အကြားအမြင် နည်းပါးသော ရဟန်း တောထွက်ရဟန်း သဒ္ဓါရဟန်း ဘယာရဟန်း တို့သည် သာသနာပိုင် ဦးစီးဦးကိုင် သံဃထေရ် အာဏာနှင့် ဗုဒ္ဓဝါဒီ ဘုရင့်အာဏာ ကင်းမဲ့မှုကြောင့် မိမိတို့ ကြိုက်နှစ်သက်သလို

အလိုရှိတိုင်း ပြုကျင့်ခွင့် ရကြကုန်၏၊ ကိုယ်စိုးကိုယ်ပိုင် နေချင်သလို နေခွင့်ရကြကုန်၏။ ဥပမာသော်ကား မင်းမဲ့ တိုင်းသူပြည်သားများနှင့် မိဘမဲ့သော သားသမီးများ ကဲ့သို့တည်း။

ပုထုဇဉ် သတ္တဝါတို့သည်ကား လူဖြစ်စေ ရဟန်းဖြစ်စေ များသော်အားဖြင့် အစိုးရမင်းတို့နှင့် ကျောက်ထီးတန္တု အလေးပြုအပ်သော ဆရာသမား မိဘတို့က တားမြစ်တိုက်တွန်း ဆုံးမမှုသာလျှင် မိမိတို့အကျိုးမဲ့ ဖြစ်စေမည့် မကောင်းမှုတို့ကို ရှောင်ကြဉ်တတ်ကြကုန်၏၊ မိမိတို့ အကျိုးဖြစ်စေမည့် ကိုယ်တိုင် ကျင့်သုံးအပ်သည့် ဝတ်ကြီး ဝတ်ငယ်တို့ကို စင်ကြယ်ပြည့်စုံစွာ ကျင့်သုံးတတ်ကြကုန်၏။

ရောဂါသည် ကလေးငယ် ဥပမာ

ဥပမာသော်ကား အဖျားရောဂါ ခံစားနေရသော ကလေးငယ်တို့သည် အမိအဘတို့က နိုးနိုးကပ်ကပ် ပြောဆိုတားမြစ်မှုသာလျှင် မိမိနှင့် မတည့်သော စားသောက်ဘွယ်ရာများကို ရှောင်ကြဉ်တတ်ကြကုန်၍ သင့်လျော်သော ဆေးဝါးများကို စားတတ်ကြကုန်သကဲ့သို့တည်း။

မှန်ပေသည်၊ ဤသီဟိုဠ်ကျွန်း၌ ဗုဒ္ဓဝါဒီ ဘုရင်ကင်းမဲ့နေရကား သဒ္ဓါ သတိ ပညာနှင့် ပြည့်စုံကုန်သည့် သဒ္ဓါဖြင့် ရဟန်းပြုခဲ့သော အရှင်မြတ်တို့သည် "ရဟန်းတို့ သမထဝိပဿနာကို ပွါးများ ရှုဆင်ခြင်ကြကုန်လော့၊ မမေ့မလျော့ကြကုန်လင့်၊ နောင်တချိန်ကျမှ စိတ်နှလုံး မသာယာခြင်း မဖြစ်ကြကုန်လင့်" ဤသို့ စသည်ဖြင့် ဘုရားပေးခဲ့သော

တရားလက်နက်များကိုစွဲကိုင်ကြကုန်လျက် အလိုဆိုး အလိုကြီး အလိုလွန်တည်းဟူသော လွန်ကဲသည့် လိုချင်မှု ခိုးသူကြီးတို့ မဖျက်ဆီးနိုင်သည့် မတုန်လှုပ်သော သဒ္ဓါတရားလည်း ရှိကြကုန်၏။

"(အရှင်မြတ်တို့သည်) လာဘ်ရခြင်း၏ အကြောင်းကား တခြား, နိဗ္ဗာန်ရောက်ကြောင်းကား တခြားဖြစ်၏၊ ဤသို့ သိမြင်၍ ဗုဒ္ဓ၏ တပည့်ဖြစ်သော ပူဇော်သက္ကာရကို မနှစ်သက်ရာ၊ ကိလေသာတို့မှ ကင်းဆိတ်မှုကို တိုးတက်ပွါးများအောင် ပြုရာ၏"။

ဤသို့ စသည်ဖြင့်-ဘုရားပေးခဲ့သော တရားလက်နက်များကို ကိုင်စွဲလျက် လောကဥ္စ တွယ်တာဘွယ် လာဘ်လာဘကို ငဲ့ကွက်မှု, မင်း မှူးမတ်ကြီး စသည်တို့၏ ပူဇော်သက္ကာရကို တောင့်တမှု တည်းဟူသော တဏှာ စစ်ဗိုလ်ချုပ်ကြီးဦးဆောင်သော ကိလေသာ စစ်သည်အပေါင်းတို့ မဖျက်ဆီးနိုင်သည့် သမ္မာသတိ (သတိတရား) နှင့်လည်း ပြည့်စုံကြကုန်၏။

"(အရှင်မြတ်တို့သည်) အကယ်၍ ဒုက္ခမှ ကြောက်၍ ဒုက္ခကို မကြိုက် မနှစ်သက်ကြပါလျှင် သင်တို့သည် မျက်မြင်၌ရှင်း၊ မျက်ကွယ်၌ရှင်း မကောင်းမှုကို မပြုကြကုန်လင့်" ဤသို့ စသည်ဖြင့် ဘုရားပေးခဲ့သော ဓမ္မသန်လျက်ကို စွဲကိုင်ကုန်၍ မအပ်သော ဝတ်တောင်းမှု၊ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးမှု၊ ငွေအသပြာကို သာယာမှု၊ ကျွန်း မာပါလျက် မွန်းလွဲအခါ ကွမ်းစားခြင်း အစရှိသည့် သေးငယ်သော အာပတ်တို့ကို ကျူးလွန်မှု၌ အပြစ်မမြင်အောင် ဖုံးလွှမ်းမှု တည်းဟူသော အဝိဇ္ဇာ စစ်ဗိုလ်ချုပ် ဦးဆောင်သည့်

ကိလေသာမာရ် စစ်သည်အပေါင်းတို့ မထိုးဖောက် မဖျက်ဆီး နိုင်သည့် မြင်စွမ်းနိုင်သည့် ပညာမျက်စိလည်း ရှိကြကုန်၏။

(အရှင်မြတ်တို့သည်) "ဗုဒ္ဓသာသနာတော်၌ ကြိုးစား အားထုတ်ကြကုန်လော့၊ ထွက်မြောက်ရန် လုံ့လပြုကြကုန် လော့၊ ဘာဝနာမှု၌ လုံ့လပြုကြကုန်လော့၊ ဆင်ပြောင်ကြီး သည် ကျူတဲ ကျူအိမ်ကို ချေမှုန်းဖျက်ဆီးသကဲ့သို့ သေမင်း ၏ စစ်သည်ကို ချေမှုန်းကြကုန်လော့"။

ဤသို့ စသည်ဖြင့် ဘုရားပေးခဲ့သော ချွန်းကို ကိုင်စွဲကုန် လျက် "ငိုက်မျဉ်းခြင်း၊ ပျင်းရိခြင်း၊ ပျင်းကြောဆွဲခြင်း၊ မမွေ့လျော်ခြင်း၊ ထမင်း ဆီယစ်ခြင်းတို့ကို ဝီရိယဖြင့် နှင်ထုတ် နိုင်ခဲ့သော် အရဟတ္တမဂ်သည် စင်ကြယ်၏"။

ဤသို့ စသည်ဖြင့် ဘုရားအဆူဆူတို့ ဟောပြခဲ့သည့် ဝီရိယ အကျိုးအာနိသင်များကို ဖုံးလွှမ်းတတ်သည့် မောဟနှင့်ယှဉ် ဘက် ပျင်းရိမှု တည်းဟူသော စစ်ဗိုလ်ချုပ် ဦးဆောင်သည့် တဏှာစစ်သည် ၁၀၈-ဦးတို့ မထိုးဖောက် မဖျက်ဆီးနိုင်သည့် ဝီရိယလည်း ရှိကြကုန်၏။

(အရှင်မြတ်တို့သည်) "ဆိတ်ငြိမ်ရာသို့ ဝင်ရောက်၍ ရုပ် နာမ်တရားကို ကောင်းစွာရှုမှတ်ပြီး ငြိမ်သက်သော စိတ်ရှိသည် ဖြစ်၍ လောကီလူသားတို့နှင့် မဆက်ဆံသော မွေ့လျော်ခြင်း ဖြစ်၏။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သုံးသပ်ဆင်ခြင် တိုင်း နှစ်သက်ဝမ်းမြောက်မှု "ပီတိပါမောဇ္ဇ" ဖြစ်ရ၏၊ ထို

နှစ်သက်ဝမ်းမြောက်မှုသည် ပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်းပေတည်း။

ဤသို့ စသည်ဖြင့် အနုဿဗ္ဗာကျော်ရှင် ဘုရားသခင်ပေးခဲ့သည့် သမာဓိဖြစ်ကြောင်း လက်နက်ကောင်း မျာ:စွာတို့ကို ကိုင်စွဲကုန်လျက်–"အစာအာဟာရတို့၌ အတိုင်းအရှည် ပမာဏ မသိမှု၍ ဣန္ဒြေကို မစောင့်စည်းဘဲ တင့်တယ်သာယာဘွယ်ဟု ရှုမြင်လျက် နေသည့် လုံ့လမဲ့ လူပျင်းကို အားနည်း မခိုင်ယိမ်းယိုင်နေသော သစ်ပင်ကို လေမုန်တိုင်း နှိပ်စက်သကဲ့သို့ မာရ်နတ်သည် စင်စစ် နှိပ်စက်ညှဉ်းဆဲနိုင်၏ ဟူ၍ရှင်း–

အစာအာဟာရတို့၌ အတိုင်းအရှည် ပမာဏကိုသိ၍ ဣန္ဒြေတို့ကို ကောင်းစွာစောင့်စည်းလျက် မတင့်မတယ် ရွံဘွယ်ဟုသာ ရှုမြင်နေသည့် သဒ္ဓါထက်သန် ဝီရိယဖြင်းထန်သူကို ကျောက်တောင်ကို လေမုန်တိုင်းသည် မနှိပ်စက်နိုင်သကဲ့သို့ မာရ်နတ်သည် စင်စစ် မနှိပ်စက် မညှဉ်းဆဲနိုင်ချေ ဟူ၍ရှင်း၊ ဤသို့ စသည်ဖြင့် မြတ်စွာဘုရား ဟောပြခဲ့သည့် ဣန္ဒြေမစောင့်စည်းမှု အပြစ်ကြီးလေးပုံနှင့် ဣန္ဒြေစောင့်စည်းမှု အကျိုးကြီးမားပုံကို ဖုံးလွှမ်းတတ်သည့် မောဟနှင့် ယှဉ်ဘက်လာဘ်လာဘ၌ တပ်မက်မှု လောဘ, ပစ္စည်းဥစ္စာရရန် လျှပ်ပေါ်လော်လည်စွာ ရှာဖွေမှုလောဘ၊ သိမ်းသိမ်းဆည်းမှု လောဘစသည့် ကိလေသာရာဂ မာရ်စစ်သည်အပေါင်းတို့ မထိုးဖောက် မဖျက်ဆီးနိုင်သည့် မတုန်လှုပ်သော သမာဓိလည်း ရှိကြကုန်၏။

(အရှင်မြတ်တို့သည်) "ရဟန်းတို့…ရိုသေကျိုးနွံ၍ အရှက်ရှိသော ရဟန်းသည် ဤ သာသနာတော်၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန်ထိုက်တန်၏။

ရဟန်းတို့….ရိုသေကျိုးနွံ၍ အကြောက်တရားရှိသော ရဟန်းသည် ဤ သာသနာတော်၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန်ထိုက်တန်၏၊ "ဤသို့ စသည်ဖြင့် အရှက်အကြောက် သူတော်တရားကို ဖြစ်စေတတ်သည့် ဗုဒ္ဓဩဝါဒ တင်းပုတ် ကိုင်စွဲလျက်" စိတ်သည် နှိမ်နင်းရန်ခက်၏၊ လျင်မြန်၏၊ အလိုရှိရာအာရုံ၌ ကျရောက်တတ်၏၊စိတ်ကို ဆုံးမခြင်းသည်ကောင်း၏၊ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာကိုရွက်ဆောင်တတ်၏ ဟူ၍၎င်း၊ စိတ်သည် အလွန်မြင်နိုင်ခဲသော သဘောရှိ၏၊ အလွန်သိမ်မွေ့၏၊ အလိုရှိရာ အာရုံ၌ ကျရောက်တတ်၏၊ ပညာရှိသည် စိတ်ကို စောင့်ရှောက်ရာ၏၊ စောင့်ရှောက်ပြီးသော စိတ်သည် ချမ်းသာကို ဆောင်တတ်၏-ဟူ၍၎င်း။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား ဟောကြားခဲ့သည့် အမျိုးမျိုးသော လျှပ်ပေါ်လော်လည် ကောက်ကျစ်စဉ်းလဲ ယုတ်မာသော စိတ်ကို ဆုံးမခြင်း၏ အကျိုးကြီးမားမှုကို ဖုံးလွှမ်းတတ်သည့် မောဟတည်း ဟူသော စစ်ဗိုလ်ချုပ် ဦးဆောင်၍ ထိုထိုသိက္ခာပုဒ် လွန်ကျူးမှုစသည့် ယုတ်မာမှုကို ပြုလုပ်တတ်သည့် အဟိရိက အနောတ္တပ္ပ (အရှက်အကြောက် ကင်းမဲ့မှု) စသော ကိလေသာသည့် မာရ်စစ်သည်အပေါင်းတို့ မထိုးဖောက် မဖျက်ဆီးနိုင်ရာက ဟိရိ ဩတ္တပ္ပ (အရှက် အကြောက်) လည်း ရှိကြပါကုန်၏။

ထိုသို့သော အရှင်မြတ်တို့သည်သာလျှင် မိမိတို့ ဖြည့်ကျင့်ရမည့် ကောင်းမှုတို့ကို ဖြည့်ကျင့်နိုင်ကြကုန်၏။ မကောင်းမှုတို့ကို ရှောင်ကြဉ်နိုင်ကုန်၏၊ သိက္ခာပုဒ်တော်တို့ကို လွန်ကျူးခြင်း ကင်းနိုင်ကုန်၏၊ သီလနှင့် ပြည့်စုံနိုင်ကုန်၏၊ မျက်စိစသော ဒွါရတို့ကို စောင့်ထိန်းနိုင်ကုန်၏၊ ငြိမ်သက်နိုင်ကုန်၏၊ ငြိမ်သက်သော ဣန္ဒြေ ရှိနိုင်ကုန်၏၊ တင့်တယ်သပ္ပါယ်စွာ ဝတ်ရုံနိုင်ကုန်၏၊ ရဟန်းကောင်းတို့၏ အသွင်အပြင်နှင့် ပြည့်စုံနိုင်ကုန်၏၊ ဖြောင့်စင်းနူးညံ့သော စိတ် ရှိနိုင်ကုန်၏၊ သည်းခံမှု ချစ်ခင်မှု ကြင်နာမှု များပြားနိုင်ကုန်၏၊ မနာလိုခြင်း နှမြောဝန်တိုခြင်း ကင်းနိုင်ကုန်၏၊ ရဟန်းငယ် ထေရ်ငယ် ထေရ်ကြီး သီတင်းသုံးဖော်တို့၌ ရိုသေလေးစားနိုင်ကုန်၏၊ ကျိုးနွံနိုင်ကြကုန်၏၊ အသက်မွေးမှု တူညီသည့် သူတော်ကောင်းများ ဖြစ်နိုင်ကြကုန်လျက် ဤသာသနာတော်၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်နိုင်ကြကုန်၍ မိမိတို့ ကိုးကွယ်ရာ မှီခိုအားကားရာကို ရပြီး, ရလတ္တံ့, ရဆဲလည်း ဖြစ်နိုင်ကြပါကုန်၏။

ကိုယ့်အား ကိုယ်ကိုးသော ရဟန်းခုနစ်ပါး ဝတ္ထု

ဥပမာသော်ကား— ကဿပဘုရားရှင့် သာသနာတော် ဆုတ်ယုတ်ချိန်အခါ အမျိုးသား ခုနစ်ဦးတို့သည် သာသနာတော်၌ အထူးယုံကြည်မှု သဒ္ဓါတရားဖြင့် ရဟန်းပြုကြကုန်၏၊ သတိ ပညာ အကျင့်အာစာရနှင့် ပြည့်စုံကြ၍ သူတော်ကောင်း အမျိုးသားများ ဖြစ်ကြကုန်၏။

အခြားသော ရဟန်းတို့သည်ကား ပညာနည်းပါးကြကုန်၏၊ သတိ လက်လွှတ်ကုန်၍ သိက္ခာပုဒ်တော်များကို လွန်ကျူးကြကုန်၏၊ မတင့်မတယ် မသပ္ပါယ်သော ဝတ်ရုံခြင်းရှိကြကုန်၏၊ ရဟန်းအသွင်အပြင်မျှ မရှိကြကုန်၊ ကာမဂုဏ်ခံစားသည့် လူဝတ်ကြောင်များကဲ့သို့ လောကီစီးပွါးဥစ္စာများကို လိုချင်တောင့်တမှု ရှိကုန်၏၊ ပစ္စည်းဥစ္စာ၌ လှုပ်ပေါ်လော်လည်ကြကုန်၏၊ လာဘ်လာဘ၌ တပ်မက်ကြကုန်၏၊ ကိုယ်နှုတ်အမူအရာ ကြမ်းတမ်းကြကုန်၏၊ နှုတ်ကြမ်းတမ်းကုန်၏၊ ရောက်တတ်ရာရာ စကားများစွာ ပြောကြကုန်၏၊ ကိုယ်အားထုတ်ရမည့် ရဟန်းတရား ရှိ၏ဟူ၍ပင် မထင်မှတ်ကြကုန်၊ အချိန်ကို အချည်းနှီး ကုန်စေကုန်၏။ ထိုသို့ အချိန်ဖြုန်းနေကြသော ယုတ်မာကုန်သော ရဟန်း၊ ရဟန်းမ၊ သာမဏေ၊ သာမဏေမတို့ ဖောက်ပြန်မှုအမျိုးမျိုးကို တွေ့မြင်ကြရသည့် ထို အမျိုးကောင်းသား ရဟန်းခုနစ်ပါးတို့သည် ဩတ်သန့်တုန်လှုပ်ကုန်၍ ထိုပုဂ္ဂိုလ်တို့ကို ကောင်းစွာကျင့်ကြံစေရန် တိုက်တွန်းဆုံးမခြင်းငှါ မတတ်နိုင်ကြသဖြင့် မိမိတို့အတွက် မိမိတို့ပင် မှီခိုအားကိုးရာကို ရှာဖွေရန် သဘောတူကြကုန်၏။

(ထိုရဟန်းတို့သည်) ရွာကျောင်းကို စွန့်ခွါကုန်၍ တောသို့ဝင်ကြကုန်၏။ တောအတွင်း၌ လှေကားမပါဘဲ တက်ဆင်း၍ မရနိုင်သည့် အတက်အဆင်း ခက်သည့် တောင်တခုကို တွေ့မြင်ကြကုန်၏။ လှေကားရှည်တခုဖြင့် တက်၍ တောင်ပေါ် ရောက်သောအခါ ထိုလှေကားကို ဖယ်ရှားဖြုတ်ပစ်ပြီးနောက် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ အာဟာရကိုပင် မစားသုံး

မူ၍ ပြင်းထန်သော ဝီရိယဖြင့် ရဟန်းတရားကို အားထုတ်ကြကုန်၏။ မိမိတို့ ဖြည့်ဆည်းပူးခဲ့သော ပါရမီအားလျော်စွာ ကိုးကွယ်မှီခိုရာ တရားထူး အသီးသီးကို ရကြကုန်သတတ်။

မမေ့မလျော့မှု (အပ္ပမာဒ) တရားကား သတ္တဝါတို့၏ ကိုးကွယ်ရာကို ပြုတတ်လေစွတကား။

အလဇ္ဇီကို မှီခိုခြင်း အပြစ်

အချို့သော ပုဂ္ဂိုလ်တို့သည်ကား မူလအစက ကာမဂုဏ်၌ အပြစ်မြင်၍ ရဟန်းဘဝ၌ အကျိုးစီးပွါးကို မြင်၍ သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့ကြကုန်၏။

သို့သော်လည်း—

(က) "သူတော်ကောင်းတို့နှင့် သာလျှင် ပေါင်းသင်းကုန်လော့၊ သူတော်ကောင်းတို့နှင့် ဆက်ဆံမှုကို ပြုကုန်လော့၊ သူတော်ကောင်းတို့၏ မှန်ကန်မြင့်မြတ်သော တရားကို သိရသဖြင့် မြင့်မြတ်သူ ဖြစ်နိုင်၍ ယုတ်မာသူ မဖြစ်နိုင်"

ဤသို့သော ဗုဒ္ဓဩဝါဒကို မသိကုန်၍ရင်း၊ သတိမထားမိကုန်၍ရင်း။

(ခ) "ဤပုဂ္ဂိုလ်တို့ကား ငါ၏ မှီခိုကိုးကွယ်ရာ သူတော်ကောင်းတို့တည်း၊ ဤပုဂ္ဂိုလ်တို့ကား ကိုးကွယ်ရာ မဟုတ် သူယုတ်မာတို့တည်း" ဤသို့ နှလုံးမသွင်းနိုင်ကုန်၍ရင်း။

(ဂ) "ယုတ်မာသော အဆွေခင်ပွန်းကို မမှီဝဲ မဆည်းကပ်ရာ၊ ယုတ်မာသော ယောကျ်ားယုတ်ကို မမှီဝဲ မဆည်းကပ်ရာ၊ မိတ်ဆွေကောင်းတို့ကို မှီဝဲဆည်းကပ်ရာ၏။ ယောကျ်ားမြတ်ကို မှီဝဲဆည်းကပ်ရာ၏၊ ဤသို့ ဘုရားဟောပြခဲ့သည့် မှီဝဲထိုက် မမှီဝဲထိုက် ပုဂ္ဂိုလ်တို့ ကိုလည်း မစိစစ်ကုန်မူ၍ရှင်း—

ဟုတ်ဟုတ်ငြားငြားသော (တွေ့ရာ မြင်ရာ) ဒုဿီလ ပုဂ္ဂိုလ်တို့ကိုလည်း မှီဝဲဆည်းကပ်ကုန်၍ မူလအစကပင်လျှင် ဆရာကောင်းထံ နည်းမခံရသည့် ပညတ်ပြီးသား သိက္ခာပုဒ်များကို လွန်ကျူးကြသည့် ရဟန်းအသွင်အပြင်နှင့် မပြည့်စုံသည့် ပုဂ္ဂိုလ်တို့၏ အထံ၌ ရဟန်းပြုခဲ့ကြကုန်သဖြင့် မူလ အစကတည်းကပင်လျှင် ဒုဿီလပုဂ္ဂိုလ် အဖြစ်သို့ ရောက်ခဲ့ကြကုန်၍၊ သဒ္ဓါတရား ပျက်စီးခဲ့ကုန်၏၊ အကျင့်သီလ ပျက်ခဲ့ကြကုန်၏၊ မတင့်မတယ် ဝတ်ရုံကြကုန်၏၊ ရဟန်းကောင်းတို့၏ အသွင်အပြင်နှင့် မပြည့်စုံကြကုန်၊ တဖြည်းဖြည်း ရဟန်းငယ်ဘဝမှ ကြီးရင့်လာ၍ ရဟန်းကြီး ထေရ်ကြီး ဝါကြီးဘဝ ရောက်ကြကုန်သော်လည်း ငယ်စဉ်ကအတိုင်းသာ ပြုကျင့်နေထိုင်ကြကုန်၏။

ထိုထို ဆရာမြတ်တို့ထံ၌ ပရိယတ္တိနည်း ပဋိပတ္တိနည်းတို့ကို သင်ယူရန် ထိုထိုဤဤ လှည့်လည် သွားလာသောအခါ၌လည်း—

"ရဟန်းတို့၊ အလဇ္ဇီရဟန်းကို အမှီပြု၍ မနေအပ်၊ နေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏"

ဟူသော မြတ်စွာဘုရားအာဏာအဆုံးအမတော်ကို အလေး မယူဘဲ လွန်ကျူး၍ မိမိကိုယ်တိုင်လည်း အညစ်အကြေးရှိသူ ဖြစ်လျက် အညစ်အကြေးရှိသော ပုဂ္ဂိုလ်တို့ထံသို့ သွား၍ ဆည်းကပ်ခဲ့ကြ မှီဝဲကုန်၏။ သီလစင်ကြယ်မှုကို တခါတရံမျှ ခံရကြကုန်၊ တနေရာရာ၌ အကျင့်သီလ ပြည့်စုံသည့် ပညာရှိ ရဟန်းကောင်းများကို တွေ့မြင်ကြားသိရသော်လည်း ထိုသို့ သီလပြည့်စင်သော ရဟန်းကောင်းများနှင့် တညတာမျှလည်း အတူနေလိုစိတ် မရှိကြကုန်။ မိမိတို့နှင့် သဘောတူညီသည့် အကျင့်ပျက် ဒုဿီလ ရဟန်းတို့နှင့်သာလျှင် အသက်ဆက်ဆုံး လည်း ပေါင်းသင်းဆက်ဆံ နေကြကုန်၏။

"အပြစ်ကို ဖော်ပြ၍ ဖိနှိပ်ပြောဆို ဆုံးမ တတ်သော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ထုတ်ဖော် ညွှန်ပြလာ သူကဲ့သို့ ဆည်းကပ် ခစားရာ၏။" ....ဟူ၍ ကိုးကွယ်ရာ မြတ်စွာဘုရားသည် ကိုးကွယ်ရန်အတွက် ဟောကြားထား သည့် ကိုးကွယ်ရာအစစ် အဆုံးအမတော်ကို ကျောပေး၍ သနားကရုဏာ စိတ်ဖြင့် ဟုတ်တိုင်းမှန်ရာ အပြစ်ပြ၍ ဆုံးမ တတ်သည့် လဇ္ဇီ ကုက္ကုစ္စက သိက္ခာကာမ ဆရာ အရှင်မြတ် တို့ကို ကဲ့ရဲ့ရှုတ်ချကုန်၏၊ ထိုရဟန်းကောင်း တို့၏ ဂုဏ်ကို ချေဖျက်ကြကုန်၏၊ (သီလပြည့်စင်သော ဆရာအရှင်တို့အပေါ် ၌) အချက်ထွက်ကာ ရန်ငြိုးဖွဲ့ကုန်၏၊ ရဟန်းယုတ်တို့၏ ဂုဏ်ကျေးဇူးကိုသာ ပြောဆို ချီးကျူးကြကုန်၍ ထိုရဟန်း ယုတ်တို့နှင့်သာလျှင် အသက်ထက်ဆုံး အတူနေအတူစား ကုန်လျက် မိမိတို့ နောက်လိုက် ပရိသတ်နှင့်တကွ အားလုံး ရဟန်းယုတ် ဒုဿီလချည်း ဖြစ်ကြကုန်၏။ ဓားအနွှာရာယ်

ထူပြော၍ သွားလာရန် ခက်ခဲသည့် အသူတာဆုနက် ချောက်ထဲ၌ ကျရောက်နေသော သားသမင်တို့ကဲ့သို့ရင်း, ခလိမ်မာသော တံငါသည်တို့ကဲ့သို့ရင်း အချင်းချင်း ကိုးကွယ်ရာ မှီခိုအားထားရာ မဖြစ်နိုင်ကြကုန်။

ထိုဒုဿီလ အကျင့်ပျက် ရဟန်းတို့သည် တံငါမိုက်တို့ကဲ့သို့ မိမိတို့အတွက် လာမည့် သံသရာဘေးကို မမြင်ကြကုန်ဘဲ ပျော်ရွှင်မြူးတူး ပျော်ပါး ကစားလျက် နေကုန်၏၊ အခြားသော သူတော်ကောင်းတို့၏ အပြစ်ကို ရှာကြံ ကဲ့ရဲ့ ရှုတ်ချကုန်၏၊ ထော်လော် ကန့်လန့်ပြု၍ အပြစ်အနာအဆာ (အပေါက်) ရှာကြကုန်၏။ မိမိတို့ထံ လာတိုင်းလာတိုင်းသော အလုပ်အကျွေး ဒါယကာတို့ကိုလည်း သူတော်ကောင်းတို့၏ အပြစ်ကို ဖော်ပြပြောကြားကြကုန်၏။

မိမိရော သူတပါးပါ အကျိုးမဲ့စေမည့် မကောင်းမှုများစွာတို့ကို တိုးပွါးစေကုန်လျက် နေကြကုန်သော ထိုကဲ့သို့သော ရဟန်းဆိုး ရဟန်းယုတ်တို့သည် သာသနာ့ ဒါယကာဘုရင်မင်းမြတ်တို့နှင့် သံဃာ့နာယက သာသနာပိုင် ဆရာတို့၏ ဆုံးမမှု တားမြစ်မှု မရှိသောအခါ စိတ်တိုင်းကျ ပြုကျင့်နေထိုင်ကြကုန်လတ္တံ့၊ သေသည်တိုင်အောင်လည်း ထိုအလဇ္ဇီအမှုတို့ကို မစွန့်ကြကုန်ဘဲ ထိုထက် ယုတ်မာလှသည့် (အလဇ္ဇီအမှု) တို့နှင့် အတူ သေမင်းခံတွင်းသို့ ဝင်ကြကုန်၍ ငရဲစသော အပါယ်လေးပါးတို့၌ ကျရောက်ကုန်သဖြင့် ကိုးကွယ်ရာမှ ကိုးကွယ်ရာ မရကြကုန်ဘဲ ဘေးအန္တရာယ်ကိုသာ ရကြကုန်၍ ပျက်စီးခြင်းသို့ ရောက်ကြကုန်လတ္တံ့။

ပြိတ္တာများဝတ္ထု

ဥပမာ-အားဖြင့်ပြရသော်... ကဿပဘုရားရှင်၏ သာသနာတော် ဆုတ်ယုတ်လာချိန်တွင် သေးငယ်သည့် သိက္ခာပုဒ်တို့ကို လွန်ကျူးကြသည့် ရဟန်းယုတ် ရဟန်းမယုတ်စသည်တို့သည် ထိုဘဝမှ စုတေကြ ကုန်သည်ရှိသော် ငရဲ၌ အနှစ်တသိန်း ကာလပတ်လုံး ခံကြရကုန်၏။ ထိုငရဲမှ စုတေပြန်သော် ယခုအခါ ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်၌ စက်ဆုပ်ဘွယ် ခန္ဓာကိုယ် အတ္တဘောကြီးဖြင့် ပြိတ္တာကြီးများဖြစ်ကြပြန်၏။ (ထိုပြိတ္တာကြီးတို့သည်) ရဲရဲညီးညီး အလျှံတပြောင်ပြောင် မီးတောက်မီးလျှံ ထနေသည့် သံသပိတ်နှင့် သကန်းတို့ကို သုံးစွဲဝတ်ရုံ နေကြကုန်၏။ ရဲရဲညီးညီး အလျှံတပြောင်ပြောင် မီးတောက်မီးလျှံ ထနေသည့် သံမီးခဲ မီးတုံးကြီးတို့ကို မျို၍မျို၍ နေကြကုန်၏။ ထို့ပြင် အမျိုးမျိုး အစားစား၊ အခြားခြားသော ဆင်းရဲဒုက္ခတို့၏ ဖိစီးနှိပ်စက်ခြင်းတို့ကိုလည်း ခံကြရကုန်သည်ဖြစ်၍ ဆင်းရဲငြိုငြင်ခြင်းသို့ ရောက်ကြ ကုန်၏။ ယနေ့တိုင်အောင်ပင် ငိုကြွေးမြည်တမ်းကြကုန်လျက် ထိုပြိတ္တာဘဝမှ မလွတ်မကျွတ်ကြကုန်သေးပဲ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏။

ကုသိုလ်တရားတို့၌ မေ့လျော့၍၊ အကုသိုလ်တရားတို့ကို အားထုတ်သည့် သတ္တဝါတို့အား အကျိုးမဲ့ဖြစ်ရခြင်းသည် အလွန်ကြောက်ဘွယ် ကောင်းလေစွတကား၊ မာရ်မင်းသည် သတ္တဝါအားလုံးတို့ကို မိမိအလိုနိုင်ငံသို့ လိုက်ပါအောင် ဆွဲဆောင် နိုင်ခြင်းသည်လည်း အလွန်အံ့ဩဘွယ် ကောင်းလှပေ၏။

သီဟိုဠ်ရဟန်းတော်များ မွန်းလွဲချိန်၌ ကွမ်းစားခြင်း

ရှင်တော်ဘုရားက မိမိတည်ပြည့် ရဟန်းများအတွက် ကိုးကွယ်ရာ ဖြစ်စိမ့်သောငှါ ပညတ်ထားတော်မူခဲ့သည့် ဝိနည်းလ ဘောဇနသိက္ခာပုဒ်သည် မာရ်မင်း၏ လှုပ်ချောက်ချားခြင်းကို ခံရသည်ဖြစ်၍ ယခုအခါ သီဟိုဠ်ကျွန်းတွင် အချို့ပုဂ္ဂိုလ်တို့အား ကိုးကွယ်ရာမဲ့ကဲ့သို့ ဖြစ်နေသည်။ မှန်၏....

"ယာမကာလိက စသည်တို့ကို အာဟာရ အလို့ငှါ ခံယူ၍ စားမျိုတိုင်းတို့၌ ဒုက္ကဋ် အာပတ်သင့်၏" ဟူ၍ရင်း–

"မကျန်းမမာခြင်းစသောအကြောင်းရှိခဲ့သော် မွန်းလွဲချိန်၌ ယာဝကာလိက မှတပါး ကာလိကသုံးပါးသည် အပ်၏" ဟူ၍ရင်း–

ဤသို့ လာရှိသည့် ကခါအဋ္ဌကထာ ခုဒ္ဒသိက္ခာ အားလျော်စွာ ယာဝဇီဝိက ကွမ်းကိုပင်သော်လည်း မကျန်းမာခြင်း အကြောင်းကင်း၍ မွန်းလွဲချိန်တွင် သုံးဆောင်သည့် ရဟန်းကိုအား ဒုက္ကဋ်အာပတ် သင့်ရောက်ပါသည်။ ထို့ကြောင့် ဤသိက္ခာပုဒ်သည် ထိုသို့ မွန်းလွဲချိန်တွင် ကွမ်းဘုဉ်းပေးသည့် ပုဂ္ဂိုလ်တို့အား ဝိကာလဘောဇန သိက္ခာပုဒ်ကို လွန်ကျူးခြင်း ဘေးမှရင်း၊ မိမိကိုယ်ကိုစွပ်စွဲခြင်းဘေး၊ သူတပါးတို့က စွပ်စွဲခြင်းဘေးနှင့် ဒုဂ္ဂတိ သံသရာဘေးတို့မှရင်း လွတ်မြောက်စေရန် ကိုးကွယ်ရာ မဖြစ်နိုင်ချေ။

မှန်၏၊ မွန်းလွဲသည့်အခါ ဖျားနာခြင်း အကြောင်းမှတပါး ရသတဏှာ အလိုသို့လိုက်ခြင်း ဆက်သက်ဖြင့် "ဆား" ကိုပင် သော်လည်း ဘုဉ်းပေး သုံးဆောင်သည့်

ပုဂ္ဂိုလ်အား အာပတ်သင့်သည်သာ ဖြစ်၏၊ ကွမ်းကိုဘဦးပေး သုံးဆောင်သည့် ပုဂ္ဂိုလ်အား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း၊ အာပတ်သင့်သည်သာ ဖြစ်၏။

ဤနေရာ၌ ခံတွင်းနံ့ မကောင်းခြင်းသည်လည်း မကျန်းမာခြင်း အရာ၌ တည်သောကြောင့် ထိုခံတွင်းနံ့ မကောင်းခြင်း ကင်းပျောက်သွားရန် ကွမ်းစားခြင်းသည် မွန်းလွဲကာလ၌လည်း အပ်သည် မဟုတ်လော" ဟု စောဒနာဝင်စရာ ရှိပေသည်။ မအပ်ပါ၊ အကြောင်းကို ဆိုသော် အမှတ်မထား တပါး ပါးသော ဤ ခန္ဓာကိုယ် အကောင်ပုပ်အားလုံး၏ အမြဲမပြတ် ဒလစပ် အနံ့ မကောင်းရုံမျှကို မကျန်းမာခြင်းအဖြစ်ဖြင့် ကျမ်းဂန်များ၌ မလာသောကြောင့် ဖြစ်ပါသည်။

တနည်းအားဖြင့်–ထို အနံ့မကောင်းခြင်းသည် မကျန်းမာခြင်းအဖြစ်၌ တည်သည်ဖြစ်စေ မတည်သည်ဖြစ်စေ၊ ထို မကောင်းသည့် ခံတွင်းနံ့ကို ကင်းပျောက်စေရန် ကွမ်းယာကို လည်မျိုအထိ မသွင်းမူ၍ ကွမ်းကိုခံတွင်း၌ ငုံရုံမျှ ပြုသူအား အပြစ်မရှိပါချေ၊ အဘယ့်ကြောင့်ဆိုသော် ဝိကာလဘောဇနသိက္ခာပုဒ်ကို ဖွင့်ဆိုသော ကခါအဋ္ဌကထာ၌ အစာအာဟာရအားလုံးတို့ကို လည်မျိုသို့ ဝင်သည့်ကာလ၌သာ ထိုက်သင့်သလို အာပတ်ဖြင့် ပိုင်းခြားရသောကြောင့် ဖြစ်ပါသည်။

အကယ်၍ ထို ပုဂ္ဂိုလ်အား မကျန်းမာခြင်းအကြောင်း ကင်း၍ မွန်းလွဲချိန်၌ ကွမ်းကို ခံတွင်း၌ ငုံထားစဉ် ကွမ်းရည်သည် လည်မျိုသို့ ဝင်သွားခဲ့လျှင် ကွမ်းရည်၏ မခြားပြာပ

သောက်ဟု မဆိုနိုင်သောကြောင့် အာပတ်သင့်ရောက်သည်သာ ဖြစ်၏။ မှန်၏၊ ဒန္တပေါနသိက္ခာပုဒ်အဖွင့် ကခ်ါအဋ္ဌကထာ၌–"သစေ ပန ဒန္တကဋ္ဌရသော" စသည်ဖြင့် ဒန်ပူရည်ပင် ဖြစ်သော်လည်း လည်မျိုသို့ ဝင်သောကာလ၌ အာပတ်သင့်၏ဟု မိန့်ဆိုထားပေသည်။

ဆက်၍ဆိုပါဦးမည်–မွန်းလွဲချိန်၌ ကွမ်းစားသောရဟန်းအား ကွမ်းရည် လည်မျိုသို့ဝင်သွားချိန်၌ အာပတ်သင့်သကဲ့သို့ ထို့အတူ လုံးသောက်သည့်အကြောင်းမရှိပဲ မွန်းလွဲချိန်၌ ဖျော်ရည်သောက်သည့်ရဟန်းအားရင်း၊ ဖန်ခါးသီးစသည်ကို ဘုဉ်းပေးသောရဟန်းအားရင်း ဖျော်ရည်စသည်တို့ လည်မျိုသို့ဝင်သွားသောအချိန်၌ အာပတ်သင့်တော့သည်သာဟု သိသင့်ပေသည်။

ဤအဓိပ္ပါယ်မှတပါး အာပတ်မသင့်ဟု ယူခဲ့ငြားအံ့၊ မွန်းလွဲချိန်၌ မကျန်းမာခြင်းအကြောင်း မရှိသော်ငြားလည်း ယာဝကာလိကမှတပါး ကာလိကသုံးပါးလုံး အပ်၏ဟူသောအဓိပ္ပါယ်ရောက်ရာ၏၊ အမှန်စင်စစ် ထိုအဓိပ္ပါယ်မျိုးမရောက်ချေ။ မှန်၏၊ အကြင်ပုဂ္ဂိုလ်သည် ကျန်းမာလျက်လည်း ကွမ်းအရသာ၌ တပ်မက်မောသည့် ဟဏှာ နှိပ်စက်ရကား–မိမိထံသို့ ကျရောက်လာမည့် ဖော်ပြခဲ့ပြီးသည့် ဘေးရန်ကို သတိမရနိုင်သောကြောင့် ကာမစည်းစိမ်ကို ခံစားသည့် လူဝတ်ကြောင်ကဲ့သို့ ရသတဏှာ နောက်သို့ အစဉ်လိုက်လျက် တကြိမ်မျှပင်သော်လည်း မွန်းလွဲချိန်၌ ကွမ်းစားငြားအံ့၊ ထိုပုဂ္ဂိုလ်အား ကွမ်းရည်ဖြစ်စေ၊ အဖတ်ဖြစ်စေ လည်မျိုသို့ မဝင်လိုသော်ငြားလည်း မသိသော်လည်း အလွန်လွယ်ကူစွာ

ခင်နိုင်၌ တံထွေးနှင့်ရော၍ ဝင်သွားပြီးအံ့၊ ဤသိက္ခာပုဒ်သည် စိတ်မရှိသော်လည်း အာပတ်သင့်သည့် သိက္ခာပုဒ်ဖြစ်သောကြောင့် ဝင်တိုင်း ဝင်တိုင်း ဒုက္ကဋ်အာပတ် သင့်ရောက်ပေသည်။

ယနေ့ မွန်းလွဲချိန်မှစ၍ နောက်တနေ့ အရုဏ်တက်ချိန်အထိ ကာလအရသာ၌ တပ်မက်သည့်တဏှာ ကိလေသာမာရ်၏ အလိုသို့ အစဉ်လိုက်၍ ကွမ်းစားသောပုဂ္ဂိုလ်အား တနေ့ချင်းပင် အရောမကာ များလှသော အာပတ်တို့သည် ရေအယဉ်ကဲ့သို့ လွှမ်းမိုး၍ သင့်ရောက်ကုန်၏။ နေ့စဉ် နေ့စဉ်မွန်းလွဲတိုင်း မွန်းလွဲတိုင်း၌ကား ဆိုဘွယ်ရာပင် မရှိတော့ချေ။ ထို့ကြောင့် ဤသို့ အာပတ်များစွာတို့ လွှမ်းမိုးခံနေရသည့်ရဟန်းတို့မှာ "ဤသို့ မပြုလုပ်တော့အံ့"ဟု နောင်အခါစောင့်စည်းခြင်း၌ ရပ်တည်လိုသောစိတ်ဖြင့် တရံတခါမျှပင်အာပတ်ကို မသုတ်သင် မကုစားမူ၍ တရံတခါမျှပင် ထင်ဒိသဘောသို့ မသက်ရောက်သော ရဟန်းတို့အတွက်—

"ယော ပန ဘိက္ခု ဝိကာလေ ခါဒနီယံ ဝါ ။ပ။ ပါစိတ္တိယံ"ဟု ဘုရားရှင် ပညတ်ထားသည့် ဝိကာလဘောဇနသိက္ခာပုဒ် ဒုက္ကဋဝါရအဖွင့်၌ "ယာမကာလိကာဒီနိ အာဟာရတ္ထာယ"အစရှိသည်ဖြင့် ဆိုခဲ့ပြီးသည့် ဝိနည်း အဋ္ဌကထာပါဠ်ကို အဋ္ဌကထာ ဆရာ ထားတော်မူခဲ့ပါသည်။ ထားတော်မူခဲ့သော်ငြားလည်း ထိုပါဠ်သည် ဆိုခဲ့ပြီးသည့် ဘေးငါးပါးတို့မှ လွတ်၍ နတ်ရွာမဂ်ဖိုလ်အတွက် အားထားရန်ငှါ မဟုတ်နိုင်ပါချေ။

ဆေးဥပမာ

ဘခင် ဆေးသမားကြီးက ကောင်းစွာ ပေးထားသည့် ဆေးကို သင့်တင့်လျောက်ပတ်ချိန်၌ မသုံးဆောင်ပဲ မသင့်လျော်သည့်အချိန်၌သာ ထပ်တလဲလဲသုံးဆောင်၍ သေဘေးနှင့်တွေ့ကြုံရသည့် သားမိုက်အတွက် ဆေးသည် အကျိုးမရှိနိုင်တော့ချေ၊ ထို ဘခင် ဆေးဆရာကြီးလည်း ဘာတတ်နိုင်အံ့နည်း၊ ရသတဏှာမာင်ရှင်၏ သတ္တဝါတို့ကို အကျိုးမဲ့ပြုခြင်းသည် အလွန်ကြောက်စရာကောင်းပေစွ၊ ဝသဝတ္တိမာရ်နတ်၏ သတ္တဝါတို့ကို မိမိအလိုသို့ ဆွဲဆောင်နိုင်ခြင်းသည် အလွန်အံ့ဩဘွယ်ကောင်းပေစွ။

တိုက်တွန်းချက်

ဤသို့လျှင် ဤကဲ့သို့သော အရာမျိုး၌ မကောင်းမှုကို ကဲ့ရဲ့လေ့ရှိ၍ မကောင်းမှုကို အပြစ်မြင်လေ့ရှိကုန်သော သူတို့သည် ဤကဲ့သို့ ပုဂ္ဂိုလ်မျိုးတို့အား တရံတခါမျှပင် ကဲ့ရဲ့ ချုတ်ချမှု မပြုသင့်ကြချေ၊ သတိသံဝေဂ ရကုန်၍ (မိမိကိုယ်တိုင်) ထို ပုဂ္ဂိုလ်တို့အပေါ်၌ ကရုဏာ ဖြစ်သင့်ကြပေသည်။

"တပါးသူတို့ အလိုကြီးကြပေမဲ့ ငါတို့ကား အလိုနည်းကြကုန်အံ့"ဟု ခေါင်းပါးသောအကျင့်ကို ကျင့်သင့်၏ စသော သလ္လေခသုတ္တန်ကို အောက်မေ့ကုန်၍ သတိ-ပညာ ရှိကြသည့် သဒ္ဓါ ကုလ္လပုတ္တက သိက္ခာကာမဖြစ်ကြသည့် သီဟိုဠ်ကျွန်းသား အရှင်ကောင်း အရှင်မြတ်တို့သည် "မွန်းလွဲချိန်တွင် ကွမ်းစားသည့် ဤပုဂ္ဂိုလ်များကဲ့သို့ ငါတို့သည် မွန်းလွဲချိန်တွင်

မပြောပလောက်သည့် ကွမ်းစားခြင်း အရသာ ခံစားမှုကို အကြောင်းပြု၍ အဖိုးအလွန်များစွာ ထိုက်တန်သည့် စောင့်ထိန်းထားသည့် သီလကိုဖျက်၍ ဒုဿီလအဖြစ်သို့ ရောက်ကာ မပျက်စီးကြပါကုန်စို့”ဟု နှလုံးပိုက်လျက် ထာဝစဉ် သတိပြုဘော်မူကြပါကုန်ဘုရား။

သိက္ခာပုဒ်တို့၏ ချီးမြှောက်ခြင်း နှိပ်ကွပ်ခြင်း

သန္နိဓိသိက္ခာပုဒ်ကို ဘုရားသခင်သည် မိမိ၏ တပည့်သာဝက ဖြစ်ကြသည့် ရဟန်းများအား ချီးမြှောက်ရန် ပညတ်ထားသော်လည်း အချို့ပုဂ္ဂိုလ်များအတွက် နှိမ်နင်းရန် ပညတ်သကဲ့သို့ ထင်ရ၏။ မှန်၏။—

“ သတ္တာဟကာလိက, ယာဝဇီဝိက, အာဟာရတ္ထာယ ဟူသော စကားရပ်၌ အာဟာရ အလို့ငှါ ခံယူသော ရဟန်းအား ခံယူခြင်းအကြောင်းကြောင့် ရှေးဦးစွာ ဒုက္ကဋ်အာပတ် သင့်၏၊ မျိုသောရဟန်းအားကား အကယ်၍ အာမိသကင်းငြားအံ့၊ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏”ဟူ၍၎င်း–

“ အသက်ထက်ဆုံး ဆောင်ထား၍ မကျန်းမာသော အကြောင်း ရှိလာခဲ့သော် သုံးဆောင် အပ်သောကြောင့် “ယာဝဇီဝိက” ဟု ဆိုအပ်၏” ဟူ၍၎င်း—

အကယ်၍ မစင်မကြယ် ဆေးထားသည့်သပိတ် ဖြစ်အံ့၊ အကြွင်းသပိတ်ကို လက်ချောင်းဖြင့် ပွတ်တိုက်သည့်အခါ သပိတ်၌ လက်ချောင်းရာ ထင်အံ့၊ အဆုံးအဖွဲ့ရှိသော သပိတ်၏ အဆုံးအဖွဲ့ အတွင်း၌ ဆီခဲနေ၍ ထိုဆီသည် နေပူ၌

သပိတ်ကို လှန်းသည့်အခါ ယိုစီးထွက်အံ့၊ တနည်းအားဖြင့် ယာဂုပူပုကို ထည့်သည့်အခါ ဆီ ထင်ရှားလာအံ့၊ ဤသို့ သဘောရှိသော သပိတ်၌ နောက်တနေ့ ဘုဉ်းပေးသုံးဆောင်သည့် ရဟန်းအား ပါစိတ်အာပတ် သင့်၏” ဟူ၍ရင်း—

“ ယနေ့ အကပ်ခံထားသည့် ယာဝဇီဝိက သည်လည်း နောက်တနေ့ အကပ်ခံသော ယာဝကာလိကနှင့် ရောနှော သော အရသာရှိလျှင် မအပ်ချေ။ သို့မှီး၍ စားခြင်းကြောင့် သင့်သော ပါစိတ်အာပတ်ကို ဆောင်နိုင်၏။ ဤသို့ ရောနှော ခြင်းသည် သိုမှီးခြင်းကို ပြုအပ်၏ ဟု မသိသော်ငြားလည်း ပါစိတ်အာပတ်မှ မလွတ်ချေ” ဟူ၍ရင်း—

ဤသို့ လာရှိသော ပါဠိတော် အားလျော်စွာ ရှေ့က အကပ်ခံထားသော ကွမ်း ယာဝဇီဝိက ကိုပင် သော်လည်း မကျန်းမာခြင်း အကြောင်းမရှိပဲ သက်သက် ရသတဏှာ ကိလေသာမာရ်အလိုသို့ လိုက်ကာ မွန်းမလွဲမီ အခါန်၌ ဖြစ်စေ၊ မွန်းလွဲချိန်၌ ဖြစ်စေ ဘုဉ်းပေး သုံးဆောင်သော ရဟန်းအား သန္နိဓိဒုက္ကဋ်အာပတ် သင့်ပေသည်။

တဖန် ပါးစပ်အတွင်း၌ မစင်မကြယ် ဆေးကြောသဖြင့် သွားကြား၌ မကြေကျက်သေးသည့် ရှေ့က စားထားသော ကွမ်းဖတ်တို့နှင့် ရောနှော၍ ယာဝကာလိကကို ဘုဉ်းပေးသုံး ဆောင်သည့် ရဟန်းတို့အား သန္နိဓိပါစိတ်အာပတ် သင့်ပေ သည်။ ထို့ပြင် စင်ကြယ်အောင် မဆေး၍ အညစ်အကြေးရှိ သည့် သပိတ်ခွက်တို့၌ ထည့်ပြီး ဘုဉ်းပေး သုံးဆောင်သော ရဟန်းတို့အား ပါစိတ်အာပတ် သင့်ပေသည်။ ထို့ကြောင့်

ဤသိက္ခာပုဒ်သည် ထိုသို့သဘောရှိသော ပုဂ္ဂိုလ်တို့အား ဆိုင် အပ်ခဲ့ပြီးသော ဘေးငါးပါးတို့မှ လွတ်မြောက်စေရန်ငှာ၊ ထို သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်း၊ အားဆုတ်ခြင်းနှင့် ယှဉ်သည့် သဒ္ဓါ၊ သတိ၊ ဝီရိယ ရှေ့သွားရှိသည့် သီလမယ ကုသိုလ် ကြောင့်ဖြစ်သော စိတ်နှလုံး သာယာခြင်း၊ ပါမောဇ္ဇ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ နိဗ္ဗိဒါဉာဏ် အစရှိကုန်သော အကျိုး ရင်း အကျိုးဆက် များစွာတို့ကို ပြည့်စုံစေရန်ငှာ ကောင်း မွန်စွာ ချီးမြောက်ခြင်းငှါ မတတ်နိုင်ပါချေ။

ဆေးဥပမာ တမျိုး

ဘခင် သမားတော်ကြီးသည် ကောင်းစွာ ပေးအပ်သည့် မှန်မြတ်သော ဆေးကို လေးစားသမှုပြု၍ မသောက်ပဲ လတ် ကာလော သေစေတတ်သည့် အဆိပ်ကို စား၍ သေဘေးနှင့် တွေ့ကြုံနေရသည့် သားမိုက်ငယ်အား ထို ဆေးမှန် ဆေး ကောင်းသည် မည်သို့မျှ အကျိုးမရှိနိုင်ပါချေ။ ထိုဘခင်ဆေး ဆရာကြီးကလည်း မည်သို့မျှ ပြုလုပ်နိုင်မည် မဟုတ်ချေ။

> "ချမ်းသာအနည်းငယ်ကို စွန့်လွှတ်ခြင်းကြောင့် ကြီးကျယ် ပြန့်ပြောသည့် ချမ်းသာကို မြင်သော ပညာရှိသည် ချမ်းသာအနည်းငယ်ကို စွန့်လွှတ်လိုက် ရာ၏။"

ဟူသည့် ရှင်တော်ဘုရား၏ဩဝါဒတရားကို မအောက်မေ့ နိုင်အောင် ကိလေသာမာရ်သည် သတ္တဝါတို့ကို အကျိုးမဲ့ပြု ခြင်းသည် အလွန်အံ့ဩဘွယ် ကောင်းလှပေစွ။

မှန်ပါသည်– ကိလေသာမာရ်သည် ဘုရားရှင်၏ တပည့် သာဝက သာကီဝင်မင်းသား ရဟန်းတော်များကိုပင်သော် လည်း သီလစင်ကြယ်ခြင်း၏ အကျိုးဖြစ်ကုန်သော ကြီးကျယ် ပြန့်ပြောသည့် ချမ်းသာများစွာတို့ကို စွန့်လွှတ်စေ၍ မကျန်း မာခြင်း အကြောင်းကင်းလျက် ဓမ္မက အကပ်ခံထားသည့် ကွမ်းကို စားသုံးခြင်း စသော ချမ်းသာအနည်းငယ်ကို သုံး ဆောင်ခံစားစေလျက် မျက်မှောက် တမလွန် နှစ်ဘန်သော လောက၌ အကျိုးမဲ့တို့ကို ပြုလုပ်နိုင်ဘိ၏တကား။

နောက်ထပ်တိုက်တွန်းချက်

ဤသို့လျှင် ဤသို့ သဘောရှိသော အဆာမျိုး၌လည်း မကောင်းမှုကို ကဲ့ရဲ့ပြစ်တင်လေ့ရှိသော သူတို့သာ ဖြစ်ကုန်၍ ဤသိက္ခာပုဒ် လွန်ကျူးပြစ်ကို ဖုံးလွှမ်းတတ်သည့် မောဟနှင့် ယှဉ်သည့် ရသ တဏှာ ဤ ကိလေသာ၏ ယုတ်မာမှုကိုသာ ကဲ့ရဲ့ရှုတ်ချကုန်လျက်—

> “ သူတပါးတို့၏ မလျော်သည့် အပြစ်အနာအဆာတို့ကို မကြည့်မရှုရာ၊ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြု မပြုကို မကြည့်မရှုရာ၊ မိမိ၏ကောင်းမှု မကောင်းမှု ပြု မပြုကိုသာ ကြည့်ရှုရာ၏။”

ဟူသည့် ဘုရားသခင်၏ ဩဝါဒကို ကောင်းစွာအောက် မေ့နှလုံးသွင်းကုန်လျက် ထိုပုဂ္ဂိုလ်တို့၏ ကောင်းမှု မကောင်းမှု ပြု မပြု အပြစ်အနာအဆာများကို တခါတရံမျှပင်သော်လည်း မရှုမြင်ရာ။ မိမိ၏ ကောင်းမှု မကောင်းမှု ပြု မပြု အပြစ်ကို သာ အကြိမ်ကြိမ် အဖန်ဖန် ရှုမြင်သုံးသပ်ရာ၏။ သန္နိမိအာ

၂တ်ဖြင့် ညစ်နွမ်းကြသော ဤသို့သော ပုဂ္ဂိုလ်တို့၌ သနား သွာတာသော ကရုဏာစိတ်ကိုသာ ဖြစ်စေရမည်။

ငါတို့နှင့် တပေတည်းသား သီတင်းသုံးဖော်တို့ ဖြစ်ကြ သည့် ဤပုဂ္ဂိုလ်တို့သည် ဤသန္နိဓိအာပတ်ဘေးမှ လွတ် မြောက်ကြကုန်လျက် သီလစင်ကြယ်ခြင်းသို့ ရောက်ကာ မိမိ တို့ ကိုးကွယ်ရာကို ဘယ်သောအခါ၌ ရကြပါလိမ့်မည်နည်း’’ဟု ထိုပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးကို တောင့်တသည့် မေတ္တာကို ပွားများရမည်။

“ဤပုဂ္ဂိုလ်တို့ကဲ့သို့ ငါတို့ မဖြစ်ကြပါကုန်အံ့”ဟု သတိ ထား၍ ရှေ့က အကပ်ခံထားသည့် ယာဝဇီဝိက ကွမ်းကိုပင် သော်လည်း မကျန်းမာခြင်း အကြောင်းမရှိပဲ မွန်းမတည့်မီ အချိန်၌ပင် မသုံးဆောင်ရချေ။ မကျန်းမာခြင်း အကြောင်း ဖြင့် ဘုဉ်းပေး သုံးဆောင်ရစေကာမူ မုခသန္နိဓိအာပတ်မှ လွတ်ရေန် ပါးစပ်အတွင်း၌ စားမည့် ယာဝကာလိက အာဟာရနှင့် မရောနှောရန် ခံတွင်းကို ကောင်းစွာ ဆေးကြော သုတ်သင်ရမည်။

အာမိသ အညစ်အကြေးများ ကပ်နေသည့် အခြား သပိတ်ခွက်တို့ကိုလည်း ကောင်းစွာ စင်ကြယ် သန့်ရှင်းစေရန် နေ့တိုင်းနေ့တိုင်း သာမဏေစသည်တို့ကို ကောင်းစွာ ဆေး ကြော သုတ်သင်စေရမည်။ ဤသန္နိဓိအာပတ်ဖြင့် မညစ်နွမ်း စေရန်၊ ဒုဿီလမဖြစ်စေရန်၊ စိတ်နှလုံး မသာမယာမဖြစ်စေ ရန်၊ ပါမောဇ္ဇ အစရှိသည့် ဓမ္မရသကို ခံစားနိုင်ရန် ကျွန်ုပ်၏ ချစ်စွာသော မိတ်ဆွေ ဆရာသမား အတွင်းတည့် သီတင်းသုံးဖော်ဖြစ်ကြသည့် သီဟိုဠ်ကျွန်းသား ထေရ်ကြီး

ထေရ်ိယ် အရှင်ကောင်း အရှင်မြတ်တို့သည် ကြိုးစား အားထုတ်တော် မူကြပါကုန်ဘုရား။

ဘိနပ်စီးခြင်း သိက္ခာပုဒ်

ခန္ဓကာ၌ အကျုံးဝင်သည့် ဘိနပ်စီးခြင်းနှင့်စပ်သည့်သိက္ခာ ပုဒ်ကို ဘုရားရှင်သည် မိမိ၏တပည့်သာဝကတို့အား လူတို့မကဲ့ရဲ့ နိုင်စေရန် ပညတ်ထားသော်လည်း အချို့ပုဂ္ဂိုလ်တို့အဖို့ လူရှင် ရဟန်းတို့ ကဲ့ရဲ့စေရန် ပညတ်တော်မူထားသကဲ့သို့ ထင်ရ၏။ မှန်ပါသည်။ ဤသိက္ခာပုဒ်သည်........

"ချစ်သားရဟန်းတို့-ကျန်းမာသော ရဟန်းသည် ဘိနပ် နှင့်တကွ (ဝါ) ဘိနပ်စီး၍ ရွာသို့မဝင်အပ်၊ အကြင်ရဟန်း သည် ဝင်ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"ဟု ရှင်း... ....

"ရဟန်းတို့ မကျန်းမမာသည့် ရဟန်းအား ဘိနပ် ဆောင်ခြင်းငှါ (ဝါ) ဘိနပ်စီးခြင်းငှါ ငါဘုရားခွင့်ပြုတော် မူ၏"ဟူသော နေရာ၌ အကြင်ရဟန်းအား ခြေဘဝါးများ ကွဲကုန်၏၊ ခြေဘဝါး၌ တံသင်းငုတ်ကဲ့သို့ အသား ထွက်သော အနာ ရှိကုန်၏၊ ထိုရဟန်းသည် မကျန်းမမာသည့် ရဟန်း မည်၏"ဟုရှင်း.......

ဤသို့လာရှိသည့် ပါဠိတော်အား လျော်စွာ ကဲ့ရဲ့လိုသည့် လူတို့၏ ကောင်းစွာမြင်နိုင်ရာ ဌာန ရွာအတွင်း၌ အများ အားဖြင့် ဘိနပ်ကင်း၍ မသွားစွမ်းနိုင်သည့် ဝေလည်းနှင့် ကင်း၍ ဘိနပ်စီးသဖြင့် ဒုက္ကဋ်အာပတ်သို့ ရောက်ပါလျက်

ထို ဒုက္ကဋ်အာပတ်ကို နောင်အခါ စောင့်စည်းခြင်း၌ ရပ်တည်လိုသော စိတ်ဖြင့် ဒေသနာမကြားဘဲနေ၏။ အကြိမ်များစွာ ထပ်တလဲလဲလည်း လွန်ကျူး၏၊ ထိုဘိနပ်စီးမှုမျိုး၌ တရံတခါမျှပင် လဇ္ဇီသဘောသို့ မသက်ရောက်ဘဲ ရှိ၏၊ ထို ဒုသီလ ရဟန်းအား "ဤသာကီဝင်မင်းသားတော် ရဟန်းတော်များသည် ကာမစည်းစိမ်ကို ခံစားသည့် လူဝတ်ကြောင်များကဲ့သို့ ရဟန်းတော်များနှင့် မအပ်စပ်သည့် ဘိနပ်ကို စီးကြကုန်၏။ ဘုရားရှင်၏ ပညတ်ချက်ကို ဖျက်ဆီး ပစ်ကြကုန်၏" ဟု လူတို့၏ ကဲ့ရဲ့ စွပ်စွဲခြင်းဘေးမှရင်း "ဤပုဂ္ဂိုလ်တို့သည် ကျွန်ုပ်တို့၏ဘုရားသခင် ပညတ်ချက်ကို ဖျက်ဆီးပစ်ကြကုန်၏၊ အရှက်မရှိကြကုန်၊ ယုတ်မာသောသဘော ရှိကြကုန်၏၊ မကြည်ညိုသေးသောသူတို့ကို မကြည်ညိုအောင်၊ ကြည်ညိုပြီးသောအချို့ ပုဂ္ဂိုလ်တို့ကို အကြည်ညိုပျက်အောင် ဖောက်ဖောက်ပြန်ပြန် ပြုကျင့်ကြကုန်၏" ဟု သီလကို ချစ်မြတ်နိုးသည့် လဇ္ဇီကုက္ကုစ္စက ရဟန်းတို့ ကဲ့ရဲ့စွပ်စွဲခြင်း ဘေးမှရင်း၊ လွတ်မြောက်စေခြင်းငှါ မတတ်နိုင်ချေ၊ (ထွေအတူ) ထိုအာပတ်ကို ရှောင်ကြဉ်ရန် အားထုတ်သည့် သတိ ဝီရိယ စသည် ဦးဆောင်သည့် စောင့်စည်းမှုသီလဖြင့် ပြီးသည့် ကုသိုလ်တို့ကို ဖြည့်ကျင့်ခြင်းငှါလည်း မစွမ်းနိုင်ချေ။

မီးပုံဥပမာ

ဘခင်ဖြစ်သူက သနားကြင်နာသည့်စိတ်ဖြင့် ထပ်တလဲလဲ တားမြစ်ပါသော်လည်း ရဲရဲညီး၍ အလျှံပြောင်ပြောင် တောက်လောင်နေသည့် မီးပုံကို တက်နင်းသည့် သားမိုက်ရူးအား ထိုဘခင်သည် မည်သို့ ပြုလုပ်နိုင်မည်နည်း။

"မကောင်းမှု အနည်းငယ်သည် ငါ့အား အကျိုးမရောက်နိုင်"ဟု မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးကြီးပင်သော်လည်း ပြည့်သကဲ့သို့ လူမိုက်သည် အနည်းငယ် အနည်းငယ်မျှသော မကောင်းမှုကို ပြုလုပ်ဆည်းပူးဖန် များလတ်သော် မကောင်းမှုဖြင့်ပြည့်၏ဟူသည့် ဘုရားရှင်၏ ဩဝါဒကို ရိုသေလေးစားမှု မပြုသည့် မာရ်စစ်သည်အပေါင်း၏ ဘုရားနှင့်ခွ အရှက်မရှိခြင်းသည် အံ့ဩဘွယ် ကောင်းပေစွ။ မာရ်နတ်အလို နိုင်ငံ၏ အခွင့်အရေးရခြင်းသည် အံ့ဩဘွယ်ကောင်းပေစွ။

တိုက်တွန်းချက်

ဤသို့ ဤကဲ့သို့သော အရာဌာနမျိုး၌လည်း အခြားပုဂ္ဂိုလ်တဦးဦးကိုမျှ ကဲ့ရဲ့မှု၍ မကောင်းမှုတို့ကိုသာ ကဲ့ရဲ့ရပေမည်။ ထိုသို့သော ပုဂ္ဂိုလ်တို့သည် တရံတခါမျှ၌ပင်သော်လည်း ထိုသို့သော အလဇ္ဇီ အမှုမျိုး၌ အပြစ်ကို မမြင်ကြကုန်၍ နောင်အခါ စောင့်စည်းမှု၌ ရပ်တည်လိုသောစိတ်ဖြင့် ဒေသနာမကြားကြကုန်၊ ဤသို့ အလဇ္ဇီအမှုမျိုးဖြင့် လှည့်လည်ကြကုန်လျက် အပါယ်လေးဘုံသို့ ရှေးရှုလျက် ရှိကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့ကို အထူးသနားရမည်။ သူတော်ကောင်း သီတင်းသုံးတော်များ ဖြစ်ကြ၍– လဇ္ဇီကုက္ကုစ္စက– သိက္ခာကာမ ဖြစ်ကြကုန်သည့် အကျွန်ုပ်တို့၏ မြင်ဘူး, မမြင်ဘူး, ပိယမိတ္တများ ဖြစ်ကြကုန်သည့် သီဟိုဠ်ကျွန်းသား ထေရ်ကြီးထေရ်ငယ် ထေရ်ရွယ် ထေရ်လတ်အားလုံးနှင့် ရှင်သာမဏေတို့သည် "ဤပုဂ္ဂိုလ်များ ဖြစ်ကြသကဲ့သို့ ငါတို့ မဖြစ်ကြပါကုန်စို့"ဟု

စိတ်ကို ဆောက်တည်၍ အလူး သတိပြုတော်မူကြပါကုန် သူတော်။

ထိးဆောင်းခြင်းနှင့်ဆိုင်သောသိက္ခာပုဒ်

ခန္ဓကဥ် အကျုံးဝင်သည့် ထီးဆောင်းခြင်းနှင့် စပ်ဆိုင်သည့် သိက္ခာပုဒ်ကို မြတ်စွာဘုရားသည် မိမိ၏တပည့်သာဝက ရဟန်းတို့အား မကြည်ညို ကြသေးသူတို့ ကြည်ညိုစေရန် ပညတ်တော်မူသော်လည်း အချို့ပုဂ္ဂိုလ်များအဖို့ မကြည်ညို စေရန် ပညတ်တော်မူသကဲ့သို့ ထင်ရပေသည်။ မှန်၏—

ဤသိက္ခာပုဒ်သည် —

"ရဟန်းတို့၊ မကျန်းမမာသည့် ရဟန်းအား ထီးဆောင်းခြင်းငှါ ငါဘုရား ခွင့်ပြုတော်မူ၏" ဟူ၍ရင်း၊ မကျန်းမမာသူ ဟူသော စကား၌ "မကျန်းမမာသော ရဟန်းအား ထီးဆောင်းခြင်းငှါ ခွင့်ပြုတော်မူ၏" ဟူသော စကားရပ်၌ ဂိလာန မည်သည့် အကြင်ရဟန်းအား ဖျားနာသောရောဂါ ဖြစ်စေ၊ သည်းခြေပျက်သော ရောဂါဖြစ်စေ၊ မျက်စိ အားနည်းသော ရောဂါဖြစ်စေ—ရှိ၏။ ထီးနှင့်ကင်းလျှင် တစုံတခုသော ရောဂါ ဖြစ်တတ်၏။ ထိုရဟန်းအား ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ ထီးဆောင်းနိုင်၏။ မိုးရာသီ အခါ၌ကား သင်္ကန်း မိုးရေစိုခြင်းမှ ကာကွယ်ခြင်းငှါရင်း၊ သားရဲ သူခိုးဘေးတို့မှ မိမိကိုယ်ကို ကာကွယ်ခြင်းငှါရင်း ထီးဆောင်းနိုင်၏ ဟူ၍ရင်း၊

ဤသို့ ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ ထီးနှင့် ကင်း၍ မသွားနိုင်သော မကျန်းမာခြင်းကိုရင်း၊ နွားလား ဥသဘ

စသော အန္တရာယ်ကိုရင်း မိုးအန္တရာယ်ကိုရင်း ကြည့်၍ ရှာ၌ ဖြစ်စေ၊ တော၌ဖြစ်စေ ထီးဆောင်းသောကြောင့် ဆောင်းတိုင်း ဆောင်းတိုင်း ဒုက္ကဋ် အာပတ်သို့ ရောက်သော ရဟန်းအားရင်း—

“ထီးရှက်၌ မကာရုံးသွားသဏ္ဌာန်, လေးယက်ဝေး သဏ္ဌာန် ဖြတ်ခြင်းပုံ မအပ်၊ ထီးရိုး၌ကြာသွတ်အို သဏ္ဌာန် သားရဲရုပ် သဏ္ဌာန်နှင့် အခရေးအကြောင်းများ မအပ်” ဟု လာရှိသော ခုဒ္ဒသိက္ခာ ပါဠိအားလျော်စွာ သိဟိုဠ်ကျွန်း၌ အများအား ဖြင့် ရဟန်းတို့အသုံးပြုသည့် ဝတ္ထုပစ္စည်းဖြစ်သော၊ လက်ဝက် သဏ္ဌာန် ဖြတ်ထားသော ထီးရှက်ရှိသော အကာပိုးဖျာ ထီးကို ဆောင်းသောကြောင့် ဒုက္ကဋ်အာပတ်သို့ရောက်သော ရဟန်းအားရင်း၊ ထိုသို့သဘောရှိသော အာပတ်ကို နောင် အခါ စောင့်စည်းခြင်း၌ ရပ်တည်လိုသောစိတ်ဖြင့် တခါတရံ ပင် ဒေသနာ မကြားမူ၍၊ လဇ္ဇီ သဘောမရှိသည့် ဒုဿီလ ရဟန်းအားရင်း၊ “ဤ သာကီဝင်မင်းသား ရဟန်းတော်များ သည် သံသရာမှ ထွက်မြောက်ရာ မြတ်စွာဘုရား သာသနာ တော်၌ ရဟန်းပြုကြကုန်သော်လည်း ကာမဂုဏ် ချမ်းသာကို ခံစားကြသည့် ငါတို့ လူဝတ်ကြောင်တို့ကဲ့သို့ရင်း၊ သာသနာ တော်မှ ပြင်ပ တိတ္ထိ ပရိဗိုဇ် တို့ကဲ့သို့ရင်း ရဟန်းတို့နှင့် မလျော်ကန် မအပ်စပ်သည့် ထီးကိုဆောင်းကြကုန်၏၊ ဘုရား ရှင်၏ ပညတ်တော်မူချက်ကို ရိုသေလေးစားမှု မပြုကြကုန်” ဟု ကဲ့ရဲ့ရှုတ်ချ မကောင်းသတင်း လွှင့်ကြသည့် သဒ္ဓါတရား မရှိ၍ မကြည်ညိုကြသည့် လူတို့ကို ကြည်ညိုစေခြင်းငှါရင်း၊

အလိုနည်းသည့် အခြားရဟန်းကောင်းတို့၏ စွပ်စွဲကင်းခြင်းငှါငှင်း ကိုးကွယ်ရာ ဖြစ်ရန် မစွမ်းနိုင်ချေ။

ဆုံးမခက်သည့် ကလေးငယ် ဥပမာ

ဘခင်ဖြစ်သူက ကြိမ်ဖန်များစွာ သင်ကြား ဆုံးမထားသော်လည်း ဘခင်စကားကို မရိုသေ မလေးစားပဲ အမျိုးမျိုးအဖုံဖုံ ဖောက်ဖောက်ပြန်ပြန် ပြုလုပ်နေသဖြင့် သူတပါးတို့ကဲ့ရဲ့ရှုတ်ချ ကျေးဇူးမဲ့ ပြောဆိုခြင်းခံရ၍ မင်းပြစ် မင်းဒဏ်သင့်သည့် သားမိုက်အား ကောင်းစွာ ပြောဆိုအပ်သောစကားများသည်လည်း အကျိုးမဲ့သာဖြစ်၏။ ထို ဘခင်သည်လည်း မည်သို့ ပြုလုပ်နိုင်မည်နည်း။

"မိမိကိုယ်ကို ချစ်အပ်၏ ဟု သိပါလျှင် ထို မိမိကိုယ်ကိုကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏၊ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တပါးပါး၌ ပြုပြင်ရာ၏"ဟုရင်း၊

"မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါလျှင် ထိုမိမိကိုယ်ကိုမကောင်းမှုနှင့် မယှဉ်စေရ"ဟုရင်း၊ ရဟန်းတို့ဖခင် ဘုရားရှင်သည် ကြင်နာသောစိတ်ထားဖြင့် မိမိတပည့် ရဟန်းများအား အကြိမ်ကြိမ် အဖန်ဖန် သင်ကြား ဆုံးမထားသော်လည်း ဘုရားစကားတော်ကို မလိုက်နာနိုင်အောင် နှိပ်စက်လျက်ရှိသည့် ကိလေသာမာရ်၏ သတ္တဝါတို့ကို အကျိုးမဲ့ ပြုလုပ်ပုံသည် အံ့ဩဘွယ် ကောင်းပေစွ။

တိုက်တွန်းချက်

သတိမန္တ၊ ပညာဝန္တ၊ လဇ္ဇီ ကုက္ကုစ္စက၊ သိက္ခာကာမ၊ သဒ္ဓါ ပဗ္ဗဇိတ ဖြစ်ကြသည့် သီဟိုဠ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် ထေရ်လတ် ရှင်သာမဏေ ဖြစ်ကြသည့် အမျိုးကောင်းသား အရှင်မြတ်များသည် ဤကဲ့သို့အရာမျိုး၌ လည်း အခြားပုဂ္ဂိုလ်တို့ကို မကဲ့ရဲ့ မပြစ်တင်မူ၍ မကောင်း မှုတို့ကိုသာလျှင် ကဲ့ရဲ့ပြစ်တင်လျက် ထိုကဲ့သို့သော မကောင်း မှုတို့နှင့် မိမိကိုယ်တိုင် မညစ်နွမ်း မညစ်ပေစေရန် အထူး စင် ကြယ် သန့်ရှင်းအောင် သတိပြုတော်မူကြပါကုန်ဘုရား။

ညီညီညာညာ သက်န်းဝတ်ရုံရသော သိက္ခာပုဒ် ၂-ခု

ဘုရားရှင်သည် မိမိတပည့်ရဟန်းတော်များအား ကောင်း စွာ ဝတ်ရုံခြင်း ကြည်ညိုဘွယ်မျှကို ဖူးမြင်ရရုံဖြင့်ပင် ကြည် ညိုကြ၍ သာသနာတော်၌ ဒကာဒကာမများ သဒ္ဓါတရား အထူး တိုးပွါးစေခြင်းငှါရင်း၊ မိမိ တပည့်သာဝကတို့အား လည်း အခြားပုဂ္ဂိုလ်တို့ထက် ထူးထူးခြားခြား ကြည်ညို ဘွယ်ဂုဏ်ကို ဆောင်စေခြင်းငှါရင်း၊ ရဟန်းတော်များ သင်္ကန်း ဝတ်ရုံပုံ အမူအရာမျှဖြင့်ပင် မိမိသာသနာတော်၏ အခြား တိတ္ထိတို့သာသနာထက် အလွန်ထူးခြားသည့် ဂုဏ်နှင့် ပြည့်စုံ စေခြင်းငှါရင်း ညီညီညာညာ သင်္ကန်းဝတ်ရုံရသည့် သိက္ခာ ပုဒ်နှစ်ခုကို ပညတ်ခဲ့သော်လည်း ဘုရားရှင်၏ အဆုံးအမ သြ ဝါဒကို မရ၍ ညီညီညာညာ မဝတ်ရုံကြသည့် အချို့ပုဂ္ဂိုလ်တို့ ကြောင့် ဆိုခဲ့ပြီးသည့် အကျိုးမှတပါး အခြားဆန့်ကျင်ဘက် အကျိုးများဖြစ်ပေါ်လာအောင် ပညတ်တော်မူခဲ့ သကဲ့သို့ ထင်ရပေသည်။

မှန်ပါသည်၊ ဤသိက္ခာပုဒ် ၂-ခုတို့တွင် ပထမ သိက္ခာပုဒ် သည်—

“ရှေ့မှသော်၎င်း၊ နောက်မှသော်၎င်း တွဲရရွဲချလျက်ဝတ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏” ဟူ၍၎င်း—

“ဩလမ္ဗေန္တော နိဝါသေတိ အာပတ္တိ ဒုက္ကဋဿ” ဟူသောပါဠိ၌ ရှေ့မှသော်၎င်း၊ နောက်မှသော်၎င်းတွဲရရွဲဆွဲ၍ဝတ်သော ရဟန်းအားသာ ဒုက္ကဋ်အာပတ်သင့်သည် မဟုတ်သေး၊ “တေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဂိဟိနိဝတ္ထံ နိဝါသေန္တိ ဟတ္ထိသောဏ္ဍကံ မစ္ဆဝါလကံ၊ စတုကဏ္ဏကံ တာလဝဏ္ဋကံ သတဝလိကံ နိဝါသေန္တိ” စသော နည်းဖြင့် ခန္ဓက၌ လာသည့် အပြစ်ရှိသည့် ဝတ်နည်းများ အတိုင်း ဝတ်သော ရဟန်းအားလည်း ဒုက္ကဋ်အာပတ် သင့်သည်သာတည်း” ဟူ၍၎င်း—

“ ချက်ဝန်းအထက်နှင့် ပုဆစ်ဒူးဝန်း အောက်တို့ကို ဖုံးလွှမ်းလျက် ပုဆစ်ဒူးဝန်း အောက်သလုံး မြင်းခေါင်းရိုးမှ လက်ရှစ်သစ်မျှကျအောင် ကိုယ်ဝတ်သင်းပိုင်ကို ချ၍ ဝတ်ရမည်၊ ထိုလက်ရှစ်သစ်ထက် အလွန်ချ၍ ဝတ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏”ဟူ၍၎င်း—

“လက်ရှစ်သစ်မျှ ဟူသော စကား၌ မျှ-ဟူသောစကားဖြင့် ထိုလက်ရှစ်သစ်ထက်(ဝါ)အောက် ပိုခြင်း၊ လျော့ခြင်းကိုလည်း ယူရ၏။ ထို့ကြောင့်ပင် ထိုင်နေသောရဟန်းအား လက်လေးသစ်မျှလည်းအပ်၏ဟု ဆိုအပ်၏”ဟူ၍၎င်း—

"ပိန်ခြောက်သော သလုံးမြင်းခေါင်း, ကြီးမားသော သလုံး မြင်းခေါင်းရှိသည့် ရဟန်းအား မတင့်တယ်သော ကြောင့် လက်ရှစ်သစ် ကျော်လွန်လျက် ချ၍ ဝတ်သင့်၏" ဟူ၍ရင်း—

"မကျန်းမမာသော ရဟန်းအား—ဟူသော စကား၌— သလုံး မြင်းခေါင်း ခြေ၌ အနာရှိသော ရဟန်းသည် မကျန်း မမာသော ရဟန်းမည်၏။ ထိုရဟန်းအား ပုဆစ်ဒူးဝန်းမှ မြင့်တင်၍ဖြစ်စေ လက်ရှစ်သစ် အောက်ချ၍ဖြစ်စေ ဝတ် သင့်၏။ ဘေးရန်များရှိခဲ့သော်—ဟူသော စကား၌ သားရဲတို့ ဖြစ်စေ၊ ခိုးသူတို့ဖြစ်စေ ရဟန်းတို့နောက်သို့ အစဉ်လိုက်သည့် ဘေးရန်မျိုး ရှိခဲ့သော် အာပတ်မသင့်" ဟူ၍ရင်း—

"ဟတ္ထိသောဏ္ဍက ဝတ်နည်း မည်သည်ကား ချက်ရင်း မှ ဆင်နှာမောင်း သဏ္ဌာန် တွဲရရွဲ ဆွဲလျက် ဝတ်ခြင်းတည်း၊ ဥပမာအားဖြင့် – စောဠက တိုင်းသူတို့ ဝတ်ခြင်းနှင့် တူ၏၊ ငါးကြင်းမြီးကဲ့သို့ ဝတ်ခြင်းမည်သည် တဘက်အမြိတ်စွန်းနှင့် တဘက် အိတ်ထောင့်စွန်းကို တွဲရရွဲချ၍ ဝတ်ခြင်းတည်း၊ အစွန်းလေးခုပြ၍ ဝတ်ခြင်းမည်သည် အထက်တွင်အစွန်းနှစ်ခု အောက်တွင် အစွန်းနှစ်ခု ဤသို့ အနားစွန်းလေးခုတို့ကို ထုတ် ပြ၍ဝတ်ခြင်းတည်း။ ထန်းရွက်ယပ်ဝန်းကဲ့သို့ဝတ်ခြင်းမည်သည် ထန်းယပ်ဝန်းပုံဖြင့် ပုဆိုးကို တွဲရရွဲချ၍ ဝတ်ခြင်းတည်း။ သတဝလိက ဝတ်ခြင်းမည်သည် ပုဆိုးရှည်ကို အကြိမ်များစွာ ခေါက်၍ အောက်ပိုးကျိုက် ဝတ်ခြင်းမျိုးတည်း ဟူ၍ရင်း။

ဤသို့ ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ သားရဲသူခိုးတို့ လိုက်ခြင်း စသော အန္တရာယ်မှတပါး ပကတိ အချိန်တွင် နေရာအားလုံးတို့၌ ကိုယ်ဝတ်သင်းပိုင်ကို အဝန်းညီစွာမဝတ်ဘဲ နောက်ပိုင်းကတို ရှေ့ပိုင်းက ရှည်လျားစွာ တွဲရရွဲဆွဲ၍ ဆင်နှာမောင်းသဏ္ဌာန် ဝတ်ခြင်းမျိုး။

အထက်ပိုင်းကဖြစ်စေ အောက်ပိုင်းကဖြစ်စေ တဘက်က အမြိတ်စွန်းနှင့် တဖက်က နှစ်ထပ်သဏ္ဌာန်ရှိ အိပ်ထောင့်စွန်းကို တွဲရရွဲချ၍ ငါးကြင်းမြီးသဏ္ဌာန် ဝတ်ခြင်းမျိုး။

အထက်ပိုင်း၌ ဖြစ်စေ အောက်ပိုင်း၌ ဖြစ်စေ နှစ်ခု နှစ်ခုသော အနားစွန်းတို့ကို တွဲရရွဲချ၍ အနားစွန်းလေးဘက် ထုတ်၍ ဝတ်ခြင်းမျိုး။

နောက်ပိုင်းတွင် ရှည်လျားစွာ တွဲရရွဲချ၍ ရှေ့ပိုင်းတွင် တိုတိုပြု၍ ထန်းယပ်ဝန်း သဏ္ဌာန် ဝတ်ခြင်းမျိုး။

အလုပ်သမား အချို့တို့ ဝတ်ခြင်းကဲ့သို့ ကိုယ်ဝတ်သင်းပိုင်ကို အကြိမ်များစွာ အထပ်ထပ်ခေါက်ပြီး ရင်ခေါင်းအရပ်၌ ဖွဲ့ချည်၍ ကြွင်းသော ရှည်လျားသည့် အစွန်းကို ပေါင်ကြား ဖြင့် ယူကာ ခါးနောက်ပိုင်း၌ ထားပြီး အောက်ပိုးကျိုက်၍ ဝတ်ခြင်းဟု ဆိုအပ်သော အတွန့်များစွာပြု၍ ဝတ်ခြင်းမျိုး။ (စူဠဝါအဋ္ဌကထာ၊ ကင်္ခါအဋ္ဌကထာ တို့၌ အောက်ပိုးကျိုက် (ဝါ) ခါးတောင်းကျိုက်၍ဝတ်ခြင်းမျိုးကို သံဝလ္လိယနိဝါသန ဟု သီးခြားဆိုပါသည်)။

ဤသို့ သဘောရှိသော ဖောက်ပြန်သော ဝတ်ခြင်းမျိုးကို မဝတ်မူ၍ ချက်ဝန်းနှင့် ပုဆစ်ဒူးဝန်းတို့ကို ဖုံးလွှမ်းလျက်

သလုံးမြင်းခေါင်းအောက် လက်ရှစ်သစ်မျှ ဖြစ်စေ ထို လက်ရှစ်သစ်ထက် အနည်းငယ် တိုရှ်ဖြစ်စေ ရှည်၍ဖြစ်စေ တွဲရရွဲချ၍ ဝတ်ရမည်။ ထိုထက် ပိုလွန်ပြီး တွဲရရွဲချ၍ မဝတ်ရချေ၊ ခြေသလုံး ပိန်ခြောက်ခြင်း၊ ခြေသလုံးသား ကြီးခြင်း၊ ခြေသလုံး ခြေထောက် စသည်၌ အနာဖြစ်ခြင်း အပြစ်ဒေါသ မကင်းသည့် ရဟန်းတို့အားကား ထိုနည်းအတိုင်း မဝတ်သော်လည်း တင့်တယ် လျောက်ပတ်သလို (ဝါ) ချမ်းသာသလို ဝတ်နိုင်ပေသည်၊ ရွာ၌ဖြစ်စေ ကျောင်း၌ဖြစ်စေ အခါခပ်သိမ်း ပင် ပရိမဏ္ဍလဖြစ်အောင် သတိပြုရမည်။

စမရိမည်သော သားကောင်သည် မိမိ၏ အမြီးကို ဆူးရှိသောနေရာ၌ မည်သည့်အခါမျှ တွဲရရွဲချ၍ မသွားဘိသကဲ့သို့ ထို့အတူ ရှေ့ပိုင်းကဖြစ်စေ နောက်ပိုင်းကဖြစ်စေ တွဲရရွဲချ၍ မသွားမိအောင် ကြိုးစားရမည်။ ဘုရားရှင်အား ဆည်းကပ်ရန် ဝတ်ပြုရန် သွားလာသည့်အခါ စသည်၌ အထူးသဖြင့် သတိပြု၍ ဝတ်ရမည်၊ အဝန်းညီစွာဝတ်သော ရဟန်းတို့သည် သာလျှင် ကြည်ညိုဘွယ်ကို ရှုမြင်လိုကြသည့် ရဟန်းရှင်လူတို့ ကဲ့ရဲ့ရှုတ်ချမှုကို မခံရပဲ ဘုရားရှင် ၏သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၏ ရည်မှန်းချက်အကျိုးကိုလည်း ဖြည့်စွမ်းနိုင်၏။ အဝန်းညီစွာမဝတ်သော ရဟန်းတို့သည် ထိုရည်မှန်းချက်ကို ဖြည့်စွမ်းခြင်းငှါ မတတ်နိုင်ပေ။

တန်းဘိုကြီးသည့် ပုဆိုး ဥပမာ

ဘခင်ဖြစ်သူက သနားကြင်နာသည့် စိတ်ဖြင့် လှပ တင့်တယ်စွာ ဝတ်ရန် ကောင်းမွန်စွာ ပေးသည့် တန်ဘိုးကြီး

သည့် ပုဆိုးကိုပင် ကောင်းမွန်စွာမဝတ် အချက်ကိုပင် မလုံ မခြုံဝတ်သဖြင့် ပရိသတ်အလယ်တွင် ရှောင်ပြောင်ခံရ၏ အရှက်ကွဲသည့် သွားခိုက်အတွက် ထိုအဝတ်သည် တန်ဖိုး ကြီးသော်ငြားလည်း တန်ဖိုးမထိုက်တော့ချေ၊ ထို ဘခင် သည်လည်း အလျှ မတတ်နိုင်ပေ။ မမှုသျှောခြင်းသည် သတ္တဝါတို့ကို အရှက်ကွဲအောင် ပြုလုပ်နိုင်ပေစွတကား။

ဒုတိယသိက္ခာပုဒ်ကိုလည်း—

"အဝန်းညီစွာ ဝတ်ရုံပေမည်" ဟူသော ... ား၌– "ထို အခါ၌ ... ရဟန်းတို့သည် လူတို့၏ ဝတ်ရုံခြင်းမျိုးကို ရုံကြ ကုန်၏" ဟု ဟောတော်မူသည့် လူတို့၏ဝတ်ရုံခြင်းအမျိုးမျိုးကို မရုံမူ၍ ... သခိယ၌ ဟောတော်မူသည့် နည်းဖြင့် သော သင်္ကန်းစွန်း နှစ်ဘက်တို့ကို ညီညာစွာပြုမျှ ဝတ်ကိုဖြည့်ကျင့် သည့် ရဟန်း သည် အဝန်းညီစွာ ဝတ်ရုံရမည်၊ ဤသိက္ခာပုဒ် နှစ်ခုတို့ကို သမုညအားဖြင့် ဘုရားရှင် ဟောတော်မူခဲ့သော ကြောင့် ကျောင်း၌ဖြစ်စေ ရွာတွင်း၌ ဖြစ်စေ 'အဝန်းညီစွာ' ဝတ်ရုံရမည် ဟူ၍ရင်း။

"ကျောင်း၌ဖြစ်စေ ဟူသောစကားသည် သံဃာစည်းဝေး သည့်အခါ ဘုရား ဝတ်ပြုသည့်အခါ စသည်ကို ရည်ညွှန်း၍ ဆိုအပ်၏" ဟူ၍ရင်း။

ပုဆိုးပြုရုံသည့် တက္ကတွန်းတို့ ရုံနည်း၊ ပရိဗိုဇ်ရဟန်းတို့ ရုံနည်း၊ ပုဆိုးတထည်တည်းဖြင့် ရုံနည်း၊ သေရည်သောက်ကြူး တို့ ရုံနည်း၊ နန်းတွင်းသူတို့၏ ရုံနည်း၊ လက်သမားကြီးတို့ ရုံနည်း၊ လယ်တဲသို့ဝင်သော ယောကျ်ားတို့၏ ရုံနည်း၊

ပုဏ္ဏားတို့ရှိနည်း၊ ပါဠိသင် ရဟန်းတို့ရှိနည်း၊ ဤသို့ စသည်ဖြင့် မညီမညာ ဝတ်ရုံနည်း အားလုံးသည် လူတို့ ဝတ်ရုံနည်း မည်ပေသည်။

ထို့ကြောင့် အထက်ပိုင်း ကိုယ်ကိုသာ ဝတ်ရုံကြသည့် အဝတ်ဖြူဝတ်သည့် တက္ကတွန်းတို့ ရှိသကဲ့သို့ရင်း၊ ပရိဗိုဇ် ရဟန်းအချို့တို့သည် ရင်ကိုဖွင့်ကာ ပခုံးစွန်း နှစ်ဘက်တို့၌ အပေါ်ရုံကို တင်ထားကြသည့် ပရိဗိုဇ် အချို့တို့ကဲ့သို့ရင်း၊ အဝတ်တထည်သာ ရှိကြသော သူတို့သည် ခါးဝတ်ပုဆိုး၏ အစွန်းတဘက်ဖြင့် ကျောက်ကုန်းကိုခြုံပြီး အစွန်းနှစ်ဘက်ကို ပခုံးစွန်း နှစ်ဘက်တို့သို့ တင်ကြသည့် ပုဆိုးတထည်သာ ဝတ်သည့် လူကဲ့သို့ရင်း သေသောက်ကြူး စသူတို့သည် ပုဆိုးဖြင့် လည်ပင်းကို ရစ်ပတ်၍ အစွန်းနှစ်ဘက်တို့ကို ရင်၌ဖြစ်စေ ကျောက်ကုန်း၌ဖြစ်စေ တွဲရရွဲ ဆွဲ၍ ဝတ်ရုံကြသည့် သေသောက်ကြူးတို့ ကဲ့သို့ရင်း၊ နန်းတွင်းသူ စသည်တို့သည် မျက်နက်ဝန်းမျှကို ဖော်၍ ခေါင်းမြီးခြုံကာ ဝတ်ရုံကြသည့် နန်းတွင်းသူ စသည်တို့ကဲ့သို့ရင်း၊ ပုဆိုးရှည်ကို ဝတ်၍ ထိုပုဆိုးရှည်၏ အစွန်းတခုဖြင့် တကိုယ်လုံးကို ရစ်ပတ် ရုံကြသည့် လက်သမားကြီးတို့ ဝတ်ရုံသကဲ့သို့ရင်း၊ လယ်သမားတို့သည် လယ်ထဲသို့ဝင်သည့်အခါ ပုဆိုးကိုရစ်ပတ်၍ လက်ကတီးကြား၌ ထည့်ပြီး ထိုပုဆိုး၏ အစွန်းတဘက်ဖြင့် ကိုယ်ကို ခြုံသည့် လယ်သမားတို့ ကဲ့သို့ရင်း၊ ပုဏ္ဏားတို့သည် လက်ကတီးကြား နှစ်ဘက်တို့၌ ပုဆိုးကိုသွင်း၍ ပခုံးစွန်းနှစ်ဘက်၌ တင်ထားကြသည့် ပုဏ္ဏားတို့ကဲ့သို့ရင်း၊ ပခုံးတဘက်၌ တင်ရုံလျက်

လက်ပဲ လက်ရုံးကို ဖော်ကာ ပုဆိုးကို ပခုံးစွန်း၌ တင်သွားကြသည့် ပါဠိသင် ရဟန်းတို့ကဲ့သို့ရင်း၊

ထိုအတူ မရုံမှု၍ ကျိုရုံနည်း အားလုံးတို့နှင့် အလားတူအခြားဝတ်ရုံနည်း အပြစ်တို့ကို ရှောင်ရှား၍ ဖောက်ပြန်ခြင်းကင်းလျက် အဝန်းညီစွာ ဝတ်ရုံရမည်။ ယင်းကဲ့သို့ အဝန်းညီစွာ မဝတ်ရုံဘဲ အနှမ်ကျောင်း၌ဖြစ်စေ ရွာတွင်း၌ဖြစ်စေ သိက္ခာပုဒ်ကို လေးစားမှုကင်းလျက် ဖောက်ပြန်မှု တခုခုကိုပြုသည့်ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ဟူ၍ရင်း၊

ကျွသို့ ကျမ်းဂန်ပါဠိ လာရှိသည်နှင့် လျော်ညီစွာ ဆင့်ခိုးသူတို့ နောက်ကလိုက်ခြင်း စသည့် ဘေးရန်ကိုရင်း, ကိုယ်ခန္ဓာ၌ အိုင်းအမာ စသော အနာ နှိပ်စက်ခြင်းကိုရင်း ကြည်ထား၍ သံသာစည်းဝေးခြင်း ဘုရားဝတ်တက်ခြင်း မဟာရ်ကြီးထံ ဆည်းကပ်ခြင်း ဝတ်ကြီးဝတ်ငယ် ဖြည့်ကျင့်ခြင်းစသောအချိန်၌ ကျောင်းအရာမဲ့တွင်း၌ ဖြစ်စေ အသုံးစုံသောကာလတို့၌ ရွာတွင်း၌ဖြစ်စေ သွားလာနေထိုင်သည့် ရဟန်းတို့အား ပုဆစ် ဒူးဝန်းကို ဖော်၍ တိုလွန်းစွာ ဝတ်ရုံခြင်း၊ တက္ကတွန်းဘို၏ ဝတ်ရုံနည်း၊ ရင်ကိုဖော်၍ ထောင့်စွန်းနှစ်ခုတို့ကို လက်ကတီး နှစ်ခုတို့၏ အကြား အားဖြင့် သွင်းကာ ပခုံးစွန်း နှစ်ဘက်တို့၌ တွဲရရွဲချလျက် ပရိဗိုဇ်တို့၏ ဝတ်ရုံနည်း၊ ကျောက်ကုန်းကိုခြုံ၍ ထောင့်စွန်းနှစ်ခုတို့ကို ပခုံးစွန်းနှစ်ဘက်တို့၌ ထား၍ ရင်ဘတ်တွင် တွဲရရွဲချကာ အဝတ်တထည်တည်းသာရှိသော လူတို့ဝတ်ရုံနည်း၊ သင်္ကန်းတထည်လုံးကို ခေါက်လိမ်၍ ရင်နှင့် ကျောက်ကုန်းတို့ကို မရုံဘဲ လည်ပင်းရှေ့ပိုင်းကို ရုံပြီး အစွန်းနှစ်ဘက်တို့ကို ကျောက်ကုန်း၌ တွဲရရွဲ

ချ၍ဖြစ်စေ, လည်ပင်းနောက်ပိုင်းကို ရုံပြီး အစွန်းနှစ်ဘက်တို့ကို ရင်ဘတ်၌ တွဲရရွဲချ၍ဖြစ်စေ ဝတ်ရုံခြင်း၊ သေသောက်ကြူးတို့ ဝတ်ရုံနည်း၊ ခေါင်းမြီးခြုံ၍ ဝတ်ရုံနည်း၊ နန်းတွင်းသူတို့ ဝတ်ရုံနည်း၊ သင်္ကန်း တဘက်စွန်းကိုဝတ်၍ တဘက်စွန်းကို ကျောက်ကုန်းကို လွှမ်းခြုံကာ ဝတ်ရုံနည်း၊ လက်သမားကြီးတို့ ဝတ်ရုံနည်း၊ သင်္ကန်းတဘက်စွန်းကိုဝတ်၍ ကျန်သောအပိုင်းကို ရစ်ပတ်၍ လက်ကတီး၌ထားကာ ဝတ်ရုံနည်း၊ လယ်ထဲသို့ ဝင်သော ယောက်ျားတို့ ဝတ်ရုံနည်း၊ လက်ကတီးကြား နှစ်ခုတို့တွင် တခုခု၌ သင်္ကန်းကိုသွင်း၍ ထောင့်စွန်းနှစ်ခုတို့ကို ပခုံးစွန်း နှစ်ဘက်တို့၌ တင်ထားပြီး အစွန်းတဘက်ကို ကျောက်ကုန်း၌ အစွန်းတဘက်ကို ရင်ဘတ်၌ တွဲရရွဲချကာ ဝတ်ရုံနည်း၊ ပုဏ္ဏားတို့ ဝတ်ရုံနည်း၊ ပခုံးတဘက်ရုံနည်းမျိုး ဖြင့် ရုံလျက် လက်ဝဲသက်မောင်းကို ဖော်ကာ သင်္ကန်းကို ပခုံးစွန်း၌တင်၍ ဝတ်ရုံနည်း၊ ပါဠိသင် ရဟန်းတို့ ဝတ်ရုံနည်း။

ဤသို့စသော လူတို့ရုံခြင်းမျိုးကိုမရုံမူ၍ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်၌ ကဲ့သို့ ဝမ်း နံဘေးနှင့် ကျောက်ကုန်း နံဘေးတို့ကို တပေါင်းတည်း ပြု၍ တွဲရရွဲဆွဲနေသော အစွန်းနှစ်ဘက်တို့ကို ညီအောင်ပြု၍ ဝတ်ရုံရမည်၊ သင်္ကန်းကိုလိပ်၍ လက်ကောက်ဝတ်တိုင်အောင် ဖုံး၍ရုံရမည်၊ မလိပ်ဘဲ ရုံသောအခါ လက်ကောက်ဝတ်အထိ ဖုံး၍ ဝတ်ကောင်း၏၊ လက်ဝဲဘက် လက်မောင်းတခုလုံးကိုမူကား ဖုံးလွှမ်း၍ ဝတ်ရုံရမည်၊ ထိုသို့ ဝတ်ရုံသည့် ရဟန်းတို့အားသာ ရဟန်းတော်တို့နှင့် လျောက်ပတ်စွာ ရုံခြင်း ဟူသော ကြည်ညိုဘွယ် အခြင်းအရာကို ရှုမြင်လိုကြသည့် ရဟန်းရှင်လူတို့ ကဲ့ရဲ့မှုကို မခံရဘဲ ဘုရားရှင်၏

ဤသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၏ ရည်မှန်းချက်ဖြစ်သော "တိုး၍ ကြည်ညိုနိုင်ရန်" ဟူသော အကျိုးကို ဖြည့်စွမ်းနိုင်၍ ကိုးကွယ်ရာဖြစ်ခြင်းငှါ စွမ်းနိုင်၏၊ အာနိသင်ကြီးစွာ မရှိသော ရဟန်းတို့အား ထိုရည်မှန်းချက် အကျိုးကို ဖြည့်စွမ်းခြင်းငှါ မတတ်နိုင်ပါချေ။

အပိုးများစွာထိုက်သည့် သိုးမွေးထည် ဥပမာ

ခမည်းခတော်မင်းကြီးက အခြား ဆင်းရဲသား မင်းချင်း ယောကျ်ားတို့ဘက် သာလွန် ထူးခြားစွာ တင့်တယ် လှပစေခြင်းငှါ ကောင်းစွာ ပေးသနားတော်မူအပ်သည့် မင်းတို့နှင့်သာ ထိုက်တန်၍ အပိုးအလွန်များစွာ တန်သည့် သိုးမွေးထည်ကို အောက် ယက် ပြောင်းပြန်မသိ၍ ထက် အောက် ဇောက်ထိုး ဝတ်ခြုံပါသောကြောင့် မင်းရင်ပြင်၌ လူများစွာတို့ ပြောင်လှောင်ခြင်းကို ခံရပြီး အရှက်ရသည့် မင်းသားအား ထို ဘခမည်းတော် မင်းကြီးသည် မည်သို့ ပြုလုပ်နိုင်အံ့နည်း။

> "ငါသည် လူအမှုအရာ အသွင်အပြင်မှ တပါး အခြားမှသော အမှုအရာ အသွင်အပြင်တို့ ပြုသင့်၏ဟု ရဟန်းသည် အမြဲမပြတ် ဆင်ခြင်အပ်၏"

ဟု ဘုရားရှင် အဆုံးအမ ဩဝါဒကို မအောက်မေ့နိုင်၍ မောဟ ကိလေသာမာရ်၏ သဘ္ဘဝါတို့ကို ဘွေ့ဝေမေ့လျော့စေခြင်းသည် အလွန် အံ့ဩဘွယ် ကောင်းလေစွ၊ ဝသဝတ္တိ မာရ်နတ်မင်း သင်းပင်းဖြစ်သည့် ကိလေသာမာရ်၏ ဘုရားသာဝကတို့ကို အရှက်ရအောင် ပြုလုပ်နိုင်ခြင်းသည် အလွန် အံ့ဩဘွယ် ကောင်းပေစွ။

တိုက်တွန်းချက်

ဤသို့လျှင် ဤကဲ့သို့သော အရာတို့၌လည်း အခြားပုဂ္ဂိုလ်တို့အား မကဲ့ရဲ့ကြကုန်မူ၍ မကောင်းမှုကို ကဲ့ရဲ့လေ့ရှိကြသည့် သူတော်ကောင်းတို့သည် ပုဂ္ဂိုလ်တို့ကို မကဲ့ရဲ့ကြမူ၍ မကောင်းမှုအကြောင်းကို သာလျှင် ကဲ့ရဲ့ပြစ်တင်ကြကုန် သကဲ့သို့ မကောင်းမှုတို့ကိုသာ ကဲ့ရဲ့ပြစ်တင်ကြကုန်လျက်——

"ချစ်သား အာနန္ဒာ၊ ရှင်သာရိပုတ္တရာသည် ဆိုဆုံးမလွယ်၏၊ ဆိုဆုံးမသည်ကို သည်းခံနိုင်၏" ဟု ရှင်သာရိပုတ္တရာကို ချီးကျူးတော်မူသည့် မြတ်စွာဘုရား စကားကိုလည်း အစဉ်အောက်မေ့၍ မိမိတာဝန် ဖြစ်သည့် တပည့်တို့နှင့် ဆိုဆုံးမ လွယ်သည့် သီတင်းသုံးဘော်တို့ကို ဆိုခဲ့ပြီးသော နည်းအတိုင်း မတင့်မတယ် ဝတ်ရုံခြင်းတို့ကို အထူးသဖြင့် ဆုံးမ သွန်သင် ပြုပြင်ကြရမည်။

"ပညာရှိမည်သည် နှိမ့်ချဆုံးမလေ့ရှိ၏" ဟူသော ရှင်တော်ဘုရား၏ စကားတော်ကို အစဉ်အောက်မေ့၍ ဆုံးမစကားကို မလိုက်နာကြသည့် မတင့်မတယ် ဝတ်ရုံကြသည့် မိမိအတွင်းနေ တပည့်တို့ကို တရားနှင့် လျော်ညီစွာ ဒဏ်ပေးခြင်း အမှုဖြင့် နှိမ့်ချခြင်းကို ပြုတော်မူကြရမည်။

"ဆုံးမရာ၏၊ ကြိုတင် ဆုံးမရာ၏၊ မကောင်းသော အပြုအမူတို့မှလည်း တားမြစ်ရာ၏၊ ထိုသူတို့ကို သူတော်ကောင်းတို့ ချစ်ခင်နှစ်သက်ကြ၏။ မသူတော်တို့မှုကား မချစ်ခင် မနှစ်သက်ကြချေ"

ဆိုသည့် ဘုရားရှင် ဆုံးမဩဝါဒကို အစဉ် အောက်မေ့လျက် ဆရာကောင်းကို မမှီကြရ၍ မတင့်မတယ် ဝတ်ရုံကြသည့် သဒ္ဓါပဗ္ဗဇိတ သူတော်ကောင်း သိတင်းသုံးဘော်ဖြစ်ကြသည့် အခြား ပုဂ္ဂိုလ်တို့အားလည်း ကရုဏာ ရှေ့ထား၍ ဆုံးမ တားမြစ်ကြရမည်။ မိမိကိုယ်တိုင်ကလည်း—

"ပညာရှိသည် မိမိကိုယ်ကိုပင် ရှေးဦးစွာ သင့်လျော်သော ကျင့်ဝတ်၌ တည်စေရာ၏၊ ထို့နောက်မှ သူတပါးကို ဆုံးမရာ၏၊ သူတပါး ကဲ့ရဲ့ခြင်းဖြင့် ညှင်းနွမ်းစေရာ"

ဟူသော မဟာကရုဏာရှင် ဘုရားသခင်၏ ဆုံးမဩဝါဒကို အောက်မေ့လျက် အခြားသောပုဂ္ဂိုလ်တို့၏ ဩဝါဒါစရိယ နာယကပုဂ္ဂိုလ်တို့ ဖြစ်ကြသော်လည်း ပရိသတ်အလယ်တွင် မိမိ၏ မတင့်မတယ် ဝတ်ရုံခြင်းကြောင့် စိတ်နှလုံး ရှင်လန်းမှု၊ မညှိုးငယ်မှု၊ သန့်ရှင်း စင်ကြယ်မှုတို့ ဖြစ်စေရန်၎င်း၊ မိမိတပည့်တို့အားလည်း မိမိ၌ အလွန် ချစ်မြတ်နိုးမှု၊ ပူဇော်မှု၊ လေးစားမှုများ ရှိစေရန်၎င်း၊ သာသနာတော် သုံးရပ်လုံး ထွန်းလင်းတောက်ပစေရန်၎င်း၊ မကြည်ညိုကြသေးသည့် ဒါယကာ ဒါယိကာမတို့ ကြည်ညိုလာစေရန်၎င်း၊ ကြည်ညိုပြီးသည့် အချို့ပုဂ္ဂိုလ်တို့ ပို၍ ကြည်ညိုလာစေရန်၎င်း တပည့်တော်တို့ထက် အထူးသဖြင့် ကြီးကုန် ငယ်ကုန်ကြ၍ တပည့်တော်များ ချစ်မြတ်နိုးအပ်သည့် မြင်ဘူး မမြင်ဘူး မိတ်ဆွေများ ဆရာသမားများဖြစ်ကြသည့် သတိပညာ ဟိရိဩတ္တပ္ပနှင့် ပြည့်စုံကြသဖြင့် သပ္ပုရိသနွယ်ဝင် သူတော်စင်များ ဖြစ်ကြလျက် ကုက္ကုစ္စက သိက္ခာကာမ ဖြစ်ကြသည့် သီဟိုဠ်ကျွန်းသား

ထေရ်ကြီး ထေရ်ငယ် ထေရ်ရွယ် ထေရ်လတ် အားလုံးသော သီတင်းသုံးဘော် အရှင်ကောင်း အရှင်မြတ်များသည် တင့်တယ်စွာ ဝတ်ရုံခြင်းကိုသာ ဖြစ်စေ၍ တခါတရံမျှပင် မတင့်တယ်ဝတ်ရုံခြင်းတို့ကို မဖြစ်စေရန် အထူးသတိပြုတော်မူကြပါကုန်ဘုရား။

လည်ပင်း-လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းခြင်းနှင့်စပ်သော သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် ၂-မျိုး

သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၂-မျိုးကိုလည်း ဘုရားရှင်သည် ရဟန်းတို့ ကိုးကွယ်အားထားရန် အကျိုးငှါ ပညတ်တော်မူခဲ့ပါသည်၊ ယင်းသို့ ပညတ်တော်မူခဲ့သော်လည်း (ထိုသိက္ခာပုဒ် ၂-မျိုးသည်) သဒ္ဒါတရားဖြင့် ရဟန်းပြုခဲ့ကြသော်လည်း ဆရာမြတ်တို့၏ သွန်သင်မှုနှင့် အဆုံးအမဩဝါဒကို ရရှိခြင်း မရှိကြသည့် အချို့ပုဂ္ဂိုလ်တို့မှာ ကိုးကွယ်အားထားရကို မပြုသကဲ့သို့ ထင်ရပါသည်။

အကျယ်ရှင်းလင်းရပါမူ —ဤသုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၂-မျိုး အနက် ပဌမသိက္ခာပုဒ်သည် ကခ်ီအဋ္ဌကထာဝယ်—

ကောင်းစွာဖုံးလွှမ်းခြင်း (သုပ္ပဋိစ္ဆန္န) ဟူသည်ကား ကောင်းစွာ (လည်ပင်း-လက်ကောက်ဝတ်တို့ကိုဖုံးလွှမ်းလျက်၊ ကမ္ပတ်သီး = အနားပတ်သီးကို တပ်၍ အလျားအနားပတ်စွန်းဖြင့် လည်ပင်းကို ဖုံး၍ အစွန်းနှစ်ဘက်တို့ကို ညီညီညာညာပြု၍ လိပ်ပြီး လက်ကောက်ဝတ်

တိုင်အောင် ဖုံး၍ ရွာတွင်း၌ သွားအံ့၊ ဤသည်ကား အနက်တည်း။

ထိုသို့ မဝတ်ရုံမူ၍ ပုဆစ်ဒူးနှင့် ရင်ဘတ်ကို ဖော်၍ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ ဟူ၍ရင်း၊ သာရတ္ထဒီပနီ၌—

" ကောင်းစွာ ဖုံးလွှမ်းခြင်း (သုပ္ပဋိစ္ဆန္န) ဟူသည်ကား ဦးခေါင်းကို ခြုံလျက် သွားအပ်သည် မဟုတ်၊ စင်စစ်အားဖြင့်ကား ကမ္ဗတ်သီး=အနားပတ်သီးကို တပ်၍ အလျားအနားပတ်စွန်းဖြင့် လည်ပင်းကိုဖုံး၍ အစွန်း ၂-ဘက်တို့ကို ညီစွာပြု၍ လိပ်ပြီး လက်ကောက်ဝတ် တိုင်အောင် ဖုံး၍ ရွာတွင်း၌သွားအပ်၏ "

ဟူ၍ရင်း၊ ဝိမတိဝိနောဒနီဋီကာ၌—

"ကမ္ဗတ်သီးကို တပ်၍" ဤသို့အစရှိသည်ဖြင့် မိန့်ဆိုအပ်သည်၏ အဖြစ်ကြောင့် စေတနာနှင့်တကွ လည်ပင်းနှင့် လက်ကောက်ဝတ်ကို မဖုံးလွှမ်းသော ရဟန်းအား အာပတ်သင့်၏။

ဤသိက္ခာပုဒ်သည်လည်း ပရိမဏ္ဍလသိက္ခာပုဒ်နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် ပုဆစ်ဒူးဝန်းအောက် လက်လေးသစ်မျှ ချ၍ တွဲလျားမကျစေမူ၍ အဝန်း ညီစွာသာလျှင် ဝတ်ရုံအပ်၏ "

ဟူ၍ရင်း—

"ထိုင်ခြင်းနှင့် စပ်သော (နိသီဒန ပဋိသံယုတ္တာ) သိက္ခာပုဒ်တို့၌သာလျှင် နေခြင်းအကျိုးငှါ ရွာတွင်း ကျောင်းသို့ ကပ်သောရဟန်းအား (ဝါသူပဂတဿ) ဟူ၍ အာပတ်မသင့်ခြင်းကို(အနာပတ္တိဝါရ) ပြဆိုရာ၌ မိန့်ဆိုအပ်သောကြောင့် နေအံ့သောငှါ ရွာတွင်းသို့ သွားသော ရဟန်းသည်လည်း ကောင်းစွာ ဖုံးလွှမ်းခြင်း အစရှိသော ကျင့်ဝတ်အားလုံးကို မပျက်စီးစေမူ၍သာလျှင် သွားအပ်၏၊ မှန်၏၊ နေခြင်းအကျိုးငှါ ရွာတွင်းကျောင်း၊ ရွာလယ်ကျောင်းသို့ ကပ်သော ရဟန်းအား (ဝါသူပဂတဿ) ဟူ၍သာ ဆိုအပ်၏၊ အနီးသို့ ကပ်ရောက်သော ရဟန်းအား (ဥပဂစ္ဆမာနဿ) ဟူ၍ မဆိုအပ်"

ဟူ၍ရင်း—

ဤသို့ (အဋ္ဌကထာဋီကာတို့၌) လာသော ပါဠိအား လျော်စွာ အချို့သော ရဟန်းတို့သည် တိတ္ထိတို့ အိပ်သော နေရာ၊ ပရိဗိုဇ်တို့ အရာမ်၊ အရာမ်တွင်း အစရှိသော ရွာတွင်း မဟုတ်သည့် ရွာပြင်ပ အရပ်တို့ကို ချန်လှပ်၍ ရွာတွင်း၌ သင်္ကန်းကိုလည်း မရုံ၊ ရင်, လည်ပင်း, လက်ကောက်ဝတ် တို့ကိုလည်း ဖော်၍ထား၏၊ ကမ္ဗတ်သီး=အနားပတ်သီးကို တပ်ထားခြင်းလည်း မရှိ—

"ဤအရာ၌ နမျိုး၌ ဘုရားရှင်သည် ငါတို့အား အားကိုး အားထားရာကို ပြုခြင်းအကျိုးငှါ ပညတ်တော်မူအပ်သည့် သိက္ခာပုဒ်သည် ရှိ၏"

ဤမျှလောက်ကိုလည်း အောက်မေ့ သတိပြုခြင်းလည်း မရှိကြပေ၊ ယင်းသို့ သွားကြသည့် သီလမရှိသော ရဟန်းတို့သည် ရွာတွင်းသို့ သက်န်းမခြုံပဲ သွားခြင်းကြောင့် သင့်ဆောက်သော အာပတ်တို့ကို 'နောင်အခါ စောင့်စည်းပါမည်' ဟု အာယတိ သံဝရစိတ်ထားဖြင့် ဒေသနာကြား၍ ကုစားခြင်းလည်း မရှိကြပေ၊ (ထိုရဟန်းတို့သည်) မကောင်းသော အလဇ္ဇီတရားရှိကြပြီး အခါခပ်သိမ်းပင်လွတ်သော သတိလည်း ရှိကြကုန်၏၊ ထို့ကြောင့် ထိုရဟန်းတို့အတွက် ဤ ပဌမ သိက္ခာပုဒ်သည် ဆိုခဲ့သည့် ဘေးငါးပါးတို့မှ လွတ်မြောက်စေလျက် အားကိုး အားသားဆာကို ပြုခြင်းငှါ မစွမ်းနိုင်ပါ။

ထို့ထက်အသွန်လည်း—ဘုရားရှင်သည် အကြင်ရည်ရွယ်ချက်ဖြင့် ဤသိက္ခာပုဒ်တော်ကို ပညတ်တော်မူခဲ့၏၊ ထိုရည်ရွယ်ချက်ကို ဖြည့်ကျင့်၍ အားကိုး အားသားရာကို ပြုခြင်းငှါလည်း မစွမ်းနိုင်ပါပေ။

ချပ်ဝတ်တန်ဆာ ဥပမာ

ဘခင်ဘုရင်မင်းတရားကြီးသည်စစ်မြေပြင်တွင်ဝတ်ဆင်ရန် သားငယ်အား ချပ်ဝတ်တန်ဆာကို ကောင်းစွာပေး၏၊ သို့ရာတွင် သားငယ်သည် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ခြင်း မပြုပေ၊ ထိုသားငယ်သည် စစ်မြေပြင်သို့ ဝင်သောအခါ ရန်သူစစ်သည်တို့၏ လက်နက်ဖြင့် ထိုးခုတ် ပစ်ခတ်ခြင်းကို ခံရ၍ ငိုကြွေးမြည်တမ်း၍ နေ၏၊ ဆိုမိုက်စွာသော မင်းသားငယ်အား ထိုချပ်ဝတ်တန်ဆာဖြင့် အဘယ် အကျိုး ရှိချိမ့်မည်နည်း၊ ဧရမြေကို အစိုးရသည့် ဘခင် ဘုရင် မင်းတရားကြီးသည်လည်း အဘယ်သို့ပြုရချိမ့်မည်နည်း။

"သီလနှင့် ပြည့်စုံကြသူတို့ဖြစ်ကြကုန်လော့၊ ပါတိမောက် လာ သိက္ခာပုဒ်တို့ကိုစောင့်ထိန်းနေကြကုန်လော့၊ သေးငယ်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ ရှိကုန်လျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကြကုန်လော့"

ဟူသော ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို ရိုသေစွာ လိုက်နာခြင်း မပြုကြသည့် မိုက်မဲမှု (သမ္မောဟ) ဦးဆောင်သည့် မရှက်ခြင်း=(အဟိရိက) မလန့်ခြင်း=(အနောတ္တပ္ပ) ကိလေသာမာရ်၏ သတ္တဝါတို့အကျိုးမဲ့ကို ပြုစွမ်းနိုင်ခြင်းသည် အံ့မဆုံးအောင်ရှိပါဘိသည်။

ဝသဝတ္တီမာရ်မင်း၏ ရှင်တော်ဗုဒ္ဓ သာဝကဘို့ကိုသော်လည်း မိမိအလိုသို့ လိုက်ပါအောင် စွမ်းဆောင်နိုင်သည့် အစွမ်းသတ္တိသည်ကား ကြောင် အံ့ဘွယ်ကောင်းလှပါပေသည်။

ဒုတိယသုပ္ပဋိစ္ဆန္န သိက္ခာပုဒ်သည်လည်း အဋ္ဌကထာ၌—

"လည်မျိုမှစ၍ ဦးခေါင်းကို လက်ကောက်ဝတ်မှစ၍လက်တို့ကို သလုံးမြင်းခေါင်းသားမှစ၍ ခြေတို့ကိုဖော်၍ ဆိုခဲ့ပြီးသည်မှ ကြွင်းသောကိုယ်ကို ဖုံးလွှမ်း၍ ထိုင်နေခြင်းသည် ကောင်းစွာဖုံးလွှမ်း၍ ထိုင်နေခြင်းမည်၏"ဟူ၍၎င်း၊သာရတ္ထ ဒီပနီဋီကာ၌—

"နေခြင်းအကျိုးငှါ ရွာတွင်းကျောင်း (ရွာလယ်ကျောင်း) သို့ ကပ်သောရဟန်း (ဝါသူပဂတဿ) ဟူသည်ကား နေခြင်း အကျိုးငှါ ရွာတွင်းကျောင်း (ရွာလယ်ကျောင်း)သို့ ကပ်သော ရဟန်းအား ညဉ့်

အဖို့တို့၌ ကိုယ်ကို ဖော်၍နေထိုင်သော ရဟန်းအား အာပတ်မသင့်”ဟူ၍ရှင်း၊

ဝိမတိဝိနောဒနီဋီကာ၌—

“ကေစိဆရာတို့က ရဟန်းတပါး ရှေးဦးစွာ ရွာတွင်းသို့ သွား၍ နေပြီးသော် နောက်မှ သွားသည့်အခြားရဟန်းတို့သည်လည်း သက်န်းမရုံပဲ အလိုရှိတိုင်း ထိုရဟန်းရှိရာသို့ သွားခြင်းငှါ အပ်၏=သွားကောင်း၏”ဟု ဆိုကြကုန်၏။ အပရေ ဆရာတို့ကမူ အိမ်ရှင်တို့က “အရှင်ဘုရားတို့ နေသမျှ ကာလ ပတ်လုံး အရှင်ဘုရား တို့အား ဤအိမ်ကို လှူဒါန်းပါ၏” ဟုဆို၍ ပေးလှူခဲ့သော် ထို အခြား ရဟန်းတို့သည် နေခြင်းငှါ အလို မရှိကြသော်လည်း အရပ်တွင်း၌ကဲ့သို့ သက်န်း မရုံပဲ အလိုရှိတိုင်း သွားခြင်းငှါ အပ်၏၊ သွားကောင်း ထိုင်ကောင်း၏” ဟု ဆိုကြကုန်၏၊ ထိုကေစိ, အပရေ ဆရာတို့၏ စကား အားလုံးကို မယူအပ် မမှတ် သားအပ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုကေစိ, အပရေဆရာတို့ ဆိုသည့်အတိုင်း ပါဠိ အဋ္ဌကထာတို့၌ မလာ သော ကြောင့်ရှင်း၊ အလှူ ဒါန လက္ခဏာမရှိ = ဒါန မမြောက်ခြင်း ကြောင့်ရှင်း၊ အခိုက်အတန့် ခေတ္တခဏ လှူကာမျှဖြင့် ကျောင်းဟူသော ခေါ်ဝေါ်ခြင်းသို့ မရောက်သောကြောင့်ရှင်း၊ မယူအပ်=မမှတ်သားအပ်ပါ။

ထိုစကား မှန်လှပါ၏၊ အရှင်ဘုရားတို့ နေသမျှ ကာလပတ်လုံး အရှင်ဘုရားတို့အား ဤအိမ်ကို လှူ

ဒါန်းပါ၏ဟု လျှောက်ထားကြပါသော်လည်း ခေတ္တ ခဏ တာဝကာလိကလှူခြင်းမျိုးသာ ဖြစ်၏၊အလှူ ဒါနဆိုသည်မှာ လှူဘွယ်ဝတ္ထု ပစ္စည်းကို အပြီးအပိုင် စွန့်ခြင်းလက္ခဏာရှိ၏၊ သို့ကြောင့် ထိုဆရာတို့၏စကား ကို မမှတ်သားအပ်ပါ။

ဟူ၍ရှင်း၊

"ဖော်၍ ထိုင်နေသော ရဟန်းအား (ဝိဝရိတ္ဂာ နိသီဒတော) ဟူသည်ကား ကျောင်း၌ကဲ့သို့ ပခုံး တဘက်၌ရုံသည်ကို ရည်ရွယ်၍ မိန့်ဆိုအပ်၏, နေခြင်း အကျိုးငှါ ကပ်သောရဟန်းအား=(ဝါသတ္ထာယ ဥပ- ဂတဿ) ဟူ၍ မိန့်ဆိုအပ်သောကြောင့် နေလိုသော အလိုဆန္ဒကိုကြည့်၍ တရားဟောခြင်း ပရိတ်ရွတ်ခြင်း စသည်အကျိုးငှါ အလွန်ကြာမြင့်စွာ နေထိုင်သော ရဟန်းသည်လည်း မြို့တွင်း ရွာတွင်း၌ ကျင့်ရမည့် ကျင့်ဝတ်အားလုံးကို လိုက်နာ ကျင့်သုံး၍သာလျှင် နေထိုင်အပ်၏" ဟူ၍ရှင်း၊

ဤသို့(အဋ္ဌကထာဋီကာတို့၌) လာသော ပါဠိနှင့် လျော် ညီစွာ မြို့ရွာတွင်း ညဉ့်အိပ်ရန် ခေတ္တ တည်းခိုနေထိုင်သော ရဟန်းထံသွား၍ တခဏမျှ အာလာပ သလ္လာပစကား ပြော ဆို နေထိုင်ကြသည့် ရဟန်း၊ တနေ့တာ ကုန်ဆုံးသည့်တိုင် အောင် မြို့ရွာတွင်း၌ ကြာမြင့်စွာ နေထိုင်ကြသည့် ရဟန်း၊ အိမ်ရှင်တို့က မိမိတို့အိမ်သို့ ခေတ္တခဏမျှ နေထိုင်ရန် ပင့် လျှောက်သဖြင့် မြို့ရွာတွင်း၌ ညဉ့်အိပ်ရန် ခေတ္တတည်းခိုနေ ထိုင်သည့် ရဟန်းထံတွင် နေထိုင်ကြသောရဟန်း၊ ဤရဟန်း

အားလုံးတို့သည်လည်းမျိုမှစ၍ ဦးခေါင်းကိုင်ရင်း လက်ကောက်ဝတ်မှစ၍ လက်ကိုင်ရင်း သလုံးသားမှစ၍ ခြေကိုင်ရင်း ချန်လုပ်ပြီး ထိုမှကြွင်းသောကိုယ်ကို ဖော်၍ နေထိုင်ကြကုန်အံ့၊ ထိုလင်္ကာတရားမရှိကြသည့် ရဟန်းဘို့အား ပညတ်တော်မူပြီးသည့် သိက္ခာပုဒ် စည်းကမ်းကို ကျူးလွန်ခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ရောက်ကုန်၏၊ ထိုရဟန်းတို့သည် မိမိတို့အားသင့်ရောက်သော ဒုက္ကဋ်အာပတ်ကို နောင်အခါ စောင့်စည်းပါမည်ဟု အာယတိံ သံဝရစိတ်ဖြင့် ဒေသနာကြား၍ ကုစားခြင်းမပြုခဲ့သော် ဒုက္ကဋ်အာပတ်နှင့်တကွပင် အပါယ်ငရဲသို့ရှေးရှုလျက် သေမင်း၏ ခံတွင်းသို့ ပြေးဝင် ကြရပေလိမ့်မည်၊ ထို့ကြောင့် ထိုရဟန်းတို့အတွက် ဤဒုတိယ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်သည် ဆိုခဲ့သည့်ဘေးတို့မှ လွတ်မြောက်၍ နတ်ရွာ သုဂတ်နှင့် မဂ်ဖိုလ်အကျိုးငှါ အားထား ကိုးကွယ်ရာကို ပြုစွမ်းနိုင်လိမ့်မည် မဟုတ်ပါ။

တန်ဘိုးများစွာထိုက်သည့် ထီးဥပမာ

ဘခင်သည် ဆောင်းရန်အတွက် များစွာ တန်ဘိုး ထိုက်သည့် ကြီးစွာသော ထီးကြီးကို ကောင်းစွာပေး၏၊ သားငယ်သည် ဘိုထီးကို ဆောင်းခြင်းမပြုပေ၊ ထို့ကြောင့် ထိုသားငယ်အား လွင်ပြင် လွင်တီးခေါင်၌ နေပူဘို့ နှိပ်စက် ညှဉ်းပန်းမှုခံရ၏၊ ထိုကလေးမိုက်အတွက် အဘိုးများစွာ ထိုက်တန်လှသည့် ထီးကြီးသည် တန်ဘိုးမရှိဖြစ်ရလေ၏၊ ထိုကလေးမိုက်၏ ဘခင်သည်လည်း အဘယ်သို့ ပြုချိမ့်မည်နည်း။

"မိုးရွာသော အခါ ကြီးစွာသော ထီးသည် ဆောင်းသောသူကို စောင့်ရှောက် သကဲ့သို့ တရာ

ဘော်သည် တရားကိုကျင့်သူကို စင်စစ်မလှဲ့ စောင့်ရှောက်တတ်၏။ တရားကိုကျင့်သောသူသည် အပါယ်သို့ မလားရ။ ဤ အပါယ်သို့ မလားရခြင်းသည် ကောင်းစွာကျင့်အပ်သည့် တရားအကျိုးတည်း။

ဟူသောဘုရားရှင်၏ဩဝါဒတော်ကို အဖန်တလဲလဲ မအောက်မေ့သည့် တပည့်သာဝက ရဟန်းတို့အား လွန်မင်းစွာတွေဝေခြင်း (သမ္မောဟ)ဦးဆောင်သည့် သိက္ခာပုဒ်ကို လွန်ကျူးခြင်းမှ မရှက်တတ်သည့် (အဟိရိက) မလန့်တတ်သည့် (အနောတ္တပ္ပ) သံကိလေသမာရ်၏ ရဟန်းတို့အား နှိပ်စက်ညှဉ်းပန်းတတ်သော အစွမ်းသတ္တိသည်ကား အံ့မဆုံးအောင်ရှိပါပေသည်။

မိမိဘို့အလိုသို့လိုက်ပါအောင် စွမ်းဆောင်နိုင်သည့် ဝသဝတ္တိမာရ်နတ်၏ ဘုရားတပည့်သားတို့ကို ဓမ္မန္တရာယ်ပြုရန်အတွက် အခွင့်ကောင်းရခြင်းသည် ဩြော် အံ့ဘွယ် ကောင်းလှပါပေ၏။

ကောင်းစွာ တိုက်တွန်း နှိုးဆော်ခြင်း

သီဟိုဠ်ကျွန်းတွင် သီတင်း သုံးတော်မူကြသည့် တွေ့ဘူးမြင်ဘူး၍ ခင်မင်မြတ်နိုးကြသည့် ထေရ်ကြီး ထေရ်ငယ် အရှင်ကောင်း အရှင်မြတ်တို့နှင့် မတွေ့ဘူး မမြင်ဘူး သော်လည်း ခင်မင်မြတ်နိုးခြင်း ရှိတော်မူကြသည့် အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် (သာသနာတော်၌)ထက်သန်လှစွာသော ယုံကြည်မှု သဒ္ဓါတရားဖြင့် ရဟန်းပြုတော်မူခဲ့ကြပါသည်။ သံသရာဘေးကိုလည်း ရှုမြင်တော်မူတတ်ကြ

ပါသည်။ ငြိမ်သက်တည်ကြည်သော သူတော်ကောင်းပုဂ္ဂိုလ်များလည်း ဖြစ်တော်မူကြပါသည်။ မကောင်းမှုကို ပြုခြင်း၌ ရှက်တတ် အလိုလို ဖြစ်တတ်သည့်စိတ်လည်း ရှိတော် မူကြပါသည်။ သိက္ခာ သုံးပါးကိုလည်း လိုလားတော် မူကြပါသည်။ ယင်းသို့ ဆိုခဲ့သည့် ဂုဏ်တို့နှင့် ပြည့်စုံတော် မူကြသည့် အားလျော်စွာ ထေရ်ကြီးထေရ်ငယ်ဖြစ်တော်မူကြသည့် အရှင်ကောင်း အရှင်မြတ်တို့သည် ဤဆိုခဲ့သည့် အရာဌာနမျိုးတို့၌လည်း ယုတ်မာမှုများကိုသာ ကဲ့ရဲ့ ရှုတ်ချတော်မူကြ၍ ပညတ်ပြီးသား သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်ကို လွန်ကျူးကြသည့် ထိုပုဂ္ဂိုလ်တို့အား—

"သူတပါး အပြစ်ကိုကြည့်၍ အမြဲ မပြတ် ကဲ့ရဲ့တတ်သူအား အာသဝေါ တရားတို့သည် တိုးပွါးကုန်၏။ ထိုကဲ့ရဲ့တတ်သူသည် အာသဝေါ ကုန်ခြင်းမှ ဝေးကွာ၏"

ဟူ၍ (ဓမ္မပဒ ပါဠိတော်၌လာသော) ဘုရားရှင်၏ ဩဝါဒတော်ကို အောက်မေ့တော်မူကြ၍ ကဲ့ရဲ့လိုသည့်စိတ်ဖြင့် ကဲ့ရဲ့ ရှုတ်ချခြင်းတို့မှ ရှောင်လွှဲတော်မူကြပါဘုရား။

"အကြင် ရဟန်းတို့သည် မြင်ကုန်၏၊ အကြင် ရဟန်းတို့သည် ကြားကုန်၏၊ ထိုမြင်ကုန် ကြားကုန်သော ရဟန်းတို့သည် ပြောဆိုအပ်ကုန်၏၊ မပြောဆိုသော ရဟန်းတို့အား ဒုက္ကဋ် အာပတ်သင့်၏။"

ဟူသော အာဏာပိုင်ဖြစ်တော်မူသည့်ဘုရားရှင်ဩဝါဒတော်ကို အောက်မေ့တော်မူကြ၍ အလဇ္ဇီ အမှုဖြင့် အခါခပ်သိမ်း

ညစ်နွမ်းနေကြသည့် မိမိစကားကို လိုက်နာကြသည့် သီဘင်း သုံးဘော်တို့အပေါ် သနားငဲ့ညှာသောအားဖြင့် ဆုံးမဩဝါဒ ပေးတော်မူပါဘုရား။

"ဥပါလိ–စောဒကရဟန်းသည် သူတပါးကို စောဒနာလို သော် တရားငါးပါးတို့၌ တည်၍ သူတပါးကို စောဒနာ အပ်၏၊ အဘယ်ငါးပါးတို့နည်း ဟူမူ သင့်လျော်သော အခါ၌ ဆိုအံ့၊ မသင့်လျော်သောအခါ၌ မဆိုအံ့၊ဟုတ်မှန်သည်ကို ဆိုအံ့၊ မဟုတ်မှန်သည်ကို မဆိုအံ့၊ သိမ်မွေ့နူးညံ့သဖြင့် ဆိုအံ့၊ ကြမ်းတမ်းသဖြင့် မဆိုအံ့၊ အကျိုးစီးပွါးနှင့်စပ်သဖြင့် ဆိုအံ့၊ မစပ်သဖြင့် မဆိုအံ့၊ မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆိုအံ့၊ ဒေါသ စိတ်ရှိသည်ဖြစ်၍ မဆိုအံ့" ဟု (ပရိဝါပါဠိတော်၌) လာသော ဘုရားရှင် ဩဝါဒတော်ကိုလည်း အောက်မေ့တော်မူကြပြီး အဆုံးအမ ဩဝါဒခံ ပုဂ္ဂိုလ်သည် အကြင် အချိန်အခါသမယ အကြင် အရပ်ဒေသ၌ မိမိတို့ ပြောဆိုအပ်သော စကားကို ရှိသေလေးစားသည်ဖြစ်အံ့၊ ထိုအချိန်ကာလ ထိုအရပ်ဒေသ၌ အကျိုးစီးပွါးနှင့် မေတ္တာစိတ်ကို ထားရှိတော်မူကြကာ ဟုတ် မှန်သော အကြောင်းဝတ္ထုကို ပြလျက် သိမ်မွေ့နူးညံ့သော စကားဖြင့် ဆုံးမဩဝါဒ ပေးတော်မူကြစေလိုပါသည်။

ထို့ပြင်– မိမိတို့ ကိုယ်တိုင်က သူတပါးတို့ကို အဆုံးအမ ဩဝါဒ ပေးတော်မူတတ်သော ဆရာများဖြစ်ကြပါလျက် သူ တပါးတို့ အဆုံးအမခံ၊ သူတပါးတို့ အကဲ့ရဲ့ခံ ပုဂ္ဂိုလ်များမဖြစ် ကြစေရန်လည်း သတိပြုတော်မူကြစေလိုပါသည်။

ထို့ပြင်– အရှင်ကောင်း အရှင်မြတ်တို့သည် မိမိတို့ ကိုယ် တိုင်လည်း ထိုသို့ သဘောရှိသော သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်တော်

ကို လွန်ကျူးသည့် အပြစ်ဒေါသဖြင့် တရံတခါမျှပင် မညစ်နွမ်းကြစေမူ၍ မိမိတို့ပရိသတ်နှင့်အတူတကွ အထူးစင်ကြယ်ကြပြီး ဆိုခဲ့ပြီးသည့် ဘေးရန်ငါးပါးတို့မှ အခါခပ်သိမ်း လွတ်မြောက်ကြရန် အထူးသဖြင့် သတိပြုတော်မူကြရန် ရိုသေစွာ ဘိုက်တွန်း နှိုးဆော်ရပါသည် ဘုရား....။

မျက်လှာချ၍ ရွာတွင်း သွားခြင်းနှင့် စပ်လျဉ်းသည့် ဩက္ခိတ္တစက္ခု သိက္ခာပုဒ် ၂-မျိုး

ဩက္ခိတ္တစက္ခု သိက္ခာပုဒ် ၂-မျိုးကိုလည်း ဘုရားရှင်သည် မိမိတို့၏ တပည့်သာဝက ရဟန်းတို့အား မကြည်ညိုကြသေးသူတို့ကို ကြည်ညိုစေပြီး ကြည်ညိုပြီးသူတို့ကို ပိုမို ကြည်ညိုစေ၍ အားထားမှီခိုရန် အတွက် ပညတ်တော် မူခဲ့ပါသည်။ ယင်းသို့ ပညတ်တော် မူခဲ့ပါသော်လည်း ယင်း သိက္ခာပုဒ် ၂-မျိုးသည် ကိလေသာမာရ်၏ အလိုသို့ လိုက်တတ်ကြသည့် ဣန္ဒြေမရင့်ကျက်သေးသည့် ပုဂ္ဂိုလ်အချို့တို့အား အကြည်ညိုခံစေပြီး ကိုးကွယ်ဆာမဲ့အောင် ပညတ်တော်မူသကဲ့သို့ ထင်ရပါသည်။

ဥပမာ ဆိုရပါမူ— ကောက်စပါး ၃-မျိုးကို ပြည့်စုံစေနိုင်သည့် မိုးကြီးသည် မိမိကို အမှီပြု၍ အသက်မွေးကြရသည့် လယ်သမားတို့ အားထား မှီခိုရန် အတွက် ဖြစ်သော်လည်း မိုးရေဖြင့် သေဆုံးခြင်းသို့ ရောက်ကြရသည့် ပိုး၊ ရွှ ခြပုန်း စသည်တို့အတွက် အကျိုးမဲ့အောင် ရွာသွန်းသကဲ့သို့ ဖြစ်ရပေသည်။ မှန်ပေသည်၊ ပါဠိတော်၌—

“အကြင် ရဟန်းသည် (သံကစ္စာပုဒ်၌)မရှိသေးခြင်း ကိုစွဲ၍ ထိုထို အရပ်သို့ ကြည့်ရှုလျက်သွားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏”

ဟူ၍ရှင်း၊ အဋ္ဌကထာ၌—

“မျက်လွှာချလျက် (ဩက္ခိတ္တစက္ခု) ဟူရာ၌ အောက်သို့ ချသော မျက်လွှာ ရှိသည်ဖြစ်၍ ရှေးမှ ရထားထမ်းပိုးတပြန် မျှသော မြေအရပ်ကို ကြည့်လျက် သွားရမည်။ သို့သော် ဘုရားသော နေရာ၌ ရပ်၍ ဆင်မြင်း စသော ဘေးရန်ရှိ မရှိ အဖြစ်ကို ကြည့်နိုင်ပါသည်”

ဟူ၍ရှင်း၊ သာရတ္ထဒီပနီ၌—

“ထမ်းပိုး တပြန်မျှကို ကြည့်လျက် (ယုဂမတ္တံ ပေက္ခမာနာ)ဟူရာ၌ ရထားထမ်းပိုး က ထားသည့် အာဇာနည်မြင်း သိမ်မှာသည့် ထမ်းပိုးတပြန် လေးတောင်မျှမြေအရပ်ကို ရှေ့သို့ ကြည့်လျက် သွားသကဲ့သို့ ဤ ရဟန်းသည်လည်း ဤ လေး တောင်ခန့်အရပ်ကို ကြည့်သဖြင့် သွားရမည်၊ အကြင် ရဟန်း သည် (သိက္ခာပုဒ်၌) မရှိသေးခြင်းကို စွဲ၍ ထိုထိုအရပ်ကို ကြည့် လျက်ဟူရာ၌ ထိုထို အရပ်၌ရှိသော ပြာသာဒ်, စုလစ်မွန်းချွန် ဘပ်သောအိမ်, ခရီးလမ်းမကို ကြည့်လျက်သွားသည့် ရဟန်း သည် ဒုက္ကဋ်အာပတ် သင့်၏”

ဟူ၍ရှင်း၊

ထိုင်သော ရဟန်းသည်လည်း မျက်လွှာချ၍သာ ထိုင်ရ မည် ဟူ၍ရှင်း၊ ဝိမတိဝိနောဒနီ၌—

"လေးတောင်ခန့် (စတုဟတ္ထပမာဏ) ဟူသော စကားကို လက်သမား အတောင်ကို ရည်ရွယ်၍ မိန့်ဆိုအပ်၏"

ဟူ၍၎င်း၊

"ဤဩကိုဋ္ဌကဗျာသိက္ခာပုဒ်၌သာလျှင် ရွာတွင်းကျောင်း (ရွာလယ်ကျောင်း) သို့ ကပ်သော ရဟန်းတို့အား (ဝါသူပ-ဂတဿ) ဟု မိန့်ဆို၍ နေထိုင်ခြင်းနှင့်စပ်သည့် ဆဋ္ဌသိက္ခာပုဒ် အဋ္ဌမသိက္ခာပုဒ်တို့၌ မဆိုအပ်သောကြောင့် ရွာတွင်းကျောင်း (ရွာလယ်ကျောင်း) သို့ ကပ်သော ရဟန်းသည်လည်း လက်ခြေဘိုကို ကောင်းစွာ စောင့်စည်း၍ မျက်လွှာ ချသဖြင့်သာလျှင် နေထိုင်ရမည်။ ထိုကြောင့်သာလျှင် မာတိကာ (ကခ်ါ) အဋ္ဌကထာ၌လည်း ထို သိက္ခာပုဒ်တို့၏ အထူးကို မပြဆိုမူ၍ ဤ ဩကိုဋ္ဌကဗျာ သိက္ခာပုဒ်တို့၌သာလျှင် ရွာတွင်းကျောင်း (ရွာလယ်ကျောင်း) သို့ ကပ်သော ရဟန်းအား အာပတ် မသင့်ဟု မိန့်ဆိုအပ်၏" ဟူ၍၎င်း။

ဤသို့ (အဋ္ဌကထာဋီကာတို့၌) လာရှိသည့် ၂၆၄ အားလျော်စွာ ဆင်,မြင်း,ခိုးသူတို့လိုက်ခြင်း စသည့်အန္တရာယ်ကို ဖယ်ထား၍ ရိုးရိုးသွားလာသောအခါ အယုတ်ဆုံးအားဖြင့် ခေတ္တခဏ နေထိုင်ရန်အတွက် သွားလာနေထိုင်သော ရဟန်းတို့သည် လက်သမား အတောင် လေးတောင်ပမာဏ မြေအရပ်ထက် ပိုလွန်သော မြေအရပ်ကို၎င်း၊ လေးတောင်ခန့် မြေအရပ်အတွင်း မြေမှအထက်အတို လေးတောင်ပမာဏထက်မြင့်သော အရပ်ကို၎င်း ကြည့်လျက် သွားလာ နေထိုင်ခဲ့သော် သိက္ခာပုဒ်တော်ကို လွန်ကျူးမိသဖြင့် လွန်ကျူးတိုင်း လွန်ကျူးတိုင်း ဒုက္ကဋ်အာပတ် သင့်ရောက်ကြကုန်၏။

ထို ရဟန်းတို့သည် ထိုသို့သဘောရှိသည့် အလဇ္ဇီပုဂ္ဂိုလ်တို့၏ အပြုအမူ၌ သံဝေဂရကြကုန်လျက် တရံတခါမျှလည်း ခနောင်အခါ စောင့်စည်းပါမည်ဟူသော စိတ်ထားဖြင့် ဒေသနာကြား၍ ကုစားခြင်းလည်း မပြုလုပ်ကြကုန်။

အလဇ္ဇီမမှုနှင့် မကင်းကြသည့် ထို ရဟန်းတို့သည် ထို အလဇ္ဇီတို့၏ အပြုအမူနှင့်တကွသာလျှင် သေမင်း၏ခံတွင်းသို့ ဝင်ရောက်ကြရကုန်၏။ ထို ရဟန်းတို့သည် ငရဲ အစရှိသော အပါယ်ဆိုးတို့၌ လားကြကုန်ပြီး နဂါး, ဂဠုန် အစရှိသည့် များစွာသော တိရစ္ဆာန်ဘုံတို့၌လည်း ဖြစ်ကြရကုန်၏။

အားကိုးအားထားရာကို ပြုစွမ်းနိုင်သည့် ဘုရားမြတ်စွာ၏ သာသနာတော်ကို အမှီပြု၍ ကြီးစွာသောဘေးဖြင့် နှိပ်စက်ခံကြရသည့် ထိုရဟန်းတို့အား ထိုသိက္ခာပုဒ် စည်းကမ်း ဥပဒေတော်ကို လွန်ကျူးခြင်း တဏှာသံကိလေသ စသည့် ဘေးငါးပါးတို့မှ လွတ်မြောက်ရန်အတွက်၎င်း၊မကြည်ညိုသေးသူတို့ ကြည်ညိုပါရန်အတွက်၎င်း၊ကြည်ညိုကြပြီးသည့် အချို့သူတို့ကို ကြည်ညိုမှု ပျက်ပြားခြင်းမှ စောင့်ရှောက်ရန်အတွက်၎င်း၊ ကိုးကွယ်ရာ အားထားရာကို ပြုခြင်းငှါ....ဤဩကွ်ဝိတ္တစက္ခု သိက္ခာပုဒ်တော် ၂-မျိုးသည် စွမ်းဆောင်နိုင်လိမ့်မည် ဟုတ်ပါ။

မှန်ပါသည်၊ ထိုပုဂ္ဂိုလ်တို့သည် မြို့တွင်းရွာတွင်း၌ တောမျောက်တို့ကဲ့သို့ ထိုထို၌ အရပ်ဒေသများကို ကြည့်ရှုကြကာ သွားလာလေ့ ရှိကြပါသည်။ ထိုပုဂ္ဂိုလ်တို့သည် အခြားသိက္ခာပုဒ်တို့၌လည်း များသောအားဖြင့် လေးစားရိုသေခြင်း မရှိကြပါ၊ အခါခပ်သိမ်းပင် မာရ်မင်း၏အလို နိုင်ငံသို့

လိုက်ကြရသောကြောင့် ထိုပုဂ္ဂိုလ်တို့သည် သိက္ခာသုံးပါးကို လိုလားသောစိတ်, သိက္ခာပုဒ်စည်းကမ်းများကို စောင့်ထိန်းလိုသောစိတ်လည်း မရှိကြပေ၊ ထိုပုဂ္ဂိုလ်တို့သည် သွန်သင်ဆုံးမ နှိပ်ကွပ်ခြင်းမရှိသော တောမျောက်တို့ကဲ့သို့ လျှပ်ပေါ်လော်လည်သော စိတ်လည်း ရှိကြကုန်၏။ ကလေးသူငယ်မိုက်တို့ကဲ့သို့ ရှိသေကိုင်းညွတ်သောစိတ်လည်း မရှိကြကုန်၊ ကျေးဇူးကိုသိတတ်သော အမှုအရာလည်း မရှိကြကုန်၊ အိမ်နေလူဘို့၏ အပြု အမူကို စွန့်ပယ်ခြင်းလည်း မရှိကြကုန်၊ ရဟန်းတို့၏ ဝတ္တရားလည်း မရှိကြကုန်၊ မိမိသည် ဘုရားသားတော် အဖြစ်သို့ ရောက်အပ်သည်ကိုလည်း အောက်မေ့ဘတ်သော စိတ်လည်း မရှိကုန်၊ ထိုပုဂ္ဂိုလ်တို့သည် သိက္ခာပုဒ်စည်းကမ်းများကို လွန်ကျူးခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဘေးရန်ကိုလည်း မြင်ခြင်း မရှိကြကုန်၊ ထိုပုဂ္ဂိုလ်တို့သည် ဆရာသမားတို့ အဖန်တလဲလဲ ဆုံးမအပ်ပါ ကုန်သော်လည်း တောမျောက်တို့ကဲ့သို့ စက္ခုစသောဝတ္တရားကို စောင့်စည်းခြင်းလည်း မရှိကြကုန်၊ သမဏသညာလည်း မရှိကြကုန်။

ထိုပုဂ္ဂိုလ်တို့သည် ငြိမ်သက် တည်ကြည်သော ဝတ္တရားရှိကြသည့် သီတင်း သုံးဘော်တို့ အဖန်တလဲလဲ စောဒနာအပ်၊ အောက်မေ့စေအပ်၊ ကဲ့ရဲ့အပ်ကြပါကုန်သော်လည်း တင်းသည်တို့ကဲ့သို့ မကောင်းမှု ဒုစရိုက်တို့မှ ရှက်ကြောက်ခြင်းလည်း မရှိကြကုန်၊ ထို့ပြင် ထိုပုဂ္ဂိုလ်တို့သည် ရှိသေ လေးစားထိုက်သည့် ဆရာသခင်အရှင်မြတ်တို့က အဖန်တလဲလဲ ဆိုဆုံးမကြရ၍ ထိုဆရာမြတ်တို့ထံမှ သူတော်ကောင်း တရားကို အကြိမ်ကြိမ် ကြားနာရပါကုန်သော်လည်း မုဆိုး တံငါတို့

ကဲ့သို့ သံသရာဘေးကို ရှုမြင်ခြင်းမရှိကြပဲ ထိုလင်္ဂီတို့၏ အမှု မကောင်းမှုမှ ကြဉ်ရှောင်ခြင်းလည်း မရှိကြကုန်။

ထိုပုဂ္ဂိုလ်တို့အား တရားတော်ကို လေးစားကြသည့် မိမိ၏ ဥပါသကာ ဒါယကာတို့ကလည်း အမျက်ထွက် စိတ်ဆိုး ကြကုန်၏၊ ကဲ့ရဲ့ရှုတ်ချကြကုန်၏၊ ကျေးဇူးမဲ့ကိုလည်း ပြောဆို ကြကုန်၏၊ အကျင့်သိက္ခာကို လိုလားကြသည့် မိမိ၏ အတွင်း နေ တပည့်တို့ကလည်း အမျက်ထွက်ကြ စိတ်ဆိုးကြကုန်၏၊ သဒ္ဓါတရားလည်း ပျက်ကြကုန်၏၊ ချစ်ခင် မြတ်နိုးခြင်းမှ လည်း ကင်းကြကုန်၏၊ ထို့ကြောင့် ထိုတပည့် ဒါယကာတို့ သည် ထိုပုဂ္ဂိုလ်တို့ကို ပယ်စွန့်ကြပြီး အရပ်တပါးသို့ ဖဲသွား ကြကုန်၏၊ မိမိ၏ဆရာတို့သည်လည်း ထိုပုဂ္ဂိုလ်တို့အား ပယ် ကြကုန်၏၊ နှင်ထုတ်ကြကုန်၏။

သို့မဟုတ် ဆရာအရှင်တို့က မိမိကို ပယ်စွန့်ကြပြီး အရပ် တပါးသို့ဖဲသွားကြကုန်၏၊ တရားကို လေးစားကြသည့် မိမိ၏ ဆွေမျိုး ဉာတကာတို့သည်လည်း ထိုပုဂ္ဂိုလ်အား အကြည်ညို ပျက်ကြကုန်၏၊ ကဲ့ရဲ့ရှုတ်ချ ကြကုန်၏၊ အရေးဂရုမှုလည်း မပြုကြကုန်၊ မိမိ၏ ဆွေမျိုးဉာတကာမှတပါး အခြားလူတို့ မှာကား အဘယ်ဆိုဘွယ်ရာ ရှိပါမည်နည်း။

မှန်ပေသည်၊ ရဟန်းတို့ကို အစိုးရတော်မူသည့် ဘုန်းတော် သခင် ဘုရားရှင်သည် ရဟန်းအားလုံးတို့ ကိုးကွယ်ရာ အတွက် ပညတ်တော် မူခဲ့ပါသော်လည်း ဘုရားရှင်၏ ရန်သူဘက်ဖြစ် သည့် မာရ်မင်းဂိုဏ်းဝင် ရဟန်းတို့အား ဆိုခဲ့သည့် ဘေးငါး ပါးတို့မှ လွတ်မြောက်စေ၍ နတ်ရွာသုဂတိနှင့် မဂ်ဖိုလ်နိဗ္ဗာန်

အတွက် ကိုးကွယ်ရာ ဖြစ်ခြင်း၌ ဤဩဂ္ဂိတ္တာစက္ခုသံက္ခာပုဒ် ၂-မျိုးက မကာယ်တင် နိုင်ပါချေ။

ဘခင်ကောင်းစွာပေးအပ်သည့် လက်နက်ဥပမာ

ရန်သူ နှိပ်နှင်းရန်အတွက် ဘခင်ပေးထားသည့် လက်နက်ကို ဖျက်ဆီး၍ ရန်သူများထံ ချဉ်းကပ်သဖြင့် ရန်သူတို့ ညှဉ်းပန်း နှိပ်စက်မှုကို ခံရပြီး သေဘေးနှင့် ရင်ဆိုင်တွေ့ကြုံသော သားငယ်အတွက် ဘခင်ပေးထားသည့် လက်နက်သည် အဘယ် အကျိုးရှိမည်နည်း၊ ထိုသားငယ်၏ဘခင်သည်လည်း အဘယ်သို့ ပြုနိုင်မည်နည်း။

"သီလ သမာဓိမရှိပဲ အနှစ်တဆာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထ ဝိပဿနာကို ရှုသောသူ၏ ၁ရက်မျှ အသက် ရှည်ရခြင်းသည် မြတ်၏" ဟူ၍၎င်း၊

"စန္ဒကူးနံ့၊ ဘောဇလပ်ပန်းအနံ့၊ ကြာညိုပန်းအနံ့၊ မြလေးပန်း အနံ့တို့သည် ရှိကုန်၏၊ ထိုပန်းရနံ့ အမျိုးမျိုးတို့ထက် သီလအနံ့သည်သာ အတုမရှိ မြတ်၏"ဟူ၍၎င်း၊

ဤသို့ ဘုရားရှင် ဟောဖော်ညွှန်ပြသည့် ကိုယ်ကျင့်သီလမှ ချွတ်ယွင်းခြင်းနှင့် အကျင့်သီလနှင့် ပြည့်စုံခြင်း၌ အကျိုးကို မအောက်မေ့ နိုင်အောင် လွန်မင်းစွာ တွေဝေခြင်း (သမ္မောဟ) တဏှာဒိဋ္ဌိသံကိလေသာ စစ်သူကြီး ခေါင်းဆောင်၍ မကောင်းမှု ဒုစရိုက်တို့မှ မရှက်ခြင်း (အဟိရိက) မလန့်ခြင်း (အနောတ္တပ္ပ) ပြခဲ့နေးပြီး တောမျောက်တို့ကဲ့သို့ လျှပ်ပေါ်လော်လည်သော စိတ်ကို ဖြစ်စေတတ်သည့်

ဘာကျာသိကိလေသမာရ် စစ်သည် အပေါင်း၏ ဘုရားရှင်၏ ဘပည့်သာဝကတို့ကို ရှုးနိမ့်အောင် အတိုင်းထက်အလွန် တိုက်ဘွန်း နိုးဆွနိုင်သည့် အစွမ်းသတ္တိသည်ကား အံ့သြဘွယ် ကောင်းလေစွ။

တိုက်တွန်းနှိုးဆော်ချက်

သိဿိဋ္ဌကျွန်းတွင် သီတင်းသုံးတော်မူသည့် တွေ့ဘူး မြင်ဘူး၍ ခင်မင်မြတ်နိုးကြသည့် ထေရ်ကြီး ထေရ်ငယ် မဇ္ဈိမ, နဝ ဖြစ်တော်မူကြသည့် အရှင်ကောင်း အရှင်မြတ်တို့နှင့် မတွေ့ဘူး မမြင်ဘူး သော်လည်း ခင်မင် မြတ်နိုးခြင်း ရှိတော်မူကြသည့် အရှင်ကောင်း အရှင်မြတ်တို့ဘုရား.... အားလုံးသော အရှင်မြတ်တို့သည် မကောင်းမှု အကုသိုလ်တို့မှ ရှက်တတ်၍ သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းမှ ကုက္ကုစ္စရှိတော်မူကြပါကုန်၏၊ သိက္ခာသုံးပါးကိုလည်း အလိုရှိတော်မူကြပါကုန်၏၊ သိက္ခာပုဒ် စည်းကမ်းဥပဒေတို့ကို လွန်ကျူးမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးနှင့်တို့ကိုလည်း ရှုမြင်တတ်ကြပါကုန်၏၊ နောင်သံသရာ ဘေးကိုလည်း မြင်တတ်ကြပါကုန်၏၊ သတိပညာနှင့်လည်း ပြည့်စုံတော်မူကြပါကုန်၏၊ ငြိမ်သက်တည်ကြည်သော ဘုတော်ကောင်း ပုဂ္ဂိုလ်များလည်းဖြစ်တော်မူကြ ပါကုန်၏။ ယင်းသို့ ဆိုခဲ့သည့် ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသည့် အားလျော်စွာ အရှင်ကောင်း အရှင်မြတ် အားလုံးတို့သည် ဤသို့ ဆိုခဲ့ပြီးသည့် အရာဋ္ဌာနမျိုးတို့၌လည်း ယုတ်မာသော အကုသိုလ်မှုများ ကိုသာ ကဲ့ရဲ့ ရှုတ်ချတော်မူကြ စေလိုပါသည်။

စက္ခုန္ဒြေကို စောင့်စည်းခြင်း မပြုပဲ ပညတ်တော်မူပြီးသည့် သိက္ခာပုဒ် စည်းကမ်း ဥပဒေတော်ကို လွန်ကျူးကြသည့် ပုဂ္ဂိုလ်တို့ကို တရံတခါမျှပင် ကဲ့ရဲ့ရှုတ်ချခြင်း မပြုကြမူ၍ အလဇ္ဇီတရားတို့ လွန်စွာ နှိပ်စက်ခံရသည့် ပုဂ္ဂိုလ်တို့အပေါ်မှာ ဂဠုန်ဖမ်းယူထိုးသုတ်ခြင်းကို ခံရသည့် နဂါးငယ်ကို တွေ့မြင်ရသကဲ့သို့ရင်း,

ခြင်္သေ့ခံတွင်းသို့ သက်ဆင်း၊ ကျရောက်နေသော သားသမင်ငယ်ကို တွေ့မြင်ရသကဲ့သို့ရင်း သနားခြင်း ကရုဏာစိတ်ထားတော်မူကြစေလိုပါသည်။

ဥပမာအားဖြင့် နဂါးသည် မိမိအဖော် နဂါးတို့ကို ဂဠုန်ဖမ်းယူထိုးသုတ်၍နေသည်ကို တွေ့မြင်ရသောအခါ အဝေးမှပင် ထိုဂဠုန်ကို ကြောက်လန့်းလှသဖြင့် အခြားဘေးကင်းရာ အရပ်သို့ လျင်မြန်စွာ ပြေးလေသကဲ့သို့ရင်း,

ဥပမာ တနည်းအားဖြင့် အသက်ချမ်းသာစွာ အသက်ရှင်လိုသည့် သားသမင်သည် မိမိအဖော် သားသမင်တို့ကို ခြင်္သေ့ညှဉ်းပန်း နှိပ်စက် ကိုက်စား၍နေသည်ကို တွေ့မြင်ရသောအခါ ထိုခြင်္သေ့ကို ကြောက်လန့်းလှသဖြင့် အဝေးမှပင် အခြားဘေးကင်းရာ ဝေးသော အရပ်သို့ လျင်မြန်စွာ ပြေးသွားသကဲ့သို့ရင်း၊ ထို့အတူ ထိုသို့ သဘောရှိသော မကောင်းမှုတို့မှ မရှက်ခြင်း ကိလေသာ တရားတို့ကို အထူးအားဖြင့် ကြောက်လန့်တော်မူကြ၍ အကြင်ပုဂ္ဂိုလ်တို့သည် ကလေးသူငယ်တို့ကဲ့သို့ သေးငယ်သော ဣန္ဒြေရှိကြကုန်၏။ သားသမင်တို့ကဲ့သို့ တုန်လှုပ်သော စိတ်ရှိကြကုန်၏။ တောမျောက်တို့ကဲ့သို့ လျှပ်ပေါ်သော စိတ်ရှိကြကုန်၏၊ ထိုထို

ပုဂ္ဂိုလ်တို့သည် သိက္ခာ ပုဒ်တော်ကို လွန်ကျူးခြင်းဟု ဆိုအပ်သည့် သံကိလေသ ခြသေ့ဖမ်းယူ ကိုက်စားခြင်းကို ခံကြရကုန်၏၊ ထိုပုဂ္ဂိုလ်များကို တွေ့မြင်သိရှိကြရပြီး ထိတ်လန့်ခြင်း သံဝေဂကိုရယူတော်မူကြကာ ထိုပုဂ္ဂိုလ်တို့ အပေါ်၌ သနားခြင်း ကရုဏာစိတ် ဖြစ်စေတော်မူကြလျက်–

"ထိုပုဂ္ဂိုလ်တို့သည် သိက္ခာပုဒ်တော်ကို လွန်ကျူးမှုကြောင့် ကိလေသာ ခြသေ့၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံကြရကုန်၏၊ ငါတို့သည် ယင်းတို့ကဲ့သို့ မဖြစ်ရအောင် သိက္ခာပုဒ်တော်များကို မလွန်ကျူးကြပဲ ထိန်းသိမ်းကြပါကုန်အံ့"

ဟု စိတ်ကို ကောင်းစွာ ဆောက်တည်ကြကုန်၍–

"အာဇာနည် သိန္ဓော မြင်းမျိုးသည် တိရစ္ဆာန်ဖြစ်သော်လည်း အခါခပ်သိမ်းပင် စောင့်ထိန်းသော ဣန္ဒြေနှင့်ပြည့်စုံသည်ဖြစ်၍ မိမိမျက်မှောက်တွင် တည်ရှိသော မြေအရပ်ကို ရထားထမ်းပိုး တပြန်မျှလောက်ကိုသာ ကြည့်ရှုလျက် မျက်လွှာချပြီး သွားခြင်းငှါ စွမ်းနိုင်သေး၏။ သာကီဝင် မင်းသားရဟန်းတော်များ ဖြစ်ကြသည့် ငါတို့သည် အဘယ့်ကြောင့် ထိုကဲ့သို့ ကြည့်ရှုလျက် သွားခြင်းငှါ မစွမ်းနိုင်ပဲ ရှိပါချေအံ့နည်း"ဟု ကောင်းစွာ နှလုံးသွင်းတော်မူကြပြီး ထို သိက္ခာပုဒ် စည်းကမ်း ဥပဒေတော်ကို လွန်ကျူးခြင်းဟု ဆိုအပ်သည့် သံကိလေသ ဘေးရန်မှ လွတ်မြောက်စေရန် အတွက်သ တိတရား လက်ကိုင်ထားတော် မူကြပါကုန်ဘုရား။

လက်ခြေကို မကစားပဲ ကောင်းစွာ စောင့်စည်းခြင်း ဝသည်နှင့် စပ်လျဉ်းသော သိက္ခာပုဒ်တော်ကို မရိုသေ မလေးစားခြင်း

ဤသို့လျှင် ဆိုခဲ့သည့် သိက္ခာပုဒ်တို့မှ တပါးသော လက်ခြေကို မကစားပဲ ကောင်းစွာ ဣန္ဒြေကို စောင့်စည်းခြင်းနှင့် စပ်လျဉ်းသည့် (သုသံဝုတ) သိက္ခာပုဒ်၊ ငယ်သော အသံ (တိုးတိုးသံ)ဖြင့် ပြောဆိုရခြင်းနှင့် စပ်လျဉ်းသည့်(အပ္ပသဒ္ဒ) သိက္ခာပုဒ်၊ ကျယ်လောင်သော အသံဖြင့် ပြောဆိုခြင်းနှင့် စပ်လျဉ်းသည့် (ဥဇ္ဇဂ္ဃိက) သိက္ခာပုဒ် အစရှိသော ကျင့်အပ်သည့် (သေခိယ) သိက္ခာပုဒ်တော်တို့ကိုငင်း၊ ရွာတွင်းသို့ဝင်ခြင်းနှင့် စပ်လျဉ်းသည့် (ဂါမပဝေသန) သိက္ခာပုဒ်၊ နေ့အခါအိပ်ခြင်းနှင့် စပ်လျဉ်းသည့် (ဒိဝါသေယျ) သိက္ခာပုဒ်တို့ကိုငင်း၊ ဘုရားရှင်သည် မိမိတပည့် သာဝက ရဟန်းတို့ အားထားရန် အတွက် ပညတ်တော်မူခဲ့ပါသည်။

ယင်းသို့ ပညတ်တော် မူခဲ့ပါသော်လည်း အကြင်ပုဂ္ဂိုလ်တို့သည် ရှေးဦးမဆွ ရှင်ရဟန်းပြုကြစဉ် အခါကာလက ကာမဂုဏ်တို့၏ အပြစ်ကို သိမြင်ကြပြီး ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း အကျိုးအာနိသင်ကိုလည်း သိမြင်ကြကာ အိမ်ရာဘည်ထောင် လူ့ဘောင် လူ့ဘဝမှ အိမ်ရာမထောင် ရဟန်းဘောင် ရဟန်းဘဝသို့ ယုံကြည်မှု သဒ္ဓါတရားဖြင့် ဝင်ရောက် ရှင်ရဟန်းပြုကြသော်လည်း ငြိမ်သက် တည်ကြည်ခြင်း ရှိတော်မူကြသည့် သူတော်သူမြတ်တို့ထံမှ သူတော်ကောင်းတရားကိုမကြားနာကြရပဲ လဇ္ဇီကုက္ကုစ္စကသိက္ခာကာမ သီလဝန္တဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသည့် မဟာထေရ် အရှင်

မြွတ်တို့နှင့် ကင်း၍ အမှတ်မဲ့ သွားလာ နေထိုင်ကြကုန်၏။ မကောင်းသော အဆွေခင်ပွန်း၊ ယုတ်မာကောက်ကျစ် စဉ်းလဲသော အဆွေခင်ပွန်းတို့နှင့်လည်း ပေါင်းဖော်ယှဉ်တွဲ နေထိုင်ကြကုန်၏။ ယုံကြည်မှုသဒ္ဓါတရားလည်း ပျက်ပြားကြကုန်၏။ (ထို့ကြောင့် ထို ပုဂ္ဂိုလ်တို့သည်) မြို့ရွာအတွင်း၌လည်း ဆဗ္ဗဂ္ဂီရဟန်းတို့ကဲ့သို့ ဣန္ဒြေကို ကောင်းစွာ မစောင့်စည်းပဲ လက်ခြေကို ဆော့ကစားကြကုန်၏။ တဆဲ့နှစ်တောင်ထက် လွန်သော အရပ်၌ တည်သော လူဒါယကာတို့ ကြားနိုင်လောက်သည့် ကြီးသောအသံ မြင့်သောအသံကိုလည်း ပြုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ထိုကဲ့သို့ ပြင်းစွာ ရယ်မောခြင်း အစရှိသော ဖောက်ပြန်သော အမှုအရာကို ပြုကြကုန်၏။ ဆွမ်းခံရန်လှည့်လည်သော အခါ၌လည်း ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ မြို့တွင်း ရွာတွင်းသို့ ဝင်ကြကုန်၏။ ကျောင်းတိုက်၌ နေ့အချိန် အိပ်သောအခါ၌လည်း ဆုံးယက်ကွင်းနှင့်တကွသော လည်သောတံခါးကို ပိတ်ခြင်းလည်း မပြုကြကုန်။

ဤသူသည် ပိတ်လိမ့်မည် ဤသို့ အစရှိသည်ဖြင့် နှလုံးသွင်းခြင်းလည်း မပြုကြပဲ အမှတ်မဲ့ အိပ်ကြကုန်၏။ ညဉ့်အခါ၌လည်း ရဟန်းပဥ္စင်း မဟုတ်သည့် သာမဏေ လူဒါယကာများနှင့်အတူ နှစ်ညဉ့်၊ သုံးညဉ့်ထက် အလွန်တမိုးတရံတည်း အတူ အိပ်ကြကုန်၏။

"ရှည်သော ခြေသည်း လက်သည်းတို့ကိုရင်း၊ ရှည်သောဆံပင်တို့ကိုရင်း၊ ရှည်သောနှုတ်ခမ်းမွေးတို့ကိုရင်း မဆောင်ကြကုန်ရာ"

ဟူ၍ (ခုဒ္ဒသိက္ခာ၌လာသော) ပါဠ်အားလျော်စွာ ထိုသို့ သဘောရှိသော ဝိနည်းကျင့်ဝတ် ပဋိပတ်ကိုလည်း(ထိုရဟန်း တို့သည်) နှလုံးသွင်းခြင်း မပြုကြကုန်။ (ထို့ကြောင့် ထိုရဟန်း တို့သည်)လက်ဖျား၊ ခြေဖျား၊ နှုတ်ခမ်းဖျား အသားစိုင်ထက် ပို၍ ရှည်လွန်းသော ခြေသည်း၊ လက်သည်း၊ နှုတ်ခမ်းမွေးတို့ ကိုလည်း ဖြတ်ခြင်း မပြုကြကုန်။ (ထို့ပြင်) လက်နှစ်သစ် အတိုင်းအရှည်ထက် ပိုလွန်သော ဆံပင်တို့ကိုလည်း မဖြတ် ကြကုန်၊ (ထို့ပြင်) ထိုရဟန်းတို့သည် အခြားတပါးသော ဆလေးဂရုပြုထိုက်သည့် အရာဌာနများကိုလည်း မရိုမသေပြု လုပ်ကြကုန်၏။ ထို့ကြောင့် ထိုရဟန်းတို့သည် ထိုသို့သဘော ရှိသော သိက္ခာပုဒ် စည်းကမ်းဥပဒေကို လွန်ကျူးခြင်းဟု ဆိုအပ်သည့် သံကိလေသ ဘေးရန်နှင့် တွေ့ဆုံကြကာ အခါ ခပ်သိမ်းပင် ညစ်နွမ်းခြင်းသို့ ရောက်ကြကုန်လျက် ဆရာ သမားတို့ဆုံးမပဲ့ပြင် တားမြစ်ခြင်းမရှိ မိမိတို့ အလိုအတိုင်း သာ သွားလာနေထိုင်ကြကုန်၏။

(မိမိတို့၏ ကိုးကွယ်ရာကို) မိမိသည်ပင် ကိုးကွယ်ရာမဲ့အောင် ပြုစွမ်းနိုင်သည့် ပုဂ္ဂိုလ်များ

ထိုကဲ့သို့ ဆရာသမားတို့ ဆိုဆုံးမခြင်းမရှိသဖြင့် မိမိတို့ အလိုရှိတိုင်း ထင်သလိုသွားလာ နေထိုင်ကြသည့် ပုဂ္ဂိုလ် တို့အား– (ဤ သိက္ခာ ပုဒ်တော်များသည် ကိုးကွယ်ရာကို ပြုခြင်းငှါ) မစွမ်းနိုင်ပါ၊ (မှန်ပါသည် ဒါယကာတို့သည် ထိုကဲ့သို့သော ရဟန်းတို့အား)–

"သာကီနွယ်ဖွား ဘုရားသားတော်များဖြစ်ကြသည့် ဤရဟန်းတော်တို့သည် ဘုရားရှင် သာသနာတော်၌ ရဟန်းတရားအထူးကို ကောင်းစွာကျင့်လျက် မိမိ၏ ကိုးကွယ်ရာကို ရှာလိုကြသည်ဖြစ်၍–ယုံကြည်မှု သဒ္ဓါတရားဖြင့် ရှင်ရဟန်း ပြုခဲ့ကြပါသည်၊ ယင်းသို့ သဒ္ဓါ၍ ရှင်ရဟန်းပြုခဲ့ကြသော်လည်း မိမိကိုးကွယ်ရာ သိက္ခာပုဒ်တော်များကို မိမိတို့ကိုယ်တိုင်ပင် လွန်ကျူး ဖျက်ဆီးကြပါသည်။ ဥပမာအားဖြင့် နွား၊ကျွဲတို့သည် နွားပိုင်ရှင်၊ ကျွဲပိုင်ရှင်တို့က ၎င်းတို့ စားသောက်ရန် အတွက် ပေးထားသည့် နွားစာ၊ ကျွဲစာ မြက်တို့ကို ခြေတို့ဖြင့် နင်းကာ နင်းကာ ၎င်းတို့ ကိုယ်တိုင်ပင် စားသုံးမရအောင် ဖျက်ဆီးကြသကဲ့သို့ ထို့အတူ ရဟန်းတို့ကိုယ်တိုင်ပင် လွန်ကျူးဖျက်ဆီးကြပါသည်။

ဟူ၍၎င်း

သာကီနွယ်ဖွား ဘုရားသားတော် ဖြစ်ကြသည့် ဤရဟန်းတို့သည် ဘုရားရှင်သာသနာတော်အတွင်း၌ ဘုရားရှင်သားကြီး သားငယ်တို့ကဲ့သို့ဖြစ်ကာ နေထိုင် ကြပါကုန်လျက် မိမိတို့မှီခိုရာလည်းဖြစ်၍ စင်စစ်ကေန် ကိုးကွယ်ရာကိုလည်းဖြစ်၊ စင်စစ်ကေန် ဖြူစင်သန့်ရှင်း ၍ မြတ်လှသည့်သာသနာတော်ကို မိမိတို့၏ အကျင့် ဆိုးတို့ဖြင့် ညစ်နွမ်းအောင် ဖျက်ဆီး ကြပါသည်။ ဥပမာအားဖြင့်-ထင်းမှုဖြစ်သော ထင်းပိုးတို့သည် မိမိ တို့၏ မှီရာဖြစ်သည့် ထင်းကိုပင် စားသောက်ပြီး ဆွေးမြေ့အောင်ပြုကာ ဖျက်ဆီး ကြကုန်သကဲ့သို့

ထို့အတူ မိမိတို့ မှီရာဖြစ်သည့် သိက္ခာပုဒ်တော်များကို မိမိတို့ အကျင့်ဆိုးဖြင့် ညစ်နွမ်းအောင် ဖျက်ဆီးကြပါသည်။

ဟူ၍ရှင်း

"ဘုရားရှင်သည် သာသနာတော်ကို အားလုံးသောသတ္တဝါတို့ ကိုးကွယ်ရာအတွက် ထားတော်မူခဲ့ပါသည်၊ သာကီနွယ်ဖွား ဘုရားသားတော် ဖြစ်ကြသည့် ရဟန်းတော်တို့သည် ယင်းဘုရားရှင်၏ သာသနာတော်အတွင်း၌ နေ၍ မိမိတို့၏ များပြားလှသည့် အကျင့်ဆိုးတို့ဖြင့် အားနည်းအောင်ပြု၍ ဖျက်ဆီးခြင်းငှါ စွမ်းနိုင်ကြကုန်သကဲ့သို့ ငါတို့ဒါယကာတို့သည် ထိုကဲ့သို့ စွမ်းနိုင်ခြင်း မရှိကြပါ။

ဥပမာအားဖြင့် သားကောင်တို့ကို အစိုးရသည့် ခြင်္သေ့ကိုယ်မှ ပိုးမွှားတို့သည် နေရာဌာန အသီးသီးတို့၌ မှီတွယ်ကြကုန်လျက် မိမိတို့မှီရာ အရေအသားစသည်တို့ကို စားကြကာ ထိုခြင်္သေ့ကို ညှဉ်းဆဲနှိပ်စက်ခြင်းငှါ စွမ်းနိုင်သကဲ့သို့ သားကောင်တို့သည် ထိုကဲ့သို့ စွမ်းနိုင်ခြင်းငှါ မရှိကြပါ"

ဟူ၍ရှင်း

ဤသို့ များစွာသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ရှုတ်ချကြသည့် လူဒါယကာတို့ကို မကဲ့ရဲ့ မရှုတ်ချကြစေရန်အတွက်ရင်း ဤ သိက္ခာပုဒ်တော်တို့ကို ဖြည့်ကျင့်၍ ရရှိခြင်းသည် နှလုံးသာယာရှင်လန်းမှု 'အဝိပ္ပဋိသာရ'၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'၊ နှစ်သက်မှု 'ပီတိ'၊ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ'၊ ချမ်းသာမှု 'သုခ'၊

ဘည်ကြည်မှု 'သမာဓိ'၊ဟုတ်ဘိုင်းမှန်စွာ သိမြင်မှု'ယထာဘူတ ဉာဏဒဿနဉာဏ်' အစရှိသော ရဟန်းတရားထူး များစွာတို့ကို ပြည့်စုံရန်အတွက်ရင်း ကိုးကွယ်ရာကို ပြုခြင်းငှါ ဤ သိက္ခာ ပုဒ်တော်များသည် မစွမ်းနိုင်ပါ။

ထူးကဲမွန်မြတ်သော အရသာရှိသည့် ခဲဘွယ်ဘောဇဉ် ဥပမာ

(မင်းသားငယ်အား)ဘခင်ဘုရင်ကေရာဇ်မင်းကောင်းစွာ ပေးအပ်သည့် များပြားလှသည့် ခဲဘွယ်ဘောဇဉ်သည် ထူးကဲ မွန်မြတ်သည့်အရသာရှိ၏၊ အဘိုးများစွာလည်း ထိုက်တန်၏၊ (မင်းသားငယ်သည် ထိုခဲဘွယ်ဘောဇဉ်ကို) လျှာရင်းတွင် ပေါက်သော အိုင်းအနာရောဂါ (လျှာရင်းနာ) ညှဉ်းဆဲ နှိပ်စက်မှုကြောင့် ခဲစားခြင်းငှါ မစွမ်းနိုင်၍ တခဏချဉ်း အစာအာဟာရ ပြတ်ကာ သေဆုံးရလေ၏။ ထို မင်းသားငယ် အား ထို ကောင်းမွန်သော ခဲဘွယ်ဘောဇဉ်သည် အဘယ် အကျိုး ရှိချိမ့်မည်နည်း၊ ထို ဘခင်ဘုရင်ကေရာဇ်မင်းသည် သည်း အဘယ်သို့ ပြုလုပ်နိုင်မည်နည်း။

"အာနန္ဒာ သီလသည် နှလုံးသာယာမှု 'အဝိပ္ပဋိသာရ' အကျိုးရှိ၏၊ နှလုံးသာယာမှု 'အဝိပ္ပဋိသာရ' အာနိသင်ရှိ၏။ အာနန္ဒာ နှလုံးသာယာမှု 'အဝိပ္ပဋိသာရ'သည် ဝမ်းမြောက်မှု 'ပါမောဇ္ဇ' အကျိုးရှိ၏၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ' အာနိသင်ရှိ၏။ အာနန္ဒာ ဝမ်းမြောက်မှု 'ပါမောဇ္ဇ' သည် နှစ်သက်မှု 'ပီတိ' အကျိုးရှိ၏၊ နှစ်သက်မှု'ပီတိ' အာနိသင်ရှိ၏။ အာနန္ဒာ နှစ်သက်မှု 'ပီတိ' သည် ငြိမ်းချမ်းမှု 'ပဿဒ္ဓိ'

အကျိုးရှိ၏၊ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' အာနိသင်ရှိ၏။ အာနန္ဒာ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ'သည် ချမ်းသာမှု'သုခ' အကျိုးရှိ၏၊ ချမ်းသာမှု 'သုခ' အာနိသင်ရှိ၏။ အာနန္ဒာ ချမ်းသာမှု 'သုခ'သည် တည်ကြည်မှု 'သမာဓိ' အကျိုးရှိ၏၊ တည်ကြည်မှု 'သမာဓိ' အာနိသင်ရှိ၏။

အာနန္ဒာ တည်ကြည်မှု'သမာဓိ' သည် ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' အကျိုးရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' အာနိသင်ရှိ၏။ အာနန္ဒာ ဟုတ်တိုင်းမှန်စွာသိမြင်မှု 'ယထာဘူတဉာဏဒဿန' သည် ငြီးငွေ့မှု 'နိဗ္ဗိဒါ' အကျိုးရှိ၏၊ ငြီးငွေ့မှု'နိဗ္ဗိဒါ'အာနိသင်ရှိ၏။ အာနန္ဒာ ငြီးငွေ့မှု'နိဗ္ဗိဒါ' သည် တပ်စွန်းခြင်းကင်းမှု 'ဝိရာဂ' အကျိုးရှိ၏၊ တပ်စွန်းခြင်းကင်းမှု 'ဝိရာဂ' အာနိသင်ရှိ၏၊ အာနန္ဒာ တပ်စွန်းခြင်းကင်းမှု 'ဝိရာဂ' သည်။ လွတ်မြောက်မှု 'ဝိမုတ္တိ'အကျိုးရှိ၏၊ လွတ်မြောက်မှု 'ဝိမုတ္တိ' အာနိသင်ရှိ၏။ အာနန္ဒာ လွတ်မြောက်မှု 'ဝိမုတ္တိ' သည် လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့် လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' အကျိုးရှိ၏၊ လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့် လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' အာနိသင်ရှိ၏"။

ဤသို့ ဘုရားရှင်ညွှန်ပြတော်မူအပ်သည့် ကိုယ်ကျင့်သီလ အာနိသင်များစွာတို့ကို မအောက်မေ့နိုင်သည့် ပြင်းစွာတွေဝေ

မှု ‘သမ္မောဟ’ စစ်သူကြီး ဦးဆောင်သည့် မကောင်းမှု ဒုစရိုက်တို့မှ မရှက်ခြင်း ‘အဟိရိက’၊ မလန့်ခြင်း ‘အနောတ္တပ္ပ’ အစရှိသော များစွာသော သံကိလေသာ မာရ်စစ်အပေါင်း၏ အမျိုးမျိုးသော နေရာတို့၌ အစဉ်လိုက်ကာလိုက်ကာ ဘုရားရှင်၏ သာသနာတော်ကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်သည်ကား အံ့ဩဘွယ် ကောင်းလှလေစွ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ပုထုဇဉ်အဖြစ် ပုထုဇဉ်ဘဝသည်ကား ကြောက်ရွံ့ဘွယ်ကောင်းလေစွ။

မှန်၏၊ များစွာသောကိလေသာတို့ကို ဖြစ်ပွါးစေနိုင်သည့် ပုထုဇဉ်ရဟန်းတို့သည်သာ မိမိ၏ ကိုးကွယ်ရာကို ပြုတတ်၍ အတုမရှိသော အကျိုးအာနိသင်ကို ပေးတတ်ပြီး အတုမရှိ မွန်မြတ်လှသည့် ဤသိက္ခာပုဒ်တော်တို့ကို ဖျက်ဆီးကျော်နင်းကြကုန်၏၊ (ထို့ကြောင့် ထိုပုထုဇဉ်ရဟန်းတို့သည်) ကိုးကွယ်ရာမဲ့သူတို့အား ကိုးကွယ်ရာအတွက် ဘုရားရှင် ထားတော်မူခဲ့သည့် သာသနာတော်ကို အမှီပြုလျက် ကိုးကွယ်ရာကိုမရရှိကြကုန်၊ ကိုးကွယ်ရာမဲ့ကို ပြုတတ်သည့် သိက္ခာပုဒ်လွန်ကျူးမှု အကုသိုလ်တို့ကိုသာ ရရှိကြကုန်၏၊ (ထို့ကြောင့် ထိုပုထုဇဉ်ရဟန်းတို့သည်) မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့နှင့် တံငါသည်စသည်တို့ ဖြစ်ရာနေရာဖြစ်သည့် အပါယ်ဘုံတို့၌ ဖြစ်ကြရပြီး ပျက်စီးခြင်းသို့သာ ရောက်ကြရကုန်လတ္တံ့။

ပရွက်ဆိတ် ဥပမာ

ဥပမာအားဖြင့် ပရွက်ဆိတ်တို့သည် လူတို့အား ချမ်းသာကို ပြုတတ်သည့် ချိုမြိန်သော ထန်းလျက်ရည်ထဲသို့ မကောင်း

ခသော သက်ဆင်းခြင်းဖြင့် သက်ဆင်း၍ ထိုထန်းလျက်ရည်ထဲ၌ နစ်မြုပ်လျက် ပျက်စီးခြင်းသို့ ရောက်ကြကုန်သကဲ့သို့တည်း။

ကောင်းဝွာတိုက်တွန်း နှိုးဆော်ခြင်း

လက်ာဒီပ သီဟိုဠ်ကျွန်းတွင် သီတင်းသုံး နေထိုင်တော်ခူကြသည့် ထေရ်ကြီး ထေရ်ငယ် မဇ္ဈိမ နဝဖြစ်တော်မူကြသည့် အရှင်သူမြတ်တို့ဘုရား....အရှင်မြတ်တို့သည် တပည့်တော်များ ချစ်ခင်မြတ်နိုးသည့် အဆွေခင်ပွန်းလည်း ဖြစ်ကြပါသည်၊ ချစ်ခင်မြတ်နိုးသည့် ဆရာများလည်း ဖြစ်ကြပါသည်၊ ချစ်ခင် မြတ်နိုးသည့် အတွင်းနေ တပည့်များလည်း ဖြစ်ကြပါသည်၊ ႇကောင်းမှုမှ ရှက်တတ်၍ သိက္ခာပုဒ်ကို လွန်ကျူးခြင်း၌ သံသယကုက္ကုစ္စလည်း ရှိတော်မူကြပါသည်၊ သိက္ခာသုံးပါးကို သည်း လိုလားတော်မူကြပါသည်၊ အမျိုးကောင်းသားများ သည်း ဖြစ်ကြပါသည်၊ (ယင်းသို့ ဖြစ်ကြသည့်အားလျော်စွာ အရှင်သူမြတ်တို့သည်) ဤသို့သဘောရှိသော အရာဌာနတို့၌ သည်း ယုတ်မာမှုကို ကဲ့ရဲ့ရှုတ်ချတတ်သူတို့သာ ဖြင်ကြ၍ ယုတ်မာသော အကုသိုလ်တို့ကိုသာ ကဲ့ရဲ့ရှုတ်ချတော်မူကြကာ ဆိုသို့ ယုတ်မာသော သဘောရှိသည့် ပုဂ္ဂိုလ်တို့၌လည်း အထူး အားဖြင့် ကရုဏာစိတ် ထားတော်မူကြပြီး တရားဓမ္မ သံဝေဂ ကို ရယူတော်မူကြစေလိုပါသည်။

ဥပမာအားဖြင့်--- ဤလောက၌ လှိုင်းတံပိုး အဟုန်နှင့် ဘိုးသွမ်းသော ငါးသားရဲ (ရေသားရဲ) စသည်တို့အတွက် ခကြောင့် ယုံမှားဖွယ် ဘေးဘျမ်းရှိသည့် မဟာသမုဒ္ဒရာတွင်း ာယ် ဘေးကင်းရာ တဘက်ကမ်းသို့ ရောက်လိုသော လှေသူ

ကြီးမှူးသည် သတိလွတ်ကင်း မေ့လျော့ခြင်းဖြင့် သွားလာနေထိုင်ကြသည့် အခြားလောသူကြီးတို့ သမုဒ္ဒရာအလယ်တွင် နစ်မြုပ်ပျက်စီးခြင်းသို့ ရောက်ကြရသည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရသဖြင့် ထိုလှေသူကြီးတို့၌ သနားခြင်း ကရုဏာစိတ်ကို ဖြစ်စေလျက် မိမိကိုယ်တိုင်လည်း ထိတ်လန့်ကြောက်ရွံ့ကာ—

"ထိုလှေသူကြီးတို့သည် မေ့လျော့ပေါ့ဆမှုကြောင့် သမုဒ္ဒရာအလယ်တွင် နစ်မြုပ်ပျက်စီးခြင်းသို့ ရောက်ကြကုန်၏၊ ငါတို့သည် ထိုသူတို့ကဲ့သို့ မနစ်မြုပ်ရအောင် သတိထားကြပါကုန်အံ့"

ဟု သတိတရားနှင့် ကြိုးစားအားထုတ်ကြကာ မဟာသမုဒ္ဒရာကို ကူးကြကုန်သကဲ့သို့ ထို့အတူ ပညတ်တော်မူပြီးဖြစ်သည့် သိက္ခာပုဒ်တော်များကို လွန်ကျူး၍ ယုံကြည်မှု သဒ္ဓါတရား မရှိကြသည့် အခြားပုဂ္ဂိုလ်တို့ ဒုဿီလဖြစ်ပြီး ဘုရားရှင်၏ သာသနာတော်ဝယ် ပျက်စီးခြင်းသို့ ရောက်သည်ကို တွေ့မြင်၍—

"ထိုပုဂ္ဂိုလ်တို့သည် ဒုဿီလဖြစ်ကာ ပျက်စီးခြင်းသို့ ရောက်ကြကုန်သကဲ့သို့ ထို့အတူ-ငါတို့သည် ထိုသူတို့ကဲ့သို့ မဖြစ်ရအောင် သတိထားကြပါကုန်အံ့"

ဟု ပြင်းထန်စွာ အားထုတ်ကြကုန်လျက် တရံတခါမျှလည်း ထိုသို့သဘောရှိသည့် အလဇ္ဇီပုဂ္ဂိုလ်တို့ အပြုအမူတို့ဖြင့် မိမိကိုယ်ကို မညစ်နွမ်းစေရန် အထူးသဖြင့် စင်ကြယ်သည်ထက် စင်ကြယ်ပါစေရန် အရာခပ်သိမ်းပင် သတိပြုတော်မူပြီး

ကောင်းစွာ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြပါကုန် ဘုရား။

ရွှေငွေကို သာယာမှုစသည်နှင့် စပ်လျဉ်းသော သိက္ခာပုဒ်တော်ကို မရိုသေ မလေးစားခြင်း

ရွှေငွေကို သာယာလျက် မအပ်သောနည်းဖြင့် အလှူခံခြင်း, ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း (ကုလဒူသန) မလျောက်ပတ်သော ရှာမှီးခြင်း (အနေသန) ထိုကုလဒူသန၊ အနေသန ၂-မျိုးမှ ဖြစ်ပေါ်လာသည့် ပစ္စည်း ၄-ပါးတို့ကို မှီဝဲခြင်းတို့နှင့် စပ်လျဉ်းသည့် သိက္ခာပုဒ်တို့ကိုလည်း ဘုရားရှင်သည် မိမိတပည့်သာဝက ရဟန်းတို့ ကိုးကွယ်ရာ အတွက် ပညတ်တော်မူခဲ့ပါသည်၊ ယင်းသို့ ပညတ်တော်မူခဲ့ပါသော်လည်း အချို့သောပုဂ္ဂိုလ်တို့ အတွက်မှာမူ အကျိုးမဲ့ကို ပြုခြင်းအကျိုးငှါ ပညတ်တော်မူသကဲ့သို့ ထင်ရပါသည်၊ မှန်ပါသည်၊ ထိုသိက္ခာပုဒ်တို့သည် ပါဠိတော်၌—

"ရဟန်းတို့ တစုံတခုသော အကြောင်း ပရိယာယ်ဖြင့် ရွှေငွေကို သာယာအပ်၏၊ ရှာမှီးအပ်၏ ဟု ငါမဟောသည်သာတည်း, ဟု မိန့်တော်မူ၏" ဟူ၍၎င်း၊ အဋ္ဌကထာ၌—

> "ဤငွေသည် အရှင်ဘုရားအား ဖြစ်ပါစေ၊ ဤသို့ဆိုအပ်သည်ရှိသော် စိတ်ဖြင့် အကယ်၍လည်း သာယာစေကာမူ၊ အကယ်၍လည်း ယူလိုသည်ဖြစ်စေကာမူ-ကိုယ်ဖြင့်၎င်း-နှုတ်ဖြင့်၎င်း ဤငွေသည် မအပ်ဟူ၍ ပယ်မြစ်အံ့-အာပတ်မသင့်၊ ကိုယ်နှုတ်တို့ဖြင့် မပယ်မြစ်မူ၍လည်း စင်ကြယ်သော စိတ်ရှိသည်ဖြစ်၍

'ဤငွေသည် ငါတို့အားမအပ်' ဟူ၍ မသာယာအံ့၊ အာပတ်မသင့်၊ မှန်၏၊ သုံးပါးသော ဒွါရတို့တွင် အမှတ်မထား တပါးပါးသော ဒွါရဖြင့် ပယ်အပ်သည် ရှိသော် ပယ်အပ်သည်သာဖြစ်၏၊ ဆက်ဦးအံ့—

ကိုယ်နှုတ်တို့ဖြင့် မပယ်မူ၍ စိတ်ဖြင့် အကယ်၍ သာယာအံ့၊ ဤသို့ သာယာသည်ရှိသော် ကိုယ်နှုတ်တို့ဖြင့် ပြုအပ်သော ပယ်မြစ်မှုကို မပြုသောကြောင့် ကာယဒွါရ ဝစီဒွါရ၌ အကိရိယ သမုဋ္ဌာန်အာပတ် သင့်ရောက်၏"

ဟူ၍ရှင်း၊

"မှန်၏-စောင့်ရှောက် လုံခြုံစေအပ်သော အရာ၌ သာ ဝိညတ်မည်၏ဟု ဆိုအပ်၏၊ ထိုဝိညတ်သည် ဆွမ်း၊ သင်္ကန်း ပစ္စည်း ၂-မျိုးတို့၌ အလုံးစုံသော အခြင်းအရာအားဖြင့် အလုံးစုံသော (ပရိကထာ၊ ဩဘာသ၊ နိမိတ်) သည် အအပ်၊ ကျောင်းပစ္စည်း၌ကား 'ဆောက်ခဲ့လော့၊ ငါအားပေးလှူလော့' ဟု တိုက်ရိုက်တောင်းခြင်းမျှသည်သာ မအပ်၊ ပရိကထာ-ဩဘာသ နိမိတ္တကမ္မ တို့သည် အပ်ကုန်၏၊ ဂိလာန အတွက် ဆေးပစ္စည်း၌ကား ဝိညတ်သည်လည်း အပ်၏၊ ပရိကထာ အစရှိသည်တို့သည် ရှေးဦးမဆွ အစကပင် အပ်ကုန်၏"

ဟူ၍ရှင်း၊

"ဆက်ဦးအံ့– ဤရွှေငွေမှ ဖြစ်သော ပစ္စည်းကို သုံးစွဲခြင်းသည် ထိုရွှေငွေကို ကိုင်ခံသော ရဟန်းအား

မအပ်သကဲ့သို့ ထိုအတူ မိမိ၌ထင်ရှားမရှိသော ဈာန် မဂ် ဖိုလ် တရားဖြင့် ဝါကြွားခြင်း ကြောင့်ရင်း၊ ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီးမှု(ကုလဒူသကမှု) ကြောင့်ရင်း၊ အံ့ဩဘွယ်ကို ဖြစ်စေခြင်း အစရှိသည် တို့ကြောင့်ရင်း ဖြစ်ပေါ်လာသော ပစ္စည်း ၄-ပါး တို့သည် ထိုရဟန်းအား မအပ်ကုန်၊ အခြားသော ရဟန်းအားလည်း မအပ်ကုန်"

ဟူ၍ရင်း၊

"ဆက်ဦးအံ့၊ တပါးကုန်သော ဤ ကုလဒူသန အမှုတို့ကြောင့် ဖြစ်ပေါ်လာသော ပစ္စည်းတို့သည် သိတင်းသုံးဘော် ငါးဦးတို့အားလည်း မအပ်ကုန်၊ မဟုတ်မမှန်သော ဥတ္တရိမနုဿဓမ္မ ခေါ် ဈာန် မဂ် ဖိုလ်ကို ပြောဆိုခြင်း ရွှေငွေဖြင့် ရောင်းဝယ်ခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာသော ပစ္စည်းတို့နှင့် တူသည် သာလျှင် ဖြစ်ကုန်၏"

ဟူ၍ရင်း၊

"ငြိမ်းစေအပ်ပြီးသော ကံရှိသည်လည်းဖြစ်သော ထိုရဟန်းသည် အကြင် ဒါယကာတို့၌ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း (ကုလဒူသန) အမှုကို ပြုခဲ့ဘူး၏၊ ထို ဒါယကာတို့မှ ဖြစ်ပေါ်လာသော ပစ္စည်းတို့ကို မခံယူထိုက်ကုန်၊ အာသဝက္ခယဉာဏ်ကို ရသည့် ရဟန္တာ သော်မှလည်း မခံယူထိုက်ကုန်၊ သိတင်းသုံးဘော်တို့ မအပ်သည်သာလျှင် ဖြစ်ကုန်၏"

ဟူ၍ရင်း၊

ဤသို့ ဟောတော်မူအပ်သည့် ဒေသနာအားလျော်စွာ စိတ်နှင့်တကွ ကာယဒွါရဖြင့်ရင်း၊ ဝစီဒွါရဖြင့်ရင်း၊ ထို ၂-ပါးစုံ ဖြင့်ရင်း၊ ရွှေငွေကို ချီးမြှောက်လျက်–

"အကြင်ပစ္စည်း ဝတ္ထုဖြင့် အလိုရှိ၏။ ထိုပစ္စည်း ဝတ္ထုကို အမိန့်ရှိတော်မူပါ"

ဟူ၍ရင်း၊

"ပစ္စည်း ၄-ပါးတို့ဖြင့် တပည့်တော် ဖိတ်ပါ၏" ဟူ၍ရင်း၊ ဤသို့အစရှိသည့်ဖြင့် အကြင် အမျိုး မတော်သည့် ဒါယကာတို့ အပ်သော ပင့်ဖိတ်နည်းဖြင့် ပင့်ဖိတ်ခြင်း မပြုကြကုန်၊ ထို အမျိုးမတော်သည့် ဒါယကာတို့၌ သင်္ကန်းပစ္စည်း ဆွမ်းပစ္စည်း များနှင့် စပ်လျဉ်းသည့် အကြောင်းကြောင့် အလုံးစုံ မပြု ထိုက်သည့် ပရိယာယ်ပြောမှု (ပရိကထာ)၊ အရောင် ပြမှု (သြဘာသ)၊ အရိပ်နိမိတ်ပြမှု (နိမိတ္တ)၊ တောင်းခံမှု (ဝိညတ္တိ) တို့ကို မပြုလုပ်သင့်ပါ။ ကျောင်း ပစ္စည်းနှင့် စပ်သော အကြောင်းကြောင့်မူ တိုက်ရိုက် တောင်းခြင်းမျှကိုသာ မပြုသင့်ပါ။

ထို့ပြင်–

သစ်သားကိုရင်း, ဝါးကိုရင်း, အသီးကိုရင်း, ပန်းကိုရင်း, ရေချိုးဆပ်ပြာမှုန့်ကိုရင်း, ချိုးရေ မျက်နှာသစ်ရေကိုရင်း, မြေညက် ဒန်ပူ အစရှိသည် ကိုရင်း အမျိုး ၄-ပါးကို ချီးမြှောက်ခြင်းအားဖြင့် မပေးရာ"

ဟူ၍ရင်း၊

အချို့သော ကေစိဆရာတို့ကမူ —

"ခိဏာသဝ=ရဟန္တာ ပုဂ္ဂိုလ် တို့အား လာဘ်လာဘ၌ လိုချင်မှုမရှိသောကြောင့် ဒါယကာတို့ကို ချီးမြှောက်ရာ၌မူ-အသက်မွေးမှု ပျက်စီးခြင်း မရှိနိုင်" ဟု ဆိုကြကုန်၏။ ထိုအယူအဆသည် မသင့်၊(အဘယ့်ကြောင့်ဆိုသော်) ခိဏာသဝ=ရဟန္တာတို့အားလည်း ဆွမ်းအလှူစသည်တို့၌ အသက်မွေးမှု ပျက်စီးခြင်း အကြောင်းကို ရှောင်ကြဉ်ထိုက်သောကြောင့်တည်း၊ မှန်၏၊ တရားစစ်သူကြီး အရှင်သာရိပုတ္တရာသည်- "အသက်ကို စွန့်ရသည့်တိုင်အောင်လည်း အသက်မွေးမှု မပျက်စီးစေရာ" ဟူ၍ရင်း၊

ဤသို့လာသည့် ကျမ်းဂန်ပါဠိအားလျော်စွာ-လာဘ်လာဘ၌ အလိုရှိသည်လည်းဖြစ်စေ မရှိသည်လည်းဖြစ်စေ-ဘုရားရှင် ခွင့်မပြုအပ်သည့် ဒါယကာတို့ကို သစ်သား၊ ဝါး၊ သစ်သီး၊ ပန်းစသည့် လှူဘွယ်ဝတ္ထု အားလုံးတို့ဖြင့် မချီးမြှောက်အပ်ကုန်၊ ထို့ပြင်လည်း မဟာနိဒ္ဒေသ ပါဠိတော်၊ ဝိသုဒ္ဓိမဂ်၊ ဝိနည်း သာရတ္ထ ဋီကာတို့၌လာသည့် အမျိုး (၄) ပါးတို့ကို ရှုမြင်တော်မူကြပြီး-လာလေ့၊ ကောင်းစွာလာခြင်းဟု ဆိုလေ့ရှိခြင်း၊ ပြုံးခြင်းလျှင် ရှေ့သွားရှိခြင်း၊ ရှေးဦးစွာ နှုတ်ဆက်ပြောဆိုတတ်ခြင်း၊ ချစ်ဖွယ်စကားကို ဆိုတတ်ခြင်း၊ ချီးသာသည်ကို ဆိုတတ်ခြင်း၊ မြှောက်ပင့်ပြောဆိုသည်ကို အလိုရှိခြင်း၊ ပဲနောက်ဟင်းနှင့် တူသော နှုတ်အမူအရာရှိခြင်း၊ ကလေးကို ချီပိုးထိန်းတတ်ခြင်း၊ သလုံးမြင်းခေါင်းဖြင့် အစေအပါး ခံတတ်ခြင်း၊ ဆေးကုခြင်း၊ လူတို့၏ အမှုကိုပြုခြင်း၊

တမန်သွားလာခြင်း၊ အစေအပါးခံ၍ သွားလာခြင်း၊ အိမ်နေရာ ကျောင်းနေရာကိုသိသော အတတ်၊ လက်ခြေစသော အင်္ဂါတို့ကို သိသောအတတ်၊ ကြယ်တာရာ နက္ခတ်တို့ကို သိသော အတတ်တို့ကိုသင်ခြင်း၊ မန္တန်ကို ရွတ်ဆိုတတ်ခြင်း၊ အံ့ဘွယ်သရဲကိုပြုခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း၊ အံ့ဩစေခြင်း၊ စကားအရပ်အမြွက် ပြောဆိုခြင်း၊ ဣရိယာပုထ်ကို ကောင်းစွာထားခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် မိမိ၌ ထင်ရှားမရှိသော ဂုဏ်ကို ချီးမြှင့်ပြောဆိုခြင်း၊ ဝါကြွားခြင်း၊ လွန်စွာဝါကြွားခြင်း၊ ကောင်းစွာဝါကြွားခြင်း၊ ထုတ်ဖော်ဝါကြွားခြင်း၊ လွန်လွန်ကဲကဲ ထုတ်ဖော်ပြောဆိုခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း၊ ကောင်းစွာ မြှောက်ပင့်ပြောဆိုခြင်း၊ ရစ်ပတ်ပြောဆိုခြင်း၊ ထက်ဝန်းကျင် ရစ်ပတ်ပြောဆိုခြင်း၊ ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်း၊ သူတပါးတို့၏နောက်ကွယ်၌ မကောင်းပြောတတ်ခြင်း၊ မင်း မင်းအမတ် အစရှိသည်တို့နှင့် အေးအတူ ပူအမျှဖြစ်ခြင်း၊ ဤသို့ အစရှိသည့် များပြားလှသည့် ရဟန်းတို့နှင့် မလျော်သည့် ဂိဟိသံသဋ္ဌအလုပ်၊ မိစ္ဆာဇီဝအလုပ်တို့ကို မပြုသင့်ကြကုန်။ ထို့ပြင် အကြင်ပုဂ္ဂိုလ်တို့သည် ကိုးကွယ်ရာတဆူ ဖြစ်တော်မူသည့် ဘုရားရှင်နှင့် အလိုတော်ကို သိတော်မူသည့် အဋ္ဌကထာ ဆရာမြတ်တို့ အားကိုးအားထားရာအတွက် ကောင်းစွာ ဟောကြားထားသည့် နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသောလမ်းသို့ အစဉ်တစိုက် လိုက်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သာလျှင် ဆိုခဲ့သည့် ငါးပါးအပြားရှိသော ဘေးတို့မှလွတ်မြောက်၍ နတ်ရွာသုဂတိနှင့် မဂ်ဖိုလ် နိဗ္ဗာန်အတွက် ကိုးကွယ်ရာကို ပြုခြင်းငှါ စွမ်းနိုင်ကြကုန်၏၊ ထိုမှတပါး အခြားသော ပုဂ္ဂိုလ်တို့ကား မစွမ်းနိုင်ကြကုန်။

သားရဲအစားခံရသည့် သားမိုက်ဥပမာ

သားရဲ စသည်တို့နှင့် ပြွမ်း၍ ဘေးရန်ထူထပ်သည့်တောသို့ ဘခင်နှင့်အစ်ကိုတို့ ညွှန်ပြအပ်သည့် ဘေးရန်ကင်းသည့် လမ်းခရီးသို့ မလိုက်ခြင်းကြောင့် သားရဲ ကိုက်စားခံရသည့် သားအား ထိုဘေးကင်းသည့် လမ်းခရီးသည် အဘယ် အကျိုးရှိချိမ့်မည်နည်း၊ ထိုဘခင်နှင့် အစ်ကိုတို့သည်လည်း အဘယ်သို့ ပြုနိုင်ကြကုန်မည်နည်း။

အကြင်သားသမီးတို့သည် တရားမစောင့်ကြကုန်၊ ဉာဏ်ပညာလည်း နည်းပါးကြကုန်၏၊ ပျင်းရိခြင်းလည်း ရှိကြကုန်၏။ ဆုတ်နစ်သော လုံ့လဝီရိယလည်း ရှိကြကုန်၏၊ ဘခင်တို့၏ ဆိုဆုံးမသောစကားကိုလည်း နားမထောင်ကြကုန်၊ ဤသို့သော သဘောရှိသော ထိုသားသမီးတို့သည်ကား သားသမီး မဟုတ်ကြကုန်။

ငွေကို ခံယူမှု၊ ခံယူစေမှု၊ သာယာမှုနှင့် စပ်လျဉ်းသည့် ရှုပိယသိက္ခာပုဒ်တော်ကို မရိုသေ မလေးစားခြင်း

အကြင်တစုံတယောက်သောပုဂ္ဂိုလ်သည် ဘုရားမြတ်စွာ၏ သာသနာတော်မြတ်၌ အမြတ်တရားကို ရှာမှီးရန် ကာမ ဂုဏ်စည်းစိမ်ကို ခံစားကြသည့် လူ့ဘောင် လူ့ဘဝမှ များမြတ်သော စည်းစိမ်ချမ်းသာတို့ကို စွန့်လွှတ်လျက် မင်းဘေး စသည့် ဘေးရန်တို့ ညှဉ်းပန်းနှိပ်စက်မှုကို မခံရပဲ ယုံကြည်မှု သဒ္ဓါတရားသက်သက်ဖြင့် ရှင်ရဟန်းပြု၏၊ ယင်းသို့ ရှင်ရဟန်း ပြုခဲ့သော်လည်း ဆရာသမားတို့ သွန်သင်ဆုံးမမှု မရရှိသဖြင့် ဓာရ်မင်း၏ လှည့်ပတ်မှုကို ခံရ၏(ထို့ကြောင့် ထိုပုဂ္ဂိုလ်သည်)

သဒ္ဒါတရားရော သီလပါ ဖျက်ဆီးခံရ၍ မိမိအပေါ် ကျရောက်မည့် သံသရာဘေးကို မမြင်တော့ပဲ တံငါသည် စသည်တို့ကဲ့သို့ မွှားသော အသက်မွေးမှုဖြင့် မိမိကိုယ်ကို မွေးမြူလိုရကား လှူဒါယကာတို့ထံမှ ရွှေ ငွေကို ကိုယ်တိုင်လည်း ခံယူ၏၊ သူတပါးကိုလည်း ခံယူစေ၏၊ အနီး၌ ချထားအပ်သည့် ရွှေငွေကိုသော်လည်း သာယာ၏၊ ထို ရဟန်းအား အလှူခံရန် ကြိုးစားတိုင်း ကြိုးစားတိုင်း ဒုက္ကဋ်အာပတ်သင့်၏၊ (ထို ရွှေငွေကို) ရတိုင်း ရတိုင်း နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

ထို့နောက် တဖန် ထို ရွှေငွေဖြင့် အပ်သော ဝေါဟာရဖြင့်ဖြစ်စေ၊ မအပ်သော ဝေါဟာရဖြင့်ဖြစ်စေ၊ တစုံတခုသော အပ်သော ကပ္ပိယဝတ္ထုကိုဖြစ်စေ၊ မအပ်သော အကပ္ပိယဝတ္ထုကိုဖြစ်စေ အကယ်၍ ဝယ်ယူအံ့၊ ထိုသို့ ဝယ်ယူသော အခါ၌လည်း ပြုလုပ်ရန် ကြိုးစားတိုင်း ကြိုးစားတိုင်း ဒုက္ကဋ်အာပတ်သင့်၏၊ (ထို ပစ္စည်း ဝတ္ထုကို) ရတိုင်း ရတိုင်း ဒုက္ကဋ်အာပတ်သော်ရင်း၊ နိဿဂ္ဂိပါစိတ်အာပတ်သော်ရင်း သင့်၏။

ထို့နောက် တဖန် ထို အသုံးအဆောင်ပစ္စည်းကို ကြိမ်ဖန်များစွာ သုံးဆောင်ခဲ့အံ့၊ အသုံး ပြုတိုင်း ပြုတိုင်း ဒုက္ကဋ်အာပတ်သင့်၏။

ဤသို့လျှင် ထို ရဟန်းတို့အား များစွာသော အပြားတို့ဖြင့် အာပတ်သင့်ရောက်လေ၏၊ တနေ့ တရက်မျှ၌ပင် အရာမက မရေမတွက်နိုင်အောင် များပြားလှသည့် အာပတ်တို့သည် နှိပ်စက်ကုန်၏။ ထိုရဟန်းသည် တွေဝေမိန်းမော ရကား—

"ယခုအခါ၌—ငါအား တနေ့ တရက်၌ပင် အရာ
မကသော ဤ အာပတ်တို့သည် နှိပ်စက်ကုန်၏"

ဟု တခံ့ဘခါမျှသော် သိမြင်အောက်မေ့ခြင်း မရှိတော့ပေ။

ဥပမာအားဖြင့်-အနာရောဂါ နှိပ်စက်ခံရသည့် ယောကျ်ား
သည်တကိုယ်လုံးပေါက်သော များပြားလှသည့် အိုင်းအမာ
တို့ နှိပ်စက်ခံရ၍ ပြင်းစွာနာဖျားခြင်း တွေဝေမိန်းမောခြင်း
သို့ ရောက်လျက် သတိမေ့လျော့ကာ—

"ငါသည် ယခုအခါ၌ ဤသို့သဘောရှိသော
များပြားလှသည့် အိုင်းအမာတို့ နှိပ်စက်ခံရ၍ ကုစား၍
မရနိုင်တော့ပဲ-မကြာမီ သေရတော့အံ့"

ဟု သိမြင်အောက်မေ့ခြင်း မရှိသကဲ့သို့ ထိုရဟန်းသည်လည်း
သိမြင် အောက်မေ့ခြင်း မရှိတော့ပေ။

ဤသို့လျှင် နေ့စဉ် နေ့တိုင်း အရာမက များပြားလှသည့်
အာပတ်တို့ဖြင့် နှိပ်စက်ပြီး အခါခပ်သိမ်းပင် လဇ္ဇီတရားမရှိ
သော ထိုရဟန်းသည် နောင်အခါ စောင့်စည်းပါစည်ဟူသော
အာယတိ သံဝရ၌ တည်လိုသည့် စိတ်ဖြင့် ဒေသနာ ကြား၍
ကုစားခြင်းမရှိသောကြောင့် ထိုသို့သဘောရှိသော အလဇ္ဇီတို့
၏ အပြုအမူနှင့်တကွပင် သေမင်း၏ ခံတွင်း တံခါးဖြင့် ဝင်
ရောက်ကာ ယမမင်း၏ တိုင်းပြည် ယမမင်း၏နိုင်ငံ ယမမင်း
မြို့တော် ဖြစ်သော ယမမင်း၏ ငရဲအိုးစုသို့ ကပ်ရောက်နေ
သည့် ထိုဒုဿီလ ရဟန်းအား—

"အကြင်ရဟန်းသည် ရွှေ ငွေကို (ကိုယ်တိုင်
သော်လည်း) ခံယူငြားအံ့၊ (သူတပါးကိုသော်လည်း)

ခံယူငြားစေအံ့၊ အနီး၌ ချထားအပ်သည်ကိုသော်
လည်း သာယာငြားအံ့ (ထိုရဟန်းအား) နိဿဂ္ဂီ
ပါစိတ်အာပတ်သင့်၏”

ဟု ဘုရားရှင် ပညတ်ခဲ့သည့် ဤဝိနယ ဓမ္မက္ခန္ဓာသည်
ပညတ်တော် မူခဲ့သည့် ရည်ရွယ်ရင်း အကျိုးကို ဖြည့်ကျင့်ခြင်း
ငှါ မစွမ်းနိုင်ပေ။

နည်းပရိယာယ်ဖြင့် သုံးဆောင်ခြင်း

အကြင်တစုံတယောက်သော ပုဂ္ဂိုလ်သည်ကား ဝဇီရ
ဗုဒ္ဓိဋီကာ၌–

မအပ်သော ကပ္ပိယပစ္စည်း ဝတ္ထုကို စိတ်ဖြင့် အလိုရှိ
လျက်သာ အပ်သော ကပ္ပိယ ပစ္စည်းဝတ္ထုကို နှုတ်ဖြင့်
ညွှန်ပြသော ရဟန်းအား–

“ငါ့အား သင်္ကန်းပေးလှူကြလော့” ဟု ဆိုခြင်း
ငှါမအပ်၊ ရရှိခဲ့သော် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ပ။
“ရဟန်းတို့ တစုံတခုသော နည်းပရိယာယ်ဖြင့် ငါ
ဘုရားမဟောသည်သာတည်း”

ဟု အကြင်းမဲ့ ဟောတော်မူသောကြောင့် အမြွက်ထောင်
ခြင်းငှါ မစွမ်းနိုင်ဟု မိန့်တော်မူအပ်သော စကားကို ထောက်
၍ နည်းပရိယာယ်အားဖြင့် အမည်ဘမျိုးခေါ်ဝေါ်၍ ရွှေငွေ
ကို အသုံးပြုရာ၌ စင်စစ်အားဖြင့် အပြစ်မကင်းသော ဒုဖြစ်
ကို သိအပ်ပါလျက်-ထိုကဲ့သို့ အပြစ်မကင်းသော အဖြစ်ကို
မသိပဲ တနည်း မရှိသေ မလေးစားခြင်းကိုပြု၍–

"ရဟန်းတို့ တစုံတခုသော ပရိယာယ်အားဖြင့် ရွှေငွေကို သာယာအင်၏၊ ရှာမှီးအပ်၏ ဟု ငါဘုရား မဟောသည်သာတည်း"

ဟူသော ပညတ်တော်ကို ကျော်လွှားကာ နည်းပရိယာယ်အားဖြင့် ရွှေငွေကို အသုံးပြုလို၍ မိမိအလုပ်အတွက် ကပ္ပိယကာရကတို့ကို ရှေ့ဦးမဆွကပင် အသိပေးပြီး ငွေအသပြာကို ရည်ရွယ်လျက်–

"ငါ့အား ဤမျှလောက်သော ဆန်ဖြင့် သက်န်းကို အပ်စပ်အောင် ပြုလုပ်ပေးပါလော့"

ဟူ၍ရင်း–

"ငါ့အား ဤမျှလောက်သော ဆန်ကိုပေးပါလော့"

ဟူ၍ရင်း–

"ငါ့အား ဤမျှလောက်သော ဆန်ဖြင့် အလိုရှိ၏"

ဟူ၍ရင်း ပြောဆို၍ ရွှေငွေကို ခံယူလျက်–

တနည်း စိစစ်၍ ထိုရွှေငွေဖြင့် တစုံတခုသော ပစ္စည်းဝတ္ထုကို လဲလှယ်၍ အသုံးပြုငြားအံ့။

တနည်းအားဖြင့် ကပ္ပိယကာရသည် ရွှေ,ငွေ အသပြာကို ဆောင်ယူ၍ မိမိ၏ မျက်မှောက်၌ထားကာ "ငါသည် ဤမျှလောက်သော ဆန်ကိုပေးပါ၏" ဟူ၍ရင်း၊ "ဤမျှလောက်သော ဆန်ကို ပေးပါလော့" ဟူ၍ရင်း တနည်း မျက်ကွယ်ရှိ ရွှေ,ငွေ အသပြာကို ရည်ညွှန်း၍ "ဤမည်သော နေရာ၌

ဤမျှလောက်သော ဆန်ရှိ၏၊ ထိုဆန်ကို သင် ယူပါလော့” ဟူ၍ရင်း၊ ပြောဆို၍ပေးသော ရွှေ့ငွေကို ခံယူပြီး ထိုရွှေ့ငွေဖြင့် အခြားသော ပရိက္ခရာကို လဲလှယ်၍ အသုံးပြုခြင်းအံ့၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား “ရဟန်းတို့ ။ ပ ။ ငါဘုရား ဟောတော်မမူ”ဟူ၍ ပညတ်တော်မူသည့် ဝိနည်းတော် ဓမ္မက္ခန္ဓာသည် ရွှေ့ငွေကို ခံယူခြင်း၊ ရွှေ့ငွေဖြင့် ရောင်းဝယ် ဖလှယ်ခြင်းကြောင့် အာပတ် သင့်ရောက်ခြင်းမှ လွတ်စေ၍ နတ်ရွာ မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှါ အားထားကိုးကွယ်ရာကို ပြုခြင်းငှါ မစွမ်းနိုင်ချေ။

ရှားမီးခဲကို ဝါးမျိုသည့်ဥပမာ

ရှားမီးခဲသည် နီရဲနေ၏၊ မီးတောက်မီးလျှံ ထွက်နေ၏၊ အရောင်အလင်း ဝင်းပြောင်နေ၏၊ ဘခင်သည် ထိုရှားမီးခဲကို မြင်တွေ့ရသောအခါချစ်စွာသော သားငယ်အား ကရုဏာစိတ်ရှိစွာဖြင့် “ချစ်သား ဖယ်ပါလော့၊ ချစ်သား ဖယ်ပါလော့၊ မည်သည့်နည်းဖြင့်မျှ မီးကျီးခဲကို ကိုင်၍ မမျိုချလေနှင့်”ဟု တားမြစ်ပေ၏၊ သားငယ်သည် ဘခင်၏ စကားကို မနာခံပဲ ထိုမီးကျီးခဲကို “ဝက်သား”ဟု အမည်တပ်ကာ ဘခင် “အကျွန်ုပ်အား ဝက်သားပေးပါ၊ အကျွန်ုပ် ဝက်သား စားပါအံ့”ဟု ပြောဆို၍ မီးကျီးခဲကို ပရိယာယ်ဖြင့် ဝက်သားခေါ်ဝေါ်ပြီး မျိုချလေတော့၏၊ ထိုသားငယ်သည် မိမိ၏ နှလုံးသားကို မိမိသည်ပင် မီးမြှိုက်သဖြင့် လျင်စွာသေဆုံးရလေ၏၊ဘခင်သည် မိုက်စွာသော ထိုသားငယ်ကို အဘယ်သို့ ပြုရချေအံ့နည်း။

ဖောက်ပြန်မှားယွင်းသော သဘောအဓိပ္ပါယ်ကို ယူဆခြင်း

တစုံတယောက်သော ပုဂ္ဂိုလ်သည် မှားယွင်းသော သဘောအဓိပ္ပါယ်ကို ယူဆလေ၏၊ ယူဆပုံမှာ "ထိုဝတ္ထုဖြင့် တူးအပ်သော ရေကန်မှထွက်သော ရေကို သောက်ခြင်းငှါလည်း၊ အသုံးပြုခြင်းငှါလည်း မအပ်ပေ၊ ရေကန်တွင်း၌ ရေမရှိသော်ကား အခြားသောရေကိုသော်လည်း၊ မိုးရေကိုသော်လည်း၊ စီးဝင်သော ရေကိုသော်လည်း သောက်ခြင်း အသုံးပြုခြင်းငှါ အပ်၏" ဟု ပါရာဇိကဏ် အဋ္ဌကထာ၌ လာ၏။

ထိုစကားရပ်၌ "အပ်သောဝတ္ထုကို ပြောကြားနိုင်၏" အရ ရှိသည်ဖြင့် ပါရာဇိကဏ် အဋ္ဌကထာလာ ဆိုခဲ့ပြီးသော စကားရပ်ကိုပင် ထောက်ဆရှိရင်း၊

ဤဝတ္ထုဖြင့် "အဘယ်ကို ယူဆောင်ခဲ့ရပါမည်နည်း" ဟု မေးမြန်း လျှောက်ထားသော သူကိုကား "ဤမည်သော ဝတ္ထုကို ယူဆောင်ခဲ့လော့" ဟု တိုက်ရိုက်မပြောပဲ "ရဟန်းတို့အား ထောပတ်စသော ဝတ္ထုများသည် အပ်စပ်ကုန်၏" ဟု "ရဟန်းတို့ခင့် အပ်စပ်သော ဝတ္ထုပစ္စည်းကို ပြောဆိုနိုင်၏" ဟူ၍ မိန့်ဆိုအပ်သော ကာဠိ အဋ္ဌကထာလာ စကားရပ်ကို ထောက်ဆရှိရင်း၊ "ထိုဝတ္ထုဖြင့်" ဟူသည့်စကား၌ သံသယ အလယ်၌ မစွန့်အပ် မစွန့်ကောင်းသော ဝတ္ထုပစ္စည်းကို ချန်လှပ်၍ သံသယအလယ်၌ စွန့်အပ် စွန့်ကောင်းသော ဝတ္ထုပစ္စည်းကိုသာ ထိုဝတ္ထုဟု မှန်ကန်စွာ သိဆိုက်၏။

"တူးစေအပ်သော ရေကန်၌" ဟူသော ဤစကားရပ်၌လည်း ကပ္ပိယ ကာရကတို့သည် 'အဘယ်ကို ယူဆောင်ခဲ့ရပါမည်နည်း' ဟု မေးမြန်းလျှောက်ထားသောအခါ သံဃာသည် 'ရဟန်းတို့အား ရေကန်ကို ရခြင်းငှါ အပ်၏' ဟု ဤမျှသော အပ်စပ်သော စကားကိုသာ ပြောဆိုမြွက်ကြားလျက် ဝိနည်း ပရိယာယ်ဖြင့် တူးစေအပ်သော ရေကန်၌ ဟူ၍ မှန်ကန်သော သဘောအဓိပ္ပါယ်ကို သိထိုက်၏။ ယင်းသို့ အဓိပ္ပါယ် သဘောမှန်ကို မသိပါ၊ ရဟန်းသည် မိမိသင်ယူမှတ်သားတိုင်းသော အသိဖြင့်သာလျှင် သံဃာ့အလယ်၌ မစွန့်ကောင်းသော ဝတ္တုပစ္စည်းဖြင့်"တူးစေအပ်သောရေကန်၌" ဟူ၍ မှားယွင်းသော သဘောအဓိပ္ပါယ်ကို ယူဆခဲ့၏။

"သံဃာ့အလယ်၌ စွန့်ကောင်းသော ဝတ္ထုပစ္စည်း၌လည်း သံဃာသည် ကပ္ပိယကာရကတို့ မေးလျှောက်ခြင်း မရှိပါပဲ ကိုယ်တိုင်ပင် တူးစေအပ်သော ရေကန်၌" ဟူ၍ မှားယွင်းသော သဘောအဓိပ္ပါယ်ကို ယူဆခဲ့၏။

"ကပ္ပိယကာရကတို့ မေးလျှောက်ရာ၌လည်း ရေကန်ကို ပေးလော့၊ ရေကန်ကိုသိလော့ (အပ်စပ်အောင်ပြုလော့) ဟု တိုက်ရိုက် မိန့်ကြားသော စကားဖြင့် တူးစေအပ်သော ရေကန်" ဟူ၍ မှားယွင်းသော သဘောအဓိပ္ပါယ်ကို ယူဆခဲ့၏၊ ယင်းသို့ မှားယွင်းသော အယူအဆဖြင့် 'ရဟန်းသည် မိမိသင်ယူ မှတ်သားထားသော အသိဖြင့် ကပ္ပိယကာရကတို့ကို ရွှေငွေပေး၍ တူးစေအပ်သော ရေကန်မှ ထွက်သော ရေသည်သာ ရဟန်းတို့အား မအပ်၊ ထိုရေကန်မှတခြားသော မိုးရေသည်ရင်း စီးဝင်သော ရေသည်ရင်း သောက်သုံးခြင်း

ငှါ အပ်စပ်၏”ဟု မှတ်ထင်ကာ ကိုယ်တိုင်လည်း တူးရာ၏၊ အခြားပုဂ္ဂိုလ်များကိုလည်း တူးစေရာ၏၊ ထိုနည်းဖြင့် အခြားရဟန်းတို့ကို တူးစေအပ်သော ရေကန်မှ ရေကိုလည်း ကိုယ်တိုင်လည်း သုံးဆောင်ရာ၏၊ အခြားပုဂ္ဂိုလ်များကိုလည်း သုံးဆောင်စေရာ၏။

ဤသို့ဆိုခဲ့သည့်အတိုင်း မမှန်မကန် သင်ယူမှတ်သားခြင်းမျိုးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ဝယ် အဆိပ်မျိုးစေ့၊ အဆိပ်မြစ်၊ အဆိပ်ပင်တို့ကို စိုက်ပျိုးသည်မည်၏၊ မိမိအတွက်လည်း အကျိုးမရှိ သူတပါး အတွက်လည်း အကျိုးမဲ့သော အလုပ်ကို ပြုလုပ်သည်မည်၏၊ ထို့ကြောင့် ဗုဒ္ဓဒတ္တ အဋ္ဌကထာဆရာအရှင်သည် ရဟန်းတို့ အားထားမှီခိုရာ အကျိုးငှါ “အပ်သော ဥစ္စာကို ပြောကြားအပ်၏”ဟု ရှိသည်ဖြင့် မိန့်ဆို ညွှန်ပြအပ်သည့် ဝိနည်းတော်စကားအစဉ်သည် ရွှေငွေဖြင့် ရောင်းဝယ်ဖလှယ်ခြင်း အစရှိသော အပြစ်ဒေါသတို့ဖြင့် လွှမ်းခြုံအပ်သည့် မောဟဦးစီးသည့် ကိလေသာမာရ်၏ လှည့်ဖြားခြင်းဘေးမှ လွတ်မြောက်စေကာ အလွန်စင်ကြယ် သန့်ရှင်းသော ကိုယ်ကျင့်သီလနှင့် ပြည့်စုံရန်အတွက် အားထားမှီခိုဖွယ်ရာအောင် ရွမ်းဆောင်လိမ့်မည် မဟုတ်ပါ။

ခရီးလမ်းမှားသူ ဥပမာ

အစ်ကိုဖြစ်သူသည် ညီဖြစ်သူ ချမ်းသာပါစေခြင်းငှါ သနားကရုဏာ စိတ်ထားဖြင့် လမ်းမှန် ခရီးကို ညွှန်ပြပေ၏၊ ညီငယ်သည် အစ်ကိုညွှန်ပြသည့်လမ်းခရီးမှ မသွားပဲ အခြားသော လမ်းခရီးမှ သွားလေသောကြောင့် တောအုပ်

တွင်းမှ သားရဲတို့ ကိုက်စားခြင်းကို ခံရသဖြင့် ပျက်စီးခြင်းသို့ ရောက်ရလေ၏၊ ထို ညီမိုက်အတွက် မှန်ကန်သော ခရီးလမ်းသည် အဘယ်မှာ အကျိုးရှိချိမ့်မည်နည်း၊ ထို အစ်ကိုသည် အဘယ်သို့ ပြုလုပ်နိုင်မည်နည်း။

ပြင်းစွာတွေဝေမှု=သမ္မောဟ သည် သဗ္ဗညုဘုရားရှင်၏ တပည့် သာဝကတို့ကိုသော်လည်း ခရီးလမ်းမှားသို့ ရောက်စေနိုင်ဘိ၏တကား၊ ပြင်းစွာတွေဝေမှု 'မောဟ' ကိလေသာမာရ်၏ သတ္တဝါတို့ကို လမ်းမှားသို့ လိုက်စေနိုင်သည့် အစွမ်းသတ္တိသည် အံ့ဩဘွယ် ကောင်းလေစွ။

တပ်မက်မှု=တဏှာ ကိလေသာသည် ရာဂ ကင်းတော်မူသော ဘုရားရှင်၏ သာဝကတို့ကိုသော်လည်း ဤသို့သဘောရှိသော ရွှေငွေဖြင့် ရောင်းဝယ်ဖလှယ်ခြင်းမှ ဖြစ်ပေါ်လာသော ပစ္စည်းအာမိသတို့၌ လောကီလူသားတို့ကဲ့သို့ မက်မောစေနိုင်ဘိ၏။ တပ်မက်မှု=တဏှာကိလေသာမာရ်၏ သတ္တဝါတို့ကို ပစ္စည်းအာမိသတို့၌ တပ်မက်စေနိုင်သည့် အစွမ်းသတ္တိသည် အံ့ဩဘွယ် ကောင်းလေစွ။

မိမိအလိုသို့ လိုက်စေနိုင်သော မာရ်နတ်သည် ဤမည်သော ဘုရားရှင်၏ သာဝကတို့ကိုသော်လည်း လောကီလူသားတို့ကဲ့သို့ ရွှေငွေကို ကိုင်ဆောင်ခြင်း, ရွှေငွေဖြင့် ရောင်းဝယ်ဖလှယ်ခြင်းများကို ဖြစ်စေနိုင်သည့် တဏှာ စသော များစွာသော ကိလေသာတို့ကို ဖြစ်ပွါးစေနိုင်ပေ၏၊ လွန်မြတ်သော အရိယာမဂ်၏ အန္တရာယ်ကိုပြု၍ မိမိအလိုသို့ လိုက်စေနိုင်၏၊ ထို့ကြောင့် မာရ်နတ်၏ သတ္တဝါတို့ကို မိမိအလို နိုင်ငံသို့ လိုက်စေနိုင်သည့် အစွမ်းသတ္တိသည် အံ့ဩဘွယ် ကောင်းလေစွ။

ဘုရားရှင်သည် အတုမရှိ မွန်မြတ်လှသည့် လောကုတ္တရာ ရတနာတို့ကို အလိုရှိကုန်သော တပည့်သာဝကတို့အား အတုမရှိ မွန်မြတ်လှသည့် လောကုတ္တရာ ရတနာတို့ကို ပေးအပ်ပါကုန်သော်လည်း ထိုသာဝကတို့သည် အတုမရှိ လွန်မြတ်သည့် ကိုယ်ကျင့်သီလ စောင့်စည်းခြင်း=သံဝရတရားတို့ကို စွန့်ပယ်ကြကုန်၏၊ လောကီလူသားများကဲ့သို့ ရွှေငွေကို ကိုင်ဆောင်ခြင်း ရွှေငွေဖြင့် ရောင်းဝယ်ဖလှယ်ခြင်းတို့၌ တပ်မက်မောသောအားဖြင့် မှေးလျော့ ပျော်ပိုက်ကြကုန်၏၊ ထို့ကြောင့် လောကီ ရွှေငွေ ရတနာတို့၏ ရတနာ အဖြစ်သည်လည်း အံ့ဩဘွယ် ကောင်းလေစွ။

အတုမရှိ သန့်ရှင်းစင်ကြယ်သည့် တပည့်သာဝကတို့သည်လည်း လောကီလူတို့ကဲ့သို့ ရွှေငွေကို ကိုင်ဆောင်ခြင်း ရွှေငွေဖြင့် ရောင်းဝယ်ဖလှယ်ခြင်း အမှုကိစ္စများကို ပြုလုပ်ကြကုန်၏၊ လောကီလူသားတို့ကဲ့သို့ များစွာသော ကိလေသာအညစ်အကြေးတို့ဖြင့် ညစ်နွမ်းကြကုန်၏၊ ထို့ကြောင့် ကိလေသာတရားတို့၏ မည်းညစ်သည်၏ အဖြစ်သည် အံ့ဩဘွယ်ကောင်းလေစွ။

စင်စစ်အားဖြင့် အကုသိုလ်တရားတို့သည် အတုမဲ့ လိမ္မာယဉ်ကျေးသည့် တပည့် သာဝကတို့ကိုသော်လည်း မျက်မှောက် တမလွန်ချမ်းသာတို့ကို ဖြစ်စေနိုင်သည့် လွန်မြတ်သည့် ကိုယ်ကျင့်သီလ စောင့်စည်းခြင်း=သံဝရတရားတို့ကို ပယ်စွန့်စေလျက် မျက်မှောက် တမလွန်ဆင်းရဲဒုက္ခတို့ကို ဖြစ်စေနိုင်သည့် ရွှေငွေကို ကိုင်ဆောင်ခြင်း, ရွှေငွေဖြင့် ရောင်းဝယ်ဖလှယ်ခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်စေပြီး မယဉ်ကျေး

မလိမ္မာသည့်ဘဝသို့ ရောက်စေနိုင်ကုန်၏၊ ထို့ကြောင့် အကုသိုလ်တရားတို့၏ သတ္တဝါတို့ကို မလိမ္မာ မယဉ်ကျေးအောင် ပြုလုပ်နိုင်သည့် အစွမ်းသတ္တိသည် အံ့ဩဘွယ်ကောင်းလေစွ။

ကောင်းစွာ တိုက်တွန်းခြင်း

ဤသို့လျှင် အထက်တွင် ဆိုခဲ့သည့်အတိုင်း ပညာမဲ့သူတို့ကို ပညာရှိများ ဖြစ်လာအောင် ပညာရှိပြီးသူ များကိုလည်း ပညာရှိသည်ထက် ရှိအောင် မကောင်းမှု အကုသိုလ်တရားတို့ကို ကဲ့ရဲ့ရှုတ်ချခြင်းစသောအမှုကို ပညာရှိပုဂ္ဂိုလ်တိုင်း ပြုလုပ်ထိုက်ကြပါသည်။

ဆိုခဲ့သည့်စကားရပ်များကို ဆက်လက် ရှင်းပြလိုပါသည်၊ "ပညာရှိများဖြစ်လာအောင်" ဟူ၍ အထက်၌ပြောဆိုခဲ့သည်မှာ ယခင် ဆိုခဲ့ပြီးဖြစ်သည့် ဘေး ၅-မျိုးတို့မှ လွတ်ကင်းခြင်းကို ဆိုလိုပါသည်။

"ပညာရှိသည်ထက် ရှိအောင်" ဟူ၍ ပြောဆို ခဲ့ခြင်းမှာလည်း ထိုဆိုခဲ့သည့် ဘေး ၅-မျိုးတို့မှ အထူးသဖြင့် အလွန်ဝေးသည်ထက် ဝေးခြင်းကို ဆိုလိုရင်းဖြစ်ပါသည်၊ မှန်ပေသည်၊ ဆိုခဲ့သည့်ဘေး ၅-ပါးတို့မှလွတ် ကင်းသူကိုသာ ပညာရှိ (ပဏ္ဍိတ်)ဟု ခေါ်ဆိုထိုက်ပါသည်၊ မှန်ပါသည် ဓမ္မပဒပါဠိတော်ဝယ်—

> "စကားများစွာ ပြောဆိုနိုင်ကာမျှဖြင့် ပညာရှိ မဖြစ်၊ ဘေးမသိ ရန်မခ ကြောက်ရွံ့မှု ကင်းကွာသူကိုသာ ပညာရှိဟူ၍ ဆိုအပ်၏"

ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ပါသည်။

စင်စစ်အားဖြင့် ဆိုရပါမူ ပုဂ္ဂိုလ်တဦးတယောက်ကို ပညာရှိ မဟုတ်ဟု ဆိုခဲ့ပါလျှင် ထိုပုဂ္ဂိုလ်မှာ ပညာမဲ့ လူမိုက်သာ ဖြစ်ရပါမည်၊ မှန်ပေသည်၊ လောက၌ ပုဂ္ဂိုလ်နှစ်မျိုးသာ ရှိပါသည်၊ ယင်းမှာ–

၁။ ပညာရှိ ပဏ္ဍိတနှင့်–

၂။ ပညာမဲ့ ဗာလတို့ဖြစ်သည်။

မှန်ပေသည် ခမ္မသင်္ဂဏီ ပါဠိတော်ဝယ်–

"ဗာလပုဂ္ဂိုလ်တို့၌ တည်သော တရား၊ ပဏ္ဍိတပုဂ္ဂိုလ်တို့၌ တည်သောတရား"

ဟူ၍ ဗုဒ္ဓမြတ်စွာ နှစ်မျိုး နှစ်စားပင်ဟောကြားတော်မူခဲ့ပါသည်။ ယင်းသို့ ဖြစ်ပါသောကြောင့် သီဟိုဠ်ကျွန်းတွင် သီတင်းသုံးတော်မူကြသည့် နှစ်အုပ်စု နှစ်ပက္ခအားဖြင့်ကွဲပြားလျက် ရှိနေတော်မူကြသည့် ထေရ်ကြီး ထေရ်ငယ် အသွယ်သွယ်သော အရှင်မြတ်တို့သည် ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်တကွ တတ်မြောက်ကြ၍ ပညာရှိပုဂ္ဂိုလ်များ ဖြစ်ကြလျှင်ကစား "ပညာရှိသတိဖြစ်ခဲ့"ဟူသကဲ့သို့"အပဏ္ဍိတ"ပုဂ္ဂိုလ်များ မဖြစ်ရအောင် သတိထားတော်မူကြပါဘုရား။

အမြဲမပြတ် အာပတ်သင့်ခြင်း

ဆက်၍ဆိုပါဦးမည်၊ တဦးတယောက်သော ပုဂ္ဂိုလ်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ဗုဒ္ဓသာသနာတော် တွင်းသို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ရဟန်းပြုပြီး မယုတ်မာသော ရဟန်းကောင်းတပါး ဖြစ်သည်၊ ယင်းသို့ ဖြစ်လျှင်ကစား–

အကြောင်းကြောင်းတို့ဖြင့် ယုတ်မာသော အဆွေခင်ပွန်း ရဟန်းဆိုးတို့ ဆွဲဆောင်မှုကြောင့် ထိုရဟန်းလည်း ယုတ်မာသော ရဟန်းဆိုးတပါးဖြစ်လာပါသည်၊ ထိုရဟန်းသည် မူလက ဖြူစင်သည့် သဒ္ဓါတရားရှိသော ဒါယကာများကို မိမိအား ကြည်ညိုလာအောင် သစ်သားပေးခြင်း၊ ဝါးပေးခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း အစရှိသည်ဖြင့် ထိုဒါယကာတို့၏ ဖြူစင်သော သဒ္ဓါတရားကို ဖျက်ဆီးပါသည်၊ ယင်းသို့ ဖျက်ဆီးကြသဖြင့် သဒ္ဓါတရား ပျက်စီးနေသောဒါယကာတို့က ထိုရဟန်းအား ကြည်ညို လေးစား၍ လှူဒါန်းချီးမြှောက်အပ်သော ပစ္စည်းလေးပါးတို့ကို ထိုရဟန်းက လက်ခံသုံးစွဲခြင်းဖြင့် အသက်မွေး ဝမ်းကျောင်း ပြုလုပ်ခဲ့ပါသည်၊ ထိုရဟန်း၏ ထိုနည်းဖြင့် အသက်မွေးမှု မျိုးသည် ခြသေ့ သစ်ကျားစသော တောကောင် သတ္တဝါများကဲ့သို့ ယုတ်မာသော(မိစ္ဆာဇီဝ)အသက်မွေးမှုဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ခြင်း ဖြစ်ပါသည်။

ယင်းသို့ ပြုလုပ်၍ ထိုဒါယကာတို့ လှူဒါန်းသဖြင့် ရရှိထားသော ပစ္စည်း ၄-ပါးတို့သည် မတရားသော နည်းလမ်းကို အသုံးပြုသဖြင့် ရရှိသားသော ပစ္စည်းများ ဖြစ်ကြပါသည်၊ ယင်းသို့ ပြုလုပ်၍ရရှိထားသော ပစ္စည်း ၄-ပါးတို့ကို နေ့စဉ် အသုံးပြုတိုင်း ပြုတိုင်း ထိုရဟန်းအား အာပတ်များ သင့်ပါသည်၊ ယင်းသို့ ပြုလုပ်သဖြင့် ရရှိထားသောသင်္ကန်းကို ထိုရဟန်း ဝတ်တိုင်း ရုံတိုင်း အာပတ်သင့်ပါသည်၊ ယင်းသို့ ပြုလုပ်သဖြင့် ရရှိထားသော ဆွမ်းကို ဘုဉ်းပေး သုံးဆောင်သောအခါ၌လည်း ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း အာပတ်

သင့်ပါသည်၊ ယင်းသို့ပြုလုပ်သဖြင့် ဒါယကာတို့ ကြည်ညို၍ လှူဒါန်းအပ်သော ကျောင်းတွင် သီတင်းသုံးသော အခါ၌ လည်း ထိုကျောင်းပေါ်၌ ထိုင်တိုင်း၊ ရပ်တိုင်း၊ သွားတိုင်း၊ အိပ်တိုင်း၊ တက်တိုင်း၊ ဆင်းတိုင်း အဆက်မပြတ် ဒုက္ကဋ် ပင် အာပတ်များ သင့်ပါလေတော့သည်။

'နောင်အခါ စောင့်စည်းပါမည်'ဟု ကတိပေးမှုသည် ရဟန်းကောင်း(လဇ္ဇီ)ပုဂ္ဂိုလ်ဖြစ်ခြင်း၏ ပဓာနအကြောင်း

ဆိုခဲ့သည့် မကောင်းသော အသက်မွေးမှုဖြင့် အသက် မွေးဝမ်းကျောင်း ပြုလုပ်သောရဟန်းသည် ထိုသို့ ပြုလုပ်မှု ကြောင့် သင့်ရောက်သော အာပတ်တို့ကို တကြိမ် တခါမျှပင် 'နောင်အခါ စောင့်စည်းပါမည်'ဟု ကတိ ပေးမှု (အာယတိံ သံဝရ) စိတ်ထားဖြင့် သုတ်သင်ခြင်း ကုစားခြင်း မပြုလုပ်ပါ၊ ထိုရဟန်းသည် ထိုသင့်ရောက်သော အာပတ်တို့ကို နေ့တိုင်း ပင် ဒေသနာကြားသော်လည်း "ဒုဿီလ" ပုဂ္ဂိုလ်အဖြစ်မှ လွတ်မြောက်နိုင်လိမ့်မည်မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော်-

> "နောက်နောင်အခါ ဤသို့မပြုလုပ်တော့ပါ"ဟု (အာယတိံ သံဝရ) စိတ်ထားခဲ့သော် လဇ္ဇီပုဂ္ဂိုလ်ပင် ဖြစ်၏—

ဟူ၍ မိန့်ဆိုအပ်သော ဝိမတိဝိနောဒနီ ဋီကာပါဌ်နှင့် လျော်ညီ စွာ 'နောက်နောင်အခါ စောင့်စည်းပါမည်'ဟု ကတိပေးမှု (အာယတိံ သံဝရ) စိတ်မထားသမျှ ထို"ဒုဿီလ"ပုဂ္ဂိုလ် အဖြစ်မှ မလွတ်မြောက်နိုင်သောကြောင့် ဖြစ်ပါသည်။

'နောက်နောင်အခါ စောင့်စည်းပါမည်' ဟူသော (အာယတိံသံဝရ)စိတ်ထားဖြင့် ထိုအာပတ်တို့ကို ဒေသနာကြား၍ ကုစားသည့်တိုင်အောင်လည်း ထိုရဟန်းအား မကောင်းသဖြင့် အသက်မွေး ဝမ်းကျောင်း ပြုလုပ်၍ ရရှိ ထားသည့် ကျောင်းတွင် နေထိုင်ခဲ့မှုကြောင့်ရင်း၊ ထိုနည်းဖြင့် ရရှိထားသည့် သင်္ကန်းကို ဝတ်ရုံခဲ့မှုကြောင့်ရင်း မူလကအာပတ်များ သင့်ရောက်ခဲ့၏၊ ထိုအာပတ်တို့ကို စင်ကြယ်စေခြင်းငှါ ဒေသနာ ကြားသော အခါ၌လည်း ထိုနည်းဖြင့် ရရှိထားသည့် ကျောင်း၌ပင်နေ၍ ထိုနည်းဖြင့် ရရှိထားသည့် သင်္ကန်းကို ဝတ်ရုံကာ ဒေသနာကြားခဲ့အံ့၊ ယင်းသို့ ဒေသနာကြား၍ ကုစားမှုကြောင့် ယခင်သင့်ရောက်ခဲ့သော အာပတ်များ စင်ကြယ်သည်ဖြစ်စေ၊ မစင်ကြယ်သည်ဖြစ်စေ ထို ရဟန်းသည် ယင်း ဒေသနာကြားရာနေရာမှထ၍ ခြေတဖက်ကိုမြှောက်ချီအံ့၊ ယင်းသို့ မြှောက်ချီသော အခါမှစ၍ ထိုနည်းဖြင့်ရရှိထားသည့် ကျောင်းနှင့် စပ်၍ သင့်ရောက်သော အာပတ် များစွာတို့သည် မြစ်ရေအယဉ် တသွင်သွင်စီးဆင်းသကဲ့သို့ တသွင်သွင် စီးဆင်းပါတော့သည်။

ထိုနည်းဖြင့် ရရှိထားသည့် သင်္ကန်းကို ကိုယ်မချွတ်ပယ်မူ၍ ပြုပြင်ဝတ်ရုံသော အခါ၌လည်း ဝတ်တိုင်း ဝတ်တိုင်း ရုံတိုင်း ရုံတိုင်းပင် ဆိုခဲ့သည့်နည်းတူ ရေအယဉ်ကဲ့သို့ အာပတ်များ တသွင်သွင် စီးဆင်းနေပါသည်၊ ထို့ကြောင့် ထိုကဲ့သို့ မိစ္ဆာဇီဝ အသက်မွေး ဝမ်းကျောင်းပြုလုပ်သော ရဟန်းသည် 'နောက်နောင်အခါစောင့်စည်းပါမည်'ဟု(အာယတိံသံဝရ)စိတ်ဖြင့် ဒေသနာကြားသော်လည်း တနေ့တရက် တနာရီမျှပင် စိတ်

၏ စင်ကြယ်ခြင်းကိုရင်း အနာရောဂါကင်းခြင်းကိုရင်း ရနိုင်မည် မဟုတ်ပါ။

ဒူလာသွေးဝမ်းရောဂါရှင် ဥပမာ

ဥပမာဆိုရပါမူ ဒူလာသွေးဝမ်းရောဂါ လွန်စွာ နှိပ်စက်ခံရသဖြင့် အမြဲမပြတ် ဝမ်းလျှောနေသော ယောကျ်ားသည် ယင်းသို့ သွေးဝမ်းလျှောနေခြင်းကို ရေဖြင့်ပျောက်ကင်း စင်ကြယ်အောင် ဆေးကြောပါသော်လည်း ရူပကာယ ခန္ဓာကိုယ်၏ ထိုရောဂါမှ စင်ကြယ်ပျောက်ကင်းမှုကို မရနိုင်သကဲ့သို့ ထိုရဟန်းသည်း 'နောင်အခါ စောင့်စည်းပါမည်'ဟူသော (အာယတိံသံဝရ) စိတ်ထားဖြင့် ဒေသနာကြား၍ ကုစားပါသော်လည်း နာမကာယစိတ်၏ စင်ကြယ်မှု အနာရောဂါကင်းမှုကို ရနိုင်လိမ့်မည် မဟုတ်ပါ။

မိမိကိုယ်ကို မိမိ မေးမြန်းခြင်း (ဝေဘန်ဆန်းစစ်ခြင်း)

အကယ်၍ ဆိုခဲ့သည့် မိစ္ဆာဇီဝဖြင့် အသက်မွေး ဝမ်းကျောင်းပြုသော ပုဂ္ဂိုလ်သည် နာမကာယ စိတ်ခန္ဓာ ချမ်းသာ၍ ကျန်းမာသူတဦးဖြစ်သဖြင့် "စင်ကြယ်သော ပုဂ္ဂိုလ်" ဟု ဆိုခဲ့အံ့၊ ယင်းသို့ဆိုလျှင် ထိုသူသည် မိမိကိုယ်ကို မိမိပြန်လည်မေးမြန်းရာ၏၊ အို သူတော်ကောင်း လာခဲ့လော့၊ ဆိုပါဦးလော့၊ ယခင် ဒူလာသွေးဝမ်းရောဂါနှိပ်စက်၍ အမြဲသွေးဝမ်းလျှောနေသော ရောဂါရှင်သည် ထို သွေးဝမ်းလျှောနေမှုကို ရေဆေးခြင်းပြုလုပ်၏၊ ယင်းသို့ ပြုလုပ်ရုံမျှဖြင့် ထိုရောဂါရှင်အား သင်မည်သို့ဆိုမည်နည်း၊ ၎င်း၏ကိုယ်ခန္ဓာ ရူပကာယသည် ဆိုခဲ့သည့် အနာရောဂါမှ အခါခပ်သိမ်း ပျောက်

ဆင်းစင်ကြယ်၏ဟု ဆိုမည်လော၊ သို့မဟုတ် ပျောက်ကင်းစင်ကြယ်ခြင်းမရှိ ဟု ဆိုမည်လော ဟူ၍ မိမိကိုယ်ကို မိမိပြန်လည်မေးမြန်းခြင်းဖြင့် ဝေဘန်သုံးသပ်ရပါမည်။

အကယ်၍ ဆိုခဲ့သည့် မိစ္ဆာဇီဝဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်သော ပုဂ္ဂိုလ်သည် ဘုရားရှင်ကိုပင် ဘုရားရှင်ဟု မထင်ပဲ ဘုရားရှင်ပညတ်တော်မူသည့် သိက္ခာပုဒ်စည်းကမ်း ဥပဒေများကို ဖျက်ဆီးကာ ယုတ်မာသော အသက်မွေးဝမ်းကျောင်းပြုမှု(မိစ္ဆာဇီဝ)ဖြင့်အခါခပ်သိမ်းပင် မိမိကိုယ်ကို မွေးမြူ၏၊ ယင်းသို့ ပြုလုပ်ခြင်းမျှဖြင့် သူရူး (ဥမ္မတ္တက) မဟုတ်ပါ ဟု ဆိုခဲ့အံ့၊ ယင်းသို့ဆိုလျှင် မိမိကိုယ်ကို မိမိ ပြန်လည်မေးမြန်းရာ၏၊ အို သူတော်ကောင်း .. ဤလောကဝ္ဍ ယောကျ်ားတယောက်သည် အေးကု၍မရအောင် အိတ္ထူး ဖမ်းစားထားသဖြင့် ထူးထွေ ကောင်းမွန်လှသည့် စားဘွယ်ကို မစားပဲ မစင်ကျင်ကြီးကိုသာ စားနေခဲ့လျှင် သင်မည်သို့ ဆိုမည်နည်း။

တနည်းအားဖြင့် အို သူတော်ကောင်း... ဤလောကဝ္ဍ ဝက်သား ကြက်သား အစရှိသော အထူးထူး အပြားပြား စားဘွယ်များသည် အရသာလည်း ရှိ၏၊ ကောင်းလည်း ကောင်းမွန်လှ၏၊ တန်ဘိုးများစွာလည်း ထိုက်၏၊ ဆိုခဲ့သည့် စားဘွယ်များကို ပုဂ္ဂိုလ်များစွာတို့သည် အစွမ်းရှိသလောက် သတ္တိရှိသလောက် ရှာဖွေလျက် စိမ့်စားသောက်ကြကုန်၏၊ ထို ပုဂ္ဂိုလ်တို့၏ အလယ်တွင် ချစ်ဖွယ် ကောင်းသော ယောကျ်ား တယောက်သည် မိမိအစွမ်းသတ္တိ ရှိသလောက် ဖြစ်ပေါ်လာသည့် ကောင်းမွန်၍ တန်ဘိုး ထိုက်လှသည့်

စားဘွယ်များကို စားသောက်ခြင်း မပြုပဲ ရွာနေသက်ဖေး တွင် စွန့်ပစ်ထားသည့် မစင် ကျင်ကြီးများကိုသာ ရှာဖွေ၍ အခြားသူတို့ကို မရှက်ပဲ စက်ဆုပ်ခြင်းမရှိ ဝမ်းမြောက်စွာသင် စားသောက်ရာ၏။ ထိုကဲ့သို့သော ယောကျ်ားကို သင် မည်သို့ ဆိုချိမ့်မည်နည်း။ အို သူတော်ကောင်း.... ထိုယောကျ်ားသည် အရူးလော, အကောင်းလော ဤသို့လည်း မိမိကိုယ်ကို မိမိ ပြန်လည်မေးမြန်းခြင်းဖြင့် ဝေဘန်ဆန်းစစ်ရပါမည်။

အကယ်၍ သင်သည် ထိုယောကျ်ားကို "အရူး"ဟု ဆိုခဲ့အံ့၊ အို.. သူတော်ကောင်း လာခဲ့လော့၊ ဆိုပါဦးလော့၊ ငါတို့ဘုရားရှင်သည် ယခုအခါ အတုမရှိ အမြိုက်သုခဘုတ်ကို ပေးတော်မူတတ်၏၊ ထိုဘုရားရှင်၏ သာသနာတော်၌ အယှား အားဖြင့် လွန်မြတ်လှသည့် ကိုယ်ကျင့်သီလ စောင့်စည်းခြင်း သံဝရတရား၊ ကိလေသာကို ခါတွက်ခြင်း ဓုတင်အကျင့် ရောင့်ရဲဘင်းတိမ်မှု (သန္တုဋ္ဌိတာ) တရား၊ ကိလေသာကို ခေါင်းပါးအောင်ပြုမှု (သလ္လေခတာ) တရား၊ အလိုနည်းမှု (အပ္ပိစ္ဆတာ) တရား၊ ကိလေသာ ငြိမ်းအောင် ပွါးများမှု (သမထဘာဝနာ) တရား၊ အထူးထူး အပြားပြား ရှုမြင် ပွါးများမှု (ဝိပဿနာဘာဝနာ) တရား၊ ဤသို့စသည့် ရဟန်း တရား (သမဏဓမ္မ) တို့သည် များစွာရှိပါကုန်၏၊ ထိုသမဏ ဓမ္မတို့သည် အမြိုက် သုခဘုတ်တို့တည်း၊ ထိုမွန်မြတ်လှသည့် အမြိုက်သုခဘုတ် တို့ကို ပေးတော်မူ တတ်သည့် ဘုရား မြတ်စွာ၏ တပည့်သာဝက များစွာတို့သည် ယင်း မွန်မြတ်လှ သော အမြိုက် သုခဘုတ်တို့ကို ဘုဉ်းပေး သုံးဆောင် တော်မူကြကုန်လျက် သိတင်းသုံး နေထိုင်တော်မူကြကုန်၏၊

အို သူတော်ကောင်း.... သင်သည် ထိုများစွာသော ထပည့်သာဝကတို့၏ အလယ်၌ နေထိုင်ပါလျက် ယင်းသို့ လွန်ကဲထူးမြတ်လှသော သမဏဓမ္မ အမြိုက်သုခဘုတ်တို့ကို မစားမသုံးပဲ ပယ်စွန့်ခဲ့၏၊ ထို့ပြင် ဘုရားမြတ်စွာသည် မစင် ကျင်ကြီးကဲ့သို့ လွန်စွာစက်ဆုပ်တော်မူ၍ စွန့်ပယ်တော်မူအပ် သော ရွှေငွေကိုလည်း ကိုင်ဆောင်ခဲ့၏၊ ထို့ပြင် ရဟန်းတို့နှင့် မအပ်မလျော် မသင့်တော်သည့် အကပ္ပိယ ဝေါဟာရများကို လည်း အသုံးပြုခဲ့ပေ၏၊ ထို့ပြင် ဗေဒင်ဟောခြင်း ဆေးကုခြင်း အစရှိသော ရဟန်းတို့နှင့် မအပ်မလျော် မသင့်တော်သည့် ရွာမှီးမှု(အနေသန)၊ ဒါယကာတို့၏ သဒ္ဒါတရားကို ဖျက်ဆီးမှု (ကုလဒူသက)၊ ယုတ်မာသော အသက်မွေးမှု (မိစ္ဆာဇီဝ) တို့၏ အစွမ်းဖြင့်လည်း ရွာမှီး၍ အသက်မွေး ဝမ်းကျောင်း ပြုလုပ်ခဲ့၏၊ ထို့ပြင် ဆိုခဲ့သည့် ယုတ်မာစွာ အသက်မွေး ဝမ်းကျောင်း ပြု၍ မတရားသဖြင့် ရအပ်သော (အဓမ္မိယလဒ္ဓ) ပစ္စည်း ၄-ပါးတို့သည် လွန်စွာ စက်ဆုပ်ဘွယ် ကောင်းသော မစင် ကျင်ကြီးနှင့် တူကုန်၏။

တနည်း ဆိုရသော် မစင်ကျင်ကြီးထက်ပင် အကျိုးမဲ့ကို ပြုတတ်သဖြင့် မစင် ကျင်ကြီးထက်ပင် လွန်စွာစက်ဆုပ်ဘွယ် ကောင်းလှပေ၏၊ ထို မတရားသဖြင့် ရအပ်သော (အဓမ္မိယ-လဒ္ဓ) ပစ္စည်း ၄-ပါးတို့ကိုလည်း အရှက်ကင်းမဲ့စွာဖြင့် သုံး ဆောင်ခဲ့၏၊ အို သူတော်ကောင်း....သင်သည် ထိုကဲ့သို့သော အမှုတို့ကို ပြုလုပ်ခြင်းဖြင့် အဘယ်သို့ ရှိချိမ့်မည်နည်း၊ ဤသို့လည်း မိမိကိုယ်ကိုမိမိ ဝေဘန်ဆန်းစစ်ရပါမည်။

သင်္ကဲ့သို့သော ပုဂ္ဂိုလ်သည် ရွှေ ငွေကို ကိုင်ခဲ့ခြင်း ရွှေငွေကို လဲလှယ်ခြင်း မအပ်သောတောင်းခြင်းဖြင့် တောင်းခံခြင်း မသင့်လျော်သည့် အမှတ်နိမိတ်ကိုပြုခြင်း သစ်သီးပေးခြင်း ပန်းပေးခြင်း စသည်ဖြင့် ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီးခြင်း မအပ်သောစွည်း ရှာဖွေမှုစသော ယုတ်မာသော အသက်မွေးမှုတို့ဖြင့် တောမဆိုး စသည်တို့ကဲ့သို့ အခါခပ်သိမ်း ဆမိန်၏အသက်ကို မွေးမြူခဲ့၏၊ ယင်းသို့ ပြုလုပ်ခြားသော်လည်း တနေ့ တရက် တနာရီမျှလည်း စိတ်၏ သန့်ရှင်းစင်ကြယ်မှုကို မရသည်ဖြစ်၍ အခါခပ်သိမ်း စိတ်ညစ်နွမ်းသည်၏ အဖြစ်သို့ရောက်ရပြီး အလွန်ယုတ်မာသည်၏ အဖြစ်သို့ ရောက်ရသော်၎င်း၊ ယင်းသို့ သဘောရှိသော အလင့်အလုပ်ကို မစွန့်လွှတ်ခြင်းကြောင့် သေမင်းခံတွင်းသို့ မလွဲမသွေဝင်ရောက်ရသော်၎င်း၊ "နတ်ပြည်ကို၎င်း၊ မဂ်ကို၎င်း ရနိုင်ရာ၏" ဟူ၍လည်း အကယ်၍ ဆိုခဲ့ပေအံ့။

အိုသူတော်ကောင်း....လာခဲ့လော့၊ ဆိုပါဦးလော့၊ ကဿပ ဘုရားရှင်သာသနာတော် ဆုတ်ယုတ်သောအခါ ယုတ်မာသော ရဟန်းယောကျ်ား ရဟန်းမိန်းမ စသည်တို့သည် ဤကဲ့သို့သော သိက္ခာပုဒ် ကြီးငယ်တို့ကို လွန်ကျူးကြကုန်၏၊ ထိုရဟန်းယောကျ်ား ရဟန်းမိန်းမ စသည်တို့သည် ထိုဘဝမှ စုတေကြသော် ငရဲကြီး စသည်ဟု၌ သိန်းပေါင်းများစွာသော နှစ်တို့ပတ်လုံး ကျရောက်ကြရကုန်၏၊ ထိုဘဝမှ စုတေကြသော် ဂိဇ္ဈကုဋ်တောင်၌ အစုတ်စုတ် အပြတ်ပြတ်သော အတ္တဘောကြီးဖြင့် ပြိတ္တာကြီးများ ဖြစ်ကြရကုန်၏၊ ထိုရဟန်းပြိတ္တာကြီးတို့သည် သံဖြင့် ပြုလုပ်အပ်သော သပိတ်ကို

လွယ်ကြရကုန်၏၊ သံဖြင့်ပြုလုပ်အပ်သော သင်္ကန်းကို ဝတ်ဆင်ကြရကုန်၏၊ ထိုသံသင်္ကန်းတို့သည် ရဲရဲညီးကုန်၏၊ မီးတောက်မီးလျှံ ထွက်ကုန်၏၊ အရောင် တပြောင်ပြောင် တောက်လောင်ဝင်းထိန်ကုန်၏၊ ထိုရဟန်း ပြိတ္တာကြီးတို့သည် လွန်စွာဆင်းရဲပင်ပန်းကြကုန်၏၊ဟစ်အော်ငိုကြွေးကြရကုန်၏၊ ထိုရဟန်း ပြိတ္တာကြီးတို့သည် ယနေ့တိုင်အောင်လည်း ထိုကဲ့သို့သော ဆင်းရဲဒုက္ခကြီးမှ မလွတ်မြောက်ကြမူ၍ အဘယ်မည်သော အကြောင်းကြောင့် လွန်စွာပျက်စီးခြင်းသို့ ရောက်ကြကုန်ဘိသနည်း၊ ဤသို့လည်း မိမိကိုယ်ကိုမိမိ ဝေဘန်ဆန်းစစ်ရပါမည်။

သင်ကဲ့သို့သော ပုဂ္ဂိုလ်သည် ကိုးကွယ်ရာမဲ့ သူတို့၏ကိုးကွယ်ရာတဆူ ဖြစ်တော်မူသည့် ဘုရားရှင်ကိုလည်း "ကိုးကွယ်ဆည်းကပ်ရာ" ဟု မအောက်မေ့ပါပေ၊ ကိုးကွယ်ရာမဲ့သူတို့ မိမိကိုးကွယ်ဆည်းကပ်ရန် အတွက် ပညတ်တော်မူခဲ့သည့် ကိုးကွယ်ရာသိက္ခာပုဒ် စည်းကမ်းတို့ကိုလည်း ဖျက်ဆီးကျော်နင်းခဲ့ပေသည်။

သင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ဆည်းကပ်ကိုးကွယ်ရာတို့ကို အမှီပြု၍ ကိုးကွယ်ရာမဲ့ဖြစ်သည့် သိက္ခာပုဒ် စည်းကမ်းတော်များကို လွန်ကျူးခြင်း အကုသိုလ် အမှုများကိုသာရ၍ ဆည်းကပ်ကိုးကွယ်ရာ သိက္ခာပုဒ်များကို မလွန်ကျူးခြင်းစသော ကုသိုလ်ကောင်းမှုများကိုကား မရရှိပေ၊ ထို့ကြောင့် သင်ကဲ့သို့သော ပုဂ္ဂိုလ်သည် အခါခပ်သိမ်း "ဒုသီလ" အဖြစ်သို့ ရောက်ရလေ၏၊ အခါခပ်သိမ်း ညစ်နွမ်းသောအဖြစ်သို့ ရောက်ရလေ၏၊ သင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးအတွက် အပါယ်

တံခါးလည်း ကောင်းစွာပွင့်ဟနေ၏၊ နတ်ပြည်နှင့် မဂ်တံခါးသည်ကား ခိုင်မာစွာ ပိတ်နေ၏။

သင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ဘုရားရှင်နှင့် ဘုရားရှင်၏ အလိုတော်ကိုသိသော အဋ္ဌကထာဆရာတို့ ပေးသနားတော်မူခဲ့သည့် ငွေ့ ငွေ့ကိုင်ခြင်း၊ သစ်သီးပေးခြင်း စသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း အစရှိသည်တို့ကြောင့်ဖြစ်သော အနာရောဂါများကို ငြိမ်းပျောက်စေတတ်သည့် ကုစားနည်းဖြင့် ကုစားရန်လည်း အလိုမရှိပါပေ၊ ယင်းသို့ အလိုမရှိပါသော်လည်း "အရူး မဟုတ်ပါ" ဟု အကယ်၍ ဆိုခဲ့ငြားအံ့။

အိုသူတော်ကောင်း....လာခဲ့လော့၊ ဆိုပါဦးလော့ သည်းခြေရူး ယောကျ်ားတယောက်သည် မိမိဘခင် ဆေးဆရာကြီးကို "ဘခင်" ဟူ၍ရင်း၊ "ဆေးဆရာ" ဟူ၍ရင်း မအောက်မေ့ဘဲ ဘခင်ဆေးဆရာကြီး အကြိမ်ကြိမ် တားမြစ်အပ်သည့် အဆိပ်သီး စသည်များကိုသာ စား၏ အူမကြီး အူသိမ်တို့သည် ပြတ်သောအခြင်းအရာသို့ ရောက်ကုန်၍ နှလုံးသားသည်လည်း ကွဲသောအခြင်းအရာသို့ ရောက်ပြီး သေမင်းအခံတွင်းသို့ (မြေးဝင်ရန်) ရှေ့ရှုနေတော့၏၊ ယင်းသို့ ရှေ့ရှုနေသော်လည်း ဘခင် ဆေးဆရာကြီး သနားခြင်းကရုဏာစိတ်ဖြင့် ကောင်းစွာပေးအပ်သည့် ဆေးမြတ်ကိုလည်း သောက်သုံးခြင်း မပြုပေ၊ ယင်းသို့ဖြစ်လျှင် ဆိုခဲ့သည့် သည်းခြေရူးယောကျ်ားသည် အဘယ်သို့ ဖြစ်ချိမ့်မည်နည်း။

အိုသူတော်ကောင်း ...သင်သည် ဤ ဆိုခဲ့ပြီးသည့်အတိုင်း မိမိသည်ပင် မိမိကိုယ်ကို အမျိုးမျိုးမေးမြန်းရာ၏၊ ဆိုဆုံးမရာ

၏၊ ကောင်းစွာ နှလုံးသွင်းရာ၏၊ သံဝေဂရပြီးနောက် သံဝေဂ ယူရာ၏၊ ထိုသို့သဘောရှိသည့် ရွှေ ငွေကို ကိုင်ခံခြင်း၊ ရွှေငွေကို လဲလှယ်ခြင်း၊ မအပ်သည့် ကောင်းခံခြင်း၊ သစ်သီးပေးခြင်း စသည်ဖြင့် ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီးခြင်း၊ မအပ်သော ပစ္စည်းရှာမှု၊ ယုတ်မာသော အသက်မွေးမင်းကျောင်းမှု ဤသို့ သဘောရှိသည့်အနာရောဂါတို့မှ ကောင်းစွာ လွတ်မြောက်ရန်အတွက် ဆေးလျင်စွာ ကုစားထိုက်လှ၏ဟု မိမိကိုယ်ကို မိမိ မေးမြန်းခြင်းဖြင့် ဝေဘန်ဆန်းစစ်ရပါမည်။

ကုစားနည်းကို ပြခြင်း

ဆိုခဲ့သည့်ဘေးတို့မှ လွတ်မြောက်ရန် ကုစားနည်းကို ဆက်လက်၍ ဖော်ပြထားလိုပါသည်၊ ထိုဘေးတို့မှ လွတ်မြောက်ရန် ကုစားလိုသည့် သံသရာဘေးကို ကြောက်ရွံ့သော ရဟန်းသည် (ပါရာဇိကကဏ်) အဋ္ဌကထာ၌လာသော နည်းအတိုင်း ကုစားရပါမည်၊ မှန်ပေသည် (ယင်း) အဋ္ဌကထာ၌—

"ဆက်ဦးအံ့၊ ဤ ရွှေ ငွေမဖြစ်သော ပစ္စည်းကို သုံးစွဲခြင်းသည် ထိုရွှေငွေကို ကိုင်ခံသောရဟန်းအား မအပ်သကဲ့သို့ ဤအတူ မိမိ၌ထင်ရှားမရှိသော ဈာန် မဂ်ဖိုလ် တရားဖြင့် ဝါကြွားခြင်းကြောင့်သော်၎င်း၊ သစ်သီးပေးခြင်း စသည်ဖြင့် ဒါယကာတို့ သဒ္ဓါတရား ကို ဖျက်ဆီးမှုကြောင့်သော်၎င်း ဖြစ်ပေါ်လာသည့် ပစ္စည်းတို့သည် ထိုကဲ့သို့ပြုလုပ်သော ရဟန်းအား မအပ်ကုန်၊ တပါးသော ရဟန်းတို့အားလည်း မအပ် ပါကုန်၊ ထိုဆိုခဲ့သည့်ပစ္စည်းတို့သည် ဈာန်မဂ်ဖိုလ်ကို

မဟုတ်မမှန် ပြောကြားမှု၊ ရွှေငွေကို (အခြားပစ္စည်းနှင့်) လဲလှယ်မှုတို့မှ ဖြစ်ပေါ်သောပစ္စည်းနှင့် တူကြကုန်၏"

ဟူ၍ရှင်း။

"ဆက်ဦးအံ့၊ ငြိမ်းစေအပ်ပြီးသော ကံရှိသည်လည်းဖြစ်သော ထိုရဟန်းသည် အကြင် အမျိုးတို့၌ ရှေးအခါက သစ်သီးပေးခြင်း အစရှိသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကိုဖျက်ဆီးတတ်သော အမှုကို ပြုအပ်သည် ဖြစ်၏၊ ထို အမျိုးထံမှ ပစ္စည်းတို့ကို မခံယူထိုက်ကုန်၊ အာသဝက္ခယဉာဏ်သို့ ရောက်သော ရဟန္တာသော်မှလည်း မခံယူထိုက်ကုန်၊ သိတင်းသုံးဖော် ငါးဦးတို့အား မအပ်သည်သာလျှင် ဖြစ်ကုန်၏၊ 'အဘယ့်ကြောင့် မခံယူ ထိုက်ကြကုန်သနည်း' ဟု အမေးခံရသော ရဟန်းသည် 'ရှေးဥ္စ ဤသို့ သစ်သီးပေးခြင်းစသော အမှုကို ပြုခဲ့သည်၏အဖြစ်ကြောင့် မခံယူထိုက်ပါ၊ ရဟန်းက ပြန်ပြောသောအခါ ဒါယကာတို့က ငါ့ကို သည် ထိုသစ်သီးပေးခြင်း အစရှိသော အကြောင်းကြောင့် လှူကုန်သည် မဟုတ်ပါ၊ ယခုအခါ၌ သီလရှိသည်၏အဖြစ်ကြောင့် လှူပါကုန်၏' ဟု လျှောက်သည်ရှိသော် အပ်၏"

ဟူ၍ရှင်း မိန့်ဆိုအပ်ပါသည်။

ဆက်၍ လျှောက်ထားလိုပါသည်၊ ဤစကားရပ်၌-"ရွှေငွေမှဖြစ်သောပစ္စည်းကိုသုံးစွဲခြင်းသည် ရွှေငွေကိုကိုင်ခဲ့၍သော

ရဟန်းအား မအပ်သကဲ့သို့” အစရှိသော စကားရပ်ဖြင့် ရွှေငွေကို ကိုင်ခံခြင်း အမှုကြောင့်ရင်း၊ ရွှေငွေကို လဲလှယ်ခြင်း အမှုကြောင့်ရင်း၊ ရဟန်းတို့နှင့် မအပ်သော တောင်းခြင်းဖြင့် တောင်းခံခြင်း အမှုကြောင့်ရင်း၊ သစ်သီးပေးခြင်းစသည့် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း အမှုကြောင့်ရင်း၊ မအပ်သောနည်းဖြင့် ပစ္စည်းရှာဖွေမှုကြောင့်ရင်း ဖြစ်ပေါ်သောပစ္စည်းတို့၏ မအပ်သောအဖြစ်ကို ဘုရားရှင်၏ အလိုတော်ကို သိတော်မူသည့် အဋ္ဌကထာဆရာ မိန့်ဆိုတော်မူပါသည်၊ ထိုအဋ္ဌကထာဆရာမြတ်သည် ယင်းသို့သော အခြင်းအရာ၏ အစွမ်းဖြင့် ရအပ်သော ပစ္စည်းဟောင်းတို့ကို ငဲ့ကွက်ခြင်း ပြုပဲ မစင်ကျင်ကြီးကဲ့သို့ အောက်မေ့မှတ်ထင်ကြကုန်လျက် စွန့်ကြကုန်ပြီးလျှင် မိမိ၏ ယုတ်မာစွာ အသက်မွေးဝမ်းကျောင်း ပြုမှု အညစ်အကြေးကို စင်ကြယ်အောင် ဆေးကြောခြင်း ပြုအပ်ပေ၏ဟု ညွှန်ကြားကဲ့သို့-ထိုရဟန်းအတွက် ပစ္စည်းဟောင်း၏ အစွမ်းဖြင့် မညစ်နွမ်းပါစေခြင်းအကျိုးငှါ ကုစားနည်းကို ညွှန်ပြတော်မူပါသည်။

ထို့နောက် တဖန် “အဘယ့်ကြောင့် မခံယူကြပါကုန်သနည်း” အစရှိသော စကားရပ်ဖြင့် အသစ် ကျပ်ချွတ် ရအပ်သော ပစ္စည်းတို့၏ အစွမ်းဖြင့် မညစ်နွမ်းပါစေခြင်းအကျိုးငှါ ကုစားနည်းကို ညွှန်ပြတော်မူပါသည်။

ထို့ကြောင့် အရှင်မြတ်တို့သည် သိက္ခာသုံးပါးကို လိုလားတော်မူကြသော ပုဂ္ဂိုလ်များ ဖြစ်တော်မူကြပါကုန်၏၊ သံသရာဘေးကို ကြောက်ရွံ့တော်မူကြသော ပုဂ္ဂိုလ်များ ဖြစ်တော်မူကြပါကုန်၏၊ ထိုသို့ပင် ဖြစ်တော်မူကြပါကုန်သော်

လည်း ပုထုဇဉ်တို့အလျောက် စိတ်၏ လျင်စွာ ဖြစ်ခြင်း သဘော၊ စိတ်၏ ပြောင်းလဲခြင်းသဘောကို အကြောင်း ပြု၍ အထက်တွင် ဆိုခဲ့ပြီးသော ယုတ်မာစွာ အသက်မွေး ခြင်းကျောင်းပြုမှု(မိစ္ဆာဇီဝ)အရာဝယ် မိမိ၌ ဝိနယကုက္ကုစ္စ= ဝိနယသံသယရှိကြပါကုန်အံ့၊ အရှင်မြတ်တို့သည် ထိုကဲ့သို့ မမှန်ကန် မတရားသော သဘောဟူ၍ ယုံမှားဘွယ် ဖြစ်ကုန် သော အတွင်းအသုံးအဆောင် အပြင်အသုံးအဆောင်ပစ္စည်း များ အားလုံးကိုလည်း ငဲ့ကွက်မှု ကင်းစွာဖြင့် စွန့်ပစ်ထိုက် ကြပါကုန်၏၊ ယင်းသို့ စွန့်ပစ်ကြကုန်ပြီး၍ နောက်ထပ် တဖန် ရအပ်သော ပစ္စည်းများတွင်လည်း–

"မှန်၏၊ ထို မဟာအကပ္ပိယသပိတ်သည် ခိုးသူတို့ သုယူသွားရာမှ တဖန် ပြန်၍ ရရှိထားသည့် သပိတ် ဖြစ်၏ ဟု သိလျှင် တစုံတယောက်သော ရဟန်းမျှ လည်း မအပ်"

ဟူ၍ မိန့်ဆိုအပ်သော ဝိမတိဝိနောဒနီဋီကာပါဌ်ကိုထောက်၍ "ဤ အသုံးအဆောင် ပစ္စည်းများသည် ငါရှေးက စွန့်ပစ် ခဲ့သည့် အသုံးအဆောင်များပေတည်း"ဟု ကောင်းစွာ သိထား ပြီးသော ပစ္စည်းတို့ကို မစင်ကျင်ကြီးကဲ့သို့ အဝေးက ရှောင်ကြဉ်ရပါမည်၊ ထိုနောက် တဖန် ရအပ်သည့် အသစ် ကျပ်ချွတ်ဖြစ်သော အသုံးအဆောင်ပစ္စည်းတို့၏ အစွမ်းဖြင့် မညစ်နွမ်းစေခြင်းအကျိုးငှါ အဋ္ဌကထာ၌ ညွှန်ပြသည့် နည်း အတိုင်းပင် ဗေဒင်ဟောခြင်း စသည်ဖြင့် ဒါယကာတို့ သဒ္ဓါ တရားကို ဖျက်ဆီးမှုကို ပြုလုပ်မိခဲ့၏၊ ရှေး၌ ဆိုခဲ့ပြီးသည့်

မအပ်သော ပစ္စည်းရှာဖွေမှု စသော အမှုတို့ကိုလည်း ပြုလုပ်မိခဲ့၏၊ ထိုသို့ မိမိပြုလုပ်ခဲ့သည့် ဒါယကာတို့ထံမှ ပစ္စည်းများကို လက်မခံပဲ ထို ဒါယကာတို့က(အရှင်ဘုရားတို့သည်)"အဘယ့်ကြောင့် မယူကြပါကုန်သနည်း" ဟု မေးလျှောက်ကြသောအခါ မိမိတို့သည်ပင် မိမိတို့၏ အပြစ်ကို ရှာဖွေစိစစ်တော်မူကြ၍ ကောင်းစွာ ရှုမြင်သုံးသပ်တော်မူကြပါဘုရား။

ဥပမာဖြင့် လျှောက်ထားရပါမူ....သတိ မေ့လျော့တတ်သည့် ခရီးသွား ယောကျ်ား တဦးသည် လမ်းမကြီးပေါ်မှ လျှင်မြန်စွာ တိမ်းချော်လျက် မစင် ကျင်းကြီးတွင်းသို့ ကျကာ နစ်မြုပ်လေ၏၊ ထိုအခါ ထို ကျင်းကြီးတွင်းမှ လွတ်မြောက်ရန်အတွက် ကယ်တင်မည့်သူများကို မတွေ့မြင်ရသောကြောင့် မိမိကိုယ်တိုင်ပင် လွတ်မြောက်ရန် လွန်စွာ ကြိုးစားလျက် အစွမ်းကုန် အားထုတ်လေသောအခါ ဘေးကင်းခြင်းသို့ ရောက်ရလေ၏၊ (ဤသို့) မိမိသည်သာ မိမိ၏အားကိုးရာ အားထားရာကို ပြုသကဲ့သို့ ထို့အတူ—

ထေရ၊ အနုထေရ၊ မဇ္ဈိမ၊ နဝဖြစ်တော်မူကြသည့် သီဟိုဠ်ကျွန်းသား အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် မကောင်းမှုလည်း ရှက်ကြောက်တော်မူကြပါကုန်၏၊ သိက္ခာသုံးပါးကိုလည်း လိုလားတော်မူကြပါကုန်၏၊ သဒ္ဓါတရားလည်း ရှိတော်မူကြပါကုန်၏၊ သဒ္ဓါတရားဖြင့်လည်း ရဟန်းပြုတော်မူခဲ့ကြပါကုန်၏၊ ငြိမ်သက်သော ဣန္ဒြေလည်း ရှိတော်မူကြပါကုန်၏၊ သူတော်ကောင်း ပုဂ္ဂိုလ်များလည်း ဖြစ်တော်မူကြပါကုန်၏။

အရှင်မြတ်တို့သည် ယင်းသို့သော ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသည့်အားလျော်စွာ မိမိတို့ကိုယ်တိုင်ပင် ဆိုခဲ့ပြီးသည့်နည်းအတိုင်း မိမိတို့၏ ကိုယ်ကို ကုစားတော်မူကြပါဘုရား။

မိမိတို့ ကိုယ်တိုင်ပင် မိမိတို့၏ အပြစ်ကို သုတ်သင်တော်မူကြပါဘုရား။

အရှင်မြတ်တို့သည် မိမိတို့၏ ကိုယ်ကို မိမိတို့ ကိုယ်တိုင် အခါခပ်သိမ်း စင်ကြယ်အောင် သုတ်ပြုတော်မူကြ၍ မိမိတို့သည်သာ မိမိတို့၏ အားကိုးရာ အားထားရာကို ပြုတော်မူကြပါကုန်ဘုရား။

ဖောက်ပြန်မှားယွင်းသော သဘောအဓိပ္ပါယ်ကို ယူဆခြင်း

တစ်စုံတယောက်သောပုဂ္ဂိုလ်သည်ကား—

> "စောင့်ရည်းမှု (သံဝရ)၌ အကြောင်း မဟုတ်ပါပဲလျက် ကံအကြောင်း နိမိတ်၏အဖြစ်ဖြင့် ဆိုအပ်၏၊ မှန်း၊ မယဉ်ကျေးသောသူကို ယဉ်ကျေးစေခြင်း၊ အကျိုးငှါသော ခြိမ်းခြောက်ခြင်း အစရှိသောကံ (တဇ္ဇနီယ အစရှိသောကံ) တို့ကို ခွင့်ပြုတော်မူအပ်ကုန်၏"

ဟူသော ဝိဇတိဝိဇနာဒနိဋ္ဌိကာပါဠ်ကိုရင်း၊

> "သာရိပုတ္တရာ သွားကြကုန်၊ ထိုရဟန်းတို့တွင် အကြင်ရဟန်းတို့သည် သင်တို့၏ စကားကို မလိုက်နာကြကုန်၊ ရဟန်းတို့ကို နှင်ထုတ်ခြင်း ကံ(ပဗ္ဗာဇ

နီယကံ) ကို ပြုကြကုန်လော့၊ အကြင်ရဟန်းတို့သည်ကား သင်တို့၏ စကားကို လိုက်နာကြကုန်၏၊ ထိုရဟန်းတို့ကို ဆုံးမကြကုန်လော့၊ ကံမြစ်ကြကုန်လော့၊ ။ ၀။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့သည်လည်း ထိုရဟန်းတို့ ရှိရာအရပ်သို့ သွားကြကုန်၍ ဆိုဆုံးမကြကုန်ပြီ၊ ကံမြစ်ကြကုန်ပြီ၊ အချို့ရဟန်းတို့သည် အဆုံးအမ ဩဝါဒကို လက်ခံကြပြီး ကောင်းစွာ ကျင့်သုံးကြကုန်၏၊ အချို့ရဟန်းတို့သည် လူထွက်ကြကုန်၏။ အချို့ရဟန်းတို့သည် နှင်ထုတ်ခြင်း (ပဗ္ဗာဇနီယ)ကံသို့ ရောက်ကြကုန်၏”

ဟူ၍ ဓမ္မပဒ အဋ္ဌကထာ၌ လာသောပါဠိကိုရင်း ထောက်ဆလျက် –

ဧဗဒင်ဟောခြင်း စသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးကြသော ရဟန်းများအနက် အချို့ ရဟန်းတို့သည် နောင်အခါ စောင့်စည်းမှု (အာယတိ သံဝရ)၌ ကောင်းစွာတည်လိုကြ၍ ကောင်းစွာ လိုက်နာကျင့်သုံးမှုကိုလည်း ပြုကြကုန်၏၊ ရအပ်သော လဇ္ဇီတရားလည်း ရှိတော်မူကြကုန်၏၊ ထိုရဟန်းတို့ကို နှင်ထုတ်မှု (ပဗ္ဗာဇနီယ)ကံကိုလည်း မပြုအပ်သေးပေ၊ ထိုရဟန်းတို့သည် အဋ္ဌကထာ၌ ညွှန်ပြအပ်သည့် မိစ္ဆာဇီဝအမှုကို ကုထုံး ကုနည်းဖြင့်လည်း ကုစားတော်မူကြကုန်၏၊ စင်စစ်အားဖြင့် အထက်တွင် ဆိုခဲ့သည့်ရဟန်းတော်တို့သည်သာလျှင် ဆိုခဲ့ပြီးသည့် မိစ္ဆာဇီဝ အသက်မွေးမှု တည်းဟူသော ယုတ်မာသော အကုသိုလ်သဘောမှ လွတ်မြောက်နိုင်ကြပါသည်။

ဤသို့မှန်ကန်သော သဘောအဓိပ္ပါယ်ကို သိထိုက်ပါလျက် ထိုသဘောအဓိပ္ပါယ်ကို မသိကြပဲ –

"ဗေဒင်ဟောခြင်း အစရှိသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်သော ရဟန်းများအနက် အချို့ရဟန်းတို့သည် နောင်အခါ စောင့်စည်းမှု (အာယတိံ သံဝရ) ၌ ကောင်းစွာ တည်လိုကြ၍ ကောင်းစွာ လိုက်နာကျင့်သုံးမှုကိုလည်း ပြုတော်မူကြကုန်၏၊ ရအပ်သော လဇ္ဇီတရားလည်း ရှိတော်မူကြကုန်၏၊ ထိုရဟန်း တို့ကို နှင်ထုတ်မှု (ပဗ္ဗာဇနိယ)ကံကိုလည်း ပြုအပ်ကုန်၏၊ ထိုရဟန်းတို့သည်သာလျှင် ဆိုခဲ့သည့် မိစ္ဆာဇီဝအသက်မွေးမှုတည်းဟူသော ယုတ်မာသော အကုသိုလ်သဘောမှ လွတ်မြောက်နိုင်ကြပေမည်၊ ဤမှတပါးသော ဆိုခဲ့သည့် ကုထုံးကုနည်းဖြင့် ကုစားကြပါကုန်သော်လည်း ထိုယုတ်မာသော အကုသိုလ်သဘောမှ လွတ်မြောက်နိုင်ကြမည် မဟုတ်ပေ"ဟု မှတ်သင်ကြကုန်၏၊ သံဃာသည်လည်း မိမိ၏ ထိုနှင်ထုတ်ခြင်း ပဗ္ဗာဇနိယကံကို ပြုရန်အကျိုးငှါ ကိုယ်တိုင်တောင်းရာ၌ ဝန်လေးတော်မူကြသောကြောင့်ရင်း၊ မကောင်းမှုမှ ရှက်တော်မူကြသောကြောင့်ရင်း ဤအကြောင်းများကြောင့် သံဃာကို ပဗ္ဗာဇနိယ နှင်ထုတ်ခြင်းကံကို ပြုဘတ်သောရဟန်းကို တောင်းခြင်းလည်း ပြုတော်မမူကြပေ။

ထို့ပြင် အဋ္ဌကထာ၌ ညွှန်ပြအပ်သည့် မိစ္ဆာဇီဝ ကုထုံးကုနည်းဖြင့်လည်း ကုစားတော်မမူကြ၊ မိမိ၌ ထိုသို့သဘောရှိသော မိစ္ဆာဇီဝ အသက်မွေးမှုကြောင့် မကောင်းသော ဝိနယကုက္ကုစ္စ ('အပ်သလော မအပ်သလော' ဟု ယုံမှားမှု)လည်း

ရှိတော်မူကြကုန်၏၊ ယင်းသို့ သံသယကုက္ကုစ္စ ရှိတော်မူကြသော်လည်း အားကိုးရာ အားထားရာ ဘုရားရှင်၏ သာသနာတော်ဝယ် မိမိ၏ အားကိုးရာ အားထားရာကို ရှာဖွေတော်မမူကြပဲ ထိုကဲ့သို့ သဘောရှိသော မိစ္ဆာဒိဋ္ဌိ အသက်မွေးမှု ယုတ်မာသော အကုသိုလ် တရားတို့နှင့် ရောပြွမ်းတော်မူကြကုန်သည်ဖြစ်၍သာသျှင် အပါယ်လေးပါးသို့ ရှေ့ရှု ဖြစ်သလို နေတော်မူကြရာ၏။ ထို့ကြောင့် အရှင်ဘုရားတို့ ထိုသို့သဘောရှိသော မိစ္ဆာဒိဋ္ဌိ အသက်မွေးမှုကို ပြုလုပ်သော ရဟန်းအတွက် အဋ္ဌကထာ၌—

"အရှင်မြတ်တို့သည် အဘယ့်ကြောင့် ယူတော်မမူကြပါကုန်သနည်း"

ဟူ၍ မိန့်တော်မူအပ်သောနည်းဖြင့် ထိုသို့သဘောရှိသော မိစ္ဆာဒိဋ္ဌိကုထုံးကုနည်းကို ညွှန်ပြတော်မူတတ်သည့် တခုတည်းသော ဝိနည်း ဝိနိစ္ဆယစကား အစဉ်သည် အထက်တွင် ဆိုခဲ့ပြီးသည့် ဘေးငါးမျိုးတို့မှ လွတ်မြောက်အောင် တတ်ကောင်းလိမ့်မည် မဟုတ်ပါဘုရား။

သောက်၍ မခက်ခဲသော ဆေးဥပမာ

နောင်တော်သမားတော် ဆေးဆရာကြီးသည် မကျန်းမာသည့် လူနာညီငယ်အား သနားခြင်း ကရုဏာစိတ်ဖြင့် ဆေးသောက်ရန် ပြောကြား၏၊ ထိုဆေးသည် သောက်၍ မခက်ခဲသော ဆေးဖြစ်၏၊ မကျန်းမာသော ညီငယ်သည် သောက်ရန် မခက်ခဲသော ထိုဆေးကိုလည်း သောက်၍ခက်ခဲသော ဆေးဟု မှတ်ထင်ကာ ကောင်းစွာ မသောက်မဲ နေ၏၊ ယင်းသို့ ဆေးသောက်ခြင်း မရှိသဖြင့် ရောဂါ

မပျောက်ပဲ သေဆုံးသွားရလေ၏၊ ထိုမိုက်စွာသော လူနာ ညီငယ်အား ထိုဆေးသည် အဘယ်သို့ အကျိုးပြုချိမ့်မည်နည်း၊ နောင်တော် သမားတော် မဆေးဆရာကြီးသည်လည်း မည်သို့ ပြုလုပ်နိုင်မည်နည်း။

အဝိဇ္ဇာ ကိလေသာမာရ်၏ သတ္တဝါဘို့ကို လမ်းမှားသို့ အစဉ်တစိုက် လိုက်စေနိုင်သည့် အစွမ်းသတ္တိသည်ကား ကြောက်ဖွယ်ကြီးလှပေ၏။ မှန်၏၊ ဤမိစ္ဆာဒိဋ္ဌိဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ပုဂ္ဂိုလ်သည် ထိုအဝိဇ္ဇာ ကိလေသာမာရ်၏ အလိုအတိုင်းပင်ဖြင်းစွာတွေဝေ၍ ဗုဒ္ဓမတည့် အဋ္ဌကထာ ဆရာသည် မိန့်တော်မူအပ် နည်းပေးတော်မူအပ်သည့် ဖြောင့်မှန်လှသည့် ဤ မိစ္ဆာဒိဋ္ဌိကို သုံးကုန်နည်း ဝိနည်း ဝိနိစ္ဆယကား အစဉ်သို့ ကောင်းစွာ လိုက်နာရန် မတတ်နိုင်ခဲ့ပါဘုရား။

ထပ်မံတိုက်တွန်းခြင်း

သီဟိုဠ်ကျွန်း၌ သီတင်းသုံး နေထိုင်တော် မူကြသည့် ထေရ်တော်ရှည် အရှင်ကောင်း အရှင်မြတ်တို့ဘုရား— အရှင်မြတ်တို့သည် ငြိမ်သက်သော ဣန္ဒြေလည်း ရှိတော်မူကြပါကုန်၏၊ သူတော်ကောင်း ပုဂ္ဂိုလ်များလည်း ဖြစ်တော်မူကြပါကုန်၏၊ မကောင်းမှုမှလည်း ရှက်ကြောက်တော်မူကြပါကုန်၏။ သိက္ခာ ၃-ပါးကိုလည်း လိုလားတော်မူကြပါကုန်၏၊ အရှင်မြတ်တို့သည် ဆိုခဲ့သည့် ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသည့် အားလျော်စွာ ဤသို့ သဘောရှိသည့် မိစ္ဆာဇီဝဖြင့် အသက်မွေးဝမ်းကျောင်းပြုမှု အရာဌာန တို့၌လည်း အကုသိုလ် တရားတို့၏ အဖြစ်ကိုသာ အောက်မေ့ဆင်ခြင်

တော်မူကြကုန်၍ အကုသိုလ် တရားတို့၏ အပြစ်ကိုသာ ရှုတ်ချတော်မူကြကာ မိစ္ဆာဇီဝဖြင့် အသက်မွေး၍ မကောင်းမှု အကုသိုလ် တရားတို့ နှိပ်စက်ခံကြရသည့် ထိုပုဂ္ဂိုလ်တို့ကို အရိုတသေမျှလည်း ကဲ့ရဲ့ရှုတ်ချတော် မမူကြကုန်ပဲ ထိုပုဂ္ဂိုလ်တို့၌ မေတ္တာ ပွါးတော်မူကြပါ ဘုရား။

ထိုပုဂ္ဂိုလ်တို့၌ သနားခြင်းကရုဏာစိတ် ထားတော်မူကြပါကုန် ဘုရား။

> "ထိုပုဂ္ဂိုလ်တို့သည် ယင်းသို့ မိစ္ဆာဇီဝအမှုကို ပြုလုပ်ကြကုန် သကဲ့သို့ ထိုအတူ ငါတို့မပြုလုပ်ကြပါကုန်အံ့"

ဟူ၍ သတိပြုတော်မူကြကာ အခါခပ်သိမ်းပင် ထိုကဲ့သို့သော ရှိသော မိစ္ဆာဇီဝ အညစ်အကြေးဖြင့် မညစ်နွမ်းစေပဲ ထိုမိစ္ဆာဇီဝ အညစ်အကြေးမှ ကောင်းစွာ သန့်ရှင်း စင်ကြယ်ပါစေရန် အထူး အားထုတ်တော် မူကြပါကုန်ဘုရား။

အခိုး (ဆေးလိပ်၊ ဆေးတံ) သောက်ခြင်းနှင့် စပ်သော သိက္ခာပုဒ်ကို မကောင်းသဖြင့် ကျင့်သုံးခြင်း

အခိုး (ဆေးလိပ်၊ ဆေးတံ) သောက်ခြင်းနှင့် စပ်သော သိက္ခာပုဒ်သည် (မဟာဝါ) ခန္ဓက၌ အကျုံးဝင်၏၊ ဘုရားရှင်သည် ထိုသိက္ခာပုဒ်ကို မိမိ၏ သာကီဝင်မင်းသား တပည့်သာဝက ရဟန်းတော်တို့အား မကြည်ညိုကုန်သေးသော သူတို့ကိုကြည်ညိုပါစေခြင်းငှါရင်း၊ ကြည်ညိုပြီးဖြစ်သည့် အချို့

သူတို့အားလည်း တပါးသော အခြင်းအရာအားဖြင့် မဖြစ်စေခြင်းအကျိုးငှါ(ကြည်ညိုမှု မပျက်စေခြင်းငှါ)၎င်း၊ အားကိုးရာအားထားရာကို ပြုခြင်းငှါ၎င်း ပညတ်တော် မူခဲ့လေသည်၊ ထိုသို့ ပညတ်တော် မူခဲ့ပါသော်လည်း ထိုသိက္ခာပုဒ်သည် သဒ္ဓါတရား မရှိပဲ ရဟန်းပြုလာကြကုန်သော အချို့ပုဂ္ဂိုလ်တို့၏ အစွမ်းကြောင့်၎င်း၊ မကြည်ညိုသူတို့ကို မကြည်ညိုစေရန်၎င်း၊ ကြည်ညိုပြီး အချို့ပုဂ္ဂိုလ်တို့ကိုလည်း ကြည်ညိုမှုပျက်စေရန်၎င်း ပညတ်တော်မူအပ် သကဲ့သို့ ဖြစ်၏ (ထင်၏)၊ မှန်၏—

"ရဟန်းတို့၊ မကျန်းမာသော ဂိလာနရဟန်းအား အခိုး(ဆေးလိပ်၊ဆေးတံ) ကို သောက်ခြင်းငှါ ခွင့်ပြုတော်မူ၏"

ဟူ၍ ဘုရားရှင် ပညတ်တော်မူသည့် အားလျော်စွာ ဤသိက္ခာပုဒ်သည် ထိုသို့ သဘောရှိသော ဂိလာန ပုဂ္ဂိုလ်တို့အား အဆောက်အအုံကို ကြည့်၍ ကာလ၌၎င်း ဝိကာလ၌၎င်း အခိုး (ဆေးလိပ်၊ ဆေးတံ) ကို သောက်သည့် ရဟန်းတို့အတွက် အားကိုး အားထားရာကို ပြုရန် စွမ်းနိုင်လိမ့်မည် မဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော်-

"သာကီဝင်မင်းသား ဘုရားသားတော် ဖြစ်ကြ၍ ရဟန္တာတို့၏ တံခွန်ဖြစ်သော သင်္ကန်းကို ဝတ်ရုံတော် မူကြကုန်သည့် ဤ ရဟန်းတော်တို့သည် ကာမဂုဏ် ခံစားကြသည့် လောကီလူတို့၏ ပူဇော်ခြင်းကို ခံယူတော်မူကြကုန်၏၊ ယင်းသို့ ပူဇော်

ခြင်းကို ခံယူတော်မူကြပါကုန်လျက် ကာမဂုဏ် ခံစားကြသည့် ငါတို့ လောကီလူသားတို့ကဲ့သို့ သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကြသည့် ရဟန်းတော်တို့အား မလျော်ကပ်သည့် ရဟန်းတို့ အမှုအရာလည်း မဟုတ်သည့် အခိုး (ဆေးလိပ်၊ ဆေးတံ) သောက်ကြ ကုန်၏"

ဟူ၍ (လောကီလူဝတ်ကြောင်တို့က) ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ကြပါလိမ့်မည်။ ထို့ကြောင့် ထိုရဟန်းတို့အတွက် ဤသိက္ခာပုဒ်သည် မကြည်ညိုသူတို့ကို ကြည်ညိုပါစေရန် ကြည်ညိုပြီးအချို့ပုဂ္ဂိုလ်တို့ကိုလည်း ကြည်ညိုမှု မပျက်စေရန် အားကိုးရာအားထားရာကို ပြုစွမ်းနိုင်လိမ့်မည် မဟုတ်ပါဘုရား။

ဝမ်းနုတ်ဆေး ဥပမာ

ဘခင် သမားတော် ဆေးဆရာကြီးသည် သားငယ်အား ကရုဏာရှိစွာဖြင့် သေး၊ သည်းခြေ၊ သလိပ်၊ ဒေါသခေတ်တို့ စုဝေးပွါးများသည့် အနာရောဂါအတွက် သောက်သုံးရန် ကောင်းစွာ ပေးအပ်သည့် ဝမ်းနုတ်ဆေးကို သားငယ်သည် ထိုရောဂါအတွက် အသုံးမပြုပဲ မှားယွင်းစွာ အသုံးပြုမှုကြောင့် အကြိမ်များစွာ ဝမ်းသွား နေပေတော့သည်၊ ထို့ကြောင့် ထိုသားငယ်အား သေဘေးနှင့် သေလုနီးပါး ဘေးဒုက္ခတို့ ဖိစီး နှိပ်စက်လေတော့သည်၊ ယို့ကြောင့် ထိုမိုက်စွာသော သားငယ်အတွက် ထိုဝမ်းနုတ်ဆေးသည် အားကိုးရာကို မပြုနိုင်ပါပေ၊ ထို ဘခင် သမားတော် ဆေးဆရာကြီးသည်လည်း မည်သို့ ပြုနိုင်အံ့နည်း။

အခိုး (ဆေးလိပ်၊ ဆေးတံ) သောက်ခြင်း ရသတကျော၏ သတ္တဝါဟိုကို ပြင်းစွာ တွေ့ဝေစေနိုင်သည့် အစွမ်းသတ္တိသည် အော်....အံ့ဩဘွယ် ကောင်းလှပါ၏။ မှန်၏၊ ထို ရသတကျော သည် ဘုရားရှင်၏ သာကီဝင်မင်းသား တပည့် သာဝက ရဟန်းတို့ကိုသည်း ပြင်းစွာတွေ့ဝေစေ၍ ဂလာနပုဂ္ဂိုလ်အား သာ ခွင့်ပြုတော်မူအပ်သည့် ရဟန်း အမှုအရာ ရဟန်းအလုပ် လည်းမဟုတ်သည့် ရဟန်းတို့နှင့် မအပ်စပ်သည့် အခိုး (ဆေး လိပ်၊ ဆေးတံ) သောက်ခြင်းကို "အပ်၏" ဟု အောက်မေ့ မှတ်ထင်ကြကုန်၏၊ ထို့ကြောင့် ထိုရဟန်းတို့သည် အပြစ်ကို မမြင်ကြကုန်ပဲ အရှက် အကြောက် ကင်းမဲ့စွာ ဖြင့် ဘုရား ရှင်၏ ပညတ်တော်ကို ချိုးဖောက် ဖျက်ဆီးကြကုန်၏၊ ထို ရဟန်းတို့သည် မိမိ၏ ကျက်သရေကင်းမဲ့မှု အရှက်ကင်းမဲ့ မှုကို ပြသကြကုန်လျက် ကာမဂုဏ် ခံစားကြသည့် လောကီ လူတို့ကဲ့သို့ အခိုး (ဆေးလိပ်၊ ဆေးတံ) သောက်ခြင်းကို ပြုစွမ်းနိုင်ကြကုန်၏၊ ထို့ကြောင့် ထိုရသတကျော၏ အစွမ်း သတ္တိသည် အံ့ဩဘွယ် ကောင်းလှပါသည်ဘုရား။

တိုက်တွန်းချက်

သီဟိုဠ်ကျွန်း၌ သီတင်းသုံး နေထိုင်တော်မူကြသည့် သက်တော်ရှည် အရှင်ကောင်း အရှင်မြတ်တို့ဘုရား....အရှင် မြတ်တို့သည် ငြိမ်းအေးသည့် သူတော်ကောင်း ပုဂ္ဂိုလ်များ လည်း ဖြစ်တော်မူကြပါကုန်၏၊ မကောင်းမှုမှလည်း ရှက်တော် မူကြပါကုန်၏၊ သိက္ခာ ၃-ပါးကိုလည်း လိုလားတော်မူကြ ပါကုန်၏၊ အရှင်မြတ်တို့သည် ဆိုခဲ့သည့် ဂုဏ်တို့နှင့် ပြည့်စုံ တော်မူကြသည့် အားလျော်စွာ အခိုး (ဆေးလိပ်၊ ဆေးတံ)

သောက်ခြင်းစသည့် အရာဌာနတို့၌လည်း အကုသိုလ်တရား တို့၏ အပြစ်ကိုသာ ရှုမြင်တော်မူကြ၍ ယုတ်မာသော အကုသိုလ်တရားတို့၏ အပြစ်ကိုသာ ရှုတ်ချတော်မူကြကာ ထိုကဲ့သို့ အခိုး (ဆေးလိပ်၊ ဆေးတံ) သောက်ခြင်း မကောင်း မှုတို့ နှိပ်စက်ခံကြရ၍ ညင်နွမ်းကြရသည့် အခြားပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ရှုတ်ချတော်ခံမူကြပဲ ထိတ်လန့်ခြင်း(သံဝေဂ)ကိုသာလျှင် ရယူတော်မူကြပါဘုရား။

> "ထိုပုဂ္ဂိုလ်တို့သည် ယင်းသို့ အခိုး (ဆေးလိပ်၊ ဆေးတံ) သောက်ခြင်း စသည့် မကောင်းမှုတို့ကို ပြုလုပ်ကြကုန်သကဲ့သို့ ငါတို့ မပြုလုပ်ပဲ နေကြပါ ကုန်အံ့"

ဟူ၍ ကြိုးစား အားထုတ်တော်မူကြကာ အခါခပ်သိမ်းပင် ထိုအခိုး (ဆေးလိပ်၊ ဆေးတံ) သောက်ခြင်း စသည့် အပြစ် အနုသာသတ်အကြေးတို့ဖြင့် မညင်နွမ်းပါစေနိုင် အခါခပ်သိမ်း စင်ကြယ်ကြပါစေရန် အထူး သတ်ပြုတော်မူကြပါကုန်ဘုရား။

(သီဟိုဠ်ကျွန်းတွင် သီတင်းသုံး နေထိုင်တော်မူကြသည့် အရှင်ကောင်း အရှင်မြတ်တို့ဘုရား) မြန်မာနိုင်ငံတော်၌ ဂိလာန မဟုတ်သော ရဟန်းတို့အား မွန်းလွဲချိန် (ဝိကာလ)၌ ကွမ်းစားခြင်း၊ဆေးလိပ်သောက်ခြင်း အစရှိသော သိက္ခာပုဒ် ပညတ်တော်ကို လွန်ကျူးခြင်းအကြောင်းကို တပည့်တော်တို့ ဤသို့ ညွှန်ပြအပ်ခဲ့ပါပြီ၊ ထိုမကောင်းမှုအားလုံးကို များ သောအားဖြင့် ပုထုဇဉ် ရဟန်းတို့သည် ကျောက်သီး တန္တုံ အလေးပြုအပ်သည့် မိမိတို့၏ ဆရာသမားတို့နှင့် ဗုဒ္ဓဘာသာ ဝင် ရေခမြှရှင် ဘုရင်မင်းမြတ်က သာသနာပိုင်တင်ထားသည့်

သံဃာအားလုံးတို့၏ အချုပ်ပမာနဖြစ်တော်မူသည့် မဟာထေရ်တို့က ကောင်းစွာ တားမြစ်တော်မူနိုင်ကြပါကုန်၏၊ ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းငှါလည်း စွမ်းနိုင်တော်မူကြပါကုန်၏၊ (အရှင်မြတ်တို့၏) သီဟိုဠ်ကျွန်း၌ကား မြန်မာနိုင်ငံတော်၌ကဲ့သို့ ဗုဒ္ဓဘာသာဝင် ရေမြေ့ရှင် ဘုရင်မင်းမြတ်က သာသနာပိုင်တင်ထားသည့် သံဃာအားလုံးတို့၏ အချုပ်ပမာနဖြစ်တော်မူသည့် မဟာထေရ်နှင့်လည်း ကင်းလျက်ရှိကြပါသည်၊ ထို့ကြောင့် အချို့ရဟန်းတို့သည် အထက်တွင် လျှောက်ဆိုခဲ့သည့် သိက္ခာပုဒ်ပညတ်တော်ကို လွန်ကျူးမှုများကို ပြုလုပ်လျက် ရှိကြပါသည်၊ ယင်းသို့ လွန်ကျူးကြသောကြောင့် မိမိတို့၏ အားကိုးရာ-အားထားရာ သိက္ခာပုဒ်ကိုလည်း ချိုးဖောက်ဖျက်ဆီးနေကြပါသည်၊ ယင်းသို့ ဖျက်ဆီးလျက် ရှိကြသဖြင့် ပျက်စီးနေတော်မူကြကာ ပရမ်းပတာလည်း ဖြစ်လျက် ရှိကြပါသည်ဘုရား။

ဤသို့ သီဟိုဠ်ရဟန်းတော်များ ပရမ်းပတာ ပျက်စီးနေတော်မူကြခြင်းသည် အရှင်မြတ်တို့ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာဝင် ရေမြေ့ရှင် ဘုရင်က သာသနာပိုင် တင်ထားသည့် သံဃာအားလုံးတို့၏ အချုပ်ပမာနဖြစ်တော်မူသည့် မဟာထေရ်အရှင်မြတ် မရှိခြင်းသည် သီဟိုဠ်သာသနာ အားနည်းရခြင်းအကြောင်း ဖြစ်ပါသည်ဘုရား။

အချင်းချင်း မညီညွတ်ခြင်း၏ အပြစ်

အရှင်ကောင်း အရှင်မြတ်တို့ဘုရား....ယခု တပည့်တော်လျှောက်ထားမည့်အကြောင်းမှာ အရှင်ဘုရားတို့ သီဟိုဠ်

သာသနာအတွင်း အချင်းချင်း မညီညွတ်၍ အားနည်းရခြင်း အကြောင်းဖြစ်ပါသည်ဘုရား။

တပည့်တော် ကြားသိသမျှကို အကျယ်ချဲ့၍ လျှောက်ထားရပါမူ အရှင်ဘုရားတို့ သီဟိုဠ်ကျွန်း၌ ရှေးဦးစွာ ဂိုဏ်း ၂-ဂိုဏ်း ကွဲပြားပါသည်၊ ယင်း ၂-ဂိုဏ်းမှာ–

၁။ မြန်မာရဟန်းတော်များ အဆက်အနွယ်(မြမ္မဝံသိက) ဂိုဏ်း၊

၂။ ဥပါလိအဆက်အနွယ်(ဥပါလိဝံသိက)ဂိုဏ်း—

ဟူ၍ ဖြစ်ပါသည်။ ယင်း ၂-ဂိုဏ်းတို့ ကွဲပြားခြင်းအကြောင်းရင်းမှာ–အာဂုံပါဠိအဆက်အနွယ်(အာဂမဝံသ)နှင့် စပ်လျဉ်း၍ ၂-ဂိုဏ်း ကွဲခြင်း ဖြစ်ပါသည်ဘုရား။

မြန်မာဂိုဏ်း ကွဲပြားပုံ

မြန်မာရဟန်းတော်များအဆက်အနွယ်(မြမ္မဝံသိက)ဂိုဏ်းတွင်လည်း ဂိုဏ်း ၂-မျိုးပင် ကွဲပြန်ပါသည်၊ ယင်းတို့မှာ–

(က) သက်ရာဝါဒီ ('ဂါမသိမ်နှင့် ရောယှက်ခြင်းကြောင့် ကံ မမြောက်'ဟု ယူဆသော)ဂိုဏ်း၊

(ခ) အသက်ရဝါဒီ ('ဂါမသိမ်နှင့် မရောယှက်သောကြောင့် ကံ မပျက်'ဟု ယူဆသော)ဂိုဏ်း—

ဟူ၍ ဖြစ်ပါသည်။ ယင်း ၂ဂိုဏ်းတို့ ကွဲခြင်း အကြောင်းမှာ–မြစ်တခုတွင် တည်ဆောက်ထားသော ရေတကျ(ဥဒ-

ကုကွေပ)ဥပုသ်အိမ် သိမ်တန်ဆောင်း၌ ကံပြုမှုနှင့်စပ်လျဉ်း၍ ၂-ဂိုဏ်း ကွဲသွားခြင်း ဖြစ်ပါသည်။

ရှင်းပါဦးမည်၊ သက်ရဝါင်ဂိုဏ်းဝင် အရှင်မြတ်တို့က—

"ဤသိမ်တန်ဆောင်းသည် ရွာမှစတင်ကာ မြစ်အတွင်းသို့ ဝင်ရောက်သည်အထိ တည်ဆောက်ထားသော တံတား၏ အနီး ရေတကျ (ဥဒကုက္ခေပ) အတွင်း တည်ရှိနေ၏၊ ထို့ကြောင့် ထို သိမ်တန်ဆောင်းသည် ဂါမသိမ်နှင့် ရောယှက်သောအပြစ်ရှိနေ၏၊ ထိုသိမ်တန်ဆောင်း၌ ကံပြုခြင်းအားဖြင့် ကံမမြောက်နိုင်"ဟု ယူဆ ငြင်းဆိုကြသည်။

သက်ရဝါဒီ အရှင်မြတ်တို့ကလည်း–

"ဂါမသိမ်နှင့် ရောယှက်ခြင်း မရှိသဖြင့် ယင်း သိမ်တန်ဆောင်း၌ ကံပြုခြင်းအားဖြင့် ကံမပျက် ကံမြောက်နိုင်သည်"ဟု ယူဆငြင်းဆိုကြသည်၊ ဤသို့ ငြင်းပွါးကြသော ဂိုဏ်း ၂-ဂိုဏ်း ကွဲသွားခြင်း ဖြစ်သည်။

တဖန် သက်ရဝါဒီ ဂိုဏ်းတွင်လည်း ဂိုဏ်း ၂-မျိုးပင် ကွဲကြပြန်ပါသည်၊ ယင်းတို့မှာ–

(က) ဒင္ဍိကမ္မဝါဒီ ('ခိုင်မြဲအောင် ထပ်မံကံပြုသင့်၏' ဟု ယူဆသော) ဂိုဏ်း၊

(ခ) အဒင္ဍိကမ္မဝါဒီ ('ခိုင်မြဲအောင် ထပ်၍ ကံပြုရန် မလို' ဟု ယူဆသော) ဂိုဏ်း–

ဟူ၍ ဖြစ်ပါသည်။

ယင်း ၂-ဂိုဏ်းတို့ကွဲပြားခြင်း အကြောင်းရင်းမှာ–မိမိတို့ ရှင်ရဟန်း ပြုလုပ်ခဲ့စဉ်က 'သံသယကုက္ကုစ္စမကင်း'ဟု ယူဆကြသော ရဟန်းတို့အား တဖန်သိက္ခာထပ် ရဟန်းခံမှုကို အကြောင်းပြု၍ ယင်းကဲ့သို့ ဂိုဏ်း ၂-မျိုးကွဲခြင်း ဖြစ်ပါသည်။

ဒွင်္ဂကမှဝါဒီဂိုဏ်း၌လည်း အချင်းချင်း မညီညွတ်ကြပဲ သဘောသား ကွဲလွဲကြပြီး အုပ်စုအမျိုးမျိုး ကွဲပြားနေကြပါသည်။ ယင်းသို့ အုပ်စု အမျိုးမျိုး ကွဲနေကြခြင်းမှာ အချို့သော အရှင်မြတ်တို့က တစုံတခုသော ကိုယ်ကျင့်ဝိနည်း ကျင့်သုံးမှု=ကျင့်ဝတ်ပဋိပတ်ကို အကြောင်းပြု၍ ယင်းသို့ ကွဲပြားကြခြင်း ဖြစ်ပါသည် ဘုရား။

ဤသို့လျှင်–ထိုအရှင်မြတ်တို့သည် အမျိုးမျိုးသောဂိုဏ်း အမျိုးမျိုးသော အုပ်စုများဖြင့် မညီမညွတ် ကွဲပြားလျက် ရှိကြပါကုန်၏၊ ထိုအရှင်မြတ်တို့သည် သတိတရားလည်း ရှိတော်မူကြ၏၊ ပညာရှိပုဂ္ဂိုလ်များလည်း ဖြစ်တော်မူကြ၏၊ ငြိမ်သက်တည်ကြည်သော သူတော်ကောင်း ပုဂ္ဂိုလ်များလည်း ဖြစ်တော်မူကြ၏၊ ယင်းသို့ဖြစ်ကြကုန်သော်လည်း အချင်းချင်း တဦးနှင့်တဦး မေတ္တာသက်ဝင် ချစ်ခင်ခြင်း မရှိကြကုန်။ အချင်းချင်း တဦးကိုတဦး ခင်မင်သော မျက်လုံးများဖြင့် ကြည့်ကာ နို့ရည်နှင့်ရေ ရောနှောဘိသကဲ့သို့ မြဲမြံသော အဆွေခင်ပွန်းများ အဖြစ် နေထိုင်ကြခြင်းလည်း မရှိကြကုန်၊ စင်စစ်ဆိုရပါမူ ယင်းကဲ့သို့ မြဲမြံသော အဆွေခင်ပွန်းများ အဖြစ် နေထိုင်ခြင်း မရှိရုံသာမက ထိုအရှင်မြတ်တို့သည် သတိတရားနှင့် ပြည့်စုံသော ပညာရှိပုဂ္ဂိုလ်များ ဖြစ်ကြပါသော်လည်း တရံတခါ အချို့သော အရာဌာနများ၌ သတိ

နေ့လျော့ကြကုန်၏၊ ထို့ကြောင့် ထိုအရှင်မြတ် တို့သည် ပုထုဇဉ်တို့၏ သဘာဝကို မလွန်ဆန်နိုင်ကြပဲ မိမိ မိမိတို့၏ ပုထုဇဉ် အစွမ်း သတ္တိ အညစ်အကြေး များကို အလွန်ကြာ မြင့်စွာ ဖုံးအုပ်ထားခြင်းငှါလည်း တတ်နိုင်ကြသည် မဟုတ်ပါ ဘုရား။

ဖူးဖူးရောင်သော သူ့သေအလောင်းကောင် ဥပမာ

ဥပမာအားဖြင့် လျော့ကျသွားရပါမူ ဖူးဖူးရောင်သော သူ့သေအလောင်းကောင်ကို ကျင်းထည်းသို့ထည့်၍ ဆီ ပျား တင်လဲတို့ဖြင့် မွှမ်းထုံ လောင်းထည့် ထားပါသော်လည်း ကြာမြင့်သောအခါ မိမိ၏ ပုပ်စော်နံသော အစွမ်းသတ္တိကို ဖုံးလွှမ်းခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ထိုအတူ မိမိပုထုဇဉ်တို့၏ အစွမ်းသတ္တိ အညစ်အကြေးကို အလွန်ကြာမြင့်စွာ ဖုံးအုပ်ထားခြင်းငှါ မတတ်နိုင်ကြပေ။

ကဲ့ရဲ့ရှုတ်ချခြင်းနှင့်စပ်သော သိက္ခာပုဒ်ကို ကျော်ခိုင်းခြင်း

အကြင်ပုဂ္ဂိုလ်တို့သည်ကား:- လုံ့လသော သတိလည်းရှိကြကုန်၏၊ ဉာဏ်ပညာလည်း နည်းပါးကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် တစုံတခုသော ဆီ ပျား တင်လဲ စသည်ဖြင့် မွှမ်းထုံ လိမ်းကျံခြင်း မရှိသော သူ့သေအလောင်းကဲ့သို့ အမြဲမပြတ် မိမိ မိမိတို့၏ ပုထုဇဉ် အစွမ်းသတ္တိ တည်းဟူသော ကိလေသာ အပုပ်နံ့ကို ပြသ၍ "သူတပါး၏ အပြစ်ကို အစဉ်ရှု လျက် အမြဲမပြတ် ကဲ့ရဲ့တတ်သူအား အာသဝေါ

တရားတို့သည် တိုးပွါးကုန်၏၊ ထိုသူသည် အာသဝေါ ကင်းခြင်းမှ ဝေးကွာ၏”

ဟု ဟောကြားတော်မူအပ်သော (ဓမ္မပဒ ပါဠိတော်လာ) ဘုရားရှင်၏ ဩဝါဒကို အဖန်ဖန်အောက်မေ့ခြင်းငှါ မသိစွမ်း နိုင်ကြကုန်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့သည် အခြားသော ဂိုဏ်းဝင် ရှင်ရဟန်းတို့၏ ကျေးဇူးမဲ့ အခြံအရံ အကျော် အစောမဲ့ကို ပြုလိုကြကုန်၏။ ထိုသို့သဘောရှိသော အခြား သော ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့ကို မထီမဲ့မြင်လည်းပြုကြကုန်၏။ မထီမဲ့မြင် ကြည့်ခြင်းဖြင့်လည်းကြည့်ရှုကြကုန်၏၊ ယုတ်သော အားဖြင့်လည်း ကြံစည်ကြကုန်၏၊ မျက်မှောက် မျက်ကွယ်၌ လည်း ကဲ့ရဲ့ရှုတ်ချကြကုန်၏၊ ထိုထိုရပ်ရွာ ဒေသစသော အလုံးစုံသော အရပ်ဒေသများ၌—

“ဤမျှသော အတိုင်းအရှည်ဖြင့်လည်း ဤမည် သော အခြားဂိုဏ်းဝင် ပုဂ္ဂိုလ်တို့သည် အားနည်း သွားကြပေလိမ့်မည်”

ဟု နှလုံးပြုကာ ထိုပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးမဲ့ကို ထင်ရှား ပြသကြကုန်၏။

ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို မိမိ ဖျက်ဆီးကြကုန်၏၊ လွတ်သော သတိလည်း ရှိကြကုန်၏၊ ဉာဏ်ပညာလည်း နည်းကြကုန်၏၊ ငြိမ်သက်သော သူတော် ကောင်းတို့ကိုသော်လည်း စိတ်ဖြင့်ပြစ်မှားကြကုန်၏၊ ယုတ် သော အကုသိုလ်အမှုတို့ကိုလည်း အဖန်တလဲလဲ ရှာဖွေကြ ကုန်၏၊ ထို့ကြောင့် ထိုသို့သဘောရှိသော ပုဂ္ဂိုလ်တို့အား—

"မသမုတ်အပ်သူ၏ ကျေးငှားမှုကို တစုံတယောက် သောသူ၏ထံ၌ ပြောဆိုသော ရဟန်းအားရှင်း၊ သမုတ်အပ်သည် ဖြစ်စေ၊ မသမုတ်အပ်သည်ဖြစ်စေ လူသာမဏေ၏ ဂုဏ်ကျေးငှားမှုကို တစုံတယောက် သောသူ၏ထံ၌ ပြောဆိုသောရဟန်းအားရှင်း ဒုက္ကဋ် အာပတ်သာလျှင် ဖြစ်၏"

ဟူ၍ (ကခါအဋ္ဌကထာ၌)လာသော ပါဠိအားလျော်စွာ ထိုသို့ သဘောရှိသော ဒုက္ကဋ်အာပတ်ဘို့သည် အဖန်ဖန်နှိပ်စက်ကုန်၏၊ ထိုပုဂ္ဂိုလ်ဘို့သည် တရံတဆစ်မျှလည်း—

"ဤသို့ သဘောရှိသော အရက်မရှိသော အလဇ္ဇီတို့၏ အမှုကိုရှင်း၊ မိမိ၏အကျိုးမဲ့ ပြုလုပ်ခြင်းအမှုကိုရှင်း ဤအချိန် ဤအခါမှစ၍ ရှောင်ကြဉ်ပါတော့အံ့"

ဟူ၍ သတိတရား ထားနိုင်ခြင်းလည်း မပြုကြကုန်၊ ထိုကဲ့သို့ သဘောရှိသော အာပတ်တို့ကို အဖန်ဖန် လွန်ကျူးကြကုန်သော ပုဂ္ဂိုလ်တို့ အတွက်—

"ကဲ့ရဲ့ခြင်းကြောင့် ရှုတ်ချခြင်းကြောင့် ပါစိတ် အာပတ်သင့်၏"

ဟူ၍ ဟောတော်မူအပ်သော (ပါစိတ်ပါဠိတော်) ဝိနည်း ဓမ္မက္ခန္ဓာကို ဘုရားရှင်သည် သနားခြင်း ကရုဏာ ရှိစွာသော စိတ်ဖြင့် မိမိ၏ တပည့်သာဝက ရဟန်းတော်တို့၏ အားကိုးရာ အားထားရာကို ပြုခြင်းငှါ ပညတ်တော်မူခဲ့လေသည်၊ ယင်းသို့ ပညတ်တော်မူခဲ့သော်လည်း အထက်၌ ဆိုခဲ့သည့် ငါးပါး အပြားရှိသော ဘေးမှလွတ်မြောက်လျက် မျက်

မှောက်၌ရှင်း၊ တမလွန်၌ရှင်း ချမ်းသာစွာဖြင့် အားကိုးရာ အားထားရာကို ပြုခြင်းငှါ မစွမ်းနိုင်ပါဘုရား။

ဆိုနိုင်ခက်သော သားယယ် ဥပမာ

ဘခင်ပညာရှိပုဂ္ဂိုလ်မြတ်သည် သားဖြစ်သူအပေါ် သနားခြင်းကရုဏာရှိစွာသောစိတ်ဖြင့် သူတပါးတို့ကို မကဲ့ရဲ့မရှုတ်ချရန်တားမြစ်ဆုံးမထားပါ၏ ယင်းသို့ တားမြစ်ဆိုဆုံးမထားပါသော်လည်း သားယယ်သည် ဘခင်၏စကားကို လိုက်နာခြင်းမပြုပဲ သူတပါးတို့ကို ကဲ့ရဲ့ရှုတ်ချဖြစ်ဘင်၏၊ ယင်းသို့ ကဲ့ရဲ့ရှုတ်ချခံရသူတို့ ညှဉ်းပန်းနှိပ်စက် ဖျက်ဆီးခံရသဖြင့် ငိုကြွေး မြည်တမ်းနေသည့် ထိုမိုက်စွာသော သားယယ်အတွက် ဘခင်၏စကားသည် အဘယ်အကျိုး ရှိချိမ့်မည်နည်း၊ ထိုဘခင်သည်လည်း အဘယ်သို့ ပြုနိုင်အံ့နည်း။

"မျက်ကွယ်၌ အပြစ်ပြောခြင်းကို မပြောဆိုရာ၊ မျက်မှောက်၌ ကိလေသာ နှင့် ရောပြွမ်း ညစ်နွမ်းသော ရှုတ်ချစကားကို မဆိုရာ၊ ဖြေးဖြေးသက်သာ ပြောဆိုရာ၏၊ ဆောလျင်စွာ မဆိုရာ"

ဟူ၍ (ဥပရိပဏ္ဏာသ ပါဠိတော်၌)လာသော သုဘူတိမထေရ်အား ဆုံးမတော်မူအပ်သည့် ကိလေသာမြူမှ ကင်းသော အကျင့်ကို အကြင်ရဟန်းတို့သည် အဖန်တလဲလဲ မအောက်မေ့ကြ သတိမပြုကြကုန်၊ ထိုရဟန်းတို့အား အဝိဇ္ဇာခေါင်းဆောင်သည့် ပြုစုခြင်း=ဗျာယာ၊ ဝန်တိုခြင်း=မစ္ဆေရကိလေသာမာရ်၏ အားကိုးရာ အားထားရာမရအောင် ပြုစွမ်းနိုင်သော အစွမ်းသတ္တိသည် အံ့ဩဘွယ် ကောင်းလှပါသည်။

မှန်ပါသည်၊ အထက်တွင်ဆိုခဲ့သည့် အဝိဇ္ဇာ ခေါင်းဆောင်သည့် ငြူစူခြင်း=ဣဿာ၊ ဝန်တိုခြင်း=မစ္ဆရိယစသော ကိလေသာမာရ်တို့သည် အစွမ်းသတ္တိ ရှိကြပါကုန်၏၊ ယင်းကိလေသာမာရ်တို့၏ အစွမ်းသတ္တိဖြင့် ထိုပုဂ္ဂိုလ်တို့သည် ဤသို့သဘောရှိကုန်သော မိမိ၏ အားကိုးရာ အားထားရာခဲ့ကို ပြုတတ်ကုန် သည့် ယုတ်မာသော အကုသိုလ်တရားတို့ကို ရှာဖွေပြုလုပ်ကြကုန်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့သည် သံသရာဝယ် အဆုံးမရှိ ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကို ခံစားကြရမည် ဖြစ်ပါသည်ဘုရား။

တုံ့ပြန်ကဲ့ရဲ့ခြင်း

အကြင်ပုဂ္ဂိုလ်တို့သည် အခြားပုဂ္ဂိုလ်တို့ ကဲ့ရဲ့ရှုတ်ချမှုကို ခံရကုန်၏၊ ထိုခံရသည့် ပုဂ္ဂိုလ်တို့သည်လည်း ကဲ့ရဲ့ရှုတ်ချသော စကားကို ကြားသိရကုန်သော် အမျက်ထွက်ကြ၏၊ ရန်ငြိုးဖွဲ့ကြ၏၊ ကျေးဇူးကို ချေဖျက်ကြ၏၊ အန်ဘုမှုကြ၏၊ အတိုင်းထက်အလွန် မာန်မူကြ၏၊ ထိုပဋ္ဌမ ကဲ့ရဲ့ရှုတ်ချသည့် ပုဂ္ဂိုလ်တို့အတူ သာလျှင် တဖန်ပြန်၍ ကဲ့ရဲ့ရှုတ်ချသော ပုဂ္ဂိုလ်တို့သည် ထိုသို့သဘောရှိသော အာပတ်တို့ နှိပ်စက်ဖျက်ဆီး ခံရကုန်၍ ဒုဿီလပုဂ္ဂိုလ်တို့ပင်ဖြစ်ကာ ပျက်စီးခြင်းမလှ ပျက်စီးကြရကုန်၏။

ခွေးရူးဥပမာ

ဥပမာဆိုရပါမူ ခွေးရူးအကိုက်ခံရသည့် ခွေးကောင်းတို့သည် ထိုခွေးရူးအတိုင်းပင် ရူးခြင်းသို့ရောက်ကြပြီး သေဆုံးကြရကုန်သကဲ့သို့ ထို့အတူ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရသော ပုဂ္ဂိုလ်

တို့သည် ထိုကဲ့ရဲ့ရှုတ်ချကြသောပုဂ္ဂိုလ်တို့အတိုင်းပင် ဒုဿီလ ပုဂ္ဂိုလ်တို့ဖြစ်ကာ ပျက်စီးကြရကုန်၏။

"အကြင်သူသည်(မိမိအပေါ်၌)အမျက်ထွက်သူကို တုံ့ပြန်၍ အမျက်ထွက်၏၊ ထိုတုံ့ပြန်၍ အမျက်ထွက်သော ပုဂ္ဂိုလ်သည် ထိုအမျက်ထွက်မှုကြောင့် သာလွန်၍ယုတ်မာသော ပုဂ္ဂိုလ်မည်၏၊ အကြင်ပုဂ္ဂိုလ်သည် အမျက်ထွက်သူကို တုံ့ပြန်၍ အမျက်မထွက်၊ ထိုတုံ့ပြန်၍ အမျက်မထွက်သော ပုဂ္ဂိုလ်သည် စစ်မြေပြင်၌ အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်သူ မည်၏" ဟူ၍ (ထေရဂါထာ ပါဠိတော်၌) လာသော မြတ်စွာဘုရားစကားတော်ကို သိမှတ်သောအခါ အကြင်သတ္တဝါတို့သည် အဖန်တလဲလဲ ခံစားခြင်း မပြုကြကုန်၊ ထိုသတ္တဝါတို့အား အဝိဇ္ဇာခေါင်းဆောင်သည့် အမျက်ထွက်ခြင်း=ကောဓ ရန်ငြိုးဖွဲ့ခြင်း (ဥပနာဟ) ကိလေသာ မာရ်၏ ပျက်စီးအောင် ပြုစွမ်းနိုင်သော အစွမ်းသတ္တိသည် အံ့ဩဘွယ်ကောင်းလှပါသည်၊

မှန်ပါသည်၊ ဘုရားရှင်၏ သာကီဝင်မင်းသားလေးပည့်သာဝကများသည် အကြားအမြင် ဗဟုသုတလည်း ကြွယ်ဝကြပါကုန်၏၊ ပညာရှိပုဂ္ဂိုလ်များလည်း ဖြစ်ကြပါကုန်၏၊ ထိုသို့ဖြစ်ကြပါကုန်သော်လည်း ဆိုခဲ့သည့် အဝိဇ္ဇာခေါင်းဆောင်သည့် ကိလေသာမာရ်သည် ယင်းသို့သဘောရှိသော သာဝကတို့ကို ကလေးသူငယ်တို့ကဲ့သို့ သူတပါးတို့ ကဲ့ရဲ့ရှုတ်ချမှုကို သည်းမခံနိုင်အောင် ပြုစွမ်းနိုင်ပေ၏၊ ပညာနည်းသော သူများအဖြစ်သို့ ရောက်အောင်လည်း ပြုလုပ်နိုင်ပါပေ၏၊ ထို့ကြောင့် ထိုကိလေသာမာရ်၏ သတ္တဝါတို့ကို ပျက်စီးအောင်

ပြုလုပ်နိုင်သည့် အစွမ်းသတ္တိသည် အံ့ဩဘွယ်ကောင်းလှပါသည်ဘုရား။

နှုတ်လှုံ့ထိုးမှုနှင့် စပ်သောသိက္ခာပုဒ် စည်းကမ်း ဥပဒေတော်ကို ကျော်ခိုင်းကြခြင်း

(ဝိဝါဒ ကွဲပြားလျက်ရှိကြသော) နှစ်ဘက်သောဂိုဏ်းမှ အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် ယခင်အသက်တွင် လျော်ထားခဲ့သည့်နည်းဖြင့် အချင်းချင်း ကဲ့ရဲ့ရှုတ်ချနေကြပါကုန်၏၊ အခါခပ်သိမ်း အမျက်ထွက်ပြီး ရန်ငြိုးဖွဲ့လျက်ရှိကြပါကုန်၏၊ နှုတ်လှုံ့ထိုးခြင်း အမှုကိုလည်း ပြုလုပ်ကြကုန်၏၊ အဘယ်သို့လုပ်ကြကုန်သနည်း ဟူမူ—

> "ဤပုဂ္ဂိုလ်တို့သည် ယုတ်မာကုန်၏၊ ဒုလိုကြီးကုန်၏၊ ငြူစူတတ်ကုန်၏၊ ဝန်တိုတတ်ကုန်၏၊ မာန်ထောင်တတ်ကုန်၏၊ အလွန်မာန်ထောင်တတ်ကုန်၏၊ စဉ်းလဲတတ်ကုန်၏၊ လှည့်ပတ်တတ်ကုန်၏၊ လွန်စွာစဉ်းလဲတတ်ကုန်၏၊ ယုတ်မာသော အကုသိုလ်မှုမှ ရှက်ခြင်းလည်း မရှိကြ၊ မိုက်မဲတွေဝေကြကုန်၏"

ဟူ၍ နှုတ်လှုံ့ထိုးခြင်းကို ပြုလုပ်ကြကုန်၏။

ထိုပုဂ္ဂိုလ်တို့ နှုတ်လှုံ့ထိုးခြင်းအမှုကို ပြုလုပ်ခြင်းသည် ယင်းတို့ ပြုလုပ်ကြသည့်အတိုင်း မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ မည်သို့ပင်ဖြစ်စေကာ နှုတ်လှုံ့ထိုးကြသည့် ၂-ဘက်သောဂိုဏ်းမှ ပုဂ္ဂိုလ်တို့အား—

"အမျိုးဇာတ် နာမည် အနွယ် အလုပ်အကိုင် အတတ်ပညာ အနာရောဂါ ကိလေသာ အာပတ် ဆဲရေးခြင်း တို့ဘွင် ဟုတ်မှန်သည်သည်း ဖြစ်စေ၊ မဟုတ် မမှန် သည်သည်းဖြစ်စေ၊ တစုံတခုသော ပါရာဇိက အာပတ်သို့ ရောက်သည်လည်းဖြစ်စေ၊ မရောက်သည် မူသည်းဖြစ်စေ တစုံတယောက်သော ရဟန်းကို အမှတ်မရှိသော စကားဖြင့်၎င်း၊ လက်ဆုပ် ပြသဖြင့်၎င်း သူ့ဘပါးကို မညွှန်းသဖြင့် ဆဲရေးသောစကားကို ဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်ရောက်၏"

ဟူ၍(ကခါအဋ္ဌကထာ၌)လာသော ပါဠိအားလျော်စွာ ထိုသို့ သဘောရှိသော နှုတ်လုံထိုးမှုကြောင့် ပါစိတ် အာပတ်သင့် ရောက်ကြကုန်၏၊ ထို့ကြောင့်—

"နှုတ်လုံထိုးခြင်းကြောင့် ပါစိတ် အာပတ်သင့်၏"

ဟူသော ဝိနည်းတော်ဓမ္မက္ခန္ဓာကို မုနိငါးဦးတို့၏ အကြီးအမှူး ဖြစ်တော်မူသည့် မဟာမုနိမည်တွင် ဘုရားရှင်သည် ရဟန်းတို့၏ အားကိုးရာ အားထားရာကို ပြုခြင်းငှါ ပညတ်တော် မူခဲ့လေသည်၊ ယင်းသို့ ပညတ်တော် မူအပ်ပါသော်လည်း အထက်တွင် ဆိုခဲ့သည့် ငါးပါးအပြားရှိသော ဘေးမှ လွတ်မြောက်၍ မျက်မှောက်၌၎င်း၊ တမလွန်၌၎င်း ချမ်းသာစွာ နေခြင်းအကျိုးငှါ အားကိုးရာ အားထားရာကို ပြုခြင်းငှါ မစွမ်းနိုင်ပါချေ။

ဘခင်၏စကားကို မလိုက်နာသော သားဆိုးဥပမာ

ဘခင်သည် သားငယ်တို့အား သနားကရုဏာ ရှိစွာသော စိတ်ဖြင့် အဖန်ဖန်လဲလဲ တားမြစ်ခဲ့၏၊ ဆိုဆုံးမခဲ့၏၊ ယင်းသို့ ဆုံးမတားမြစ်ပါသော်လည်း ယင်းသားငယ်တို့သည် ဖခင်၏ စကားကို ကျော်ခိုင်းပြီး အချင်းချင်း စစ်ခင်းကြ၏၊ ထို့ကြောင့် ထိုသားငယ်တို့သည် အသူတရာနက်သည့် ချောက်ထဲသို့ ကျ၍ သေဆုံးကြရကုန်၏၊ ထိုကဲ့သို့ သဘောရှိသော သားဆိုး သားမိုက်တို့အား ဘခင်၏ ဆုံးမမှုသည် အဘယ် အကျိုး ရှိချိမ့်မည်နည်း၊ ထိုဘခင်သည်လည်း အဘယ်သို့ ပြုနိုင်အံ့နည်း။

> "အမျက်ထွက်သော သူကို အမျက်မထွက်သဖြင့် (မေတ္တာတရားဖြင့်) အောင်ရာ၏၊ မကောင်းသော သဘောရှိသော သူကို ကောင်းသော သဘောဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောသော သူကို အဟုတ် အမှန် ပြောဆိုခြင်းဖြင့် အောင်ရာ၏"

ဟူ၍ (ဓမ္မပဒပါဠိတော်၌) လာသော ဘုရားရှင် ပေးတော်မူသည့် ရန်သူအောင်ကြောင်း လက်နက်ကို အကြင်ပုဂ္ဂိုလ်တို့သည် ကိုင်စွဲခြင်း မပြုကြကုန်၊ ထိုပုဂ္ဂိုလ်တို့ကို ဒေါသ တရားဦးဆောင်သည့် မရှက်ခြင်း=အဟိရိက၊ မလန့်ခြင်း= အနောတ္တပ္ပ ကိလေသာ မာရ်၏ အကျိုးမဲ့ ပျက်စီးအောင် ပြုစွမ်းနိုင်သော အစွမ်းသတ္တိသည် အံ့ဩဘွယ် ကောင်းလှပါသည်။

မှန်ပါသည်၊ အထက်တွင်ဆိုခဲ့သည့် ဒေါ်သတရားဦးဆောင်သည့် ကိလေသာမာရ်သည် ဘုရားရှင်၏ သာကီဝင်တပည့်သာဝက တို့ကို သော်လည်း ကလေးသူငယ်တို့ ကဲ့သို့ရင်း၊ မိန်းကလေးငယ်တို့ကဲ့သို့ရင်း အချင်းချင်းခိုက်ရန် ငြင်းခုံခြင်းကို ဖြစ်စေနိုင်ဘိ၏၊ ဒုဿီလအဖြစ်သို့လည်း ရောက်စေနိုင်ဘိ၏၊ ဂုဏ်ကျေးဇူးမဲ့ အကျော်အစောမဲ့ အခြံအရံမဲ့ကို လည်း ဖြစ်စေနိုင်ဘိ၏၊ တပါးသော ငြိမ်သက် တည်ကြည်ခြင်း ရှိကြကုန်သည့်သိတင်းသုံးဘော် လူပုဂ္ဂိုလ်တို့၏ အလယ်၌ တန်ခိုးအရှိန်အစော် မရှိအောင် အရှက်ရအောင် ပြုလုပ်နိုင်ပါဘိ၏ တကား။

ချောင်း၌ နားထောင်မှုနှင့် စပ်သော သိက္ခာပုဒ် စည်းကမ်း ဥပဒေတော်ကို ကျော်ခိုင်းကြခြင်း

(အရှင်မြတ်တို့ဘုရား) အထက်တွင် ဆိုခဲ့သည့် ပုဂ္ဂိုလ်စုတို့သည် အချင်းချင်း တယောက်ကိုတယောက် အငြင်းပွား၍သာ နေကြကုန်၏၊ စိတ်၏ ကြောင့်တံသင်း ဖြစ်၍လည်း နေကြကုန်၏၊ အမုန်းထွက်သော စိတ်လည်း ရှိကြကုန်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့သည် အမှတ်မရှိသော တချိန်တွင်—

> "ဤသူတို့သည် ဤမည်သောအခါ၌ အဘယ်သို့သော အခြင်းအရာ အားဖြင့် ငါ့အကြောင်းကို ပြောဆို တိုင်ပင် နေကြကုန်သနည်း"

ဟု အပြစ် ရှာလိုကြကုန်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ် တို့သည် ထိုသူတို့ထံသို့ သွားရောက်ကြပြီး ထိုသူတို့ ပြောဆို တိုင်ပင်

ခသော စကားသံကို ကြားလောက်ရာ အနီး အရပ်၌ တည်နေကြကုန်၏၊

တနည်းကား—မိမိထံသို့ လာရောက်ကြသော သူတို့သည် မိမိကို မမြင်သောကြောင့်—

> "ဤနေရာကား–ထိုသူတို့ မမြင်နိုင်သော ဆိတ်ကွယ်သည့် နေရာပင်တည်း"

ဟု မှတ်ထင်ကြပြီး ထိုသူတို့စကားသံကို နားထောင်လိုကြကုန်၏၊ ထို့ကြောင့် ထို ပုဂ္ဂိုလ်တို့သည် အသံလည်း မပြု၊ ချောင်းလည်း မဟန့်ကြပဲ ဆိတ်ဆိတ်တည်နေကြကုန်၏။

တနည်းကား—ထိုပုဂ္ဂိုလ်တို့သည် ၎င်းတို့၏ ရှေ့မှသွားကြသော သူတို့၏ ပြောဆိုတိုင်ပင်သောစကားသံကို နားထောင်လိုကြသည်ဖြစ်၍ (ထိုသူတို့နောက်သို့) အလွန်လျင်မြန်စွာပင် အစဉ်လိုက်ကြကုန်၏။

တနည်းကား–ထိုပုဂ္ဂိုလ်တို့သည် ၎င်းတို့နောက်မှ လိုက်လာကြသောသူတို့၏ ပြောဆို တိုင်ပင်သော စကားသံကို နားထောင်လိုကြသည် ဖြစ်၍ (ထိုသူတို့ရှေ့မှ) ဖြေးဖြေးနှေးနှေးသွား၍၎င်း၊ ကျန်ရစ် နေရစ်၍၎င်း သွားကြကုန်၏။ ထိုပုဂ္ဂိုလ်တို့အား—

> " ထို အရပ်၌ နားထောင်အံ့-ဟု စေတနာလို့၍ သွားသော ရဟန်းအား ခြေလှမ်းတိုင်း လှမ်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏၊ (ရှေ့မှ သွားသောသူတို့၏ စကားကို နားထောင်ခြင်းငှါ) အဆောတလျင် လိုက်

ခြင်း၌၎င်း၊(နောက်မှ လိုက်လာသောသူတို့၏ စကား ကို နားထောင်ခြင်းငှါ) နှေးနှေးသွားခြင်း၌၎င်း ဤ နည်းအတိုင်းပင် (ခြေလှမ်းတိုင်း လှမ်းတိုင်း ဒုက္ကဋ် အာပတ် သင့်၏) အကြွင် အရပ်၌အား ရပ်လျက် နားထောင်၏၊ ထို ရဟန်းအား ပါစိတ်အာပတ် သင့်၏"

ဟူ၍ (ကခါအဋ္ဌကထာ၌) လာသောပါဠ် အားလျော်စွာ ခြေလှမ်းတိုင်း လှမ်းတိုင်း ထိုသို့ သဘောရှိသော ဒုက္ကဋ်၊ ပါစိတ် အာပတ်တို့သည် နှိပ်စက်အပ်ကုန်၏၊(ထို့ကြောင့်) ထို အာပတ်တို့ဖြင့် နှိပ်စက်ခံရသော ရဟန်းတို့အား–

"အကြွင် ရဟန်းသည် ဖြစ်သော ခိုက်ရန်ရှိကုန် သော ။ပ။ ပါစိတ်အာပတ် သင့်၏"

ဟူ၍ ရဟန်းတို့၏ ကိုးကွယ်ရာတဆူ ဖြစ်တော်မူသော ဘုရား သခင်သည် ရဟန်းတို့၏ အားကိုးရာ အားထားရာကို ပြု တော်မူအပ်သည့် ဝိနည်းဒေသနာမဇ္ဈကန္ဒာကိုပညတ်တော်မူခဲ့ လေသည်၊ ယင်းသို့ ပညတ်တော်မူခဲ့ပါသော်လည်း ထိုသို့ သဘောရှိသော ဝိနည်းဒေသနာမဇ္ဈကန္ဒာသည် မျက်မှောက် ဘဝ၌၎င်း၊ တမလွန်ဘဝ၌၎င်း အထက်တွင်ဆိုခဲ့သည့် ငါးပါး အပြားရှိသော ဘေးဒုက္ခမှ လွတ်မြောက်လျက် အာသဝေါ ကင်းကွာ ရဟန္တာအဖြစ်ဖြင့် အားကိုးရာ အားထားရာ ပြုခြင်းငှါ စွမ်းနိုင်လိမ့်မည် မဟုတ်ပါဘုရား........။

မြွေဟောက်ကို လိုက်ရှာသည့် သားမိုက်ဥပမာ

မြွေဟောက်ကို ညှဉ်းပန်းနှိပ်စက်လိုသဖြင့် တောချုံအတွင်းသို့ မြွေရှာသွားလိုသော သားငယ်အား ဘခင်သည် ကရုဏာစိတ်ဖြင့် အကြိမ်ကြိမ် တားမြစ်ခဲ့ပေသည်၊ ယင်းသို့ တားမြစပါသော်လည်း သားငယ်သည် ဘခင်၏စကားကို လိုက်နာခြင်းမပြုပဲ ဘေးဘယာများလှသည့် တောကြားချုံကြားသို့ မြွေရှာရန် ညဥ့်အခါ ထွက်ခွါ သွားခဲ့လေသည်၊ ထိုသားငယ်သည် တောကြား ချုံကြားအနီးသို့ ချဉ်းကပ်သည်နှင့်တပြိုင်နက် မြွေဟောက် အကိုက်ခံရ၍ သေဘေးနှိပ်စက်ခံရသည့် သားမိုက်အတွက် ဘခင်၏စကားသည် အဘယ်အကျိုး ရှိချိမ့်မည်နည်း၊ ဘခင်သည်လည်း အဘယ်သို့ ပြုလုပ်နိုင်မည်နည်း။

အရှင်မြတ်တို့ဘုရား... အတုမရှိသော ဘုရားရှင်သည် အတုမရှိသော ဘေးရန်ကင်းဝေး ချမ်းသာကို ပေးတော်မူတတ်သည့် အဆုံးအမ ဩဝါဒကို မိန့်ဆို ဟောကြားတော်မူပါသည်၊ ယင်းဩဝါဒမှာ—

> "မျက်စိအမြင်နှင့် ပြည့်စုံသော်လည်း သူကန်းကဲ့သို့ ဖြစ်ရာ၏၊ နားအကြားနှင့် ပြည့်စုံသော်လည်း နားပင်းသူကဲ့သို့ ဖြစ်ရာ၏၊ ပညာရှိသော်လည်း သူအကဲ့သို့ ဖြစ်ရာ၏၊ အားအစွမ်းနှင့် ပြည့်စုံသော်လည်း အားနည်းသူကဲ့သို့ ဖြစ်ရာ၏"

ဟု ဤသို့အစရှိသည်ဖြင့် မိန့်ဆိုဟောကြားတော်မူခဲ့ပါသည်။ ယင်းသို့ ဟောတော်မူခဲ့ပါသော်လည်း ဘုရားရှင် ယင်းသို့

ရှိနှင့်ဆိုခဲ့သည့် အဆုံးအမ ဩဝါဒကို ထိုပုဂ္ဂိုလ်တို့သည် မဲအောက်မေ့နိုင်ကြကုန်။

(အဘယ့်ကြောင့်ဆိုသော်)မရှက်ခြင်း=အဟိရိက, မလန့်ခြင်း=အနောတ္တပ္ပ တရားတို့သည် မသိခြင်း=အဝိဇ္ဇာ၏ နောက်လိုက်များ ဖြစ်ကြပါသည်၊ ထိုတရားတို့သည် ငြူစူခြင်း=ဣဿာ, ဝန်တိုခြင်း=မစ္ဆရိယတရားတို့ကို အားအဆင့်ပေးကြပါသည်၊ ထိုဣဿာ, မစ္ဆရိယတရားတို့သည်, အမျက်ထွက်ခြင်း=ကောဓ, မုန်းငြိုးဖွဲ့ခြင်း=ဥပနာဟ ဒေါသ ကိလေသာ မာရ်တရားကို ထောက်ပံ့ ကူညီကြပါသည်၊ ထို့ကြောင့် ထိုဒေါသ ကိလေသာ မာရ်တရားသည် သတ္တဝါတို့အား မိမိတို့ကိုယ်တိုင်ပင် မိမိတို့၏ ဘေးရန်ကို ရှာဖွေအောင် စွမ်းဆောင်နိုင်ပါသည်၊ ထို့ကြောင့် ထိုကိလေသာမာရ်၏ သတ္တဝါတို့အား မိမိတို့ကိုယ်တိုင်ပင် မိမိတို့၏ ဘေးရန်ကို ရှာဖွေအောင် စွမ်းဆောင်နိုင်သော အစွမ်းသတ္တိသည်ကား အံ့ဩဖွယ် ရှိလှပါသည်။

မှန်ပါသည်၊ ဘုရားရှင်၏ သာကီဝင်မင်းသား ဖြစ်တော်မူကြသည့် ထိုတပည့်သာဝကတို့သည် ရဟန်းတော်များ ဖြစ်ကြပါသည်၊ ယင်းသို့ ဖြစ်ကြသော်လည်း ကိလေသာ မာရ်၏ အစွမ်းသတ္တိကြောင့် မိမိတို့၏ သမဏသညာ (ရဟန်းဟူသော အမှတ်သညာ) ကိုလည်း မဖြစ်စေနိုင်ကြကုန်၊ ထိုတပည့်သာဝကတို့သည် မလိမ္မာသော ကလေးသူငယ်တို့ကဲ့သို့ရှင်း၊ ဘေးသောက်ကြူးသော သူတို့ကဲ့သို့ရှင်း မကောင်းမှု အကုသိုလ်မှု ရှက်ခြင်း ကြောက်ရွံ့ခြင်း ထိတ်လန့်ခြင်းလည်း

မင်ကြကုန်၊ တပါးကုန်သော ငြိမ်သက်တည်ကြည်ခြင်း ရှိကြသည့် သူတော်ကောင်းတို့၏ အပြစ်ကိုလည်း ရှာဖွေ တတ်ကြကုန်၏၊ မိမိတို့သည် ပင်ကိုယ်အားဖြင့် ဘေးရန်မရှိကြ သော်လည်း ကိလေသာမာရ်၏ အစွမ်းသတ္တိကြောင့် ဘေး ရန်ကို ရှာဖွေကြကာ မိမိတို့ကိုယ်တိုင် ရှာဖွေအပ်သော ဘေး ရန်တို့သည် လွန်စွာ နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပျက်စီးခြင်း အဆုံးအားဖြင့် ပျက်စီးခြင်းသို့ ရောက်ကြပါကုန်သည်ဘုရား။

ချောပစ်ကုန်းတိုက်မှုနှင့် စပ်သော သိက္ခာပုဒ် စည်းကမ်းဥပဒေကို ကျော်အိုင်းကြခြင်း

နှစ်ဘက်သော ဂိုဏ်းမှ ထိုပုဂ္ဂိုလ်တို့သည် အချင်းချင်း တယောက်ကို တယောက် တဦးကို တဦး တပါးကို တပါး ဂုဏ်ကျေးဇူးမဲ့ကို ပြုလိုကြကုန်၏၊ အရှိန်အစော်မဲ့ကိုလည်း ပြုလိုကြကုန်၏၊ အစီးအပွါးမဲ့ကိုလည်း ပြုလိုကြကုန်၏၊ အကျိုးမဲ့ကိုလည်း ပြုလိုကြကုန်၏၊ အခြားသော ဂိုဏ်းမှ ပုဂ္ဂိုလ်တို့ အချင်းချင်း ကွဲပြားခြင်းသို့ ရောက်၍ အားနည်းကြစေခြင်းငှါ ကတုန်းကတိုက် ချောပစ်ကုန်းတိုက်ခြင်းကိုလည်း ပြုလုပ်ကြကုန်၏၊ ထိုထိုနေရပ်သို့လည်း သွားရောက်ကြကာ ထိုထို ပုဂ္ဂိုလ်တို့၏ စကားကို ရဟန်းထံမှ၎င်း၊ လူသာမဏေများထံမှ၎င်း ကြားသိပြီး ရဟန်းထံ၌၎င်း၊ လူသာမဏေများ ထံ၌၎င်း အချင်းချင်း ကွဲပြားစေလိုသဖြင့် ချောပစ် ကုန်းတိုက်ခြင်းကိုလည်း ပြုလိုကြကုန်၏၊ မိမိအား ချစ်စေလိုသဖြင့်လည်း ချောပစ် ကုန်းတိုက်ခြင်းကို ပြုကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား လည်း—

"အမျိုးဇာတ် အစရှိသော ဆဲရေးကြောင်း ဝတ္ထုတို့ဖြင့် (ရဟန်းတပါးက) ရဟန်းတပါးအား ဆဲရေးသော စကားကို (အခြား ရဟန်းတပါးက) ကြားသိ၍ အဆဲခံရသော ရဟန်းက မိမိအား ချစ်စေ လိုသဖြင့်ရင်း၊ ကွဲပြားစေလိုသဖြင့်ရင်း အမျက် မထွက်သော ရဟန်းတပါး၏ထံသို့ ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း ဆောင်အပ်သော ထိုချောင်းကုန်းတိုက် ခြင်း ကွဲပြားခြင်းကို ပြုတတ်သော စကားကို ဆိုခြင်း ကြောင့် ပါစိတ်အာပတ် သင့်ရောက်၏"

ဟူ၍ရင်း–

"ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အခြားသူများကို ညွှန်းသဖြင့် ဆဲရေးသောရဟန်း၏စကားကို ပို့ဆောင် ခြင်းကြောင့်ရင်း၊ ပါဠိ၌လာသော အက္ကောသဝတ္ထု ၁၀-ပါးမှ အလွတ်ဖြစ်သော ဆဲရေးခြင်းကို ရှေးရှု ဆောင်ပို့ခြင်းကြောင့်ရင်း၊ လူသာမဏေ ဘိက္ခုနီ၏ ချောပစ် ကုန်းတိုက်သော စကားကို ရှေးရှု ပို့ဆောင် ခြင်းကြောင့်ရင်း ဒုက္ကဋ်အာပတ် သင့်ရောက်၏"

ဟူ၍ရင်း–

ဤသို့ (ကင်္ခါအဋ္ဌကထာ၌) လာသော ပါဠိအားလျော်စွာ ထိုသို့ သဘောရှိသော ပါစိတ်၊ ဒုက္ကဋ်အာပတ်တို့သည် နိုပ်စက် ခံရကုန်သည့် မိမိရော သူတပါးပါ ပျက်စီးအောင် ပြုကြသည့် ဘုရားရှင်၏ သားဆိုး သားမိုက်တို့အတွက် ဝဋ်နည်းတော် ဒေသနာဓမ္မကွန်ရှာသည် အားကိုးအားထားရာကို ပြုခြင်းငှါ

မစွမ်းနိုင်ခဲ့ပါ၊ မှန်၏၊ မြတ်စွာဘုရားသည် မိမိ၏ တပည့်သာဝက ရဟန်းတို့အတွက်–

"ရဟန်း၏ ကုန်းတိုက်ခြင်းကြောင့် ပါစိတ်အာပတ် သင့်ရောက်၏"

ဟူသော ဝိနည်းတော်ဒေသနာ ဓမ္မက္ခန္ဓာကို မျက်မှောက်ဘဝ၌ရင်း၊ တမလွန်ဘဝ၌ရင်း အာသဝေါတရားတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါ ပညတ်တော် မူခဲ့လေသည်။ ယင်းသို့ပညတ်တော်မူခဲ့သော်လည်း ထိုဝိနည်းတော်ဒေသနာ ဓမ္မက္ခန္ဓာသည် ထိုသားဆိုး သားမိုက်တို့အတွက် မျက်မှောက်ဘဝ၌ရင်း၊ တမလွန်ဘဝ၌ရင်း ထိုအာသဝေါတရားတို့ကို ပယ်ဖျောက်ခြင်းဖြင့် အားကိုးရာ အားထားရာကို ပြုခြင်းငှါ မစွမ်းနိုင်ခဲ့ပါချေ။

မှန်၏၊ အကြင်သူသည် မိမိ၏ကိုးကွယ်ရာကို ဖျက်ဆီး၏၊ ထိုသို့ ဖျက်ဆီးသောသူ၏ ကိုးကွယ်ရာ ဖြစ်ခြင်းငှါ အဘယ်သူသည် စွမ်းနိုင်လိမ့်မည်နည်း။

"မကောင်းသဖြင့် ကိုင်အပ်သော သမန်းမြက်သည် လက်ကိုသာလျှင် ရှဘိသကဲ့သို့ ထို့အတူ မကောင်းသဖြင့် သုံးသပ်အပ်သော ရဟန်းအဖြစ်သည် ငရဲသို့ ဆွဲငင်တတ်၏။

လျော့လျော့ပြုသော အလုံးစုံသော ကံသည်ရင်း၊ ညစ်နွမ်းသော အကြင်အကျင့်သည်ရင်း၊ ယုံမှားဖွယ်ရှိသော အကြင် အကျင့်မြတ်သည်ရင်း ရှိ၏၊ ထိုအလုံးစုံသည် အကျိုးမများနိုင်ချေ"

ဤသို့ (သံယုတ်ပါဠိတော်၌) လာသော ဘုရားမြွက်စွာ၏ အဆုံးအမ ဩဝါဒကို အကြင် ဘုရားသားတော်တို့သည် မအောက်မေ့ကြကုန်၊ ထိုဘုရားသားတော်တို့အား အဝိဇ္ဇာစစ်သူကြီး ခေါင်းဆောင်သည့် ငြူစူခြင်း=ဣဿာ၊ ဝန်တိုခြင်း=မစ္ဆေရ၊ ကျေးဇူးကို ချေဖျက်ခြင်း=မက္ခ၊ အန်တုပြိုင်ခြင်း=ပဠာသ အစရှိသည့် များလှစွာသော ကိလေသာမာရ်စစ်သည်အပေါင်း၏ အမျိုးမျိုး ပျက်စီးအောင် ပြုစွမ်းနိုင်ခြင်း အစွမ်းသတ္တိသည် အံ့ဩ၍မဆုံး ရှိလှပါသည်ဘုရား။

(အရှင်မြွက်ဘို့ဘုရား)အထက်တွင် လျှောက်ထားခဲ့သော အဝိဇ္ဇာစစ်သူကြီး ခေါင်းဆောင်သည့် ကိလေသာမာရ်တို့သည် ဆိုခဲ့သည့်အတိုင်း ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ဘို့ကို ဖျက်ဆီးလျက် ရှိကြပါကုန်၏၊ ထိုကဲ့သို့ ကိလေသာတို့၏ ဖျက်ဆီးခြင်းကို ခံကြရသော ပုဂ္ဂိုလ်တို့သည် ဘုရားရှင်၏ တပည့်သာဝက သာကီဝင်မင်းသားများ ဖြစ်ကြပါသည်။ ယင်းသို့ ဖြစ်ကြသော်လည်း ထိုသို့သဘောရှိသော ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို မအောက်မေ့နိုင်ကြပဲ—

> "ဘုရားသားတော်တို့ လိုက်နာကျင့်သုံးအပ်သည့် ရဟန်းတို့၏ တရားထူး တရားမြတ် (သမဏဓမ္မဝိသေသ) တို့သည် ရှိပါကုန်၏"

ဟူ၍ပင် မအောက်မေ့နိုင်ကြကုန်၊ ထိုပုဂ္ဂိုလ်တို့သည် မလိမ္မာသော ကလေးဆိုး ကလေးမိုက်တို့ကဲ့သို့ ဘုရားသားတော် တပည့်သာဝကတို့၏ အချင်းချင်း ကွဲပြားကြခြင်း ဘေးဖြင့် ဖရိုဖရဲ ကွဲပြားကြစေခြင်း အကျိုးငှါ အဖန်တလဲလဲ အား

ထုတ်လျက် ရှိကြပါကုန်၏၊ မိမိသည် သံသရာဘေးကို မြော်လင့် စောင့်စားလျက် ရှိနေသည်ကိုလည်း မသိမမြင်ပဲ မိမိ၏ မွန်မြတ်သော ရဟန်းအဖြစ် ရဟန်းဘဝကိုလည်း မကောင်းသဖြင့် သုံးသပ်လျက် ရှိကြပါ၏၊ ထိုပုဂ္ဂိုလ်တို့သည် မိမိ၏ အားထားကိုးကွယ်ရာကို မှီ၍ နေပါလျက်လည်း အားထားကိုးကွယ်ရာကို မရရှိကြပေ၊ မိမိ၏ အကျိုးမဲ့ကိုပြုတတ်သော ယုတ်မာသော အကုသိုလ်အမှုတို့ကိုသာ ရကြ၏။ တံငါသည်များကဲ့သို့ များစွာသော အကုသိုလ်တို့ကို ပွါးစေကြပြီး ငရဲသို့ ရှေးရှုကြကုန်လျက် ဟိုလိုလို ဒီလိုလိုအားဖြင့် သတိမေ့လျော့ ပေါ့ပေါ့ဘန်ဘန် နေခြင်းငှါ စွမ်းနိုင်ကြပါသည်ဘုရား။

လိမ်လည်ပြောဆိုမှုနှင့် စပ်သော သိက္ခာပုဒ် စည်းကမ်းဥပဒေတော်ကို ကျော်ခိုင်းကြခြင်း

အထက်တွင် ဆိုခဲ့သည့် နှစ်ဘက်သောဂိုဏ်းမှ ထိုပုဂ္ဂိုလ်တို့သည် အချင်းချင်း ငြင်းခုံကြ ခိုက်ရန်ဖြစ်ကြ စိတ်၏ ငြောင့် တံသင်း ဖြစ်ကြကုန်၍ တဘက်သောဂိုဏ်းဝင် ပုဂ္ဂိုလ်တို့အတွင်း၌ ဆိုခဲ့ပြီးသည့် အကျိုးငှါ ကတုန်းကတိုက် ချောပစ် ကုန်းတိုက်ခြင်းကို ပြုလုပ်ကြကုန်၏၊ သီတင်းသုံးဘော်များဖြစ်ကြသည့် အခြားတပါးသော သူတို့က မေးမြန်းစောဒနာခြင်း, အပြစ်ကို သတိရစေခြင်းများကို ပြုလုပ်ကြသဖြင့် မိမိကျူးလွန်ခဲ့သော ထိုအပြစ်ကို ဖုံးကွယ်လျက်၍ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သောစကားကိုလည်း ပြောဆိုကြကုန်၏၊

ထိုပုဂ္ဂိုလ်တို့သည် ဝန်ခံသဖြင့်လည်း မထိမဲ့မြင် ပြုကြကုန်၏၊ မထိမဲ့မြင်ပြုသဖြင့်လည်း ဝန်ခံကြကုန်၏။

မလိမ္မာသော သူမိုက်တို့ကဲ့သို့ မိမိ၏အပြစ်ကို ဖုံးကွယ်ကြကာ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သော မုသား စကားကို ပြောဆိုကြသည့် ထိုပုဂ္ဂိုလ်တို့အား—

"သိလျက် ချွတ်ယွင်းသောစကားကို ဆိုခြင်း ကြောင့် ပါစိတ် အာပတ်သင့်၏"

ဟူသော သိက္ခာပုဒ် ပညတ်တော်ကို လွန်ကျူးသဖြင့် ပါစိတ် အာပတ်တို့ နှိပ်စက် ဖျက်ဆီးခံကြရကုန်၏။

(ရှင်းပါဦးမည်)ဆိုခဲ့သည့် သိက္ခာပုဒ် ဝိနည်းပညတ်တော် ခမ္မကန္ဒာကို ဘုရားရှင်သည် မိမိ၏ တပည့်သာဝက ရဟန်း တို့အတွက် အနှစ်ငါးထောင် ကာလတိုင်အောင် အားထား ကိုးကွယ်ရာကို ပြုကြစေ ခြင်းအကျိုးငှါထားတော်မူခဲ့ပါသည်။

ယင်းသို့ထားတော်မူခဲ့သော်လည်း၊ ထိုပညတ်တော်ဝိနည်း ဒေသနာ ခမ္မကန္ဒာသည် ယခုအခါ ထို အနှစ်ငါးထောင်၏ ထက်ဝက်ဖြစ်သော အနှစ် နှစ်ထောင့်ငါးရာသို့ မရောက်မီ ကာလ၌ပင် ဆိုခဲ့ပြီးသော ငါးပါး အပြား.ရှိသော ဘေးဒုက္ခ အပေါင်းမှ လွတ်မြောက်စေလျက် နတ်ရွာသုဂတိ မဂ်အကျိုး ငှါ အားထားကိုးကွယ်ရာကို ပြုစွမ်းနိုင်ခြင်း မရှိပါဘုရား။

အကြင်သူတို့သည် မိမိ၏ ကိုးကွယ်ရာကို ဖျက်ဆီးကြ ကုန်၏၊ ထိုသူတို့အား အခါခပ်သိမ်း ကိုးကွယ်ရာမရှိပေ။

တနည်းကား အကြင်သူတို့သည် မိမိကိုယ်ကို ဖျက်ဆီးကြကုန်၏၊ ထိုသူတို့၏ ကိုးကွယ်ရာသည် အဘယ်သူ ဖြစ်နိုင်အံ့နည်း။

ရှုန့်ချင်းသော အာပတ်ကို ပြောဆိုမှုနှင့် ဝပ်သော သိက္ခာပုဒ် စည်းကမ်း ဥပဒေတော်ကို ကျော်ခိုင်းကြခြင်း၊

အထက်တွင်ဆိုခဲ့သည့် ထို ပုဂ္ဂိုလ်တို့သည် အချင်းချင်း ခိုက်ရန်လည်း ဖြစ်ကြကုန်၏၊ ငြင်းခုံလည်း ငြင်းခုံကြကုန်၏၊ ထန့်ကျင်သော စကားကိုလည်း ပြောဆိုကြကုန်၏၊ အမျက်ထွက်သော စိတ်လည်း ရှိကြကုန်၏၊ ပြစ်မှားသောစိတ်လည်း ရှိကြကုန်၏၊ အစီးအပွါး မဲ့ကိုလည်း အလိုရှိကြကုန်၏၊ အကျိုးမဲ့ ကိုလည်း အလိုရှိကြကုန်၏၊ အမှတ်မရှိတစုံဘရာသော အချိန်ကာလတွင် အခြားသော ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့၏ အပြစ်ကြီးငယ်ကို ဟုတ်မှန်သည်ဖြစ်စေ၊ မဟုတ်မမှန်သည်ဖြစ်စေ မိမိတို့၏ အလုပ်အကျွေးဖြစ်သော ဒါယကာတို့အားလည်း ပြောဆိုဘတ်ကြကုန်၏၊ အဘယ်သို့ ပြောဆိုတတ်ကြသနည်း ထိုသော်–

> "ထိုပုဂ္ဂိုလ်တို့သည် ဤသို့သော လွန်ကျူးမှုကို လွန်ကျူးကြကုန်၏၊ ဤသို့သော ယုတ်မာမှုကို ပြုလုပ်ကြသည် ဖြစ်၍ ဤမည်သော အာပတ်သို့ ရောက်ကြကုန်၏"

ဟု ပြောဆိုတတ်ကြလေသည်။ ထိုပုဂ္ဂိုလ်တို့အား–

> "သံဃာဒိသိသ်အာပတ်မှ ကြွင်းသော ခြောက်ပါးသော အာပတ်အစုဘို့ကိုရင်း၊ သာမဏေ၏ ရှေးဦး

စွာသော ငါးပါးသော သိက္ခာပုဒ်၌ လွန်ကျူးခြင်းဟု ဆိုအပ်သော ရှုန့်ရင်းသော အကျင့်ကိုရင်း၊ ဤမှ တပါးသော ဝိကာလဘောဇနစသော မရှုန့်ရင်းသော လွန်ကျူးခြင်း အကျင့်ကိုရင်း ပြောကြားသော ရဟန်းအားလည်း ဒုက္ကဋ်အာပတ်သာလျှင် ဖြစ်၏”

ဟူ၍ရင်း၊

“ဤရဟန်းသည် သုက်ကိုလွှတ်စေ၍သံဃာဒိသိသ် အာပတ်သို့ ရောက်၏၊ ဤသို့ အစရှိသော နည်းဖြင့် ဝတ္ထုနှင့်တကွ အာပတ်ကို စပ်၍ ပြောကြားသော ရဟန်းအား ပါစိတ်အာပတ် သင့်၏”

ဟူ၍ရင်း၊

ဤသို့ (အဓိအဋ္ဌကထာ၌) လာသော ပါဠိအားလျော်စွာ ဤသို့ သဘောရှိသော ဒုက္ကဋ်၊ ပါစိတ် အာပတ်တို့သည် နှိပ်စက်ဖျက်ဆီးခံရကုန်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့အား—

“အကြင်ရဟန်းသည် ရဟန်း၏ ရှုန့်ရင်းသော အာပတ်ကို ရဟန်းတို့၏ သမ္မုတိမရပဲ ရဟန်း မဟုတ်သူအား ပြောကြားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏”

ဟူသော ဝိနည်းတော် ဓမ္မက္ခန္ဓာကို ရဟန်းတို့ကို အစိုးရ တော်မူသော ဘုရားရှင်သည် ရဟန်းတို့၏ အားကိုးရာကို ပြုခြင်းအကျိုးငှါ ပညတ်တော်မူခဲ့ပါသည်၊ ယင်းသို့ ပညတ် တော်မူခဲ့ပါသော်လည်း ဆိုခဲ့ပြီးသည့် ငါးပါးဒုပြားရှိသော ဘေးဒုက္ခအပေါင်းမှ လွတ်မြောက်စေ၍ နတ်ရွာသုဂတိ မဂ် အကျိုးငှါ အားထားကိုးကွယ်ရာကို မပြုစွမ်းနိုင်ပါ။

မှန်ပါသည်၊ အကြင်ပုဂ္ဂိုလ်တို့သည် အခြားတပါးသော ပုဂ္ဂိုလ်တို့၏ အစီးအပွါးမဲ့ကိုရင်း၊ အကျိုးမဲ့ကိုရင်း ပြုလုပ်ကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား အကျိုးစီးပွါးသည်ရင်း ချမ်းသာသုခသည်ရင်း မရှိသည်သာတည်း။

"သူတပါးအား ဆင်းရဲကို ဖြစ်စေလျက် မိမိ၏ ချမ်းသာကိုအလိုရှိသူသည် ရန်ရှနချင်း ဆက်နွှယ်သော အားဖြင့် ရောနှောသည် ဖြစ်ရကား ရန်မှမလွတ်နိုင်ချေ"

ဤသို့ (ဓမ္မပဒပါဠိတော်) လာသော ဘုရားရှင်၏ တရားအနုသာသနီကို ခံစားမှု မပြုတတ်သည့် အဝိဇ္ဇာဦးဆောင်သည့် ဒေါသ ကိလေသာမာရ်၏ သတ္တဝါတို့အား ဆင်းရဲဒုက္ခကို ပြုနိုင်စွမ်းသော အစွမ်းသတ္တိသည် အံ့မဆုံးအောင် ရှိပါသည် ဘုရား။

မှန်ပါသည်၊ အဝိဇ္ဇာဦးဆောင်သည့် ကိလေသာမာရ်သည် ဤသို့သဘောရှိသော ဘုရားရှင်၏ သာကီဝင်တပည့်သာဝကတို့ကိုလည်း လူဆိုး လူမိုက်တို့ကဲ့သို့ တပါးသော ပုဂ္ဂိုလ်တို့၏ အစီးအပွါးမဲ့ အကျိုးမဲ့ကို လွန်စွာပြုလုပ်စေလျက် မိမိတို့၏ အစီးအပွါးမဲ့ အကျိုးမဲ့ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်ဘိ၏တကား။

လူတို့ကဲ့ရဲ့ကြပုံ

မိမိ မိမိတို့၏ ဆရာသမားများထံမှ အခြားတပါးသော ရဟန်းတို့၏ အပြစ်နှင့် စပ်သော စကားကို ဟုတ်မှန်သည် ဖြစ်စေ မဟုတ်မမှန်သည်ဖြစ်စေ ကြားသိကြရသည့် ဒါယကာတို့သည်လည်း ထိုရဟန်းတို့အပေါ်၌ သဒ္ဓါတရား ပျက်ကြပြီး

ဖြစ်မှားသောစိတ် ရှိကြကာ အမျိုးမျိုးသော အကြောင်း ပြချက်တို့ဖြင့်–

"ဤပုဂ္ဂိုလ်တို့သည် သာကီဝင်မင်းသား ဘုရား သားတော်များ ဖြစ်ကြပါလျက် ဤသို့သဘောရှိသော ယုတ်မာသော လွန်ကျူးမှုကို လွန်ကျူးကြကုန်၏၊ ဤပုဂ္ဂိုလ်တို့သည် ယုတ်မာသော သဘောရှိသည့် အလဇ္ဇီပုဂ္ဂိုလ်တို့ ဖြစ်ကြ၏"

ဟူ၍ ကဲ့ရဲ့ ရှုတ်ချကြပါသည်။

အခြား လူတို့ကလည်း ထို ၂-အက်ဂိုဏ်းများမှ ရဟန်း တို့၏ အချင်းချင်း ကတုန်းကတိုက်စကား ကဲ့ရဲ့သောစကားကို ကြားကြကုန်၏။ ထိုထို သိက္ခာပုဒ် စည်းကမ်း ဥပဒေများကို လွန်ကျူးသည့်အရာကိုလည်း မြင်လည်းမြင်ကြ ကြားလည်း ကြားကြကုန်၏၊ ထိုလူတို့သည် အမျိုးမျိုးသော အကြောင်း တို့ကြောင့် ထိုရဟန်းတို့ကို အချက်ထွက်ကြကာ—

"သာကီဝင် ဘုရားသားတော်များသည် ဘုရား ရှင်၏ သာသနာတော်၌ နေထိုင်ကြပါကုန်လျက် ဘုရားသာသနာတော်ကို မှီ၍ အသက်မွေးဝမ်းကျောင်း ပြုကြပါကုန်လျက် ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို မခံယူကြပဲ ထိုထို သိက္ခာပုဒ် စည်းကမ်းဥပဒေတော် များကို လွန်ကျူးကြပြီး အချင်းချင်းကတုန်းကတိုက် ပြုလုပ်ကြကာ မိမိ၏ အားကိုးရာကို ပြုတတ်သည့် ဘုရားသာသနာတော်ကို ဖျက်ဆီးကြသည်။

ဥပမာအားဖြင့် တောသို့နေသော တောမျောက်သည် မိမိ၏ မှီရာဖြစ်သော တောကို ဖျက်ဆီးကြသကဲ့သို့ငှင်း၊ ကြွက်တို့သည်လည်း မိမိ၏ မှီရာ ဖြစ်သော အိမ်ကိုဖျက်ဆီးကြကုန်သကဲ့သို့ငှင်း(ထိုရဟန်းတို့သည်) မိမိ၏ အားကိုးရာကို ပြုတတ်သည့် ဘုရားသာသနာတော်ကို ဖျက်ဆီးကြသည်"

ဟူ၍ငှင်း—

"သာကီဝင်မင်းသား ဘုရားသားတော်များ ဖြစ်ကြသည့် ဤရဟန်းတို့သည် ဘုရားရှင်၏ သာသနာတော်၌ မိမိ၏ ကိုးကွယ် အားထားရာကို ရှာလိုကြသဖြင့် ရဟန်းပြုခဲ့ကြသည်။ ယင်းသို့ ပြုခဲ့ကြသော်လည်း မိမိ၏ အားကိုးရာကို ပြုတတ်သည့် ဘုရားရှင် ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ် စည်းကမ်းဥပဒေများကို ရိုသေလေးစားခြင်း မရှိကြကုန်၊ မိမိ၏ အားကိုးရာကို မပြုတတ်သည့် ယုတ်မာသောအကုသိုလ်မှုတို့ကိုသာ ရှာဖွေအားထုတ်ကြသည်။ ဥပမာအားဖြင့် လူမိုက်အချို့တို့သည် သရက်သီးကို စားလိုကြသဖြင့် တောအတွင်းသို့ ဝင်ရောက်ပြီး မိမိ၏ သေခြင်းကို ပြုတတ်သည့် (မိမိကို သေစေတတ်သည့်) အဆိပ်သစ်သီးတို့ကိုသာ ခူး၍ ခူး၍ စားသုံးကြကုန်သကဲ့သို့၊ ထိုအတူ ရဟန်းတို့သည် မိမိအား အားကိုးရာမဲ့ကို ပြုတတ်သည့် မကောင်းမှု အကုသိုလ်တို့ကိုသာ ရှာဖွေပြုလုပ်၍ အားထုတ်ကြပါသည်"

ဟူ၍ငှင်း—

"သာကီဝင်မင်းသား ဘုရားသားတော်များ ဖြစ်ကြသည့် ဤရဟန်းတော်တို့သည် အတုမရှိသော ဘုရားရှင် သာသနာတော်၌ နေထိုင်ကြပါကုန်လျက် အတုမရှိသော ဘုရားရှင်သည် ပေးတော်မူအပ်သည့် အတုမရှိသော သူတော်ကောင်း တရားရတနာတို့ကို ရှာဖွေလိုသည်ဖြစ်၍ ရဟန်းပြုခဲ့ကြပါသည်။ ယင်းသို့ ပြုခဲ့ကြသော်လည်း ကိလေသာမာရ် လှည့်ပတ်ခံရသည်ဖြစ်၍ ယုံကြည်မှု သဒ္ဓါတရားလည်း ပျက်စီးနေကြပါသည်၊ သတိလွတ်ကင်း မေ့လျော့ခြင်းလည်း ရှိကြပါသည်၊ အာရုံတခု၌ စိတ်၏ တည်ငြိမ်မှုလည်း မရှိကြပါ၊ ယုတ်လျော့သော ဝီရိယလည်း ရှိကြပါသည်၊ ရှက်ခြင်း ကြောက်ခြင်းလည်း ကင်းကြပါသည်၊ စဉ်းစားဆင်ခြင်မှုလည်း မရှိကြပါ၊ ပညာဉာဏ်လည်း နည်းပါးကြပါသည်။"

ထို့ကြောင့် ထိုရဟန်းတို့သည် မိမိတို့ ရှာဖွေအပ်သည့် ထိုအတုမရှိသည့် သူတော်ကောင်းတရား ရတနာတို့ကို မရှာဖွေကြတော့ပဲ မိမိတို့ ဖြည့်ဆည်းရမည့် သိက္ခာပုဒ် စည်းကမ်း ဥပဒေတို့ကို ဖျက်ဆီးကြကာ မွန်မြတ်သော ကုသိုလ် တရားတို့၌ ချထားအပ်သော ဝန်လည်း ရှိကြပါသည်၊ စိတ်ဓာတ်လည်း ကျဆင်းလျက်ရှိကြပါသည်၊ ကာမဂုဏ်ခံစားကြသည့် လောကီလူသားတို့ကဲ့သို့ လူတို့၏ အသုံး အဆောင် ပစ္စည်းတို့ကိုသာ တောင့်တ ရှာဖွေလျက် ရှိကြပြီး

လာဘ်ပူဇော်သက္ကာ အရှိန်အဝါတို့ကိုသာ ရှင့်လျက် နေထိုင်ကြပါသည်။

ဥပမာအားဖြင့် လှေသူကြီးသည် မိမိ၏ ဧည့်စိမ် အစုကို တိုးပွါးအောင် ပြုလိုသဖြင့် တိုင်းတပါးသို့ပင် လှေဖြင့် သွားရောက်ကာ ပြင်းစွာသော လှိုလ ဝိရိယ ဖြင့် ရောင်းဝယ် ဖောက်ကားမှုကို ပြု၍ ဥစ္စာကို ရှာ ဖွေပါသော်လည်း မိမိအတိတ်ကပြုခဲ့သော အကုသိုလ် ကံသည် ကပ်၍ နှိပ်စက်သဖြင့် မြစ်လယ်ခေါင်တွင် လှေနှင့်တကွ နစ်မြုပ်ခဲ့သော ထိုလှေကို ထုတ်ဖော် ဆယ်ယူခြင်းငှါမစွမ်းနိုင်သောကြောင့် လှေကိုပစ်ထား ခဲ့ပြီးမိမိသာ တဖက်ကမ်းသို့ ရောက်အောင် ကိုယ်လွတ် ရုန်းခဲ့ရလေ၏၊ ထို့ကြောင့် ထို လှေသူကြီးသည် အလွန်ပင် သောကရောက်ကာ စိတ်ဆင်းရဲခြင်း စိတ် မကောင်းခြင်း ဖြစ်ပြီး အပန်တလဲလဲ စိတ်နှလုံး မသာယာခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ စိတ်ပျံ့ လွင့်သူ သို့မဟုတ် ရူးသွပ်သူဖြစ်လျက် အခြားသော စီးပွါး ဥစ္စာကို ရှာဖွေလိုစိတ်လည်းမရှိ ကြိုးစား အားထုတ်ခြင်းလည်း မရှိတော့ပဲ နွားချေးတို့ကိုသာ လိုက်လံရှာဖွေလျက် သူရူးတို့၏ အပြုအမူများကိုသာ ပြုလုပ်နေပေတော့၏” ဤဥပမာကဲ့သို့ရင်း–

“သာကီဝင်မင်းသား မြတ်စွာဘုရား၏သားတော် များ ဖြစ်ကြသည့် ဤရဟန်းတော် အရှင်မြတ်တို့ သည် အတုမရှိ သမားတော်ကြီး တဆူ ဖြစ်တော်မူ သည့် မြတ်စွာဘုရား၏ သာသနာတော်၌ သိတင်းသုံး

တော်မူကြကာ မိမိ မိမိတို့၏ ကိလေသာ တည်းဟူသော နာကျင်လှသည့် နူနာရောဂါကို ကုစားခြင်း အကျိုးငှါ ရဟန်းပြုခဲ့ကြပါသည်။ ယင်းသို့ ရဟန်းပြုခဲ့ကြသော်လည်း– ဆိုခဲ့သည့် ကိလေသာမာရ်သည် လှည့်ပတ်ခံရသည်ဖြစ်၍ မှန်ကန်သည့် အကြံအစည်များ ကင်းကြကုန်လျက် မှားသည့် အကြံအစည်များ စွဲကပ်နေကြပါသည်။ ထို ရဟန်းတို့သည်းကောင်းသော ကုသိုလ်ဆန္ဒများသည်း ကင်းလျက် ရှိကြပါသည်။

အတုမရှိ သမားတော်ကြီးတဆူ ဖြစ်တော်မူသည့် ဘုရားမြတ်စွာ ပေးသနားတော်မူအပ်သည့် အဘုမရှိကောင်းမြတ်သော သူတော်ကောင်းတရား တည်းဟူသော ဆေးတို့ကို သောက်ခြင်းငှါလည်း အလိုမရှိကြပါ၊ ထို့ကြောင့် ထိုရဟန်းတို့သည် မိမိ၏ အကျိုးမဲ့ကိုသာ ပြုတတ်ကုန်သည့် သိက္ခာပုဒ် စည်းကမ်း ဥပဒေများကို ကျူးလွန်ကြကုန်လျက် မကောင်းမှုအကုသိုလ်တို့ကို ပွါးစေကြကာ လာဘ်ပူဇော်သက္ကာ အရှိန်အဝါတို့ကိုသာ အလွန်တောင့်တကြပြီး ကိလေသာတည်းဟူသော အနာရောဂါတို့ကိုသာ အဖန်တလဲလဲ တိုးပွါးခြင်းအကျိုးငှါ အားထုတ်နေကြပါကုန်၏။

ဥပမာပြရပါမူ – အနာရောဂါ စွဲကပ်နေသည့် မလိမ္မာသော သူယ်သည် မိမိဘခင် သမားတော်ကြီး ပေးအပ်သော ဆေးတို့ကို မသောက်ပဲ ဘခင်သမား

တော်ကြီး တားမြစ်ပိတ်ပင်အပ်သည့် မိမိအသက်ကို သေစေနိုင်သည့် မလျောက်ပတ် မသင့်တော်သည့် ခဲဘွယ်ဘောဇဉ်တို့ကိုသာ စားသုံး၍ နေလေသည်”

ဤ ဥပမာကဲ့သို့ရင်း—

“သာကိဝင် မင်းသား ဘုရား သားတော်များ ဖြစ်တော်မူကြသည့် ဤရဟန်းတော် အရှင်မြတ်တို့သည် ဘုရားရှင် သာသနာတော်၌လည်း သ်တင်းသုံး နေထိုင်ကြပါသည်၊ ဘုရားရှင်၏ သားတော်အဖြစ်ကိုလည်း ခံယူကြပါသည်၊ ယင်းသို့ဖြစ်ကြပါလျက် ဘုရားရှင်သည် ပေးတော်မူခဲ့သည့် တရားအမွေအနှစ်တို့ကို မခံယူပဲ စက်ဆုပ်ဖွယ်ကောင်းလှ၍ မိမိ၏ အကျိုးမဲ့ကို ပြုတတ်သည့် လာဘ်ပူဇော်သက္ကာ ဆွမ်း စသော ပစ္စည်းအာမိသတို့ကိုသာ လွန်စွာ တောင့်တ ရှာဖွေလျက် နေထိုင်ကြပါသည်။

ဥပမာပြဆိုရပါမူ – မင်းသားငယ်သည် စကြဝတေးမင်း၏ သားတော်တယောက် ဖြစ်သော်လည်း စိတ်ပျံ့လွင့်နေသဖြင့် ဘခင်အမွေအနှစ် မင်းစည်းစိမ် ချမ်းသာကို ခံစားခြင်းငှါ ကြံစည်စိတ်ကူးခြင်း မပြုပဲ သူတောင်းစားတို့ စည်းစိမ် ချမ်းသာ ဖြစ်သည့် တရွာမှ တရွာ တအိမ်မှ တအိမ် လှည့်လည်၍ သူတောင်းစားခွက်ဖြင့် တောင်းရမ်းခြင်း အမှုကို ပြုလုပ်လျက်သာ ထင်မိထင်ရာ နေထိုင်သကဲ့သို့ရင်း”၊

မြတ်စွာဘုရား သာသနာတော်၌ သီတင်းသုံး နေထိုင်ကြသည့် ဤသာကီဝင်မင်းသား ရဟန်းတော် များသည် ဘုရားရှင် ချီးမြှင့်တော်မူခဲ့သည့် လာဘ် ပူဇော်သက္ကာ ဆွမ်း စသော ပစ္စည်းအာမိသတို့ကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူကြ၍ ဘုရားရှင်၏ အမွေ ကံစွဖြစ်သော စာပေကျမ်းဂန် သင်ကြားအားထုတ် ခြင်း တာဝန်ကိုရင်း၊ ဝိပဿနာရှုခြင်း တာဝန်ကိုရင်း ကြိုးစားအားထုတ်ခြင်း မပြုကြမူ၍ အချင်းချင်း ခိုက်ရန်ဖြစ်ခြင်းကိုရင်း၊ ငြင်းခုံခြင်းကိုရင်း၊ အချင်း ချင်း ဆန့်ကျင်ကြခြင်းကိုရင်း ပြုကြကုန်လျက် အပြစ်ကိုရှာဖွေကြကာ ကဲ့ရဲ့ရှုတ်ချခြင်း၊ သူကျေးဇူး ကို ချေဖျက်ခြင်း၊ အန်တုပြိုင်ခြင်း၊ မာန်မူခြင်း၊ အလွန်မာန်မူခြင်း၊ မာန်ထောင် ချုပ်ချယ်ခြင်းတို့ကို ပြုလုပ်ကြကုန်လျက် ငြူစူခြင်း၊ ဝန်တိုခြင်းရှိကြကုန် သည်ဖြစ်၍ အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း အလိုသို့ သာလျှင် အဉ်လိုက်၍ နေကြကုန်၏။

"ဤ သာကီဝင်မင်းသား ရဟန်းတော်တို့သည် ဘုရားရှင်၏ သာသနာတော်၌ သီတင်းသုံး နေထိုင် တော်မူကြသည့် ဘုရားရှင်၏ အမွေ အနှစ်များ ဖြစ်သည့် လာဘ်ပူဇော်သက္ကာ ဆွမ်း စသော အာမိသ တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူကြပြီး ကိုးကွယ်ရာ မဲ့ကို ပြုတတ်သည့် ဘုရားရန်သူ ကိလေသာမာရ် စသည်တို့ကို ဖျက်ဆီးရန် အားမထုတ်ကြကုန်ပဲ အသီးသီး အုပ်စုကွဲပြားကြပြီး မိမိတို့ အချင်းချင်း

တိုက်ခိုက်ရန်သာ အားထုတ်ကြကုန်လျက် ရန်သူ မာရ်မင်းစစ်ဘပ်ကို အားပေးအားမြှောက်ပြုသကဲ့သို့ ဖြစ်၍ နေကြပါ၏။"

"သာကီဝင်မင်းသား ဖြစ်တော်မူကြသည့် ရွှေး ခေတ် ရဟန်းတော် အရှင်မြတ်တို့သည် သမထဘာဝနာကိုရင်း၊ ဝိပဿနာဘာဝနာကိုရင်း အခါခပ်သိမ်း ပွါးများကြကုန်လျက် ဘုရားရှင် ချီးမြှင့်တော်မူခဲ့သည့် တရားလက်နက်ဖြင့် မိမိ မိမိတို့သန္တာန်၌ မပြတ် နှိပ်စက်ကြသည့် လောက ၂-ပါးတို့၌ အကျိုးစီးပွါး မဲ့ကို ပြုတတ်သည့် ကိလေသာရန်သူတို့ကို တိုက်ခိုက် ရန်သာ အားထုတ်ကြပါကုန်၏။"

သာကီဝင်မင်းသား ယခုခေတ် ရဟန်းတော် အရှင်မြတ်တို့သည် ကား အချင်းချင်း ခိုက်ရန်ဖြစ်ခြင်းကိုရင်း၊ ငြင်းခုံခြင်းကိုရင်း အခါခပ်သိမ်း ပွါးကြကုန်လျက် ဘုရားရှင် ချီးမြှင့်တော်မူခဲ့သည့် လာဘ်ပူဇော်သက္ကာ ဆွမ်း စသော ပစ္စည်း အားမြင့်သော လက်နက်ဖြင့် မိမိ မိမိတို့၏ ရန်သူဖြစ်သည့် သူတော်ကောင်း ပုဂ္ဂိုလ်ရော သူတော်ကောင်း မဟုတ်သည့် ပုဂ္ဂိုလ်တို့ကိုပါ ဖျက်ဆီးရန်သာ အားထုတ်ကြကုန်၏။

ဥပမာပြဆိုရပါမူ–သားဆိုး သားမိုက်တို့သည် ဘခင်၏ စကားကိုမနာခံကြပဲ ဘခင်ကိုကျောခိုင်း၍ အချင်းချင်းလက်ဝှေ့ထိုးသတ်နေကြကုန်သကဲ့သို့ရင်း၊ "သာကီဝင်မင်းသား ရွှေးခေတ်ရဟန်းတော် အရှင်

မြတ်တို့သည် မိမိထံမှောက် ရောက်လာကြသည့် လူဒါယကာတို့ကို တရားဟောတော်မူကြကာ ပြောဆိုဆုံးမကြကုန်လျက် မကြည်ညိုသေးသော သူတို့ကို ကြည်ညိုကြစေရန်နှင့် ကြည်ညိုကုန်ပြီးသော သူတို့ကို လွန်စွာ ကြည်ညိုကြစေရန် အားထုတ်ကြိုးပမ်းတော်မူကြပြီး မိမိ၏ အားကိုးရာကို ပြုတတ်သည့် ဘုရားရှင် သာသနာတော်ကို တောက်ပစေကြကုန်ပါ၏။"

ယခုခေတ် သာကီဝင်ရဟန်းတော် အရှင်မြတ်တို့သည်ကား ဂိုဏ်းအမျိုးမျိုးကွဲပြားကြကာ အချင်းချင်း အမျက်ထွက်ကြကုန်၏၊ ရန်ငြိုးဖွဲ့ကြကုန်၏၊ မိမိထံမှောက် ရောက်လာကြသည့် လူဒါယကာတို့ကို ခိုက်ရန်ငြင်းခုံခြင်းကို ဖြစ်စေတတ်သည့် စကားတို့ကို ပြောကြားကြကုန်လျက် ဝိသဘာဂပုဂ္ဂိုလ်တို့၏ အပြစ်ကိုပြုကြပြီး အပြစ်ကြီး အပြစ်ငယ်များကို ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ပြောဆိုကြကာ ဂိုဏ်းတပါး ရဟန်းတို့၌ မိမိတို့ဆိုင်ရာ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးကြပြီး မကြည်ညိုသော ဒါယကာတို့ကို မကြည်ညိုအောင် ကြည်ညိုကြပြီးဖြစ်သည့် အချို့သော ဒါယကာတို့ကို အကြည်ညိုမဲ့အောင် အားထုတ်ကြိုးပမ်းကြကုန်၏။

"ရှေးခေတ် သာကီဝင်ရဟန်းတော် အရှင်မြတ်တို့သည် မိမိ မိမိတို့၏ အလုပ်အကျွေး ဒါယကာတို့ကို တရားဟောတော်မူကြကာ ဆုံးမသြဝါဒ ပေးတော်မူကြပြီး သူတော်ကောင်းဖြစ်ကြသည့် အခြားသီတင်း

သုံးဖော်တို့၏ ဟုတ်မှန်တိုင်းသောဂိုဏ်းကို သန့်ရှင်း ဖြူစင်သောစိတ်ဖြင့် အကြောင်းအားလျော်စွာ အခါ အားလျော်စွာ ချီးကျူး ပြောဆိုတော်မူကြကုန်၏၊ သူတော်ကောင်းဖြစ်ကြသည့် ထေရ၊ နဝ၊ မဇ္ဈိမ ဖြစ် တော်မူကြသည့် ထိုဘုံရဟန်းတော် အရှင်မြတ်တို့၌ သဒ္ဓါတရားကို ဖြစ်စေတော်မူကြ၍ ဘုရားရှင်၏ သာ- သနာတော်၌ အထူးအားဖြင့် သက်ဝင်ယုံကြည်သော သဒ္ဓါတရားကို ဖြစ်စေတော်မူကြကုန်၏၊ ရဟန်းသုံးပါး တို့၌ မတုန်မလှုပ် ခိုင်မြဲ သာသဒ္ဓါတရားကို တည်စေ တော်မူကြပြီး များစွာသော ကောင်းမှုကုသိုလ်တို့ကို ပွါးစေတော်မူကြကာ နတ်ရွာသုဂတိ မဂ်အကျိုးငှါ အထောက်အပံ့ကို ဖြစ်စေတော်မူကြ၍ ထို အလုပ် အကျွေး ဒါယကာတို့၏ ကိုးကွယ်ရာကို ပြုတော်မူကြ ကုန်၏။"

ဥပမာအားဖြင့် ဆိုရပါမူ–အရှင် မဟာသာရိပုတ္တရာ မထေရ် အရှင် မဟာမဟိန္ဒမထေရ် အစရှိသည်တို့ကဲ့သို့ တည်း။

ယခုခေတ် သာကီဝင် ရဟန်းတော်ဖြစ်ကြသည့် အချို့ပုဂ္ဂိုလ်တို့သည်ကား အချင်းချင်း ခိုက်ရန်ဖြစ်ကြ ပြီး အသီးအသီး ဂိုဏ်းကွဲကြကာ အခြားဂိုဏ်းဝင် ရဟန်းတို့၏ အပြစ်ကြီး အပြစ်ငယ်များကို ဟုတ်မှန် သည်ဖြစ်စေ မဟုတ် မမှန်သည်ဖြစ်စေ မိမိမိမိတို့၏ အလုပ်အကျွေး ဒါယကာတို့ကို ပြောဆိုကြပြီး အခြား ဂိုဏ်းဝင် ထိုထိုရဟန်းတို့၌ စိတ်ပြစ်မှားစေကြကုန်၏၊

အမျက်ထွက် စိတ်ဆိုးစေကြကုန်၏၊ ခေါင်းမြောင်းစေကြကုန်၏၊ ကဲ့ရဲ့စေကြကုန်၏၊ ဆဲရေးစေကြကုန်၏၊ များစွာသော မကောင်းမှု အကုသိုလ်တို့ကို ပွါးစေကြကာ အပါယ်ဘုံတို့၌ ကျရောက်စေကြပြီး ပျက်စီးစေကြကုန်၏၊ အထူး အားဖြင့် ပျက်စီးစေကြကုန်၏။

ဥပမာဆိုရပါမူ ဒေဝဒတ်၊ ကောကာလိက၊ ကပိလ အစရှိသော ပုဂ္ဂိုလ်တို့ကဲ့သို့တည်း။

တုံ့ပြန်ကဲ့ရဲ့ရှုတ်ချကြပုံ

အချို့သောလူတို့သည်ကား ကဲ့ရဲ့ရှုတ်ချကုန်သော ထိုသူတို့၏ ကဲ့ရဲ့ရှုတ်ချသော စကားကို ကြားသိကြပြီး ထိုကဲ့ရဲ့ရှုတ်ချကုန်သော လူတို့ကို အမျက်ထွက် စိတ်ဆိုးကြကာ တဖန်တုံ့ပြန် ကဲ့ရဲ့ရှုတ်ချကြကုန်၏၊ အဘယ်သို့ ကဲ့ရဲ့ရှုတ်ချကြကုန်သနည်းဟူမူ——

"ဤလူတို့သည် ဆိုးသွမ်းကြကုန်၏၊ မိုက်မဲတွေဝေကြကုန်၏၊ ဤလူရမ်းကား လူမိုက်တို့သည် မိမိကိုယ်တိုင် ကာမဂုဏ်စည်းစိမ်ကို ခံစားသူတို့သာ ဖြစ်ကြပြီး ယုတ်ညံ့သော ရွာသူရွာသားတို့၏ ဓလေ့ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်သည့် ကာမဂုဏ်တို့ကို အချင်းခပ်သိမ်းပင် ခံစားကြရကုန်၏၊ မိမိတို့သည် အချင်းခပ်သိမ်း ရာဂဖြင့် တပ်စွဲကြကာ ဒေါသဖြင့် ပြစ်မှားကြကာ မောဟဖြင့် တွေဝေကြကာ အမြဲပင် ညစ်နွမ်းခြင်းသို့ ရောက်ကြပါကုန်လျက်လည်း မိမိကိုယ်ကို မိမိ ပညာရှိဟု မှတ်ထင်ကြပြီး အကြား

အမြင် ဗဟုသုတနှင့် ပြည့်စုံတော်မူကြ၍ ငြိမ်သက်တည်ကြည်ပြီး ပညာရှိ သူတော်ကောင်း ဖြစ်တော်မူကြသည့် အတုမရှိ လွန်မြတ်သော ဘုရားရှင်၏ သာကီဝင် တပည့်သာဝကတို့ကိုပင် ကဲ့ရဲ့ထိုက် ရှုတ်ချထိုက်ကုန်၏ဟု မှတ်ထင်ကြကုန်၏။”

ဥပမာဆိုရပါမူ ခွေးမိုက်တို့သည် မိမိ၏ ပမာဏကို မသိကြသောကြောင့် ဆင်ကျောက်ကုန်းထက်တွင် ထီးဖြူကိုဆောင်းကာ စံနေတော်မူကြသည့် မင်းသားငယ်တို့ကို ဟောင်ကုန်သကဲ့သို့တည်း။

ဟူ၍ တုံ့ပြန်ကဲ့ရဲ့ ရှုတ်ချကြကုန်၏။

ဤသို့လျှင် လူဘိုသည် အကြင်သူတို့ကို ရည်ရွယ်၍ ကဲ့ရဲ့ရှုတ်ချခြင်းကို ပြုကြကုန်၏၊ ကဲ့ရဲ့ရှုတ်ချမှုကို ခံကြရသော ထိုလူတို့သည်လည်း ကဲ့ရဲ့ရှုတ်ချကြကုန်သော ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချသောစကားကို ကြားသိကြပြီး ထိုကဲ့ရဲ့ရှုတ်ချကြသောသူတို့ကို အမျက်ထွက် စိတ်ဆိုးကြကာ တဖန်တုံ့ပြန် ကဲ့ရဲ့ရှုတ်ချကြပြန်၏၊ အဘယ်သို့ ကဲ့ရဲ့ရှုတ်ချကြသနည်းဟူမူ—

“ဤလူတို့သည် မိုက်မဲတွေဝေကြကုန်၏၊ အ,ကြကုန်၏၊ သူတပါးတို့ ဆွဲဆောင်မှုကို ခံရကုန်ပြီး ဘုရားရှင်၏ ဥပါသကာ ဒါယကာများဖြစ်ကြပါလျက်လည်း မြတ်ဘုရား သာသနာတော်အား အကျိုးရှိသည် မရှိသည်ကို မသိကြဘဲ ကြောင့်ကြမဲ့ နေကြကုန်လတ္တံ့၊ စွမ်းအားရှိသမျှ အလှူဒါနကို ပေးလှူကြသော်လည်း” —

"အလှူဒါနကို ရွေးချယ်စိစစ်၍ ပေးလှူအပ်၏၊
အကြင်သံဃာ၌ ပေးလှူအပ်သော အလှူဝတ္ထုသည်
များမြတ်သောအကျိုး ရှိ၏"

အစရှိသည်ဖြင့် (ပေတဝတ္ထု၊ ပဋ္ဌကောသ်လာ) တရားဒေသနာတော်ကို ကောင်းစွာ မအောက်မေ့ကြပဲ အလှူခံ ပုဂ္ဂိုလ်တို့၏ ကောင်းမှုမျိုးစေ့တို့ စိုက်ပျိုးရာ လယ်မြေကောင်း အဖြစ်ကို မသိကြမူ၍ ထင်ရာမြင်ရာ ပေးလှူကြကုန်၏။

တနည်း ငြိမ်သက်တည်ကြည်ခြင်း ဣန္ဒြေ ရှိတော်မူသည့် သီလဝန္တ သူတော်ကောင်း မထေရ်မြတ်တို့ကို ကျော်ခိုင်း၍ အကြင် ပုဂ္ဂိုလ်တို့သည် မိမိ ဂိုဏ်းတော်သားများ ဖြစ်ကြကုန် ၏၊ မိမိအိမ်သို့လည်း လာရောက်တတ်ကြကုန်၏။ မိမိတို့ ဆရာ သမားလည်း ဖြစ်ကြကုန်၏၊ မိမိတို့နှင့်လည်း ချစ်ကျွမ်း ဝင်ကြ ကုန်၏၊ ထို ပုဂ္ဂိုလ်တို့ကိုသာ ရွေးချယ်၍ အလှူဒါနကို ပေး လှူကြကုန်၏၊ ထိုလူတို့သည် သိက္ခာပုဒ်ကို ကျူးလွန်၍ ယုတ် မာသည့် ဤအလဇ္ဇီပုဂ္ဂိုလ်တို့ကိုလည်း လှူဒါန်း ချီးမြှောက် ထိုက်သည်ဟု မှတ်ထင်ကြလေသည်။

ဤ အလဇ္ဇီပုဂ္ဂိုလ်တို့ကို ပေးကမ်း လှူဒါန်းခြင်းသည် များမြတ်သော အကျိုးအာနိသင် ဘယ်နည်းနှင့်မျှ မရှိနိုင် ကြပါ။

ဥပမာအားဖြင့် ပြဆိုရပါမူ ကျွမ်းကျင်လိမ္မာခြင်း မရှိကြ သည့် လယ်ထွန်ယောကျ်ား လယ်သမားတို့သည် လယ်ယာ မြေကောင်း မကောင်းကို မသိကြသောကြောင့် ကောင်းမွန် သည့် လယ်မြေကို ချန်လှပ်ပြီး မကောင်းသော လယ်မြေ၌

သာ စိုက်ပျိုးကြသဖြင့် ကောက်မျိုးစေ့တို့သည် အကျိုး မများ မဖြစ်ထွန်းလေသကဲ့သို့တည်း။

"ဤ အလဇ္ဇီပုဂ္ဂိုလ်တို့အား ပေးကမ်းလှူဒါန်းခြင်းသည် များစွာအတ်သော အကျိုးအာနိသင် မရှိသည်သာ မဟုတ်ပါ၊ ငင်စခံမှာ ဤလူဒါယကာတို့သည် ကောသရာခြသေ့မှ ပိုးတို့သည် ယင်းခြသေ့ကို ဖျက်ဆီးသကဲ့သို့ မိမိ၏ အားထားမှီခိုရာကို ဖျက်ဆီးကြသည့် သာသနာတော်၏ အမှိုက်သရိုက်များ ဖြစ်ကြသည့် မြတ်စွာဘုရား၏ သားဆိုး သားမိုက်တို့ကို ချီးမြှောက် ထောက်ပံ့ကြသောကြောင့် အလဇ္ဇီပုဂ္ဂိုလ်တို့ကို ချီးမြှောက်တတ်သော ပုဂ္ဂိုလ်များလည်း ဖြစ်ကြလေသည်။ ထိုလူတို့သည် အလဇ္ဇီပုဂ္ဂိုလ်တို့နှင့် တူသောဆန္ဒလည်းရှိကြပြီး မြတ်ဘုရား၏ သာသနာတော် ဆုတ်ယုတ်အောင် အားထုတ်ကြိုးပမ်းကြ၍ များစွာသော မကောင်းမှု အကုသိုလ်တို့ကို ပွါးစေကြကုန်၏။

ဥပမာဆိုရပါမူ သားမုဆိုး၏ သားလိုက်အမဲလိုက်ခွေးတို့ကဲ့သို့ မကောင်းမှု အကုသိုလ်တို့ကို ပွါးစေကြသကဲ့သို့တည်း။

ဆိုခဲ့သည့်အကြောင်းများကြောင့် ပျက်စီးခြင်းသို့ ရောက်ကြရပုံ

ဤသို့လျှင် ထိုလူတို့သည် အချင်းချင်း ကဲ့ရဲ့ရှုတ်ချကြ အမျက်ထွက် စိတ်ဆိုးကြ ရန်ငြိုးဖွဲ့ကြ ဆဲရေးတိုင်းထွာကြ ရေရွတ်ကြကုန်၍ မိမိ မိမိတို့၏ ဆရာဖြစ်သော ဒုဿီလပုဂ္ဂိုလ်တို့ကိုလည်း သီလဝန်ပုဂ္ဂိုလ် သူမြတ်တို့ကဲ့သို့ အောက်မေ့မှတ်

ထင်ကြပြီး ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူး ထောမနာပြုကြကာ ချီးမြှောက်ကြကုန်၏၊ သီလနှင့်ပြည့်စုံ၍ ငြိမ်သက်သော ဣန္ဒြေရှိတော်မူကြသည့် အခြားဂိုဏ်းမှ သူတော်ကောင်း ရဟန်း ပုဂ္ဂိုလ်တို့ကိုလည်း ဒုဿီလပုဂ္ဂိုလ်တို့ကဲ့သို့ အောက်မေ့မှတ်ထင်ကြကာ အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့် ကဲ့ရဲ့ရှုတ်ချကြကုန်၏၊ မိမိ မိမိတို့၏ ဆရာသမားများထံ၌လည်း အခြားဂိုဏ်းဝင် ရဟန်းတို့၏ အပြစ်ကြီး အပြစ်ငယ်ကို ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြောကြားကုန်၏၊ကတုန်းကတိုက် ချောပစ်ကုန်းတိုက်ခြင်းကိုလည်း ပြုလုပ်ကြကုန်၏၊ ငြိမ်သက်သော ဣန္ဒြေရှိတော်မူကြသော သူတော်ကောင်းပုဂ္ဂိုလ်များ ဖြစ်တော်မူကြသည့် ထေရ၊ နဝ၊ မဇ္ဈိမ ရဟန်းတော်အရှင်မြတ်တို့၌လည်း ပြစ်မှားသောစိတ် အမျက်ထွက်သောစိတ် ရှိကြကာ များစွာသော မကောင်းမှု အကုသိုလ်တို့ကို ပွါးစေကြကုန်၏၊ စင်စစ် အားကိုးအားထားရာဖြစ်သည့် ဘုရားရှင် သာသနာတော်ကို အကြောင်းပြု၍ ကြီးစွာသော ဘေးရန်ကို ရရှိကြပြီး ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့ ဖြစ်ကြရကုန်သည်။

ဤသို့လျှင် ဤသီဟိုဠ်ကျွန်း၌ သီမာသက်ရေဝါဒီဂိုဏ်း, အသက်ရဝါဒီဂိုဏ်းဟူ၍ ကွဲပြားခြင်းသို့ ရောက်ကြကုန်သည့် ပုဂ္ဂိုလ်အချို့တို့ကို အကြောင်းပြုလျက် လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ် အားလုံးတို့သည်လည်း အသီးအသီး နှစ်အုပ်စု သုံးအုပ်စု ဂိုဏ်းကွဲကြပြီး အချင်းချင်း အမျက်ထွက်ကြ၊ ရန်ငြိုးဖွဲ့ကြ၊ အချင်းချင်း ကဲ့ရဲ့ရှုတ်ချကြလေသည်၊ ငြိမ်သက်

သော ဤလောကြွေ ရှိတော်မူ၍ သိလရှိတော်မူကြသည့် မထေရ်ကြီး မထေရ်ငယ်တို့၌လည်း အမျက်ထွက်သောစိတ် ပြစ်မှားသော စိတ်ရှိကြကာ များစွာသော မကောင်းမှု အကုသိုလ်တို့ကို ပွါးစေကြပြီး ပျက်စီးခြင်း အထူးအားဖြင့် ပျက်စီးခြင်းသို့ ရောက်ကြရပါတော့သည်။

(အရှင်မြွတ်တို့ဘုရား)ဤလက်ာဒီပသီဟိုဠ်ကျွန်း၌ အချင်းချင်း ခိုက်ရန်ဖြစ်ကြ၊ငြင်းခုံခြင်းသို့ ရောက်ကြ၊ဆန့်ကျင်သော စကားကို ပြောဆိုကြသည့် ပုဂ္ဂိုလ်အချို့တို့ကို အကြောင်းပြု၍ အားလုံးသော ရဟန်းရှင်လူတို့သာ နှစ်အုပ်စု သုံးအုပ်စု အစိတ်စိတ် အမွာမွာ ကွဲကြသည် မဟုတ်ပါ၊ စင်စစ်မှာ ထိုပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ နတ်တို့လည်း ကွဲပြားကြပါသည်။

နတ်တို့ ကွဲကြပုံမှာ – လူတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ကြ အမျက်ထွက်ကြပြီး နှစ်အုပ်စု သုံးအုပ်စုဖြစ်ကာ ကွဲကြသကဲ့သို့ ထိုအတူပင် နတ်တို့တွင်လည်း ရှေးဦးစွာ လူတို့အား စောင့်ရှောက်နေကြသည့် ကိုယ်စောင့်နတ်တို့သည် မိမိ မိမိတို့ စောင့်ရှောက်ကြသည့် လူတို့အလိုအား လျော်စွာ လူတို့ နှစ်သက်ကြသည့် အားလျော်စွာ ဘတုလိုက်ကြပြီး နတ်တို့အချင်းချင်း ခိုက်ရန်ဖြစ်ကြ အမျက်ထွက်ကြကာ နှစ်အုပ်စု သုံးအုပ်စု အစိတ်စိတ် အမွာမွာ ကွဲကြပြန်ပါသည်။

ထို့နောက် ထိုကိုယ်စောင့်နတ်တို့ ကွဲကြပုံကို တဆင့်ကြားသိကြသည့် ရုက္ခစိုးနတ် အာကာသစိုး နတ်တို့သည်လည်း မိမိ မိမိတို့ ချစ်ကျွမ်းဝင်ကြသည့် အားလျော်စွာ အလိုဆန္ဒ အားလျော်စွာ မလေ့စရိုက် အားလျော်စွာ အလိုအဇ္ဈာသယ

အားလျော့စွာ အသီးအသီး အစုအစု ကွဲကြကာ အချင်းချင်း ငြင်းခုံခြင်း၊ ဆန့်ကျင်သော စကားကို ပြောဆိုခြင်းများကို ပြုလုပ်ကြလျက် များစွာသော မကောင်းမှု အကုသိုလ်တို့ကို တိုးပွါးစေပြီး ပျက်စီးခြင်းသို့ ရောက်ကြရပြန်သည်။

ထိုနောက် ထိုဘုမ္မစိုး ရုက္ခစိုး နတ်တို့ကွဲကြပုံကို တဆင့်ကြားသိကြကုန်သော အထက်နတ်တို့သည်လည်း စာတုမဟာရာဇ် နတ်များကို အစပြု၍ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင် နှစ်အုပ်စု သုံးအုပ်စု အစိတ်စိတ် အမွှာမွှာဖြစ်ကာ ကွဲကြပါတော့သည်။

ဥပမာဆိုရပါမူ– ကောသမ္ဗကခန္ဓကလာ ကောသမ္ဗီပြည်သား ရဟန်းများတို့ ကွဲပြားကြခြင်းနှင့် တူကြပါသည်။

(အရှင်မြတ်တို့ဘုရား တပည့်တော်) ယခု လျှောက်ထားခဲ့သည်များမှာ (အရှင်မြတ်တို့၏) လက်ဒီပသီဟိုဠ်ကျွန်း၌ ရဟန်းတော်များ အစိတ်စိတ် အမွှာမွှာ ဂိုဏ်းကွဲကြခြင်းကို အစွဲပြု၍ သီဟိုဠ်ကျွန်း သာသနာ အားနည်းခြင်းသို့ ရောက်ခြင်းအကြောင်းများ ဖြစ်ပါသည်ဘုရား။

လျှောက်ထား တောင်းပန်လွှာ

(အရှင်မြတ်တို့ဘုရား တပည့်တော် ယခု ထပ်မံ လျှောက်ထားလိုသည့် စကားမှာ အရှင်မြတ်တို့၏) ဤလက်ဒီပ သီဟိုဠ်ကျွန်း၌ အစိတ်စိတ် အမွှာမွှာ ဂိုဏ်းကွဲကြသော ထိုရဟန်းတော်အရှင်မြတ်တို့ အချင်းချင်း ညီညွတ်ကြပါ

စေခြင်းငှါ တရားဟောခြင်း အဆုံးအဖြတ်လည်း ပေးကာ လျော်ကြောင်းပန်လှာ ဖြစ်ပါသည်ဘုရား။

လျော်ကြောင်းပန်ပုံကား အဘယ်သို့ပါနည်းဟူမူ—

လင်္ကာဒီပသီဟိုဠ်ကျွန်းတွင် သီတင်းသုံးတော်မူကြသော မထေရ်ကြီး မထေရ်ငယ် ဖြစ်တော်မူကြသည့် သက်တော်ရှည် အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် ဤသို့ ရဟန်းတော်တို့ အချင်းချင်း ငြင်းခုံကြခြင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်ကြခြင်း၊ ဆန့်ကျင်သော စကားကို ပြောဆိုကြခြင်းကို ပြုလုပ်ကြသဖြင့် အုပ်စုအမျိုးမျိုး ကွဲခြင်းကို အကြောင်းပြုလျက် နတ်နှင့်တကွ လူအပေါင်း သဒ္ဓါဝါဒါသွားတို့ အပြစ်ဖြစ်ကြရသည်တို့ကို ရှုမြင်ကြပြီး အဖန်ဖန် အောက်မေ့ သတိပြုတော်မူကြကာ—

"ငါတို့ကို ကိုးကွယ်ဆည်းကပ်ကြသည့် ငါတို့ကို လုပ်ကျွေးပြုစုကြသည့် နတ်နှင့်တကွသော လူတို့သည် ဘုရားရှင်၏ သာကီဝင်မင်းသား အနွယ်ဖြစ်၍ ငြိမ်သက် တည်ကြည်သော ဣန္ဒြေရှိကြသည့် သူတော်ကောင်းဟု သမုတ်ခံထားသည့် ငါတို့ကဲ့သို့သောသူများကို အကြောင်းပြု၍ အဘယ်ကြောင့် များစွာကုန်သော မကောင်းမှုအကုသိုလ်တို့ကို တိုးပွါးစေကုန်အံ့နည်း"။

အကြင်ဆိုခဲ့သည့်အကြောင်းကြောင့် နတ်နှင့်တကွသော ဤလူတို့သည် ငါတို့ကို ကိုးကွယ်ဆည်းကပ်ကြ၊ ငါတို့ကို ပြုစုလုပ်ကျွေးကြပါကုန်လျက် ငါတို့ကိုပင် အကြောင်းပြု၍ အချင်းချင်း ခိုက်ရန်လည်းဖြစ်ကြ၊ ငြင်းခုံကြ၊ ဆန့်ကျင်သော

စကားကိုလည်း ပြောဆိုကြပြီး ဆေရ၊ နဝ၊ မဇ္ဈိမ ဖြစ်ကုန်သော ရဟန်းတော် အရှင်မြတ်တို့၌လည်း ပြစ်မှားသော စိတ်ဖြင့် ကဲ့ရဲ့ရှုတ်ချခြင်းကို ပြုလုပ်ကြကာ များစွာသော မကောင်းမှု အကုသိုလ်တို့ကို တိုးပွါးစေလျက် အပါယ်ဘုံတို့၌ ကျရောက်ကြကုန်ရာ၏၊ ယင်းသို့ ကျရောက်ရခြင်းသည် စင်စစ် မသင့်လျော်သည်သာတည်း။

အမျိုးကောင်းသားများဖြစ်ကြသည့် ငါတို့သည် သံသရာဝဋ်မှ လွတ်မြောက်ရန် အကျိုးငှါ လူ့ဘောင် လူ့ဘဝကို စွန့်ခွါကြ၍ ရဟန်းဘောင် ရဟန်းဘဝသို့ ဝင်ရောက်ကြကာ ရဟန်းပြုခဲ့ကြပါကုန်၏၊ ယင်းသို့ သံသရာဝဋ်မှ လွတ်မြောက်ရန် အကျိုးငှါ ရဟန်းပြုခဲ့ကြပါသော်လည်း ယိုသံသရာဝဋ်မှ လွတ်မြောက်ရန်အကျိုးငှါ ကြိုးပမ်းအားထုတ်ခြင်း မပြုကြမူ၍ အချင်းချင်း ခိုက်ရန်ဖြစ်ကြ၊ ငြင်းခုံကြ၊ ဆန့်ကျင်သော စကားကို ပြောဆိုကြကုန်လျက် များစွာသော အကုသိုလ်တို့ကို တိုးပွါးစေကြပြီး ငါတို့နောက်လိုက် လူအပေါင်းတို့နှင့်တကွ အပါယ်ဘုံတို့၌ ကျရောက်ရပေကုန်ဘော့အံ့ဟု ကောင်းစွာ နှလုံးပိုက်တော်မူကြကာ–

ယင်းသို့ကျရောက်ရခြင်းသည် စင်စစ် မသင့်လျော်ပါပေ၊

"မကောင်းမှု အကုသိုလ်တို့ကို ပြုသောသူမိုက်သည် ထိုပြုသောအခါ၌ မသိ၊ ပညာမဲ့သူသည် ထိုမိမိပြုသော မကောင်းမှု ကံတို့ကြောင့် မီးလောင်သောသူကဲ့သို့ ပူပန်ရ၏"

ဟု (ဓမ္မပဒပါဠိတော်၌) ဟောတော်မူအပ်သော စကားကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်တော် မူကြပါဘုရား၊

သတိထားတော်မူကြပါဘုရား၊ သံဃာကွဲပြားရန်နှင့် သံဃာကွဲပြားရန် အကြောင်းတို့ကို လုံ့လပြုသော ရဟန်း၏ အလွန်ကြီးမားသော အပြစ်ရှိသည်၏ အဖြစ်ကို အောက်မေ့ဆင်ခြင်တော် မူကြ၍ သံဃာကွဲပြားခြင်းကို ဖြစ်စေတတ်သည့် ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ကောလာဟလ ပြောခြင်း၌ မွေ့လျော်ခြင်းတို့ကို မဖြစ်ကြစေမူ၍ –

'သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊

စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏"

ဟု (ဓမ္မပဒပါဠိတော်၌) ဟောတော်မူထားသည့် စကားကို နှလုံးသွင်းတော်မူကြကာ သံဃာ၏ ကောင်းမြတ်ပါစေခြင်း၊ ချမ်းသာပါစေခြင်းအကျိုးငှါ လင်္ကာဒီပ သီဟိုဠ်ကျွန်းတွင် သီတင်းသုံးတော်မူကြသည့် ရဟန်းတော် အရှင်မြတ်အားလုံးတို့၏ ညီညွတ်တော်မူကြခြင်းကို လိုလား တောင့်တတော်မူကြလော့၊ ယင်းသို့ ညီညွတ်တော်မူကြခြင်း အကျိုးငှါသာကို ငမ်းအားထုတ်တော်မူ၍ –

"အမျက်ထွက်သောသူကို မေတ္တာ တရားဖြင့် အောင်ရာ၏၊

မကောင်းသော သဘောရှိသူကို ကောင်းသော သဘောဖြင့် အောင်ရာ၏"

ဟု (ဓမ္မပဒပါဠိတော်၌) ဟောတော်မူသော စကားတော်ကို အောက်မေ့ဆင်ခြင်တော်မူကြပါလော့။

မိမိအပေါ် အမျက်ထွက်သော ပုဂ္ဂိုလ်များနှင့် သူတော်ကောင်းမဟုတ်သော ပုဂ္ဂိုလ်တို့ကို အောင်နိုင်ရန်အတွက် ထိုပုဂ္ဂိုလ်တို့အပေါ် တရံတခါမျှ ဒေါသအမျက် မထွက်ကြစေပဲ မိမိကိုယ်ကိုလည်း သူတော်ကောင်း မဟုတ်သော အဖြစ်သို့ မရောက်စေမူ၍—

"သူတပါးတို့၏ မလျော်သော အပြစ် အနာအဆာတို့ကို မကြည့်ရှုရာ၊ သူတပါးတို့၏ ကောင်းမှုမကောင်းမှုကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု မကောင်းမှုကိုသာလျှင် ကြည့်ရှုရာ၏"

ဟု (ဓမ္မပဒပါဠိတော်၌) ဟောတော်မူထားသည့် စကားအားလျော်စွာ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြု-မပြုသောအပြစ်ကို မကြည့်ရှုမူ၍ မိမိ၏ ကောင်းမှု မကောင်းမှု ပြု-မပြုသောအပြစ်ကိုသာ ကြည့်ရှုတော်မူကြပါလော့၊ ထိုသို့ သဘောရှိသော အပြစ်ဖြင့် မိမိကိုယ်ကို တရံတခါမျှ မညှိုးနွမ်းစေမူ၍—

"ဤလောက၌ လူမိုက်တို့သည် ငါတို့ သေကြရလိမ့်မည်ဟု မသိကြကုန်သောကြောင့် ခိုက်ရန်ငြင်းခုံခြင်းတို့သည် မပြေငြိမ်းကြကုန်၊ ဤလောက၌ ပညာရှိတို့သည် ငါတို့ သေကြလိမ့်မည်ဟု သိကြသောကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် ပြေငြိမ်းကုန်၏"

ဟု (ဓမ္မပဒပါဠိတော်၌) ဟောတော်မူထားသည့် အဆုံးအမစကားကို လွန်စွာ ကြည်ညိုတော်မူကြပါလော့၊ ထိုအဆုံးအမစကားတော်နှင့် မသင့်တော် မလျောက်ပတ်သည့် ငြင်းခုံခြင်းများကို အကြွင်းမဲ့ ငြိမ်းအေးပါစေခြင်းငှါ—

"ယခုအခါ၌ ငါတို့သည် အချင်းချင်း ငြင်းခုံကြခြင်း၊ ဆန့်ကျင်သောစကားကို ပြောဆိုကြခြင်းတို့ကို ပြုလုပ်လျက်ပင် ရှိကြကုန်၏။ ယနေ့သော်ရင်း၊ နက်ဖြန်သော်ရင်း၊ သဘက်ခါသော်ရင်း၊ အမှတ်မရှိသောနေ့၌သော်ရင်း၊ အမှတ်မရှိသော အခါကာလ၌သော်ရင်း၊ မကြာမြင့်သောကာလ၌ပင်လျှင် ကုစား၍ မရနိုင်သော တစ်စုံတစ်ခုသော ကနာရောဂါ၏ နှိပ်စက်ခြင်းကို ခံရသဖြင့် ဆင်းရဲခြင်းသို့ရောက်ကာ ပြင်းစွာ မကျန်းမာဖြစ်ကြရပြီး သေမင်းခံတွင်းသို့ သက်ဆင်း ဝင်ရောက်ကြရကုန်အံ့"။

"ဥပမာအားဖြင့် ပြဆိုရပါမူ သားသမင်တို့သည် အချင်းချင်း စစ်ထိုးကြသဖြင့် သားမင်းဖြစ်သော ကျား၏ခံတွင်းသို့ သက်ဆင်း ဝင်ရောက် ကြရကုန်သကဲ့သို့ရင်း၊ ကြွက်တို့သည် အချင်းချင်းကိုက်ကြသဖြင့် ကြောင်ပါးစပ်တွင်း သက်ဆင်း ဝင်ရောက်ကြရကုန်သကဲ့သို့ရင်း၊ ထို့အတူ သေမင်းပါးစပ်တွင်းသို့ သက်ဆင်းဝင်ရောက်ကြရကုန်အံ့"။

ဤသို့ကောင်းစွာ ဆင်ခြင်တော်မူကြကာ—

"ဤလောက၌ သတ္တဝါတို့သည် အကြင်ကောင်းမှု မကောင်းမှု နှစ်ပါးတို့ကို ပြု၏၊ ထို ကောင်းမှု မကောင်းမှုသည်သာလျှင် ထိုသူ၏ ဥစ္စာဖြစ်၏၊ ထို ဥစ္စာကိုသာလျှင် ယူ၍သွား၏"

ဟူ၍ရင်း—

"သူတော်ကောင်း တရား နှင့် မသူတော် တရား ဤတရား ၂-ပါးတို့သည် အကျိုးပေး မတူကြကုန်။

မှန်၏၊ မသူတော်တရားသည် ငရဲသို့ပို့ဆောင်တတ်ပြီး သူတော်ကောင်းတရားသည် နတ်ရွာသုဂတိသို့ရောက်စေတတ်၏”

ဟူ၍ရင်း (သံယုတ်ပါဠိတော်၊ ဇာတ်ပါဠိတော်တို့၌) ဟောတော်မူအပ်သော ဒေသနာ အားလျော်စွာ–

“ ငါတို့သည် အကြင်အကြင် ယုတ်မာသော မကောင်းမှု အကုသိုလ်တို့ကို ရှာဖွေ ပြုလုပ်မိကြကုန်၏၊ ထိုထိုမကောင်းမှု အကုသိုလ်ကံတို့သည် ငါတို့ကို အပါယ်ဘုံတို့၌ အမှန်မုချ ကျရောက် စေကြပါလိမ့်မည်”

ဟု ကောင်းစွာ နှလုံးသွင်းတော် မူကြပါ၊ ထိတ်လန့်ခြင်း သံဝေဂလည်း ယူတော်မူကြပြီး ထိုသို့ သဘော ရှိသော အပါယ်ဘုံဘဝကို ဖြစ်စေနိုင်သည့် ယုတ်မာသော မကောင်းမှု အကုသိုလ်ကံတို့မှ အထူးအားဖြင့် လွတ်မြောက်စေခြင်းငှါ သတိပြုတော်မူကြပါဘုရား။

မိမိနှင့် စပ်လျဉ်းသော အကြောင်းကြောင့် သော်ရင်း၊ မိမိ နှင့် မစပ်လျဉ်းသော အကြောင်းကြောင့် သော်ရင်း၊ သံဃာကွဲပြားခြင်းနှင့် သံဃာကွဲပြားခြင်း၏ အကြောင်းများ မဖြစ်ပေါ်ရအောင် ကြိုးပမ်းဆောင်ရွက်တော်မူကြပါဘုရား။

ထိုကဲ့သို့ သံဃာကွဲပြားခြင်းကို ဖြစ်စေတတ်သည့် ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ ဆန့်ကျင်သော စကားကို ပြောဆိုခြင်း၊စကားများခြင်း၊ သံဃာအဓိကရုဏ်းဖြစ်အောင် ပြုခြင်း

တို့ကို တကြိမ်တခါမျှပင် ဖြစ်ပွါးခြင်းမရှိရအောင် ကြိုးပမ်းတော်မူကြပါဘုရား။

မိမိရော သူတပါးပါ စင်စစ်အားဖြင့် အားကိုးရာမဲ့ကို ပြုတတ်သည့် သံသာကျွဲပြားခြင်း အကြောင်း ဧာစ်မြစ်ဖြစ်သော မြုံမြံစွာ စွဲလမ်းရှိယူခြင်း မိမိအယူကို စွန့်လွှတ်နိုင်ခဲခြင်း ဟူသော ထုံ ၂-မျိုးသော အလွန်ယုတ်မာမှုများကို အထူးအားဖြင့် နှင်ထုတ်ခြင်း၊ ပယ်ထုတ်ခြင်းများကို ပြုတော်မူကြပါဘုရား။

လက်ာဒိပ သီဟိုဠ်ကျွန်းတွင် သိတင်းသုံးတော်မူကြသည့် ဥပါလိအဆက်အနွယ် (ဥပါလိဝံသိက) ဂိုဏ်း၊ မြန်မာရဟန်းတော်များ အဆက်အနွယ်(မြမ္မဝံသိက)ဂိုဏ်း၊ သိမ်ချင်း ရောစပ်ခြင်းကြောင့် ကံမမြောက်ဟု ယူဆသော (သက်ရဝါဒီ) ဂိုဏ်း၊ သိမ်ချင်း ရောစပ်ခြင်းမရှိသဖြင့် ကံမပျက်ဟု ယူဆသော(အသက်ရဝါဒီ)ဂိုဏ်း၊ခိုင်မြဲအောင်သိက္ခာထပ်သင့်၏ဟု ယူဆသော (ဒဠှီကမ္မဝါဒီ)ဂိုဏ်း၊ သိက္ခာထပ်ရန်မလိုဟု ယူဆသော (အဒဠှီကမ္မဝါဒီ) ဂိုဏ်းတို့မှ မထေရ်ကြီး၊ မထေရ်ငယ် အရှင်မြတ်များနှင့် မမြင်ဘူးမတွေ့ဘူးပဲ ခင်မင်မြတ်နိုးတော်မူကြသော (အဒိဋ္ဌပိယမိတ္တ) ပုဂ္ဂိုလ်၊ မြင်ဘူးတွေ့ဘူးသဖြင့် ခင်မင်မြတ်နိုးတော်မူကြသော (ဒိဋ္ဌပိယမိတ္တ) ပုဂ္ဂိုလ်၊ မြတ်နိုးအပ် ကြည်ညိုလေးစားအပ်သော ဆရာတော်အရှင်သူမြတ်တို့ဘုရား၊ အရှင်ကောင်း အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီး စည်ပင်ပြန့်ပွါး တိုးတက်မှု နှင့် သံဃာတော် အရှင်မြတ်တို့၏ ညီညွတ်တော် မူကြပါရန် မကောင်းမှုမှ ရှက်တတ်ခြင်း၊ သိက္ခာသုံးပါးကို လိုလားခြင်း၊

ငြိမ်သက် တည်ကြည်သော ဣန္ဒြေရှိခြင်း၊ သူတော်ကောင်း ပုဂ္ဂိုလ်ဖြစ်ခြင်းဟု ဆိုအပ်သော ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသည့် သူတော်ကောင်းပုဂ္ဂိုလ် အရှင်မြတ်တို့နှင့် ဆန့်ကျင်ခြင်းမရှိ၊ လျော်ကန် သင့်မြတ်သည့် နည်းဖြင့် သာလျှင် ကောင်းစွာ ကျင့်သုံးတော်မူနိုင်ကြပါစေသတည်း။

မည်သို့ကျင့်သုံးရပါမည်နည်း

လက်ဘဒ္ဒိပ သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော် မူကြသော သံဃာ ညီညွတ်မှုကို အလိုရှိတော်မူကြသည့် အချင်းချင်း ငြင်းခုံခြင်း၊ ဆန့်ကျင်သောစကားကို ပြောဆိုခြင်းကို ပြုတော်မမူလိုကြသည့် အရှင်မြတ်တို့နှင့် တပည့်တော် တောင်းပန်လျှောက်ထားသည့်အတိုင်း အတုလိုက်၍ ကျင့်သုံးလိုတော်မူကြသည့် မသေရ်ကြီး၊ မထေရ်ငယ် အရှင်မြတ်တို့သည် ဤသို့ ကျင့်သုံးတိုက်ကြပါသည် ဘုရား။

ကျင့်သုံးပုံကို အကျယ်ရှင်းလင်း လျှောက်ထားရပါမူ ဤသီဟိုဠ်ကျွန်း၌ ဥပါလိ အဆက်အနွယ် ဖြစ်တော်မူကြသည့် မထေရ်ကြီး၊ မထေရ်ငယ် ရဟန်းတော် အရှင်မြတ်တို့သည် မြန်မာအဆက်အနွယ် ဖြစ်တော်မူကြသည့် ရဟန်းတော်အရှင်မြတ်တို့နှင့် ပဌမမူလအစ ရှေးဦး ကာလ၌သာ ဂိုဏ်းချင်းမတူပဲ တသီးတခြားဖြစ်နေကြပါသည်။ ထိုသို့ပင် ဂိုဏ်းချင်း မတူ တသီးတခြား ဖြစ်နေကြပါသော်လည်း ထိုရဟန်းတော်အရှင်မြတ်တို့ ဂိုဏ်းကွဲကြခြင်းမှာ ဆရာအဆက်ဆက် ဆောင်တော်မူအပ်သော အာဂုံ၌ဌအဆက်အနွယ်ကိုသာ အကြောင်းပြု၍ ကွဲပြားကြခြင်း ဖြစ်ပါသည်။ တစုံတခုသော ခိုက်ရန်ဖြစ်ခြင်း

ဆန့်ကျင်သော စကားကို ပြောဆိုခြင်းကို အကြောင်းပြု၍ ဂိုဏ်းကွဲကြခြင်း မဟုတ်ပါ၊ ထို့ကြောင့် ထိုဥပါလိ အဆက် အနွယ် ဖြစ်တော်မူကြသည့် ရဟန်းတော် အရှင်မြတ်တို့နှင့် မြန်မာအဆက်အနွယ် ဖြစ်တော်မူကြသည့် ရဟန်းတော်အရှင် မြတ်တို့ အတူတကွ သံဃညီညွတ်မှု ရရှိရန်မှာ မဖြစ်နိုင်သည့် အကြောင်း တစုံတရာ မပေါ်ပေါက်ပါ၊ ယင်းသို့ ဖြစ်ပါ သောကြောင့် ထို ၂-ဘက်သော ဂိုဏ်းများမှ မထေရ် ကြီး၊ မထေရ်ငယ် အရှင်မြတ်တို့သည် ဤသို့ နှလုံးသွင်း တော်မူကြစေလိုပါသည်။

"ငါတို့ ဂိုဏ်းကွဲနေကြခြင်းမှာ ဆရာ စဉ်ဆက်ကို အကြောင်းပြု၍ ဂိုဏ်း သီးခြားဖြစ်ကာ ကွဲပြားနေကြ ခြင်းသာ ဖြစ်သည်၊ ယင်းသို့ တသီးတခြား ကွဲနေ ကြသော်လည်း ငါတို့သည် သာကီနွယ်ဖွား ဘုရား သားတော်များသာ ဖြစ်သဖြင့် ဘခင်တူသားများ ဖြစ်ကြပါသည်၊ (၁)တဦးတည်းသော အဖ ဘုရား သခင်၏ သားတော်များ ဖြစ်ကြပါသည်၊ သာကီဝင် အမျိုးအနွယ်အားဖြင့်လည်း အမျိုးတူ အနွယ်တူများ ဖြစ်ကြပါသည်၊ (၀)တခုတည်းသော အမျိုးအနွယ် ရှိကြသူများ ဖြစ်ကြပါသည်၊ ယင်းသို့ ဖြစ်သဖြင့် ဂိုဏ်းအားဖြင့်လည်း တူညီကြပါသည်၊ (၀) တခု တည်းသော ဂိုဏ်းရှိကြသူများသာ ဖြစ်ကြပါသည်"

ဟု နှလုံးသွင်းတော်မူကြပါဘုရား။

အရှင်မြတ်တို့ဘုရား....အရှင်မြတ်တို့သည် ဆိုခဲ့သည့်အတိုင်း နှလုံးသွင်းခြင်းကို ပြုတော်မူကြပြီး အခါခပ်သိမ်းပင် မိမိတို့

အချင်းချင်း မေတ္တာစိတ်ထားတော်မူကြစေလိုပါသည်၊ အရှင်မြတ်တို့သည် မိမိတို့ဆန္ဒအားလျော်စွာ လေ့ကျက်အပ်သည့် စရိုက်အားလျော်စွာ အလိုအဇ္ဈာသယအားလျော်စွာ နှလုံးသွင်းအားလျော်စွာ မိမိတို့ အယူအဆအားလျော်စွာ မိမိတို့ အချင်းချင်း တစုံတခုသော ဝိနည်းကျင့်ဝတ်များ၌ သဘောထားချင်း မတူကြပဲ ဆန့်ကျင်သောအရာများ ရှိခဲ့ပါကြွေးအံ့၊ မပြောပလောက်သည့် ဤနေရာမျိုးကို အကြောင်းပြု၍ အရှင်မြတ်တို့အချင်းချင်း–

"ဤအယူအဆသာသင့်၏၊ ဤအယူအဆကားမသင့်" ဟူ၍ ငြင်းခုံခြင်း၊ ဆန့်ကျင်သော စကားကို ပြောဆိုခြင်းများ ဖြစ်ခဲ့ပါကြွေးအံ့၊ ကေန်မချပင် အရှင်မြတ်တို့ အချင်းချင်း အမျက်ထွက် စိတ်ဆိုးကြကာ ရန်ငြိုးဖွဲ့ခြင်းများကို ပြုလုပ်ကြပြီး များစွာသော မကောင်းမှု အကုသိုလ်တို့သည် ပွါးကြကုန်ရာ၏၊ ယင်းသို့ ပွါးကြပါလျှင်လည်း ထိုပုဂ္ဂိုလ်တို့ကို အတုလိုက်ကြပြန်ကာ အထက်တွင် ဆိုခဲ့သည့်အတိုင်း များစွာသော ရဟန်းရှင်လူတို့သည်လည်း အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ မာန်ထောင်ခြင်း၊ အလွန်မာန်ထောင်ခြင်း၊ ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်းများကို ပြုလုပ်ကြပြီးလျှင် မိမိတို့ အချင်းချင်းနှင့် စပ်လျဉ်း၍ပင် များစွာသော မကောင်းမှု အကုသိုလ်တို့သည် တိုးပွါးကြကုန်ရာ၏၊ ထို့ကြောင့် ထိုသို့သဘောရှိသော အနည်းငယ်မျှလောက်သော သဘောထားချင်း မတိုက်ဆိုင်သည့်အရာဌာနမျိုး၌ ဆန့်ကျင်သောစကားကို ပြောဆိုခြင်း အနည်းငယ်မျှပင် မပြုပဲ အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း

ဆန့်ကျင်သောစကားကို ပြောဆိုခြင်း၊ သံဃာကွဲပြားခြင်း၊ သံဃာကွဲပြားရန် အကြောင်းပေါ်ခြင်းများ ဖြစ်နိုင်သောနည်းဖြင့် ကြိုးပမ်းဆောင်ရွက်တော်မူကြပြီး အခါခပ်သိမ်းပင် မာနအလံတံခွန်ကို မစိုက်ထောင်ပဲ ကိလေသာ မှုအညစ်အကြေးကို မလွှတ်ပဲ မကောင်းသော သတင်းအနံ့ကိုမလွှတ်ပဲ မကောင်းသော ဆန့်ကျင်မှု အခိုးအငွေ့များကို ငြိမ်းအောင် ကြိုးပမ်းတော်မူကြစေလိုပါသည်။

ထို့ပြင် မကောင်းသော ဆန့်ကျင်မှု အခိုးအငွေ့တို့ကို တရံတခါမျှလည်း မလွှတ်ကြပဲ အခါခပ်သိမ်းပင် အချင်းချင်း ချမ်းသာမှုကို အလိုရှိကြ တောင့်တတော်မူကြပြီး အကျိုးစီးပွါးကို လိုလားတော်မူကြကာ ယင်းအကျိုးစီးပွါးများကိုသာ ရှာဖွေတော်မူကြရန် ဖြစ်ပါသည်၊ ထို့ပြင် ဖြောင့်မတ်ခြင်း နူးညံ့ပြေပြစ်ခြင်းလည်း ရှိကြကုန်သည်ဖြစ်၍ သည်းခံခြင်း ဒိတ်ကောင်း နှလုံးကောင်းရှိခြင်း ဂုဏ်တို့နှင့်လည်း ပြည့်စုံအောင် ကျင့်သုံးတော်မူကြစေလိုပါသည်။

သံဃာ့ဥ္စကျွန်းတွင် သိတင်းသုံးတော်မူကြသည့် သက်တော်ရှည် အရှင်မြတ်တို့ဘုရား .... မထေရ်ကြီး မထေရ်ငယ်ဖြစ်တော်မူကြသည့် ဥပါလိ အဆက်အနွယ်ဂိုဏ်းမှ အရှင်မြတ်များ၊ မြန်မာရဟန်းတော်များ အဆက်အနွယ်ဂိုဏ်းမှ အရှင်မြတ်များ၊ တပည့်တော်များနှင့် ရှေးအခါက မြင်ဘူးတွေ့ဘူးသဖြင့် ချစ်ခင်မြတ်နိုးအပ်သည့် အရှင်သူမြတ်များ၊ မမြင်ဘူး မတွေ့ဘူးသော်လည်း ချစ်ခင်မြတ်နိုးအပ် လေးစားအပ်သည့် အရှင်သူမြတ်များ အားလုံးသော အရှင်မြတ်တို့သည် အချင်းချင်း ကြည်ညိုဖွယ်သော အမူအရာကို ပြတော်

မူကြလျက် အခါခပ်သိမ်းပင် ချစ်ခင်မြတ်နိုးသော မျက်စိဖြင့် ကြည့်ရှုတော်မူကြပြီး နို့နှင့်ရေ ရောနှောဘိသကဲ့သို့ ညီညွတ်တော်မူကြကာ ဘေးရန်ခပ်သိမ်း ကြောင့်ကြခပ်သိမ်း ကင်း ငြိမ်း၍ မိမိတို့ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာ ကျင့်သုံး တော်မူနိုင်ကြပါစေသတည်း။

မြန်မာ့ ဝံသိကဂိုဏ်းအတွင်း၌
ခိုက်ရန်ဖြစ်ကြပုံ

ဤသို့လျှင် မြန်မာရဟန်းတော်များ အဆက် အနွယ် ဂိုဏ်းဝင် ထေရ်ကြီး ထေရ်ငယ်အရှင်မြတ်တို့သည် ဥပါလိ အဆက်အနွယ်ဂိုဏ်းဝင် ထေရ်ကြီး-ထေရ်ငယ်အရှင်မြတ်တို့နှင့် ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်းများကို မပြုကြမူ၍ အချင်းချင်း ညီညွတ်တော်မူကြခြင်းအကျိုးငှါ ကျင့်သုံးကြပါသော်လည်း ရှေး၌ ဆိုခဲ့သည့်နည်းအတိုင်း မိမိတို့ ဂိုဏ်းအတွင်း၌ပင်လျှင် တခုသော မြစ်အတွင်းဝယ် တခုသော ဥပုသ်သိမ် တန်ဆောင်း ကို အကြောင်းပြု၍ ဂိုဏ်းကွဲပြားကြပါသည်၊ ဂိုဏ်းကွဲပုံမှာ –

"ဤဥပုသ်အိမ် သိမ် တန်ဆောင်းသည် ရွာဘင်းမှ စဘင်ပြီး မြစ်အတွင်းသို့ ထိအောင် တည်ဆောက် ထားသည့် သဝ်သားတံတားအနီး ရေယက်ရာ (ရေ တကျ) အရပ်၏အတွင်း၌ တည်ရှိခြင်းကြောင့် ဤ သိမ် တန်ဆောင်းသည် ဂါမသိမ်နှင့် ရောယှက်၏ ဟူ၍ ၎င်း၊ မရောယှက်ဟူ၍၎င်း"

ထိုသိမ်၌ ရှေးအခါကာလက ရဟန်းပြုခဲ့ကြသော ရဟန်းတော်များသည် မြင့်မြတ်သော ရဟန်းအဖြစ်

သို့ ရောက်၏ဟူ၍၎င်း၊ မရောက်ဟူ၍၎င်း ဆန့်ကျင်သော စကားကို ပြောဆိုကြကာ–ထိုဆန့်ကျင်သော စကားကိုပင် အစွဲပြု၍ သိမ်ချင်းရောယှက်၏ဟု ယူဆသော သက်ရဝါဒီဂိုဏ်း၊ သိမ်ချင်းရောယှက်ခြင်း မရှိဟု ယူဆသော အသက်ရဝါဒီဂိုဏ်း ဟူ၍ ဂိုဏ်း ၂မျိုး ကွဲကြခြင်း ဖြစ်ပါသည်။

ဆိုခဲ့သည့်အတိုင်း ဂိုဏ်း ၂မျိုး ကွဲကြသောကြောင့်ပင် ဤသီဟိုဠ်ကျွန်း၌ များစွာသော လူရှင်ရဟန်း ထေရ်ကြီး ထေရ်ငယ် အသွယ်သွယ်တို့သည် အချင်းချင်း အနိုင်မခံ အရှုံး မပေးလိုကြပဲ ငြင်းခုံခြင်း၊ ဆန့်ကျင်သောစကားကို ပြောဆိုခြင်းများကို ပြုလုပ်ကြကုန်၏၊ မိမိတို့ဘက်မှ အောင်မြင်နိုင်သည့် နည်းများကို ရှာဖွေတောင့်တကြကုန်၏၊ သို့ကြောင့် ထို ၂ဘက်သောဂိုဏ်းမှ ပုဂ္ဂိုလ်တို့သည် အခါခပ်သိမ်းပင် အချင်းချင်း စိတ်၏ ငြောင့်တံသင်းဖြစ်ကာ ဒေါသထွက်လျက် နေကြကုန်၏။

ဤသီဟိုဠ်ကျွန်း၌ သံဃာတော်အားလုံးကိုအုပ်ချုပ်တော်မူသည့် (သာသနာပိုင်) သံဃထေရ်နှင့် ရေမြေကို အစိုးရသည့် ဗုဒ္ဓဘာသာဝင် ဘုရင်မရှိပါ၊ ထို့ကြောင့် အကြောင်း တစုံတရာ ပြဿနာဘရပ်ကို သုတ္တန် အဘိဓမ္မာအရ၎င်း၊ ဝိနည်းတော်အရ၎င်း ဆုံးဖြတ်၍–

"သင်တို့သည် ဤအဆုံးအဖြတ်၌သာ တည်ကြရမည်(ဝါ) ဤအဆုံးအဖြတ်ကိုသာ နာခံကြရမည်၊ သင်တို့သည် ဆန့်ကျင်သော စကားကို ပြောဆိုကြကာ အချင်းချင်း ငြင်းခုံခြင်းများကို မပြုလုပ်ကြရ၊

အကယ်၍ သင်တို့သည် ဤအဆုံးအဖြတ်ကို နာခံခြင်း မပြုကြကုန်အံ့၊ သင်တို့အား ဤမည်သော အပြစ်ဒဏ်ကို ပြုကုန်အံ့၊ (ဝါ) သင်တို့သည် ဤမည်သော အပြစ်ဒဏ်ကို ခံကြရမည်''

ဟု လွှမ်းမိုး၍ ပြောဆိုနိုင်သည့် (ဝါ) စည်းကမ်း ဥပဒေနှင့် ညီစွာ အမိန့်ချမှတ်တော်မူနိုင်သည့်ဂုဏ်၊ အာဏာထားခြင်း ငှါစွမ်းနိုင်သည့်ဂုဏ်၊ အာဏာတော်ကို ပြန့်နှံ့စေနိုင်သည့်ဂုဏ်၊ ဝိနည်းအဆုံးအဖြတ်ကို ပေးစွမ်းနိုင်သည့်ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို မရနိုင်ပါ၊ ဤသို့သဘောရှိသော အာဏာထားနိုင်သည့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို ထား၍ အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်တို့ကို–

"သင်တို့သည် ဤသို့သဘောရှိသည့် ဟုတ်မှန်သော တရားအဆုံးအဖြတ်၌ တည်ကြကုန်လော့"

ဟုဆို၍ ဟုတ်မှန်သော တရားအဆုံးအဖြတ်ကို ပေးကုန်သော်လည်း သီဟိုဠ်ကျွန်းတွင် သီတင်းသုံးတော်မူကြသည့် ၂-ဘက်သောဂိုဏ်းမှ ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့သည် စိတ်တူဆန္ဒတူ ထားရှိတော်မူကြကာ ထိုဟုတ်မှန်သည့် တရားအဆုံးအဖြတ်ကို ကောင်းမွန်စွာ လက်ခံတော်မူကြပြီး ယင်းသို့ဆုံးဖြတ်တော်မူသည့်အတိုင်း ကောင်းစွာကျင့်သုံးတော်မူကြရန်မှာ ခက်ခဲသော အရာဌာနပင် ဖြစ်ပါသည်။

ယင်းသို့ပင် ခက်ခဲသည့် အရာဌာနဖြစ်သော်လည်း သီဟိုဠ်ကျွန်းတွင် သီတင်းသုံးတော် မူကြသော ငြိမ်သက်တည်ကြည်၍ သူတော်ကောင်း ဖြစ်တော်မူကြသည့်ဂုဏ်

ဆိုဆုံးမလွယ်သော စကားရှိသည့်ဂုဏ် နိမ့်ချသောအကျင့်ရှိသည့် ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသည့် ၂-ဘက်သောဂိုဏ်းမှ ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့သည် စိတ်တူ ဆန္ဒတူ သဘောတူညီတော်မူကြကာ ထိုကိစ္စကို ပြီးမြောက်ဆောင်ရွက်နိုင်ပါသည်။ ဆောင်ရွက်ပုံမှာ—

ဘုရားတော်တို့၏ ဇမ္ဗူဒိပ်ကျွန်းမှ ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့သည် ဤသိဟိုဠ်ကျွန်းသို့ ကြွတော်မူလာပြီး ဤနှစ်တန်ခူးလဆုတ် ၇-ရက် ဥပုသ်နေ့တွင် ဝါလုကာတိဋ္ဌာရာ အုန်းပင်ဘာဝယ် ၂-ဘက်သောဂိုဏ်းမှ ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့နှင့် အစည်းအဝေး ပြုလုပ်ကျင်းပခဲ့ကြပါသည်၊ ယင်းသို့ ပြုလုပ်ကြပြီးနောက် ညဉ့်အခါတွင် ဘုရားတော်တို့သည် ရဟန်းတော်များ အချင်းချင်း ငြင်းခုံကြခြင်း၏ အပြစ်ကိုင်း၊ အချင်းချင်း ငြင်းခုံခြင်းမရှိပဲ ညီညွတ်တော်မူကြခြင်း၊ သည်းခံတော်မူကြခြင်း၊ စိတ်ကောင်း နှလုံးကောင်း ထားတော်မူကြခြင်း စသည်တို့၏ အကျိုးအာနိသင်ကိုင်းကောင်းစွာပြ၍ တရားဟောတော်မူကာ အစိတ်စိတ် အမွှာမွှာ ဂိုဏ်းကွဲလျက်ရှိကြသော အရှင်မြတ်တို့ ညီညွတ်တော်မူကြပါစေခြင်းငှါ အမျိုးမျိုးသော ကျင့်သုံးပုံ ကျင့်သုံးနည်းများကို ညွှန်ပြတော်မူခဲ့ကြပါသည်။

ထေရ်ကြီး ထေရ်ငယ် ဖြစ်တော်မူကြသည့် ဆိုခဲ့သည့် ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော အရှင်မြတ်တို့သည် ထိုလမ်းညွှန်ချက်များကို စိတ်တူ ဆန္ဒတူ သဘောတူညီတော်မူကြပြီး သံဃအလယ်တွင် ဝန်ခံခဲ့ကြပါသည်၊ ၂-ဘက်သောဂိုဏ်းမှ ထေရ်ကြီး၊ ထေရ်ငယ် အရှင်မြတ်တို့သည် ယင်းသို့

ဝန်ခံတော် မူခဲ့ကြသည့်အတိုင်း လိုက်နာခြင်း ပြုတော်မူကြ လျက် ထိုကိစ္စကို ပြီးဆုံးစေတော်မူကြရန် ဖြစ်ပါသည်။ ယင်း သို့ ပြီးဆုံးစေတော် မူကြပြီးနောက် ဟုတ်မှန်စွာ ပြောဆိုလေ့ ရှိ၍ ယင်းသို့ ပြောဆိုသည့်အတိုင်း ပြုလုပ်တတ်သည့်ဂုဏ်ကို စောင့်ထိန်းခြင်းငှါ အလိုရှိခဲ့ပါမူ ရှေးဦးစွာ ဤသီဟိုဠ်ကျွန်းရှိ မြစ်တခုဝယ် ရဟန်းတော်များ အချင်းချင်း ငြင်းခုံကြရာ ဥဒ- ကုက္ကေပသိမ်ဘန်ဆောင်း၌ ရဟန်းဖြစ်လာတော်မူကြသော အသက်ရဝါဒီ အရှင်မြတ်တို့သည်၎င်း၊ အခြားသိမ်တခုတွင် အထက်က ဆိုခဲ့သည့်အတိုင်း ရဟန်း ဖြစ်လာကြသော ပုဂ္ဂိုလ် တို့ကို ဂိုဏ်းပြည့်ရဟန်းများ (ဂဏပူရက) ပြုလုပ်ကာ ရဟန်း ဖြစ်လာကြသော ပုဂ္ဂိုလ်တို့သည်၎င်း သိမ်ချင်း ရောယှက် ခြင်း အဆုံးအဖြတ်ခေါ် သိမာသင်္ကရဝိနိစ္ဆယ အမည်ရှိသော ကျမ်းကို ရေးသားပြုစု၍ အရှင်မြတ်တို့အား ရှေးက တပည့် တော်တို့ ညွှန်ပြတော်မူခဲ့ကြကုန်၏၊ ယင်းသို့ ညွှန်ပြခဲ့သည် နှင့်အညီ—

> "ဂရုက (လေးသည်၏ အဖြစ်ဟု ဆိုအပ်သော မအပ်သော အကပ္ပိယ) အရာဌာန၊ လဟုက (ပေါ့ သည်၏ အဖြစ်ဟု ဆိုအပ်သော အပ်သောကပ္ပိယ) အရာဌာနတို့တွင် ဂရုကအရာဌာန၌ တည်အပ်၏၊ ဤသဘောလက္ခဏာသည် ဝိနည်းတော်၏ သဘော လက္ခဏာတည်း"

ဟူ၍ (ပါရာဇိကဏ် အဋ္ဌကထာ၌) လာသော ပါဠိနှင့် နယသုယျသိကဝိနည်း အားလျော်စွာ ဝိနည်း၌ လိမ္မာ ကြသော သီဟိုဠ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်

တို့နှင့် ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်များစွာတို့ နှစ်ခြိုက်တော်မူကြသည့် အရာလည်း ဖြစ်သော ဠိကာဆရာရှင်သုံးဦးတို့၏ အလိုတော်သို့သော အစဉ်လိုက်နာအပ်ပါသည်။

ထယှာကအရာ ဖြင်၍ များစွာကုန်သော ဝိနည်းကျမ်းဟောင်းများနှင့် ဇမ္ဗူဒိပ်ကျွန်းသား ဗဟုသုတများ၏ ဝိနည်းအရာ လိမ္မာကျွမ်းကျင်တော်မူကြသည့် များစွာသော မဟာထေရ်အရှင်မြတ်တို့ ပေးပို့တော်မူကြသည့် သဝဏ်လွှာတို့နှင့် ဆန့်ကျင်ဘက်ဖြင်သည့် ခက်ဆစ်ပုဒ် အက္ခရာ စကားလုံးများသို့ လိုက်တော်မမူကြပဲ—

ဗုဒ္ဓမြတ်စွာ သာသနာတော်၌ မိမိ၏ အားထားကိုးကွယ်ရာကို ရှာရန်နှင့် များစွာသော ဘေးဒုက္ခတို့နှင့် ရောပြွမ်းသည့် သံသရာငယ် များစွာသော ဘေးဒုက္ခတို့မှ လွတ်မြောက်စုန်ရဟန်းပြုသည် အားလျော်စွာ မိမိ၏ အားထားကိုးကွယ်ရာကို ရှာသည့်နေရာ မိမိအကျိုးစီးပွါးကိုပြုရာတို့၌ မလေးနက်သော လယှာကစကားဖြင့် အမြွက် မထောင်သင့်ပါ ဘုရား။

ထို့ပြင် သဒ္ဒါတရားဖြင့် ရဟန်းပြုတော်မူခဲ့ကြသည့် ရဟန်းထူးတို့၏ အမူအရာ ဝိသေသကိုလည်း ပြသတော်မူကြစေလိုပါသည်။

ထို့ပြင် သာမညယောကျ်ားတို့ အောင်ပွဲရအောင် မစွမ်းဆောင်နိုင်သည့် အကွေ့ဘိဏီ စစ်တပ်ကို အလွယ်တကူပင် အောင်ပွဲခံ အနိုင်ရအောင် တိုက်ဖျက်နိုင်ခဲ့သည့် ကုသမင်းကြီးနှင့်တူသော အာဇာနည် ယောကျ်ားထူး ကဲ့သို့ သာမညသူတော်ကောင်းတို့ ပယ်ခွါ တိုက်ဖျက်ခြင်းငှါ မစွမ်းနိုင်သည့်

မြဲမြံစွာ စွဲလမ်းခြင်း မိမိအယူကို စွန့်နိုင်ခြင်း ဟုဆိုအပ်သော ကိလေသာ မာရ်စစ်တပ်ကိုလည်း လျင်မြန်စွာ ပယ်ခွါ တိုက်ဖျက်ကြစေလိုပါသည်။

ထို့ပြင် မြဲမြံစွာ စွဲလမ်းမှုမရှိခြင်း၊ မိမိအယူကို လွယ်ကူစွာ စွန့်လွှတ်ခြင်းဟု ဆိုသည့် ယောကျ်ားတကာတို့ထက် ထူးသော ဂိုဏ်းတည်းဟူသော ဆီမီးတိုင်ဖြင့် သီဟိုဠ်ကျွန်းနှင့် ဇမ္ဗူဒိပ်ကျွန်းတွင် ပြိုးပြိုးပြက် တခဲနက်ထွက်သော အလင်းရောင်ကို တပြောင်ပြောင် တောက်ပအောင်လည်း ရှက်ဆောင်တော်မူကြစေလိုပါသည်။

ထို့ပြင် မိမိကိုယ်ကို နှိမ်ချခြင်း မာန်မာန မရှိခြင်း သည်းခံခြင်း တင့်တယ်သော အမှု၌ မွေ့လျော်ခြင်း ဟု ဆိုအပ်သော ရဟန်းထူး တို့၏ နှစ်သက်ဖွယ် အနံ့ဖြင့် သီဟိုဠ်ကျွန်းနှင့် ဇမ္ဗူဒိပ်ကျွန်းတွင် ကောင်းစွာကြိုင်ကြိုင် ရနံ့လှိုင်အောင်လည်း ရှက်ဆောင်တော်မူကြစေလိုပါသည်။

ထို့ပြင် ဆိုဆုံးမ လွယ်သည်၏ အဖြစ်ဆိုသည့် ပညာရှိ တကာတို့ထက် ထူးချွန်လွန်မြတ်သည့် ဂိုဏ်း တည်းဟူသော အလံတံခွန်ကို သီဟိုဠ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်များနှင့် ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်များတို့ မော့၍ကြည့်ရအောင် မြင့်သည်ထက် မြင့်စွာ စိုက်ထောင်ကြရန်လည်း ကြိုးပမ်းတော်မူကြ စေလို ပါသည်။

ထိုပြင် "နှောင်သောအခါ၌လည်း ငါ၏ တပည့် စဉ်ဆက် တပည့်ကြီး တပည့်ငယ်တို့သည် တစုံတခု ငြင်းခုံမှု ဝိဝါဒ ကွဲပြားမှုဖြစ်ခဲ့ရာ၌ ငြင်းခုံမှု ဝိဝါဒ

ကွဲပြားမှုကို ဘေးအားဖြင့်ရင်း၊ ငြင်းခုံခြင်း မရှိ ညီညွတ်ခြင်းကိုလည်း ဘေးမရှိ အေးချမ်းသာယာသော အားဖြင့်ရင်း ရှုမြင်ကြ၍ မြဲမြံစွာ စွဲလမ်းမှု မရှိခြင်း၊ မိမိအယူကို စွန့်လွှတ်ခြင်းငှါ မခဲယဉ်းခြင်း၊ မိမိကိုယ်ကို နှိမ်ချခြင်း မာန်မာနမရှိခြင်း၊ ဆိုဆုံးမလွယ်ခြင်း ဂုဏ်နှင့် ပြည့်စုံကြ၍ ငါကဲ့သို့ လိုက်နာကျင့်သုံးကြကုန်လော့”

ဟု သာသနာတော် ကုန်ဆုံးသည့် တိုင်အောင် မိမိ၏ တပည့်ကြီး တပည့်ငယ် တပည့်စဉ်ဆက်တို့အား နည်းပေးသကဲ့သို့လည်း ပြုလုပ်တော်မူကြစေလိုပါသည်။

ထို့ပြင် အရှင်မြတ်တို့၏ ဤ သီဟိုဠ်ကျွန်း၌ အလွန်ကြာမြင့်စွာ ဖြစ်ပေါ်နေသည့် ငြင်းခုံမှု = ဝိဝါဒ ကွဲပြားမှု ဘေးတည်းဟူသော အမြစ်အရင်းကို ယောကျ်ားတကာ တို့ထက် ထူးချွန်လွန်မြတ်သော ဂုဏ်တည်းဟူသော မိမိ မိမိတို့၏ ဓားဖြင့်လည်း ကောင်းစွာ ဖြတ်တော်မူကြစေလိုပါသည်။

ထို့ပြင် ငြင်းခုံခြင်း ဝိဝါဒ ကွဲပြားခြင်းဘေးဖြင့် နှိပ်စက်မှုကို ခံကြရသည့် ဟောန်းချင်လူ များစွာတို့အားလည်း ငြင်းခုံမှု မရှိခြင်း ဝိဝါဒ ကွဲပြားမှု မရှိအောင်ပြုလုပ်ခြင်းဖြင့် ဘေးကင်းအောင် ပြုလုပ်ခြင်း တည်းဟူသော အဘယဒါနကိုလည်း ပေးတော်မူကြစေလိုပါသည်၊

ထို့ပြင် ငြိမ်သက် တည်ကြည်သော ဣန္ဒြေရှိတော်မူကြသည့် ခပ်သိမ်းသော သူတော် သူမြတ်တို့၏ အပြင်နက် အုတ်အုတ် ကျက်ကျက် ကြွေးကြော်ခြင်း တည်းဟူသော

ကောင်းချီးသြဘာ ပြုမူကိုလည်း ဖြစ်စေတော်မူကြစေလိုပါသည်။

ထို့ပြင် အရှင်မြတ်တို့၏ သီဟိုဠ်ကျွန်း သာသနာတော်မြတ်ကြီး အတိုင်းထက် အလွန် ကောင်းစွာ ထွန်းလင်းတောက်ပအောင် ကြိုးပမ်းတော်မူကြကုန်လျက် သင့်မြတ်ကောင်းမွန်သည့် နှလုံးသွင်းမှု ကိုလည်း ဖြစ်စေတော်မူကြပြီး–

"မိမိ မိမိတို့၏ အကျင့်မြတ်သိက္ခာ၌ ကုက္ကုစ္စ ဖြစ်မှုကို ပယ်ဖျောက်ရန် နောက်ထပ်တဖန် သိက္ခာထပ်ခြင်းသည်သာ ငါတို့အား အသင့်တော်ဆုံး"ဟု အလွန်ဝမ်းမြောက်တော်မူကြကာ–

"ငါတို့သည် အကျင့်မြတ် သိက္ခာကို တဖန်ထပ်လောင်းကြပါကုန်အံ့"။

ဇမ္ဗူဒိပ်ကျွန်းမှ ကြွလာတော်မူကြသည့် ရဟန်းသံဃာတော် အရှင်မြတ်တို့ဘုရား။

အရှင်မြတ်တို့သည် ဘုရား တပည့်တော်များကို အစဉ်သနားတော်မူခြင်းကို အကြောင်းပြုတော်မူကြလျက် ယခုအခါ နောက်ထပ်တဖန် သိက္ခာထပ်ခွင့် ပေးတော်မူကြပါကုန် ဘုရား—

ဟု တောင်းပန်လျှောက်ထားကြ၍ နောက်ထပ်တဖန် သိက္ခာထပ်တော်မူကြပါကုန်ဘုရား။

တပည့်တော်တို့၏ ဝန်ခံမှု ပဋိညာဉ်

ဤသို့လျှင် ဆိုခဲ့သည့်အတိုင်း သဒ္ဓါတရားဖြင့် ရဟန်းပြု တော်မူခဲ့ကြသည့် အရှင်မြတ်တို့သည် ဆိုဆုံးမလွယ်သည့်ဂုဏ်၊ ငြိမ်သက်တည်ကြည်သည့် ဣန္ဒြေရှိတော်မူကြသည့်ဂုဏ်၊ သူတော်ကောင်း ဖြစ်တော်မူကြသည့် ဂုဏ်တို့ကို အထူးအားဖြင့် သက်ဝင်ယုံကြည်တော် မူကြသည့်အလျောက် ချစ်ခြင်း၊ မြတ်နိုးခြင်း၊ ညီညွတ်ခြင်း၊ ဝမ်းမြောက်ခြင်း ရှိကြကုန်သည်ဖြစ်၍ တောင်းပန် လျှောက်ထားတော်မူကြသည့်အတိုင်း ဇမ္ဗူဒိပ်ကျွန်းမှ ထေရ်ကြီး၊ ထေရ်ငယ် ဖြစ်တော် မူကြသည့် တပည့်တော်တို့သည်လည်း အရှင်မြတ်တို့အား ချီးမြှောက်တော်မူရန်၎င်း၊ ရဟန်းတော်များ အချင်းချင်း ညီညွတ်တော်မူကြ၍ သီဟိုဠ်ကျွန်း သာသနာတော် မြတ်၏လည်း အထူးအားဖြင့် ထွန်းလင်းတောက်ပတော်မူရန်၎င်း စွမ်းအားရှိသလောက် အစွမ်းသတ္တိ ရှိသလောက် ကြိုးပမ်းအားထုတ်တော်မူကြပါမည်ဘုရား၊ မြတ်စွာဘုရား သာသနာတော်ကိစ္စကို မပျင်းမရိ မညည်းမညူကြပဲ ကောင်းစွာပြီးမြောက် အောင်မြင်အောင် ကြိုးပမ်းအားထုတ်တော်မူကြပါမည်ဘုရား။

ထပ်မံ ဥပဇ္ဈာယ်ယူစေခြင်း

ဤသို့လျှင် တဖန် သိက္ခာထပ်မံ ပဉ္စင်းခံကြသည့် အရှင်မြတ်တို့သည် ရှေးယခင် ပဌမမူလ ပဉ္စင်းခံခဲ့ကြစဉ်က ထိုသို့သဘောရှိသော ပဌမဦးဆုံး ပြုအပ်သော ဥပသမ္ပဒကံသည် အလုံးစုံသော ပြည့်စုံခြင်းသမ္ပတ္တိတို့နှင့် ပြည့်စုံခဲ့ကြပါမူ ထိုပဉ္စင်းတို့ ဥပဇ္ဈာယ်အတိုင်းပင် ဖြစ်ပါသည်၊ သမ္ပတ္တိတို့နှင့်

မပြည့်စုံခဲ့ပါမူကား ထိုသမ္ဗုဒ္ဓတို့နှင့် ပြည့်စုံ မပြည့်စုံသော အရှင်မြတ်တို့သည် ရှေးယခင်က ရဟန်းပဉ္စင်းဟု ခေါ်ဝေါ် သမုတ်ကြစေကာ ရဟန်းပဉ္စင်း မဟုတ်သည်သာ ဖြစ်ပါသည်၊ ယင်းသို့ ရဟန်းစစ် ရဟန်းမှန်မဟုတ်သော အရှင်တို့၏ သာ မဏေ သိလသည်လည်း အလွန်ကြာမြင့်နေပြီး နှစ်ပေါင်း များစွာ ကျော်လွန်ခဲ့ရာ မှသားပြောဆိုမှုနှင့် စပ်ခြင်း စသည့် အလုံးစုံသော သိက္ခာပုဒ်တို့သည် ကျိုးပေါက်ပျက်စီးကြကုန် ရာ၏၊ ဤသို့လျှင် ထိုကဲ့သို့သော အရှင်မြတ်တို့သည် ရှေးယခင် မူလက ဥပဇ္ဈာယ်ခံယူခဲ့သည့် ဥပဇ္ဈာယ်ဆရာဟောင်းမှလည်း ကင်းကြကုန်ရာ၏၊ ထို့ကြောင့် တဖန် သိက္ခာထပ်မံ ပဉ္စင်းခံ ကြသည့် အရှင်မြတ်တို့သည် မိမိနှင့်တကွဖြစ်သော ကာရက သံဃာတော် အရှင်မြတ်တို့၏ သံသယကုက္ကုစ္စ ဖြစ်မှုကို ပယ် ဖျောက်ရန် နောက်တဖန် ထပ်မံ ဥပဇ္ဈာယ် ယူကြကုန်၍သာ လျှင် တဖန် သိက္ခာထပ်ခြင်း တဖန် ပဉ္စင်းခံခြင်းကို ပြုထိုက် ကြပါသည်ဘုရား။

တပည့်တော်တို့၏ ဆုတောင်း ပတ္ထနာ

ဇမ္ဗူဒိပ်ကျွန်းမှ ထေရ်ကြီး ထေရ်ငယ် ဖြစ်တော်မူကြ သည့် တပည့်တော်တို့သည် အရှင်မြတ်တို့အား ဤသို့ ဆု တောင်းပတ္ထနာ ပြုပါသည်။

အားကြီးစွာသော လှိုလဉာသာဟဖြင့် တဖန် သိက္ခာထပ် မံ ပဉ္စင်းခံတော်မူကြသည့် ထေရ်ကြီး၊ ထေရ်ငယ် အသက်ေ ဂါဒိ အရှင်မြတ်တို့သည် အခြားသောထေရ်ကြီး ထေရ်ငယ် ဖြစ်တော်မူကြသည့် သက်ရဂါဒိ အရှင်မြတ်တို့နှင့် အတူတကွ

ရဟန်းတော်များ အချင်းချင်း ညီညွတ်တော်မူကြ ဝမ်းပန်း ဘသာ ဖြစ်တော်မူကြ၍ အတူပြုအပ်သော ကံကြီး ကံငယ် ဘူသော ပါတိမောက်ပြခြင်းလည်း ရှိတော်မူကြပြီး၊ တူညီ သောဘာသာ၊တူညီသောအယူအဆ၊တူညီသောဂိုဏ်း ရှိတော် မူကြ၍ ချမ်းသာစွာ သီတင်းသုံးတော်မူနိုင်ကြပါစေ ဘုရား။

ထေင်ကြီး ထေရ်ငယ် ဖြင်တော်မူကြသည့် သက်ရဝါဒီ အရှင်မြတ်တို့သည်လည်း တဖန် သိက္ခာထပ် ပဥ္စင်းခံပြီးဖြစ် ကြသည့် ထေရ်ကြီး ထေရ်ငယ် အသက်ရဝါဒီ အရှင်မြတ်တို့ နှင့် အတူတကွ အချင်းချင်း ညီညွတ်တော်မူကြ၊ ဝမ်းပန်း ဘသာ ရှိတော်မူကြ၍ အတူပြုအပ်သော ကံကြီး ကံငယ် ဘူသောပါတိမောက် ပြခြင်းလည်း ရှိတော်မူကြပြီး တူညီ သော ဘာသာ၊ တူညီသော အယူအဆ၊ တူညီသော ဂိုဏ်း ရှိတော်မူကြ၍ ချမ်းသာစွာ သီတင်းသုံးတော်မူနိုင်ကြပါစေ ဘုရား။

ဤအချိန်အခါ မှစ၍ သက်ရဝါဒီဟူ၍၎င်း၊ အသက်ရဝါဒီ ဟူ၍၎င်း အမည်မျိုကိုလည်း ခေါ်ဝေါ်ခြင်း ပြုတော်မမူကြရန် ဘိုက်တွန်းပါသည်ဘုရား။

အမှန်ဝင်စစ်အားဖြင့် လျှောက်ထားရပါမူ အရှင်မြတ်တို့ သည် ရှေးက ဆိုခဲ့သည့် သိမ်တန်ဆောင်း၌ ပဥ္စင်းခံတော်မူခဲ့ ကြကုန်၏၊ အကြင် အရှင်မြတ်တို့သည်ကား အခြားသော သိမ်၌လည်း ပဥ္စင်းခံတော်မူခဲ့ကြသည့် အရှင်မြတ်တို့ကို ဂိုဏ်း ပြည့်(ဂဏပူရက) ပြုလုပ်ကာ ပဥ္စင်းခံတော်မူခဲ့ကြကုန်၏။ ထို ထို အရှင်မြတ်တို့သည် နောက်ထပ် တဖန် သိက္ခာထပ် ပဥ္စင်း

ခံကြကုန်သော်လည်း သီတင်းကြီးအစဉ်အတိုင်း ထေရ်စဉ်၏ အစွမ်းဖြင့် သံဃာ့ဘက်ကို ခံယူခြင်းစသော ကာလ၌—

"ရဟန်းသည် ရဟန်းတို့၏ အစဉ် အားဖြင့် ကောက်ကျစ်သော (မမှန်ကန်သော) ရဟန်းဝါတို့ကို ရေတွက်၍ သီတင်းကြီး အစဉ်အတိုင်း သံဃာ့လာဘ် ကို ခံယူသည်ရှိသော် ဘဏ္ဍာ၏ တန်ဘိုးဖြင့် ဆုံးဖြတ် အပ်၏"

ဟူသော အဋ္ဌကထာပါဌ်ကို အဖန်ဖန် အောက်မေ့တော်မူကြ ရှိသေလေးစားတော်မူကြပြီး ဂရုကအရာ၌သာ တည်တော် မူကြ၍ ဆိုခဲ့သည့် ကောက်ကျစ်စဉ်းလဲစွာ ကျင့်သုံးကြသည့် ပုဂ္ဂိုလ်တို့ကို ဆိုခဲ့သည့်အတိုင်း ဘဏ္ဍာတန်ဘိုးဖြင့် ဆုံးဖြတ် ရခြင်း စသော အပြစ်ဒေါသတို့မှ ဝေးသည်ထက် ဝေးအောင် ရှောင်ကွင်းတော်မူကြကုန်၏။ ထိုသို့သော အခြင်းအရာအား ဖြင့် ကျင့်သုံးတော်မူကြကာ မိမိသည်ပင် မိမိကိုယ်ကို ကိုး ကွယ်ရာရအောင် ပြုတော်မူကြပါကုန်ဘုရား။

အကြင် အရှင်မြတ်တို့သည်ကား သံသယကုက္ကုစ္စ မကင်း ကြသဖြင့် မိမိ၏ သိက္ခာကို မြဲမြံအောင် တဖန် သိက္ခာထပ် ခြင်းကို ပြုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် တဖန် သိက္ခာထပ် ပဥ္စင်းခံပြီးသောအခါ ယင်းသို့ သိက္ခာထပ် ပဥ္စင်းခံသော အသစ်ဖြစ်သော သိက္ခာကိုသာ ခံယူကြကုန်လျက် ရဟန်း ဝါကို ရေတွက်တော်မူကြပါကုန်ဘုရား။

အကြင် အရှင်မြတ်တို့သည်ကား မိမိ၏ သိက္ခာ၌ သံသယ ကုက္ကုစ္စကင်း၍ သူတပါးတို့ စောဒနာခြင်း မရှိသော်လည်း ပဥ္စင်းခံရာ၌ ပြည့်စုံရမည့် သမ္ပတ္တိ ၅-မျိုးတို့၏ အလွန်ရခဲလှ

သည်၏ အဖြစ်ကို အကြောင်းပြု၍ တရံ တခါ မပြောဖူး လောက်သည့် သို့လော သို့လော တွေးတောခြင်းမျှကို ပယ် ဖျောက်ရန် ဂရုကအရာ၌တည်၍ တဖန် သိက္ခာထပ် ပဋ္ဌင်း ခံကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည်ကား တဖန် သိက္ခာထပ်ပဋ္ဌင်း ခံပြီးသောအခါ ရှေးသိက္ခာအတိုင်း ရေတွက် သော်လည်း တပါးသော ပုဂ္ဂိုလ်တို့သည် မစောဒနာအပ်ပါ။

သီဟိုဠ်ကျွန်းသား ဖြစ်တော်မူကြသည့် အလုံးစုံသော ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့သည်လည်း တစုံတခု သော အရာ၌သော်လည်း အခြားတပါးသော ပုဂ္ဂိုလ်တို့အား အပြစ်တင်ကြပြီး အချင်းချင်း ငြင်းခုံခြင်း ဆန့်ကျင်သော စကားကို ပြောဆိုခြင်းတို့ကို ပြုလုပ်ကြကုန်လျက် နောက် ထပ် တဖန် သံဃာ ကွဲပြားရန်နှင့် သံဃာ ကွဲပြားခြင်း၏ အရေးအကြောင်းတို့ကို လုံ့လပြုခြင်းမှ ရှောင်ကွင်းတော်မူ ကြရန်ပါဘုရား။

အကျယ်ခဲ့၍ လျှောက်ထားရပါမူ အကြင် အကြင် အရပ်၌ ရဟန်းတော်များ အချင်းချင်း ၂-မျိုးသော အခြင်း အရာ အားဖြင့်၎င်း၊ ၃-မျိုးသော အခြင်းအရာအားဖြင့်၎င်း၊ များစွာသော အခြင်းအရာအားဖြင့်၎င်း ကွဲပြားကြကုန်၏၊ ထိုထိုအရပ်၌ ပဌမမူလအစတွင် ဖြစ်မှားသောစိတ်ကို မနှိပ် ကွပ်ရသေးသည့် ရဟန်းအချို့တို့အား ဟုတ်မှန်သည်ဖြစ်စေ၊ မဟုတ်မမှန်သည်ဖြစ်စေ အချင်းချင်း အပြစ်တင်ကြ ကဲ့ရဲ့ကြ ရှုတ်ချကြကုန်၍ ထိုသို့ အနည်းငယ်မျှသော အပြစ်ကို အစ ပြုကာ များစွာသော ရဟန်းတို့၏လည်း အချင်းချင်း ခိုက်

ရန်ဖြစ်ကြပြီး၊ ကြီးမားသည့် သာသနာ့အမြှုပ်ကို ဖြစ်ပေါ်စေ၍ ကွဲပြားတတ်ပါသည်ဘုရား။

တနည်းဆိုရပါမူ အချို့သော ရဟန်းတို့သည် ပဌမမူလအစတွင် မိမိအပေါ် အခြားသော သီတင်းသုံးဘော်တို့က တင်အပ်သော အပြစ် အနည်းငယ်မျှ ကိုလည်း သည်းမခံနိုင်ကြပဲ ထိုသီတင်းသုံးဘော်တို့ကို အမျက်ထွက်ကာ ကဲ့ရဲ့ ရှုတ်ချကြကုန်လျက် အချင်းချင်း ငြင်းခုံခြင်း ဝိဝါဒကွဲပြားခြင်း စသည်ကို ယခင့်ယခင်ထက် အလွန်အလွန်ပင် တိုးပွါးစေကြကုန်၏။ ထို့ကြောင့် ထိုရဟန်းတို့အား အပြစ်ကြီး၍ အကျိုးမဲ့ကို ပြုတတ်ကုန်သည့် အမှုများစွာတို့သည် ဖြစ်ပေါ်ကုန်၏၊ သာသနာတော်၌ ငြိမ်းအေးစေခြင်းငှါ ခက်ခဲလှသော ရဟန္တာ မထေရ်မြတ်တို့သည်ပင် ငြိမ်းအေးစေခြင်းငှါ မစွမ်းနိုင်သော ကြီးစွာသောအမြှုပ်သည် ဖြစ်လေတော့၏၊ ဥပမာ ဆိုရပါမူ ကောသမ္ဗကခန္ဓကတွင် လာရှိသော ရဟန်းတို့ကဲ့သို့ ဖြစ်ပါသည်၊ ထို့ကြောင့်ပင်လျှင် ဤအရာ၌ဒွာနမျိုး၌—

"သူတပါးတို့၏အပြစ်ကို မြင်လွယ်၏၊ မိမိ၏အပြစ်ကိုကား မြင်နိုင်ခဲ၏၊ ထိုသူသည် ဖွဲကိုလွှင့်သကဲ့သို့ သူတပါးတို့၏ အပြစ်ကိုလွှင့်၏၊ စဥ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ကိုယ်ကို(သစ်ရွက်စသည်ဖြင့်) ဖုံးလွှမ်းသကဲ့သို့ မိမိ၏အပြစ်ကိုမူကား ဖုံးလွှမ်း၏"

ဟူသော ဘုရားရှင်၏ ချိုမြိန်ကောင်းမြတ်သည့် တရား ဒေသနာတော်ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်တော်မူကြပြီး၊ ကဲ့ရဲ့ရှုတ်ချခြင်း အမှတ်သညာဟုဆိုအပ်သော သူတပါး၏ အပြစ်ကို အဖန်တလဲလဲ မြင်တတ်သော မြင်လွယ်သော

ဉာဏ်ပညာ အတုအယောင်ဟု ဆိုအပ်သည့် အမျက်ဒေါသ ဦးဆောင်သော အကုသိုလ် စိတ်ဖြင့်လည်း ရှုမြင် တွေးဆ ဆင်ခြင်ခြင်းကို မပြုလုပ်ကြပဲ ရှောင်လွှဲတော်မူကြရန် ဖြစ်ပါသည်။

မြင်နိုင်ခဲသော မကောင်းသဖြင့်လည်း မြင်အပ်သော မိမိသည် ပြုအပ်သော အပြစ်ကြီး အပြစ်ငယ်ကို ရှုမြင်တတ်သည့် ဝီမံသဉာဏ်ပညာ ဦးဆောင်သော ကုသိုလ်စိတ်ဖြင့်သာလျှင် မြင်နိုင်လောက်သည့် မိမိ၏ အပြစ်ကိုသာ ရှုမြင်တွေးဆ ဆင်ခြင်တော်မူကြရန် ဖြစ်ပါသည်။

ထိုကဲ့သို့ ရှုအပ်သော မိမိ၏အပြစ် မိမိ၏ အညစ်အကြေးတို့ကိုသာ အထူးသဖြင့် စင်ကြယ်အောင် လုံ့လပြုတော်မူကြပြီး သူတပါး၏ အပြစ်ကို ရှုမြင်ခြင်း၌လည်း များစွာအပြစ်ရှိသည်၏အပြစ်ကို ကောင်းစွာအောက်မေ့ ဆင်ခြင်တော်မူကြရန် ဖြစ်ပါသည်။

သားရဲအစားခံရသည့် သူမိုက် ဥပမာဖြင့် သံဝေဂဖြစ်စေခြင်း

ဥပမာအားဖြင့် မိုက်စွာသော ယောကျ်ားများသည် မိမိအား ကိုက်စားအံ့သောငှါ လာနေသော ကျားနှင့် ခြင်္သေ့ကို မမြင်ပဲ မိမိကို ဟောင်နေသည့် မြေခွေးနှင့် ခွေးကို ရိုက်နှက်အံ့သောငှါသာလျှင် အားထုတ်လေသောကြောင့် မိမိသည် ကျား ခြင်္သေ့တို့၏ အစာအဖြစ်သို့ ရောက်ရလေ၏။ ထိုအတူ ဤ သက်ရှိလောကကြီးသည် မိမိအား မြှော်လင့်စောင့်စားနေသော များစွာ ကြောက်မက်ဖွယ်ကောင်းသည့် အပါယ်

ဘေးကို မမြင်ပဲ တပါးသောသူမိုက်တို့သည် မိမိအပေါ် တင်အပ်သော အနည်းငယ်မျှသော အပြစ်ကို သည်းမခံပဲ ထိုသူတို့အား အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်းတို့ကိုပြုလျက် ထိုသူမိုက်တို့နှင့် အတူတကွ အချင်းချင်းငြင်းခုံ၍ အပြစ်ရှာကာ ထိုသူတို့ အကျိုးမဲ့အောင် အစီးအပွါးမဲ့အောင် လုံ့လပြုလျက်သာ နေ၏။

(ထို့ကြောင့် ထိုသူမိုက်သည်) ဆေးကုစား၍ မရနိုင်သည့် အနာရောဂါ တစုံတခု နှိပ်စက်အပ်သောကြောင့် ဆင်းရဲငိုကြွေးခြင်းသို့ ရောက်ကာ ငိုကြွေးမြည်တမ်းသည်ဖြစ်၍ မိမိ၏ သားမယားတို့နှင့် တပါးကုန်သော ကာမဂုဏ်စည်းစိမ်ကို ခံစားကြသူတို့က စိုးရိမ်ပူဆွေး ဖြစ်နေစဉ် မျက်ရေတို့ကို ဖြစ်စေလျက် အလွန်ကြောက်လန့်သည် ဖြစ်၍ ပက်လက်အိပ်ကာ ချောက်ချားခြင်း၊ အထူးသဖြင့် ချောက်ချားခြင်း၊ တွေဝေမိန်းမောခြင်းသို့ ရောက်လျက် သေမင်း၏ ခံတွင်းသို့ ဝင်ရောက်ကာ အပါယ်ဘုံတို့၌ ကျရောက်ပြီး အဖန်တလဲလဲ အကျိုးမဲ့ ပျက်စီးခြင်းသို့ (ရှေးကလည်း) ရောက်ခဲ့ရပြီ၊ (နောင်တွင်လည်း) ရောက်ရပေဦးမည်၊ (ယခုလည်း) ရောက်ဆဲပင်။ ဤသို့ ထိတ်လန့်ခြင်း သံဝေဂကိုလည်း ရယူကြရန် ဖြစ်ပါသည်။

သမုဒ္ဒရာအလယ် နစ်မြုပ်လေသည့် လှေသူကြီး ဥပမာဖြင့်လည်း သံဝေဂဖြစ်စေခြင်း

တနည်းအားဖြင့်– ဥပမာ ပြဆိုရပါမူ မိုက်စွာသော လှေသူကြီးမှူးသည် သမုဒ္ဒရာ၏ တဘက်သို့ လှေဖြင့် ကူးသန်း

သည်ရှိသော် သမုဒ္ဒရာအတွင်း၀ယ် ပြင်းထန်သော လေမုန် တိုင်း အတိုက်ခတ်ခံရ၍ ကြီးစွာသော လှိုင်းတံပိုး အဟုန်သည် နှိပ်စက်ခံရပါသော်လည်း မိမိ၏ လှေကို မနစ်မြုပ်အောင် အားထုတ်ကြိုးပမ်းမှု မပြုပဲ အခြား လှေသူကြီးမှူးတို့၏ လှေကိုသာ ကြည့်ခြင်း၊ မော်၍ ကြည့်ခြင်း၊ ထိုမှ ဤမှ တစိတ စောင်း ကြည့်ခြင်းတို့ကိုပြုလျက် (ထိုလှေသူကြီးတို့ကို) ဆဲရေး ခြင်း၊ ရေရွတ်ခြင်းများကိုသာ ပြုလုပ်ကာ လှည့်လည်၍ နေ၏၊ (ထိုကြောင့်) ထိုလှေသူကြီးမှူးသည် ကြီးစွာသော ရေအယဉ် တွင် လှေနှင့်တကွ နစ်မြုပ်ရလေ၏၊ (ထိုကြောင့် ထိုလှေသူ ကြီးသည်) မိမိ၏ ဥစ္စာ၊ မိမိ၏ စည်းစိမ်တို့နှင့် အတူတကွပင် သမုဒ္ဒရာ၏ အလယ်၌ ပျက်စီးခြင်း အထူးအားဖြင့် ပျက်စီး ခြင်းသို့ ရောက်ရလေ၏။

ဤနည်းအတူပင် ဤပုဂ္ဂိုလ်တို့သည် အပါယ်ဆင်းရဲဒုက္ခတို့ နှင့်၎င်း၊ အခြားသော ဇာတိဇရာ အစရှိသည့် များစွာသော ဆင်းရဲဒုက္ခတို့နှင့်၎င်း၊ နောပြွမ်းသော ဘေးဘျမ်းနှင့်တကွ ဖြစ်သည့် သံသရာ သမုဒ္ဒရာ၀ယ် တပါးမက များလှစွာသော သံသရာကာလပတ်လုံး ကျင်လည် ပြေးသွားကြကာ မိမိ၏ အကျိုးမဲ့ကို ပြုတတ်၍ နေ့စဉ် နေ့တိုင်းပင် မိမိ၏ သန္တာန်၌ ဖြစ်ပေါ်သော ရှုံ့ချင်းကြမ်းတမ်း၍ မပြတ် နှိပ်စက်တတ် သော ကာမ၀ိတက် စသည်တို့ကို၎င်း၊ အခြား တပါးလည်း ဖြစ်ကုန်သော—

> “သေးငယ်သော အပြစ်တို့၌သော်လည်း ဘေး
> ဟု ရှုလေ့ရှိကုန်လျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ
> ဆောက်တည်၍ ကျင့်ကြကုန်လော့”

ဟူ၍ ဘုရားရှင်၏ အဆုံးအမတော်ကို မရိုမသေ မလေးမစား ပြု၍ ထိုသို့သဘောရှိသော အပြစ်တို့၌ ဘေးအားဖြင့် ရှုလေ့ မရှိခြင်း, ကောင်းစွာ စောင့်ရှောက်အပ်သော စိတ်မရှိခြင်း, စက္ခုစသည့် ဣန္ဒြေတို့၌ လုံခြုံသောတံခါး မရှိခြင်း၊ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိခြင်း၊ စင်ကြယ်သော အသက်မွေးမှု မရှိခြင်း ဤသို့ အစရှိကုန်သော မိမိ၏ အပြစ်တို့ကိုရင်း ဖုံးလွှမ်း၍ အနည်းငယ်မျှသော သူတပါးတို့၏ အပြစ်ကိုသာ ရှုမြင်၏၊ တစိမ့်စိမ့်ကြည့်၏၊ ထိုသူတို့ကို အမျက်ထွက်ကာ ကဲ့ရဲ့ရှုတ်ချ၏။ မိမိအား စင်စစ်အမှန် ကိုးကွယ်ရာကို ပြုတတ်သော မိမိသည် အားထုတ်အပ်သည့် တပါးမက များလှစွာသော ကောင်းမှုကုသိုလ်တို့ကို အားထုတ်ကြိုးပမ်းမှု မပြုပဲ မေ့လျော့လျက်သာ နေကြကုန်၏၊ (ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့သည်) သေမင်း၏ ခံတွင်းသို့ ဝင်ရောက်လျက် အပါယ်ဘုံတို့၌လည်း ကျရောက်လာကာ အကျိုးမဲ့ ပျက်စီးခြင်းသို့ (ရှေးကလည်း) ရောက်ခဲ့ကြ၍ (နောင်အခါ၌လည်း) ရောက်ကြပေဦးမည်၊ (ယခုအခါ၌လည်း) ရောက်ကြဆဲပင်။ ဤသို့ ကောင်းစွာ ရှုမြင်လျက် အဖန်တလဲလဲ အောက်မေ့သတိရကာ ထိတ်လန့်စေ၍ –

> "ဤပုဂ္ဂိုလ်တို့သည် သေမင်း၏ ခံတွင်းသို့ ဝင်ရောက်ကာ အပါယ်ဘုံတို့၌ ကျရောက်၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကြရကုန်သကဲ့သို့ ထိုအတူ ငါသည် မဖြစ်စေအံ့"

ဟု သတိပြုကာ ယုံကြည်မှုသဒ္ဓါကို ဖြစ်စေလျက် ပညာဖြင့် ဆင်ခြင်ပွါးများကြရန် ဖြစ်ပါသည်။

မမေ့လျော့သည့် ပညာရှိဥပမာဖြင့် ဘေးကင်းရာသို့ ရောက်စေခြင်း

ပညာမျက်စိနှင့် ပြည့်စုံသည့် ပညာရှိယောကျ်ားသည် သားရဲသားကောင် အစရှိကုန်သော တပါးမက များလှစွာသောဘေးတို့နှင့် ရောပြွမ်းသော ဘေးဘျမ်းနှင့်တကွဖြစ်သည့် ဝိဠာဥဝီတော၌ တဦးတယောက်တည်းသာ ခရီးဝေး သွားသည်ရှိသော် တောအုပ်အတွင်း များပြားလှသော မိမိကို ကိုက်စားအံ့သောငှါ လာနေကြသည့် ကျား, ခြင်္သေ့တို့ကို အလွန်ကြောက်လန့်သဖြင့် လျင်စွာ ပြေးလေသောအခါ လမ်းခရီးအကြား တစုံတခုသော အရပ်ငယ် မိမိ၏ ရှေးမျှောက်၌တည်၍ မိမိကို ယောင်နေကြကုန်သော မြေခွေးနှင့် ခွေးတို့ကိုငှင်း၊ (မိမိကို) ဆဲရေးတိုင်းထွာ နေကြသည့် အလွန်မိုက်သော ကဏလးတို့ကိုငှင်း တွေ့မြင်သိရှိရသော်လည်း ထိုသို့သဘောရှိသော မပြောပလောက်သည့် ဆန့်ကျင်ဘက်တို့ကို ကြည့်ရှုခြင်း၊ မော်၍ကြည့်ခြင်း၊ ထိုမှဤမှ တစိတစောင်း ကြည့်ခြင်းတို့ကို မပြုလုပ်တော့ပဲ မိမိသည် မျက်စိမကန်းသော်လည်း မျက်စိကန်းသူကဲ့သို့ နားမပင်းသော်လည်း နားပင်းသူကဲ့သို့ ခွန်အားရှိသော်လည်း ခွန်အားနည်းသူကဲ့သို့ ဖြစ်ကာ ထိုသူတို့၏အပြစ်ကို စိုးစဥ်းမျှပင် ရေတွက်ခြင်း (အလေးဂရု)မပြုပဲ မိမိသည် ထို ကျား, ခြင်္သေ့တို့၏ အစာ၏အဖြစ်မှ လွတ်မြောက်နိုင်သည့် နည်းဖြင့်သာ အားထုတ်လျက် လက်ဖျစ်တတွက်မျှလည်း မမေ့လျော့မူ၍ မဆုတ်မနစ်ပင် အခြားတပါးသော အရပ်ကိုလည်း ကြည့်ရှုခြင်း၊ မော်၍ကြည့်ခြင်း၊ တစိတစောင်းကြည့်ခြင်းငှါ မဝံ့

သောကြောင့် မိမိပြေးမည့် တောလမ်းခရီးကိုသာ ကောင်းစွာ ကြည့်ရှုလျက် လျင်လျင်မြန်မြန် ပြေး၍ ထိုကျား, ခြင်္သေ့ တို့၏ အစာအဖြစ်မှ လွတ်မြောက်၍ မိမိအလိုရှိရာ ဘေးကင်း သောအရပ်သို့ ကောင်းစွာရောက်လေသကဲ့သို့ ထိုအတူပင်–

သာကီနွယ်ဘွား ဘုရားသားတော် ဖြစ်ကြကုန်သော ရှေးရှေး၌ ဖြစ်တော်မူကြသည့် ဘုရားရှင်၏ တပည့်သာဝက ပေါရာဏက မဟာထေရ်အရှင်မြတ်တို့သည် မကောင်းမှုမှ ရှက်တော်မူကြ၍ ကိုယ်ကျင့်သီလကိုလည်း ချစ်မြတ်နိုးတော် မူကြကုန်၏။ သိက္ခာ ၃-ပါးကိုလည်း လိုလားတော်မူကြ ကုန်၏၊ ငြိမ်သက်တည်ကြည်သော သူတော်ကောင်း ပုဂ္ဂိုလ် များလည်း ဖြစ်တော်မူကြကုန်၏၊ မိမိအပေါ် အခြားသူတို့ ပြုအပ်သော အပြစ်ကြီး အပြစ်ငယ်ကိုလည်း ရှုမြင်ခြင်း၊ တစိမ့်စိမ့်ကြည့်ခြင်း၊ကဲ့ရဲ့ရှုတ်ချခြင်း၊အမျက်ထွက်ခြင်းများကို ပြုလုပ်တော်မမူကြပဲ မိမိတို့၏ အပြစ်ကြီး အပြစ်ငယ်ကိုသာ ကဲ့ရဲ့ခြင်း၊ နှိပ်ကွပ်ခြင်း၊ ဆုံးမခြင်း၊ သြဝါဒပေးခြင်းတို့ကို ပြုလုပ်တော်မူကြကုန်၏။

မိမိ၏သန္တာန်ဝယ် ထတ်ဝန်းကျင် ထကြွနှိပ်စက်သည်၏ အစွမ်းဖြင့် ဖြစ်ကုန်သော ကာမဂုဏ်ကို ကြံခြင်း ကာမ ဝိတက် အစရှိသည်တို့ကို ဆံပင်မွေးညှင်းစသည့် ၃၂-ကောဋ္ဌာ သကို အာရုံပြု၍ အောက်မေ့ခြင်း (ကာယဂတာသတိ) ဖြင့်၎င်း, ထွက်သက်ဝင်သက်ကို အာရုံပြု၍ အောက်မေ့ ခြင်း (အာနာပါနသတိ)ဖြင့်၎င်း၊ သေခြင်း၌ အောက်မေ့ ခြင်း (မရဏာဿတိ) ဖြင့်၎င်း ပယ်ခွါခြင်း ပြုလုပ်တော်မူကြ ကုန်၏။

(ထိုပြင်) ဆိုခဲ့ပြီးသည်မှ တပါးလည်း ဖြစ်ကုန်သော ကုသိုလ်ကောင်းမှု တရားတို့၌ ပျင်းရိခြင်း ချအပ်သောဝန် ရှိခြင်း ဆုတ်နစ်သော စိတ်ရှိခြင်း၊ မကောင်းမှုအကုသိုလ် တရားတို့၌ ရှေးသွားဖြစ်သော စိတ်ရှိခြင်း လွတ်သော သတိ ရှိခြင်း ပညာအဆင်းခြင်မရှိခြင်း၊ ပြန့်လွင့်သောစိတ်ရှိခြင်း တောမျောက်ကဲ့သို့ စိတ်၏တည်ကြည်မှု မရှိခြင်း မိုးကြိုး စက်နှင့် တူသည်၏အဖြစ်ဖြင့် ဘုရားရှင်သည် ညွှန်ပြတော် မူအပ်သော အပြစ်ရှိသည့် မိမိ၏ အကျိုးမဲ့ကို ပြုတတ်သည့် လာဘ်ပူဇော်သက္ကာတို့၌ ညစ်အခါဝယ် တောမုဆိုးတို့၏ မီးတုတ်မီးတိုင်ကို တပ်မက်သော သားသမင်ကဲ့သို့ တပ်မက် သောစိတ်ရှိခြင်း၊ မောဲရှုကြည့်သော စိတ်ရှိခြင်း၊ ယုတ်မာ သောအလိုရှိခြင်း၊ အလိုကြီးခြင်း မရောင့်ရဲနိုင်ခြင်း အမျိုး တို့၏ သဒ္ဓါတရားကိုဖျက်ဆီးခြင်း၊ မအပ်သော ဝစီဝိညတ်ဖြင့် တောင်းခြင်း၊ အမှတ်နိမိတ်ကိုပြုခြင်း၊ သွယ်ဝိုက်ပြောဆိုခြင်း၊ အရောင်ပြခြင်း၊ ရွှေငွေကိုခံယူခြင်း၊ ရွှေငွေဖြင့်ရောင်းဝယ် ဖောက်ကားခြင်း၊ ဆေးကုခြင်း၊ တမန်သွားခြင်း တမန် စေလွှတ်ခြင်း လူတို့၏အမှုကြီးငယ်ကို ပြုလုပ်ခြင်း၊ အံ့ဘွယ် သရဲကိုပြုခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း၊ အနီးအပါး၌ ပြော ဆိုခြင်း အစရှိကုန်သောများစွာသော မှားသောအသက်မွေး ဝမ်းကျောင်း အမှုတို့ဖြင့် ကြောင် ကျား စသည့် တိရစ္ဆာန်တို့ ကဲ့သို့ မိမိ၏ အသက်ကိုမွေးမြူလိုသောစိတ် ရှိခြင်း၊ အလုံး စုံသော ဣရိယာပုထ်တို့၌ ကင်းသောသတိပဋ္ဌာန်ရှိခြင်း၊စကျူ စသောဣန္ဒြေတို့၌မလုံခြုံသောတံခါးရှိခြင်း၊ဘောဇဉ်၌အတိုင်း အရှည်ကို ုသိခြင်း၊စကားပြောခြင်း၌မွေ့လျော်ခြင်း၊အိပ်ခြင်း ၌ မွေ့လျော်ခြင်း၊အမှုကြီးငယ်ကို ပြုလုပ်ခြင်း၌မွေ့လျော်ခြင်း၊

ပစ္စည်း ၄-ပါးပေါ်များခြင်းငှါ ကျင့်ခြင်း တွန့်လှုပ်သော စိတ်ရှိခြင်း၊ ဖရိုဖရဲသော စကားရှိခြင်း၊ ဆဲရေးခြင်း ရေရွတ်ခြင်း နှုတ်ကြမ်းတမ်းခြင်း၊ ကိုယ်ကြမ်းတမ်းခြင်း၊ စကား ကြမ်းတမ်းခြင်း၊ ကိုယ်လျှပ်ပေါ်ခြင်း၊ နှုတ်လျှပ်ပေါ်ခြင်း၊ မစောင့်စည်းသောစိတ် ရှိခြင်း၊ ခိုက်ရန်ကို ပြုတတ်ခြင်း၊ ငြင်းခုံခြင်းကို ပြုတတ်ခြင်း၊ ဆန့်ကျင်သောစကားကို ဆိုတတ်ခြင်း၊ စကားများခြင်းကို ပြုတတ်ခြင်း၊ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်ခြင်း၊ ယုတ်မာသောအဆွေခင်ပွန်း ရှိခြင်း၊ ယုတ်မာ ကောက်ကျစ်သော သူဖြစ်ခြင်း၊ သူ့မိုက်တို့ကို မှီဝဲသူဖြစ်ခြင်း၊ ငြိမ်သက်တည်ကြည်ခြင်း ရှိကုန်သော သီတင်းသုံးဘော်တို့၌ အမျက်ထွက်သောစိတ် ရှိခြင်း၊ ရန်ငြိုးဖွဲ့တတ်ခြင်း၊ သူ့ကျေးဇူးကို ချေဖျက်တတ်ခြင်း၊ အပြိုင်ပြုတတ်ခြင်း၊ ခက်တရော်ရှိသည်ကို ပြုတတ်ခြင်း၊ စိတ်ပြင်းထန်ခြင်းကို ပြုတတ်ခြင်း၊ မာန်ထောင်တတ်ခြင်း၊ အလွန် မာန်ထောင်တတ်ခြင်း၊ ငြူစူတတ်ခြင်း၊ ဝန်တိုတတ်ခြင်း၊ လှည့်ပတ်တတ်ခြင်း၊ စဉ်းလဲတတ်ခြင်း ဤသို့အစရှိသော များစွာသော မကောင်းမှုကံ ဖြစ်ကုန်သော မိမိရော သူတပါးပါ အကျိုးမဲ့ကို ပြုတတ်ကုန်သော မိမိ၏အပြစ်တို့ကို ပယ်ခွါနိုင်ထုတ်လျက် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အကျိုးငှါ လူ့ဘောင် လူ့ဘဝမှ ရဟန်းဘောင် ရဟန်းဘဝသို့ အမျိုးကောင်းသားတို့သည် ရှင်ရဟန်း ပြုခဲ့ကြကုန်၏၊ ထိုဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အကျိုးငှါသာလျှင် နေ့ညမပြတ် အခါခပ်သိမ်း ပျင်းရိခြင်းမရှိပဲ အားထုတ်တော်မူကြ၍ များစွာသောဘေးတို့နှင့် ရောပြွမ်းသော အလွန် ကူးခပ်နိုင်လှစွာသော သံသရာ တည်းဟူသော သမုဒ္ဒရာကို ကူးခပ်တော်မူကြကာ စင်စစ် အေးမြလှစွာသော အမြိုက် မဟာနိဗ္ဗာန်ဟု

ဆိုအပ်သော ဘေးကင်းရာမှန် ပြည်နိဗ္ဗာန်သို့ ရောက်တော်မူကြလေကုန်ပြီ။

“ငါတို့သည်ကား သစ္စာ ၄-ပါးကို ဖုံးလွှမ်းထားတတ်သော အဝိဇ္ဇာ မောဟကြောင့် သူကန်းများ ဖြစ်နေကြသဖြင့် အထက်တွင် ဆိုခဲ့သည့်အတိုင်း နိဗ္ဗာန်သို့ မရောက်ပဲ ရှိကြပါသည်၊ ဥပမာအားဖြင့် ယခင်ဆိုခဲ့သည့် အလွန်မိုက်စွာသော ယောကျ်ားသည် မိမိကို စားအံ့သောငှါ လာနေကြသည့် ကျားခြသေ့ တို့ကို မမြင်ပဲ မိမိကို ဟောင်နေကြသည့် မြေခွေးနှင့် ခွေးတို့ကိုရင်း၊ ဆဲရေးတိုင်းထွာနေကြသည့် အလွန်မိုက်သော ကလေးငယ်တို့ကိုရင်း၊ ရိုက်နှက်ပုတ်ခတ်အံ့သောငှါ အားထုတ်ခြင်း ပြုနေစဉ်ပင် ဆိုခဲ့သည့် ကျား ခြသေ့တို့၏ အစာ၏အဖြစ်သို့ ရောက်ရလေသကဲ့သို့ ဤအတူပင် မိမိအား စောင့်မြော်လင့် စောင့်စားနေသည့် သံသရာဘေးကို မမြင်ကြပဲ မိမိ၏ အကျိုးမဲ့ကို ပြုတတ်သည့် ဆိုခဲ့သည့် မိမိ အပြစ်တို့ကို မရှုမဆင်ခြင်မူ၍ အခြားသူတို့၏ အပြစ်တို့ကိုသာ ရှုဆင်ခြင်၍ ထိုသူတို့ကို အမျက်ထွက်စိတ်ဆိုးကာ ရန်ဘက်ပြုလျက် အပြစ်ရှာပြီး ဒေါသဖြင့် ဖျက်ဆီးခံရ၍ မောဟဖြင့်မှိုင်းတိုက်ခံရ၍ မေ့လျော့ခြင်းဖြင့်သာ နေထိုင်ကြကုန်၏၊ (ထို့ကြောင့်) ယနေ့တိုင်အောင်ပင် တပါးမက များလှစွာသော ဆင်းရဲဒုက္ခတို့ဖြင့် ရောပြွမ်းနေသည့် သံသရာ တည်းဟူသော အဏ္ဏဝါသမုဒ္ဒရာကို မကူးမြောက်နိုင်ကြကုန်”

ဤသို့လျှင် သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် အနုရာဓပူရဂိုဏ်းဝင် ဖြစ်ကြကုန်သော သိမ်ချင်း ရောယှက်၏ဟု အယူအဆရှိကြသည့် သက်ရဝါဒီထေရ်ကြီး ထေရ်ငယ် အရှင်

မြတ်တို့သည်၎င်း၊ သိမ်ချင်း ရောယှက်ခြင်းမရှိဟု အယူအဆ ရှိကြကုန်သော အသက်ရဝါဒီထေရ်ကြီး ထေရ်ငယ် အရှင်မြတ် တို့သည်၎င်း၊ ငြိမ်သက် တည်ကြည်သော သူတော်ကောင်း ပုဂ္ဂိုလ်များ ဖြစ်တော်မူကြသည့် ငါတို့ မြင်ဘူး တွေ့ဘူး၍ ချစ်မြတ်နိုးသော အဆွေခင်ပွန်းကောင်းတို့သည်၎င်း၊ မမြင် ဘူး မတွေ့ဘူးပဲ ချစ်ခင်မြတ်နိုးကြသည့် အဆွေခင်ပွန်း ကောင်းတို့သည်၎င်း၊ ချစ်ခင်မြတ်နိုးအပ်သော ဆရာအရှင် မြတ်တို့သည်၎င်း ကောင်းစွာနှလုံးသွင်းတော်မူကြကာ ထိတ် လန့်ခြင်း သံဝေဂကို ရယူတော်မူလျက် ထိုသို့သဘောရှိသော သူကပါး၏ အပြစ်တို့ကို တရံတဆစ်မျှပင် မရှုမမြင် မဆင်ခြင် ကြပဲ အကျိုးမဲ့ကို ပြုတတ်သော ဆိုခဲ့ပြီးသည့် မိမိ မိမိတို့၏ အပြစ်တို့ကိုသာ အဖန်တလဲလဲ ရှုဆင်ခြင်တော်မူကြပြီး ထို မိမိအပြစ်တို့ကိုသာ သိမြင်ပိုင်းခြားလျက် ပယ်ရှားတော်မူကြ ကာ ကြိုးပမ်းအားထုတ်တော်မူကြရန် ဖြစ်ပါသည်။

ယင်းသို့ အားထုတ်တော်မူကြပြီးလျှင် မိမိတို့ အားထုတ် ရမည့် ရဟန်းတရားအထူးတို့ကိုသာ ကြိုးပမ်းတော်မူကြပါ ဘုရား၊ အချင်းချင်း ညီညွတ်တော်မူကြပါဘုရား၊ ဝမ်းမြောက် တော်မူကြကာ ချစ်သောမျက်စိဖြင့် ကြည့်ရှုတော်မူကြ၍ နို့ ရည်နှင့်ရေ တသားတည်းဖြစ်သကဲ့သို့ နှစ်ကိုယ့်တစိတ် သဘော တူညီတော်မူကြပါဘုရား၊ အတူပြုအပ်သော။ကံကြီး ကံငယ်, အတူပြုအပ်သော ပါတိမောက္ခုဒ္ဒေသ, တူညီသော အယူဝါဒ, တူညီသော ဂိုဏ်းရှိတော်မူကြ၍ ကာယသုခနှင့် ပြည့်စုံတော် မူကြကာ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းတော် မူကြပါစေသ

တည်း၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းတော် မူကြပါစေသတည်း၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းတော်မူကြပါစေသတည်း။

အဒင်္ဂီကမ္မဝါဒီ အရှင်တို့အား သီးခြား ပန်ကြားခြင်း

ဤသို့လျှင် သက်ရဝါဒီ ထေရ်ကြီး ထေရ်ငယ် အရှင်တို့သည်၎င်း၊ အသက်ရဝါဒီ ထေရ်ကြီး ထေရ်ငယ် အရှင်တို့သည်၎င်း ဤသို့ "သက်ရဝါဒီ၊ အသက်ရဝါဒီ" ဟူ၍ ခေါ်ဝေါ်ခြင်း မျှကိုပင် မပြုလုပ်ကြတော့ပဲ အခါခပ်သိမ်းပင် တူညီသောသဘော၊ တူညီသော အယူဝါဒ၊ တူညီသော ဂိုဏ်း ရှိကြသော်လည်း သက်ရဝါဒီ အရှင်မြတ်တို့၏ အတွင်းဝယ် အချို့သော ထေရ်ကြီး ထေရ်ငယ် အရှင်တို့သည် "ဒင်္ဂီကမ္မဝါဒီ၊ အဒင်္ဂီကမ္မဝါဒီ" ဟူ၍လည်း ခေါ်ဝေါ် ကြကာ တဖန် ဂိုဏ်းကွဲသကဲ့သို့ ထင်ရကုန်၏။

ထိုစကားကို အကျယ်လျှောက်ထားရပါမူ ထိုအရှင်မြတ်တို့က ယခင်ဆိုခဲ့သည့် သိမ်သည် ဂါမသိမ်နှင့် ရောယှက်ခြင်း အပြစ်ကို ပြုတတ်သည်ပင် ဖြစ်၏ဟု ဤသို့ သက်ရဝါဒီ အရှင်မြတ်တို့သည် တညီတညွတ်တည်း ဖြစ်ကြပြီး ထိုသို့သဘော ရှိသော သိမ်ဝယ် ပဉ္စင်းဖြစ်လာကြကုန်သော ရဟန်းတို့၏ ရဟန်းဖြစ်မဖြစ်၌ ယုံမှားခြင်း ရှိကြကုန်သော အရှင်တို့၏၎င်း၊ အခြားတပါးသော သိမ်ဝယ် ပဉ္စင်း ဖြစ်လာကြကုန်သော ရဟန်းတို့၏လည်း တစုံတခုသော ပြည့်စုံခြင်း သမ္ပတ္တိ၌ ယုံမှားကြပြီး မိမိတို့၏ ရဟန်းဖြစ် မဖြစ်၌ သံသယကုက္ကုစ္စမကင်းကြသည့် အရှင်တို့၏၎င်း သံသယကုက္ကုစ္စကို ပယ်ရန် တဖန် သိက္ခာထပ်ခြင်း အမှုကို အကြောင်းပြုလျက်

ဤသို့ သိက္ခာထပ်ခြင်းကို ပြုလုပ်ခြင်းသည် ဘုရားမြတ်စွာ ခွင့်ပြုတော်မူအပ်သည့် ဝိနည်းကံ မဟုတ်ဟူ၍ရှင်း၊ ဟုတ်၏ ဟူ၍ရှင်း ငြင်းခုံကြကာ တဖန်လည်း ဂိုဏ်း ၂-မျိုးကွဲသကဲ့သို့ ထင်ရပြန်၏။

အရှင်ကောင်း အရှင်မြတ် တို့ဘုရား၊ ဆိုခဲ့သည့်အတိုင်း ဂိုဏ်းကွဲသကဲ့သို့ ထင်ကြရသောကြောင့်ပင် အဒ္ဓိကမ္မဝါဒီ ထေရ်ကြီး ထေရ်ငယ် အရှင်မြတ် တို့အား တပည့်တော် တို့သည် ဤသို့ ပန်ကြား လျှောက်ထားအပ်သည့် အရာသို့ ရောက်ကြခြင်း ဖြစ်ပါသည်။

ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့ဘုရား၊ အရှင်မြတ် တို့သည် တပည့်တော်တို့ကို ခွင့်ပြုတော်မူကြပါကုန်လော့။

ထေရ်ကြီး ထေရ်ငယ် အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့ သည် တပည့်တော်များ လျှောက်ကြားသောစကားကို နားထောင်တော် မူကြပါကုန်လော့။

ထေရ်ကြီး ထေရ်ငယ် အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် တပည့်တော်များ ပန်ကြားလျှောက်ထား သော စကားကို ကောင်းစွာနှလုံးသွင်းတော် မူကြပါကုန် လော့။

ခွင့်ပြုတော်မူချက်နှင့် လျော်ညီသောဝိနည်းကံ

အရှင်မြတ်တို့ဘုရား.... ဘုရားရှင် ခွင့်ပြုတော်မူချက် နှင့် လျော်သော ဝိနည်းကံကို လျှောက်ထားပါဦးမည်။ မိမိတို့၏ အဓိသီလသိက္ခာ၌(ဝါ)ရဟန်းအဖြစ်၌ သံသယကုက္ကုစ္စ ရှိကြ

ကုန်သော ရဟန်းတော်များသည် အသစ် တဖန် ပြန်၍ သိက္ခာဆပ်လေ့ရှိကြပါသည်။ ဤသို့ သိက္ခာပြန်ထပ် ရဟန်း ပြန်ခံသည့် နေရာ၌ ဘုရား တပည့်တော်တို့၏ ဇမ္ဗူဒိပ်ကျွန်း မြန်မာနိုင်ငံ၌ သီတင်းသုံးတော်မူကြကုန်သော လဇ္ဇီပေ-သလ ဝိနယကုက္ကုစ္စရှိကြ၍ ပညာဗဟုသုတ ကြွယ်ဝကြကုန် သော ထေရ်ကြီး ထေရ်ငယ် ထေရ်ရှယ် ထေရ်လတ် အား လုံးတို့မှာ ယုံမှားသံသယ စိုးစဉ်းမျှရှိတော်မမူကြပါ။

အချို့ရဟန်းတော်များသည် မိမိတို့ရဟန်းခံခဲ့စဉ် အချိန် က ဥပသမ္ပဒ ကံမြောက်ကြောင်း (ဝါ) ရဟန်း ဖြစ်ကြောင်း အင်္ဂါ ၅-ပါးတွင် တပါးပါး၌ သံသယရှိ၍ ရဟန်းဖြစ်မှ ဖြစ် ပါ့မလား ဟု ဝိနယကုက္ကုစ္စ ဖြစ်ကြ၏၊ ထိုရဟန်းတော်များ သည် မိမိတို့ဆန္ဒအတိုင်း သိက္ခာပြန်ထပ်ကြပါသည်၊ ရဟန်း ပြန်ခံကြပါသည်။

အချို့ရဟန်းတော်များမှာမူ မိမိတို့ ရဟန်းခံခဲ့စဉ် အချိန် က ချွတ်ယွင်းချက် တစုံတရာကို မတွေ့မြင် ခဲ့သော်ငြား လည်း ရဟန်းဖြစ်ကြောင်း (ဝါ)ဥပသမ္ပဒကံမြောက်ကြောင်း အင်္ဂါငါးပါးနှင့် ပြည့်စုံဘို့ရန်မှာ မလွယ်ကူလှဟု စဉ်းစားမိ ပြီး မိမိတို့၏ ရဟန်းအဖြစ်၌ ယုံမှားသံသယဖြစ်ကြ၏၊ ထို ရဟန်းတော်များသည်လည်း မိမိတို့သဘောအတိုင်း သိက္ခာ ပြန်ထပ်ကြပါသည်။

ယခုအခါ ဤကဲ့သို့သော အရာမျိုး၌ ဇမ္ဗူဒိပ်ကျွန်း မြန်မာပြည်သား သံဃာတော်များသည် "ဤကဲ့သို့သော ကိစ္စမျိုးကို ထိုထိုဝိနည်း သိက္ခာပုဒ်တို့၌ ဘုရားရှင် ခွင့်ပြု ထားသည့် အနုလောမပညတ်ချက်ဖြင့် ပြုကျင့်သင့်၏" ဟု

အားလုံး အယူအဆ မကွဲမပြား တသားတည်း တူညီလျက် ရှိကြပါ၏။ မှန်ပါသည်၊ မြတ်စွာဘုရားသည် ဝိနည်းမဟာဝါ ပါဠိတော် ဘေသဇ္ဇက္ခန္ဓကဌ် ဝိနည်းကံနှင့်စပ်၍ ညွှန်ကြားချက်ကြီး(မဟာပဒေသ)လေးမျိုး ဟောခဲ့ရာတွင် အောက်ပါ အချက်သည်လည်း ပါဝင်လျက် ရှိပေသည်။

> "ရဟန်းတို့ ဤအရာသည် အပ်၏ ဟု အကြင်အရာကို ငါဘုရားခွင့်မပြုရသေး၊ အကယ်၍ ထိုအရာသည် အပ်သောအရာနှင့် သင့်လျော်၍ မအပ်သောအရာနှင့် ဆန့်ကျင်ပြောင်းအံ့၊ ထိုအရာသည် သင်တို့အား အပ်၏"

ဟု ညွှန်ကြား နည်းပေးတော်မူခဲ့ပေသည်။

အကျယ်ချဲ့၍ လျှောက်ထားပါဦးမည်၊ ဤကဲ့သို့သော ဝိနည်းကံ၌ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယကုက္ကုစ္စက ဖြစ်တော်မူကြသည့် အမျိုးကောင်းသား ရဟန်းတော်များသည် မိမိတို့ ရဟန်းခံခဲ့စဉ် အချိန်က ရဟန်းဖြစ်ကြောင်း အင်္ဂါငါးမျိုးတို့တွင် တမျိုးမျိုး၌ ယုံမှားသံသယရှိ၍ "ငါ ရဟန်းဖြစ်လေသလား၊ မဖြစ်လေသလား"ဟု ဝိနယကုက္ကုစ္စဖြင့် အမြဲထာဝစဉ် နှလုံးမသာမယာ စိတ်မချမ်းမသာ ရှိကြကုန်၍ နတ်ရွာမဂ်ဖိုလ်၏ အန္တရာယ်ကို ဖြစ်စေ၍ နေကြကုန်ရာ၏။ ဖြစ်နေကြပါသည်။

ထိုကဲ့သို့သော အမျိုးကောင်းသား ရဟန်းတော်များက မိမိတို့အား သိက္ခာပြန်ထပ်ပေးရန် သံဃာအား လျှောက်ထားတောင်းပန်လာ၍ သံဃာက သိက္ခာ ပြန်မထပ် ပေးပါလျှင်

ရှင်ဘော်မြတ်ဘုရား၏ တကဲ့ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသည့် သာသနာတော်ဝယ် ကိုးကွယ်ရာမဲ့ ဖြစ်နေကြပါလိမ့်မည်။ ယင်းသို့ဖြစ်လျှင် တကဲ့ကိုးကွယ်ရာအစစ် ဖြစ်တော်မူသည့် မြတ်ဗုဒ္ဓ၏ သာသနာတော်သည် သံသယကုက္ကုစ္စရှိနေကြသည့် ရဟန်းတော်များအဖို့ ကိုးကွယ်ရာမဲ့ သာသနာဖြစ်သွားပါလိမ့်မည်။ အမှန်စင်စစ် ဤသို့မဖြစ်သင့်ပါ။ ထို့ကြောင့် မိမိ၏ ရဟန်းအဖြစ်၌ သံသယကုက္ကုစ္စ မကင်းကြသည့် ရဟန်းတော်တို့ကို ဤကဲ့သို့ သိက္ခာ ပြန်ထပ်သည့် ဝိနည်း ကံမျိုးသည် ဘုရားတပည့်တော် တင်ပြခဲ့ ပြီးသည့် အကြောင်းအရာများကို ထောက်ဆပါလျှင် ဘုရားရှင် ခွင့်ပြုတော်မူထားသည့် ဝိနည်းကံနှင့် လျော်ညီသည်မှာ အလွန်ထင်ရှားလှပါသည် ဘုရား။

အရှင်မြတ်တို့ဘုရား... သံဃာ ညီညွတ်ရေးကို အားပေးဆောင်ရွက်လျက် ရှိကြကုန်သော အရှင်ကောင်း အရှင်မြတ်တို့ကို ဘုရား တပည့်တော်များ လေးစားစွာ ဆက်လက်လျှောက်ထား တောင်းပန်ပါဦးမည်။ “အထက်တန်းစားသူတော်ကောင်းများ ဖြစ်ကြသည့် အရှင်ဘုရား တို့သည်ဤကဲ့သို့သော သံဃကိစ္စ၌ မပြောပလောက်သည့် သံသယကုက္ကုစ္စကို ပယ်ဖျောက်၍ ဒဠှီကမ္မဝါဒ နှံကြသည့် အရှင်မြတ်တို့နှင့် အယူတူ ဝါဒတူ ဂိုဏ်းတူ ဖြစ်တော်မူကြပါဘုရား။ စင်စစ်အားဖြင့် ဒဠှီကမ္မဝါဒ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အရှင်မြတ်တို့ အားလုံးသည် ဘုရား တပည့်တော်တို့၏ မြန်မာနိုင်ငံမှ ရောက်လာတော်မူကြသည့် အမရပူရ ဝံသိကဂိုဏ်းဝင်တို့သာ ဖြစ်တော်မူကြပါသည်ဘုရား။ ထို့ကြောင့်

အမရပူရ အနွယ်ဝင် ဖြစ်တော်မူကြသည့် အရှင်မြတ်အားလုံး တို့သည် အမရပူရအနွယ်ဝင် ဖြစ်တော်မူကြသည့် ဇမ္ဗူဒိပ် ကျွန်းသားဘုရားတပည့်တော်များနှင့် အယူတူ ဝါဒတူ ဂိုဏ်း တူဖြစ်တော်မူကြရန် တောင်းပန်လျှောက်ထားပါသည်ဘုရား။

ထိုနည်းတူစွာ နှစ်ကြိမ် သုံးကြိမ်တိုင်တိုင် ဘုရားတပည့် တော်များ အလွန်အကြူး အထူးတောင်းပန် လျှောက်ထားပါ သည် အရှင်မြတ်တို့ဘုရား။

တဖန်ထပ်၍ လျှောက်ထားပါဦးမည်–

ဤသို့ ဘုရားတပည့်တော်များက အလွန်အကြူး အထူးလျှောက်ထား တောင်းပန်ပါသော်လည်း အရှင် ကောင်း အရှင်မြတ်တို့က ဤ သံဃကိစ္စ၌ ရှေက အတိုင်းပင် သံသယကုက္ကုစ္စ ရှိနေကြ၍သံဃာညီညွတ် ရေးအတွက် မကွဲမပြား တခုတည်းသော အယူဝါဒ၌ မရပ်တည်နိုင်ခဲ့ပါလျှင် အရှင်မြတ်တို့ သံသယကုက္ကုစ္စ ကင်းပျောက်သွားစေရန် သဘာဝယုတ္တိကြောင်း၊ အာဂမယုတ္တိကြောင်းတို့ဖြင့် ဘုရားတပည့်တော်များ အထူးလျှောက်ထား လိုပါသေးသည် ဘုရား။

ထိုလျှောက်ထားချက်ကို အရှင်မြတ်တို့ ကြားနာ သိရှိရပါ လျှင် နှစ်သက်သဘောကျ၍ သံသယကုက္ကုစ္စ ကင်းသွားနိုင်ပါ သည်။ သံဃာအချင်းချင်း အယူဝါဒ မကွဲပြား တသား တည်း ဖြစ်ကြ၍ တဂိုဏ်းတည်းဖြစ်လာနိုင်ဘွယ်ရာ ရှိပါသည်။ သံဃာ စည်းလုံးညီညွတ်မှုကိုရသဖြင့် အခါခပ်သိမ်း ချစ်ဘွယ် ရာ မျက်စိ၊ ချစ်စရာ နှလုံးသားတို့ရှိကြ၍ ကိုယ်ချမ်းသာမှု

စိတ်ချမ်းသာမှု၊ စည်းလုံးညီညွတ်မှု၊ ဝမ်းမြောက်ဝမ်းသာဖြစ်မှု များ ဖြစ်လာနိုင်ကြစရာအကြောင်း ရှိပါသည်ဘုရား။

အကယ်၍ ထိုလျှောက်ထားချက်ကို အရှင်မြတ်တို့ ကြားနာသိရှိကြရသော်လည်း ရှေ့ကအတိုင်းပင် ယုံမှားသံသယ ရှိမြဲ ရှိနေကြပါသေးလျှင် အရှင်မြတ်တို့ သဘောကျ နှစ်သက်သလို ပြုတော်မူကြပါဘုရား၊ အရှင်မြတ်တို့သည် ဤကိစ္စကို အကြောင်းပြု၍ ယခုလို တကြိမ်တခေါက်မျှ ဤသီဟိုဠ်ကျွန်းသို့ ကြွရောက်လာကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော် များနှင့် မငြင်းခုံကြပါနှင့်ဘုရား။ ယခုလို တကြိမ်တခေါက် ဤသီဟိုဠ်ကျွန်းသို့ ကြွရောက်လာကြသည့် ဇမ္ဗူဒိပ်ကျွန်း သား တပည့်တော်များကလည်း အထက်တန်းစား သူတော် ကောင်းများ ဖြစ်ကြသည့် အရှင်မြတ်တို့နှင့် တစုံတခုသော ငြင်းခုံမှုကို ပြုလုပ်ကြမည် မဟုတ်ပါဘုရား။ ယခုလို တကြိမ် တခေါက် ဤသီဟိုဠ်ကျွန်းသို့ ကြွရောက်လာကြသည့် ဇမ္ဗူဒိပ် ကျွန်းသား ထေရ်ကြီး ထေရ်ငယ် ထေရ်ရှယ် ထေရ်လတ် တပည့်တော်အားလုံးတို့သည် တကြိမ်တခါ တွေ့ဘူးမြင်ဘူးရုံ မျှဖြင့် ခင်မင်ရင်းနှီးသည့် သူတော်ကောင်း မိတ်ဆွေကြီး များ ဖြစ်ကြသည့် သီဟိုဠ်ကျွန်းသား အရှင်မြတ်များနှင့် ဆန့်ကျင်ဘက်စကား တခွန်းတလေမျှကိုပင် တခေါကမျှ မပြော လိုကြပါကုန် ဘုရား။

အမှန်စင်စစ်ကား–အရှင်မြတ်တို့သည် ဘုရားတပည့်တော် များ ညွှန်ပြသည့် သဘာဝယုတ္တိကြောင်း အာဂမယုတ္တိ ကြောင်းတို့ကို ကြားနာသိရှိရသည့်အခါ–မိမိ၏ သံသယ ကုက္ကုစ္စကို ပယ်ဖျောက်၍ အခြား ဒဠှီကမ္မဝါဒီ ပုဂ္ဂိုလ်တို့နှင့်

အယူဝါဒ မကွဲမပြား၊ ညီညွတ်သွားကြဘွယ်ရာ၊ ငြင်းခုံမှုမရှိပဲ ပျော်ရွှင်ဝမ်းမြောက်ကြဘွယ်ရာ ဖြစ်ကြတန်ရာ၏ဟု တပည့်တော်များ မှတ်ထင်ယူဆကြပါသည်။ ထိုယူဆချက်အတိုင်း အရှင်မြတ်တို့ထံ ရှိသေလေးမြတ်စွာ အခွင့်တောင်း၍ ဤကဲ့သို့ လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်များအား လျှောက်ထားခွင့် ပြုတော်မူကြပါဘုရား၊ သည်းခံတော်မူကြပါဘုရား။

သဘာဝယုတ္တိအကြောင်း

ရဟန်းလောင်း၏ ယုံမှားသံသယ

ဝိနယကုက္ကုစ္စ ဖြစ်တော်မူကြသည့် အမျိုးကောင်းသားရဟန်းတော်များသည် သိက္ခာသုံးပါးကို ကျင့်လိုကြကုန်၍ ဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုလာကြကုန်သော်လည်း တခါတရံ ဤသို့ ယုံမှားသံသယ (သံသယကုက္ကုစ္စ) များ ဖြစ်တတ်ကြပါသေးသည်။ ဖြစ်ပုံမှာ–"ယခုလို သာသနာဆုတ်ယုတ်သော အရပ်ဒေသ၌ ဝိနည်းကံအရာတွင် မကျွမ်းကျင်ကြသည့် မလိမ္မာကြသည့် စွမ်းရည်မရှိကြသည့် ရဟန်းတော်များသည် အားကြီးသောလဇ္ဇီဟူသည်ဟုဖြင့် ရဟန်းခံခြင်းစသော ဝိနည်းကံကို ပြုလုပ်ကြပါကုန်သော်လည်း ဥတ်၊ ကမ္မဝါစာ ရွတ်ဖတ်ရာတွင် အက္ခရာတလုံးလုံးကိုဖြစ်စေ၊ တပုဒ်လုံးကိုဖြစ်စေ မရွတ်ဘတ်မိခြင်း၊ သိထိ သကိုဓနိတ၊ ဓနိတကို သိထိလစသည်ဖြင့် ရွတ်ဘတ်မိခြင်းအားဖြင့် ကမ္မဝါစာနှင့် ပြည့်စုံရခြင်း (ကမ္မဝါစာသမ္ပတ္တိ) အင်္ဂါချို့တဲ့နိုင်ပါသည်ဘုရား။

ကမ္မဝါစာနှင့်ပြည့်စုံခြင်း အင်္ဂါနှင့် ညီညွတ်စေကာမူ မိမိတို့ ရဟန်းခံခဲ့ကြသော သိမ်များသည် ထိုကဲ့သို့ အက္ခရာတလုံးလုံးကို မရွတ်ဘတ်မိခြင်း စဲသော ဥတ် ကမ္မဝါစာတို့ဖြင့် သမုတ်ထားသည့် သိမ်များသော်ရှင်း၊ မအောင်မြင်သော ဝိပတ္တိသိမ် တဆယ့်တမျိုးတွင် ပါဝင်သော သိမ်များသော်ရှင်း ဖြစ်နိုင်ပါသည်ဘုရား။

သိမ်နှင့်ပြည့်စုံခြင်း (သီမာသမ္ပတ္တိ) အင်္ဂါနှင့် ညီညွတ်သော်ငြားလည်း ကံဆောင်ကာရက သံဃပရိသတ်သည် မအောင်မြင်သော (ဝိပတ္တိ) သိမ်၌ဖြစ်စေ, အပြစ်ဒေါသ မကင်းသော ဥတ် ကမ္မဝါစာတို့ဖြင့် ဖြစ်စေ၊ ခွင့်ပြုချက် အရေအတွက် မပြည့်သော သံဃပရိသတ်ဖြင့်ဖြစ်စေ ရဟန်းခံခဲ့၍ ရဟန်းမဖြစ်သည့် ကံဆောင်သံဃာ ပရိသတ်လည်း ဖြစ်နိုင်ပါသည်ဘုရား။

အကယ်၍ ငါရဟန်းခံခဲ့စဉ်က ဤဆိုခဲ့ပြီးသော ချွတ်ယွင်းချက်တို့တွင် တခုခုသော ချွတ်ယွင်းချက် ရှိခဲ့ပါလျှင် ငါသည် ရဟန်းဟု အခေါ်ခံနေရသော်လည်း ရဟန်းမှန် ရဟန်းစစ် မဖြစ်ဘဲ ရှိရာ၏ဟု ယုံမှားသံသယ ဖြစ်တတ်ကြပါသည်။

ထိုအမျိုးကောင်းသား ရဟန်းတော်များသည် ဤသို့ ရဟန်းစစ်ရဟန်းမှန်ဖြစ်မှုဖြစ်ပါမလားဟူသော သံသယကုက္ကုစ္စဖြင့် နေရာညပါ အခါခပ်သိမ်း စိတ်နှလုံးချမ်းမြေ့ခြင်းမရှိဘဲ နေထိုင်ကြရပါလျှင် ထိုရဟန်းတော်များမှာ စိတ်နှလုံး တည်ငြိမ်မှု မရနိုင်ကြသဖြင့် နတ်ရွာ မဂ်ဖိုလ်တို့၏ အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ယင်းသို့ သံသယကုက္ကုစ္စဖြစ်သင့်သော အရာ၌ သံသယ ဖြစ်တော်မူကြသည့် ရဟန်းတော်များ၏ သံသယ

ကုက္ကုစ္စ ရောဂါဝေဒနာ ပျောက်ကင်း ငြိမ်းအေးသွားရန် ဘုရားရှင်၏ အလိုတော်ကို သိတော်မူကြသည့် အဋ္ဌကထာဆရာ အရှင်မြတ်တို့ ပေးတော်မူသွားသည့် ဆေးရှိပါသည်။ ထိုဆေးဖြင့် သံသယကုက္ကုစ္စ ရောဂါဝေဒနာကို ပျောက်ကင်းအောင် ကုစားသင့်ပါသည်။ ထိုဆေးကား အခြားမဟုတ်ပါ။ ထိုသံသယကုက္ကုစ္စဖြစ်နေသော ရဟန်းတော်များအားရှင်းတို့ သံသယကင်းသည်အထိ သိက္ခာပြန်ယူစေခြင်း သိက္ခာပြန်ထပ်ပေးခြင်းပင် ဖြစ်ပါသည်။

သံသယကုက္ကုစ္စ ပယ်ဖျောက်နည်း

ယင်းသို့ သံသယကုက္ကုစ္စ ပျောက်အောင် လုပ်ရာ၌ ထိုကဲ့သို့သော ရဟန်းတော်များသည် ဥတ်ကမ္မဝါစာ ရွတ်ဖတ်ရာတို့၌ ကမ္မဝါစာရွတ်ဖတ်သည့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ကမ္မဝါစာရွတ်ဖတ်ပုံ ရွတ်ဘတ်နည်းကို အကြောင်းပြု၍ သံသယကုက္ကုစ္စ ဖြစ်ခဲ့ကြပါလျှင် သံဃာက "ငါတို့၏ တရားတော်နှင့် လျော်ညီသော ဝိနည်းကံသည် ဆုံးခန်းတိုင်ရောက်ပြီ"ဟု အဆုံးအဖြတ် ပြုထားသော်လည်း ထိုသံသယကုက္ကုစ္စ ရှိကြသည့် ပုဂ္ဂိုလ်တို့၏ အားကိုးရာဖြစ်ခြင်းငှါ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ ထိုသိမ်၌ပင် ထိုမူလကမ္မဝါစာဆရာနှင့်ဖြစ်စေ၊ အခြား ကမ္မဝါစာဆရာနှင့်ဖြစ်စေ ဥတ် ကမ္မဝါစာတို့ကို အက္ခရာ ပုဒ် မရွတ်မိခြင်း၊ သိထိလကို ဓနိတ ရွတ်ခြင်းစသည်တို့ ကင်းစေလျက် ကောင်းမွန်စွာ အဖန်ဖန် အထပ်ထပ် ပြန်ဖတ်၍ သိက္ခာ ပြန်ထပ်ပေးသင့်ပါသည်။ ယင်းသို့ သိက္ခာပြန်ထပ်မပေးလျှင် ထိုသံသယကုက္ကုစ္စ ပုဂ္ဂိုလ်တို့မှာ အားကိုးရာမဲ့ ဖြစ်ကြပါလိမ့်မည်။

အကယ်၍ ရဟန်းခံသောသိမ်ကိုအကြောင်းပြု၍ သံသယကုက္ကုစ္စဖြစ်ကြပါလျှင် အခြားသိမ်သို့ ခေါ်ဆောင်လျက် တဖန်သိက္ခာ ပြန်ထပ်ပေးသင့်ပါသည်။

အကယ်၍ ပရိသတ်ကို အကြောင်းပြု၍ သံသယကုက္ကုစ္စ ဖြစ်ခဲ့ပါလျှင် ထိုသိမ်၌ပင် အခြား ပရိသတ်ဖြင့် ဖြစ်စေ၊ သို့မဟုတ် ရဟန်းဘဝ၌ သံသယကင်းကြသည့် အခြားရဟန်းတို့ကို ဂိုဏ်းပြည့်လုပ်၍ ဖြစ်စေ တဖန် သိက္ခာ ပြန်ထပ်ပေးသင့်ပါသည်။

အကယ်၍ ရှေးမူလ ရဟန်းခံခဲ့စဉ်က မိမိသည် အသက်နှစ်ဆယ် ပြည့်လေသလော မပြည့်လေသလောဟု ယုံမှားသံသယဖြစ်ပြီး စိတ်နှလုံးမချမ်းမသာ ဖြစ်နေ၍ ထိုယုံမှားသံသယကို အခြားနည်းလမ်းဖြင့် မပယ်ဖျောက်နိုင်ပါလျှင် ထိုယုံမှားသံသယ ကင်းပျောက်သွားစေရန် ထိုသံသယကုက္ကုစ္စ ရှိနေသည့် ရဟန်းတော်များကို သိက္ခာ ပြန်ထပ်ပေးသင့်ပါသည်၊ သိက္ခာပြန်ထပ်မပေးခဲ့သော် ထိုရဟန်းတော်များမှာ အားကိုးရာမဲ့ ဖြစ်ကြပါလိမ့်မည်။

သံဃပရိသတ်၏ သံသယ ကုက္ကုစ္စ

ရဟန်းလောင်း ပုဂ္ဂိုလ်တို့အား ၎င်းတို့ကိုယ်တိုင်ဖြစ်သော သံသယ ကုက္ကုစ္စကို အကြောင်းပြု၍ သိက္ခာပြန်ထပ်ပေးသင့်သည် မဟုတ်သေး၊ သာသနာတော်၏ အကျိုးစီးပွါးကို လိုလားကြကုန်သည့် အခြားပုဂ္ဂိုလ်တို့၏ သံသယ ကုက္ကုစ္စကို အကြောင်းပြု၍လည်း သိက္ခာ ပြန်ထပ်ပေးသင့်ပါသည်။ မှန်ပါသည်၊ ရဟန်းလောင်းကို ပဉ္စင်းခံပေးသည့် သံဃပရိ

သတ်တွင် အမှတ်မထား တပါးပါးသော ပုဂ္ဂိုလ်ကသော်၎င်း၊ နှစ်ပါးကသော်၎င်း၊ သုံးပါး၊ လေးပါးကသော်၎င်း၊ကမ္မဝါစာ ဆရာများ၊ ကမ္မဝါစာ ရွတ်ဖတ်ချိန်၌ ပုဒ် အက္ခရာတို့ကို မရွတ်မိဘဲ ကျော်သွားခြင်း၊ သိထိလကို ဓနိတ ရွတ်မိခြင်း စသည်တို့ကို သတိထားမိ၍ ယုံမှား သံသယဖြစ်ကာ သံဃာ အား ဖြစ်စေ, ထိုကမ္မဝါစာ ဆရာအားဖြစ်စေ လျှောက်ထား ပြောကြားပါလျှင် သံဃာက ထိုရဟန်းတော်များ ယုံမှား သံသယ ကင်းရှင်းသွားစေရန် ထိုကမ္မဝါစာ ဆရာနှင့်ဖြစ်စေ၊ အခြား ကမ္မဝါစာဆရာနှင့် ဖြစ်စေ ကမ္မဝါစာ အပြစ်ဒေါသ များ ကင်းစင်စေလျက် ကမ္မဝါစာကို အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဖတ်စေ၍ ထို ရဟန်းတော်များ၏ သံသယကို ကင်း ပျောက်အောင် ဆောင်ရွက်ပေး သင့်ပါသည်။ ဤကဲ့သို့ မဆောင်ရွက်ပေးပါလျှင် ထိုရဟန်းတော်များသည် "ထိုပဥ္စင်း လောင်း ရဟန်းမဖြစ်ဘူး၊ ရဟန်းဖြစ်သည်" ဟု အချင်းချင်း အငြင်းပွါးကာ သံဃာအဓိကရုဏ်း ဖြစ်လာနိုင်စရာရှိပါသည်။

ထို့ကြောင့် သံဃာညီညွတ်ရေးကို ငဲ့သောအားဖြင့်၎င်း၊ ဝိနည်းကံကို အလေးပြုသောအားဖြင့်၎င်း ထိုရဟန်းတော် များ၏ ယုံမှား သံသယကို ကင်းပျောက်အောင် မဖြစ်မနေ ကောင်းဆောင်ရွက်ပေးသင့်ပါသည်။

ကမ္မဝါစာဆရာ၏ သံသယကုက္ကုစ္စ

ရဟန်းလောင်းနှင့် သံဃာပရိသတ်တို့က ယုံမှားသံသယ ကင်းကြသော်ငြားလည်း ထိုကမ္မဝါစာဆရာ ဝိနည်းဓိုရ်ပုဂ္ဂိုလ် ကိုယ်တိုင်က ပုဒ် အက္ခရာအချို့ကို မရွတ်မိခြင်း၊ သိထိလကို

ဓနိတ၊ ဓနိတကို သိထိလ ရွတ်ဖတ်မိခြင်း၊ တတိယအကြိမ် ကမ္မဝါစာ မဖတ်မိခြင်းဟူသော မိမိ၏ ကမ္မဝါစာရွတ်ဖတ်ပုံ ကို နောက်ပိုင်းတွင် သံသယ ဝင်တတ်သေး၏။ ယင်းသို့ သံသယဝင်ခဲ့ပါလျှင် ရဟန်းလောင်းပုဂ္ဂိုလ်နှင့် သံဃပရိသတ် တို့က သတိမထား၍ "ငါတို့၏ ဥပသမ္ပဒကံသည် တရားနှင့် အညီ အောင်မြင် ပြီးဆုံးသွားပြီ" ဟု ယုံကြည်ပြီး ပရိသတ် ထသွားသော်လည်း နောက်ပိုင်းတွင် ထို ဝိနည်းဓိုရ် ပုဂ္ဂိုလ် သည် သံဃာအားလျှောက်ထား၍ ထိုဥပသမ္ပဒကံ ထမြောက် အောင်မြင်စေရန် ကမ္မဝါစာကို စင်ကြယ်သန့်ရှင်း အပြစ် ကင်းစွာ ပြည့်ပြည့်စုံစုံ ရွတ်ဖတ်စေပြီး ပြန်၍ သိက္ခာထပ်ပေး သင့်ပါသည်။

ဤနည်းမှတပါး အခြား တနည်းတလမ်းအားဖြင့် ထို ပုဂ္ဂိုလ် ရဟန်းဖြစ်မည်ဆိုလျှင်လည်း အလွန် ကောင်းပါသည်။ အကယ်၍ ရဟန်းမဖြစ်ခဲ့ပါမူ ထို ပုဂ္ဂိုလ်သည် မိမိ၏ ရဟန်း မဖြစ်ခြင်းကို မသိသောကြောင့် လိင်ခိုး ထေရ်ခိုး (ထေယျသံ ဝါသက) နှင့် နတ်ရွာ မဂ်ဖိုလ်တို့၏ အန္တရာယ်တို့ကား မဖြစ် အနာရောဂါကင်းသူကဲ့သို့ မှတ်ထင်ဘွယ်ရာ ရှိ၏။

သို့သော် ထို ပုဂ္ဂိုလ်သည် ငွေအသပြာပုံထဲတွင် စဉ်းလဲ သော အသပြာ (ဝါ) အတုဖြစ်သော အသပြာပမာ ဘုရား၊ သာသနာတော်၌ တန်ဖိုးမရှိသူ အသုံးမဝင်သူ ဖြစ်လေသည်။ မှန်၏၊ ထိုပုဂ္ဂိုလ်မျိုးကို မှီ၍ (ဝါ) အကြောင်းပြု၍ မြတ်စွာ ဘုရား၏ သာသနာတော်၌ ရဟန်းခံသော (ဥပသမ္ပဒ) ကံ၊ သိမ်သမုတ်သည့် (သိမာသမုတိ) ကံ၊ သံဃာများ ဥပုသ်ပြု ကြသည့် (ဥပေါသထ) ကံတို့သည် မအောင်မြင်နိုင်ကြပေ၊

ထိုပုဂ္ဂိုလ်သည် အခြားရဟန်းများ၏ ပရိဝါသ် ဆောက်တည်ခြင်းစသော ပရိဝါသကံစသည်တို့၌ အရေအတွက်ပြည့်ရုံမျှပင် မဖြစ်နိုင်ပေ။ ဤသို့ဖြစ်ရကား ထို ပုဂ္ဂိုလ်သည် ရှင်တော်ဘုရား၏ သာသနာ့တာဝန်ကို ကိုယ်တိုင်ပါဝင် ရွက်ဆောင်သော်ငြားလည်း ရွက်ဆောင်ရာ မရောက်သည့်ပြင် သာသနာတော်၏ အန္တရာယ်ကိုပင် ပြုသည်မည်ရာရောက်သည်ဟု မှတ်သားသင့်ပေသည်။

ထို့ကြောင့် ဤကဲ့သို့သော အရာ၌ သံဃာသည်၎င်း၊ ဝိနည်းဓိုရ် ပုဂ္ဂိုလ်သည်၎င်း၊ ရဟန်းလောင်း ပုဂ္ဂိုလ်သည်၎င်း အထူးသဖြင့် သတိသမ္ပဇဉ် ဉာဏ်သတိနှင့် ယှဉ်ကာ ပြုလုပ်သင့်ပေသည်။ ဤကဲ့သို့ အလွန်အလေးဂရုပြုသင့်သည့် အရာ၌ မည်သည့်အခါမျှ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ သတိလက်လွတ် မပြုသင့်ဟု သဘောရပေသည်။

ကံပြုရာတွင် မပါဝင်သော ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင်သည့် ဝိနည်းဓိုရ် ဆရာတော်ကြောင့် ဖြစ်လာသော သံသယကုက္ကုစ္စ

ဤ သံဃ၂ရိသတ်၌ ကမ္ဘဝါစာဆရာ၊ ကာရကသံဃာနှင့် ရဟန်းလောင်း ပုဂ္ဂိုလ်တို့အားလုံး ဝိနည်းကံအရာ၌ မကျွမ်းကျင် မလိမ္မာကြသောကြောင့် ကမ္ဘဝါစာဆရာ၏ ကမ္ဘဝါစာ ရွတ်ဖတ်ပုံ အခြင်းအရာကို ကောင်းစွာ ကြားရသော်လည်း ဥတ် ကမ္ဘဝါစာတို့၌ တစုံတခုသော ပုဒ် အက္ခရာတို့ကို မရွတ်ဖတ်မိခြင်း စသည့် အပြစ်တို့ကို မသိရှိရကား "အကျွန်ုပ်တို့၏ ဥပသမ္ပဒကံသည် ဝိနည်းတရားတော်နှင့်အညီ ပြီးသွားပြီ" ဟု အနည်းငယ်မျှ ယုံမှားသံသယ မရှိပဲ နေထိုင်လျက်ရှိ

ကြ၏။ ထိုအခါ သံဃပရိသတ် နေရာမှ မထမိ၍သော်ငြား၊ နေရာမှ ထကာမျှ၍သော်ငြား၊ ထိုကာလ အတောအတွင်း၌ သော်ငြား၊ ထိုကံပြုသည့်နေ့၌သော်ငြား၊ နောက် တနေ့၌ သော်ငြား၊ ကံပြုပြီးသည်မှ အလွန်ကြာမြင့်သော အချိန်၌ သော်ငြား ကံပြုရာတွင် မပါဝင်သော မဟာထေရ်ကြီးတပါး ကြွလာတော်မူပြီး ထိုကံဆောင်ရဟန်းတော်များအားဖြစ်စေ၊ ကမ္မဝါစာဆရာအားဖြစ်စေ အရှင်မြတ်ဘို့သည် ကမ္မဝါစာကို မည်သို့သော အခြင်းအရာအားဖြင့် (ဝါ) မည်သို့မည်ပုံ ရွတ် ဖတ်ကြပါသနည်း''ဟု မေးမြန်းလျှောက်ထား၏။

ထိုမဟာထေရ်ကြီးကား ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင် ၏၊ စွမ်းရည်ရှိ၏၊ ဘိက္ခုဝိဘင်း၊ ဘိက္ခုနီဝိဘင်းတို့ကို အာဂုံ ဆောင်ထား၏၊ ဗဟုသုတနှင့် ပြည့်စုံ၏၊ သိက္ခာ သုံးပါးကို လိုလားတော်မူသော ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကြီးတည်း၊ ထိုဝိနည်း ဓိုရ်ပုဂ္ဂိုလ်ကြီးက ထိုရဟန်းတော်များ၏ ကမ္မဝါစာရွတ်ဖတ်ပုံ ရွတ်ဖတ်နည်းကို ကြားနာသိရှိရသည့်အခါ''အရှင်ဘုရားတို့၏ ကမ္မဝါစာရွတ်ဖတ်ပုံကား ကမ္မဝါစာ အပြစ်မလွတ်သော ရွတ် ဖတ်နည်းဖြစ်ပါသည်။ယခုလို ကမ္မဝါစာဖတ်နည်းဖြင့် အရှင် ဘုရားတို့ပြုခဲ့သောဥပသမ္ပဒကံသည် ဥပသမ္ပဒကံ မမြောက်ပါ၊ ဤကဲ့သို့ ထမြောက်အောင်မြင်မှု မရှိသည့်ကံဖြင့် ရဟန်းခံ သည့် ပုဂ္ဂိုလ်တို့မှာလည်း ရဟန်း ဖြစ်ကြမည် မဟုတ်ပါ''ဟု ပြောဆို လျှောက်ထားလေသြားအံ့။

ထို လျှောက်ထားချက်ကို အကြောင်းပြု၍ ကာရက သံဃာနှင့် ကမ္မဝါစာ ဆရာတို့သည် ''ငါတို့၏ ဥပသမ္ပဒကံသည် အောင်မြင်သောကံလော၊ မအောင်မြင်သော ကံလော''ဟု

ယုံမှား သံသယ ဖြစ်ရာ၏၊ ရဟန်းလောင်းကလည်း ထို အကြောင်းကို ကြားရ၍ "ယခု ငါ့ကို ရဟန်းဟု ခေါ်ဝေါ် သမုတ်နေ သော်လည်း ငါသည် ရဟန်း ဖြစ်ရဲ့လား၊ မဖြစ်ဘဲများ ရှိလေသလား"ဟု သံသယဖြစ်ရာ၏၊ ယင်းသို့ ယုံမှားသံသယဖြစ်ကြလျှင် ထိုရဟန်းလောင်းကို ရဟန်းလည်း ဖြစ်အောင် တဖန် သံဃာကို စည်းဝေးစေပြီး. သံဃာသည် မူလကမ္မဝါစာဆရာဖြင့် ဖြစ်စေ၊ အခြား ကမ္မဝါစာ ဆရာဖြင့် ဖြစ်စေ ဉတ်ကမ္မဝါစာ ကောင်းစွာ ရွတ်ဖတ်၍ သိက္ခာ ပြန် ထပ်ပေးသင့်ပါသည်။ ဉတ်ကမ္မဝါစာ ရွတ်ဖတ်ရာတွင် အက္ခရာ တလုံးလုံးကိုမရွတ်မိခြင်း စသော ကမ္မဝါစာ အပြစ်အားလုံးကို ရှောင်ရှား၍ စင်ကြယ် သန့်ရှင်း အပြစ်ကင်းစွာ ပြည့်ပြည့်စုံစုံ ရွတ်ဖတ်ကြရန် လိုပါသည်။ ဤသို့ သိက္ခာပြန်ထပ် မပေးလျှင် ထိုရဟန်းမှာလည်း အားကိုးရာမဲ့ ဖြစ်ပါလိမ့်မည်။ သာသနာ တော် အတွက်လည်း အထက်တွင် လျှောက်ထားခဲ့သည့် နည်းအတိုင်း အကျိုးယုတ်ဘွယ်ရာ ရှိပါသည်။

ထို ရဟန်းလောင်း ပုဂ္ဂိုလ်သည် မိမိ၏ ရဟန်းအဖြစ်၌ သံသယရှိခဲ့သော် ငြားလည်း ရိုသေလေးစားမှု မပြုဘဲနေအံ့၊ အခြားအလုပ်အကျွေး ဒါယကာ ဒါယိကာမတို့ကို မရှက်ဘဲ မှုလည်း နေအံ့၊ မရှက်သင့်သည့်အရာ၌ ရှက်၍ ရှက်သင့်သည့် အရာ၌ မရှက်ဘဲ နေအံ့၊ အခြားအရပ်ဒေသသို့ သွား၍ မိမိ၏ အမှုကို ဖုံးကွယ်၍လည်း နေအံ့၊ ဤသို့နေလျှင် ဤပုဂ္ဂိုလ်ကို အခြား အကြောင်းသိရဟန်းတော်များက "ဤ ရဟန်းသည် လိင်ခိုး ထေရ်ခိုး ဖြစ်လေသလော မဖြစ်လေသလော" ဟု ယုံမှားသံသယ ဖြစ်စရာ ရှိပေသည်။

ထို့ကြောင့် ဤကဲ့သို့သော အရာမျိုး၌ ရဟန်းလောင်း ပုဂ္ဂိုလ်သည် ယခုခေတ်၌ ရဟန်းဖြစ်ကြောင်း အင်္ဂါငါးပါး တို့နှင့် ပြည့်စုံရန် မလွယ်ကူကြောင်းကို နှလုံးပိုက်၍ မိမိ၏ အကျိုးမဲ့ကို ပြုတတ်သော ယုံမှားသံသယ ဖြစ်သင့်သော အရာ၌ မျက်စိအမြင်ရှိ၍ အဆိပ်မှန်း သိသော်လည်း မျက်စိ မှိတ်ကာ အဆိပ်ကို စားမျိုသူပမာ ယုံမှားသံသယ ဖြစ် သင့်သော အရာကို ယုံမှားသံသယ ဖြစ်အောင် ကြံဆောင် မနေသင့်ချေ၊ ဉာဏ်ပညာရှိသူ ဖြစ်သော်လည်း နားပင်း ဆွံ့အသူကဲ့သို့ မဖြစ်သင့်ချေ၊ အမြွက်မထောင်မှု၍ မရှက် သင့်သည့် အရာ၌ မရှက်ဘဲ ရှက်သင့်သည့် အရာ၌သာ ရှက်ရသည် ဖြစ်ပေသည်။ ထို့ကြောင့် မိမိအပေါ်၌ မိမိ သူတပါး နှစ်ဦးသားတို့ အထူး ယုံမှား သံသယကင်းအောင် (ဝါ) မိမိ၏ ရဟန်းအဖြစ်ကို အန္တရာယ် ပြုတတ်သည့် ချွတ်ယွင်းမှု ငါးမျိုးတို့တွင် တမျိုးမျိုးကို အကြောင်းပြု၍ မိမိ သူတပါး နှစ်ဦးသားလုံး ယုံမှားသံသယ မဖြစ်အောင် ကြီးစွာသော လုံ့လ ဉဿာဟဖြင့် အကြိမ်ကြိမ် အထပ်ထပ် သိက္ခာယူသင့်ပေသည်။

နိဿျည်းဆရာ ဥပဇ္ဈာယ်ဆရာတို့၏ တာဝန်

နိဿျည်းဆရာ ဥပဇ္ဈာယ်ဆရာတို့သည် ဤကဲ့သို့သော အရာ၌ ကျမ်းကျင်လိမ္မာမှု မရှိ၍ မိမိ၏ ရဟန်းအဖြစ်၌ ယုံမှားသံသယ ကင်းသော ရဟန်းလောင်းအား မိမိတို့ ကိုယ်တိုင် အထူး အလေးဂရုပြု၍ အခြားသိမ်သို့ ခေါ် ဆောင်ကာ ဥတ်ကမ္မဝါစာ အကြိမ်ကြိမ် ရွတ်ဖတ်ပေးလျက် သိက္ခာ ပြန်ထပ်ပေးသင့်သည်၊ သို့မှသာ ရဟန်းလောင်း၏

ရဟန်းဖြစ်ခြင်း၌ မိမိတို့ဆရာများ ကိုယ်တိုင်သော်ငှင်း၊ အခြား ဝိနယကုက္ကုစ္စက သိက္ခာကာမ ဖြစ်ကြသည့် သီတင်းသုံးဘော်တို့က သော်ငှင်း ချွတ်ယွင်းချက် ငါးမျိုးတွင် ထမျိုးမျိုးကို အကြောင်းပြု၍ ယုံမှားသံသယ မဖြစ်ကြဘဲ ရှိပေမည်။

ဤသို့ ရှက်ဆောင်မပေးသည့်ရှိသော် ယခုလို သာသနာဆုတ်ယုတ်ချိန် သာသနာ ဆုတ်ယုတ်သည့် ဌာနမျိုး၌ ရဟန်းဖြစ်ကြောင်း အင်္ဂါငါးပါးတို့ကို ပြည့်ပြည့်စုံစုံ ရနိုင်ဘို့ရန် မလွယ်ကူလှ သောကြောင့် ရဟန်းခံရာတွင် တစုံတခုသော အင်္ဂါချို့တဲ့ခဲ့ပါသော် ရဟန်းလောင်းတို့မှာ ရဟန်းဟု ခေါ်ဝေါ် သမုတ်ကြသော်လည်း ရဟန်း မဖြစ်ကြကုန်သည်သာ ဖြစ်၏။ ထိုကြောင့် သုံးလူ့ထွတ်တင် ဘုရားသခင်ကိုယ်တော်တိုင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် ဆင်းရဲပင်ပန်းစွာ ရှာမှီး၍ ကောင်းစွာထားတော်မူခဲ့သော ကောင်းစွာပေးအပ်ခဲ့သော သတ္တဝါအားလုံး၏ အားထား ကိုးကွယ်ရာစင်စစ် ဖြစ်တော်မူသော ရဟန်းအဖြစ်ဟု ခေါ်ဆိုရသည့် ဘုရားရှင် သာသနာတော်သည် မကြာမြင့်မီပင် ကွယ်ပျောက်သွားဘွယ်ရာရှိပေသည်။ ရွှေမဟုတ်ကုန်သော ရွှေတုတို့သည် ရွှေဟု သမုတ် ခေါ်ဝေါ်ရသော်လည်း ကုလားရွှေတို့ ကဲ့သို့ တန်ဖိုး မရှိကြကုန်သည် ဖြစ်၍ ဤ သာသနာတော်၌ အသွင်ဆောင် ရဟန်း ပုဂ္ဂိုလ်တို့သည်သာ ဖြစ်သာကြဘွယ် ရှိပေသည်။

တိုက်တွန်းချက်

ထို့ကြောင့် ဤသို့သဘောရှိသော အလွန် အလေးဂရုပြုထိုက်သော မြတ်စွာဘုရား သာသနာတော်၏ အရင်းမူလပဓာနအစစ်ဖြစ်သော ရဟန်းလောင်းတို့ကို သိက္ခာပေးသည့်နေရာ၌ရှင်း၊ သိမ်သမုတ်သည့် နေရာ၌ရှင်း အထူးသဖြင့် သတိထားတော်မူကြပါကုန်၊ အလေးဂရု ပြုတော်မူကြပါကုန်၊ ဖြောင့်မှန်စွာ သွားတော်မူကြပါကုန်၊ သီဟိုဠ်ကျွန်းသားတေရ်ကြီး ထေရ်ငယ် ထေရ်ရွယ် ထေရ်လတ် ဖြစ်ကြကုန်သော အရှင်မြတ်အားလုံးတို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်၏အကျိုးစီးပွါးကို လိုလားတော်မူကြပါကုန်၏။ ကောင်းမှုရှက်တတ်ကြပါကုန်၏၊ ဝိနယကုက္ကုစ္စရှိကြပါကုန်၏၊ သိက္ခာသုံးပါးကို လိုလားကြပါကုန်၏၊ ရဟန်းမြတ်တို့ ဖြစ်တော်မူကြပါကုန်၏၊ ရဟန်းတို့၏ ရှေ့ဆောင်ဖြစ်တော်မူကြ၏၊ ဆုံးမသြဝါဒကို ပေးတော်မူတတ်ကြကုန်၏၊ တရားတော်ကို ဟောညွှန်ပြသတော်မူတတ်ကြကုန်၏၊ အယူဝါဒကို ပြုတော်မူတတ်ကြကုန်၏၊ ဂိုဏ်း၏ ဦးစီးနာယက ဖြစ်တော်မူကြကုန်၏၊ တပါးသူတို့၏ အားထားကိုးကွယ်ရာ ဖြစ်တော်မူကြကုန်၏။ သူတော်ကောင်းတရားကို (ဝါ) သာသနာတော်ရောင်ကို ထွန်းပြောင်အောင် ပြုတော်မူတတ်ကြကုန်၏၊ သူတော်ကောင်းတို့ အကျင့်သို့ သက်ဝင်တော် မူတတ်ကြကုန်၏၊ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း ခရီးလမ်းကောင်းကို သိတော်မူတတ်ကြကုန်၏၊ နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း ခရီးလမ်းကောင်း၌ လိမ္မာတော်မူကြကုန်၏၊ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော ဆရာမြတ်တို့ ဖြစ်တော် မူကြကုန်၏၊ သီဟိုဠ် ကျွန်းသူ

ကျွန်းသား လူအများ၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူကြ၏။ သာသနာ့ဝန်ကို ထားစဉ်ရွက်ဆောင်တော်မူလေ့ရှိကြကုန်၏။ သံသရာဘေးကို မြင်တော်မူကြကုန်၏။ ငြိမ်းသားဖြောင့်မတ်ခြင်း ရှိတော်မူကြပါကုန်၏။ နူးညံ့ပြေပြစ်ခြင်းရှိတော်မူကြပါကုန်၏။ သည်းခံခြင်း ရေငုံနှုတ်ပိတ်ခြင်းတို့နှင့်ပြည့်စုံတော်မူကြကုန်၏၊ သတိရှိတော်မူကြကုန်၏၊ ပညာရှိတော်မူကြကုန်၏၊ မြတ်စွာဘုရား၏အဆက်ဆက်သော သားကြီးရာဇာနာများ ဖြစ်တော်မူကြ၏။ သီဟိုဠ်သာသနာ၌ တံခွန်သဘွယ် ဖြစ်တော်မူကြကုန်၏။ သီဟိုဠ်ကျွန်းသား လူအများ၏ မှန်ကူသဘွယ် ဖြစ်တော်မူကြကုန်၏၊ မြတ်စွာဘုရား၏သာသနာတော်တွင် ကြေးမုံမှန်ပြင်နှင့် တူတော်မူကြကုန်၏၊ အဆက်ဆက်ဘန်းစား သူတော်ကောင်းများ ဖြစ်တော်မူကြကုန်၏။

ဤဆိုခဲ့ပြီးသော လျှောက်ထားချက်ကား မိမိ၏ ရဟန်းအဖြစ်၌ မကောင်းသော သံသယကုက္ကုစ္စရှိကြသော ရဟန်းတော်များအား တဖန်ပြန်၍ သိက္ခာပေးခြင်း ငါနည်းကိုသည်ရှင်တော်ဘုရားထားတော်မူခဲ့သော မဟာပဒေသ လေးပါးတို့၌ ခွင့်ပြုတော်မူချက်နှင့် လျော်ညီကြောင်းကို ရှေးရှုစွာလျှောက်ထားသည့် သဘာဝယုတ္တိကြောင်း ဖြစ်ပါသည်။

အာဂမယုတ္တိကြောင်း

ဤနေရာ၌ အာဂမယုတ္တိကြောင်း ဆိုသည်မှာ ၊ ဘုရားသခင်၏ကိုယ်စား ဘုရားသားတော်တို့၏ အားထားကိုးကွယ်မှုကို ပြုတတ်သည့် ဘုရားရှင်၏အလိုတော်ကို သိသော အဋ္ဌ

ဏထာဆရာသည် ဘုရားသားတော်တို့၏ အားထားကိုးကွယ် ရန်အတွက် ကောင်းစွာထားတော်မူခဲ့သည့် ကျမ်းဂန်လာ မလှုပ်ရှားနိုင်သော အကြောင်းဖြစ်ပါသည်။

မှန်ပါသည်၊ ပါစိတျာဒိအဋ္ဌကထာ၌"အနာပတ္တိ ဥနဝီသ-တိဝဿံ ပရိပုဏ္ဏသညီ-ဟူသော ဘုရားဟော ပါဠိတော်ဝယ် ရဟန်းခံပေးသည့် ပုဂ္ဂိုလ်မှာ အာပတ် မသင့်သော်ငြား လည်း ရဟန်းလောင်းမှာမူ ရဟန်းမဖြစ်ပေ။ ထိုရဟန်း မဖြစ်သော ပုဂ္ဂိုလ်သည် သာယ်ဂါကျော်ချိန်တွင် ရဟန်း လောင်း တပါးပါးကို ပဉ္စင်းခံပေးလျှင် ထိုရဟန်းမဖြစ်သော ပုဂ္ဂိုလ် မပါဘဲ သံဃာအရေအတွက် ပြည့်ပါက ထိုရဟန်း လောင်းမှာ ကောင်းစွာ ရဟန်းဖြစ်ပါသည်။ ထိုရဟန်းမဖြစ် သော ပုဂ္ဂိုလ်သည် မိမိ ရဟန်းမဖြစ်သည်ကို မသိသမျှကာလ ပတ်လုံး နတ်ရွာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၏ အန္တရာယ်မဖြစ်နိုင်ပေ၊ မိမိ၏ ရဟန်း မဖြစ်သည်ကို သိသည့်အခါ၌မူ တဖန် ပြန်၍ ရဟန်းခံသင့်သည်၊ ခံရမည်"ဟု အဋ္ဌကထာဆရာ မိန့်ဆိုထား ပါသည်။

ပရိဝါအဋ္ဌကထာ၌သည်း"အကာယ်၍ အက္ခရာတလုံးလုံးကို မရွတ်ဖတ်ခြင်း၊ ပုဒ် တပုဒ်ပုဒ်ကိုမရွတ်ဖတ်ခြင်း၊ ဒိထိလကို ဓနိတ၊ ဓနိတကို သိထိလရွတ်ဖတ်မိခြင်းရှိလျှင် ထိုချွတ်ယွင်း ချက်များကို သုတ်သင်ရန်အကျိုးငှါ (ဝါ)ထိုချွတ်ယွင်းချက် များ ကင်းပျောက်သွားစေရန် အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဖတ်သင့်ပေသည်။ ဤသို့ အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဖတ်မှုသည် မပျက်သောကံ၌ (ဝါ) အောင်မြင်သောကံ၌ ပို၍ မြဲမြံခိုင်ခံ့စေသော အမှုဖြစ်၏၊ ပျက်သော ကံ၌ (ဝါ)

မအောင်မြင်သောကံ၌ အောင်မြင်သောကံဖြစ်၍ တည်၏”ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားပါသည်။

“ ထိုအာဂမယုတ္တိကြောင်းတို့ဖြင့် မည်သည့်အရာကို ညွှန်ပြသနည်း” ထိုမေးခွန်းကို ဖြေဆိုလျှောက်ထားပါမည်။ ထိုအဋ္ဌကထာလာ အာဂမယုတ္တိကြောင်း နှစ်မျိုးတို့တွင် ပထမအာဂမယုတ္တိဖြင့် ရဟန်းလောင်းသည် ရဟန်းခံစဉ် အချိန်က အသက်နှစ်ဆယ် မပြည့်ခဲ့သည့်အတွက်ကြောင့် ထိုကဲ့သို့သောရဟန်းလောင်းအင်္ဂါ ချို့တဲ့မှုကို အကြောင်းပြု၍ တဖန်ပြန်၍ သိက္ခာပေးသည့်နည်းကို ညွှန်ပြထားပေသည်။ ထိုသို့ ညွှန်ပြသဖြင့် ထိုရဟန်း မဖြစ်ကြောင်း အင်္ဂါငါးရပ်တို့သည် ကံကိုဖျက်ဆီးခြင်း သဘောအားဖြင့် တခုတည်းသော လက္ခဏာရှိသောကြောင့် ထိုရဟန်းလောင်းအင်္ဂါချို့တဲ့မှုမှတပါး အခြားလေးပါးသော ချို့တဲ့မှုတို့၌လည်း ယင်းချို့တဲ့မှုတို့ကို သုတ်သင်သန့်ရှင်းနိုင်ရန် ရှေးနည်းအတူ တဖန်ပြန်၍ သိက္ခာပေးသင့်၏ဟူသော အနက်အဓိပ္ပါယ်ကို ညွှန်ပြပြီး ဖြစ်ပေသည်။ မှန်ပါသည်၊ ချို့တဲ့ချတ်ယွင်းမှု ၅-ပါးလုံးတို့သည် ဝိနည်းကံကိုဖျက်ဆီးနိုင်ကုန်သည်သာ ဖြစ်သည်။

ဒုတိယအာဂမယုတ္တိဖြင့်ကား ဥတ်လျှင် နှစ်ခုမြောက်သော ကံ၌ မြဲမြံခိုင်ခံ့သော ကံဖြစ်အောင် ပြုလုပ်သင့်သောနည်းကို ညွှန်ပြပေသည်။ ထိုနည်းကို ညွှန်ပြသဖြင့် ထို ဥတ္တိဒုတိယကံမှ ကြွင်းသော ဥတ္တိစတုတ္ထကံ စသည်တို့၌လည်း ဤသို့ မြဲမြံခိုင်ခံ့သော ကံမျိုးဖြစ်အောင် ပြုလုပ်သင့်သည်ကိုလည်း ညွှန်ပြသည်သာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုဥတ္တိဒုတိယကံ စသည်တို့သည် သိထိလ ဓနိတ စသည်တို့နှင့်

ပြည့်စုံမှုတို့ကို အလိုရှိအပ်ခြင်း သဘောအားဖြင့် တခုတည်း သော လက္ခဏာရှိသောကြောင့် ဖြစ်ပါသည်။ မှန်၏၊ ကမ္မဝါစာ ရွတ်ဖတ်သည့် အကြမ်တိုင်း၌ သိထိလ၊ ဓနိတ၊ ဌာန်၊ ကရိုဏ်း စသည်တို့နှင့်ပြည့်စုံခြင်းတို့ကို မုချကောန် အမှန်လိုအပ် ပေသည်။

ဟနည်းအားဖြင့်လျှောက်ထားပါဦးမည်၊တနည်းအားဖြင့် ဆိုသော် ထိုအာဂမယုတ္တိအကြောင်း နှစ်မျိုးတို့တွင် ပထမဖြင့် ရဟန်းလောင်းအင်္ဂါ ချို့တဲ့ရာ၌ ကံဆောင် ရဟန်းတော် များသည် 'ငါတို့၏ ဝိနည်းကံသည် တရားနှင့် အညီ ပြီးဆုံးသွားပြီ"ဟု ဆုံးဖြတ်ခြင်းကို ပြုကြကုန်၍ သံဃပရိသတ် သည် နေရာမှထသွားသော်ရင်း၊ ထိုကာလအတောအတွင်း၌ သော်ရင်း ရဟန်းလောင်းသည် မိမိ ရဟန်း မဖြစ်ကြောင်းကို သိလျှင် တဖန်ပြန်၍ သိက္ခာယူသင့်သည်သာတည်း၊ သံဃာက လည်း ထိုရဟန်းလောင်းအား တဖန်ပြန်၍ သိက္ခာပေးသင့် သည်ဟူသော အဓိပ္ပါယ်ကို ညွှန်ပြပေသည်။ ယင်းသို့ ညွှန်ပြ ခြင်းဖြင့် ထိုရဟန်းလောင်းအင်္ဂါ ချွတ်ယွင်းချက်မှ တပါး အခြားသော ချွတ်ယွင်းချက်တို့၌လည်း ချွတ်ယွင်းခြင်းကို သိသည့်အခါ၌ ကံဆောင် ရဟန်းတော်များသည် ငါတို့၏ ဝိနည်းကံသည် တရားတော်နှင့်အညီ ပြီးဆုံးသွားပြီ" ဟု ဆုံးဖြတ်ကြကုန်၍ ပရိသတ်သည် နေရာမှ ထသွားသော်ရင်း၊ ထိုပရိသတ် ထနေဆဲကာလ အတောအတွင်း၌ သော်ရင်း ထိုချွတ်ယွင်းမှုဟိုကို သုတ်သင်၍ တဖန် သိက္ခာထပ်ပေး သင့်၏ ဟူသော အဓိပ္ပါယ်ကို ပြရာရောက်၏။ အကြောင်း မူကား-ထိုချွတ်ယွင်းချက်များသည် ဝိနည်းကံကို ဖျက်ဆီး

ခြင်းသဘောအားဖြင့် တခုတည်းသော လက္ခဏာ ရှိသော ကြောင့် ဖြစ်ပေသည်။

ဒုတိယ အာဂမယုတ္တိဖြင့်ကား ဥတ္တိဒုတိယက်၌ ဥတ်ကမ္မဝါစာ ရွတ်ဖတ်သည့်အရာတို့၌ "ငါတို့၏ ဤဝိနည်းကံသည် တရားတော်နှင့် မလျော်ညီဟု အမှန်မသိနိုင်သည့် အတွက် တရားတော်နှင့် လျော်လေသလော၊ မလျော်လေသလော" ဟု ယုံမှားသံသယ ဖြစ်ကာမျှဖြင့်လည်း ယုံမှားသံသယ ကင်းသွားစေရန် အကြိမ်ကြိမ် အဖန်ဖန် မြဲမြံ ခိုင်ခံ့အောင် ပြုသင့်၏ ဟူသော အဓိပ္ပါယ်ကို ဖော်ညွှန်းပေသည်။ ထို အဓိပ္ပါယ်ကို ဖော်ညွှန်းသဖြင့်လည်း ထိုဥတ္တိဒုတိယက်မှ တပါးသော ဥတ္တိစတုတ္ထက် စသောအရာတို့၌လည်း "ငါတို့၏ ဤဝိနည်းကံသည် တရားတော်နှင့် လျော်ညီလေသလော၊ မလျော်ညီလေသလော" ဟု သံသယ ဖြစ်ကာမျှဖြင့်လည်း ထိုသံသယကို ကင်းပျောက်သွားစေရန် အကြိမ်ကြိမ် အဖန်ဖန် မြဲမြံခိုင်ခံ့အောင် ဝိနည်းကံကို ပြုသင့်၏ဟူသော အဓိပ္ပါယ်ကိုလည်း ဖော်ညွှန်းပြသရာ ရောက်ပေသည်။ အဘယ်ကြောင့် ဆိုသော် ထိုကံတို့သည် တရားတော်နှင့် လျော် (ဓမ္မိက) လေသလော၊ တရားတော်နှင့် မလျော် (အဓမ္မိက)လေလောဟု ယုံမှားသံသယ ဖြစ်ကာမျှဖြင့်လည်း မပြီးဆုံးထိုက်သော သဘောအားဖြင့် တခုတည်းသော လက္ခဏာရှိသောကြောင့် ဖြစ်ပါသည်၊

မှန်၏၊ကံဆောင် ရဟန်းတို့သည် "ဤဝိနည်းကံသည် တရားတော်နှင့် လျော်ညီလေသလော၊ မလျော်ညီလေသလော" ဟု ယုံမှားသံသယ ကုက္ကုစ္စ မကင်းသမျှကာလပတ်လုံး ဝိနည်းကံ

အားလုံးတို့ကို ပြီးဆုံးပြီဟု အဆုံးမသတ်စေရပါ။ ထို့ကြောင့် ထို ကံဆောင် ရဟန်းတို့သည် ယုံမှားသံသယ မကင်းသမျှ ကာလပတ်လုံး ဝိနည်းကံ အားလုံးတို့၌ အဖန်ဖန် အထပ်ထပ် ကမ္မဝါစာ ရွတ်ဖတ်သင့်သည် သာ ဖြစ်၏၊ ထိုကမ္မဝါစာ ရွတ်ဖတ်မှုကို ထိုကံပြုပြီးသော ခဏ၌ဖြစ်စေ၊ ထိုမှ အခြားသော ကာလ၌ ဖြစ်စေ၊ ထိုကာလ အတောအတွင်း၌ဖြစ်စေ ပြုသင့်ပေသည်။

မှန်ပါသည်၊ ဤနေရာ၌ ကံဆောင် ရဟန်းတို့က ရှေးကံပြုစဉ် ခဏ၌ "ငါတို့၏ ဝိနည်းကံသည် တရားတော်နှင့် လျော်ညီ၏" ဟု ပြီးဆုံးစေမှု၊ မပြီးဆုံးစေမှုသည် လိုရင်းပဓာန ပမာဏ မဟုတ်ပါ၊ ထို ပြုသော ဝိနည်းကံ၏ တရားတော်နှင့် လျော် မလျော်ခြင်းသည်သာ လိုရင်းပဓာန ပမာဏဖြစ် သည်ဟု မှတ်သင့်ပေသည်။ မှန်၏၊ ဤကဲ့သို့သော အရာတို့၌ တခုသော အနက်အဓိပ္ပါယ်ကို ညွှန်ပြသည့် လက္ခဏာကို အခြားသော အရာတို့၌လည်း လက္ခဏာဟာရနေတ္တိ နည်း အားဖြင့် ယူသင့်ပေသည်။

လက္ခဏာဟာရနေတ္တိနည်း

လက္ခဏာဟာရနေတ္တိနည်း မည်သည် တခုသောတရားကို ဒေသနာတော်သို့ တင်သည်ရှိသော် ထိုတရားနှင့်တူသော သဘောလက္ခဏာရှိကုန်သော တရားအားလုံးတို့သည် ထိုဒေသ နာတော်၌ ဟောတော်မမူသော်လည်း ဟောတော်မူသည် ဟူသော နည်းဖြင့် နေတ္တိပါဠိတော်၌ အရှင်မဟာကစ္စည်း မထေရ် ညွှန်ကြားတော် မူခဲ့သောနည်း ဖြစ်ပေသည်။

မှန်ပါသည်၊ သာရတ္ထဒီပနီမည်သော ဝိနည်းဋီကာတွင် ဥပဇ္ဈာယ်ဆရာ နိဿယည်းဆရာတို့ အရပ်တပါးသို့ ဖဲသွား သော အဆုံးအဖြတ် ပက္ကန္တဝိနိစ္ဆယ အာဏတ္တိဝိနိစ္ဆယ အရာ ထို၌—

"အာစရိယမှာ နိဿယ ပဋိပဿဒ္ဓိသု အာစရိယော ပက္ကန္တော ဝါ ဟောတိ-ဟူသော ပါဠိတော်၌ပက္ကန္တော ဆိုသည်မှာ အရပ်တပါးသို့ ကြွသွားခြင်းဖြစ်သည်" စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၏ ဖဲသွားခြင်း၌ မိန့်ဆို ထားသော အဆုံးအဖြတ် ရှိပေသည်။ ထို မိန့်ဆိုထား သည့် အဆုံးအဖြတ်အတိုင်း ဤ နိဿယည်း ဆရာ ဖဲသွားခြင်း၌လည်း သိကောင်းရာ၏ဟု မိန့်ဆိုတော် မမူပဲ တစုံတယောက်သော နိဿယည်း ဆရာသည် ပန်ကြား၍ဖဲသွား၏၊ (ဝါ) ထွက်ခွါသွား၏ စသည်ဖြင့် နည်းတမျိုးကိုသာ ထပ်၍ မိန့်ဆိုတော်မူ၏၊ ဤ ထပ် ဆိုသောနည်းကိုလည်း ဥပဇ္ဈာယ်ဆရာ၏ ဖဲသွားခြင်း ၌လည်း ဆောင်၍သိသင့်သည်သာ ဖြစ်၏။ မှန်၏၊ ဤကဲ့သို့သော အရာမျိုး၌ တခုသောနေရာ၌ ညွှန်ပြ သော သဘောလက္ခဏာကို အခြားသော နေရာ၌ လည်း ဆောင်ယူမှတ်သား သင့်ပေသည်။

ထို့ကြောင့် ဤနေရာ၌လည်း နည်းအမြွက်မျှ ပေးခြင်း နည်းအမြွက်မျှ ညွှန်ပြခြင်း နည်းညွှန်ခြင်းအားဖြင့် မိန့်ဆို ထားသော အထက်ပါ အဋ္ဌကထာလာ အဆိုနှစ်ရပ်ကို ထောက် ဆပါလျှင် ဝိနည်းကံအားလုံးတို့၌ အမှန်တကယ် ချွတ်ယွင်း ချက်ကို သိကြကုန်သော်ငြား၊ ယုံမှားသံသယ ဖြစ်ကုန်သော်

ရင်း၊ ထိုကံပြုသည့် ခဏ၌ဖြစ်စေ ယိုကာလ၏ အခြားမဲ့ကာလ၌ ဖြစ်စေ၊ ထိုကာလအနေတာအတွင်း၌ ဖြစ်စေ၊ ထိုချတ်ယှင်းချက်တို့ကို သုတ်သင်၍ ယုံမှားသံသယ ကင်းစေရန် တဖန်ပြန်၍ သိက္ခာပေးခြင်းကိုပင်း၊ မြဲမြံခိုင်ခံ့ရန်ရင်း ပြုသင့်သည်သာတည်းဟု အမှန်တကယ် သိရမည် မှတ်သားရမည်။

တဖန်ပြန်၍ သိက္ခာပေးခြင်းနှင့် မြဲမြံခိုင်ခံ့စေခြင်းတို့၏အထူး

ဤနေရာတွင် တဖန်ပြန်၍ သိက္ခာပေးခြင်းနှင့် မြဲမြံခိုင်ခံ့စေခြင်းတို့သည် အဘယ်သို့ ထူးခြားပါသနည်းဟု မေးဘွယ်ရာ ရှိပါသည်။ အဖြေမှာ–တဖန်ပြန်၍ သိက္ခာပေးခြင်းသည် ဥပသမ္ပဒာကံ တခုတည်းနှင့်သာ သက်ဆိုင်၏၊ မြဲမြံခိုင်ခံ့စေခြင်း အမှုကား ဝိနည်းကံ အားလုံးတို့နှင့် သက်ဆိုင်ပေသည်။ ဆက်၍ ပြဆိုပါဦးမည်၊ ဤနေရာ၌ ကံဆောင်ရဟန်းများသည် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားရဟန်းတို့ဖြစ်စေ ယုံမှားသံသယ ကင်းပျောက်စေရန်နှင့် ခြောက်လှန့်လိုသည့် ပုဂ္ဂိုလ်တို့၏ ခြောက်လှန့်ခွင့် မရစေရန် အကြိမ်ကြိမ် အဖန်ဖန် ပြုခြင်းသည်သာ မြဲမြံခိုင်ခံ့သော အမှု (ဒဠှီကမ္မ) မည်ပါသည်၊ လျော့ရဲပေါ့ဆသောအားဖြင့် ရဟန်းအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်ကို အထူးမြဲမြံခိုင်ခံ့သောအားဖြင့် ရဟန်းအဖြစ်သို့ ရောက်စေခြင်းသည် ဒဠှီကမ္မ မမည်ချေ၊ အကြောင်းကား ဤကဲ့သို့သော သဘောတရားမျိုး တရံတခါမျှ ထင်ရှားမရှိသောကြောင့် ဖြစ်ပါသည်။

ခွဲ၍ လျှောက်ထားပါဦးမည်၊ ရှင်တော်ဘုရား ကောင်းစွာပညတ်ထားသည့် ဉတ်ကမ္မဝါစာကို ရဟန်းတော်များ တကြိမ်တခါ ကောင်းမွန်စွာ ရွတ်ဖတ်ကာမျှဖြင့် သံဃာက ပေးအပ်သည့် ရဟန်းအဖြစ် ဟူသော သိက္ခာသည် ထက်ဝန်းကျင် မတုန်မလှုပ်နိုင် မလှုပ်မရှားနိုင်သည် ဖြစ်၍ အထူးမြဲမြံခိုင်ခံ့စွာ တည်ပါသည်။ ထိုရဟန်းအဖြစ်ဟူသော သိက္ခာသည် အစမူလကပင် အကြောင်းမဲ့ အထူးမြဲမြံ ခိုင်ခံ့လေပြီ ဖြစ်ရကား အကြိမ်ကြိမ် အဖန်ဖန် ထပ်၍ ပေးသော်လည်း ထူးထူးခြားခြား ပိုမိုခိုင်မြဲသာစရာ မရှိပေ။ ဥပမာအားဖြင့် ဆိုသော် သိကြားမင်း၏ လက်နက်ဖြစ်သော မိုးကြိုးသည် တကြိမ်ကျကာမျှဖြင့်ပင် မြေစိုင်ခဲကြီးမှာ မှုန်မှုန်ညက်ညက် ကြေကွဲပျက်စီးသွားသကဲ့သို့ရင်း၊ မဂ်စိတ်သည် တကြိမ်ဖြစ်ခါမျှဖြင့်ပင် မိမိ ပယ်သင့်ပယ်ထိုက်သည့် ကိလေသာတို့ကို အကြွင်းမရှိ ဖျက်ဆီးလိုက်ဘိသကဲ့သို့ရင်း ဖြစ်ပေသည်။

ဤအဓိပ္ပါယ်မှတပါး အခြားအဓိပ္ပါယ်တမျိုး ယူခဲ့သော် "ရဟန်းဖြစ်ကြောင်းအင်္ဂါရပ်တို့နှင့်စုံညီစွာ တကြိမ်မျှသာ သိက္ခာယူခဲ့သောပုဂ္ဂိုလ်၏ ရဟန်းအဖြစ်သည် အောက်ဆုံးအပိုင်းအခြားအားဖြင့် အလျော့ရဲဆုံး ဖြစ်သည်။ နှစ်ကြိမ်မျှ သိက္ခာယူသော ရဟန်း၏ သိက္ခာကမူ တကြိမ်မျှ သိက္ခာယူခဲ့သောရဟန်း၏ သိက္ခာထက်အထူးသဖြင့် ပို၍မြဲမြံခိုင်ခံ့သည်။ သို့သော် သုံးကြိမ် သိက္ခာယူသော ရဟန်း၏ သိက္ခာအောက်မှ အထူးပိုမို လျော့ရဲသည်သာ ဖြစ်၏။ ထို့အတူ သုံးကြိမ်မျှ သိက္ခာယူလာသော ရဟန်း၏သိက္ခာသည် နှစ်ကြိမ်မျှ သိက္ခာယူလာသော ရဟန်း၏ သိက္ခာထက် အထူးပို၍ မြဲမြံခိုင်ခံ့

သော်ငြားလည်း လေးကြိမ်ထိ သိက္ခာယူလာသော ရဟန်း၏ သိက္ခာအောက်မူ အထူးပိုမို လျော့ရဲသည်သာ ဖြစ်၏ စသော သဘော အဓိပ္ပါယ်ရောက်ရာ၏။

ဤ အဓိပ္ပါယ်မျိုး ရောက်ခဲ့လျှင် ဘုရားသခင် သက်တော် ထင်ရှားရှိစဉ် ကာလက ဝိနည်းအရာ လိမ္မာ ကျွမ်းကျင်၍ စွမ်းရည် ရှိကြသော အရှင်မဟာကဿပ စသည့် ရဟန္တာ မထေရ်မြတ်ကြီး တို့သည် ရဟန်းလောင်း ပုဂ္ဂိုလ်တို့၏ ရဟန်း ဖြစ်ကြောင်း အင်္ဂါချွတ်ယွင်းမှုကို အမှန်တကယ် သိကြကုန် သောကြောင့် တကြိမ်မျှသာ သိက္ခာ ပေးတော်မူလေ့ ရှိကြကုန်၏၊ အကြိမ်ကြိမ် အဖန်ဖန် ပေးတော်မူလေ့ မရှိကြကုန်၊ အလုံးစုံသော ရဟန္တာပုဂ္ဂိုလ်များ ကိုယ်တိုင်ကလည်း မိမိတို့၏ ရဟန်းအဖြစ်၌ စိုးစဉ်းမျှ ယုံမှားသံသယ မရှိရကား အကြိမ်ကြိမ် အဖန်ဖန် သိက္ခာယူလေ့ မရှိကြပဲ တကြိမ်တည်းသာ သိက္ခာယူလေ့ ရှိကြသည်။ ဤသို့ သဘောရှိသော ရဟန္တာ ပုဂ္ဂိုလ်များ၏ ရဟန်း အဖြစ်သည်လည်း ယခုခေတ် ပုထုဇဉ် ရဟန်းတော်များ ထံ၌ နှစ်ကြိမ် သုံးကြိမ် လေးကြိမ် သိက္ခာ ယူကြသည့် ပုထုဇဉ် ရဟန်းတို့၏ ရဟန်းအဖြစ်အောက် ပို၍ လျော့ရဲ၏ ဟူသော အဓိပ္ပါယ်မျိုး ရောက်ခဲ့ရာ၏။ အမှန်စင်စစ် ဤအဓိပ္ပါယ်မျိုး မရောက်သင့်ချေ။

သိမ်သမုတ်သည့် သိမာသမုတိ ကံနှင့် တူညီခြင်း

ထို့အတူ သိမ်သမုတ်သည့် (သီမာသမုတိ)ကံအရာ၌လည်း "ရှင်တော်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ကာလက အရှင် မဟာ သာရိပုတ္တရာ မထေရ်သည် ရာဇဂြိုဟ် ပြည်၌

ထဆယ့်ရှစ်ခုသော ကျောင်းကြီး တို့ကို တစုတပေါင်းတည်း ပြု၍ တသိမ်တည်း အဖြစ် တကြိမ်မျှဖြင့် သမုတ်ထားသည့် မဟာသိမ် ရှိပါသည်။ ထိုမဟာသိမ်ထက်လည်း ယခုခေတ် သိမ်အဖြစ်သို့ သက်ရောက်သည် မသက်ရောက်သည်ကို မသိကြကုန်သော ပုထုဇဉ် ရဟန်းတော်များသည် ယုံမှားသံသယ ရှိကြကုန်၍ ထိုယုံမှားသံသယကို ပျောက်စေရန် ဥက်ကမ္မဝါစာ တို့ကို အကြိမ်ကြိမ်အဖန်ဖန် ရွတ်ဖတ်၍ ထိုခဏ္ဍပင် ငါးကြိမ် ခုနစ်ကြိမ် ကိုးကြိမ် အထိ သမုတ်သော သိမ်များက သိမ် အဖြစ်သို့ သက်ရောက်ရာတွင် ပို၍ မြဲမြံ ခိုင်ခံ့၏” ဟူသော အဓိပ္ပါယ် ရောက်ရာ၏။ အမှန်စင်စစ် ဤအဓိပ္ပါယ်မျိုးလည်း မရောက်သင့်ပါချေ။

မှန်ပါသည်၊ သိမ်ဆိုသည်မှာ မြတ်စွာဘုရား ပညတ် ထားတော်မူသည့် အတိုင်း ကောင်းစွာ ရွတ်ဖတ်အပ်သော ကမ္မဝါစာဖြင့် သံဃာတော်က သမုတ်သည်ရှိသော် တကြိမ် တည်းမျှဖြင့်သာလျှင် သိမ်၏အာကာ ပျံနိုင်ရာ အောက်မြေ ပထဝီ အထိ မြဲမြံ နိုင်နံ့သည် ဖြစ်၍ တည်၏။ ထိုသိမ်သည် အဖန်ဖန် အထပ်ထပ် ကြိမ်ဖန်များစွာ သမုတ်မှသာ သိမ် အဖြစ် မြဲမြံခိုင်ခံ့သည် မဟုတ်ပါ၊ တကြိမ်တည်း သမုတ်ခြင်း မျှဖြင့် အကြွင်းမဲ့ ပြည့်စုံသွား၍ သိမ်အဖြစ်သို့ အလွန်ဆုံး အပိုင်းအခြား အားဖြင့် မြဲမြံခိုင်ခံ့စွာ သက်ရောက် သွားပေ တော့သည်။

တနည်းအားဖြင့် လျှောက်ထားရလျှင် – မိုးကြိုး တကြိမ် အပစ် ခံရသဖြင့် သေဆုံးသွားသူ၏ အလောင်းကို နောက်ထပ် အကြိမ်ကြိမ် မိုးကြိုးကျသော်လည်း အကြိမ်ကြိမ်သေဆုံးခြင်း

မဖြစ်နိုင်သကဲ့သို့ ထိုသိမ်ကို အကြိမ်ကြိမ် အဖန်ဖန် သမုတ်သော်လည်း သမုတ်ခြင်း မျှပင် မဖြစ်ချေ။ ယင်းသို့ ထိုအောင်မြင်ပြီးသော သိမ်ကို အကြိမ်ကြိမ် အဖန်ဖန် သမုတ်သော်လည်း သမုတ်ခြင်း မဖြစ်နိုင်သောကြောင့် ထိုသိမ်ကို အကြိမ်ကြိမ် သမုတ်စေကာမူ တကြိမ်ထက်ကြိမ် ပို၍ပို၍ သိမ်အဖြစ် မြဲမြံခိုင်ခံ့လာသည်ဟု မဆိုနိုင်ချေ။

ဆက်၍ လျှောက်ထားပါဦးမည်၊ ဆရာစဉ်ဆက် ဆင်းသက်လာကြ၍ ရဟန်းဖြစ်တော်မူကြသည့် မထေရ်ကြီး မထေရ်ငယ် တို့သည် သိမ်သစ်ကို သမုတ်လိုကြလျှင် ၊ သိမ်ဟောင်း နေရာကိုရင်း၊ သိမ်သစ်၏ အောင်မြင်မှု မအောင်မြင်မှုကိုရင်း သိရန်မလွယ်ကူသောကြောင့် အားလုံးသော ယုံမှားသံသယများ ကင်းရှင်းသွားစေရန် သိမ်ဟောင်းဟု သံသယရှိသော အရပ်၌ သံသယရှိကာမျှဖြင့်ပင် သိမ်နုတ်ကမ္မဝါစာကို အကြိမ်ကြိမ် အဖန်ဖန် ရွတ်ဖတ်၍ နုတ်ရ၏။ ယင်းသို့ သိမ်နုတ်ခြင်း ကံကို အဖန်ဖန် ပြုပြီးနောက် အခြား အင်္ဂါ မပြည့်စုံသော သိမ်ပျက်များမှ လွန်မြောက်အောင် အထူးသဖြင့် လုံ့လကြိုးကုတ် အားထုတ်ကြမည့် ဝိနည်းကို လေးစားကြ၍ လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်ကြကုန်သော လေးပါး ေ ျှာ်သော ရဟန်းတော်များနှင့် အဘူ ဝိနည်း ကံအရာ၌ ကျမ်းကျင် လိမ္မာကြ (ဗျတ္တ)၊ စွမ်းရည်ရှိကြ (ပဋိဗလ) ၍ ကမ္မဝါစာ ရွတ်ဖတ်နည်းကို ကြိုတင် သင်ယူလေ့လာပြီးသော ပုဂ္ဂိုလ်ဘူးတို့ကို ရွေးကောက်၍ မိမိနှင့် သူတပါး နှစ်ဦးသား တို့ ယုံမှားသံသယ ပျောက်ကင်းစေရန်ရင်း၊ ချောက်ချားလိုကုန်သော ပုဂ္ဂိုလ်တို့၏ ချောက်ချားခွင့် မရစေရန်ရင်း ဥတ်

ကမ္မဝါစာတို့ကို အကြိမ်ကြိမ် အဖန်ဖန် ရွတ်ဖတ်စေကြ၏။ ထို့နောက် ထိုဓာဌ်ပင် ငါးကြိမ်ဖြစ်စေ၊ ခုနစ်ကြိမ်ဖြစ်စေ၊ ကိုးကြိမ်ဖြစ်စေ အကြိမ်များစွာ ရဟန်းတို့ကို နှစ်ပါးတတွဲ သုံးပါးတတွဲ အကြိမ်အဖန်ဖန် ရွတ်ဖတ်စေ၍ သာသနာတော် သုံးရပ်၏ အရင်းအစစ် မူလဘူတဖြစ်သော သိမ် သမုတ်သည့် (သီမာသမုတိ) ကံကို အထူးလေးလေးစားစား သဟာထား၍ ပြုတော်မူကြကုန်၏။

ထိုသိမာသမုတိကံကိုလည်း သိမ်အဖြစ်၌ တကြိမ်ထက် တကြိမ် မြဲမြံခိုင်ခံ့ သွားစေရန် အကြိမ်ကြိမ် သမုတ်ကြခြင်း မဟုတ်ပေ၊ ရှေ့တွင် လျှောက်ထားခဲ့သည့်အတိုင်း မိမိနှင့် သူတပါး နှစ်ဦးသားတို့ ယုံမှားသံသယ ကင်းပျောက်စေခြင်း ငှါရင်း၊ ချောက်ချားလိုကုန်သောပုဂ္ဂိုလ်တို့ ချောက်ချားခွင့် မရစေခြင်းငှါရင်း ဤသို့ထပ်တလဲလဲအကြိမ်များစွာပြုကြခြင်း ဖြစ်ပေသည်။ ထို့အတူ ရဟန်းခံသော ဥပသမ္ပဒကံ၌လည်း ဥတ်ကမ္မဝါစာတို့ကို ထပ်တလဲလဲ ရွတ်ဖတ်စေ၍ မူလသိမ်၌ ဖြစ်စေ၊ အခြားသိမ်၌ ဖြစ်စေ ရဟန်းခံကြကုန်သော်လည်း မထေရ်ကြီး မထေရ်ငယ်တို့သည် မိမိနှင့်သူတပါး နှစ်ဦးသား တို့အားရင်း၊ ရဟန်းလောင်းအားရင်း အထူးအားဖြင့် ယုံမှား သံသယ ကင်းပျောက်ခြင်းငှါ၊ ချောက်ချား လိုကုန်သော ပုဂ္ဂိုလ်တို့အား ချောက်ချားခွင့် မရစေခြင်းငှါ ထပ်တလဲလဲ အကြိမ်များစွာ ရဟန်းခံကြခြင်း ဖြစ်သည်။ ထပ်တလဲလဲ ရဟန်းအဖြစ်သို့ ရောက်စေခြင်းငှါ ထပ်တလဲလဲ ရဟန်းခံကြ ခြင်း မဟုတ်ချေ။ မှန်၏၊ သံဃာက ထပ်တလဲလဲ ရဟန်းခံ ပေးသော်လည်း ကောင်းစွာ ရွတ်ဖတ်သော ကမ္မဝါစာဖြင့်

ပထမတကြိမ် တည်း၌ပင်လျှင် ရဟန်းခံခြင်းကိစ္စပြီးစီး၏၊ နောက် ဒုတိယ တတိယ အကြိမ် စသည်တို့၌ ရဟန်းခံခြင်း၊ ကိစ္စဖြစ်သည် မဟုတ်ချေ။

ထိုအတူ ကြိမ်ဖန်များစွာ ထပ်တလဲလဲ သိက္ခာ ယူကုန်သော ပုဂ္ဂိုလ်တို့အား သံဃာက ကောင်းစွာရွတ်ဖတ်သော ကမ္မဝါစာဖြင့် ပထမတကြိမ်တည်း၌ပင် ရဟန်းခံခြင်း ကိစ္စပြီး၏၊ ဒုတိယအကြိမ် တတိယအကြိမ်စသည်တို့၌ ရဟန်းခံခြင်းကိစ္စ ဖြစ်သည်မဟုတ်။ မှန်၏၊ ရှင်ပြုခြင်း ကိစ္စသည် ရှင်သာမဏေကို အမှီပြု၍ဖြစ်သည်မဟုတ်၊ လူဝတ်ကြောင်ကိုသာ အမှီပြု၍ ဖြစ်သကဲ့သို့ ရဟန်းခံခြင်း ကိစ္စသည်လည်း ရဟန်းဖြစ်ပြီးသော ပုဂ္ဂိုလ်ကို အမှီပြု၍ ဖြစ်သည်မဟုတ်၊ ရဟန်းမဖြစ်သေးသည့် ရှင်သာမဏေကို သာလျှင် အမှီပြု၍ ဖြစ်ပေသည်။

တဖန် သိက္ခာယူခြင်းသည် မင်္ဂလာအမှု ပြုခြင်းပင်

ဤသို့ အကြိမ်ကြိမ်အဖန်ဖန် သိက္ခာယူကြသော ပုဂ္ဂိုလ်တို့အား ရဟန်းခံခြင်းကိစ္စ ထပ်တလဲလဲ မဖြစ်လေသောကြောင့် ထိုပုဂ္ဂိုလ်တို့သည် ထပ်တလဲလဲ သိက္ခာယူကြကုန်သော်လည်း ထပ်တလဲလဲ သိက္ခာကို မရကြကုန်။ ယင်းသို့ ထပ်တလဲလဲ သိက္ခာမရကုန်သော ပုဂ္ဂိုလ်တို့ကို ထပ်တလဲလဲ မင်္ဂလာရကုန်၏ဟု မဆိုရကုန်၊ ထိုပုဂ္ဂိုလ်တို့သည် ဆိုခဲ့ပြီးသော သိက္ခာထပ်ရခြင်းဆိုသည် မင်္ဂလာကိုရ၏ဟု မဆိုကြရ ကုန်သော်လည်း ထပ်တလဲလဲ သိက္ခာယူကြသော ပုဂ္ဂိုလ်တို့သည် မိမိနှင့် သူတပါး နှစ်ဦးသားတို့အား အထူးသဖြင့် မိမိ၏ အပေါ်၌ ယုံမှား သံသယ ကင်းခြင်း ဟူသော မင်္ဂလာနှင့်

ချောက်ချားလိုကုန်သော ပုဂ္ဂိုလ်တို့၏ ချောက်ချား ခြင်းကို မရခြင်းဟူသော မင်္ဂလာ ဤသို့ စသော ကြီးကျယ်သော မင်္ဂလာကိုမူ ရကြကုန်၏။

ဝိနယကုက္ကုစ္စက သိက္ခာကာမ ဖြစ်ကြကုန်သော မိမိ၏ အန္တေဝါသိက တပည့်စသည်တို့၏လည်း အထူးယုံကြည်မှု၊ မြတ်နိုးမှု၊ ပူဇော်မှုဟူသော မင်္ဂလာကိုလည်း ရကြကုန်၏။ ဝိနယကုက္ကုစ္စက သိက္ခာကာမဖြစ်ကြကုန်သော မိမိ၏ အန္တေဝါသိက တပည့်တို့သည်လည်း "ငါတို့၏ ဆရာသည် ဤကဲ့သို့သဘော ရှိသော ဥပဇ္ဈာယ်ဆရာ၏အထံ၌ ဤသို့သဘောရှိသော ကမ္မဝါစာဆရာတို့ ချီးမြှောက်အပ်သည်ဖြစ်၍ ဤမည်သောသိမ်၌ ဤသို့ ယုံမှားကင်းဘွယ်ရာ သံဃာပရိသတ်တွင် နှစ်ကြိမ် သုံးကြိမ် တိုင်တိုင် သိက္ခာယူ၏၊ အကယ်၍ ငါတို့ ဆရာသည် တစုံတခုသော ချွတ်ယွင်းချက် အကြောင်းကြောင့် ပထမ အကြိမ်၌ ရဟန်း မဖြစ်ငြားအံ့၊ သို့ မဖြစ်ငြားသော်လည်း ဒုတိယအကြိမ်၌ အကြောင်းချို့တဲ့မှုကင်း၍ သန့်ရှင်းစွာရဟန်း ဖြစ်နိုင်ရာ၏။ အကယ်၍ ဒုတိယအကြိမ်တွင် အကြောင်းချို့တဲ့၍ ရဟန်းမဖြစ်ခဲ့လျှင် တတိယအကြိမ်၌မူ ချွတ်ယွင်းမှု မရှိပဲ ရဟန်းဖြစ်နိုင်ပေသည်။ ဤများစွာသော အကြိမ်တို့တွင် တကြိမ်ကြိမ်၌ အကြောင်းချို့တဲ့မှုကင်း၍ ကောန်မုချ ရဟန်းဖြစ်ရမည်" ဟု သဘောထား၍ မိမိ၏ နိဿယည်းဆရာ ဥပဇ္ဈာယ် ဆရာတို့၏ ရဟန်းအဖြစ်၌ ယုံမှားသံသယကင်းရှင်း နိုင်ပေသည်။ ယင်းသို့ ယုံမှား သံသယကင်းသဖြင့် မိမိ၏ နိဿယည်းဆရာ၊ ဥပဇ္ဈာယ်ဆရာ၌, အထူးသဖြင့် ယုံကြည် လေးစားကြပေမည်၊ မြတ်နိုးပူဇော်ကြပေမည်။

ထိုပြင် ထိုပုဂ္ဂိုလ်တို့သည် ဤသို့ အစဉ်အောက်မေ့ ဝမ်းမြောက်ကြ၍ သာသနာတော်၌ မွေ့လျော်ပျော်ပိုက်ကြပေမည်။ "ယခုလို ဘုရားသာသနာတော် တနှစ်ထက် တနှစ် ဆုတ်ယုတ် ဆုတ်ယုတ်၍ အားနည်းလာချိန်တွင် အချို့ပုဂ္ဂိုလ်တို့သည် သာသနာတော် အထူးဆုတ်ယုတ်သော အရပ်၌ သာမည နိဿယ ည်းဆရာ၊ ဥပဇ္ဈာယ်ဆရာ တို့သည် ချီးမြှောက်ကြ၍ သာမန်သံဃာပရိသတ်ဖြင့် သာမန်သိမ်တွင် သာမည ဥ တ် ကမ္မဝါစာ ရွတ်ဖတ်ခြင်းဖြင့် ရဟန်းခံကုန်ကြရကား ရဟန်း မဖြစ်သည့် ပုဂ္ဂိုလ်တို့လည်း ရှိကြပေမည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်တို့သည် မိမိ၏ရဟန်းအဖြစ်၌ ကိုယ်တိုင်သံသယကုက္ကုစ္စ ကင်းသဖြင့် နိဗ္ဗာန် မဂ်ဖိုလ် အန္တရာယ်ကား မဖြစ်နိုင်ပေ။ သို့ရာတွင် မြတ်စွာဘုရားသာသနာတော်၌ အခြားပုဂ္ဂိုလ်တို့၏ သီလသုတ်သင်ခြင်း ဖြေသော ဝိနည်းကံတို့၌ အရေအတွက် ပြည့်ရုံမျှပင် ရေတွက်ရာတွင် မပါဝင်နိုင်ပေ။ ငွေစစ်အသပြာစစ် အလယ်တွင် အတုဖြစ်သော ငွေအသပြာကဲ့သို့၎င်း၊ နွားတို့ အလယ်တွင် နွားနောက်တို့ ကဲ့သို့၎င်း၊ ရဟန်းစစ်တို့ အလယ်တွင် အသွင်ဆောင်ရဟန်းများသာ ဖြစ်ကြ၍ အဖိုးမကြီး တန်ဘိုးနည်းသဖြင့် နေကြရ၏။ တစုံတခုသော အရပ်၌ တရံတခါ ရဟန်းတော်များသည် ဤကဲ့သို့သော ပုဂ္ဂိုလ်ကို အရေအတွက် အပြည့်ထား၍ အခြားသော ပုဂ္ဂိုလ် အပိုတို့ကို မသွင်းပဲ ဝိနည်းကံကို ပြုကြလျှင် ဤပုဂ္ဂိုလ်တို့သည် ထိုဝိနည်းကံကို ဖျက်ဆီးလျက် သာသနာတော်၏ အန္တရာယ်ကိုပင် ပြုနိုင်ကြပါသည်။

ငါတို့မှာမူကား ပြုအပ်ပြီးသော ကောင်းမှုရှိကြကုန်သည် ဖြစ်၍ ဤပုဂ္ဂိုလ်တို့ကဲ့သို့ မဖြစ်ကြပဲ မြတ်စွာဘုရားသာသနာတော်၌ ဟန်ဘိုးမှိုရှိ နေထိုင်ကြပါကုန်အံ့။ ငါတို့သည် ယုံမှား သံသယတစုံတရာ မရှိကြသည့် နိဿယည်းဆရာ ဥပဇ္ဈာယ် ဆရာတို့ ချီးမြှောက်တော်မူကြ၍ ရဟန်းဖြစ်လာကြရကား မိမိ၏ရဟန်းအဖြစ်၌ အခါခပ်သိမ်း သံသယကုက္ကုစ္စ ကင်းကြ ပါ၏။ မြတ်စွာဘုရား သာသနာတော်၏တာဝန်ကို ထမ်း ဆောင်ကြလျက်ရှိကြပါကုန်၏၊ အလုံးစုံသော ဝိနည်းကတို့ကို ပြီးစေကုန်လျက် တပါးမက များလှသော သာသနာတော် နှင့် စပ်သည့် ကုသိုလ်ကောင်းမှုတို့ကို ပွါးများကာ နေထိုင်ကြ ပါကုန်အံ့ ဤသို့ ဝမ်းမြောက် ဝမ်းသာ သာသနာတော်၌ ပျော်မွေ့ကြပေမည်။

တဖန်ထပ်၍ သိက္ခာမယူခြင်းသည် မင်္ဂလာမှု မပြုခြင်းပင်

လမ်းညွှန်ပြသ နည်းဥပဒေ မရရှိကြသည့် ပုဂ္ဂိုလ်တို့ သည် ရဟန်းဖြစ်ကြောင်း အင်္ဂါငါးရပ်တို့နှင့် ပြည့်စုံဘိုရန် မလွယ်ကူဟု မစဉ်းစားမိကြပဲ မိမိ၏ရဟန်းဖြစ်မဖြစ်၌ ယုံမှား သံသယဖြစ်ရမှန်းကိုပင် သတိမထားမိကြကုန်၊ မသိရှိကြကုန်၊ ထို့ကြောင့် တစုံတခုသောသိမ်၌ တစုံတခုသော ပရိသတ်ဖြင့် သာမန် နိဿယည်းဆရာ ဥပဇ္ဈာယ်ဆရာတို့က ချီးမြှောက် ရဟန်းခံပေးသဖြင့် သာမန်ရဟန်း ဖြစ်လာကြသော်လည်း မိမိတို့ ရဟန်းအဖြစ်၌ တရံတခါမျှ သံသယကုက္ကုစ္စ မရှိကြ ကုန်၊ တဖန်ပြန်၍ သိက္ခာထပ်ခြင်းကိုလည်း မပြုကြကုန်၊ မဟာထေရ် အနုထေရ် ဘဝသို့ရောက်၍ မိမိ၏ တပည့်သာ မဏေတို့ကို ပေါ့ပေါ့ဆဆ ရဟန်းခံပေးလျက် ပရိသတ်မွေးမြူ

ကြကုန်၏။ ဂိုဏ်းကို တိုးပွါးအောင်လုပ်၍ အရှည်သဖြင့် သီတင်းသုံးနေထိုင်လျက် ရှိကြကုန်၏။

ဤသို့ အရှည်သဖြင့် ပေါ်ပေါ်ဆဆ နေထိုင် ကြသည့် ပုဂ္ဂိုလ်တို့၏ အထဲ၌ တခါတရံ ပွင့်ခဲ့ဘူးသော ပါရမီကုသိုလ် ပညာဉာဏ်အဆောက်အဦရှိကြသည့် ဝိနယကုက္ကုစ္စက သိက္ခာကာမဖြစ်ကြသည့် အဘူနေ (သဒ္ဓိဝိဟာရိက) ပညာရှိ တပည့်ကြီးတို့သည်း ဖြစ်ပေါ်နိုင်ရာသည်။

ဤသို့ သဘော ရှိကြသည့် မိမိ၏ အမျိုးကောင်းသား အတူနေ (သဒ္ဓိဝိဟာရိက) တပည့်ကြီးတို့သည်လည်း တခါတရံ ဤသို့ စဉ်းစား တွေးခေါ် နိုင်ရာသည်။ ယခုခေတ်၌ မြတ်စွာဘုရား၏ သာသနာတော်သည် တနှစ်ထက်၂ နှစ် ပို၍ ပို၍ ဆုတ်ယုတ်လာ၏၊ ဥပမာအားဖြင့် ပြရလျှင် လဆုတ်ပက္ခ အခါသမယ၌ ကောင်းကင်ပြင်တွင် အရောင်မထင်သော လမင်းနှင့်ရင်း၊ နွေဥတုအခါ၌ တဖြည်းဖြည်း ဆုတ်ယုတ်နေသော တဘက်ဆည် ကန်ရေနှင့်ရင်း တူပေသည်။

မြတ်စွာဘုရား၏ တပည့်သာဝကများ ဖြစ်ကြသည့် သာကီဝင် မင်းသား ရဟန်းတော်များသည်လည်း ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံဝင်သွားသည်မှာ အလွန် ကြာမြင့်ခဲ့ပြီဖြစ်၍ အဘမဲ့ ကြီးပြင်းလာရသော သားငယ်များ ပမာ မာရ်မင်း၏ ကျော့ကွင်းဖြင့် နှောင်ဖွဲ့ထားခြင်းကို ခံကြရကုန်၏၊ မာရ်မင်း၏ အလိုရှိတိုင်း ပြုမူချက် အနှိပ်အစက်ကို ခံကြရကုန်၏။ ရာဂဖြင့် တပ်မက်မောကြ၏၊ ဒေါသဖြင့် ပျက်ဆီးကြ၏၊ မောဟဖြင့် တွေဝေကြကုန်၏၊ ဝိနည်းကျော် ကို ရိုသေလေးစားမှု မရှိကြကုန်၊ သံသယကုက္ကုစ္စ ကင်းကြ

ကုန်၏၊ သိက္ခာသုံးပါးကို မလိုလားကြကုန်။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးတို့သာလျှင် (သာသနာတော်တွင်) ပိုရှိများလာသကဲ့သို့ ထင်ရကုန်၏။

ရဟန်းခံသော ဥပသမ္ပဒကံ၊ သိမ်သမုတ်သည့် သီမာသမုတိကံ စသော ဝိနည်းကံတို့၌လည်း ဝိနည်းဘုရားတော်ဘို့နှင့် အညီ ဖြစ်စေရန် အထူးကြိုးစား အားထုတ်လေ့မရှိကြကုန်၊ မလေးမစား ပေါ့ပေါ့ဆဆ ပြုကြသည့် ပုဂ္ဂိုလ်တို့ သည်သာ ပိုရှိများသကဲ့သို့ ထင်ရကုန်၏၊ ထို့ကြောင့် ယခုအခါ၌ ဤကဲ့သို့သော သာသနာတော် ဆုတ်ယုတ်သော ဤအချပ်မျိုးတွင် ရဟန်းဖြစ်ကြောင်း အင်္ဂါငါးရပ်နှင့် စုံညီဘို့ရန် အလွန်ရခဲ အလွန်ပြုနိုင်ခဲသကဲ့သို့ ထင်ရ၏။

ငါတို့၏ နိဿယည်းဆရာ ဥပဇ္ဈာယ်ဆရာတို့သည်လည်း ဤသို့သဘောရှိသော ယုံမှားသံသယ ဖြစ်စရာ ပရိသတ်ဖြင့် ပြွမ်းသော အချပ်ဒေသ၌ ဤသို့ သဘောရှိသော ယုံမှားသံသယ ဖြစ်ဘွယ်ရာကောင်းသော ပုဂ္ဂိုလ်တို့က ရဟန်းခံပေးရ၍ တကြိမ်သာ သိက္ခာယူကြသည့် ပုဂ္ဂိုလ်များ ဖြစ်သတဲ့၊ ဤသို့ သာသနာတော် ဆုတ်ယုတ်ရာ ဌာန၌ တကြိမ်တည်းသာ သိက္ခာယူခဲ့ကြသည့် ငါတို့၏ ဆရာဥပဇ္ဈာယ်တို့သည် သန့်ရှင်းစွာ ရဟန်းဖြစ်ပါသလော၊ မဖြစ်ဘဲများ ရှိလေသလော၊ ငါတို့သည်လည်း ယခုအခါ ဘုရားရှင်၏ သာသနာတော်၌ နေထိုင်ကြလျက် ဘုရားရှင်၏ သာသနတာဝန်ကို ထမ်းဆောင်နေကြ ပါသော်လည်း အမှန်တကယ် ရဟန်း ဖြစ်ကြပါ၏လော၊ မဖြစ်ဘဲများ ရှိကြပါသလော။

ငါတို့သည်လည်း ဤသို့ရဟန်းအဖြစ်ဝဿ ယုံမှားသံသယ ဖြစ်ဘွယ်ရှိကြသည့် ဆရာဥပဇ္ဈာယ်တို့က အမှတ်မထင် ပရိသတ်ဖြင့် အမှတ်မဆင် သိမ်၌ ဖြစ်သလို ကမ္မဝါစာ ရွတ်ဖတ်၍ ရဟန်းခံခဲ့ရကား ဖြစ်သလို ရဟန်းဘသို့ရောက် လာကြသူများပင်လောဟု တခါတရံ စဉ်းစားကြပေလိမ့် မည်။

ထိုဘပည့်ရဟန်း ပုဂ္ဂိုလ်များသည် ဤသို့ စဉ်းစား တွေး ခေါ်ကြလျက် ဆရာဥပဇ္ဈာယ်တို့၏ ရဟန်းဖြစ်လာပုံ၌ရင်း၊ မိမိ၏ ရဟန်းအဖြစ်၌ရင်း ယုံမှားသံသယကောင်းဘဲ စိတ်နှလုံး ဆင်းရဲလာကြလိမ့်မည်၊ မိမိ၏ ဆရာဥပဇ္ဈာယ်တို့အားလည်း ဤအကြောင်းကို မလျှောက်ထားဝံ့ကြ၍ ဆရာဥပဇ္ဈာယ်တို့ အပေါ်၌ ယုံကြည်မှု နည်းလာကြမည်။ မေတ္တာစိတ် ခေါင်းပါးလာကြမည်၊ လွန်ကဲသော ချစ်မြတ်နိုးမှု မရှိကြရ၍ ကျေးဇူး မသိတတ်သူများသဖွယ် မြတ်နိုးမှု ပူဇော်မှု မပြုကြ ဘဲ နေထိုင်ကြကုန်ရာ၏၊ တနည်းအားဖြင့် ထိုဆရာဥပဇ္ဈာယ် တို့ကို မငဲ့မကွက်ဘဲ အရပ်တပါးသို့မူလည်း စွန့်ခွါထွက်သွား ကြကုန်ရာ၏။ ယင်းသို့ တပည့်ဖြစ်သူတို့က မိမိတို့၏ ရဟန်း အဖြစ်၌ ကုက္ကုစ္စ ရှိကြ၍ မိမိတို့ ဆရာ ဥပဇ္ဈာယ်တို့ကို မြတ်နိုး ပူဇော်မှုမရှိဘဲ စိတ်မချမ်းမသာ အရပ်တပါးသို့ ပြောင်းသွား ကြခြင်းသည် ထို ဆရာဥပဇ္ဈာယ်တို့အတွက်မှာ အမင်္ဂလာကြီး တခု ဖြစ်ရပေသည်။

ဝိနည်းလေးစားသူတို့၏ကျင့်စဉ်

ထိုချိပုဂ္ဂိုလ်ဘို့သည်ဘား မိမိ၏ ရဟန်းအဖြစ်၌ ချတ်ယွင်း ချက် တစုံဆရာကို မတွေ့မမြင်၍ အထူးယုံမှား သံသယ

မရှိသော်ငြားလည်း "ဤကဲ့သို့သော အရာကား အထူးသဖြင့် လေးလေးစားစား ပြုရမည့်အရာ ဖြစ်၏။ သာသနာ၏ တကဲ့ အရင်းမူလ ပဓာနဖြစ်သောအရာ ဖြစ်၏၊ အကယ်၍ ငါသည် အကြောင်းတစုံတရာ ချို့တဲ့မှုကြောင့် ရဟန်းမဖြစ်ခဲ့ပါသော် ငါ့အတွက်ဖြစ်စေ၊ အခြား သိတင်းသုံးဘော်တို့ အတွက် ဖြစ်စေ အကျိုးစီးပွါးမဲ့ ဖြစ်ပေလိမ့်မည်။ ငါ့ကို အမှီပြု၍ (ဝါ) အကြောင်းပြု၍ ငါလျှင် လည်းလျှောင်း ကိုးကွယ်ရာ ဖြစ်ကြသည့် တပည့်စဉ်ဆက်တို့သည်လည်း ရဟန်း မဖြစ်ဘဲ ရှိကြပေရာ၏၊ ဤသို့ဖြစ်လျှင် သတ္တဝါ အားလုံးတို့၏ ကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော အတုမဲ့ ဘုရား သာသနာတော်၏ ပင်ရင်းမူလ အမြင်ကြီးသည် ငါ့ကိုအကြောင်းပြု၍ အလွန်လျင်မြန်စွာ ပြတ်စဲသွားပေလိမ့်မည်" ဟု စဉ်းစားမိပေမည်။

ယင်းသို့ စဉ်းစားမိသောကြောင့် မိမိအပေါ်တွင် မိမိရော အတ္တပါးပါ ယုံမှားသံသယ ကင်းစေရန်ရင်း ချောက်ချားလိုကုန်သော ပုဂ္ဂိုလ်တို့ ချောက်ချားခွင့် မရစေရန်ရင်း၊ နောင် တပည့်စဉ်ဆက်တို့ အကျိုးစီးပွါး ရှိစေရန်ရင်း ယုံမှားသံသယ မရှိသော ထိုမူလ သိမ်၌ဖြစ်စေ၊ အခြားအရပ်ဒေသသို့ ကြွသွား၍ ယုံမှားသံသယကင်းသော နှစ်ခု သုံးခုသော ထိုထိုသိမ်တို့၌ ဖြစ်စေ သံသယမရှိသော ဆရာဥပဇ္ဈာယ်တို့၏ ထံတော်၌ ငါးပါးထက် ပိုလွန်သော သန့်ရှင်းသည့် သံဃာပရိသတ်ဖြင့် နှစ်ကြိမ် သုံးကြိမ် တဖန်ပြန်၍ သိက္ခာ ထပ်ကြရာ၏။

မိမိ၏စကားကို လိုက်နာကြသည့် အခြားပုဂ္ဂိုလ်တို့ကို လည်း ဤကဲ့သို့သော အရာ၌ အထူးသတိထားစေရန် လေးလေးစားစား ပြုစေရန် သတိပေး တိုက်တွန်းကြရာ၏။

မိမိ၏ အတူနေတပည့် စသည်တို့အားလည်း ဤကဲ့သို့ သော အရာ၌ အထူးသတိပြုစေရန် လေးလေးစားစား ပြုစေရန် ထပ်ဘလဲလဲ ဆုံးမဩဝါဒ ပေးကြရာ၏။

မိမိကိုယ်တိုင်ကလည်း မိမိ၏အတူနေ တပည့်စသည်တို့၏ ရဟန်းအဖြစ်၌ အထူးသဖြင့် သံသယကုက္ကုစ္စ မရှိစေရန် ကြိုးစား အားထုတ်၍ နှစ်ကြိမ် သုံးကြိမ် ထပ်၍ သိက္ခာ ပေးကုန်ရာ၏။

ဤသို့ ဝိနည်းတရားကို လေးစား၍ သိက္ခာ (၃) ပါးကို လိုလားကြသည့် မိမိ သူတပါး နှစ်ဦးသားတို့၏ အကျိုး စီးပွါးကို ကျင့်လေ့ရှိကြ၍ သာသနာတော် တိုးတက် ကြီးပွါးရေးကို လိုလားကြသည့် အထက်တန်းစား သူတော် ကောင်း ပုဂ္ဂိုလ်တို့အား ဆိုခဲ့ပြီးသော သိက္ခာမထပ်ခြင်း အမင်္ဂလာသည် တခါတရံမျှပင် မဖြစ်နိုင်ပေ၊ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ရည်ရွယ်၍—

"ချစ်သားရဟန်းတို့ အမျိုး၌ သူတော်ကောင်း ပုဂ္ဂိုလ်တယောက် ပေါ်ပေါက်လာခြင်းကား လူ အပေါင်းအား အကျိုးစီးပွါး ချမ်းသာသုခ ဖြစ်ဘို့ ရန် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပေ၏"ဟု ဘုရားရှင် ဟောတော်မူပါသည်။

ထို့ကြောင့် ဤသဘောတရားကို နှလုံးသွင်း သတိထား၍ ငါတို့၏ ဇမ္ဗူဒိပ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် မြန်မာ ပြည်သား မဟာထေရ် အနုထေရ်များသည် ဝိနယကုက္ကုစ္စရှိ တော်မူကြကာ သိက္ခာသုံးပါးကို လိုလားတော်မူကြသဖြင့် များသောအားဖြင့် မိမိ၏ရဟန်းအဖြစ်၌ မိမိနှင့်တကွ အခြား သူများပါ အထူးသဖြင့် သံသယမရှိစေခြင်းငှါရင်း၊ ချောက် ချားလိုကုန်သည့် ပုဂ္ဂိုလ်တို့ ချောက်ချားခွင့် မရစေခြင်းငှါ ရင်း ထိုမူလသိမ်၌ဖြစ်စေ၊ အခြားနှစ်သိမ်-သုံးသိမ်တို့၌ ဖြစ် စေ နှစ်ကြိမ် သုံးကြိမ်တိုင်တိုင် တဖန်ပြန်၍ သိက္ခာ ယူကြပြီး ယူကြဆဲ ယူကြလတ္တံ့ ဖြစ်ကြပါ၏။ မထေရ်အားလုံးတို့လည်း "ဤသို့သော ကံသည် ဝိနည်းတရားတော်နှင့်ညီလေသလော၊ မညီလေသလောဟု ယုံမှားသံသယ မဖြစ်ကြပါပေ။

သို့ဖြစ်သောကြောင့် ဤကဲ့သို့သောအရာ၌ သိက္ခာသုံး ပါးကို လိုလားတော်မူကြသည့် တပည့်တော်တို့ ဇမ္ဗူဒိပ် ကျွန်းသား မြန်မာမဟာထေရ် အနုထေရ်တို့ ပြုကျင့်တော်မူ သည့်အတိုင်း သိက္ခာကာမဖြစ်တော်မူကြသည့် သီဟိုဠ်ကျွန်း သား အရှင်ကောင်း အရှင်မြတ်တို့သည်လည်း ပြုကျင့်တော် မူကြပါကုန်၊ ဗုဒ္ဓမြတ်စွာ သာသနာတော် အရှည်တည်တံ့ရေး ၏ စင်စစ် အကြောင်းဖြစ်သော ဤကဲ့သို့ ယုံမှား သံသယ မဖြစ်ထိုက်သော အရာမျိုး၌ အနည်းငယ်မျှပင် ယုံမှားသံသ ယ ရှိတော်မမူကြပါကုန်လင့်။

ဤသို့ သံသယကုက္ကုစ္စ ကင်းတော်မူကြပါလျှင် အရှင်မြတ် တို့သည် အချင်းခပ်သိမ်း အချင်းချင်း ငြင်းခုံခြင်း အယူဝါဒ ကွဲပြားခြင်း မရှိကြကုန်ဘဲ စိတ်၏ ဆူးငြောင့်ခလုတ်တို့မှလည်း

ကင်းကြပါမည်၊ ညီညီညွတ်ညွတ် ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ အချင်းချင်း အကျိုး စီးပွါးကို လိုလားလာကြပါ မည်၊ ချစ်ဘွယ်သော မျက်လုံးတို့ဖြင့် ရေနှင့် နို့ ကဲ့သို့ တသားတည်း ဖြစ်ကြပါမည်၊ အခါခပ်သိမ်း စိုးရိမ်ကြောင့် ကြ ဗျာပါရနှင့်တကွ ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြသည် ဖြစ်၍ ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုတို့နှင့်ကြပါမည်၊ ကိုယ် စိတ်နှစ်ပါး ချမ်းသာစွာ ရဟန်းတရားကို အားထုတ်ခွင့်ရကြ သောကြောင့် အိမ်ရာမထောင် ရဟန်းဘောင်သို့ ဝင်ရောက် လာခြင်း၏ ရည်မှန်းချက်ကို အလွန်လျင်မြန်စွာ ဖြည့်ကျင့် ထည်းပူးနိုင်ကြပါမည်။

ဝိနယဒုက္ကဋ်အာပတ်ဖြင့် စေ့ဒနာခြင်း

ဤနေရာ၌ မေးစရာရှိပါသည်။ "တဖန်ပြန်၍ သိက္ခာပေး ခြင်း" "မြဲမြံခိုင်ခံ့အောင်ပြုခြင်း" ဟူသော ဝေါဟာရ နှစ် ခုလုံးသည် ဤနေရာ၌ အဓိပ္ပါယ်အားဖြင့် "တဖန်ပြန်၍ ရဟန်းခံခြင်း" ပင်ဖြစ်ပါသည်။ ဤရဟန်းခံခြင်းမည်သည် မှာလည်း ရှင်သာမဏေပုဂ္ဂိုလ်မျိုးကိုသာ အကြောင်းပြု၍ ဘုရားရှင် ခွင့်ပြုတော်မူချက်ဖြစ်ပါသည်။ ရဟန်းဖြစ်ပြီးသား ပုဂ္ဂိုလ်မျိုးကို အကြောင်းပြု၍ ခွင့်ပြုတော်မူခြင်း မဟုတ်ပါ။

ထို့ကြောင့် သံဃာက နောက်ထပ် ရဟန်းခံ ပေးသော ပုဂ္ဂိုလ်သည် ပထမ အကြိမ်၌ပင် အကြောင်းညီညွတ်၍ ရဟန်းဖြစ်ခဲ့လျှင် သံဃာသည် ရှင်သာမဏေ မဟုတ်သော ရဟန်းဖြစ်ပြီးသား ပုဂ္ဂိုလ်ကိုသာ ထပ်တလဲလဲ ရဟန်းပြုပေး၏ ဟူသော အဓိပ္ပါယ် ရောက်၏၊ ဤသို့ဖြစ်လျှင် ရဟန်းကိုသာ

အကြိမ်ကြိမ် အဖန်ဖန် ရဟန်းခံပေးသော သံဃာသည် ရှင်တော်ဘုရား ခွင့်ပြုတော်မမူသော အမှုကိုပြုသောကြောင့် ဝိနည်းကိုလွန်၍ ကျင့်သည်၏ အစွမ်းအားဖြင့် ဒုက္ကဋ်အာပတ် သင့်ရောက်ရသည် မဟုတ်လောဟု စောဒနာ စရာရှိပေသည်။

ထိုစောဒနာကို ဖြေရှင်းခြင်း

ထိုစောဒနာကို ဖြေဆိုပါမည်၊ အကယ်၍ ထိုရဟန်းလောင်းသည် ပထမ တကြိမ်တည်းဖြင့်သော အကြောင်းတစုံတရာ ချို့တဲ့မှု ကင်း၍ ရဟန်း ဖြစ်ခဲ့ပါလျှင် ထိုရဟန်း ဖြစ်ပြီးသူကို သံဃာက နောက်ထပ် ရဟန်းခံပေးစေကာမူ နောက်ထပ် ရဟန်းခံပေးသည် မမည်ပေ။ အဘယ့်ကြောင့်ဆိုသော် ရှေ့၌ တင်ပြ လျှောက်ထားခဲ့သည့် နည်းအတိုင်း ရဟန်းခံခြင်းအမှုဆိုသည်မှာ ရဟန်းဖြစ်ပြီးသူကို အစွဲပြု၍ ဖြစ်ပေါ်လာသည် မဟုတ်၊ ရှင်သာမဏေကိုသာ အစွဲပြု၍ ဖြစ်ပေါ်လာသော ကြောင့် ဖြစ်၏၊ ဥပမာအားဖြင့် ပထမ တချက်တည်းဖြင့် သေဆုံး သွားသော သူသေကောင်ကို အသက်ရှိသေး၏ ဟူသော အမှတ်ဖြင့် ထပ်တလဲလဲ ရိုက်ပုတ်သော်လည်း သတ်ခြင်းအမှု အကြိမ်ကြိမ် မဖြစ်တော့သည်နှင့် တူ၏ဟု မှတ်သားသင့်ပေသည်။

ယင်းသို့ ထိုပုဂ္ဂိုလ်ကို တဖန် ရဟန်းခံ ပေးသော်လည်း တဖန် ရဟန်းခံဆု မရောက်လေသောကြောင့် ရဟန်းခံပေးသော သံဃာသည်လည်း ရဟန်းဖြစ်ပြီးသူကို တဖန် ရဟန်းခံပေးခြင်း မမည်ချေ။

ထိုသို့ မမည်သောကြောင့် ရဟန်းပြုပေးသော သံဃာအား ဝိနယဒုက္ကဋ်စသော အာပတ် တစုံတခု မသင့်ရောက်နိုင်ချေ။

ချွတ်ယွင်းသော စကားကြောင့် သင့်သောအာပတ်ဖြင့် စောဒနာခြင်း

အကယ်၍ ထိုသံဃာသည် ပဌမအကြိမ်၌ပင် ရဟန်းဖြစ်သွားသောပုဂ္ဂိုလ်ကို တဖန် ရဟန်းခံပေးသော်ငြားလည်း တဖန် ရဟန်းခံပေးရာ မရောက်ခဲ့လျှင် ရဟန်းခံ ကမ္မဝါစာကို ရွတ်ဖတ်သည့်အခါ၌ "သံဃော နာဂံ ဥပသမ္ပာဒေယျ"ဟုငင်း၊ "ဥပသမ္ပာဒေတိ"ဟုငင်း ကမ္မဝါရွတ်ဖတ်သည့် အနုသာဝကပုဂ္ဂိုလ်အားဖြစ်စေ၊ ထို ကမ္မဝါစာကို သိသော သံဃာအားဖြစ်စေ ထို ရဟန်းခံခြင်းအမှု ထင်ရှားမရှိသောကြောင့် ထင်ရှားမရှိသည်ကို ထင်ရှားရှိသကဲ့သို့ ပြု၍ ရွတ်ဖတ်သောကြောင့် ဝိသံဝါဒန အာပတ်ချွတ်ယွင်းသော စကားကြောင့် သင့်သော အာပတ် သင့်ရောက်ရာသည် မဟုတ်လောဟု စောဒနာဝင်နိုင်၏။

ထို စောဒနာကို ဖြေဆိုခြင်း

ကမ္မဝါစာရွတ်ဖတ်သည့် အနုသာဝကပုဂ္ဂိုလ်အား ဖြစ်စေ၊ ထို ကမ္မဝါစာကို သိသော သံဃာအားဖြစ်စေ ဝိသံဝါဒန အာပတ်မသင့်ရောက်နိုင်ပါ၊ အဘယ်ကြောင့် ဆိုသော် ချွတ်ယွင်းစေခြင်းကို ရှေးရှုသော စိတ်ဆန္ဒမျိုး မရှိသောကြောင့် ဖြစ်ပါသည်။ ချဲ့ဦးအံ့ – ထို ရဟန်းခံစဉ်အခါက ထို ကမ္မဝါစာ ရွတ်ဖတ်သည့်ပုဂ္ဂိုလ်အား ဖြစ်စေ၊ သံဃာတော်အားဖြစ်စေ သူတပါးတို့အား မဟုတ်မမှန်သည့်အရာကို ဟုတ်မှန်သော

အရာအဖြစ် သိစေခြင်းငှါ ချွတ်ယွင်းစေလိုသော စိတ်ဆန္ဒမျိုး အနည်းငယ်မျှ မရှိပါ။ အမှန်အားဖြင့်မူ ထိုရဟန်းလောင်းသည် ရှေ့တကြိမ်၌ပင် အကြောင်းတစုံတရာ ချွတ်ယွင်း၍ ရဟန်းမဖြစ်ခဲ့ပါလျှင် "ငါတို့၏ နောက်ထပ်တဖန် ဤကြိုးစားမှုဖြင့် ရဟန်း ဖြစ်ပါစေ"ဟူသော ကုသိုလ်စိတ်ဆန္ဒမျိုးသာ ရှိပေသည်။ အကုသိုလ်စိတ်ဆန္ဒမျိုး မရှိရိုးအမှန်ပင် ဖြစ်ပါသည်။ ဤကဲ့သို့ သိလျက် ချွတ်ယွင်းသော စကားကို ဆိုခြင်းကြောင့် သင့်သော အာပတ်အရာ၌"ကုသိုလ်စိတ်ဖြင့် အာပတ်မသင့်နိုင်"ဟူသော အချက်သည် ယုဂန္ဓိုရ်တောင်များတွင် လှည့်ပတ်သွားသော နေမင်းကဲ့သို့ သာသနာတော်တွင် အလွန်ထင်ရှားလှပေသည်။

ဤမှတပါး အာပတ်သင့်ရောက်၏ဟူသော အဓိပ္ပါယ်မျိုးယူဆငြားအံ့ - သိမ်သစ်ကို ဖွဲ့လို သမုတ်လိုကုန်သော ပုဂ္ဂိုလ်တို့အား သိမ်ဟောင်း ထင်ထင်ရှားရှားမရှိသော ရွာနိဂုံးမြေအရပ်၌ "သိမ်ဟောင်းများ ရှိလေမလား"ဟူသော သံသယဖြစ်ကာမျှဖြင့်ပင် ထပ်တလဲလဲ အကြိမ်ကြိမ် အဖန်ဖန် သိမ်နုတ်ကမ္မဝါစာကို ရွတ်ဖတ်ခဲ့ပါလျှင် "ယာ သာ သံဃေန သမ္မတာ"ဟု ရွတ်ဆိုဆဲခဏ၌၎င်း၊ "တံ သီမံ သမူဟနတိ"ဟု ရွတ်ဆိုဆဲခဏ၌၎င်း ဤသို့ စသော မမှန်ကန်သော အရာတို့၌ တပါးမက များလှသော ဝိသံဝါဒနအာပတ်များ သင့်ရောက်ကြရာ ရောက်ပေမည်။

ဤ အဓိပ္ပါယ်မျိုး ရောက်ရိုးမှန်လျှင် ရဟန်းမြတ်ဖြစ်တော်မူကြကုန်သော ဘုရားရှင်၏ သာသနာ့ဝန်ဆောင် ဖြစ်တော်မူကြကုန်သော ရဟန်းတို့၏ ရှေ့သွားလမ်းညွှန် ဖြစ်တော်မူကြ

သော ရှေးဆရာမြတ် မဟာထေရ်ကြီးတို့သည် ဤကဲ့သို့ သိမ်သစ်သမုတ်သည့်အရာမျိုး၌ "သိမ်ဟောင်းများ ရှိနိုင်လေ သလော"ဟူသော သံသယမျှဖြင့်လည်း ထပ်တလဲလဲ သိမ်နုတ် ရန်အတွက် သိမ်နုတ်နည်းကို မထားခဲ့ပေကုန်ရာ။

ထို သိမ်နုတ်သောနည်းသည်လည်း ရှေးဆရာ စဉ်ဆက် ဆင်းသက်လာသည့်နည်း ဖြစ်၏၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ အစ ပဌမမှစ၍ ယနေ့တိုင်အောင် ဝိနည်းဋီကာကျမ်းတို့၌၎င်း၊ ထိုထိုအရပ်ဒေသ၌ ရဟန်းတော်တို့ သိမ်သစ်သမုတ်သည့်အရာ ၌၎င်း ကောင်းကင်တွင် ထိန်လင်းနေသော ငွေစန္ဒာလမင်း ကဲ့သို့ အလွန်ထင်ရှားလှပေသည်။

ထို့ကြောင့် သိမ်သစ်သမုတ်သည့်အရာ၌ "သိမ်ဟောင်း များ ရှိလေသလော"ဟူသော သံသယမျှဖြင့် ထိုယုံမှားသံသယ ဖြစ်သော သိမ်ဟောင်းကို နုတ်ရန် ရှေးဆရာမြတ်တို့ ထား တော်မူခဲ့သော ဤကဲ့သို့သော သိမ်နုတ်နည်းမျိုးကို ထောက် ဆ၍ "ယခု ရဟန်းတော်များ၏ ရဟန်းအဖြစ်၌ ယုံမှား သံသယဖြစ်ကာမျှဖြင့် တဖန်သိက္ခာပေးခြင်းအမှုသည် အမှန် စင်စစ် ရဟန်းတော်များ ပြုသင့် ပြုထိုက်သည့် အမှု ဖြစ်၏၊ သာသနာတော် အရှည်တည်တံ့ရေး၏ မူလဘူတ အကြောင်း မှန်ဖြစ်၏"ဟု ကေန်ယုံကြည်ဆိုက်ပေသည်။

နာမည်ကို အကြောင်းပြု၍ စောဒနာခြင်း

ဤနေရာ၌ စောဒနာစရာရှိပါသေးသည်၊ အကယ်၍ ထို ပုဂ္ဂိုလ်သည် ရှေးဦးဆုံးအကြိမ်၌ အကြောင်းတစုံတရာချို့တဲ့ မှုကြောင့် ရဟန်းဟု သမုတ်သော်လည်း ရဟန်း မဖြစ်ခဲ့ငြား

အံ့၊ ထို ပုဂ္ဂိုလ်ကို အခြား ရဟန်း ရှင် လူတို့က ရဟန်းခံစဉ်က နာမည်အတိုင်း "နာဂ"ဟုရင်း၊ "တိဿ"ဟုရင်း၊ ရဟန်း ဟူသောအမှတ်ဖြင့် ခေါ်ဝေါ်သုံးစွဲလေ့ရှိကြ၏။ ယင်းသို့ ရဟန်းဟူသောအမှတ်ဖြင့် ခေါ်ဝေါ်ကြသောကြောင့် ထို "နာဂ""တိဿ"ဟူသောအမည်တို့သည် သာမဏေ၏ အမည် မဖြစ်နိုင်၊ ရဟန်း၏အမည်တို့သာ ဖြစ်ရပေမည်။

ထို့ကြောင့် သံဃာက ရဟန်း ဟူသောအမှတ်ဖြင့် ခေါ်ဝေါ်သော ထို အမည်ကိုပင် ယူ၍ ထို ပုဂ္ဂိုလ်ကို ရဟန်းခံ ပေးလျှင် ရဟန်း၏နာမည်ဖြင့်သာ ရဟန်းခံပေးသောကြောင့် ထို ပုဂ္ဂိုလ်သည် ရဟန်းမဖြစ်နိုင်ရာသည် မဟုတ်ပါလောဟု စောဒနာစရာ ရှိပေသည်။

ထို စောဒနာကို ပြေဆိုခြင်း

ဤနေရာ၌ ဤစောဒနာသည့်အတိုင်း မမှတ်သင့်ပေ၊ ထို စောဒနာကို ပြေရှင်းပြပါမည်။ အကယ်၍ ထို ပုဂ္ဂိုလ်သည် ရှေးဦးစွာသော အကြိမ်၌ အကြောင်းတစုံတရာ ချို့တဲ့သော ကြောင့် ရဟန်းမဖြစ်ခြင်းအံ့၊ ထို နာဂ စသော အမည်သည် ထို ရဟန်း၏အမည် မဖြစ်နိုင်ရာ၊ သာမဏေ၏ အမည်သာ ဖြစ်နိုင်၏။ ယင်းသို့ သာမဏေ၏အမည်သာ ဖြစ်နိုင်သော ကြောင့် ထို နာဂ စသော အမည်ကိုယူ၍ ရဟန်းခံပေးသော သံဃာသည် ထို ပုဂ္ဂိုလ်ကို သာမဏေ၏အမည်ဖြင့် ရဟန်းခံ ပေးသည် မည်၏၊ ရဟန်း၏အမည်ဖြင့် ရဟန်းခံပေးသည် မမည်ချေ၊ ထိုသို့ သာမဏေကို ထို သာမဏေ၏ နာမည် ဖြင့်သာ ရဟန်းခံပေးသည်မည်သောကြောင့် ထို ပုဂ္ဂိုလ်သည်

ရဟန်းဖြစ်ကော့သည်သာတည်း၊ ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သည့် စောဒနာသည် နေရာမဟုတ်သည်၌ စောဒနာခြင်း ဖြစ်သည်ဟု မှတ်သားသင့်၏။

တနည်းအားဖြင့် လျှောက်ထားပါဦးမည်။ မိမိ၏ရဟန်းအဖြစ်၌ အထူးသဖြင့် သံသယကုက္ကုစ္စ ပျောက်သွားစေရန် တဖန် သိက္ခာယူလိုကုန်သော ပုဂ္ဂိုလ်များ ရှိကြပါသည်။ ထိုအရှင်ကောင်း အရှင်မြတ်အားလုံးတို့အား ပကတိနာမည်ဖြင့်သာ သံဃာက တဖန် သိက္ခာပေးခြင်းသည် ကောင်းမွန်သင့်လျော်ပေသည်။

အကယ်၍ ကမ္မဝါစာတွင် လာရှိသည့်အတိုင်း "နာဂ" စသော နာမည်ဖြင့် သိက္ခာပေးလျှင် ကမ္မဝါစာတွင် တင်ထားသည့်"နာဂ"စသော နာမည်က တခြား၊တဖန် ပြန်၍ သိက္ခာယူကုန်သော ပုဂ္ဂိုလ်တို့၏ "ရေဝတ"စသော နာမည်က တခြား ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် –

"ရဟန်းလောင်း၏ မိမိ ကိုယ်ပိုင် ဖြစ်သော နာမည်မှတပါး အခြားနာမည်ဖြင့် ကမ္မဝါစာဖတ်ကြားလျှင် ဥပသမ္ပဒကံပျက်၍ ရဟန်းလောင်းမှာ ရဟန်းမဖြစ်နိုင်ချေ။ အကြောင်းကား ထိုနာမည်၌ တည်သော အခြား ရှင်သာမဏေကဲ့သို့ မှည့်ခေါ်အပ်ပြီးသော နာမည်ရှိသော ရဟန်းလောင်း ပုဂ္ဂိုလ်၏ ထိုနာမည်၌ မတည်ရှိခြင်း၊ ထိုနာမည်ဖြင့် ကမ္မဝါစာ ရွတ်ဖတ်မှုကို ဟောဒတော်မမူခြင်း၊တို့ကြောင့်ဖြစ်သည်၊ ထို့ကြောင့် ရဟန်းလောင်း၏ ပကတိနာမည်ကို နာဂ စသော နာမည်ဖြင့် ပြောင်းလဲ၍ ကမ္မဝါစာရွတ်ဖတ်

လိုပါလျှင် ထိုရဟန်းလောင်းကို "နာဂ"စသော နာမည်ဖြင့် ကြိုတင်သိစေ၍ ဆုံးမသောခဏ၊ အန္တရာယိကဓမ္မတို့ကို မေးမြန်းသောခဏ၌ ရဟန်းလောင်းရော သံဃာပါ ထင်ရှားအောင် နာဂ စသော နာမည်ဖြင့် ကမ္မဝါစာရွတ်ဖတ်ရမည် –

ဟု ဝိမတိဝိနောဒနီ ဝိနည်း ဋီကာလာသည့်အတိုင်း ထိုပုဂ္ဂိုလ်တို့အား တဖန် သိက္ခာပေးရာ၌လည်း ရှေးအစမူလ ပဉ္စင်းခံသည့်အခါကကဲ့သို့ ပကတိနာမည်ကို စွန့်လွှတ်စေ၍ ကမ္မဝါစာတွင် ပါရှိသော နာဂ စသော နာမည်ဖြင့် တဖန်မှည့်ခေါ်၍ ထို နာမည်ဖြင့် ကမ္မဝါစာရွတ်ဖတ်ပြီး တဖန်ပြန်၍ သိက္ခာပေးသင့်ပေသည်။

ပြုလုပ်ပုံ ပြုလုပ်နည်းကား – သံဃာက ရေဝတ မည်သော ပုဂ္ဂိုလ်အား တဖန် ပြန်၍ သိက္ခာပေးလိုလျှင် ထိုပုဂ္ဂိုလ်အား ကမ္မဝါစာဆရာရဟန်းက ရှေးဦးစွာ "ဤသို့ ပြောကြားရမည်" ငါ့ရှင် နားထောင်ပါ၊ သင့်အား သိက္ခာ ပြန်ထပ်ပေးလိုသော သံဃာတော်က ကမ္မဝါစာတွင် လာရှိသည့်အတိုင်း "နာဂ" ဟူသော အမည်ဖြင့် ပေးလိုသောကြောင့် ငါ့ရှင်သည် ယခုအခါ၌ သင်၏ "ရေဝတ" ဟူသော နာမည်ဟောင်းကို စွန့်လွှတ်ပါ၊ ငါတို့သည် သင့်အား "နာဂ" ဟူသောနာမည်ဖြင့် အမည်သစ်ကို ပြုကြပါကုန်၏၊ ယခု လောလောဆယ်၌ ငါ့ရှင်သည် မိမိ၏ နာမည်ကို "ငါသည် နာဂ မည်၏"ဟု မှတ်ပါ၊ ဤသို့ ပြောကြားရမည်။

ယင်းသို့ ရှေးဦးစွာ ထိုရဟန်းလောင်းအား "နာဂ" အမည်ဖြင့် အမည်မှည့်၍ ထိုရဟန်းလောင်းကို"အာမ ဘန္တေ"

(ကောင်းပါပြီ အရှင်ဘုရား)ဟု ဆိုစေရမည်။ တဖန် သံဃာတော်အားလည်း "အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်သည် တဖန် ထပ်၍ သိက္ခာယူလိုသော ဤပုဂ္ဂိုလ်ကို ကမ္မဝါစာရွတ်ဖတ်ရာ၌ လွယ်ကူစေခြင်းငှါ ပကတိနာမည်ကို ဧှန်း၍ 'နာဂ'ဟူသော နာမည်ဖြင့် နာမည်သစ်ကို ပြုပါ၏။ ဘုရားတပည့်တော်သည် ထိုနာမည်သစ်ဖြင့် ကမ္မဝါစာကို ရွတ်ဖတ်ပါမည်။ ယခုအခါ၌ ကံပြုသော သံဃာသည် ဤပုဂ္ဂိုလ်ကို 'ဤပုဂ္ဂိုလ်သည် နာဂမည်၏'ဟု မှတ်တော်မူပါ"ဟု လျှောက်ထားပြောကြားရမည်။

ဤသို့လျှင် ထိုရဟန်းလောင်း ပုဂ္ဂိုလ်အားငှင်း၊ ကံဆောင်ကာရကသံဃာအားငှင်း ရှေးဦးစွာ ပြောကြားလျှောက်ထားပြီး ငါတို့၏ ဇမ္ဗူဒိပ်ကျွန်း မြန်မာတိုင်းသားဖြစ်သည့် ဗဟုသုတ၊ သိက္ခာကာမ၊ ဝိနယဂရုကဖြစ်တော်မူကြသည့် မထေရ်ကြီး မထေရ်ငယ်တို့သည် တဖန် သိက္ခာပြန်ပေးမှုကိုလည်း ပြုတော်မူခဲ့ကြကုန်၏၊ ယခုလည်း ပြုတော်မူကြဆဲ ဖြစ်၏၊ နောင်လည်း ပြုတော်မူကြပါလိမ့်မည်။

ထို့ကြောင့် တဖန် သိက္ခာယူလိုကြသည့် ပုဂ္ဂိုလ်တို့အား တဖန် သိက္ခာပေးလိုကြသည့် သိဟိုဠ်ကျွန်းသား အရှင်မြတ်များသည်လည်း တပည့်တော် ဇမ္ဗူဒိပ်ကျွန်းသား မထေရ်ကြီး မထေရ်ငယ်တို့ လုပ်နည်းလုပ်ဟန်အတိုင်း ပြုလုပ်ဆောင်ရွက်တော် မူကြပါဘုရား။

တိုက်တွန်းချက်

ဤသို့ ယခုလို ဤသိဟိုဠ်ကျွန်းသို့ကြွတော်မူလာကြသည့် ဇမ္ဗူဒိပ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ်တို့သည် မြင်ဘူး

မမြင်ဘူး ပိယမိတ္တ ဖြစ်တော်မူကြသည့် သီဟိုဠ်ကျွန်းသား မထေရ်ကြီး မထေရ်ငယ် အရှင်မြတ်များအား ချီးမြှောက်ခြင်း ငှါလည်း၊ သီဟိုဠ်ကျွန်း သာသနာကို မြဲမြံခိုင်ခံ့ ထောက်ပံ့စေခြင်းငှါလည်း၊ မိမိခန္ဓာကိုယ်၏ အမြဲနာကျင်မှု မကျန်းမာမှုတို့ကို အရေးမစိုက် ဂရုမထားဘဲ "သာသနဝိသုဒ္ဓိဒီပက" မည်သော ဤကျမ်းသဝဏ်ကို စီရင်ရေးသား လိုက်ရပါသည်။

သီဟိုဠ်ကျွန်း၌ အချို့ပုဂ္ဂိုလ်တို့၏ သတိမေ့လျော့ခြင်း၏ အစွမ်းဖြင့်လည်း၊ မသိခြင်း၏ အစွမ်းဖြင့်လည်း၊ အလေးမပြုသည်၏ အစွမ်းအားဖြင့်လည်း လွန်ကျူးရာ ဌာနဖြစ်သည့် မကျန်းမမာမှု အကြောင်းမရှိပဲ နေမွန်းလွဲချိန်၌ ကွမ်းစားခြင်း အပြစ်ကို ညွှန်ပြခြင်း စသည်တို့နှင့် စပ်လျဉ်းသည့် သဒ္ဓါရှိ အမျိုးကောင်းသားတို့အား သတိသံဝေဂ ဖြစ်စေနိုင်သည့် ချိုမြိန်သည့် နားချမ်းသာမှုကို ဖြစ်စေနိုင်သည့် ဝိနည်းစကားဖြင့် တန်ဆာဆင်ထားပါသည်။

ဒင်္ဂီကမ္မ၊ အဒင်္ဂီကမ္မဟု ငြင်းခုံသောအရာကိုလည်း သင့်လျော်သည့် အကြောင်းကို ညွှန်ပြခြင်းဖြင့်လည်း၊ ကျမ်းဂန်၌ လာသောနည်းကို ညွှန်ပြခြင်းဖြင့်လည်း တရားတော်နှင့်အညီ ဝိနည်းတော်နှင့်အညီ ဆုံးဖြတ်ထားပါသည်။

စိတ်နှလုံးကို တိုးပွါးစေတတ်သည့် အမျိုးမျိုးသော ပဋိသန္ထာရ စကားတို့နှင့်တကွ အကြောင်းအမျိုးမျိုး ပြုထားပါသည်။

အထူးထူး အပြားပြားအားဖြင့် အရှင်မြတ်တို့ကို အထူးသဖြင့် နှစ်သက်စေ၍ အလေးအမြတ် ပြုထားပါသည်။

လင်္ကာသာသန မြန် ၁၇ - ပ - မ - သ - စ

ဂိုဏ်းအမျိုးမျိုး ဖြစ်ကြသည့် မထေရ်ကြီး မထေရ်ငယ်တို့၌ ရှိန်ခွင်ဖြင့် ချိန်သကဲ့သို့ရင်း တင်းဖြင့်ချင်သကဲ့သို့ရင်း အလွန်မျှတသည့် ချစ်ခြင်းမေတ္တာကို ဖြစ်စေ၍ ထိုမေတ္တာကိုပင် အပန်ပန် အထပ်ထပ် ပွါးများရပါသည်။

အရှင်မြတ်တို့ အချင်းချင်း စည်းလုံးညီညွတ်ခြင်းကိုရင်း သီဟိုဠ်သာသနာ စည်ပင်ပြန့်ပွါးခြင်းကိုရင်း တောင့်တလျက် ရှိပါသည်။

စင်ကြယ်သောစိတ် ကြည်လင်သောစိတ် မဝါကြွားသောစိတ် နှိမ့်ချသောစိတ် အလွန် ရိုသေလေးစားသောစိတ် ခြေသုတ်ပုဆိုးနှင့် တူသောစိတ်ရှိကြသည့် တပည့်တော်တို့ထက် အသက်သိက္ခာ ဂုဏ်ဝါကြီးကြသည့် မထေရ်ကြီးတို့၏ ခြေတော်အစုံ ကြာပဒုံတို့ကို တပည့်တော်များ၏ ဦးခေါင်း၌ တည်စေ၍ လက်အုပ်ချီမိုး ရှိခိုးလိုက်ရပါသည်။

ဆိုခဲ့ပြီးသော သိမ်တန်ဆောင်း၌ ရဟန်းခံခဲ့ကြသည့် အရှင်မြတ်တို့အားရင်း အခြားသိမ်၌ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်တို့ကို အရေအတွက်ပြည့်အောင် ပြု၍ ရဟန်းခံခဲ့ကြသည့် အရှင်မြတ်တို့အားရင်း ရဟန်းဖြစ်မဖြစ်၌ ယုံမှားသံသယ ကင်းစေခြင်းငှါရင်း ဝိနည်းကံ၌ မခိုင်မမြဲ လျော့ရဲသော အယူဝါဒ ရှိကြသည့် အရှင်မြတ်တို့အား ခိုင်မြဲသောဝိနည်းကံကို ပြုလုပ်ရာ၌ ပြုလုပ်သင့်သလော မသင့်သလောဟု သံသယကုက္ကုစ္စ အမြဲတစေ မဖြစ်စေခြင်းငှါရင်း သီဟိုဠ်ကျွန်းသား အရှင်မြတ်အားလုံးတို့အား ငြင်းခုံခြင်းဘေးမှ ကမ်းတဖက်သို့ လွန်မြောက်သွားစေခြင်း အကျိုးငှါရင်း ယခု ဤသီဟိုဠ်ကျွန်းသို့ ကြွလာကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်

ထေရ်ကြီး ထေရ်ငယ်တို့သည် ရှေ့တွင် လျှောက်ထားခဲ့သည့် နည်းအတိုင်း ကောင်းစွာ ရှေးရှုတောင်းပန်မှု ပြုကြပါကုန်၏၊ သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် မထေရ်ကြီး မထေရ်ငယ် အသွယ်သွယ်သော အရှင်ကောင်း အရှင်မြတ်တို့သည် ထိုလျှောက်ထားချက်အတိုင်း နှလုံးသွင်းတော်မူကြပါကုန်၊ ပြုကျင့်ဆောင်ရွက်တော် မူကြပါကုန်ဘုရား။

ဤသို့ အဖန်ဖန် အဘပ်ထပ် ကြိမ်ဖန်များစွာ တပည့်တော်တို့ တောင်းပန်အပ်သည့် အရှင်မြတ်တို့သည် မိမိ၏ အကျိုးငှါရင်း တပည့်တော်တို့အား သနားကြင်နာမှုကို အကြောင်းပြု၍ရင်း တပည့်တော်များ၏ လျှောက်ထားချက် အတိုင်း ပြုကျင့်၍ သံဃာအားလုံး ညီညွတ်စည်းလုံးမှု အကြောင်းကို ပြည့်စုံစေလျက် သင့်လျော်လျောက်ပတ်သော အချိန်၊ သင့်လျော်လျောက်ပတ်သောနေ့၌ သင့်လျော်သော အရပ်ရှိ တခုသော သိမ်တန်ဆောင်းတွင် ဂိုဏ်းအမျိုးမျိုး ရှိကြသည့် သီဟိုဠ်ကျွန်းသား ထေရ်ကြီး ထေရ်ငယ် အရှင်မြတ် အားလုံးတို့သည် တပေါင်းတည်း (ဝါ) တညီတညွတ်တည်း စည်းဝေးကြပြီး ယခု ဤသီဟိုဠ်ကျွန်းသို့ ကြွလာကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်တို့ ထေရ်ကြီး ထေရ်ငယ် အားလုံးတို့နှင့်အတူ တူသော ကံဆောင်ခြင်း, တူသော ပါတိမောက်ပြခြင်း ရှိကြကာ တပေါင်းတည်း သာမဂ္ဂီ ဥပုသ် ပြုကြ၍ တစုတပေါင်းတည်း ဖြစ်ကြပါဘုရား။

သီဟိုဠ် ကျွန်းသူ ကျွန်းသား ရဟန်း ရှင် လူ များအား အချိန်ကြာမြင့်စွာ အဓိကရုဏ်း တိုးပွါးခြင်းကို ဖြစ်စေလျက် အခါခပ်သိမ်း မချမ်းသာမှုကို ပြုလုပ်တတ်၍ အကျိုး

စီးပွါးမှုကို လုပ်ဆောင်တတ်သည့် မာရ်မင်းယုတ်ကို အဘက် ဘက်တွင် အောင်နိုင်ပြီး မာရ်မင်းကို အောင်နိုင်ပြီ ဟူသော ပွဲတင်သံကို သုံးကြိမ် ပွဲတင်ထပ်စေကာ အံ့ဩဘွယ် ကောင်းသည့် အောင်ပွဲသဘင် တည်းဟူသော ဓမ္မသဘင်ကြီးကို ကျင်းပ ပြုလုပ်တော် မူကြပါဘုရား။

အောင် ပွဲ သ ဘင် သို့ ကြွ ရောက် တော် မူ လာ ကြ သည့် အထက်တန်းစား သူတော်ကောင်း အားလုံးတို့ကို တခဲနက် အုတ်အုတ်ကျက်ကျက် ကောင်းချီးနှုတ်ဖော် သာဓုခေါ်သော အခြင်းအရာကို ဖြစ်စေတော်မူကြပါကုန်လော့။ ဤသို့ဖြစ်စေ တော်မူကြပါလျှင် အထက်တန်းစား သူတော်ကောင်းများ ဖြစ်ကြသည့် သီဟိုဠ်ကျွန်းသားအရှင်မြတ်များသည် သာသနာ ကြီးပွါးမှုကို လိုလားတော်မူကြပါ ကုန်၏၊ အသီးသီး ဂိုဏ်း ခေါင်းဆောင် ဂဏနာယကများ ဖြစ်ကြပါကုန်၏၊ အခါ ခပ်သိမ်း သာသန တာဝန်ကို ရွက်ဆောင်တော်မူကြပါကုန်၏၊ ရဟန်း ရှင် လူ များစွာသော လူတို့၏ ရှေ့သွား လမ်းညွှန်များ ဖြစ်တော်မူကြပါ ကုန်၏၊ ရှေး ဆရာမြတ်တို့၏ အနွယ်ကို စောင့်ရှောက်တော်မူကြပါကုန်၏၊ သီဟိုဠ်သာသနာ၏ တံခွန် သဖွယ် ဖြစ်ကြပါကုန်၏။ သီဟိုဠ်ကျွန်း၏ မှန်ကင်းနှင့် တူတော်မူကြပါကုန်၏။

"မပြောပဘွယ် အနည်းငယ်သော အပြစ် တို့၌ ဘေးဟု ရှုမြင်ကြပြီး သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကြံအားထုတ်ကြကုန်လော့"-

ဟူသော ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို ခံယူလေ့ရှိကြပါ ကုန်၏၊ ဝိနယကုက္ကုစ္စ သိက္ခာကာမ ဖြစ်တော်မူကြပါကုန်၍

များစွာသော ရဟန်းတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူကြပါကုန်၏၊ သံသရာဘေးကို ရှုမြင်လေ့ ရှိကြပါကုန်၏၊ ထို့ကြောင့် အရှင်ကောင်း အရှင်မြတ် တို့သည် အခါခပ်သိမ်း အချင်းချင်းမေတ္တာစိတ်ကို အထူးသဖြင့် ဖြန့်၍ မျက်မှောက် မျက်ကွယ် နှစ်ခုလုံး၌ တပါးသည် တပါး၏ ဂုဏ်ကျေးဇူးကို ပြောကြားလျက် အမြဲထာဝစဉ် ငြူစူခြင်း ဝန်တိုခြင်း မာန်မာနထောင်လွှားခြင်းတို့ မရှိကြကုန်ပဲ အချင်းချင်း အကျိုးစီးပွါးကို အလွန် လိုလားကြကုန်လျက် မိမိတို့၏ အတွင်းတပည့်စသည်တို့နှင့်ရင်း အလုပ်အကျွေး ဥပါသကာတို့နှင့်ရင်း အတူတကွ မကွဲမပြား တသားတည်း တပေါင်းတစည်းတည်း ဖြစ်ကြကုန်၍ တခုတည်းသော အယူရှိတော်မူကြပါကုန်လော့။

ညီညွတ်ကြ ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ အချင်းချင်း ချစ်ခင်သော အကြည့် ရှိကြကုန်လျက် နို့နှင့်ရေကဲ့သို့ တသားတည်း ဖြစ်တော်မူကြပါကုန်လော့။ ယမုနာမြစ်ရေနှင့် ဂင်္ဂါမြစ်ရေတို့ကို ရောနှောသကဲ့သို့ ရောနှောကြ ပါကုန်လော့။ အမြဲခပ်သိမ်း ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု စိတ်နှလုံးအေးမြမှု ဘေးရန်ခပ်သိမ်း ကင်းငြိမ်းမှု ရှိကြလျက် ချမ်းချမ်းသာသာ ရဟန်းတရားကို အားထုတ်ရ၍ အိမ်ရာတည်ထောင်လူ၏ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လာခြင်း၏ ရည်ရွယ်ချက်ဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်ကို အလွန်လျင်မြန်စွာ ဖြည့်ကျင့်တော်မူနိုင် ကြပါလိမ့်မည် ဘုရား။

နိဂုံး

ဤနေရာ၌ ဤတင်ပြလျှောက်ထားချက်ကား အမျိုးမျိုး အစားစား ကွဲပြားသော ဂိုဏ်းရှိကြသည့် သီဟိုဠ်ကျွန်းသား ရဟန်းတော်များအား အချင်းချင်း ညီညွတ်စေခြင်းငှါလည်းကောင်း၊ သီဟိုဠ်ကျွန်း သာသနာတော် ကောင်းစွာ ထွန်းလင်းတောက်ပခြင်း အကျိုးငှါလည်းကောင်း တပါးမက များလှကုန်သော ဝိနယ ပဋိပတ္တိကထာတို့ဖြင့်လည်းကောင်း၊ သာယာချိုမြိန်သော စကားရှိသော ပဋိသန္ထာရ ကထာတို့ဖြင့်လည်းကောင်း၊ တန်ဆာ ဆင်၍ ကျယ်ကျယ်ဝန်းဝန်း လျှောက်ထားအပ်သည့်"လင်္ကာသာသနဝိသုဒ္ဓိကထာ" (ဝါ) သီဟိုဠ်သာသနာ သန့်ရှင်းရေးကို ညွှန်ပြသော စကား ဖြစ်ပါသည်။

အကျယ်ဖြစ်သော သန္ဒေသကထာ သဝဏ်လွှာ ပြီးပြီ။

သဝဏ်လွှာအကျဉ်း

သဝဏ်လွှာအကျဉ်းကို ရေးသားရခြင်း

ဤသဝဏ်လွှာအကျဉ်းသည် အမျိုးမျိုး အစားစား ကွဲပြားသော ဂိုဏ်းရှိကြသည့် သီဟိုဠ်ကျွန်းသား ရဟန်းတော်များ အချင်းချင်း ညီညွတ်စေခြင်းငှါလည်းကောင်း သီဟိုဠ်သာသနာတော် ကောင်းစွာ ထွန်းလင်းတောက်ပစေခြင်းငှါလည်းကောင်း ယခင်က လျှောက်ထားခဲ့ပြီးသော အဓိပ္ပါယ်အားလုံးတို့ကို တဖန်ပေါင်းစု၍ ဆိုလိုရင်း အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင် ပြဆိုလျက် မှတ်သားလွယ် သိလွယ်စေခြင်းအကျိုးငှါ အကျဉ်းချုပ်အားဖြင့် ဖော်ပြထားသော "သီဟိုဠ်သာသနာ သန့်ရှင်းရေး သဝဏ်လွှာ" ဖြစ်ပါသည်။

အရှင်မြတ်တို့ဘုရား.... သီဟိုဠ်ကျွန်းသား ထေရ်ကြီးထေရ်ငယ်ဖြစ်ကြကုန်သော အရှင်မြတ်တို့သည် တပည့်တော်တို့အား ခွင့်ပြုတော်မူကြပါကုန်၊ တပည့်တော်တို့ လျှောက်ထားချက်ကို ကြားနာတော်မူကြပါကုန်၊ နှလုံးသွင်းတော်မူကြပါကုန်ဘုရား။

သိမ်ချင်းရောယှက် မရောယှက် ငြင်းခုံခြင်း

အရှင်မြတ်တို့ဘုရား....သီဟိုဠ်ကျွန်းသား အရှင်မြတ်တို့မှာ သိမ်ချင်းရောယှက်၊ မရောယှက် ဟူသော အငြင်းပွါးမှုကို အကြောင်းပြု၍ ဝိဝါဒါဓိကရုဏ်း ဖြစ်လျက်ရှိ၏၊ ကြီးစွာ

သော သာသနာ့ဘေးရန် ဖြစ်ပေါ်လာ၏။ ထိုဝိဝါဒါဓိကရုဏ်း
ကို အကြောင်းပြု၍ သီဟိုဠ်ကျွန်း၌ များစွာသော ရဟန်း
ရှင်လူတို့သည် အကွဲကွဲအပြားပြား ဖြစ်ကြကုန်၍ သက်ရဝါဒီ
အသက်ရဝါဒီတို့ဟူ၍ နှစ်အုပ်စု နှစ်ပက္ခဖြစ်ပွါးကြကုန်၏။

ဝိဝါဒဖြစ်ပုံကို အကျယ်ပြခြင်း

ဤအရာ၌ ပညာမဲ့သူ လူမိုက်အချို့တို့သည် အကြောင်း၊
ဟုတ်သည်မဟုတ်သည်ကို မသိမမြင်ကြကုန်ဘဲ ဇဟုဿုတရှိကြ
သည့် ရဟန်းတို့အရာဖြစ်သော သာသနာတော် တည်းဟူ
သော တောကြီး၌ ဝိနည်းလမ်းကြောင်းတို့ကို မိမိတို့ကိုယ်
တိုင် အလုံးစုံသော အခြင်းအရာအားဖြင့် မသိမြင်ကြကုန်
သော်လည်း ဝိနည်းလမ်းကြောင်းကို သိမြင်ကြကုန်သကဲ့သို့
ဗဟုဿုတရှိကြသည့် ရဟန်းတို့အားလည်း မေ့လျော့တွေဝေ
ခြင်းကို ပြုတတ်သည့် ဝိနည်းလမ်းကြောင်းသို့ သက်ဆင်း
စေကြကုန်၏။ ပြောသင့်သော စကား၊ မပြောသင့်သော
စကားဟု မဆင်ခြင် မစူးစမ်းကြဘဲ မိမိ သူတပါး နှစ်ဦးသား
တို့၏ အကျိုးမဲ့ကို ပြုတတ်သည့် အကျိုးစီးပွါးမဲ့နှင့် စပ်ယှဉ်
သော မပြောသင့်သည့်စကားကို ပြောဆိုကြကုန်၏။

မိမိ မိမိတို့၏ဆရာ၊ အဆွေခင်ပွန်း၊ သား၊ မြေး၊ မြစ်
စသည့် ထေရ်ကြီး ထေရ်ငယ် ထေရ်လတ် အားလုံးတို့၏ရင်း၊
သာမဏေတို့၏ရင်း၊ စကားကို တိုက်ရိုက်သော်ရင်း တဆင့်
သော်ရင်း ဟုတ်ဟုတ် မဟုတ်ဟုတ် ကောင်းစွာ မှတ်သား
လျက် မိမိဆရာစသည်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်ကြသည့်
ထိုထိုတဖက်ဂိုဏ်းသားတို့၌ သီလဝန္တ ပုဂ္ဂိုလ်များ ရှိကြစေ

ကာမူ မိမိတို့၏ စိတ်ကို အမျက်ထွက်စေ ဖြစ်မှားစေ၍ ထိုပုဂ္ဂိုလ်တို့အား အမျက်ထွက်လျက်၊ ကဲ့ရဲ့ရှုတ်ချလျက်၊ ဆဲရေးရေရွတ်လျက် နေကြကုန်၏။ ဥပမာအားဖြင့် ဆိုရသော်-အသိအလိမ္မာ ဉာဏ်ပညာကင်းသော ခွေးတို့သည် သူတော်ကောင်းတို့ကို ဖြစ်စေ၊ သူယုတ်မာတို့ကို ဖြစ်စေ၊ ရဟန်းတို့ကိုဖြစ်စေ၊ ပုဏ္ဏားတို့ကိုဖြစ်စေ ကောင်းစွာ မခွဲခြား မမှတ်သားမူ၍ မိမိအရှင်သခင်၏ အိမ်သို့ လာတိုင်းသော လူတို့ကို ဟောင်ကြသည်နှင့် တူပေသည်။

ထိုလူတို့သည် သူတို့နှင့် ဆန့်ကျင်ဘက်ဂိုဏ်းသား ဖြစ်ကြသည့် သီလဝန္တ သူတော်ကောင်းပုဂ္ဂိုလ်တို့၏ သာယာနာပျော်ဘွယ် ဆန်းကြယ်သော တရားကိုပင်သော်လည်း နာကြားခြင်းငှါ မလိုလားကြကုန်၊ ကြားနာထိုက်သော တရားဟုလည်း မထင်မှတ်ကြကုန်၊ ဥပမာအားဖြင့်-မိုက်မဲလှသည့် ခွေးကလေးတို့သည် လူမိန်းမတို့၏ နို့ကိုပင်သော်လည်း သောက်အပ်၏ဟု မထင်မှတ်ကြကုန်သကဲ့သို့ဖြစ်သည်။

တခါတရံ တစုံတခုသောအရပ်၌ ထိုဆန့်ကျင်ဘက်ဂိုဏ်းသားတို့၏ တရားကို တိုက်ရိုက်နာကြားရ တဆင့်နာကြားရကုန်သော်လည်း ထိုတရားကို မယုံကြည်ကြကုန်၊ ကြည်ညိုသောစိတ်ကို မတိုးပွါးကြစေကုန်၊ ဥပမာ-ကျွဲနွားတို့သည် လူတို့ တိုက်ကျွေးအပ်သော စတုမဓု အဖျော်ကိုပင်သော်လည်း သောက်၍ မိမိခန္ဓာကိုယ်ကို မပြည့်ဖြိုးစေကြကုန်သကဲ့သို့ ဖြစ်သည်။

တခါတရံ တစုံတခုသောအရပ်၌ ထိုသို့သဘောရှိသည့် သီလဝန္တ အထက်တန်းစား သူတော်ကောင်းပုဂ္ဂိုလ်တို့ကိုပင်

သော်လည်း ဖူးမြင်ခြင်းငှါ အလိုမရှိကြကုန်၊ ဖူးမြင်ကြရသော်ငြားလည်း မကြည်ညိုကြကုန်၊ ဥပမာ–သာသနာတော်မှ ပြင်ပဖြစ်ကြသည့် တိတ္ထိတို့သည် ဘုရားသားတော်ရဟန်းတော်မြတ်တို့ကို မတွေ့မြင်လိုကြ၊ တွေ့မြင်ရသော်လည်း မကြည်ညိုနိုင်ကြသကဲ့သို့တည်း။

တခါတရံ တစုံတခုသောအရပ်၌ ထိုသို့သဘောရှိသည့် မိမိ မိမိတို့၏ဆရာ စသည်တို့နှင့် ဆန့်ကျင်ဘက် (ဂိုဏ်းသား) ဖြစ်ကြသည့် သီလဝန္တ အထက်တန်းစား သူတော်ကောင်းပုဂ္ဂိုလ်တို့ကိုပင်သော်လည်း "အောက်တန်းစား သူယုတ်မာဒုဿီလ"ဟု မှတ်ဆင်ယူဆကြကုန်၏၊ ယုတ်နိမ့်သောအဆင့်အတန်းအားဖြင့်သာ တွေးခေါ်ယူဆကြကုန်၏၊ဤသို့ဒုဿီလဟု မှတ်ယူပြီး–ယုတ်နိမ့်သော အဆင့်အတန်းအားဖြင့် တွေးခေါ် ယူဆကာ ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့ကို ဆဲရေးခြင်းငှါလည်း လိုလားကြကုန်၏။ ဥပမာအားဖြင့် ဆိုသော် မိုက်မဲသည့်အရွယ် ကလေးငယ်တို့သည် မိမိ မိခင် ဘခင် တို့နှင့် ရန်သူဖြစ်ကြသည့်လူတို့ကို တွေ့မြင်ရသော် ရန်ငြိုးဖွဲ့၍ ဆဲ ရေးခြင်းငှါ အလိုရှိကြသည်နှင့် တူကြကုန်၏။

တခါတရံ တစုံတခုသောအရပ်၌ သီလဝန္တ ဖြစ်ကြသည့် အထက်တန်းစား သူတော်ကောင်း ပုဂ္ဂိုလ်တို့၏ အပြစ်ကြီးအပြစ်ငယ်ကို ဟုတ်မှန်သည်ဖြစ်စေ၊ မဟုတ်မှန်သည်ဖြစ်စေ ကောင်းစွာမှတ်သား၍ ဆိုထိုအရပ်ဒေသ၌ ထင်ရှားအောင် အုတ်အုတ်ကျက်ကျက်ဖြစ်အောင် ပြုကြကုန်၏။ ထိုသူတော်ကောင်း ပုဂ္ဂိုလ်တို့ အကျိုးစီးပွါးမဲ့အောင်၊ လာဘ်မရအောင်၊ မခနိုင်အောင် ကြိုးစားအားထုတ်ကြ၏။ မိမိ မိမိတို့၏ဆရာ

တို့အထံ၌ ထိုတဘက်ဂိုဏ်းသား အထက်တန်းစား သူတော်ကောင်း ပုဂ္ဂိုလ်တို့၏ မှန်၊ မမှန်သော အပြစ်ကိုလည်း ရံခါပြောကြားကြကုန်၏။ ရဟန်း တို့ကို အခြား ရဟန်း တို့နှင့် ကွဲပြားအောင် ချောပစ်ကုန်းတိုက်ကြကုန်၏။

ထိုသို့ သဘောရှိကြသည့် နှစ်ဘက်ရ လူမိုက် တို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ အယူဝါဒကွဲပြားခြင်း ရှိကြသည့် မိမိ မိမိတို့၏ ဆရာ အစရှိသော သာသနာဝန်ထမ်း ရဟန်းတို့ကို အကြောင်းပြု၍ မိမိ မိမိတို့၏ ကိုးကွယ်ရာ အစစ် ဖြစ်သည့် ကုသိုလ်တို့ကို များစွာ ဆုတ်ယုတ်စေကြကုန်၏။ မိမိ မိမိတို့၏ ကိုးကွယ်ရာအစစ် မဟုတ်သည့် မကောင်းမှု အကုသိုလ်တို့သာ များစွာတိုးပွါးစေကြကုန်၏။ (ထိုသူတို့သည်)ဤဘဝမှ စုတေသေလွန်ကြကုန်သည် ရှိသော် အပါယ်လေးပါးတို့၌ ဖရိုဖရဲ ကျရောက်ကြကုန်သည် ဖြစ်၍ သိဟိုဠ်ကျွန်း သာသနာကိုအမှီပြု၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရှေးကလည်း ရောက်ဘူးကြကုန်ပြီ၊ ယခုလည်း ရောက်ကြဆဲ၊ နောင်လည်း ရောက်ပေလိမ့်ဦးမည်။

ဥပမာအားဖြင့် ဆိုသော် လူများစွာ စည်ကားသောရွာတွင် မီးလောင်သည့်အခါ မီးဘေးအဝိုင်းခံနေရသည့် မျက်မြင် လူကန်းတို့သည် မီးဘေးကိုကြောက်ရွံ့ထိတ်လန့်ကြကုန်သော်လည်း မိမိတို့ ပြေးထွက်ရမည့်လမ်းကို မမြင်ကြကုန် မသိကြကုန်၍ လမ်းမဟုတ် ခရီးမဟုတ်ဘဲ ပြေးမိကြကုန်၏၊ မီးလောင်ရာဌာနသို့ သက်ဆင်းမိကြကာ မီးပုံကြီးကိုနင်းမိကြကုန်၏၊ မီးဘေးကင်းရာဌာနသို့ ပြေး၍ ချဉ်းကပ်ခြင်းငှါ မစွမ်းနိုင်ကြကုန် မရဲဝံ့ကြကုန်သောကြောင့် မီးလောင်ခံကြ

ရ၍ မီးဘေးဖြင့် အနှိပ်စက်ခံကြရကုန်၏။ မီးပုံကြီးအတွင်း၌ အမျိုးမျိုး မြည်တမ်းငိုကြွေးကြကုန်လျက် သေဆုံးကြရကုန်သည်နှင့် တူပေသည်။

အချို့သော ရဟန်း,ရှင်,လူ တို့သည် တပါးမက များလှကုန်သော တဘက်ဂိုဏ်းသားတို့ထံမှ မကောင်းသဖြင့် ရောက်လာသော မကောင်းသဖြင့် ဆိုအပ်သော စကားကိုရင်း၊ ဆဲရေးသောစကားကိုရင်း အကြိမ်ကြိမ် အဖန်ဖန် တိုက်ရိုက်ဖြစ်စေ၊ တဆင့်ဖြစ်စေ ကြားရသောကြောင့် စိတ်ဆိုးအမျက်ထွက် စိတ်မကောင်းဖြစ်ကာ ဒေါမနဿ ဝေဒနာကို ခံစားကြရကုန်၏၊ ထိုကြောင့် ငြင်းခုံခိုက်ရန်ဖြစ်ခြင်း ဘေးရန်၏ ကြီးမားသော အပြစ်ကို သိမြင်ကြပြီး ထိုခိုက်ရန် ငြင်းခုံမှုဘေးကို ငြီးငွေ့စက်ဆုပ်၍ ထိုခိုက်ရန်ငြင်းခုံမှုဘေးမှ အခါခပ်သိမ်းပင် လွတ်မြောက်လိုကြကုန်၏၊ ယင်းသို့ လွတ်မြောက်လိုကုန်ငြားသော်လည်း ငြင်းခုံခြင်း ဘေးရန်ငြိမ်းအေးမှု၏ အကြောင်း ဟုတ်သည် မဟုတ်သည်ကို မသိမြင်ကြကုန်သောကြောင့် ငြင်းခုံမှု ဘေးရန် တိုးပွါးလာရန် အကြောင်းစစ် ဖြစ်သည့် မပြောသင့်သည့် စကားမျိုးကိုသာ ပြောမိဆိုမိကြကုန်၏။

စကားများခြင်း၊ အငြင်းပွါးခြင်း၊ ဝါဒကွဲပြားခြင်းတို့ကို ပြုကြကုန်၍ ဝိဝါဒါဓိကရုဏ်း၏ အဆုံးအပိုင်းအခြား မထင်သော အကျယ်အကျယ် မငြိမ်းဘွယ်စကားကို အကြိမ်ကြိမ် ပြောဆိုကြ၍ နှစ်ဘက်အုပ်စုရှိ ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးနှင့် ဆက်စပ်သော အကျိုးစီးပွါးမဲ့ကို ပြုတတ်သည့်စကားတို့ကို

ရံခါရံခါ ပြောကြဆိုကြပြီး ထိုဝိဝါဒါဓိကရုဏ်းကို တိုးပွါးစေကြကုန်၏။

ဥပမာအားဖြင့် ယခင်ဆိုအပ်ခဲ့ပြီးသော လူများစည်ကားသည့် ရွာကြီးကို မီးလောင်သည့်အခါ အလွန်မိုက်မဲလှသည့် လူငယ်အချို့တို့သည် မီးဘေးကို ငြိမ်းအေးစေခြင်းငှါ လုံ့လကြိုးကုတ် အားထုတ်ကြသော်လည်း ထိုမီးဘေးကို ပို၍တိုးပွါးအောင် အားထုတ်သကဲ့သို လုံ့လပြုသကဲ့သို့ ဖြစ်ကြကုန်၏။ မီးလောင်နေသော အိမ်၏လေတင်ဖြစ်သည့် ထိုထိုအရပ်၌ ရပ်ကြကုန်လျက် အမှိုက်ပုံဖြင့် ဖုံးလွှမ်းကြ၊ ဖုံးအုပ်ကြ၍ ထိုအမှိုက်တို့ကို လေလွင့်ခါ၍ ထိုမီးကို ကြီးပွါးစေကြကုန်သည်နှင့် တူ၏။

ပညာမဲ့မသူတော် ပုဂ္ဂိုလ်အချို့တို့သည် ခိုက်ရန်ငြင်းခုံခြင်းဘေးရန်၏ငြိမ်းမှု၊ မငြိမ်းမှုကို နှလုံးမပြု ဂရုမစိုက်ကြဘဲ မိမိတို့သည် တဖက်အုပ်စုက ပုဂ္ဂိုလ်တို့ကို နိုင်သောနည်း လွှမ်းမိုးနှိပ်စက်နိုင်သော နည်းတို့ဖြင့် ကြိုးစား အားထုတ်ကြကုန်လျက် မပြောသင့်သော စကားကို ပြောဆိုကြကုန်၏။ မကြံစည်သင့်သော အရာကို ကြံစည် ကြကုန်၏။ မိမိ မိမိ တို့၏ သံဃာ ဘခင်ဖြစ်ကြသည့် ပညာရှိ နာယကမထေရ်ကြီးတို့၏ စကားကို မလိုက်နာကြမူ၍ မိမိတို့၏ ဒေါသစရိုက်အားလျော်စွာ ပြောချင်သလို ပြောဆိုကြကုန်၏၊ စကားများခြင်း၊ ငြင်းခုံခြင်းတို့ကို ပြုကြကုန်လျက် ထိုအဓိကရုဏ်းကိုပင် ကြီးထွားစေကြကုန်သည်နှင့် တူ၏။

အရှည်ကိုမြင်လေ့ မရှိကြသည့် ပညာမဲ့ မသူတော်အချို့တို့သည် ရှေ့အစွန်း နောက်အစွန်းကို မစူးစမ်း မဆင်ခြင်ဘဲ

ငြင်းခုံခြင်းဘေးရန်ကို ငြိမ်းအေးမှုကိုလည်း မလိုလားကြမူ၍ စကားများခြင်း၊ ငြင်းခုံခြင်း၊ ဝါဒကွဲပြားခြင်းတို့ကို တမင် သက်သက်ပြုကြကုန်၏၊ သံဃာ၌ အဓိကရုဏ်း ဖြစ်အောင်ဖန် တီးကြ၍ နှစ်ဘက် အုပ်စုတို့အား ကုန်းချောစကားကို ပွဲ ဆောင်ကြကုန်၏။ ခိုက်ရန်မှု၊ ငြင်းခုံမှု၊ ဝါဒကွဲပြားမှုများဖြစ် ၍ အချင်းချင်း နှုတ်လုံထိုးနေကြသည့် နှစ်ဘက်ဂိုဏ်းသား အခြားပုဂ္ဂိုလ်တို့ကို တွေ့ရသည့်အခါ အလွန်ဝမ်းမြောက်ရွှင် လန်းပြီး၊ ထိုပုဂ္ဂိုလ်တို့အား ရန်ပွါးစေလျက် ထိုအဓိကရုဏ်းကို တိုးပွါးစေကြကုန်၏။

ဥပမာအားဖြင့်ဆိုသော် ယခင်ဆိုအပ်ခဲ့ပြီးသော ရွာ၌မီး လောင်သည့်အခါ ရွာတွင်း၌ အတည်တကျ အမြဲနေထိုင် လေ့မရှိကြသည့် အိုးမဲ့အိမ်မဲ့ ဆင်းရဲသား ငမိုက်ကန်း သေ သောက်ကြူးများသည် ဟိုမှသည်မှ ရောက်လာကြပြီး မီး ဘေးကြောင့် ထွက်ပြေး လာကြသည့် ဥစ္စာများစွာရှိသူ အခြားလူတို့၏ ဥစ္စာကို လုယက်၍ယူကြ၏။ အရက်သေစာ သောက်စား၍ ပျော်ပျော်ပါးပါး စကားပြောလျက် ထိုမီး ဘေး မငြိမ်းအောင် အားထုတ်နေကြသည်နှင့် တူပေသည်။

အချို့ပုဂ္ဂိုလ်တို့သည် မပြည့်သောသီလရှိကြ၏။ ယုံမှား တွေးတောသည့် အကျင့်ရှိကုန်၏။ မကောင်းမှုကို ဖုံးလွှမ်း တတ်ကြ၏။ (ထိုပုဂ္ဂိုလ်တို့သည်) မိမိ၏ ယုတ်မာသော အကျင့်ဖြစ်သည့် မကောင်းမှုကို ဖုံးလွှမ်းခြင်းငှါ မိမိကို တပါး သူတို့ မစွပ်စွဲ စေနိုင်ခြင်းငှါ တခါတရံမျှပင် သံဃာညီညွတ် ရေးကို မလိုလားကြကုန်၊ ထို့ကြောင့် အဓိကရုဏ်းတင်းမာ လာကြောင်း ကြမ်းတမ်း လာကြောင်း နည်းကိုသာလျှင်

စွမ်းအားရှိသလောက် အားထုတ်ကြလျက် ထိုအဓိကရျဏ်းကို ပင် တိုးပွါးစေကြကုန်၏။

ဥပမာအားဖြင့် ယခင်ဆိုအပ်ခဲ့ပြီးသော ရွာ၌ မီးလောင် သည့်အခါ ထိုထိုအိမ်၌ နံရံဖောက်ထွင်း လုယက်ခြင်းကို ပြု တတ်ကုန်သော ညဥ့်သူခိုးတို့သည် မိမိတို့ခိုးမှု မပေါ်အောင် ထိုမီးဘေး ကြီးထွားစေရန် လိုလားကြ အားထုတ်ကြသည်နှင့် တူပေသည်။

ကွဲပြားသော အယူဝါဒ ရှိကြကုန်သည့် ပုဂ္ဂိုလ်အချို့တို့ သည် ပြင်ပမှ ရပ်တည်ကုန်လျက် ခိုက်ရန်ငြင်းခုံ ဖြစ်ပွါးနေ ကြသည့် ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးမဲ့ကို လိုလားကြကုန် လျက် ထိုနှစ်ဘက်အုပ်စုတို့၏ အဓိကရျဏ်းမငြိမ်းအောင် နည်း အမျိုးမျိုးတို့ကို ကြိုးစားအားထုတ်ကြကုန်၏။ အချင်းချင်း ကုန်းချောစကားကိုလည်း ဆောင်ယူ၍ ဤဘက်မှ ကြားရ သော စကားကို ထိုဘက်သို့၊ထိုဘက်မှ ကြားရသော စကားကို ဤဘက်သို့ ပြောကြားကြကုန်လျက် နှစ်ဘက်အုပ်စုဝင် ပုဂ္ဂိုလ် တို့၏ အကျိုးစီးပွါးမဲ့ကို အားထုတ်ကြ၍ အဓိကရျဏ်းကို ကြီး ထွားစေကြကုန်၏။

ဥပမာအားဖြင့် ယခင်ဆိုအပ်ခဲ့ပြီးသော ရွာ၌ မီးလောင် သည့်အခါ ကျီးငှက်တို့သည်၎င်း၊စွန်တို့သည်၎င်း၊ ကောင်းကင် ခရီးဖြင့် ပျံလာကြကုန်၍ ငမ်းငမ်းမြောက်မြောက်သော ထိုမှဤမှ ပျံ သန်းကြလျက် မီးဘေးကြောင့် ပြေးလာကြကုန်သော ဖွတ် ကြွက်စသည်တို့ကို စားရန် ကြိုးစားကြသည်နှင့် တူပေသည်။ တနည်းအားဖြင့် မိန်းမကြူး ကြွေအန်ကြူး သေသောက်ကြူး အခြားရှာသားတို့သည် သူတပါးတို့၏ ပစ္စည်းဥစ္စာကို လိုချင်

ကြကုန်ရကား ပတ်ဝန်းကျင် ထိုထိုဤဤမှ ရောက်လာကြ ကုန်လျက် မီးဘေးကို ကြောက်ကြသဖြင့် ထိုမှဤမှ ပြေးလာ ကြသည့် ထိုမီးလောင်ခံရသည့် ရွာသူရွာသားတို့၏ ပစ္စည်း ဉစ္စာကို လုယူရန် အားထုတ်ကြကုန်၏။ မီးဘေးဖြင့် မပျက် စီးသေးသည့် အိမ်တို့ကိုလည်း မီးဖြင့် လောင်ကျွမ်းစေပြီး ထိုမီးကို ကြီးပွါးစေကြသည်နှင့် တူပေသည်။

ဤသာသနာတော်မှ ပြင်ပဖြစ်ကြသည့် ဗုဒ္ဓအယူဝါဒ မရှိကြကုန်သော ပုဂ္ဂိုလ်အချို့တို့သည် ဗုဒ္ဓအယူဝါဒရှိကြသည့် ဘုရားရှင်၏ တပည့်သား သာဝက သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းများ၏ရင်း ဥပါသကာတို့၏ရင်း အကျိုးစီးပွါးမဲ့ကို လိုလားကြပြီး ဗုဒ္ဓအယူဝါဒ၏ အကြင်းမဲ့ ကွယ်ပျောက်သွားခြင်း၊ ပျက်စီးသွားခြင်းကို လိုလားတောင့် တကြ၍ ဤဗုဒ္ဓအယူဝါဒ အကြွင်းမဲ့ ပျက်စီးသွားမည့် နည်း ကိုသာ ကြံစည်ကြ အားထုတ်ကြကုန်၏။ ဗုဒ္ဓအယူဝါဒ ရှိကြ သည့် နှစ်ဘက်ဂိုဏ်းသားတို့ အချင်းချင်း အထူးဆန့်ကျင်ကြ မည့် အမှုကိုသာ ပြုလုပ်ကြ၏၊ စကားကိုသာ ပြောဆိုကြ၏၊ အစွမ်းသတ္တိ ရှိသမျှ ထိုအဓိကရဏ်းကို တိုးပွါးစေကြကုန်၏။

ဥပမာအားဖြင့် ယခင်ဆိုခဲ့ပြီးသော ရွာ၌ မီးလောင် သည့်အခါ တောအုပ်ကြီးထဲ၌ ဂိုဏ်းဖွဲ့၍ နေကြကုန်သည့် ငါးရာတဖွဲ့ တထောင်တဖွဲ့ ရှိကြသည့် သူခိုးကြီးတို့သည် ရောက်လာကြကုန်လျက် မီးလောင်နေသော ရွာကို ပတ်ပတ် လည်ဝိုင်းရံကြ၍ မီးဘေးကြောင့် ထိုမှဤမှ ထွက်ပြေးလာ ကြသည့် လူတို့၏ ပစ္စည်းဉစ္စာကို လုယူကြရန်ရင်း မီးဘေး မငြိမ်းအေးစေရန်ရင်း အားထုတ်ကြသည်နှင့် တူပေသည်။

အချို့ပုဂ္ဂိုလ်တို့သည် ပြကတေ့သဘော အားဖြင့် သူတော်ကောင်း ယောကျ်ားမြတ်တို့ ဖြစ်ကုန်သော်လည်း ကြာမြင့်စွာ ဖြစ်ပေါ်နေသော ငြင်းခုံမှုဘေးကို အမှီပြု၍ အချို့ သူတော်မဟုတ် ယောကျ်ားယုတ်တို့ ယူဆောင်လာသည့် ကုန်းချောစကားကို ထပ်တလဲလဲ ကြားရသည်ရှိသော် ကြာရှည်လေးမြင့် သည်းခံခြင်းငှါ မတတ်နိုင်ကြကုန်၍ တဘက်ဂိုဏ်းသား သူတော်ကောင်း သီတင်းသုံးဘော်များ၌ စိတ်ပျက်လာကြကုန်၏၊ စိတ်ခုလာကြကုန်၏၊ အမျက်ထွက်လာကြကုန်၏၊ ရန်ငြိုးဖွဲ့လာကြကုန်၏။ မကောင်းသဖြင့် ဆိုလာပြောလာကြသည့် အလွန်မိုက်လှသည့် လူစသည်တို့၏ စကားကို အကြိမ်ကြိမ်အဖန်ဖန် ကြားရ၍ စိတ်ဆိုး အမျက်ထွက်ကာ စိတ်နှလုံးမသာယာဖြစ်ကြ၍ ဒေါမနဿ ဝေဒနာကို ခံစားကြရကုန်၏၊ မိမိ မိမိတို့၏ သည်းခံမှု၊ သိမ်မွေ့မှုစသော သူတော်ကောင်းဂုဏ်တို့ကို စွန့်လွှတ်၍ သည်းမခံမှု၊ ကြမ်းတမ်းမှု စသော မသူတော်တို့၏ ဂုဏ်ကို ထင်ပေါ်စေလျက် မိမိတို့က တဘက်အုပ်စုအပေါ် အောင်နိုင် လွှမ်းမိုးနိုင်သော အကြောင်းတို့ကိုသာ ရှာဖွေကြကုန်၏၊ ပြောဆိုကြကုန်၏၊ ငြင်းခုံခြင်းဘေးရန် အေးငြိမ်းသွားအောင် အားမထုတ်ကြပဲ ထိုအဓိကရဏ်းကိုသာ ကြီးထွားစေကြကုန်၏။

ဥပမာအားဖြင့် ယခင်ဆိုအပ်ခဲ့ပြီးသော ရွာ၌ မီးလောင်သည့်အခါ ရွာ၌ အကြီးအကဲဖြစ်ကြကုန်သည့် ရွာသားအချို့တို့သည် ပညာရှိဟု အခေါ်ခံနေကြရသော်လည်း မီးဘေးငြိမ်းအေးရန်အကြောင်းကို အချင်းချင်း တိုင်ပင်၍ ကြိုးစားနေကြစဉ်ပင် အချင်းချင်း သဘောကွဲလွဲဆန့်ကျင်ဘက်များ

ဖြစ်သွားကြပြီး(တဘက်နှင့်တဘက်)အမျက်ဒေါသထွက်ကြ၊ ရန်ငြိုးဖွဲ့ကြကုန်၍ မီးဘေး ငြိမ်းအေးရန် အားမထုတ်ကြတော့ဘဲ အချင်းချင်း နှိပ်စက်ခြင်းငှါလည်းကောင်း၊ မိမိအား ဟောင်သောခွေးတို့ကို ရိုက်နှက်ခြင်းငှါလည်း အားထုတ်ကြကုန်၏။ မီးဘေးငြိမ်းအေးကြောင်းကိုမူ အကြွင်းမဲ့ မကြံစည် မစဉ်းစားတော့ဘဲ ကြောင့်ကြဗျာပါရမဲ့နေခြင်းအားဖြင့် ထိုမီးဘေးကို တိုးပွါးစေကြသည်နှင့် တူပေသည်။

အချို့သော ပုဂ္ဂိုလ်တို့သည် ခန္တီ၊ သောရစ္စ စသော ဂုဏ်နှင့် အသူးသဖြင့် ပြည့်စုံကြ၏၊ မိမိသူတပါး အကျိုးစီးပွါး နှစ်ပါးလုံးကို ပြုကျင့်လေ့ရှိကုန်၏၊ ထူးကဲသောပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်များဖြစ်ကြ၏၊ အချင်းချင်း အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း စသော အကုသိုလ်မှု အမျိုးမျိုးတို့ကို အလွန်တိုးပွါးစေ၍ နေထိုင်ကြသည့် နှစ်ဘက်အုပ်စုဝင် ပုဂ္ဂိုလ်အားလုံးတို့အတွက် စိုးရိမ်ပူပန်တတ်ကြကုန်၏။ မကောင်းကောားကို ဆိုတတ်ကြသည့်စကားများခြင်း၊ ငြင်းခုံခြင်းကို ပြုတတ်ကြသည့် နှစ်ဘက်အုပ်စုတို့က မိမိအပေါ် တင်လာသည့် သည်းခံနိုင်ခဲသောအပြစ်ကိုသော်လည်း သည်းခံလေ့ရှိကြ၏၊ အရေးအတွက် မပြုကြကုန်၊ ဥပမာအားဖြင့် စန္ဒကူးသည် မိမိကို ကျောက်ပြားပြင်၌ ပွတ်တိုက်သော်လည်း (ဝါ) သွေးသော်လည်း မိမိမကုန်သမျှကာလပတ်လုံး မိမိ အမွှေးနံ့ဖြင့် လူအပေါင်းကို နှစ်သက်စေသကဲ့သို့ ထို့အတူ မိမိအား အမျက်ထွက် ဆဲရေးညှဉ်းဆဲသည့် တပါးပုဂ္ဂိုလ်တို့ကိုလည်း မိမိ၏ခန္တီ၊ မေတ္တာ၊ ကရုဏာစသော သူတော်ကောင်း ဂုဏ်တို့ဖြင့် နှစ်သိမ့်စေ နှလုံးမွေ့လျော်စေ၍ ထိုပုဂ္ဂိုလ်တို့

အား တရားဟောကြား ဆုံးမသြဝါဒပေးလေ့ရှိ၏၊ ငြင်းခုံမှု ဘေးရန်ငြိမ်းအေးခြင်း၏အကြောင်း ဟုတ်သည်မဟုတ်သည် ကို ပြောကြား၍ အခါခပ်သိမ်း ထိုငြင်းခုံခြင်းဘေး ငြိမ်း အေးစေရန် အားထုတ်ကြသော်လည်း ထိုငြင်းခုံခြင်းဘေး ရန်ကို ငြိမ်းအေးစေခြင်းငှါ မတတ်နိုင်ကြကုန်။

ဥပမာအားဖြင့်ဆိုသော် ယခင် ဆိုအပ်ခဲ့ပြီးသော ရွာ၌ မီးလောင်သည့်အခါ၌ မီးဘေး ကြီးထွားလာစေရန် လှုံ့လ ကြိုးကုတ် အားထုတ်နေကြသည့် များလှစွာသော သေ သောက်ကြူး စသည်တို့၏ အလယ်၌ မီးဘေးကို ငြိမ်းအေး စေလိုကြသည့် အနည်းငယ်သော လူတို့သည် ရေပြည့်အိုး တလုံးနှစ်လုံးမျှဖြင့် ထိုမီးဘေးကို ငြိမ်းအေးစေခြင်းငှါ မစွမ်း နိုင်ကြသည်နှင့် တူပေသည်။

ခဲယဉ်းစွာ ငြိမ်းအေးစေအပ်သည့် အဓိကရုဏ်း

အရှင်မြတ်တို့ဘုရား.... ထိုသို့ဖြစ်သောကြောင့် သီဟိုဠ် ကျွန်းသား အရှင်မြတ်တို့၏ အလွန်ကြာမြင့်စွာ ဖြစ်ပေါ်လျက် ရှိသည့် ငြင်းခုံခြင်းဘေး ငြိမ်းအေးအောင် အားထုတ်ရန်မှာ အလွန်ခဲယဉ်းလှပါသည်။ ဥပမာအားဖြင့် အလွန်ကြာမြင့် စွာ ခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသည့် တကိုယ်လုံး ပြန့်ပွါး၍ ဝရိဖရဲ ပေါက်ကွဲပျက်စီးနေသည့် အညစ်အကြေးတို့ဖြင့် ပြည့်သော အိုင်းအမာကြီးကို ပျောက်ကင်း ငြိမ်းအေးရန် သာမန်ဆေးဝါးဖြင့် ကုစားရန်မှာ အလွန်ခဲယဉ်းသည်နှင့် တူပါသည်။

ကျွန်ုပ်တို့၏ ကြီးမားသည့် ကြိုးပမ်းချက်

အရှင်မြတ်တို့ဘုရား....ယခုအခါ ဤသီဟိုဠ်ကျွန်းသို့ ကြွလာကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များသည် အစိတ်ခိတ်အမွှာမွှာ ကွဲပြားသော ဂိုဏ်းရှိကြသည့် သီဟိုဠ်ကျွန်းသား အရှင်မြတ်တို့ အချင်းချင်း မကွဲမပြား ညီညွတ်သွားစေခြင်းငှါရင်း, မေတ္တာဖြင့် အစေ့အစပ်ပြုခြင်းငှါရင်း၊ ဤသီဟိုဠ်ကျွန်းသို့ ရောက်ချိန်မှစ၍ ယနေ့ထိ ကြိုးစားအားထုတ်၍ နေကြပါကုန်၏။ မှန်ပါသည်၊ မိမိထံသို့ ရောက်လာကြသည့် ရဟန်းရှင်လူ ပရိသတ်တို့အား ထိုသူတို့နှင့် လျော်သည့်တရားကို ဟောကြားဆုံးမ၍ နှိမ်ချသင့်သောအခါ နှိမ်ချ၍ ချီးမြှောက်သင့်သောအခါ ချီးမြှောက်ပါသည်၊ သံဝေဂဖြစ်သင့်သောနေရာ၌ သံဝေဂဖြစ်စေပြီး ဝမ်းမြောက်သင့်သောအချိန်၌ ဝမ်းမြောက်စေ၍ သံဃာ၏ ကောင်းခြင်း ချမ်းသာခြင်း ညီညွတ်ခြင်းငှါ အကြောင်းဟုတ်မဟုတ် အားလုံးကို ပြောကြားကာ အရှင်မြတ်တို့၏ တာဝန်ကို တပည့်တော်တို့၏ တာဝန်ကဲ့သို့ သဘောထား၍ ကြိုးစား၍ နေကြပါကုန်၏။

ဘုရားတပည့်တော်တို့သည် ဤသီဟိုဠ်ကျွန်းသို့ ရောက်လာသော အခါမှသာ အစိတ်စိတ် အမွှာမွှာ ကွဲပြားနေကြသည့် သီဟိုဠ်ကျွန်းသား အရှင်မြတ်တို့ မကွဲမပြား ညီညွတ်သွားစေခြင်းငှါ လုံ့လကြိုးကုတ် အားထုတ်ကြသည် မဟုတ်ပါ။ စင်စစ်အားဖြင့် ဇမ္ဗူဒိပ်ကျွန်း ရတနာပုံနေပြည်တော်၌ သိတင်းသုံးသည့် ရှေးအခါကပင် အကြိမ်ကြိမ် အပန်ပန်ကြိုးစားခဲ့ကြဘူးပါပြီ။အရှင်ဘုရားတို့၏အကြောင်း

ကြောင့် မင်းနန်းတော်သို့ဝင်၍ မင်းကြီးထံကြွပြီး အရှင်ဘုရားတို့၏ သီဟိုဠ်ကျွန်း သာသနာရေးကိစ္စကို မင်းကြီးနှင့် အကြိမ်ကြိမ် တိုင်ပင်ခဲ့ဘူးကြပေပြီ။

အစိတ်စိတ်အမွှာမွှာ ကွဲပြားနေကြသည့် အရှင်ဘုရားတို့ မကွဲမပြား ညီညွတ်သွားစေခြင်းငှါ စကားမျှဖြင့်သာလျှင် ဘုရင်မင်းမြတ်နှင့် တိုင်ပင်ခဲ့ကြသည်မဟုတ်သေးပါ၊ အမှန်စင်စစ်အားဖြင့် အရှင်ဘုရားတို့ အလေးဂရုပြုခြင်းငှါ အမျိုးမျိုး အစားစား များပြားလှသည့် ဝိနည်းကျမ်းဂန်ကို ထက်အောက် ပြောင်းပြန် အကြိမ်ကြိမ်အဖန်ဖန် ကြည့်၍စုံစမ်းဆင်ခြင်ပြီး ဗဟုဿုတပညာဝန္တဖြစ်တော်မူကြသော ရာဇဂုရုတံဆိပ်များကို ရရှိတော်မူကုန်သော အဂ္ဂမဟာလက်ာရစသည့် အခြားမထေရ်ကြီးများနှင့် အထပ်ထပ်အခါခါ တိုင်ပင်၍ “သီမာသင်္ကရဝိနိစ္ဆယ” မည်သော မေတ္တာစာကျမ်းကို စီရင်ရေးသားခဲ့ပါသည်။ (ယုံစဉ်အခါက) ယခုကဲ့သို့ပင် မိမိခန္ဓာကိုယ်၏ ထာဝစဉ် နာကျင်မှု၊ မကျန်းမာမှုကို မရေတွက်မူ၍ အရှင်ဘုရားတို့အကြောင်းကြောင့် မင်းနန်းတော်သို့ အကြိမ်ကြိမ်ဝင်ပြီး မင်းကြီးအား ပြောကြားကာ တိုင်ပင်နှီးနှောခဲ့၍ ပူပူနွေးနွေးဖြစ်သည့် ဤ“သီမာသင်္ကရဝိနိစ္ဆယ” ကျမ်းကို ပုံနှိပ်စက်ဖြင့် ပုံနှိပ်စေခြင်းငှါ ကြိုးစားအားထုတ်ခဲ့ရပါသည်။ ထိုမင်းနန်းတော်၌ နေ့ရောညပါ လခွဲမျှသီတင်းသုံး၍ အက္ခရာအပြစ်၊ ပုဒ်ပြစ်၊ ဝါကျပြစ်၊ အရေးအသား အပြစ်၊ ပုံနှိပ်ပြစ်တို့ကို ထပ်တလဲလဲ ကိုယ်တိုင် သုတ်သင်ပြုပြင်၍ ကျမ်းစာအုပ်အရေအတွက်များစွာတို့ကို ပုံနှိပ်စေရပါသည်။ (ထိုစာအုပ်များကို) သီဟိုဠ်ကျွန်း

သား ပဓာနမထေရ်များဖြစ်ကြသည့် အရှင်မြတ်တို့အား အသီးသီး ပေးလှူခဲ့ပါသည်။

ထို့ပြင်လည်း များပြားလှသည့် သံဝေဂဖြစ်ဖွယ်ရာတရားစကားတို့ဖြင့်လည်း အကြောင်းအမျိုးမျိုး ပြောကြား ချီးမြှောက်၍ အစိတ်စိတ် အမွှာမွှာ ကွဲပြားနေကြသည့် သီဟိုဠ်ကျွန်းသား အရှင်မြတ်တို့ မကွဲမပြား ညီညွတ်သွားစေခြင်းငှါ ကြီးစွာသော လုံ့လဥဿာဟဖြင့် အကြိမ်ကြိမ် အဖန်ဖန် ညီညွတ်ကြောင်းကို တပည့်တော်တို့ အားထုတ်ခဲ့ဘူးပါပြီ။

ယခုအခါ၌မူ ဤသီဟိုဠ်ကျွန်းသို့ ကြွလာတော်မူကြသည့် တပည့်တော်တို့သည် ပြင်းထန်သော ဝီရိယကိုပြု၍ အစွမ်းကုန် အထူးကြိုးစားလျက် ရှိကြပါသည်။ ဤကြိုးစားချက် အားလုံးသည် (တပည့်တော်တို့၏) နောက်ဆုံး ကြိုးစားချက်ပင် ဖြစ်ပါသည်။

နောက်ဆုံးမေတ္တာရပ်ခံခြင်း

အကယ်၍ သက်ရာဒါပင် ဖြစ်ဖြစ်၊ အသက်ရဝါဒီပင် ဖြစ်ဖြစ်၊ ထေရ အနုထေရ ဖြစ်ကြသည့် အရှင်ဘုရားတို့သည် အောက်၌ တပည့်တော်များ လျှောက်ထား တောင်းပန်ခဲ့သည့်အတိုင်း သည်းခံကြပြီး၊ ကျေနပ်ကြပြီး၊ တူညီသော ဆန္ဒရှိကြပြီး၊ ထိုလျှောက်ထား တောင်းပန်ချက်နှင့် အညီ ကျင့်ကြ၍ သံဃာစည်းလုံး ညီညွတ်မှုကို ဆောင်ရွက်ရန် ဆန္ဒရှိကြမည်ဆိုပါလျှင်—

ထိုအတိုင်းဖြစ်ဘို့ရန်လည်း ယခု သီဟိုဠ်ကျွန်းသို့ ကြွ ရောက်တော်မူလာကြသည့် ထေရ-အနုထေရ ဖြစ်တော်မူကြ သည့် ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဘုရားတို့သည် "သီဟိုဠ်ကျွန်း သား တပည့်တော်များ အပေါ်၌ကရုဏာထား၍ အားထုတ် တော်မူကြပါ"ဟု တပည့်တော်များအား တာဝန်အပ်နှင်းကြ မည် ဆိုပါလျှင်—

ထိုအတိုင်း ဖြစ်ဘို့ရန်သာ ယခုသီဟိုဠ်ကျွန်းသို့ ကြွရောက် တော်မူလာကြသည့် ထေရ-အနုထေရ ဖြစ်တော်မူကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များသည် အရှင်ဘုရားတို့ကို ချီးမြှောက်ရန်နှင့် သီဟိုဠ်သာသနာတော် ထွန်းလင်းစေရန် သာသနာရေးကိစ္စကို ညည်းညူကြဘဲ၊ မပျင်းရိကြဘဲ၊ ငမ်း မြောက်ဝမ်းသာ အားထုတ် ကြပါမည်ဘုရား။

အကယ်၍ သက်ရဝါဒီပင် ဖြစ်ဖြစ်၊ အသက်ရဝါဒီပင်ဖြစ်ဖြစ် အုပ်စုနှစ်ခု၌ ပါဝင်ကြသည့် ထေရ-အနုထေရ ဖြစ်တော်မူ ကြသည့် သီဟိုဠ်ကျွန်းသား အရှင်ဘုရားတို့သည် တပည့် တော်များ ညွှန်ပြခဲ့သည့်အတိုင်း သည်းခံကြမှု၍ မကျေနပ် ကြမှု၍ သံဃာစည်းလုံး ညီညွတ်ခြင်း၏ အကြောင်းဥပါယ် တို့ကို ထိုအတိုင်း ဖြစ်ဘို့ရန် မဆောင်ရွက်လိုကြဘူးဆိုပါလျှင် ယခု ဤ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော် မူလာကြသည့် ထေရ-အနုထေရ ဖြစ်တော်မူကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များသည် ဇမ္ဗူဒိပ်ကျွန်း၌ရှိ မဟာဗောဓိကို ပူဇော် ရန် ဝါကျွတ်ချိန်မှပင်စ၍ ထွက်ခဲ့ပြီး၊ ထိုမဟာဗောဓိကို ကျေနပ်စွာ ပူဇော်ပြီးနောက် မိမိကျွန်း၊ မိမိနိုင်ငံ၊ မိမိဌာန၊ မိမိကျောင်းသို့ လျင်မြန်စွာ ပြန်ကြွကြပါမည်ဘုရား။

ဤကဲ့သို့ မိမိကျွန်း၊ မိမိနိုင်ငံ၊ မိမိဌာန၊ မိမိကျောင်းသို့ ပြန်ကြွ ကြပါသော်လည်း တပည့်တော်များ အကြိမ်ကြိမ် တောင်းပန် လျှောက်ထားချက်နှင့်အညီ မလိုက်နာနိုင်ကြသည့် သီဟိုဠ်ကျွန်းသား အရှင်ဘုရားတို့ အပေါ်၌ တပည့်တော်တို့သည် တစုံတရာ ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်းကို မပြုမူဘဲ မွှသံဝေဂကိုသာ ဖြစ်စေပြီး အကုသိုလ်ဘုရားတို့၏ အပြစ်ကိုသာ ရှုမြင်လျက် ဤသို့သဘောရှိသော ကိလေသာဘေးမှသာ လျင်မြန်စွာ လွတ်မြောက်လိုကြကာ အရှင်ဘုရားတို့ အပေါ်၌ မေတ္တာဘာဝနာကို ပွါးများကာ ကုစားရှုမရနိုင်လောက်အောင် ရောဂါကျွမ်းနေသည့် မိတ်ဆွေရင်းတို့အပေါ်၌ကဲ့သို့ ကရုဏာ ဘာဝနာကို ဖြစ်စေကာ ပြန်ကြွကြပါမည်ဘုရား။

တနည်းအားဖြင့် လျှောက်ထားရသော် ဤအချိန်မှစ၍ နောက်အသက်ထက်ဆုံး အစိတ်စိတ် အမွှာမွှာ ဂိုဏ်းကွဲကြသည့် သီဟိုဠ်ကျွန်းသား အရှင်ဘုရားတို့၏ အရေးကိစ္စကြောင့် တစုံတရာသော ကြောင့်ကြစိုက်မှုမျိုးကို ယခုတပည့်တော်များ ပြုလုပ်ခဲ့သလို နောင်မည်သည့်အခါမျှ ပြုလုပ်တော့မည် မဟုတ်ကြောင်းပါဘုရား။

အမှန်အားဖြင့် အလားတူ ကြောင့်ကြစိုက်မှုမျိုး နောင်အခါ အသစ်တဖန် ဖြစ်ပေါ်ဘို့ မဆိုထားနှင့် ဂိုဏ်းအကွဲကွဲအပြားပြား ဖြစ်ကြသည့် သီဟိုဠ်ကျွန်းသား အရှင်ဘုရားတို့ မကွဲပြားရေးအတွက် စည်းလုံးညီညွတ်ရေးအတွက် တပည့်တော်များ အားထုတ်ဆောင်ရွက်ချက်များသည် မျှော်မှန်းသည့်အတိုင်း အကျိုးဖြစ်ထွန်းမှု မရှိခဲ့သည်များကို အမြဲ

တစေသတိရပြီး တပည့်တော်များအား အောက်ပါ အတိုင်း နောင်တရမှု ဖြစ်နေကြပါလိမ့်မည် ဘုရား။

တပည့်တော်များ နောင်တရပုံ

"ငါတို့သည်ကား မိုက်မဲကြကုန်၏၊ ဉာဏ်မရှိကြကုန်၊ မသိ တတ်ကြကုန်၊ အကျိုးအကြောင်းကို မှတ်သားရန် မစွမ်းနိုင် ကြကုန်၊ အကျိုးရှိမှု၊ မရှိမှုကို ဆင်ခြင်နိုင်သောဉာဏ် ကင်းမဲ့ ကြကုန်၏၊အသုံးမကျသော ငါတို့သည် ကုစားမရနိုင်လောက် အောင် ရောဂါကျွမ်းသည်နှင့်တူသည့် ဂိုဏ်းအကွဲကွဲ ဖြစ်ကြ သည့် ပုဂ္ဂိုလ်တို့၏ အလွန်ခက်ခဲလှသည့် အရေးအခင်းကြောင့် သီဟိုဠ်ကျွန်းနှင့် ဇမ္ဗူဒိပ်ကျွန်း၌ပါ နေထိုင်ကြပြီးလျှင် စည်း လုံး ညီညွတ်မှုအတွက် အကြိမ်ကြိမ် အားထုတ်ဆောင်ရွက် ကြပါသော်လည်း တစုံတခုသော အကျိုးကိုမျှ မပြီးစေ နိုင်ခဲ့ကြ။

ဥပမာအားဖြင့် မိုက်မဲသော ဆေးဆရာသည် မိမိကုသ သင့်သော လူနာများ၏ ရောဂါကို မိမိဆေးဖြင့် ပျောက်စေ နိုင် မပျောက်စေနိုင် စသည်ကို မစူးစမ်းဘဲ ကြီးမားသော လုံ့လဖြင့် ကိုယ်တိုင် ကုသမိသော်လည်း ကိုယ်တိုင်ဖော်စပ် ထားသည့် မိမိဆေးဝါးတို့ကို များစွာကုန်စေ၍ ကေန်သေ ရမည့် မကုစားကောင်းသည့် ကံကုန်နေသည့် ဝေဒနာရှင် များကို ကုစားသည်နှင့် တူနေကြောင်းပါဘုရား၊

ဤသို့ပင်အမြဲတစေ သတိရပြီးလျှင် နောင်တရနေကြမည် ဖြစ်ပါသော်လည်း တပည့်တော်များသည် သီဟိုဠ်ကျွန်း၌

သီတင်းသုံး နေတော်မူကြသည့် အရှင်ဘုရားတို့ ကဲ့သို့သော မိတ်ဆွေရင်းများကို အနည်းငယ်မျှ ရှုတ်ချပြောဆိုကြမည် မဟုတ်ပါ။

ကိလေသာများကို ကဲ့ရဲ့ပုံ

မည်သို့ ကဲ့ရဲ့ပါမည်နည်း၊ "ဤအမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ မာနကြီးခြင်း၊ အလွန်မာနကြီးခြင်းစသောဤကိလေသာတို့သည် စိတ်၏အညစ်အကြေးများ ဖြစ်ကုန်၏၊ ယုတ်မာသော တရား၊ အလွန် ယုတ်မာသော တရားများဖြစ်ကုန်၏၊ စင်စစ် ဂက်ဆုပ်ထိုက်ကုန်၏၊ ကြောက်ရွံ့ထိုက်ကုန်၏၊အလွန် စိုးရိမ်ပူပန်မှုကိုပြုတတ်သော တရားများ ဖြစ်ကုန်၏။

ယင်း ကိလေသာတို့၏ အစွမ်းကြောင့် တပည့်တော်များ၏ မိတ်ဆွေရင်း ဖြစ်ကြသည့် သီဟိုဠ်ကျွန်းနေ အရှင်ဘုရားတို့သည် သဒ္ဓါတရားဖြင့် မဟာနိုးပြုကြပြီး ငြိမ်သက်တည်ကြည်သော သူတော်ကောင်းတို့ ဖြစ်ကြပါလျက် အချင်းချင်း ကွဲကြကုန်၍ စည်းလုံးညီညွတ်ရေးအတွက် အားထုတ်ကြသည့် တပည့်တော် များ၏ အလွန်အမင်း အကျိုးနှင့် စပ်သော အစီးအပွါးနှင့်စပ်သော စကားကိုပင် မနာယူနိုင်ကြပါ၊ ယင်း ကိလေသာတို့ကို မလွန်မြောက် နိုင်ကြသေးသော တပည့်တော်များသည်လည်း စင်စစ် ဘေးအန္တရာယ် ဟုပြောသော သံသရာပင်လယ်မှ လွန်မြောက်ရန် မစွမ်းနိုင်ကြဘဲ ဤအချိန် အထိပင် ဆင်းရဲပင်ပန်းကာ "နစ်မြုပ်ဆဲပင် ဖြစ်ကြပါသည် ဘုရား" ဤသို့လည်း ကဲ့ရဲ့ကြပါမည်။

"နိဝရဏ တရားတို့၏ ပိတ်ပင်မှုသည် ကြောက်ဘွယ် ကောင်းပေစွ၊ ယင်းနိဝရဏတရား တို့သည် ထေရ-အနုထေရ ဖြစ်ကြသည့် ကျွန်ုပ်၏ ချစ်ခင်အပ်သော သီဟိုဠ်ကျွန်းနေ သူတော်ကောင်း မိတ်ဆွေ တို့ကိုသော်မှ အကျိုး စီးပွါး ကို လိုလား ကြသည့် အကျိုး စီးပွါးကို ပြုတတ်သည့် စင်စစ် အကျိုးစီးပွါးနှင့် စပ်သည့် သံဃာ စည်းလုံးညီညွတ် ရေးအတွက် အကြိမ်ကြိမ် မေတ္တာရပ်ခံအပ်သည့် ဝ-ပည့် တော်တို့ကဲ့သို့သော ချစ်မိတ်ဆွေများ၏ စကားကိုပင် မလိုက် နာ နိုင်အောင် အငြင်းအခုံအားမ မလွတ်မြောက်နိုင်အောင် တားမြစ်ရန် စွမ်းနိုင်ကြကုန်၏။ ယင်း နိဝရဏ တရားတို့ တားမြစ် ခံရသောကြောင့် တပည့်တော်များ သည်လည်း အလွန်အမင်း ဆင်းရဲကိုပြုတတ်သည့် စင်စစ် ဆင်းရဲနှင့် ရော ပြွမ်းသည့် သံသရာညွန်မှ ထွက်မြောက်ရန် ယခုအချိန်အထိ ပင် မစွမ်းနိုင်ကြသေးပါဘုရား" ဤသို့လည်း ကဲ့ရဲ့ကြပါမည်။

"သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ဒါနုသယ ကိလေသာ တို့၏ အခိုင်အမာ ကိန်းအောင်းမှုသည် ကြောက်မက်ဘွယ် ကောင်းပေစွ၊ ဤအနုသယ တို့သည် ငြိမ်သက် တည်ကြည်၍ သူတော်ကောင်း ဖြစ်ကြသည့် ကျွန်ုပ်တို့ မိတ်ဆွေရင်းများ၏ အတွင်းသန္တာန်၌ ခိုင်ခိုင်မာမာ ကိန်းအောင်းကြလျက် ဇမ္ဗူ ဒိပ် ကျွန်းမှ ကြွရောက်လာကြသည့် တပည့်တော်တို့ကဲ့သို့ သော မိတ်ဆွေရင်းတို့သည် များပြားလှစွာ ဆန်းကြယ်သည့် တရားစကားတို့ဖြင့်၎င်း၊ အမျိုးမျိုးသော အကြောင်း ဥပါယ် တို့ဖြင့်၎င်း နှင်ထုတ်ကြပါသော်လည်း တရံတဆစ်မျှ ထွက် မသွားဘဲ အကျိုးစီးပွါးကို ပြုတတ်သည့် အကျိုးစီးပွါးနှင့်

စပ်သည့် တပည့်တော်ဘို့ကဲ့သို့သော မိတ်ဆွေရင်းများ၏ စကားကို ကျော်ခိုင်းစေ၍ တပည့်တော်တို့မိတ်ဆွေရင်းများ၏ အတွင်းသန္တာန်၌ အခိုင်အမာအားဖြင့် ကိန်းအောင်းရက် ပေစွတကား”။

ဥပမာအားဖြင့် ကြမ်းတမ်းသော ဘီလူးသည် လူသား တယောက်ကို ဖမ်းစား၍ ရူးသွပ်စေပြီးလျှင် ထိုရောဂါကို ပျောက်ကင်းအောင် ကုစားရန်လာသော ကြင်နာတတ်သော ဆေးဆရာ၏ စကားကိုပင် နားမထောင်စေဘဲ၊ ဆေးကိုပင် မသောက်စေဘဲ ထိုလူသား၏ ကိုယ်တွင်း၌ အခိုင်အမာအား ဖြင့် ခိုအောင်းနေသည်နှင့် တူပါသည်ဘုရား” ဤသို့လည်း ကဲ့ရဲ့ကြပါမည်။

“ပုထုဇဉ်ဘဝ၏ သတ္တဝါတို့ကို အကျိုးမဲ့ကို ပြုမူခြင်းသည် ကြောက်မက်ဘွယ် ကောင်းပေစွ၊ သီဟိုဠ်ကျွန်း၌ သီတင်းသုံး တော်မူကြသည့် ဆန့်ကျင်ဘက် နှစ်ပက္ခ၌ ပါဝင်ကြသည့် အလွန်ကြာမြင့်စွာ ငြင်းခုံနေကြသည့် ပုထုဇဉ်သဘောကို မလွန်မြောက်နိုင်ကြသည့် ထေရ - အနုထေရ ဖြစ်ကြသည့် ကျွန်ုပ်တို့၏ မိတ်ဆွေရင်းတို့သည် အချင်းချင်း ကဲ့ရဲ့ရှုတ်ချ ကြပြီး တဏှာသော်မျှပင် မရှုံးချင်ကြကုန်ဘဲ ငြင်းခုံခြင်း ဘေး၏ အလွန်အလွန် အပြစ်ကြီးမှုကို မပြင်စွမ်းနိုင်ကြဘဲ၊ အကြိမ်ကြိမ် အဖန်ဖန် ငြင်းခုံခြင်းဘေးကို ငြိမ်းအေးစေရန် အားထုတ်ကြသည့် ကျွန်ုပ်ကဲ့သို့ ဇမ္ဗူဒိပါကျွန်းမှ လာရောက် ကြသည့် မိတ်ဆွေရင်းတို့၏ စင်စစ် သံဃာ ညီညွတ်ရေး၏ အကြောင်းရင်း ဖြစ်ကြသည့် စင်စစ် အကျိုးစီးပွါးနှင့် စပ် သည့် စကားကိုပင် နားမထောင်ရက်ပါပေစွ”။

ဥပမာအားဖြင့် "ရောဂါပြင်းထန်ကြသည့် လူနာတို့သည် မိမိရောဂါကို မလွန်ဆန်နိုင်ကြသည်ဖြစ်၍ မိဘတို့ကဖြစ်စေ၊ ဆွေမျိုးသားချင်းတို့က ဖြစ်စေ၊ အဆွေခင်ပွန်းတို့က ဖြစ်စေ ပေးအပ်သော အရသာရှိသည့် ခဲဘွယ်စားဘွယ်ကို စားရန် မစွမ်းနိုင်ကြသည်နှင့် တူပါသည်ဘုရား" ဤသို့လည်း ကဲ့ရဲ့ကြပါမည်။

ဤသို့ တပည့်တော်များသည် အကုသိုလ် တရားတို့၏ အပြစ်ကိုသာလျှင်ရှု၍ အကုသိုလ်တရားတို့ကိုသာလျှင် ကဲ့ရဲ့ကြကုန်၍ ဓမ္မသံဝေဂကိုသာ ဖြစ်စေကုန်၍ သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် မိတ်ဆွေရင်း ဖြစ်ကြသည့် အရှင်ဘုရားတို့ကို မကဲ့ရဲ့ကြဘဲ မေတ္တာစိတ်ကိုသာ ပွါးစေ၍ ဝါကျွတ်သောအခါ သီတင်းကျွတ်လဆုတ်(၁)ရက်နေ့မှ စတင်လျက် မဟာဗောဓိကို ပူဇော်ရန် ထွက်ခွါပြီး မိမိကျွန်း၊ မိမိနိုင်ငံ၊ မိမိဌာန၊ မိမိကျောင်းသို့ လျင်မြန်စွာ ပြန်ကြွကြပါမည်ဘုရား၊ ဤသည်ကား ကိလေသာများကို ကဲ့ရဲ့ပုံစကားအဆုံး ဖြစ်သည်။

အကယ်၍များ ဤသို့လျှောက်ထားကြမည်ဆိုလျှင်

တနည်းအားဖြင့် သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် ဆန့်ကျင်ဘက် နှစ်ပက္ခ၌ ပါဝင်ကြသည့် ထေရ-အနုထေရ ဖြစ်တော်မူကြသည့် အရှင်ဘုရားတို့သည် ဇမ္ဗူဒိပ်ကျွန်းမှ ကြွလာကြသည့် ထေရ-အနုထေရ ဖြစ်ကြသည့် တပည့်တော်တို့အား ဤသို့ လျှောက်ထားနိုင်ကြပါသည်ဘုရား။

လျှောက်ထားပုံ

"အရှင်ဘုရားတို့၊ ယခု ဤသီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူလာသည့် ထေရ-အနုထေရ ဖြစ်တော်မူကြသည့် ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဘုရားတို့သည် သီဟိုဠ် သာသနာတော် ထွန်းလင်းစေရန်နှင့် ဂိုဏ်းကွဲပြားနေကြသည့် သီဟိုဠ်သံဃာတော်များ မကွဲပြားစေရန် မွန်းလွဲအခါ၌ ကျန်းမာရေးအတွက် မဟုတ်ဘဲ ကွမ်းစားခြင်း စသော ဝိနည်းအကျင့်နှင့် ဆိုင်သည့် အဆိုအမိန့် အမျိုးမျိုးကိုရင်း၊ ခိုင်ခံ့သော ဝိနည်းကံ အဆုံးအဖြတ်နှင့် ပတ်သက်သည့် အဆို အမိန့် အမျိုးမျိုးကိုရင်း၊ သိက္ခာသစ် တင်ခြင်းနှင့် စပ်လျဉ်းသည့် အဆိုအမိန့် အမျိုးမျိုးကိုရင်း ပြောကြားအပ်ပါပြီ၊ ထိုအဆိုအမိန့် အားလုံးကို ဆန့်ကျင်ဘက်အုပ်စု နှစ်ခုနှင့် ပါဝင်ကြသည့် သီဟိုဠ်ကျွန်း၌ သီတင်းသုံးကြသည့် ထေရ-အနုထေရ ဖြစ်ကြသည့် တပည့်တော်တို့သည် နှစ်သက် ကျေနပ်ကြ၍ ရှိသေစွာ ခံယူကြပါမည်၊ ယခု အရှင်ဘုရားတို့ ညွှန်ကြားသည့် အတိုင်း တပည့်တော်တို့ လိုက်နာကြပါမည်၊ တပည့်တော်တို့အား တာဝန်ကြီးမှု မရှိပါ၊ စင်စစ်အားဖြင့် အရှင်ဘုရားတို့ ယခု ဤအရပ်သို့ ကြွရောက်လာကြသည့် ထေရအနုထေရ ဖြစ်ကြသည့် ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဘုရားတို့အား ထေရ-အနုထေရ ဖြစ်ကြသည့် သီဟိုဠ်ကျွန်းသား တပည့်တော်များက လျှောက်ထားစရာ ရှိပါသည်ဘုရား။ အဘယ်ကဲ့သို့ ရှိသနည်း ဆိုပါမူ——

"အရှင်ဘုရားတို့၊ တပည့်တော်တို့၏ သီဟိုဠ် သာသနာတော်သည် ဗုဒ္ဓဘာသာဝင်မဟုတ်သော အခြား

ဘာသာဝင် မင်းတို့၏ လက်ထက်သို့ ရောက်သော အချိန်မှစ၍ ယနေ့တိုင်အောင် အမြဲတန်းပင် အားနည်းလျက် ရှိပါသည်။ ဥပမာအားဖြင့် မိဘတို့၏ လက်မှလွတ်၍ ရန်သူ့လက်တွင်းသို့ ကျရောက်သော လူသားတို့နှင့် တူပါသည်”

ဤကဲ့သို့ လျှောက်ထားစရာ ရှိပါသည်ဘုရား။

ထို့ကြောင့်ပင် အရှင်ဘုရားတို့၊ ဆန့်ကျင်ဘက် နှစ်ပက္ခ၌ ပါဝင်ကြသည့် ထေရအနုထေရ ဖြစ်ကြသည့် သီဟိုဠ် ကျွန်းသား ဘုန်းတော်ကြီးများ အားလုံးတို့သည် ဇမ္ဗူဒိပ်ကျွန်း မြန်မာနိုင်ငံ ရတနာပုံမြို့တော်၌ မင်းပြုသည့် သဒ္ဓါတရားနှင့် ပြည့်စုံသည့် သာသနာကို ချီးမြှောက်တတ်သည့် ဗုဒ္ဓဘာသာဝင် မင်းကြီးနှင့် သာသနာ့ဒါယကာ ဖြစ်၍ ပမာဏ မဟာထေရ်တို့က ဗဟုသုတ ရှိကြသည့် သိက္ခာသုံးပါးကို လိုလားကြသည့် ထေရ-အနုထေရ ဖြစ်ကြသည့် ရဟန်းတို့ကို (၁၀) ပါး ဖြစ်စေ၊ အပါး (၂၁) ဖြစ်စေ ဤသီဟိုဠ်ကျွန်းသို့ စေလွှတ်၍ ဂိုဏ်းဂဏ ကွဲပြားကြသည့် သီဟိုဠ်ရဟန်းတို့ ညီညွတ်ရေး အတွက်နှင့် သာသနာတော် ထူးထူးခြားခြား ထွန်းလင်းစေရေးအတွက် သီဟိုဠ်သာသနာတော်ကို ချီးမြှောက်ပါရန် အမြဲမပြတ် အဘိုးထက်အလွန် တောင့်တကြပါကုန်၏ဘုရား။

ဥပမာအားဖြင့် ကမ္ဘာဦးကာလ၌ အမိုက်မှောင် နှိပ်စက်ခံရသည့် လူသားတို့သည် အရပ်မျက်နှာ အားလုံးတို့၌ ထက်ဝန်းကျင် အလင်းရောင်ကို ပြုတတ်သည့် လနှင့်နေကို တောင့်တကြသည်နှင့် တူပါသည်ဘုရား။

သို့ဖြစ်၍သာ အရှင်ဘုရားတို့ သိဟိုဠ်ကျွန်းသို့ ကြွလာတော်မူကြသည့် ထေရ-အနုထေရ ဖြစ်တော်မူကြသည့် ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဘုရားတို့သည် လျှောက်ပတ်သောအခါ၌ ဇမ္ဗူဒိပ်ကျွန်း မိမိနိုင်ငံသို့ ပြန်ကြွတော်မူကြပြီး ရတနာပုံမြို့၌ မင်းပြုတော်မူသည့် သဒ္ဓါတရားနှင့် ပြည့်စုံသည့် မင်းကြီးနှင့် တိုင်ပင်၍ မင်းကြီး၏ ဆန္ဒအားလျော်သော ထေရ အနုထေရ ဖြစ်ကြသည့်ရဟန်းတို့ကို(၁၀)ပါး ဖြစ်စေ၊ အပါး(၂၀)ဖြစ်စေ၊ စေလွှတ်တော်မူပြီးလျှင် ဂိုဏ်းဂဏကွဲပြားနေကြသည့် တပည့်တော်တို့ ညီညွတ်ရေးအတွက်ငှာ၊ အထူးအားဖြင့် သာသနာတော်ထွန်းလင်းစေရေးအတွက်ငှာ၊ တပည့်တော်တို့၏သိဟိုဠ်သာသနာတော်ကို ချီးမြှောက်နိုင်ကြမည်ဆိုပါလျှင် ဆန့်ကျင်ဘက် နှစ်ပက္ခ၌ ပါဝင်ကြသည့် ထေရ-အနုထေရဖြစ်ကြသည့် သိဟိုဠ်ကျွန်းသား တပည့်တော်များသည် ထူးထူးခြားခြား ဝမ်းမြောက်ကြပါကုန်၍ သဒ္ဓါတရားသစ်ကိုဖြစ်စေပြီး အသက်ထက်ဆုံးတိုင်အောင်ပင် ဗဟုသုတကြွယ်ဝကြသည့် မဟာထေရ်ဖြစ်ကြသည့် ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဘုရားတို့ အဆုံးအဖြတ်ပေးသည့်အတိုင်း ဆိုဆုံးမသည့်အတိုင်း ဩဝါဒအတိုင်း အားလုံးကို ရိုသေစွာ ခံယူကြပါမည်ဘုရား။ ထိုအတိုင်းပင် ဆောင်ရွက်ကြပါမည်ဘုရား။

အရှင်ဘုရားတို့–တပည့်တော်များ ရိုသေစွာ တောင်းပန်ကြပါ၏။ "အရှင်ဘုရားတို့အား တပည့်တော်များ လျှောက်ထားသည့်အတိုင်း ယခု ဤ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွရောက်တော်မူလာကြသည့် ထေရ-အနုထေရဖြစ်ကြသည့် ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဘုရားတို့သည် တပည့်တော်တို့ကို ချီးမြှောက်တော်မူကြပါ"ဟု လျှောက်ထားနိုင်ကြပါသည်ဘုရား။

ဤသို့ နှစ်ပက္ခ၌ ပါဝင်ကြသည့် ထေရ-အနုထေရဖြစ်တော်မူကြသည့် သီဟိုဠ်ကျွန်းသား အရှင်ဘုရားတို့သည် စိတ်ဝမ်းညီစွာ ပေါင်းပေါင်းကြပါမူ ထိုပေါင်းပန်ချက်အရ သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် ထေရ-အနုထေရဖြစ်တော်မူကြသည့် နှစ်ပက္ခ၌ ပါဝင်ကြသည့် အရှင်ဘုရားတို့အတွက် ယခု ဤသီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူလာကြသည့် ထေရ-အနုထေရဖြစ်ပေါ်တော်မူကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များက ဆောင်ရွက်ကြပါမည်ဘုရား။

ထိုအတိုင်းပင် ဆောင်ရွက်ရန် နှစ်ပက္ခပါဝင်ကြသည့် ပဓာနမထေရ်များဖြစ်ကြသည့် သီဟိုဠ်ကျွန်းသား အရှင်ဘုရားတို့၏ ပဋိညာဉ်ကိုယူပြီး ဇမ္ဗူဒိပ်ကျွန်း မိမိနိုင်ငံသို့ လျင်မြန်စွာ ပြန်ကြပြီးလျှင် သင့်လျော်သောအခါ၌ ရတနာပုံ နေပြည်တော်၌ မင်းတရားကြီးနှင့် တွေ့ပြီးနောက် အရှင်ဘုရားတို့၏ ပဋိညာဉ်ကို မင်းတရားကြီးအား ပြသ၍ သီဟိုဠ်သာသနာတော်ကို ချီးမြှောက်ရန် အကြောင်းအရာအလုံးစုံကို လျှောက်ကြားတိုက်တွန်းပြီး သဒ္ဓါတရားကို တိုးပွားစေပြီးနောက် တပည့်တော်တို့အား လျှောက်ပတ်သောအခါ ဖြစ်ပေါ်လာလျှင် ထေရ-အနုထေရ ဖြစ်ကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များသည် မင်းကြီးနှင့် အတူ စိတ်ဝမ်းချင်းညီညွတ်၍ မင်းကြီး၏အလိုအတိုင်းပင် ဗဟုသုတ ကြွယ်ဝကြသည့် သိက္ခာသုံးပါးကို လိုလားကြသည့် ထေရ-အနုထေရဖြစ်တော်မူကြသည့် ရဟန်းပုဂ္ဂိုလ်တို့ကို (၁၀)ပါး ဖြစ်စေ၊ အပါး(၂၀)ဖြစ်စေ စေလွှတ်ပြီး အုပ်စု အကွဲကွဲအပြားပြား ဖြစ်နေကြသည့် အရှင်ဘုရားတို့ ညီညွတ်ရေးအတွက်ငှင်း

သိဟိုဠ်သာသနာတော် အထူး ထွန်းလင်းစေရေးအတွက်ရင်း အားထုတ်ကြပါမည်ဟု လျှောက်ထားပါကုန်သည်ဘုရား။

ခွင့်ပြုချက်

ဤသို့ ထေရ-အနုထေရဖြစ်ကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များသည် သဝဏ်လွှာပါး၍ လျှောက်ထားအပ် ပါကုန်၏။ သက်ရဝါဒီပင် ဖြစ်ဖြစ် အသက်ရဝါဒီပင် ဖြစ်ဖြစ် ဒဠှီကမ္မဝါဒီပင် ဖြစ်ဖြစ် အဒဠှီကမ္မဝါဒီပင် ဖြစ်ဖြစ် သိဟိုဠ် ကျွန်းသား အရှင်ဘုရားတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ဖြစ်စေ ကိုယ်တိုင်ပြောဆိုရန်ဖြစ်စေ ဆန္ဒရှိကြပါက ထိုဆန္ဒ အတိုင်း သိဟိုဠ်ကျွန်းသား အရှင်ဘုရားတို့အတွက် ကြီးမား သော လုံ့လဖြင့် သံဃာညီညွတ်ရေးဖြစ်စေရန် အကြိမ်ကြိမ် အားထုတ်ကြသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များကို ငဲ့ညှာ၍ လျင်မြန်စွာ ပြန်အကြောင်းကြားတော်မူကြပါဟု ဖိတ်ကြားပါသည်ဘုရား။

နိဂုံး

ဤ သဝဏ်လွှာသည် ကိုးကွယ်ရာမဲ့သူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသည့် မြတ်စွာဘုရား နိဗ္ဗာန်ရွှေပြည်မြတ်သို့ကြွသွား တော်မူချိန်မှစ၍ မြတ်စွာဘုရား သာသနာတော် သက္ကရာဇ် ၂၄၂၂ ခု၊ သီတင်းကျွတ်လဆန်း(၃)ရက် သောကြာနေ့၌ ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဇာဂရမထေရ်သည် သိဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် ဂိုဏ်း အသီးသီး၏ နာယက ဖြစ်တော်မူကြသည့် ပဓာနမထေရ်တို့၏ထံသို့ ပေးပို့အပ်သော မေတ္တာသဝဏ်လွှာ ဖြစ်ပါသည်ဘုရား။

သဝဏ်လွှာအကျဉ်း ပြီး၏။

နောက်တဖန် ပေးပို့အပ်သော သဝဏ်လွှာ

ဤသဝဏ်လွှာသည် ယခု သီဟိုဠ်ကျွန်းသို့ ကြွရောက်လာသော ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော် ဇာဂရထေရ်အား သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် သက်ရဝါဒီ အသက်ရဝါဒီ ဒဋ္ဌိကမ္မဝါဒီ အဒဋ္ဌိကမ္မဝါဒီ ဖြစ်ကြသည့် ဂိုဏ်းဂဏကွဲပြားကြသည့် ပဓာနထေရ်တို့၏ထံသို့ အသီးသီး ပေးပို့အပ်သော သဝဏ်လွှာဖြစ်ပါသည်။

စကားဦး

အရှင်ဘုရားတို့၊ ယခု သီဟိုဠ်ကျွန်းသို့ ကြွရောက်လာသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော် ဇာဂရထေရ်သည် သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် ဂိုဏ်းအသီးသီးတို့၏ ဦးစီးနာယကဖြစ်တော်မူကြသည့် တပည့်တော်ထက်ကြီးတော်မူကြသည့် ပဓာနထေရ် ဖြစ်တော်မူကြသည့် အရှင်ဘုရားတို့၏ ခြေတော်တို့ကို ရှိခိုးပါသည်ဘုရား။

သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် ဂိုဏ်းအသီးသီး၏ ဦးစီးနာယကဖြစ်တော်မူကြသည့် သာသနတာဝန်ကို ထမ်းဆောင်တော်မူကြသည့် သာသနအစဉ်အလာကို စောင့်ရှောက်တော်မူကြသည့် ငြိမ်သက် တည်ကြည်ကြသည့် သူတော်ကောင်းဖြစ်တော်မူကြသည့် ပဓာနထေရ်ဖြစ်တော်မူ

ကြသည့် အရှင်ဘုရားတို့သည် တပည့်တော်အား ခွင့်ပြုတော်မူကြပါဘုရား။

သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် ဂိုဏ်း အသီးသီး၏ ဦးစီးနာယကဖြစ်တော်မူကြသည့် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူကြသည့် သာသနာ့ အစဉ် အလာကို ထိန်းသိမ်းတော်မူကြသည့် ငြိမ်သက် တည်ကြည်ကြသည့် သူတော်ကောင်းဖြစ်တော်မူကြသည့် ပဓာနထေရ်ဖြစ်တော်မူကြသည့် အရှင်ဘုရားတို့သည် တပည့်တော်၏ လျှောက်ထားချက်ကို နားဆင်တော်မူကြပါဘုရား။

အရှင်ဘုရားတို့-ယခု ဤ သီဟိုဠ်ကျွန်းသို့ ကြွရောက်လာသည့် ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော် ဇာဂရ-ထေရ်သည် သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် လူနှင့်တကွ ဂိုဏ်းဂဏကွဲပြားကြသည့် ထေရ-အနုထေရ ဖြစ်တော်မူကြသည့် အရှင်ဘုရားတို့ အချင်းချင်း ကြာမြင့်စွာ နှစ်စိတ် သုံးစိတ် ကွဲပြားခြင်း မညီညွတ်ခြင်း နို့နှင့် ရေရောသကဲ့သို့ မဖြစ်ခြင်းကို မြင်ခဲ့ပါ၏၊ သတိပြုမိပါ၏။

ထို့နောက်—

“မကောင်းမှုကိုပြုရန် ရှက်တတ် စိတ်ရှိသည့်
ထိတ်၍ သိက္ခာသုံးပါးကို လိုလားကြသည့်
သာသနာ့ တာဝန်ကို ထမ်းဆောင်ကြသည့်
သူတော်ကောင်းဖြစ်ကြသည့် ဤသို့ သဘော
ရှိသော ပဓာနထေရ် တို့၏ အချင်းချင်း
မေတ္တာဖြင့် ရစ်ဖွဲ့ခြင်းကို မပြုမူ၍ အစိတ်စိတ်

ကွဲပြားခြင်းသည် အမှန်အားဖြင့် မသင့်
လျော်''—

ဟု ယူဆကာ အရှင်ဘုရားတို့အတွက် စိုးရိမ်ပူပန်မိပါ၏။

ထို့နောက်—

" သံဃာတော်များ၏ ညီညွတ်မှုသည်
ချမ်းသာကြောင်း ဖြစ်၏၊ စိတ်ဝတ် ညီညွတ်
သူတို့၏ အကျင့်သည် ချမ်းသာကြောင်း
ဖြစ်၏''—

ဟူ၍ မြတ်စွာဘုရားညွှန်ကြားတော်မူအပ်သည့် သံဃာညီညွတ်မှု၏ အာနိသင်ကို အောက်မေ့ကာ ဂိုဏ်းဂဏ ကွဲပြားကြကုန်သည့်ထေရ၊ အနုထေရ ဖြစ်တော်မူကြသည့် အရှင်ဘုရားတို့၏ ညီညွတ်မှုကိုလိုလားလျက် အရှင်ဘုရားတို့ အချင်းချင်း ညီညွတ်မှုကို ပြုခြင်းငှါ ယခု သဝဏ်လွှာ စာတမ်းတစောင်ကို ရေးသားအပ်ပါသည်ဘုရား။

အရှင်ဘုရားတို့–တည့်တော် ဇာဂရထေရ်သည် အရှင်ဘုရားတို့ အကျိုးငှါ သာလျှင် ကြီးမားသော ဥဿာဟဖြင့် ထိုစာတမ်းကို ရေးသားစဉ်အခါ ကြမ်းတမ်း ပြင်းထန်သော လေရောဂါတမျိုး စွဲကပ်ပါသည် ဘုရား။

အရှင်ဘုရားတို့–တည့်တော် ဇာဂရထေရ်သည် အရှင်ဘုရားတို့နှင့် ရင်းနှီးသူ၊ ရင်းနှီးသောစိတ်ရှိသူ၊ ရင်းနှီးသော တပည့်ဖြစ်ပါ၏။ ထိုသို့ လေရောဂါစွဲကပ် နေပါသော်လည်း ရင်းနှီးသောမိတ်ဆွေ၊ ရင်းနှီးသောဆရာ၊ တည်ငြိမ်သော

သုတေ်ာကောင်း ဖြစ်ကြသည့် အချင်းချင်း စိတ်သဘောထား ကွဲပြားကြသည့်ထေရ·အနုထေရ ဖြစ်တော်မူကြသည့် အရှင်ဘုရားတို့ကို ငဲ့ညာ၍ ဤသို့သော ရောဂါ ဤသို့သောမကျန်းမာမှုကို ပမာဏမပြုဘဲ မိမိခန္ဓာကိုယ်၏ ဤသို့သော အမြဲတစေ နာကျင်မှု ကိုယ်ဆင်းရဲခြင်းနှင့် စာတမ်းရေးသားခြင်းဖုက္ခ ကိုယ်ဆင်းရဲခြင်း နှစ်မျိုးကို စောင့်ရှောက်သည်းခံပြီး–

"ငါ၏ သဝဏ်လွှာ စာတမ်းကြောင့် ငါ၏ ရင်းနှီးသော မိတ်ဆွေများ ရင်းနှီးသော ဆရာများ ဖြစ်ကြသည့် သီဟိုဠ်ကျွန်း၌ သီတင်းသုံးကြသည့် ထေရ အနုထေရတို့သည် ညီညွတ်ကြလိမ့်မည်"ဟု ဝမ်းမြောက်၍ ဆိုခဲ့ပြီးသော ကိုယ်ဆင်းရဲခြင်းတို့ကို ဤသို့သော စိတ်ချမ်းသာမှုဖြင့် ဖြေဖျောက်ပြီး ဤသို့သော စိတ်ချမ်းသာမှုကို ခံစားကာ ရေးသားလျက် (စဉ်းစားလျက်)ယခုအခါ များစွာကုန်သော ဝိနည်းဆိုင်ရာ အကျင့်သိက္ခာများ၊ ဝိပဿနာဆိုင်ရာ ပဋိပတ် ကျင့်စဉ်များနှင့် စပ်သော စကားရပ်တို့ဖြင့်ရင်း, တပန် သိက္ခာထပ်ခြင်းဖေးခိုင်အခံ ပြုအပ်သော ဝိနည်း အဆုံးအဖြတ်နှင့် စပ်သည့် စကားရပ်တို့ဖြင့်ရင်း တန်ဆာဆင်အပ်သော ထိုစာတမ်းကို အဆုံးသတ်ပါမည် ဘုရား။

ယခုအခါ တပည့်တော်သည်လည်း ထိုလေရောဂါ စွဲကပ်လျက် ရောဂါသည်းသူကဲ့သို့ ဖြစ်နေပါသော်လည်း ဝါကျွတ်ခါနီးအခါ၌ ထိုလေရောဂါ အနည်းငယ် သက်သာ၍ အရှင်ဘုရားတို့၏ သာသနာရေးကိစ္စကို ဆောင်ရွက်ရန် စွမ်းနိုင်ခဲ့ပါလျှင် ထို ဝါကျွတ်ခါနီး အချိန်၌ပင် အရှင်ဘုရား တို့၏ သာသနာရေးကိစ္စကို ဆောင်ရွက်ပါမည် ဘုရား။

တပည့်တော်သည် အကယ်၍ ထိုလေရောဂါမသက်သာဘဲ ဝါကျွတ်ခါနီး အချိန်ရောက်စေကာမူ အရှင်ဘုရားတို့၏ သာသနာရေး ကိစ္စကို ဆောင်ရွက်ရန် မစွမ်းနိုင်ခဲ့ပါလျှင် ဂိုဏ်းအသီးသီး၏ ဦးစီးနာယက ဖြစ်တော်မူကြသည့် ပဓာနထေရ်များ ဖြစ်ကြသည့် အရှင်ဘုရားတို့၏ မိန့်မှာတိုင်းသောစကားကို ယူဆောင်စူးစမ်းပြီး ဝါကျွတ်ချိန်မှစ၍ လျင်မြန်စွာ ဇမ္ဗူဒိပ်ကျွန်း မိမိနိုင်ငံ၊ မိမိဌာနသို့ ပြန်ကြပြီးလျှင် မြန်မာပြည်ရှိ မင်းတရားကြီးနှင့် ညှိနိုင်း၍ အရှင်ဘုရားတို့ အလိုဆန္ဒအတိုင်း သာသနာရေးကိစ္စကို ရွက်ဆောင် ပါတော့မည်ဟု နှလုံးသွင်းကာ အရှင်ဘုရားတို့၏ အလိုမှန်သမျှ ကျေနပ်မှုမှန်သမျှကို သိရှိလိုသည် ဖြစ်၍ ယခု အခါ ဂိုဏ်းအသီးသီး၏ ဦးစီးနာယကဖြစ်ကြသည့် ပဓာနထေရ်ဖြစ်ကြသည့် အရှင်ဘုရားတို့၏ထံသို့ သဝဏ်လွှာကို စေလိုက်ပါသည် ဘုရား။

တောင်းပန်လျှောက်ထားခြင်း

အရှင်ဘုရားတို့—တပည့်တော်တို့သည် ရိုသေစွာ တောင်းပန် လျှောက်ထားကြပါသည် ဘုရား—

"သီဟိုဠ်ကျွန်း၌ သီတင်း သုံးတော်မူကြသည့် ဂိုဏ်းအသီးသီး၏ ဦးစီးနာယကဖြစ်တော်မူကြသည့် ထင်ရှားတော်မူကြသည့် သူတော်ကောင်း ဖြစ်တော်မူကြသည့် သာသနာ့တာဝန်ကို အမြဲဆောင်ရွက်တော်မူကြသည့် ပဓာနထေရ်ဖြစ်တော်မူသည့်အဝေး၌ ဝါကပ်တော်မူကြသည့် အရှင်ဘုရားတို့သည် ဝါကျွတ်ချိန်နီးသောအခါ သီတင်းကျွတ်လဆန်း(၉)ရက်နေ့မှစ၍သာလျှင် မိမိတို့ကျောင်းမှ ထွက်ခွါ၍ ဤသဲဆိပ်ရွာ

တပည့်တော်တို့၏ ကျောင်းသို့ရောက်ချိန် ၎င်း သီတင်းကျွတ် လဆန်း(၁၁)ရက်နေ့ဖြစ်စေ၊ (၁၂)ရက်နေ့ ဖြစ်စေ၊သဲဆိပ် ရွာ ပတ်ဝန်းကျင်ရှိ ထိုထိုကျောင်း၌ ဝါကပ်တော်မူကြသည့် အခြားပဓာနထေရ်တို့နှင့် အားလုံး တညီတညွတ် စည်းဝေး တော်မူကြပြီး ယခု တပည့်တော်တို့ ရေးသား လိုက်သည့် သဝဏ်လွှာ စာတမ်းတခုလုံးကို ဘတ်ရှု၍ ဆိုလိုရင်းအဓိပ္ပါယ် ကို သိရှိတော်မူကြပြီးနောက် သိဟိုဠ်ကျွန်း၌ သီတင်း သုံး တော်မူကြသည့် ဂိုဏ်းအသီးသီး၏ ဦးစီးနာယက ဖြစ်တော် မူကြသည့် ပဓာနထေရ် ဖြစ်တော်မူကြသည့် အရှင်ဘုရားတို့ သည် အရှင်ဘုရားတို့၏ အကျိုးနှင့် အရှင်ဘုရားတို့အတွက် ကြီးမားသောသူလဖြင့် သံဃာညီညွတ်မှုဖြစ်စေခြင်း ငါမကျန်း မမာဖြစ်လျက်နှင့် ဆောင်ရွက် အားထုတ်ကြသည့် တပည့် တော်တို့ကို ငဲ့ညှာထောက်ထား၍ ပြောလိုသော အချက်များ နှင့် လုပ်စေလိုသော အချက်များရှိပါက ထိုအတိုင်း အမိန့် ရှိတော်မူကြပါဟု ရိုသေစွာ တောင်းပန် လျှောက်ထား ပါသည် ဘုရား။

သဝဏ်လွှာစာတမ်း၏ အကျိုး

၁။ ထိုအတိုက်အခံ နှစ်ဘက်လုံး သဝဏ်လွှာသြဝါဒကိုခံခြင်း

ဤသို့ ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဇာဂရ ထေရ်သည် ကရု ဏာစိတ် ဖြင့် သဝဏ်လွှာကို ပေးလိုက်သောအခါ သိဟိုဠ်ကျွန်း ၌ သီတင်းသုံးတော်မူကြသည့် ထေရ အနုထေရ ဖြစ်တော်မူ ကြသည့် အမရပူရဂိုဏ်းသား သံဃာတော်များသည် ကြည် လင်သောစိတ်၊ ရှင်လန်းသောစိတ်ရှိကြ၍ အရှင်ဇာဂရထေရ် ၏ နေရာ သဲဆိပ်ရွာအနီးရှိ ရာဇပက္ခအမတ်၏ အုန်းတော

ကျောင်းသို့ ကြွလာတော်မူကြပြီးလျှင် အညီ အညွတ် ဝမ်းမြောက် ဝမ်းသာ စည်းဝေးကြ၍ သီဟိုဠ်ကျွန်း၌ အကွဲကွဲအပြားပြား ဖြစ်နေသည့် ရဟန်းတော်များ ညီညွတ်စေရန်နှင့် သာသနာတော် အညစ် အကြေးကို သု သင်ရန် ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဇာဂရထေရ် ရေးသားပြုစုသည့် "သာသနဝိသုဒ္ဓိ" (သာသနာ သန့်ရှင် ရေး) မည်သော စာတမ်းကို တခုလုံး ဘတ်ရှုကြပြီး ဆိုလိုရင်း အဓိပ္ပါယ်ကို ကျေနပ်နှစ်သက်တော်မူကြပြီးနောက် အမရပူရဂိုဏ်းတွင်းရှိ ဂိုဏ်းကွဲ နှစ်ခုသုံးခုမှ ထေရ-အနုထေရဖြစ်ကြသည့် ရဟန်းတို့သည် တဂိုဏ်းတည်း ဖြစ်စေရန် အညီအညွတ်ဝမ်း မြောက်ဝမ်းသာ ရေသိမ်တခု၌ စည်းဝေးကြ၏။ သာမဂ္ဂီဥပုသ်(ညီညွတ်ရေး ဥပုသ်)ကို ပြုကြ၏၊ မပြောပလောက်သော အကြောင်းရင်းမျိုးမှ လွဲ၍ မွန်းလွဲချိန်၌ ကွမ်းစားခြင်းကို ရှောင်ခြင်းစသော "သာသနဝိသုဒ္ဓိ"စာတမ်း၌ အရှင်ဇာဂရထေရ် ညွှန်ပြထားသည့် ဩဝါဒ အားလုံးကို လက်ခံကြပြီး ထူးထူးခြားခြားပင် ကျင့်ကြံကြကုန်၏။

၂။ ဝါဒကွဲသံဃာတို့ ဝိနည်းကံ အတူပြုကြခြင်း

ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဇာဂရထေရ်သည် သီဟိုဠ်ကျွန်း၌ သီတင်းသုံးကြသည့် အမရပူရဂိုဏ်းတွင်းရှိ ဂိုဏ်းကွဲ နှစ်ခုသုံးခုမှ ရဟန်းတို့ကို တဂိုဏ်းတည်း၌ တည်စေ၍ ထိုဂိုဏ်းရှိ ထေရ-အနုထေရတို့၏ တပည့်ရင်း ရဟန်းလောင်း(၃၀)တို့ကို ဆိုင်ရာ ဆရာတို့၏ ခွင့်ပြုချက်ဖြင့် မိမိ၏ထံ၌ ဥပသမ္ပဒါယူစေပြီး ဇမ္ဗူဒိပ်ကျွန်းသား မထေရ်ကြီး မထေရ်ငယ် ငါးပါးတို့နှင့်ရင်း၊ သီဟိုဠ် ကျွန်းသား မထေရ်ကြီး မထေရ်ငယ်

ဆယ်ပါးတို့နှင့်ရှင်း အတူတကွ(၁၅)ပါးသံဃာစု ဖြစ်ပြီးလျှင် ထိုရေသိမ်၌ပင် ရဟန်းပြုပေးလေ၏။

၃။ ရဟန်းလောင်းများနှင့် ဆိုင်ရာ ဆရာတို့ ပဋိညာဉ်ပြုခြင်း

ရဟန်း မဖြစ်မီကပင် မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှါ အမျိုးကောင်းသား တို့သည် လူ့ဘောင်မှ ရဟန်းဘောင်၌ ရှင်ရဟန်းပြုကြကုန်၏၊ ထိုအကျိုးကို စင်စစ်အားဖြင့် လျင်မြန်စွာ ပြည့်စုံစေခြင်းငှါ ထိုသိမ်ရှိ သံဃာအလယ်၌ ထိုရဟန်းလောင်းတို့ကို ဤသို့ ကောင်းမွန်စွာ ပဋိညာဉ် ပြုစေလေ၏။

ဤ ဆိုလတ္တံ့သည်ကား ထိုရဟန်းလောင်းတို့၏ ပဋိညာဉ်ပြုပုံ အခြင်းအရာတည်း။

အရှင်ဘုရားတို့– သိဟိုဠ်ကျွန်း၌ သီတင်းသုံး ကြသည့် ရဟန်းလောင်း သာမဏေ ဖြစ်ကြသည့် တပည့်တော်တို့သည် ရဟန်းပြုပေးတော်မူကြသည့် မထေရ်ကြီး မထေရ်ငယ် တို့၏ အထံ၌ ဤသို့ ပဋိညာဉ် ပြုကြပါကုန်၏။

အရှင်ဘုရားတို့ – ရဟန်းလောင်းများ ဖြစ်ကြသည့် တပည့်တော်တို့သည် ရဟန်းပြုပြီးချိန်မှ စ၍ ရဟန်းဘဝ၌ တည်ပြီးနောက်–

"ငါ့ရှင်တို့– သင်တို့သည် အသက်ထက်ဆုံးတိုင် အောင်ပင် ပါတိမောက္ခသံဝရ သီလနှင့် ပြည့်စုံကြ၍ အနည်းငယ်မျှလောက်ကုန်သော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိကုန်လျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ကြကုန်လော့၊ ဣန္ဒြေတို့၌ ပိတ်ထားသော တံခါး

ရှိကြကုန်လော့”စသော အနုကမ္ပဝိနိသုတ်ကို အမြဲနှလုံးသွင်း၍ အထူးအားဖြင့် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံကြပါကုန်အံ့။

အစိတ္တက သိက္ခာပုဒ်တို့၌သော်မျှ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိကုန်သျှက် ဆောက်တည်၍ ကျင့်ပါကုန်အံ့။

လက်ဆော့ခြင်း ခြေဆော့ခြင်း ကိုယ်ဆော့ခြင်း တို့ကို မဖြစ်စေမူ၍ စက္ခုနေ့ စသည်တို့ကို ကောင်းစွာ စောင့်ရှောက်ပြီး အခါခပ်သိမ်းပင် ဣန္ဒြိယသံဝရ သီလနှင့် ပြည့်စုံ၍ နေကြပါကုန်အံ့။

အဆောတလျင် ချုံ့ချော်၍ တစုံတခုသော အာပတ်ဖြင့် ကုက္ကုစ္စ ဖြစ်နေခဲ့ပါလျှင် အချိန် မကြာမြင့်စေဘဲ ချက်ခြင်း ဂရုကအာပတ်ကို ဝုဋ္ဌာနကံဖြင့်, လဟုကအာပတ်ကို ဒေသနာကံဖြင့် ကုစား၍ မိမိကိုယ်ကို စင်ကြယ်အောင် ပြုပါကုန်အံ့။

ဧင်းပြင် ကောင်းစွာ ဝတ်ရုံ၍ ပရိမဏ္ဍလ သိက္ခာပုဒ်ကို အခါခပ်သိမ်း ကောင်းစွာ စောင့်ထိန်းကြပါအံ့။

ရွာတွင်းသို့ သွားသောအခါ ရွာတွင်း၌ နေသောအခါ တို့၌ ထိုထို အရပ်မျက်နှာကို မကြည့်ဘဲ လေးတောင်ခန့်မျှလောက်ကိုသာ ကြည့်၍ ဩက္ခိတ္တစက္ခု သိက္ခာပုဒ်ကိုလည်း အထူးအားဖြင့် လုံခြုံအောင်ပြု၍ စောင့်ထိန်းပါအံ့။

ဧင်းပြင် လိုလောက်သောအကြောင်းမရှိဘဲ မွန်းလွဲအခါ၌ ကွမ်းစားခြင်း ဖျော်ရည်သောက်ခြင်း ဆေးလိပ်သောက်ခြင်း မပြုကြပါအံ့။

> "သစ်သား၊ ဝါး၊ အသီး၊ ပန်း၊ ကုဏ္ဍိမှုန့် စသော အမှုန့် သို့မဟုတ် ရေချိုး ဆပ်ပြာမှုန့် ရေချိုးမျက်နှာ သစ် ရ၊ မြေသက်၊ ဒန်ပူ အစရှိသည်တို့ကို ဒါယကာ တို့ကို ချီ မြှောက်ခြင်း အားဖြင့် မပေးရာ"

ဟူသော ဂါထာ ပါဠ်ကို အကဉ်အောက်မေ့၍ ပန်းပေးခြင်း အစရှိသည့် ဒါယကာများကို ဖျက်ဆီးခြင်း အမှုတို့ကိုလည်း ဆေးကုခြင်း တမန်ပြုလုပ်ခြင်း အစေအပါးခံခြင်း စာ ၁ ဦး သန့်ခြင်း ပြု့သော အမှုအရာပြုခြင်း ပဲနှောက်ဟင်းပမာ ဆောက်တည်နမဂ ရောက်တတ်မှ ပြောခြင်း၊ ကလေးကို ပွေ့ချီမွေ့ မြူ ယုယခြင်း အစရှိသည့် ရဟန်းတို့နှင့် မလျော် သည့် လူတို့နှင့် ကူးလူးဆက်ဆံ ရောနှောခြင်းဟု ဆိုအပ်သည့် အနေသနအမှု တို့ကိုလည်း မလွန်ကျူးမူ၍ အထူးသဖြင့် သတိ ပြု၍ စောင့်ရှောက် ကုန်အံ့။

> ဒါယကာ တို့ကို ဖျက်ဆီးသည့် ဤ ရှစ်မျိုးသော အမှုကိစ္စတို့ကြောင့် ဖြစ်ပေါ်လာသည့် ပစ္စည်းတို့သည် ဒ်တင်းသုံးဘော် ငါးဦးတို့အားလည်း မအပ်ကုန်၊ မိမိသန္တာန်၌ စျာန် မဂ် ဖိုလ် တရား မရှိဘဲ ရှိ၏ဟု ပြော ကြ ားခြင်း၊ ငွေဖြင့် ရောင်းဝယ် ကုန်သွယ်ခြင်း အစရှိသည်ဖြင့် ရသည့် ပစ္စည်းတို့နှင့် တူကုန်၏။

ဤသို့သော အဋ္ဌကထာ ပါဠ်ကို အစဉ်အောက်မေ့၍ မိမိမှ တပါး သီတင်းသုံးဘော် ငါးဦးတို့သည် ဒါယကာ များကို ဖျက်ဆီးမှု စသည်ကြောင့် ဖြစ်လာသည့် မအပ်သော ပစ္စည်းတို့ကို မသုံးဆောင်မူ၍ အခြားသူတို့၏ မင်းဖြင့် လိမ်း ကျံ သကဲ့သို့ အခြားသူတို့၏ မအပ်သော ပစ္စည်းလေးပါး

အကြောင်း၊ကြောင့် မိမိကိုယ်ကို ညစ်နွမ်းခြင်းကို မပြုမူ၍ သန့်ရှင်းစင်ကြယ်စွာ အသက်မွေးကြပါကုန်အံ့။

မြတ်စွာဘုရား သာသနာတော်၌ တစုံတခုသော အဓိကရုဏ်းဖြစ်ခဲ့သော်လည်း စကားကြီးစကားကျယ် ပြောဆိုခြင်း ငြင်းခုံမှုပြုခြင်းတို့ကို မဖြစ်စေမူ၍ ထေရ်ကြီး မထေရ်ငယ် မထေရ်လတ် တို့၌လည်း ရိုသေလေးစားပါကုန်အံ့၊ ကျိုးနွံ တုပ်ဝပ်ပါကုန်အံ့၊ တူသော အသက်မွေးမှု ရှိပါကုန်အံ့၊ ထိုသီတင်းသုံးဖော် တို့၏ စကားကို ကောင်းစွာပြု၍ နေကြပါကုန်အံ့။

တရက် တနာရီမျှ မိမိထက်ကြီးသော ပုဂ္ဂိုလ်ကို အသက်ထက်ဆုံး ခြေတို့ကို ဦးတိုက်ရိကျိုး၍ ရှိခိုးခြင်း အလေ့ ရှိပါကုန်အံ့။

ဝဆင်းသက္ကာန် ဆန်းကြယ်သည့်ထီး ပုဆိုးပိုင်း မျက်နှာသုတ်ပဝါ ကျောစရှိသည့် ရဟန်းတို့ အားမလျော်သော လူတို့အသုံးအဆောင်ကိုလည်း မဆောင်ပါကုန်အံ့၊

မကောင်းမှုကိုပြုခြင်းမှ ရှက်တတ်၍ သံသယဖြစ်တတ်သည့် ပုဂ္ဂိုလ်တို့ ဒေလွန်အလေးပြုရာ ဌာနဖြစ်သည့် ငါးပိုင်း ငါးခန်း စသည်တို့၏ ဒေစွမ်းအားဖြင့် ဖြတ် တာက်၍ ချုပ်ထားသည့် သင်္ကန်းကိုသာလျှင် ဆောင်ပါကုန်အံ့၊ ဤမှတပါး မချုပ်ထားသည့် သင်္ကန်းကို မဆောင်ကုန်အံ့။

ဆယ်ပါ အတွင်း၌ အရာမ်ပိုင် အဖြစ်ဖြင့် မနေမူ၍ နိဿယည် ဆရာ အာ ါ ရပ်၌လည်း သတိပြုပါကုန်အံ့၊ ဆယ်ပါ လွန်မြောက် သော်ငြားလည်း "အဘိမမွေ ဝ်နေတုံ အဘိဝ်နယေ

ဝိနေတုံ”ဟူ၍ ဤသို့လာသော နိဿယည်းဆရာ အင်္ဂါရပ်ကို နှလုံးပြု၍ ထိုနိဿယည်းဆရာ အင်္ဂါရပ်နှင့် ပြည့်စုံမှသာလျှင် အရာမ်ပိုင် အဖြစ်ဖြင့် ပရိသတ်ကို မွေးမြူ၍ မြတ်စွာဘုရား သာသနာတော်၏ ထွန်းတောက်ပစေခြင်းငှါ စွမ်းအား ရှိသမျှ အားထုတ်ပါကုန်အံ့။

သက်နီးစသော ပစ္စည်းလေးပါး တို့ကို သုံးဆောင်သော အခါ၌လည်း ကြွေးမြီတင်သော သုံးဆောင်ခြင်းမျိုးကို မဖြစ် စေခြင်းငှါ ဆင်ခြင်၍ ဆင်ခြင်၍သုံးဆောင်ပါကုန်အံ့။

“ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေ” ဤသို့ အစရှိသော သမထကမ္မဋ္ဌာန်းကိုရင်း၊ “ခန္ဓာ ငါးပါး တို့သည် အမြဲမရှိကုန်၊ ဆင်းရဲဖြစ်ကုန်၏၊ အလိုသို့မလိုက် အစိုးမရကုန်” ဤသို့ အစရှိသော ဝိပဿနာ ကမ္မဋ္ဌာန်းကိုရင်း နေ့တိုင်း နေ့တိုင်း စွမ်းအားရှိသမျှ ပွါးများပါကုန်အံ့။

ယခုအခါ၌လည်း ရဟန်းဖြစ်သော အခါမှစ၍သာလျှင် အကြင်မျှလောက် လျောက်ပတ်သော ပစ္စည်းကို ရ၍ ဆောင် ခြင်းငှါ စွမ်းနိုင်ကုန်အံ့၊ ထိုမျှလောက် ဝိနည်း တိစီဝရိက်နှင့် ဓုတင် တိစီဝရိက်ကိုလည်း ဆောင်ပါကုန်အံ့။

တရားအားလျော်သော ဤ အကျင့်မြတ်ဖြင့် ဘုရားကို ပူဇော်ကုန်အံ့၊ တရားတော်ကို ပူဇော်ကုန်အံ့၊ သံဃာတော်ကို ပူဇော်ကုန်အံ့၊ စင်စစ် အကျင့်မြတ်ဖြင့် အိုခြင်း သေခြင်းမှ လွတ်မြောက်စေကုန်အံ့၊ ဤသို့ နေပါကုန်အံ့။

ဤ ဆိုလတ္တံ့ သည်ကား ရဟန်းလောင်း ဆရာတို့၏ ဝန်ခံ သော ပဋိညာဉ်ပြုသော စကားရပ်တည်း။

အရှင်ဘုရားတို့–ရဟန်းလောင်း ဆရာ ဖြစ်ကုန်သော တပည့်တော် တို့သည် ဤသို့ ကတိကဝတ် ပဋိညာဉ်ကို ပြုပါကုန်အံ့၊အရှင်ဘုရားတို့–ယခုအခါ၌ကား ဤ ရဟန်းလောင်းတို့သည် အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် အရှင်ဘုရားတို့၏ အထံ၌ ကတိကဝတ် ပဋိညာဉ်ကိုပြုပါကုန်၏။

ထိုဆိုသို့သော အခြင်းအရာအားဖြင့် ပြုခြင်းငှါသာလျှင် ငါတို့သည် ထို ရဟန်းလောင်းတို့ကို အစဉ်စောင့်ရှောက်ကုန်အံ့၊ အဆုံးအမကို ပေးကုန်အံ့၊ အကြင်အခါ၌ ထိုရဟန်းလောင်းတို့သည် မိမိ မိမိ၏ ဝန်ခံသည့်အတိုင်း မပြုကုန်၊ မိမိဝန်ခံကတိကို ဖောက်ပြန်သော အမှုကို ပေစာ စာရွက်၌ ရေးမှတ်၍ ဥပသမ္ပဒကံကို ဆောင်ကုန်သည့် ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော မဟာထေရ်ဖြစ်ကြသည့် အရှင်တို့ထံသို့ သတင်းစကား ရေးသား၍ အကြောင်းကို ကြားလျှောက်ပါကုန်အံ့။ ဤသို့ ဝန်ခံခြင်းကို ပြုကုန်၏။

ဤဆိုအပ်ခဲ့ပြီးသည်ကား ဤအရာ၌ ထိုရဟန်းလောင်းနှင့် ဥပဇ္ဈာယ်ဆရာတို့၏ ဝန်ခံသော စကားတည်း။

၄။ အဆုံးအမကြောင့် ရထိုက်သော အခွင့်အရေး

ရင်းပြင် ဤသို့လျှင် အရှင်ဇာဂရမထေရ်သည် သီဟိုဠ်ကျွန်းနေ အမရပူရအနွယ်ဝင် နှင့်ဂိုဏ်း သုံးဂိုဏ်းဝင် ရဟန်းတို့၏ တဂိုဏ်းတည်းအဖြစ်သို့ ရောက်စေခဲ့သည်။ ထိုရဟန်းတို့အား လျော်သော အဆုံးအမကို ပေး၍ တစုံတခုသော သာသနာ့အညစ်အကြေးကို သုတ်သင်ပြီး သီဟိုဠ်သာသနာကို အထူးသဖြင့် တောက်ပစေခဲ့သည်။ ထိုမှတပါး ထိုသီဟိုဠ်

ကျွန်း၌ ထိုဂိုဏ်း အစိတ်စိတ်အမွှာမွှာ ကွဲပြားကုန်သော ရဟန်းတို့၏ အလုပ်အကျွေး ဒါယကာတို့သည် ရဟန်းတို့ ငြင်းခုံခြင်း အဓိကရုဏ်းကို မှီ၍ ရဟန်းတို့အားပေါ်၌ရင်း မိမိတို့ အချင်းချင်းအားရင်း အမျက်ထွက် ကွဲရှဲကြ၍ အကုသိုလ် များစွာတို့ မပွါးစေခြင်းငှါ အပါယ်တံခါးကို ပိတ်စေခြင်းငှါ သတိဖြစ်စေခြင်းငှါ ချီးသာစွာသော တရားဒေသနာတော် ဖြင့် ဤသို့ အဆုံးအမ ပေးတော်မူ၏။

ဤဆိုလတ္တံ့သည်ကား ထို အလုပ်အကျွေး ဒါယကာတို့ အား အရှင်ဗောဂရိဇ္ဇသေရ်၏ ဆုံးမပုံအခြင်းအရာတည်း။

ငါ့ရှင် အလုပ်အကျွေး ဒါယကာတို့၊ သင်တို့သည် နားလည်ကြကုန်လော့၊ ငါ့ရှင် အလုပ်အကျွေး ဒါယကာတို့၊ သင်တို့သည် နှလုံးသွင်းကြကုန်လော့၊ အလုပ်အကျွေး ဖြစ်ကြသည့် ငါ့ရှင် ဒါယကာတို့၊ ယခုအခါ၌ သင်တို့၏ သီဟိုဠ်ကျွန်း၌ လူဘုံနှင့်တကွ ရဟန်းများစွာတို့သည် ဂိုဏ်းအစိတ်စိတ် အမွှာမွှာ ကွဲပြားနေကြကုန်၏။ ဤသီဟိုဠ်ကျွန်း၌ ဘုရားသခင်၏ တပည့်သား သာကီဝင်မင်းသား ရဟန်းတို့သည် များသောအားဖြင့် ပင်ကိုယ်အားဖြင့်လည်း သဒ္ဓါတရား ရှိကြပါ၏၊ သဒ္ဓါရှိ၍ ရဟန်းပြုကြပါ၏၊ သတိရှိကြပါ၏၊ ပညာ ရှိကြပါ၏၊ ရှက်ခြင်း ရှိကြပါ၏၊ ကြောက်ခြင်း ရှိကြပါ၏၊ မြတ်စွာဘုရား ဟောတော်မူသည် သုတ် အဘိဓမ္မာ ဝိနည်း ကိုလည်း အဖန်ဖန်လဲလဲ နာကြားကြပါ၏၊ ဟောကြားကြပါ၏၊ ပို့ချကြပါ၏၊ ထိုသို့သဘောရှိသော မြတ်စွာဘုရား ပေးတော်မူသည့်တရားလက်နက်ဖြင့် ထိုငြင်းခုံခြင်းဘေးကိုမှီ၍ ပေါ်လာသည့် အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း စသည့် အကျိုးမဲ့

ပြုတတ်သည့် ယုတ်မာကုန်သော အရာတို့ကို ပယ်ခွါကြပါ၏၊ ငြင်းခုံခြင်း ဘေးကို အကြွင်းမဲ့ ငြိမ်းအေးစေရန် အားထုတ်ခြင်းငှါ မတတ်နိုင်ကုန်သော်လည်း ထိုငြင်းခုံခြင်း ဘေးကို ခွဲ၍ မိမိကိုယ်ကို ယုတ်မာသောပုဂ္ဂိုလ် မကောင်းမှုပြုသော ပုဂ္ဂိုလ် သူတော်ကောင်း မဟုတ်သည့် ပုဂ္ဂိုလ် အဖြစ်သို့ မရောက်စေမူ၍ ငြင်းခုံခြင်းဘေး၏ အလယ်၌ နေကြကုန်သော်လည်း၊ ငြင်းခုံခြင်း ဘေးဖြင့် မိမိကိုယ်ကို မနှိပ်စက်ရန် သတိထား၍နေခြင်းငှါ တတ်နိုင်ကြပါကုန်၏။

ဥပမာအားဖြင့်ကား ကြီးမားသော ရွာကြီးကို မီးလောင်သော အခါ၌ ခွန်အားရှိကြသည့် မျက်စိအမြင်နှင့် ပြည့်စုံကြသည့် လူတို့သည် ထိုမီးဘေးကို အချင်းခပ်သိမ်း ငြိမ်းစေခြင်းငှါ အားထုတ်ရန် မတတ်နိုင်ကုန်သော်လည်း အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် မိမိသည် ထိုမီးဘေးမှ လွတ်ကုန်၏။ ထိုထိုသို့သော အခြင်းအရာအားဖြင့် ပြု၍ ထိုမီးဘေးဖြင့် မိမိအား မလွှမ်းမိုး မနှိပ်စက်နိုင်ရန် ဘေးအန္တရာယ် မရှိစေရန် နေခြင်းငှါ တတ်နိုင်ကြပါကုန်၏။

ထိုထိုရဟန်းတို့၏ အလုပ်အကျွေးဖြစ်ကြသည့် အခြားလူတို့သည်ကား ဆိုခဲ့ပြီးသော ဘုရားရှင်ပေးသည့် သုတ်အဘိဓမ္မာ ဝိနည်းတည်း ဟူသော လက်နက်မှ အလွန်ဝေးကြသဖြင့် အကြောင်းဟုတ်သည် မဟုတ်သည်ကို မသိကုန်ဘဲ မိမိ၏ ဆရာတို့အကြောင်းကြောင့် စိုးရိမ်ပူပန်ကြ၍ မဆိုအပ် မဆိုထိုက်သော စကားကိုလည်း ပြောဆိုကြကုန်၏၊ အချင်းချင်း ဆဲရေးကြကုန်၏၊ ကဲ့ရဲ့ကြကုန်၏၊ စောင်းမြောင်းကြကုန်၏၊ ရှုတ်ချကြကုန်၏၊ အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း

အစရှိသည့် အကျိုးမဲ့ကို ပြုတတ်သည့် ယုတ်မာမှုတရားတို့ကို ပွါးများကြကုန်၏၊ ဂိုဏ်းတပါးဖြစ်ကြသည့် ထေရ-နဝ-မဇ္ဈိမ ရဟန်းတို့၌လည်း အမျက်ထွက်သောစိတ် ရှိကြကုန်၏၊ ပြစ်မှားသောစိတ် ရှိကြကုန်၏၊ ထိုရဟန်းတို့၏အပြစ်ကို ရှာ၍ အကျိုးမဲ့ကို ရှာ၍ များသော အပြားအားဖြင့် ဟူးဟူးငြား ငြားသော အသံအားဖြင့်လည်း ခေါင်းမြှောင်းကြကုန်၏၊ ရှုတ်ချကြကုန်၏၊ ထိုရဟန်းတို့ အကျိုးမဲ့ဖြစ်စေခြင်းငှါ အစီး အပွါးမဲ့ ဖြစ်စေခြင်းငှါ လာဘ်မရှိစေခြင်းငှါ အခြံအရံ မရှိစေ ခြင်းငှါလည်း ကြောင့်ကြပြုကြကုန်၏၊ သပိတ်မှောက် ကံထိုက် ခြင်းသို့လည်း ရောက်ကြကုန်၏၊ မိမိကိုယ်ကို ယုတ်သော ပုဂ္ဂိုလ် မကောင်းမှုပြုသော ပုဂ္ဂိုလ် သူတော်ကောင်းမဟုတ် သည့် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်စေ၍ မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မိမိကိုယ်ကို ချမ်းသာ မရှိစေခြင်း အကျိုးမရှိစေခြင်း စီးပွါးမဲ့ခြင်းငှါ အားထုတ်၍နေကြကုန်၏၊ များစွာသော အကုသိုလ် တရားများကို ပွါးများစေ၍ အပါယ် စသည်ဘို့၌ ကျစေ၍ ငြင်းခုံ ခိုက်ရန် ဖြစ်ကြသည့် မိမိ၏ ဆရာရဟန်းတို့၏ အစိတ်စိတ်အမွှာမွှာ ကွဲပြားသည်ကို မှီ၍ စီးပွါးမဲ့ ပျက်စီးခြင်းသို့ ရောက်လည်း ရောက်ခဲ့ကုန်ပြီ၊ ရောက်လည်း ရောက်ကြလတ္တံ့၊ ရောက်ဆဲလည်း ဖြစ်ကုန်၏။

ဥပမာအားဖြင့်ကား ဆိုခဲ့ပြီးသည့်ရွာကို မီးလောင် သောအခါ မီးဝိုင်းခံရသည့် အသက်အရွယ် ဒိုမင်းသူ အနာ ရောဂါ နှိပ်စက်သူ မျက်မမြင်လူအချို့တို့နှင့် တက်တူ၊ ကြွက်၊ ပိုးရွှခြပုန်းဖြစ်ကြသည့် တိရစ္ဆာန်တို့ သည် ဟိုဟိုဒီဒီ ပြေးသွား ခြင်းငှါ မတတ်နိုင်၍ မီးဘေးဖြင့် နှိပ်စက်ခံရကာ မီးပုံကြီး

အလယ်၌ ဆင်းရဲပင်ပန်းကြကုန်လျက် မြည်တမ်းငိုကြွေးကာ သောကြရသည်နှင့် တူပါသည်။

မှန်၏၊ မြတ်စွာဘုရားသည် “ သူတပါး အပြစ်ကို ရှုလေ့ရှိ၍ ကဲ့ရဲ့ရှုတ်ချလေ့ရှိသောသူအား အာသဝေါ တရားတို့သည် အမြဲပွါးကုန်၏။ ထိုသူသည် အာသဝေါ တရားတို့၏ ကုန်ရာ နိဗ္ဗာန်မှ ဝေး၏”ဟူ၍ ထိုတရားကို ဟောတော်မူ၏။

ထိုတရား စကားတော်ကိုလည်း ဘုရားသခင်၏ တပည့် သာကီဝင်မင်းသားဖြစ်ကြသည့် ရဟန်းတို့သည် အဖန်တလဲလဲ ကြားနာကြရ၏၊ တပါးကုန်သောသူတို့ကိုလည်း ဟောကြား ကြ၏၊ ပို့ချတော်မူကြ၏။ ထိုတရားတော်၏ အနက်အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်ပြီး ကောင်းစွာသိ၍ အခြားသူတို့၏ အပြစ်ကို ရှုလေ့ရှိခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း အပြစ်ကို ဟုတ်ဘိုင်းမှန်စွာ သိကြ၏။ ဥပမာအားဖြင့် ချမ်းသာစွာ အသက်ရှင်လိုသော ယောကျ်ားသည် သားရဲ ကျားတို့ဖြင့် ရောပြွမ်းသော ထူထပ်စွာသော တောကြီး၌ ခရီးသွားသည်ရှိသော် မိမိအား စားခြင်းငှါ နောက်မှ လိုက်လာကုန်သော ကျားတို့ကိုငှင်း ခြသေ့်တို့ကိုငှင်း မြင်သည်ဖြစ်၍ ထိုကျား ခြသေ့်တို့ကို အလွန်ကြောက်၍ လျင်မြန်စွာပြေးလျက် ခရီးအကြား မိမိ၏ မျက်မှောက်၌ ရပ်၍ မိမိကိုယ်ကို ဟောင်သော ခွေး မြေခွေး တို့ကို လျစ်လျူရှု၍ ထိုသို့သဘောရှိသည့် အမှုမထား လောက်သော အနိုင့်ရုံတို့ကို မရေတွက်မူ၍ အကြင်အကြင် အခြင်းအရာအားဖြင့် မိမိအား စားခြင်းငှါ လိုက်လာကုန်သော ကျား ခြသေ့်တို့၏ အစာ၏အဖြစ်မှ လွတ်ရာကိုသာလျှင်

အားထုတ်၍ လျှင်စွာလျှင်စွာ ပြေးလျက် ဘေးမရှိရာဆရပ်သို့ ကောင်းစွာ ရောက်ရာ၏။

ထိုအတူ အပါယ်အစရှိကုန်သော များစွာသော ဘေးတို့ဖြင့် ရောပြွမ်းသော သံသရာတည်း ဟူသော တောအုပ်၌ ဘေးမဲ့ရာဖြစ်သော နိဗ္ဗာန်ကို ရည်ရွယ်၍ သုတ် အဘိဓမ္မာ ဝိနည်း တည်းဟူသော အစွန်းရှည်သော သာသနာတော်မြတ် ခရီးသို့ သွားသူဘို့သည် အခြားသူတို့က မိမိအပေါ် တင်အပ်သော အပြစ်ကိုရှင်း၊ စောင်းမြောင်းသော စကားကိုရှင်း၊ ရှုတ်ချသော စကားကိုရှင်း မရေတွက် မယူမှု၍ မိမိအကျိုးမဲ့ကို ပြုတတ်သည့် အမျက်ထွက်ခြင်း ညှဉ်းဆဲခြင်းအစရှိသည့် ညစ်ညူးကြောင်း ဖြစ်သော ကိလေသာ ဘေးတို့ကို အလွန်ကြောက်၍ ထိုသို့ သဘောရှိသည့် ဘေးတို့မှ လွတ်စေခြင်းငှါ မိမိအားထုတ်ရမည့် ရဟန်းတရားတို့ကို သာလျှင် အားထုတ်ကြ၍ ငြင်းခုံခြင်းဘေး၏ အလယ်၌ နေကုန်လျက်လည်း ထိုသို့သဘောရှိသည့် ငြင်းခုံခြင်းဘေးဖြင့် မိမိအား မနှိပ်စက်စေရန် နေခြင်းငှါ တတ်နိုင်ကုန်၏။

အိမ်ရာ တည်ထောင် လူ့ဘောင်၌ နေကုန်ကြသည့် လူဒါယကာတို့သည်ကား မြတ်စွာဘုရား ကောင်းစွာ ဟောတော်မူသည့် ဤသို့သဘောရှိသည့် ဆိုအပ်ပြီးသော တရားတော်ကို တခါတရံမျှပင် မနာကြားရကုန်၊ တခါတရံ နာကြားရသော်လည်း အနက်အဓိပ္ပါယ်ကို မသိကြကုန်၊ အနည်းငယ်သော အနက်အဓိပ္ပါယ်ကို သိသော်လည်း ထို တရားနှင့် လျော်သည့် နှလုံးသွင်းခြင်းကို ပြုခြင်းငှါ မတတ်နိုင်ကြကုန်၊ ရာဂဖြင့်တပ်မက်မောကြကုန်၏၊ ဒေါသဖြင့် ပြစ်မှားနှိပ်စက်

ကြကုန်၏၊ မောဟဖြင့် တွေဝေကြကုန်၏၊ မိမိ၏အမျက်ထွက်ခြင်း ပြစ်မှားခြင်း အစရှိသည့် စင်စစ်အကျိုးမဲ့ကို ပြုတတ်သည့် စိတ်ညစ်ညူးကြောင်း အပြစ်တို့ကို မမြင်မသိကြကုန်၊ (ထို့ကြောင့်) ဂိုဏ်းတပါး ပုဂ္ဂိုလ်တို့၏ ဟုတ်မှန် မဟုတ်မှန်သည့် အပြစ်တို့ကို ရှု၍ ရှုတ်ချ၍ ကဲ့ရဲ့ကြကုန်၏၊ မိမိရော သူတပါးပါအကျိုးမဲ့ကို ပြုတတ်သည့်အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း ဂုဏ်ကိုချေဖျက်ခြင်း အပြိုင်ပြုခြင်း ထောင်လွှားခြင်း အလွန် ထောင်လွှားခြင်း အစရှိသည့် ညစ်ညူးကြောင်း ကိလေသာ တရားတို့ကို ပွါးစေကြကုန်၏၊ မိမိရောသူတပါးပါ ဖျက်ဆီးညှဉ်းဆဲကြကုန်၏။ သာသနာတော်၏ အန္တရာယ်ကို ပြုတတ်သည့် စကားကို ပြောဆို၍ ပြောဆို၍ အကုသိုလ်တရားများစွာတို့ကို ပွါးစေကြ၍ အပါယ်တို့၌ ဖြစ်ကြကုန်လျက် ရဟန်းတို့၏ ငြင်းခုံခြင်းဘေးဖြင့် နှိပ်စက်ခံရကုန်သည် ဖြစ်၍ ဖရိုဖရဲ ပျက်စီးကြကုန်၏။

ထိုသို့ တပြီးကား ငါ့ရှင်ဒါယကာတို့ သင်တို့သည် ယခုအခါ၌ ငါတို့ဟောကြားသည့် မြတ်စွာဘုရားသခင်၏ ဆိုခဲ့ပြီးသော တရားတော်ကို ကြည်ညိုကြ၍ အပါယ်ဘေးမှ ထိတ်လန့်ခြင်းကို ဖြစ်စေ၍ တပါးသူတို့၏ အပြစ်ကို မရှုရန် မစောင်းမြောင်းရန် မရှုတ်ချရန် ထိုသို့သဘောရှိသည့် အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း ဂုဏ်ကို ချေဖျက်ခြင်း တဘက်ပြိုင်ခြင်း ထောင်လွှားခြင်း အလွန်ထောင်လွှားခြင်း ငြူစူခြင်း ဝန်တိုခြင်းတို့ကို ပယ်ခွါခြင်းငှါ သတိထားကြပါကုန်လော့။

ရဟန်းတို့၏ ထိုသို့သဘောရှိသည့် ငြင်းခုံခြင်းဘေးဖြင့် မပျက်စီးစေရန် အားထုတ်ကြပါကုန်လော့၊ မိမိ၏ စိတ်ကို

စောင့်ရှောက်ကြပါကုန်လော့၊ မိမိသည်ပင်လျှင် မိမိကိုယ်ကို ကောင်းစွာ ဆုံးမကြပါကုန်လော့၊ စင်စစ် တပါးသူတို့၏ အပြစ်ကိုရှု၍ အပေါက်ကိုရှာ၍ မိမိရော သူတပါးပါ မဖျက်ဆီး ကြပါကုန်လင့်။ ဤသို့ ငါတို့သည် အဆုံးအမကိုပေးပါကုန်၏။

> "သူတပါးတို့၏ မလျော် ကြမ်းကြုတ် ဝန်တိုသော စကားယုတ်တို့ကို နှလုံး မသွင်းအပ်ကုန်။ သူတပါး တို့၏ ကောင်းမှု၊ မကောင်းမှု ပြုအပ်သည် မပြုအပ် သည်ကို မကြည့်ရှုအပ်။ မိမိ၏သာလျှင် ကောင်းမှု မကောင်းမှု ပြုသည်တို့ကိုရင်း၊ ကောင်းမှု မကောင်းမှု မပြုသည်တို့ကိုရင်း ရှုဆင်ခြင်ရာ၏"—

ဟူသော တရားတော်ကိုလည်း မြတ်စွာဘုရား တပည့်သား သာကီဝင်မင်းသား သဒ္ဒါ၍ ရဟန်းပြုကြသည့် ရဟန်းတို့သည် အဖန်တလဲလဲ နာကြားကြ၍ ဟောကြားကြ၍ အနက် အဓိပ္ပါယ်ကို စူးစမ်းဆင်ခြင်ကြ၍ ထိုတရားတော် အားလျော် စွာ နှလုံးသွင်းကြကုန်၍ သူတပါး၏ ပြုအပ် မပြုအပ်သော အပြစ်ကို မကြည့်ကြကုန်မူ၍ မိမိပြုအပ် မပြုအပ်သော အပြစ် ကိုသာ ဆင်ခြင်ကြကုန်လော့။ ဥပမာမည်သည်ကား လှေ သူကြီးယောကျ်ားသည် သမုဒ္ဒရာ၏ အလယ်၌ ကြီးစွာသော လှိုင်းလေအဟုန် အစရှိသည်တို့ဖြင့် နှိပ်စက်ခံရသည့် မိမိလှေ သည် လျင်မြန်စွာအလိုရှိတိုင်းသောကမ်းသို့ အစဉ်ရောက်၏၊ ထိုထို အခြင်းအရာအားဖြင့်သာ အားထုတ်ခြင်းကို ဖြစ်စေ၍ သတိပြု၍ မောင်းနှင်သကဲ့သို့ ထို့အတူပင်လျှင် မိမိအားထုတ် ရမည့် ရဟန်းတရားတို့ကိုသာလျှင် အားထုတ်၍ ငြင်းခုံခြင်း

ဘေးဖြင့် မိမိအား ဘေးမရှိရန် ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်းဖြင့် ကြံဆ၍နေခြင်းငှါ တတ်နိုင်ကုန်၏။

အိမ်ရာတည်ထောင် လူ့ဘောင်၌နေကြသည့် ဒါယကာတို့သည်ကား များသောအားဖြင့် ဆိုခဲ့ပြီးသည့် တရားတော်ကို မနာကြားရသဖြင့် မသိကြကုန်၍ မိမိ၏ပြုအပ် မပြုအပ်သော အပြစ်ကို မဆင်ခြင်ကြပဲ သူတပါးတို့၏ ပြုအပ် မပြုအပ်သော အပြစ်ကိုသာလျှင် ဆင်ခြင်ကြ၍ ထိုသူတို့အား အမျက်ထွက်ကြကုန်၏၊ ကဲ့ရဲ့ကြကုန်၏၊ ရှုတ်ချကြကုန်၏၊ မကောင်းမှုအကုသိုလ်တရား များစွာတို့ကို ပွါးစေ၍ ရဟန်းတို့၏ ငြင်းခုံခြင်းဘေးဖြင့် ကိုယ်တိုင်နှိပ်စက်ခံရ၍ ပျက်စီးကြကုန်၏၊ ဖရိုဖရဲ ပျက်စီးကုန်၏။

ထိုသို့တပြီးကား ငါ့ရှင် ဒါယကာတို့ ယခုအခါ၌ ငါတို့ ဟောကြားသည့် မြတ်စွာဘုရား တရားတော်ကို နှုတ်၌ တတ်သည်ကိုပြု၍ အနက်အဓိပ္ပါယ်ကို စူးစမ်းဆင်ခြင်၍ အပါယ်ဘေးမှ ထိတ်လန့်ခြင်းကိုဖြစ်စေ၍ သူတပါးတို့၏ ပြုအပ် မပြုသော အပြစ်ကိုမကြည့်ဘဲ မိမိ၏ ပြုအပ် မပြုအပ်သော အပြစ်ကိုသာလျှင် ဆင်ခြင်ကြ၍ ရဟန်းတို့၏ ငြင်းခုံခြင်း ဘေးကြောင့် မိမိတို့အား ဘေးမရှိစေရန် ဘေးမဲ့စေရန် အားထုတ်ခြင်း ဖြစ်ကြပါလော့၊ သတိကို ဖြစ်ကြပါစေလော့၊ ပညာဆင်ခြင်မှုကို ပွါးစေကြပါလော့။

မြတ်စွာဘုရားသည် ဤတရားစကားတော်ကိုလည်း ဟောတော်မူခဲ့ပါသည်။ ရဟန်းတို့၊ သည်းမခံခြင်း၌ အပြစ်တို့သည် ဤငါးပါးတို့တည်း။ အဘယ် ငါးပါးတို့နည်းဟူမူကား- များစွာသော လူအပေါင်း၏ မချစ်အပ်သည့် နှလုံးကိုမပွါးစေတတ်

သည် ဖြစ်၏။ များစွာသောရန် ရှိသည်လည်းဖြစ်၏။ အပြစ်များသည်လည်း ဖြစ်၏။ တွေဝေသည်ဖြစ်၍ သေခြင်းကိုပြု၏။ သေသည်မှနောက်၌ မကောင်းသူတို့၏ လားရာ ဖြစ်သော၊ ချမ်းသာခြင်းကင်းသော၊ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ ဖြစ်ရ၏။ ဤငါးပါးတို့တည်း။

ဤသို့လျှင် မြတ်စွာဘုရား ဟောတော်မူခဲ့ပါသည်။

ရဟန်းတို့၊ အားတို့သည် ဤရှစ်ပါးတို့တည်း၊ အဘယ်ရှစ်ပါးတို့နည်းဟူမူကား-ရဟန်းတို့၊ သူငယ်တို့သည် ငိုခြင်းလျှင် အားရှိကုန်၏။ မိန်းမတို့သည် အမျက်ထွက်ခြင်းလျှင် အားရှိကုန်၏။ ခိုးသူတို့သည် လက်နက်လျှင် အားရှိကုန်၏။ မင်းတို့သည် အစိုးရခြင်း စည်းစိမ်လျှင် အားရှိကုန်၏။ သူမိုက်တို့သည် ဆူပူခြင်းလျှင် ခွန်အားရှိကုန်၏။ ပညာရှိ တို့သည် ငြိမ်းချမ်းခြင်းလျှင် အားရှိကုန်၏။ များသော အကြားအမြင် ရှိကုန်သော သူတို့သည် ဆင်ခြင်ခြင်းလျှင် အားရှိကုန်၏။ ရဟန်းပုဏ္ဏားတို့သည် သည်းခံခြင်းလျှင် ခွန်အားရှိကုန်၏။ ဤရှစ်ပါးတို့တည်း။

> အကြင်သူသည် အမျက်ထွက်သောသူကို ပြန်၍ အမျက်ထွက်၏။ ထိုသူသည် ပဌမ အမျက်ထွက်သူထက်ပို၍ ယုတ်မာ၏။ အမျက်ထွက်သူကို ပြန်၍ အမျက် မထွက်သူသည် စစ်မြေပြင်၌ အောင်နိုင်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည်မည်၏။

အထူးထူး အပြားပြားရှိသော ထိုတရားဒေသနာကိုလည်း ဘုရားသခင်၏ တပည့် သာကီဝင်မင်းသား ရဟန်းတို့သည်

အဖန်တလဲလဲ ကြားနာ၍ ဟောကြားတော်မူကြ၍ အနက် အဓိပ္ပါယ်ကို စူးစမ်းဆင်ခြင်၍ သည်းခံခြင်း အကျိုးများ ကိုရင်း သည်းမခံခြင်း အပြစ်များကိုရင်း အဖန်တလဲလဲရှုကြ၍ ငြင်းခုံခြင်းဘေးကို မှီ၍ နှုတ်ကြမ်းတမ်းသူ, စကားပြန် လှန်သူ, စကားများသူ, ခိုက်ရန် ပြုတတ်သူ, ငြင်းခုံတတ်သူ တို့ မကောင်းသဖြင့် ဆိုအပ်သည့်စကား, မကောင်းသဖြင့် ရောက်လာသည့်စကား, မကောင်းသဖြင့် ပြောအပ်သည့် စကားအမျိုးမျိုးတို့ကို သည်းခံ၍ ထိုသို့သဘောရှိသော နား မချမ်းသာသောစကား, နားခါးသော စကား, ကြမ်းတမ်း သော စကားတို့ကို မှီ၍ ပညာမဲ့ လူတို့ကဲ့သို့ မိမိကိုယ်ကို ယုတ်မာသောပုဂ္ဂိုလ်၏ အဖြစ်သို့ မရောက်စေမူ၍ လူယုတ် ၏ အဖြစ်ကို မဖြစ်စေမူ၍ ကြံချောင်းသည် ဖြတ်တိုင်း ဖြတ် တိုင်းလည်း မိမိကိုယ်ကို သာယာအပ်သည် သာယာအပ်သည် ဖြစ်သကဲ့သို့ရင်း စန္ဒကူးသည် ပွတ်တိုင်း ပွတ်တိုင်းလည်း မိမိ ကိုယ်ကို ကောင်းသောအနံ့ရှိသည် ကောင်းသောအနံ့ရှိသည် ဖြစ်သကဲ့သို့ရင်း ရွှေသည် ကျိုချက်တိုင်း ကျိုချက်တိုင်း လည်း မိမိကိုယ်ကို အဆောင်တောက်ပသည် အဆောင်တောက် ပသည် အဆင်းလှသည် အဆင်းလှသည် ဖြစ်သကဲ့သို့ ရင်း၊ ကျောက်မျက်ရတနာသည် သွေးတိုင်း သွေးတိုင်းလည်း မိမိကိုယ်ကို အရောင်တောက်သည် အရောင်တောက်သည် ဖြစ်သကဲ့သို့ရင်း၊ ထိုအတူပင်လျှင် လူဆိုးလူမိုက်တို့သည် မိမိ ကိုယ်ကို ဖျက်ဆီးအပ် ဖျက်ဆီးအပ်ကုန်သော်လည်း မိမိ၏ သူတော်ကောင်း သူတော်ကောင်း၏ အဖြစ်ကို ဖြစ်စေ၍ ပညာရှိ ပညာရှိ၏ အဖြစ်ကို ထင်ရှားပြ၍ ကြည်ညိုဘွယ် ကြည်ညိုဘွယ် ရှိသည်၏ အဖြစ်ကို ပွါးစေ၍ တပါးကုန်သော

သူတော်ကောင်းတို့၏ တပြိုင်နက် အုတ်အုတ် ကျက်ကျက် ကောင်းချီး ပေးခြင်းကို ဖြစ်စေ၍ မြတ်စွာဘုရား သာသနာတော်၏ အံ့ဘွယ် ရှိသည်၏ အဖြစ်ကိုပြ၍ စင်စစ် မှန်မြတ်သည်၏ အဖြစ်ကိုပြ၍ သတ္တဝါတို့၏ ထူးသော တန်းဆာ၏ အဖြစ်ကို ထင်ရှားပြ၍ စင်စစ်ကောင်းမှုပြုရာ လယ်ယာမြေကောင်း သဖွယ်၏ အဖြစ်ကိုပြ၍ မိမိနှင့် ငြင်းခုံခြင်းဘေးဖြင့် နှိပ်စက်ခံရသည့် အခြားသောသတ္တဝါတို့၏ အကျိုးငှါ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ ပြုခြင်းငှါ ကောင်းစွာထတ်နိုင်ကုန်၏။

အခြားကုန်သော အိမ်ရာထောင်သူ လူတို့သည်ကား မျှားသောအားဖြင့် ထိုသို့သဘောရှိသော ဆိုအပ်ပြီးသည့် တရားဒေသနာတော်ကို မနာကြားရကုန်၍ နာကြားရ ကုန်သော်လည်း အနက်အဓိပ္ပါယ်ကို အနည်းငယ် သိကုန်သော်လည်း ရာဂဒေါသစသည့် ညစ်ညူးကြောင်းကိလေသာတို့ဖြင့် မပြတ်နှိပ်စက်ခံရကုန်၍ ထို တရား ဒေသနာအားလျော်စွာ နှလုံးမသွင်းနိုင်ကြ၍ သည်းခံခြင်းအကျိုးများနှင့် သည်းမခံခြင်း၏အပြစ်များကို မမြင်နိုင်ကြဘဲ သူတပါးတို့ မိမိအပေါ်၌တင်အပ်သော အနည်းငယ်သော အပြစ်ကိုပင် သည်းခံခြင်းငှါ မတတ်နိုင်ကုန်၍ စိတ်ဆိုး အမျက်ထွက်ကြ၍ ဒေါမနဿဖြင့်နှိပ်စက် ခံရကုန်၍ တပါးကုန်သော သူတော်ကောင်းတို့ကို ကဲ့ရဲ့ကြကုန်၏၊ ရှုတ်ချကြကုန်၏၊ ဆဲရေးကြကုန်၏၊သာသနာတော်၏ အဓိပ္ပါယ်ကိုပြုတတ်သည့် မဆိုအပ် မဆိုထိုက်သည့်စကားတို့ကို ပြောဆိုကြကုန်၏၊ သံသရာ၌ မိမိ၏ ကိုးကွယ်ရာကို ဖျက်ဆီးကြကုန်၏၊ရဟန်းတို့၏ ငြင်းခုံခြင်း အကြောင်း

ကို မှီ၍ မိမိတို့ကိုယ်တိုင် အထူးထူး အပြားပြား ပျက်စီးကြ ကုန်၏။

ဥပမာမည်သည်ကား အချင်းချင်း ခွေကြသည့် ကျွန်နှစ် ကောင်တို့၏အလယ်၌ ရှိနေကြသည့် ကလေးသူငယ်နှင့် ပိုးရှု ခြပုန်းတို့သည် ထိုကျွဲတို့ အခွေခံရ အနင်းခံရ၍ သေရကုန် သည်နှင့် တူလှပါသည်။

ထို့ကြောင့်သာလျှင် ငါ့ရှင် ဒါယကာတို့၊ သင်တို့သည် ယခုအခါ၌ ငါဟောအပ်သည့် ကိုးကွယ်ရာမဲ့သူတို့အား ကိုး ကွယ်ရာပြုတတ်သည့် ဘုရားစကားတော်ကို ကြားနာ ကြရ ၍ ကြည်ညိုကြကုန်၍ထိတ်လန့်ခြင်းကိုဖြစ်စေကြကုန်၍ သည်း ခံခြင်း အကျိုးများနှင့် သည်းမခံခြင်းအပြစ်များကို ကောင်း စွာ မြင်ကြ၍ မိမိအပေါ် သူတပါးတို့ တင်အပ်သည့် အပြစ် တို့ကို သည်းခံကြကုန်၍ ရဟန်းတို့ ငြင်းခုံခြင်းအဓိကရုဏ်းကို မှီ၍ မိမိတို့ကိုယ်တိုင် မပျက်စီးစေရန် သတိပြုကြပါကုန်လော့။ ဆင်ခြင်ခြင်းပညာကို ပွါးများပါကုန်လော့၊ အချင်းချင်း ခွေ ခတ်ကြသည့် ကျွဲနှစ်ကောင်တို့ အလယ်၌ ထိုကျွဲတို့ ခွေခတ်ခံရ အနင်းခံရ၍ သေကြရသည့် ကလေးသူငယ်နှင့် ပိုးရှုခြပုန်းတို့ ကဲ့သို့ မဖြစ်ကြပါစေကုန်လင့်။

> "ဤလောက၌ လူမိုက်တို့သည် ငါတို့သည် သေ ကြလိမ့်မည်ဟု မသိကြကုန်။ ထိုမသိမှုကြောင့် ခိုက်ရန် ငြင်းခုံမှုတို့သည် မပြေငြိမ်းနိုင်ကြကုန်။ ဤလောက၌ ပညာရှိသူတို့သည် ငါတို့ သေကြလိမ့်မည်ဟု သိကြ ကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှု တို့သည် ပြေငြိမ်းနိုင်ကုန်၏" —

ဟူသော အကြင်တရား ဒေသနာတော်ကိုလည်း ဘုရားရှင် ဟောကြားတော်မူခဲ့၏။

ထိုတရား ဒေသနာတော်ကိုလည်း ဘုရားသခင် တပည့်သာကီဝင်မင်းသား ရဟန်းတို့သည် အဖန်တလဲလဲ ကြားနာကြ၍ တပါးကုန်သော သူတို့ကို ဟောကြားကြ၍ အနက်အဓိပ္ပါယ်ကို သိကြ၍ ထိုအနက်အဓိပ္ပါယ် အားလျော်စွာ နှလုံးသွင်းကြပါကုန်လော့။

ဥပမာမည်သည်ကား – တောအုပ်၌ သားကောင် နှစ်ကောင်တို့သည် မိမိတို့အား စားခြင်းငှါလာကြကုန်သည့် ကျားနှင့် ခြင်္သေ့တို့ကို မမြင်ကြကုန်၍ ထိုကျားနှင့်ခြင်္သေ့တို့၏ အနီး မျက်မှောက်၌ တည်ကြ၍ အချင်းချင်း ငြင်းကြကုန်စဉ်ပင်လျှင် ထိုကျား ခြင်္သေ့တို့၏ အစာအဖြစ်သို့ ရောက်ကြကုန်သကဲ့သို့ရင်း၊

ဥပမာတနည်းသော်ကား – ကြွက်နှစ်ကောင်တို့သည် တစုံတခုသော အစာကို အမှီပြု၍ အချင်းချင်း ကိုက်ကုန်စဉ်ပင်လျှင် မိမိအား စားခြင်းငှါ လာသည့် ကြောင်ခံတွင်းသို့ ဝင်ရကုန် သကဲ့သို့ရင်း၊ ဤအတူသာလျှင် ငါတို့သည် ငြင်းခုံခြင်း ပြုကြကုန်၍ အချင်းချင်း ဆုံးရှုံးခြင်းကို အလိုမရှိကြကုန်၍ အကြင်အခြင်းအရာအားဖြင့် မိမိတို့ ဆောင်နိုင်ကုန်၏၊ ဂိုဏ်းတပါး အယူတပါး ရှိကြသည့် ပုဂ္ဂိုလ်တို့ကို နှိပ်စက်ခြင်းငှါ တတ်နိုင်ကုန်၏။ ထိုသို့သော အခြင်းအရာအားဖြင့်သာလျှင် အကြောင်းကိုရှာကုန်လျက် စကားကို ဆိုကုန်လျက် တပါးသော ပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ကြကုန်၍ ရွတ်ချကြကုန်၍သာလျှင် သေမင်း၏ ခံတွင်းသို့ ဝင်၍ များစွာသော ဆင်းရဲ

တို့ဖြင့် ရောပြွမ်းသည့် ကြောက်လန့်ဖွယ် သေမင်းနိုင်ငံသို့ ရောက်ကြရကုန်အံ့။ ဤသို့ ထိတ်လန့်၍ သတိပြုကြပါကုန်၊ ဆင်ခြင်မှုကို ပွါးများကြပါကုန်၊ အချင်းချင်း ငြင်းခုံခြင်းတို့ကို ငြိမ်းခြင်းငှါ ငြိမ်းအေးစေခြင်းငှါ အထူးသဖြင့် ငြိမ်းအေးစေခြင်းငှါ အလွန်အလိုရှိကြကုန်လျက် တောင့်တကြကုန်လျက် အချင်းချင်း အာရုံပြု၍ ရေး၌ ဖြစ်ခဲ့သည့် အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းတို့ကို ပယ်ခွါကြပါကုန်၊ ဖျောက်ဖျက်ကြပါကုန်၊ မေတ္တာဖြင့် စေ့စပ်ခြင်းကို ပြုကြပါကုန်၊ ငြင်းခုံခြင်းဘေး၏ အလယ်၌ နေကြကုန်လျက်လည်း ထိုသို့ သဘောရှိသော ငြင်းခုံခြင်း ဘေးဖြင့် မိမိတို့အား ဘေးမရှိရန် မပျက်စီးစေရန် နေခြင်းငှါ တတ်နိုင်ကြပါကုန်လော့။ ထိုသို့ သဘောရှိသော မရဏာဿတိ ဘာဝနာဖြင့် ပွါးခြင်းရှိသော သူတော်ကောင်း ပုဂ္ဂိုလ်တို့ကို ထိုသို့ သဘောရှိသည့် ငြင်းခုံခြင်း ဘေးတို့ကို ဖျက်ဆီးခြင်းငှါ မတတ်နိုင်ကုန်၊

ဥပမာမည်သည်ကား ရေအိုင်အတွင်း၌နေသော လူတို့ကို တောမီးသည် လောင်ခြင်းငှါ မတတ်နိုင် ကုန်သကဲ့သို့ ဖြစ်ပါသည်။ တပါးကုန်သော အိမ်ရာ တည်ထောင် လူ့ဘောင်နေ လူတို့သည်ကား ထိုသို့ သဘောရှိသော ဆိုခဲ့ပြီးသည့် တရားဒေသနာတော်ကို များသောအားဖြင့် မနာကြား ရကုန်၊ နာကြားရကုန် သော်လည်း အနက်အဓိပ္ပါယ်ကို ကောင်းစွာ မသိကြကုန်၊ အနက်အဓိပ္ပါယ်ကို အနည်းငယ် သိကုန် သော်လည်း ဟုတ်မှန်သော အခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းငှါ မတတ်နိုင်ကုန်၊ နှလုံးသွင်းနိုင် ကုန်သော်လည်း ကြီးစွာသော မီးပုံကြီး အလယ်သို့ ကျသော တလက်ဆွမ်းမျှသောရေသည့်

လျင်မြန်စွာ ပျောက်သကဲ့သို့ ထို မရဏဿတိ ကမ္မဋ္ဌာန်းသည် လျင်မြန်စွာ ပျောက်ပျက်၍ ထိုသို့သသောရှိသော မိမိအား ငံ့လင့်နေသည့် ဆိုခဲ့ပြီးသည့် သေခြင်းဘေးနှင့် အပါယ်ဘေး တို့ကို မမြင်နိုင်ကြကုန်၊ မအောက်မေ့နိုင်ကြကုန်၊ ရဟန်းတို့၏ ငြင်းခုံခြင်းဘေးကို မှီ၍ မိမိတို့ ကိုယ်တိုင်အချင်းချင်း အမျက် ထွက်ကြ၍ ပွါးစေအပ်ကုန်သော အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ ခြင်း အစရှိသည်တို့ကို ပျောက်ဖျက်ခြင်းငှါ မတတ်နိုင်ကြကုန်၊ အသက်ထက်ဆုံးလည်း ရန်ငြိုးဖွဲ့၍ အချင်းချင်း ဆဲရေးကြ ကုန်၏၊ ကဲ့ရဲ့ကြကုန်၏၊ တပါးသော ဂိုဏ်းဝင် ဖြစ်ကုန်သော သူတော်ကောင်း သီလဝန္တ ရဟန်းတို့၌လည်း အမျက်ထွက် သော စိတ်ရှိကုန်၍ ပြစ်မှားစိတ်ရှိကြကုန်၍ မိမိ၏ နတ်ရွာ ခရီးလမ်းကို ကောင်းစွာပိတ်၍ အပါယ်လမ်း ခရီးကိုသာလျှင် ကောင်းစွာဖွင့်ကြကုန်၏။ သူတော်ကောင်း ဖြစ်ကြသည့် သတ္တဝါ အားလုံးအား စင်စစ် ကိုးကွယ်ရာကို ပြုတတ်သည့် မြတ်စွာဘုရား သာသနာတော်ကိုမှီ၍ ကိုယ်တိုင် ပျက်စီးကြ ရကုန်၊ အထူးသဖြင့် ပျက်စီးကြရကုန်၏။

ဥပမာ မည်သည်ကား– ပိုးရွခြပုန်း သတ္တဝါ တို့သည် လူ တို့အား စင်စစ် ကိုးကွယ်ရာကို ပြုတတ်သည့် သုံးသီးသော ကောက်တို့ကို ပြီးစေတတ်သည့် ကြီးစွာသော မိုးကြီးကိုမှီ၍ မိုးရေ၌မြုပ်၍ သေဘေးကို တွေ့ရကုန်သကဲ့သို့ငှင်း၊

ဥပမာတချို့ကား –ပိုးရွခြပုန်းတို့သည် လူတို့အား ချမ်း သာခြင်းကို ပြုတတ်သည့် ချိုမြိန်သော တင်လဲရေ၌သာလျှင် ဆင်းသက်၍ သေကြရကုန် သကဲ့သို့ငှင်း ဖြစ်ပါသည်။

ထို့ကြောင့်သာလျှင် ငါရှင် ဒါယကာတို့၊ သင်တို့သည် မြတ်စွာဘုရား သာသနာတော်ကို မှီ၍ မိမိတို့ မပျက်စီးစေရန် အကျိုးစီးပွါး မယုတ်စေရန် သတိပြုကြပါကုန်လော့။ လူတို့၏ စင်စစ်ကိုးကွယ်ရာ ပြုတတ်သည့် သုံးသီးကောက်တို့ ပြီးစေနိုင်သော မိုးကြီးကိုမှီ၍ရင်း တင်လဲရေကို မှီ၍ရင်း သေဘေး နှင့် ထိတွေ့ကြရသည့် ပိုးရွခြပုန်း တို့ကဲ့သို့ မဖြစ်စေကြပါ ကုန်လင့်၊ ဤသို့ ငါတို့သည် သင်တို့အား သနားခြင်းကို အကြောင်းပြု၍ အဆုံးအမကို ပေးပါကုန်၏။

> "သူတော်ကောင်းတို့သည် အကယ်၍ ငြင်းခုံကြသော်လည်း တဖန် လျင်မြန်စွာသာလျှင် မိတ်ဆွေအဖြစ်ဖြင့် စေ့စပ်ပြေငြိမ်းခြင်းကို ပြုကြကုန်၏၊ လူမိုက်တို့သည်ကား မြေအိုးတို့ကဲ့သို့ ကွဲတတ်ကုန်၏။ ထိုလူမိုက်တို့သည် ငြိမ်းအေးခြင်းကို မရနိုင်ကုန်" ဟူသော အကြောင်းဂါထာကိုလည်း ငြင်းခုံခြင်းကို နှိပ်ကွပ်ရာ ဇာတ်၌ မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ထိုတရားဒေသနာကိုလည်း မြတ်စွာဘုရား၏တပည့် သာကီဝင်မင်းသား သူတော်ကောင်းရဟန်းတို့သည် အဖန်တလဲလဲ ကြားနာကြရ၍ အနက်အဓိပ္ပါယ်ကို သိကြ၍ ထိုအနက် အဓိပ္ပါယ်အားလျော်စွာ နှလုံးသွင်းကြ၍ ငြင်းခုံခြင်းဘေးကို မှီ၍ အချင်းချင်း အမျက်ထွက်၍ စိတ်ခုကြကုန်သော်လည်း ရှေ့ခွက်တို့သည် တစုံတခုသော ဆန့်ကျင်ဘက်အကြောင်း ကြောင့် ပေါက်ပြကုန်သော်လည်း ပန်းထိမ်သည်တို့ ဆက်စပ် အပ်ကုန်သော် လွယ်ကူလျင်မြန်စွာ စပ်ကုန်သကဲ့သို့ ထိုအတူ သာလျှင် အခြားသီတင်းသုံးဖော် တပါးကုန်သောသူတို့က

တရားကိုဟောပြော၍ အောက်မေ့စေအပ်သော်ရင်း၊ မိမိကိုယ်တိုင် အောက်မေ့၍ရင်း၊ သည်းခံခြင်းအကျိုးနှင့် သည်းမခံခြင်း အပြစ်များကို ကောင်းစွာ ရှုမြင်ကြ၍ အဖန်တလဲလဲ အောက်မေ့ကြ၍ ငါ၏ အပြစ်အားလုံးတို့ကို သည်းခံကြပါကုန်လော့ဟု ဆို၍ အချင်းချင်း လျင်မြန်စွာ သည်းခံ၍ ထိုငြင်းခုံခြင်းဘေးကို အချင်းငြိမ်းငြိမ်းစေခြင်းငှါ မတတ်နိုင်သော်လည်း ထိုငြင်းခုံခြင်းဘေးကို မှီ၍ ကိုယ်တိုင်မပျက်စီးစေရန် ဘေးမရှိစေရန် နေနိုင်ကြပါကုန်၏။

ဥပမာမည်သည်ကား—ကြီးစွာသော တောအုပ်၌ တောမီးလောင်သောအခါ ပျံနိုင်သော ကျီးကန်း၊ စွန်ရဲ၊ လင်းတတို့သည် မိမိတို့၏ အသိုက်မှ ထ၍ အလိုရှိသည့် ဘေးမဲ့ရာအရပ်သို့ပျံသန်းကြ၍ ထိုတောမီးဖြင့် မိမိတို့ ဘေးမရှိအောင်နေခြင်းငှါ တတ်နိုင်ကုန်သကဲ့သို့ ဖြစ်ပါသည်။

တပါးကုန်သော အိမ်ရာထောင်သူ လူတို့သည်ကား ထိုသို့ သဘောရှိသော ဆိုခဲ့ပြီးသည့် တရားဒေသနာတော်ကို များသောအားဖြင့် မနာကြားကြကုန်၍၊ နာကြားရကုန်သော်လည်း အနက်အဓိပ္ပါယ်ကို မသိကြကုန်၍၊ သိကုန်သော်လည်း ထိုတရားဒေသနာ အားလျော်စွာ ပြုခြင်းငှါ မတတ်နိုင်ကြကုန်၊ ငြင်းခုံခြင်းဘေးကို မှီ၍ အချင်းချင်း အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း အစရှိသည်တို့ကိုလည်း ပျောက်ပျက်စေခြင်းငှါ မတတ်နိုင်ကြကုန်။ ပျောက်ပျက်ရန် မသိကုန်၍ ပယ်ခြင်းငှါ မတတ်နိုင်ကြကုန်။ မြေခွက်တို့သည် တကြိမ်ကွဲခဲ့သော် တဖန်ပြုကတေ့အတိုင်း ပြုခြင်းငှါ မတတ်နိုင်ကုန်သကဲ့သို့ သူတော်ကောင်းတို့သည် ဆုံးမကုန်သော်လည်း မအောက်မေ့နိုင်

ကြကုန်၊ ရန်ကို မစွန့်လွှတ်နိုင်ကြကုန်၊ အခါခပ်သိမ်း ရန်ငြိုးဖွဲ့ကြကုန်၏၊ ရှေးအခါကဲ့သို့ အချင်းချင်း တဖန် ချစ်ခင်သော အဆွေခင်ပွန်းဖြစ်ရန် မစွမ်းနိုင်ကြကုန်။ အချင်းချင်း မစွန့်လွှတ်သည့် ရန်ငြိုးဖွဲ့သော စိတ်တို့ဖြင့် သေဘေးဖြင့် နှိပ်စက်ခံရကုန်သော် ရဟန်းတို့၏ ခိုက်ရန်ဖြစ်ခြင်းဘေးကို မှီ၍ အပါယ်ဘုံတို့၌ ကျရောက်ကုန်၏၊ စီးပွါးမဲ့ ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏၊ ဥပမာ မည်သည်ကား—တောမီးလောင်သောအခါ၌ ထိုထို ချုံကြား၌ရှင်း၊ ထိုသို မြက်ကြား၌ရှင်း နေကြသည့် မပျံနိုင်သည့် ပိုးရွ ခြပုန်း အစရှိသည်တို့သည် မီးပုံကြီးအလယ်၌ သေကြရကုန်သည်နှင့် တူလှပါသည်။

ထို့ကြောင့်သာလျှင် ငါ့ရှင်ဒါယကာတို့၊ သင်တို့သည် ယခုအခါ၌ ငါတို့ဟောအပ်သည့် ဆိုခဲ့ပြီးသော ထိုမြတ်စွာဘုရား၏ တရားတို့ကို ကောင်းစွာ နာကြားကြကုန်၍ သိကြကုန်၍ ရှေး၌ ငြင်းခုံခြင်းဘေးကိုမှီ၍ အချင်းချင်းစိတ်ဆိုး၍ ဖြစ်ပေါ်ကြသည့် အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း အစရှိသည့် မိမိရောသူတပါးပါ အကျိုးမဲ့ကို ပြုတတ်သည့် ကိလေသာတည်းဟူသော ညစ်ညူးကြောင်းတို့ကို ပယ်ဖျောက်ခြင်းငှါ အားထုတ်ကြပါကုန်လော့၊ သတိကို ဖြစ်စေကြပါကုန်လော့၊ ပညာကို ပွါးများကြပါကုန်လော့၊ ဘုရားသခင် အလုပ်အကျွေးဖြစ်ကြသည့် သူတော်ကောင်းတို့သည် လိမ္မာသော ပန်းထိမ်ဆရာ ကောင်းစွာ ဆက်စပ်အပ်သည့် ရွှေခွက်နှင့်တူပါကြကုန်လော့၊ အချင်းချင်း ကြာမြင့်စွာ ရန်ငြိုးဖွဲ့၍ အိုးလုပ်သမား မကောင်းသဖြင့် ဆက်စပ်အပ်သည့် အိုးကွဲကဲ့သို့ မဖြစ်စေကြပါကုန်လင့်။

လက်ာသာသန မြန် ၂၁—ပ-မ-သ-စ်

ဇမ္ဗူရာဇ်ရွှေကို သိင်္ဂနိက်ရွှေနှင့် ကောင်းစွာ စပ်အပ်သကဲ့သို့ ဘုရားသခင်၏ ဥပါသကာဖြစ်ကြသည့် ဂိုဏ်းတပါးသား သင်တို့သည် ဘုရားသခင်၏ ဥပါသကာဖြစ်ကြသည့် ဂိုဏ်းဝင်တပါးသား ဒါယကာတို့နှင့် အချင်းချင်းကောင်းစွာ ဆက်စပ်ကြပါကုန်လော့။

သင်ဒါယကာတို့အား သနားခြင်းကိုစွဲ၍ အဖန်တလဲလဲ အဆုံးအမပေးကြသည့် ငါတို့ကဲ့သို့ ကျွန်းတပါးနေ ဇမ္ဗူဒီပကျွန်းသား ထေရ်ကြီး ထေရ်ငယ်တို့ကိုရင်း၊ သီဟိုဠ်ကျွန်းနေသင်တို့အားအဖန်တလဲလဲ အဆုံးအမပေးကြသည့်ဆရာသမားစသော ထေရ်ကြီး ထေရ်ငယ်တို့ကိုရင်း အလေးအမြတ်ပြု၍ မိမိတို့အား ငံ့လင့်နေသော သေဘေးကိုရင်း၊အပါယ်ဘေးကိုရင်း အဖန်ဖန် အောက်မေ့ကြ၍ ထိုဘေးမှ လွတ်မြောက်ခြင်းငှါ သတိပြုကြကုန်လော့။

ငါ့ရှင် ဒါယကာတို့၊သင်တို့သည် ယခုအခါ၌သာလျှင် ရှေးဦးစွာ အချင်းချင်း သည်းခံစေ၍ မေတ္တာစိတ်ကို ပြန့်နှံ့စေ၍ ထိုမှနောက်၌ သင်တို့အားလုံးသည် တပေါင်းတည်းဖြစ်၍ တူသော ဆန္ဒရှိကြကုန်လျက် ဝမ်းမြောက်ကြကုန်လျက် ရဟန်းသံဃာတို့ကို ကန်တော့ကြ၍ ဂိုဏ်းတပါးသား ထေရ်ကြီး ထေရ်ငယ်တို့၌ အထူးသဖြင့်သည်းခံခြင်းကို ပြုကြပါကုန်လော့၊ မိမိအပေါ်၌ တင်ထားသည့် မီးပုံမီးလျှံကို လျင်မြန်စွာ ငြိမ်းကြကုန်လော့၊ အထူးသဖြင့် ငြိမ်းအေးစေကြပါကုန်လော့၊ ဤသို့လျှင် သင်ဒါယကာတို့သည် ရှေး၌ ပုထုဇဉ်အဖြစ်ဖြင့်မိုက်မဲတွေဝေသည့် အားလျော်စွာ ထေရ်ကြီး ထေရ်ငယ် ထေရ်လတ်ဖြစ်ကုန်သော ရဟန်းတော်တို့၌ စိတ်ဆိုးပြစ်မှားမိ၍ ဖြစ်စေ

အပ်သည့် အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း အစရှိသည်တို့သည် အကျိုးပေးခွင့်မရမူ၍ ယခုအခါ သတိရထိတ်လန့်သံဝေဂဖြစ်ကာ ထိုရဟန်းတို့အား သည်းခံစေရန် ရှိခိုးခြင်း၊ ရိုသေခြင်း၊ တုပ်ဝပ်ခြင်း၊ နှိပ်ချခြင်း၊ မြတ်နိုးခြင်းတို့ အစွမ်းအားဖြင့် တိုးပွါးအပ်သည့် ကောင်းမှုတို့သာ အကျိုးပေးခွင့်ရ၍ ကောင်းစွာ အပါယ်တံခါးပိတ်ပြီး ကောင်းစွာ နတ်ရွာတံခါးကို ဖွင့်လျက် အခါခပ်သိမ်း ဝမ်းမြောက်ကြကာ အချင်းချင်း စိတ်ခုခြင်း အမျက်ထွက်ခြင်း မရှိကြဘဲ မေတ္တာနှောင်ဖွဲ့၍ ထေရ်ကြီး-ထေရ်ငယ်-ထေရ်လတ် ရဟန်းတို့၌လည်း ရိုသေကိုင်းညွတ်ခြင်း ရှိကုန်လျက် ကောင်းမှုများစွာတို့ကို ပွါး၍ မြတ်စွာဘုရားသာသနာတော်ကို မှီ၍ မြတ်သော သေခြင်းကင်းသော နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ကြကုန်လော့၊ ဤသို့ ငါတို့သည် အလုပ်အကျွေးဖြစ်သည့် သင်တို့အား သနားခြင်းကို စွဲ၍ အဆုံးအမ ပေးပါကုန်၏။

ဤဆိုအပ်ခဲ့ပြီးသည့်ကား ဤနေရာ၌ ဇမ္ဗူဒီပကျွန်းမှ လာသော အရှင်ဇာဂရ မထေရ်သည် အခါခပ်သိမ်း ငြင်းခုံခြင်းဖြစ်ကြသည့် ခိုက်ရန်ဖြစ်ကြသည့် တဘက်ဂိုဏ်းဝင်သီဟိုဠ်ကျွန်းသား ဒါယကာတို့အား ငြင်းခုံခြင်းဘေးငြိမ်းစေခြင်းငှါ ပေးအပ်သော ချိုမြိန်သာယာသော အဆုံးအမစကားတည်း။

နိဂုံး

ဤသို့ အရှင်ဇာဂရထေရ် ပြုအပ်သည့် သီဟိုဠ်သာသနာတော်နှင့်စပ်သော အဆုံးအမစကားသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြီးဆုံးပါပြီ။

တဖန်ပို့အပ်သော သတင်းစကားသည် ပြီးပြီ။

စွယ်တော်ဓာတ်ပူဇော်ခြင်းကို တောင်းပန်သောသဝဏ်လွှာ

အဘယ်သူသည် ဤသဝဏ်လွှာကို ပြုစီရင်အပ်သနည်း၊ ဤသို့ မေးငြားအံ့—

အကြင်ဇာဂရမထေရ်သည် မြတ်စွာဘုရားသာသနာတော် သက္ကရာဇ် ၂၄၂၂-ခု၊ တပို့တွဲလသို့ ရောက်သောအခါ သီဟိုဠ်ကျွန်းသို့ သွား၍ ဂါလုမြို့သို့ရောက်သော် ထိုမြို့မှစ၍ သေခဏ္ဍမြို့တိုင်အောင် လာတိုင်း လာတိုင်းသော ရဟန်းတို့ကို၎င်း လူတို့ကို၎င်း အကျင့်စရိုက်အားလျော်သော တရားတော်ကို ဟောကြားဆုံးမ၍ ဆုံးမ၍ ဖြေးဖြေး ဖြေးဖြေးသွားသည်ရှိသော် အစဉ်သဖြင့် စွယ်တော်ဓာတ်မြတ် ဌာပနာထားရာ ဖြစ်သည့် သေခဏ္ဍမြို့သို့ရောက်လေ၏၊ ထိုမြို့၌ အဆင့်ဆင့် အဖုံးအအုပ်ကို ပြု၍ထားအပ်သည့် ရွှေစေတီပုံ ရွှေကြုတ် ခုနစ်ထပ်တို့ဖြင့် ကောင်းစွာလုံခြုံအောင် ဌာပနာ ထားအပ်သည့် အနည်းငယ်နီသော အဆင်း, အနည်းငယ်ဖြူသော အဆင်း, အနည်းငယ် ရွှေသောအဆင်း ဤသို့အဆင်းသုံးပါးတို့ဖြင့် အလွန်တင့်တယ် ကြည်ညိုဖွယ် အံ့ဩဖွယ်ဖြစ်စေသော စွယ်တော်ဓာတ်မြတ်ကို ပူဇော်လိုသည်ဖြစ်၍ စွယ်တော်တိုက် စောင့် မဟာထေရ်နှစ်ပါးနှင့် အမတ်ချုပ်ကြီး(ဝန်ကြီးချုပ်) သုံးယောက်တို့အား စွယ်တော် ဓာတ်မြတ်ကို ပူဇော်ရန် တောင်းပန်လေသည်၊ ထိုအစောင့် ဂေါပကတို့သည် အချင်း

ချင်း တိုင်ပင်ကြ၍ စိတ်သဘောတူညီကြသဖြင့် ဆိုအပ်ခဲ့ပြီးသည့် ရွှေကြုတ်ကိုဖွင့်၍ ကောင်းစွာ ပြုအပ်သော ထိုစွယ်တော်ဓာတ်မြတ်ကို အဖိုးထိုက်တန်လှသည့် အလွန်တင့်တယ်ကြည်ညိုဖွယ်ကောင်းလှသည့် ထီးဖြူရှစ်လက်နှင့် မျက်နှာကြက်ချောက်ခု၊ ထိုမှတပါး များစွာကုန်သော တံခွန်ကုက္ကားတို့ဖြင့် တန်ဆာဆင်အပ်သည့် (၁၁)တင်းသောဆန်တို့ဖြင့်ချက်အပ်သည့် ခဲဘွယ်ဘောဇဉ်တို့ဖြင့် ကောင်းစွာ ဝီရင်အပ်သည့်ဆွမ်းအလှူကို လှူလေ၏။

အရာမကများလှသည့် အလျံတပြောင်ပြောင် တောက်လောင်သည့် ဆီမီးတိုင်တို့ဖြင့်၎င်း, အလွန် မွှေးကြိုင်လှသည့် ပန်းတို့ဖြင့်၎င်း ပူဇော်၍ ကောင်းမှုများစွာတို့ကို ပြုလုပ်လေသည်။ ထိုသခင်္ကာမြို့မှ ပြန်လာသောအခါ ခရီးအကြား ထိုထိုမြို့, ထိုထိုနိဂုံး, ထိုထိုအရပ်တို့၌ လာတိုင်း လာတိုင်းသော ရဟန်းရှင်လူတို့အား သင့်လျော်သော တရားတော်ကို ဟောကြားဆုံးမ၍ ဖြေးဖြေး ဖြေးဖြေး ကြွတော်မူကာ အစဉ်သဖြင့် ဝါလုက ဆိပ်ကမ်းရွာသို့ ရောက်လေ၏။ ထိုရွာ၌ မင်း၏ ဘက်တော်သား အမတ်တယောက် ကောင်းစွာ စိုက်ပျိုးအပ်သည့် အုန်းတောဖြင့် တင့်တယ်လှသည့် စိတ်နှလုံး မွေ့လျော်ဖွယ် ရှိသော တောင်၌ ထိုအမတ်သည် ကောင်းစွာ ဆောက်လုပ်သော ကျောင်း၌ ဝါကပ်လေ၏၊ ထိုကျောင်း၌ လာတိုင်းလာတိုင်းသော ရဟန်း ရှင် လူတို့အား သင့်လျော်သောစကားကို ဟောကြားဆုံးမ၍ သီဟိုဠ်ကျွန်းနှင့် ဇမ္ဗူဒိပ်ကျွန်းရှိ မိမိ၏ အတွင်းနေ တပည့်ရဟန်းတို့ကို ကျမ်းဂန်ပို့ချပြီး ဂိုဏ်းအမျိုးမျိုး ကွဲပြားကြသည့် သီဟိုဠ်ကျွန်းသား

ရဟန်းတို့ ညီညွတ်စေခြင်းငှါလည်း၊ သီဟိုဠ်ကျွန်း သာသနာတော် ထွန်းပစေခြင်းငှါလည်း အားထုတ်ခြင်းကို ဖြစ်စေ၏။ ဤသန္ဒေသကထာကို အရှင်ဇာဂရမထေရ်သည် ပြုပြင် စီရင်အပ်ပါသည်။ ဤသို့ မှတ်အပ်၏။

တောင်းပန်ပုံအခြင်းအရာ

"စွယ်တော်ဓာတ်မြတ်ကို ပူဇော်ခြင်းငှါ တောင်းပန်၍" ဟူသော အကြောင်စကားကို ဤအရာ၌ ဆိုအပ်ခဲ့ပြီ။

ဤအရာ၌ ဤဆိုလတ္တံ့သည်ကား တောင်းပန်ပုံ အခြင်းအရာ ဖြစ်ပါသည်။

သီဟိုဠ်ကျွန်း၌ ထူးသောကောင်းမှု ကုသိုလ်ရှိလှသည့် မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်ကို ကောင်းစွာ စောင့်ရှောက်ကြသည့် ဝန်ကြီးချုပ်နှင့် မဟာသေရ်ကြီး နှစ်ပါးတို့အား ယခုအခါ၌ ကျွန်ုပ်၏ပူဇော်ပွဲ တခုသော ကိစ္စအတွက် လျှောက်ထားပါအံ့။

စွယ်တော်ဓာတ်မြတ်ကို ကောင်းစွာ စောင့်ရှောက်ရသည့် ကောင်းစွာ ပြုခဲ့သည့် ကောင်းမှု ကုသိုလ်ရှိလှသည့် သီဟိုဠ်ကျွန်းသား အရှင်ဘုရားတို့အား လျှောက်ကြားပါအံ့။

အရှင်ဘုရားတို့၊ တပည့်တော်သည်ကား ဇမ္ဗူဒိပ်ကျွန်း ရွှေကျင်ဂိုဏ်းဆရာဟူ၍ မွေးရပ်အမည်ဖြင့် ထင်ရှားပါသည်။ ဇာဂရဟူ၍ ဆရာတို့က ခေါ်ဝေါ်ကြပါသည်။ မင်း၏ဆရာ ဖြစ်ပါသည်၊ ရွှေးမြန်မာ့မင်း နေပြည် ရတနာပုံမြို့ မန္တလေး တောင်၏လိုဏ်ဂူ၌ အတွင်းနေ တပည့်များစွာတို့အား တရား

ဟောကြား ဆုံးမ၍ အားအစွမ်းသတ္တိ အားလျော်စွာတပည့် ပရိသတ်အပေါင်းကိုစာပေပို့ချ၍နေပါ၏။ ထိုနောင်မှငါသည် ထိုမင်းနေပြည် ထိုရွာနေခြင်းမှငြီးငွေ့ရက်ကြောက် စက်ဆုပ်၍ ထိုရွာ၌ နေခြင်းကို ပယ်၍ မင်းနေပြည်မှ မဝေးလွန်းသော တယူဇနာ နှစ်ယူဇနာမျှ ရှိသည့် ရွာမရှိသော တောအရပ်၌ တောရဆောက်တည်၍ နေခဲ့သည်မှာ နှစ်နှစ်ကျော်ခဲ့ပါသည်။ ယခုအခါ၌ ထိုမင်းနေပြည်မှ အလွန်ဝေးသော တဆဲ့ခုနစ် ယူဇနာရှိသည့် "မင်းလှ" အမည်ရှိသော ရွာ၏ "နွားလံ" အမည်ရှိသောတောင် "မဥ္ဇုသက" ကျောင်း၌ နှစ်ယောက် သုံးယောက် တို့ထက်အလွန်ရှိသည့် တပည့်တို့နှင့် နေခဲ့သည် မှာလည်း နှစ်နှစ်လွန်ခဲ့ပါသည်။

အရှင်ဘုရားတို့၊ တပည့်တော်သည် မင်းနေပြည် ရွာ ကျောင်း နေခြင်းကို ပယ်၍ တောရဆောက်တည်၍ နေခဲ့ သည့် အချိန်အခါမှ စ၍ ဤသီဟိုဠ်ကျွန်းရှိ မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်ကို ပူဇော်ခြင်းငှါ တောင့်တခဲ့ပါသည်၊ အဘန်တလဲလဲ ကြံစည်ခဲ့ပါသည်၊ ထူးထူးခြားခြား ကြံစည် ခဲ့ပါသည်၊ ဤသီဟိုဠ်ကျွန်းသို့ လာခြင်းငှါ အားထုတ်ခြင်းကို ပြုသော်လည်း အကြောင်းချို့တဲ့သည် ဖြစ်၍ အလိုရှိတိုင်း မပြည့်စုံပါ၊ ယခုအခါ လေးနှစ်တို့ကို လွန်ခဲ့ပါသည်။

ဤသို့ တပည့်တော်သည် စွယ်တော်ဓာတ်မြတ်ကို ပူဇော် ခြင်းငှါ အကြောင်းကိုရှာမှီးသော်လည်း အခွင့်ကို မရသည် ဖြစ်၍ စွယ်တော်ဓာတ်မြတ်ကို အဖန်တလဲလဲ အောက်မေ့ တောင့်တလျက် အချို့နေရာများ၌ တခါတရံ မျက်ရည်တို့ပင် ကျမိခဲ့ပါသည်။

ဤသို့ တပည့်တော်သည် စွယ်တော်ဓာတ်မြတ်ကို အလွန်ကြည်ညိုခဲ့ပါသည်။ "အဘယ်မည်သောအခါ၌ ငါသည် မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်ကို ကိုယ်တိုင် ဖူးမြော်၍ ပူဇော်ရပါအံ့နည်း" ဟု ကြံစည်စိတ်ကူးကြောင်းကိုသာ ရှာ၍နေပါသည်၊ တရံတခါမျှ လက်မလျှော့ခဲ့သော်လည်း အကြောင်းချို့တဲ့သည်၏ အစွမ်းအားဖြင့် ဤမျှလောက်သော ကာလကို လွန်၍ ဤမျှလောက် ကြာမြင့်ခဲ့ပါသည်။

အရှင်ဘုရားတို့၊ ယခုအခါ တပည့်တော်သည် အထူးအားကြီးသော လုံ့လဖြင့် စွယ်တော်ဓာတ်မြတ်ကို ပူဇော်ခြင်းငှါ အားထုတ်ပါတော့သည်၊ မဆုတ်နစ်သော လုံ့လဖြင့် မဆုတ်မနစ် ကြံစည်ပါတော့သည်။ မင်းကြီး အဖန်တလဲလဲ ပြောကြားသော်လည်း ငါ၏ ဤသီဟိုဠ်ကျွန်းသို့ လာခြင်းကို အလိုမတူ စိုးရိမ်သည့် ထိုမင်းကို တဖန်မပြန်ကြားတော့ပါ၊ ငါ၏ ဤသီဟိုဠ်ကျွန်းသို့ လာခြင်း၌ အထူးစိုးရိမ်ကြသည့် မျက်ရည်တို့ဖြင့် အဖန်တလဲလဲ တားမြစ်ကြသည့် အဆွေအမျိုး အလုပ်အကျွေး ဒါယကာတို့နှင့် အတွင်းနေ အတူနေ တပည့်ငယ် များစွာတို့ကိုငင်း၊ မထေရ်ကြီး မထေရ်ငယ် တို့ကိုငင်း၊ တဖန်မသိစေတော့ဘဲ ညဉ့်အခါ ထို တောကျောင်းမှ ထွက်လာသည်ရှိသော် ခရီးအကြား ဟံသာဝတီမြို့၌ တလခွဲမျှ နေ၍ သွားရန် ကိစ္စအကျိုးငှါ ထိုမြို့၌ ဖိတ်ထားအပ်သော ကပ္ပိယကာရကတို့ကို စီမံစေပါသည်၊ အလိုရှိသည့်အကြောင်းများ ပြည့်စုံသောအခါ မီးသင်္ဘောစီး၍ မိမိခန္ဓာကိုယ်၏ **အစဉ်အမြဲ** မကျန်းမာမှုကို မရေတွက်မူ၍ ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ ကြမ်းတမ်းသော ငါး မိကျောင်း အစရှိသော

ဘေးတို့ဖြင့် ရောပြွမ်း၍ လှိုင်းတံပိုး ဝဲ ဘေးဘျမ်း တို့ဖြင့် ကြောက်မက်ဖွယ် ရှိသော မဟာသမုဒ္ဒရာကို ကူးခဲ့ပါသည်။ မိဿာဒိဋ္ဌိ အယူရှိသည့် များစွာသော လှေသမား တို့ဖြင့် အလွန်ကျဉ်းမြောင်းသော ဘေးဒုက္ခ တို့ဖြင့် နှိပ်စက်ခံရ၍ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ တို့ဖြင့် မပြတ် နှိပ်စက်ခံရကာ သမုဒ္ဒရာအလယ်၌ ကမ်းတဘက်ကို မမြင်ဘဲ ရက်နှစ်ဆယ် ပတ်လုံး နေရာညပါ ကူးခဲ့ရပါသည်။ သဘော်စီးသည့်နေ့မှ စ၍ နှစ်ဆယ့်ငါးရက် မြောက်သောနေ့၌ နောက်လိုက်ရဟန်း လေးပါး ကပ္ပိယကာရက ငါးယောက်တို့နှင့် အတူတကွ သင်တို့၏ သီဟိုဠ်ကျွန်းရှိ ဝါလုမြို့သို့ ရောက်ခဲ့ပါသည်။

ရောက်ပြီးသော် ထို ဝါလုမြို့မှာပင် တခုသော ဥယျာဉ်အရပ်၌ ခုနစ်ရက်မျှ နေ၍ ခရီးသွား ဆင်းရဲမှုနှင့် မကျန်းမာမှုကို အနည်းငယ် ငြိမ်းစေရပါသည်။ သင်တို့၏ သေခဏ္ဍသေလမြို့၌ကောင်းစွာ သိမ်းထားအပ်သောစွယ်တော် ဓာတ်မြတ်ကို ပူဇော်ခြင်းငှါ လျင်မြန်စွာ လာလိုသော်လည်း တောင့်တသော်လည်း ခရီးအကြား ထိုထိုရွာ ထိုထိုမြို့တို့၌ နေကြသည့် တရားနာလိုကြသည့် အဆုံးအမကို ခံယူလိုကြ သည့် သီဟိုဠ်ကျွန်းသား ရဟန်းတို့က အဖန်ဖန်တောင်းပန် ကြ၍ ထိုပုဂ္ဂိုလ်တို့အား သနားငဲ့ညှာသဖြင့်၎င်း၊ သာသနာ တော် ထွန်းပစေခြင်းငှါ၎င်း အစွမ်းသတ္တိရှိသည် အားလျော် စွာ တရားဟောကြား ဆုံးမရပါသည်။ ဖြေးဖြေးချင်းလာခဲ့ သော် ကောလမ္ဗမြို့သို့ ရောက်ခဲ့ပါသည်။ သင်တို့၏ သေခဏ္ဍ သေလမြို့၌ အရှင်ကောင်းတို့ စောင့်ရှောက် ထားသည့် မြတ်စွာဘုရား၏ စွယ်တော် ဓာတ်မြတ်ကို ပူဇော်ခြင်းငှါ

ထို စွယ်တော်ခါတ်မြတ်နှင့် ထိုက်တန်သည့် ဆန်းကြယ်၍ အဘိုးများစွာ ထိုက်သည့် အထူးထူးသော ထီးဖြူတံခွန် ကုက္ကား အစရှိသော ပူဇော်သက္ကာရ အဆောက်အဦတို့ကို ဖိတ်ကြားထားသည့် အလုပ်အကျွေး ဒါကကာတို့ကို စီရင် စေခဲ့ပါသည်။ ထိုကောလမ္ဗမြို့မှာပင် ဥပါသကာအမတ် တယောက်၏ ဆိတ်ငြိမ်၍ နှလုံး မွေ့လျော်ဘွယ်ရှိသော ဥယျာဉ်၌ လာတိုင်းလာတိုင်း ကုန်သော လူများအပေါင်းတို့ အား သနားခြင်းကို စွဲ၍ တရားဟောပြ ဆုံးမ၍ နေခဲ့ပါ သည်။ ခုနစ်ရက်ကို လွန်စေ၍ ထိုအရပ်မှထွက်ပြီး မီးရထား ဖြင့် လာခဲ့ပါသည်။ ယခုအခါ၌ အရှင်ကောင်းတို့၏ နေရာ ဖြစ်သော သေခဏ္ဍသေလမြို့သို့ ရောက်ပါတော့သည်။

စွယ်တော်ခါတ်မြတ်ကို စောင့်ရှောက်ကြသည့် အရှင် ဘုရားတို့၊ တပည့်တော် ပြောမည့်စကားကို နားထောင်ကြ ပါဘုရား။ စွယ်တော်ခါတ်မြတ်ကို စောင့်ရှောက်ကြသည့် အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည်ကား ထူးမြတ်ကြီးကျယ် သော ဘုန်းတန်ခိုး ရှိကြပါကုန်၏။ အရှင်ဘုရားတို့သည် ဇမ္ဗူ ဒိပ်ကျွန်းနှင့် သီဟိုဠ်ကျွန်းနေ လူအများတို့သည် အသက်ထက် ဆုံး တကြိမ်မျှ ကိုယ်တိုင် ဖူးမြော်ခွင့်ရရန် ကောင်းစွာ ပင့်ဆောင်၍ ပူဇော်ခြင်း ခွင့်ရရန် အလွန် ခဲယဉ်းလှသည့် မြတ်စွာဘုရား၏ စွယ်တော်ခါတ်မြတ်ကို နေ့တိုင်းနေ့တိုင်း အထူးထူး အပြားပြားရှိသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော် ခြင်း ခွင့်ကိုရင်း အဖန်တလဲလဲ ကြိမ်ဖန်များစွာ ကိုယ်တိုင် ဖူးမြော်ခွင့်ကိုရင်း ကောင်းစွာ ပင့်ဆောင်၍ ဦးခေါင်းထက်၌ တည်စေ၍ ရှိခိုးခွင့်ကိုရင်း ရကြပါကုန်၏။ ထို့ကြောင့် အရှင်

ဘုရားတို့သည် ထူးမြတ်ကြီးကျယ်သော ဘုန်းတန်ခိုး ရှိကြပါကုန်၏။

အရှင်ဘုရားတို့၊ ယခုအခါ ဤသီဟိုဠ်ကျွန်းသို့ လာရောက်ကြသည့် တပည့်တော် ဇမ္ဗူဒိပ် ကျွန်းသားတို့သည်ကား နည်းသော ဘုန်းတန်ခိုး ရှိကြပါကုန်၏။ စွယ်တော် ဓာတ်မြတ်ကို စောင့်ရှောက်ကြသည့် ကြီးသောဘုန်းတန်ခိုး ရှိကြသည့် သင်တို့သည် စွယ်တော် ဓာတ်မြတ်ကို အဖန်တလဲလဲ အကြိမ်များစွာ ကိုယ်တိုင် ဖူးမြော်နိုင် ကောင်းစွာ ပင့်ဆောင်၍ဦးခေါင်း၌တည်စေ၍ ရှိခိုးနိုင် မြတ်နိုးနိုင်ပါသော်လည်း တပည့်တော်တို့သည် ထိုသို့သော အခြင်းအရာအားဖြင့် ကိုယ်တိုင် ဖူးမြော်ခွင့် ကောင်းစွာ ပင့်ဆောင်၍ ဦးခေါင်းထက်၌ တည်စေ၍ ပူဇော်ရှိခိုးခွင့်ကို တကြိမ်မျှလည်း ယနေ့ထက်တိုင် မရရှိကြပါကုန်။

ထို့ကြောင့် အရှင်ဘုရားတို့၊ ကြီးသော ဘုန်းတန်ခိုး ရှိကြသည့် စွယ်တော်မြတ်ကို စောင့်ရှောက်ကြသည့် သင်တို့အား တပည့်တော်တို့သည် တောင်းပန်ပါကုန်၏၊ ကောင်းစွာ တောင်းပန်ပါကုန်၏၊ အလွန်လေးစားစွာ တောင်းပန်ပါကုန်၏။ မြတ်စွာဘုရား၏စွယ်တော်ဓာတ်မြတ်ကို ကိုယ်တိုင်ဖူးမြော်ခွင့်နှင့် ကောင်းစွာ ပင့်ဆောင်၍ လက်ငါးနှင့်ဦးထိပ်၌ ကောင်းစွာတည်စေ၍ အလွန် မွှေးကြိုင်သော နံ့သာရည်တို့ဖြင့် ရေသပ္ပါယ်၍ ဆေးကြော သန့်စင်၍ ဆန်းကြယ်သော ထီးဖြူတံခွန် ကုက္ကား အစရှိသည်တို့ဖြင့်၎င်း အလွန် မွန်မြတ်သော ကောင်းစွာ စီရင်အပ်သော မြတ်နိုး

ဘွယ် ဆွမ်း ခဲဘွယ်ဘောဇဉ် အစရှိသည်တို့ဖြင့်ငင်း ပူဇော်ခွင့်ကို ရခြင်းငှါ တောင်းပန် ပါကုန်၏။ ကောင်းစွာတောင်းပန်ပါကုန်၏၊ အလွန်လေးစားစွာ တောင်းပန်ပါကုန်၏။

အရှင်ဘုရားဘို၊ တောင်းပန်ပါကုန်၏၊ အလွန် အံ့သြဘွယ် များစွာသော ဂုဏ်ကျေးဇူးတို့ကို ဆောင်၍ အလိုရှိတိုင်း အကျိုးမြတ်ကိုပေးနိုင်သည့် တပည့်တော်တို့ မြတ်စွာဘုရား၏ စွယ်တော် ဓာတ်မြတ်သည် များစွာသော ရောင်ခြည်တို့ဖြင့် ထွန်းလင်း တောက်ပသော နေ့ဗိမာန်မှ နေနတ်သားကဲ့သို့ငင်း၊ လဗိမာန်မှ လနတ်သားကဲ့သို့ငင်း၊ ရွှေ ငွေ အစရှိသော များစွာ အဘိုးထိုက်တန်သည့် ရတနာ အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သည့် ရောင်ခြည်တို့ဖြင့် ထွန်းလင်းတောက်ပသော များစွာသော လူတို့၏ စိတ်ကို နှစ်သက်စေတတ်သော အလွန်ထူးမြတ်သော ဓာတ်တော်ကြုတ်မှ ခဏမျှ ကွန့်မြူးတော်မူ၍ သက်တော်ထင်ရှား ရှိ မြတ်စွာဘုရားရှင်ကဲ့သို့ ပြုသောရောင်ခြည်တော်တို့သည် ထိုမှဤမှလွှတ်၍ အနည်းငယ်ဒေသစာရီကို လှည့်လည်လျက် ငါတို့၏ ဦးထိပ်ထက်၌ ကောင်းစွာတည်၍ ကောင်းသောအနံ့ ရှိကုန်သော နံ့သာရေတို့ဖြင့် ရေသပ္ပါယ်၍ မြတ်စွာဘုရား၏ကင့်တယ်စံပယ်ခြင်းဖြင့် တင့်တယ်စံပယ်လျက် ပရိသတ်အလယ်၌ မိမိ၏ ပြုသောရောင်ခြည်တော်ဖြင့် ကောင်းစွာတင့်တယ်လျက် လူများအပေါင်းကို တပြိုင်နက် အုတ်အုတ်ကျက်ကျက် ကောင်းချီးထောမနာမှုကို ဖြစ်စေလျက် ကြည်ညိုစေနိုင် နှစ်သက်စေနိုင်သော အခြင်းအရာအားဖြင့် စွယ်တော်ဓာတ်မြတ်ကို စောင့်ရှောက်ကြသည့် ကြီးသောဘုန်းတန်ခိုးရှိကြ

သည့် အရှင်တို့သည် တန်ခိုးနည်းသည့် ဇမ္ဗူဒိပ်ကျွန်းနေ ကျွန်ုပ်တို့အား အစဉ်သနားခြင်းကို အစွဲပြု၍ ကောင်းစွာ ပြုလုပ်တော်မူပါကုန်လော့။

အရှင်ဘုရားတို့၊ တပည့်တော်တို့သည် ယခုအခါ တောင်းပန်သည့်အတိုင်း အရှင်ဘုရားတို့သည် ဘုန်းနည်းသည့် ဇမ္ဗူဒိပ်ကျွန်းနေ အကျွန်ုပ်တို့အား အစဉ်သနားသဖြင့် အကယ်၍ ပြုနိုင်ပါကုန်အံ့။ ဤသို့ပြုသည်ရှိသော် အရှင်ဘုရားတို့အား ထိုထိုဘဝတို့၌ အထူးသဖြင့် နတ်ပြည်အကျိုး မဂ်အကျိုး အဘို့ရှိသည် ဖြစ်ပါလိမ့်မည်။

ဇမ္ဗူဒိပ်ကျွန်း၌နေ တပည့်တော်တို့သည်လည်း များသော ကျေးဇူးရှိကြသည့် အရှင်ဘုရားတို့၌ ထိုသို့သဘောရှိသော များစွာသော ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့၍ အလွန်ဝမ်းမြောက်စွာ အသက်ထက်ဆုံးလည်း ကျေးဇူးကို သိတတ်သူတို့ ကျေးဇူးကို ပြောကြားတတ်သူတို့ ဖြစ်ပါကုန်အံ့။

တပည့်တော်တို့၌ အရှင်ဘုရားတို့၏ ပြုအပ်သော ကျေးဇူးကိုလည်း အသက်ထက်ဆုံး မမေ့လျော့မူ၍ အရှင်ဘုရားတို့၏ အလိုရှိအပ်သော သာသနာတော်နှင့် စပ်လျဉ်းသည့် ကိစ္စကြီးငယ်တို့၌ အစွမ်းသတ္တိအားလျော်စွာ အရှင်ဘုရားတို့၏ သီဟိုဠ်ကျွန်း၌ရှင်း၊ တပည့်တော်တို့၏ ဇမ္ဗူဒိပ်ကျွန်း၌ရှင်း အားထုတ်ခြင်းကို ပြုပါကုန်အံ့။ ဤကား အပြီးသတ်သတည်း။

ခက်ခဲသောပုဒ်အဖွင့်

အမတ္တသပခေါန

အမတ္တသပခေါန မဟာယတိနံ – ဟူသော ပါဠိအဓိပ္ပါယ်ကို ဤသို့သိရပါမည်၊ ပြခေါန်းသော ဂုဏ်ရှိသော ပုဂ္ဂိုလ်တို့သည် သပခေါနမည်ကုန်၏။ ထိုပြခေါန်းသော ဂုဏ်ရှိသော ရဟန်းတော်တို့သည် သပခေါနမဟာယတိ မည်ကုန်၏။ အမတ်နှင့် ပြခေါန်းသော ဂုဏ်ရှိသော ရဟန်းတို့သည် အမတ္တသပခေါန-မဟာယတိ မည်ကုန်၏။ တနည်းကား—ပြခေါန်းသော ဂုဏ်ရှိသော အမတ်သည် သပခေါနမည်၏။ ပြခေါန်းသော ဂုဏ်ရှိသော ပုဂ္ဂိုလ်သည် အမတ္တသပခေါန မည်၏။ ပြခေါန်းသော ဂုဏ်ရှိသော အမတ်နှင့် ရဟန်းတော်တို့သည် အမတ္တသပခေါန-မဟာယတိ မည်ကုန်၏။ တနည်းကား – ပြခေါန်းသော ဂုဏ်ရှိသော အမတ်နှင့် ရဟန်းတော်တို့သည် အမတ္တသပခေါနမဟာ-ယတိ မည်ကုန်၏။ တနည်းကား – ပြခေါန်းသော ဂုဏ်ရှိသော အမတ်နှင့်တကွ ဖြစ်သောပုဂ္ဂိုလ်တို့သည် အမတ္တသပခေါန မည်ကုန်၏။ ပြခေါန်းသော ဂုဏ်ရှိသော အမတ်နှင့်တကွ ဖြစ်ကုန်သော ရဟန်းတော်တို့သည် အမတ္တသပခေါနမဟာယတိ မည်ကုန်၏။ ထိုပြခေါန်းသော ဂုဏ်ရှိသော အမတ်နှင့်တကွ ဖြစ်ကုန်သော ရဟန်းတော်တို့အား ဤသို့ အဓိပ္ပါယ် သိရပါမည်။

နိဂုံး

ဤဆိုအပ်ခဲ့ပြီးသည်ကား ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုတလေးပါး မြတ်တရားကို ကိုယ်တော်တိုင် သိတော်မူပြီးသော မြတ်စွာဘုရားရှင်၏ ပရိနိဗ္ဗာန်ပြုတော်မူသည်မှ စ၍ လေးဆာအလွန်ရှိကုန်သော နှစ်ထောင်တို့၏ အထက်ဖြစ်သော နှစ်ဆယ့်နှစ်နှစ်မြောက်သော နှစ်(၂၄၂၂) ကဆုန်လဆန်း ရှစ်ရက်ဥပုသ်နေ့၌ ဇမ္ဗူဒိပ်ကျွန်းနေ ရွှေကျင်ဂိုဏ်းဆရာသည် သီဟိုဠ်ကျွန်းနေ စွယ်တော်ဓာတ်မြတ်ကို စောင့်ရှောက်ကြသည့် ပြခန်းသော ဂုဏ်ရှိသော အမတ်နှင့် မဟာထေရ်တို့၏ အထံတော်သို့ စွယ်တော်ဓာတ်မြတ်ကို ပူဇော်ခြင်းငှါ ပေးပို့လိုက်သော စွယ်တော်ဓာတ်မြတ်ကို ပူဇော်ရန် တောင်းပန်လျှောက်ထားသော သဝဏ်လွှာစကားဖြစ်သတည်း။

စွယ်တော်ဓာတ်မြတ်ကို ပူဇော်ရန် လျှောက်ထားတောင်းပန်သော သဝဏ်လွှာစကားသည် ပြီးပါပြီ။

သီဟိုဠ်ကျွန်းသာသနာစင်ကြယ်ကြောင်းဖြစ်သောစကားသည် ပြီးပါပြီ။

သီဟိုဠ်သာသနာ စင်ကြယ်ရေးကျမ်း ပြီးပြီ။

ပ-မ-သ-စ—၁၉၂—၁၅-၁၂-၇၀—၃၀၀၀။